# မနုကြေးမုံ




မင်းလွင်ဦး(အောင်ပန်း)



မိမိတို့ မျိုးနွယ်စု၏
စာပေ ဘာသာစကား၊
ရိုးရာ ယဉ်ကျေးမှု၊
ဓလေ့ထုံးတမ်းများ
မစောင့်ရှောက် မထိန်းသိမ်းသော
လူမျိုးဟူ၍ ဤကမ္ဘာပေါ်၌
မည်သည့်နေရာမျှ ရှိလိမ့်မည်မထင်ပေ။

သို့သော်
တစ်ချို့သော မျိုးနွယ်စုငယ်တို့သည်
အမျိုးသားရေးတန်ဘိုး မထားတတ်ခဲ့၍
ပထဝီဝင် ဆုံးရှုံးခဲ့ရပြီး
သမိုင်းပျောက်ခဲ့ရုံသာမက
လူမျိုးရေးပါ နိဌတံခဲ့ရလေသည်။

ဓနုတိုင်းရင်းသားများသည်ကား
လူဦးရေအရ
မြန်မာနိုင်ငံ၌ နံပါတ်(၁၀)
ရှမ်းပြည်နယ်၌
နံပါတ်(၄) အဆင့်တွင်ရှိပြီး
စကားဝဲ၊ အသံကွဲသည်မှတစ်ပါး
မြန်မာစာ၊ မြန်မာစကားကိုသာ ပြောသော
တိဘက်မြန်မာအနွယ်ဝင်
တိုင်းရင်းသားပင် ဖြစ်ပေသည်။




ISBN 978-99971-81-75-6
9 789997 181756 >



ပင်းတယမြို့နယ်၊ ပွေးလှမြို့၊ ပွင့်လန်းကျေးရွာ
ဓနုတိုင်းရင်းသား "သဒ္ဓမ္မဒေဝကိတ္တိ" ရာကျော်ဆရာတော်



အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တ တေဇနိယ
ကုံလုံဆရာတော် (ဓနုတိုင်းရင်းသား)



ပင်လုံစာချုပ်ရေးထိုးခဲ့သူ
သာမိုင်းခမ်းစော်ဘွား
မနတိုင်းရင်းသား
စဝ်ထွန်းအေး



ပင်လုံစာချုပ်ရေးထိုးခဲ့သူ
ရှမ်းပြည်ပြည်သူ့လွတ်လပ်ရေးအဖွဲ့ဥ
မနတိုင်းရင်းသား
ဦးခွန်စော



ဘော်နယ်စော်ဘွား
မနတိုင်းရင်းသား
စဝ်ခွန်အောင်



ကျုံးစော်ဘွား
မနတိုင်းရင်းသား
စဝ်ခွန်ဆောင်း



ရှာင်စော်ဘွား
မနတိုင်းရင်းသား
စဝ်ခွန်ရီ



ပင်းတယစော်ဘွား
မနတိုင်းရင်းသား
စဝ်ဝင်းကြည်



ပွေးလှစော်ဘွား
မနတိုင်းရင်းသား
စဝ်ထွန်းစိန်



ပင်မိုကျမိုင်းစော်ဘွ
မနတိုင်းရင်းသား
ဗိုလ်ကြီးစဝ်ခွန်ဦး



# မနုကြေးမုံ

မင်းလွင်ဦး(အောင်ပန်း)

## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ထုတ်ဝေသူ | ဦးမျိုးညွန့်အောင်<br>စွယ်တော်စာပေ (၀၀၅၇၉)<br>အမှတ် (၉၀/၉၂)၊ ဗိုလ်လွှာ၊ ၅၁လမ်း(လယ်)<br>ပုဇွန်တောင်မြို့နယ်။ |
| ပုံနှိပ်သူ | ဦးတင်အောင်ကျော်<br>စွယ်တော်ပုံနှိပ်တိုက် (၀၀၄၁၁)<br>အမှတ် (၁၄၇)၊ ၅၁လမ်း၊ ပုဇွန်တောင်မြို့နယ်။ |
| ထုတ်ဝေသည့်အကြိမ် | ပထမကြိမ်၊ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ |
| မျက်နှာဖုံးဒီဇိုင်း | ဦးမင်းလွင်ဦး (စံပြ-ပုံနှိပ်တိုက်) အောင်ပန်းမြို့။ |
| အတွင်းအပြင်အဆင် | မို့မို့လွင်(စွယ်တော်) |
| ဖြန့်ချိရေး | မျိုးဆက်သစ် စာပေ၊ ရန်ကုန်မြို့။<br>ဖုန်း - ၀၉ ၄၂၀ ၀၈၃ ၆၈၈<br>၀၉ ၄၂၀ ၂၂၂ ၉၆၂ |
| အုပ်ရေ | ၁၀၀၀ |
| တန်ဖိုး | ၆၅၀၀ ကျပ် |

ထုတ်ဝေသည့်စာအုပ်ကတ်တလောက်အညွှန်း (CIP)

959.1958

မင်းလွင်ဦး (အောင်ပန်း)
ဓနုကြေးမုံ/မင်းလွင်ဦး (အောင်ပန်း) - ရန်ကုန်မြို့။
စွယ်တော်စာပေ၊ ပထမကြိမ်၊ ၂၀၁၉။
၄၉၆ စာ၊ ၁၅.၂၄ စင်တီ × ၂၁.၅၉ စင်တီ
ဓနုကြေးမုံ

## မာတိကာ


၁။ မြန်မာနိုင်ငံ၏(၁၄)ပါးမြောက်
တိပိဋကဓရ တိပိဋကကောဝိဒ ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ
(ကမ္ဘောဇဆရာတော်)၏ သြဝါဒစကား (က)
၂။ ဦးစိုင်းညွန့်လွင် (အထွေထွေအတွင်းရေးမှူး
ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်)၏ အမှာစာ (ဂ)
၃။ ဦးမြမောင် (အငြိမ်းစားမြန်မာစာပါမောက္ခ)
ပင်းတယ၏အမှာစာ (င)
၄။ စာရေးသူ၏မိတ်ဆက် (ဆ)
၅။ ကျေးဇူးတင်လွှာ (ဋ)


### အခန်း ( ၁ )


၆။ လေ့လာခဲ့သမျှ ဓနုသမိုင်းအစ ၁
(၁) ကမ္ဘာ့နောက်ခံကားနှင့်မြန်မာ ၁
(၂) မြန်မာ့မျိုးနွယ်စုများ ၃
(၃) တိဗက်မြန်မာအနွယ်ဝင်ဓနုလူမျိုးနှင့်
သမိုင်းဆက်စပ်မှု ၄
(၄) ပညာရှင်အသီးသီး၏ ဓနုဖြစ်ပေါ်လာပုံစုစည်းမှု ၅
(၅) ပညာရှင်အသီးသီး၏ ဓနုဖြစ်ပေါ်လာပုံကို
ပြန်လည်သုံးသပ်ခြင်း ၁၃

၇။ စာရေးသူ၏သမိုင်းအမြင် ၂၆
(၁) ကမ္ဘာ့မြေမျက်နှာပြင်နှင့် နှင်းခဲခေတ် ၂၆
(၂) ပုဂံခေတ်မတိုင်မီ အခြေအနေ ၂၈
(၃) မြန်မာအစ တကောင်းက ၃၀
(၄) မြန်မာအစ ကျောက်ဆည်က ၃၁
(၅) ခနုတိုင်းရင်းသားများဆင်းသက်လာပုံ ၃၃

## အခန်း (၂)

၈။ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ ၃၉
(၁) ခနုတိုင်းရင်းသားများ၏ ဇစ်မြစ်သမိုင်း ၃၉
(၂) ပျံ့နှံ့နေထိုင်ရာဒေသ ၄၀
(၃) လူမျိုးအမည် ၄၀
(၄) ရုပ်ရည် ၄၁
(၅) စိတ်နေစိတ်ထား ၄၁
(၆) ဆင်ယင်ထုံးဖွဲ့မှု ၄၁
(၇) အစားအသောက် ၄၃
(၈) စာပေနှင့်စကား ၄၄
(၉) လူဦးရေ ၄၆
(၁၀) ပညာရေး ၄၆
(၁၁) စီးပွားရေး ၄၇
(၁၂) ရာသီပွဲများ ၅၀
(၁၃) ရိုးရာတေးဂီတအနုပညာ ၅၁
(၁၄) ကိုးကွယ်ယုံကြည်မှု ၅၃
(၁၅) ရိုးရာအယူအဆ ၅၄

(၁၆) အတိတ်နမိတ် ၅၅
(၁၇) ရက်ရွေးခြင်း၊ ရှောင်ကြဉ်ခြင်း ၅၅
(၁၈) ကျမ်းကျိန်ဆိုခြင်း၊ သစ္စာပြုခြင်း၊ အဓိဋ္ဌာန်ခြင်း၊
ကတိပြုခြင်း ၅၆
(၁၉) ဆွေမျိုးတော်စပ်မှု ၅၇
(၂၀) အပျို၊ လူပျို ဆက်ဆံရေး ၅၇
(၂၁) ထိမ်းမြားခြင်းအမျိုးမျိုး ၅၇
(၂၂) အမည်ပေးကင်ပွန်းတပ်ခြင်း ၅၈
(၂၃) ရှင်ပြု နားသ အလှူမင်္ဂလာပွဲကျင်းပခြင်း ၅၉
(၂၄) အမွေခွဲဝေခြင်း ၆၁
(၂၅) လက်ဝတ်တန်ဆာများ ၆၂
(၂၆) အသုဘဆိုင်ရာဓလေ့များ ၆၃
(၂၇) အသုံးအဆောင်များ ၆၆
(၂၈) လက်မှုပညာများ ၆၇
(၂၉) ရိုးရာစကားပုံ၊ စကားထာ၊ ပုံပြင်၊ သံချပ်၊
မော်၊ ရတု ၆၇
(၃၀) ကျေးရွာတည်ဆောက်ပုံနှင့် အိမ်တည်ဆောက်ပုံ ၃၀
(၃၁) တိုင်းရင်းဆေးပညာ ၆၈
(၃၂) ဆေးမှင်ရည် စုတ်ထိုးခြင်း ၆၉
(၃၃) အုပ်ချုပ်ရေး(၅)မြို့နယ် ၇၀

## အခန်း (၃)

၉။ ဓနုစကားနှင့်ဝေါဟာရများ ၇၅
၁၀။ ဓနုစကား၏ ဝိသေသလက္ခဏာပြလင်္ကာကြီး ၇၈

၁၁။ မနုဝေါဟာရအဘိဓာန် ၈၃
၁၂။ မနုမြန်မာအသံဖလှယ်ပုံ ၁၀၉
၁၃။ မနုတိုင်းရင်းသားများ၏ တေးဓလေ့များ ၁၁၇
(၁) အပျိုလည်ဓလေ့ ၁၁၇
(၂) မနုရိုးရာမယ်ယာ၊ ကြိုးချင်းကဗျာများ ၁၂၀
(၃) မနုရိုးရာရတု ၁၃၃
(၄) မနုရိုးရာမော်ဇချင်း ၁၄၀
(၅) မနုရိုးရာသံချပ် ၁၄၅
(၆) မနုရိုးရာပုံပြင် ၁၅၄
(၇) မနုရိုးရာစကားထာ ၁၅၆
(၈) မနုရိုးရာစကားပုံ ၁၅၇
(၉) တောင်ရိုးမနုကျေးလက်တေးများ ၁၅၉

## အခန်း (၄)

၁၄။ ရှမ်းအတိတ်သမိုင်းနှင့် မနုစော်ဘွားများ ၁၆၃
(၁) ပင်လုံစာချုပ် ၁၆၃
(၂) ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့သူများ ၁၆၅
(၃) အာဏာစွန့် စော်ဘွားများရရှိသော ပင်စင်များ ၁၆၉
(၄) သာမိုင်းခမ်း စော်ဘွား စဝ်ထွန်းအေး ၁၇၁
(၅) ဘော်နယ် (ရေဦး) စော်ဘွား စဝ်ခွန်အောင် ၁၇၃
(၆) ကျိုးစော်ဘွား စဝ်ခွန်ဆောင်း ၁၇၄
(၇) ရှာင်စော်ဘွားစဝ်ခွန်ရီ ၁၇၅
(၈) ပင်းတယစော်ဘွား စဝ်ဝင်းကြည် ၁၇၆
(၉) ပွေးလှစော်ဘွား စဝ်ထွန်းစိန် ၁၇၆

(၁၀) ပင်မှီကျမိုင်း ဗိုလ်ကြီး စဝ်ခွန်ဦး ၁၇၇
(၁၁) ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့သူ ဦးခွန်စော ၁၇၉
(၁၂) မနုနယ်ပယ်မှ နိုင်ငံရေးတက်ကြွလှုပ်ရှားခဲ့သူများ ၁၈၀

## အခန်း (၅)

၁၅။ မနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖြစ်ပေါ်လာပုံ ၁၈၃
၁၆။ မနုစာပေယဉ်ကျေးမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအသင်း ၁၈၉
၁၇။ မနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ၁၉၃
(၁) ပထမ (၅)နှစ်သက်တမ်း ၁၉၄
(၂) ဒုတိယ (၅)နှစ်သက်တမ်း ၁၉၆
၁၈။ မနုတိုင်းရင်းသားများ၏နိုင်ငံရေးပါတီသမိုင်း ၁၉၈
၁၉။ ပထမအကြိမ် မနုအမျိုးသားညီလာခံ ၂၀၃
(၁) အစည်းအဝေး အဆင့်ဆင့်နှင့် ကျင်းပရေးကော်မတီ ၂၀၅
(၂) မနုအမျိုးသားညီလာခံ(ပထမရက်) ၂၀၉
(၃) မနုအမျိုးသားညီလာခံ(ဒုတိယရက်) ၂၁၆
(၄) ညီလာခံအပြီးနောက်ဆက်တွဲဆောင်ရွက်မှုများ ၂၂၄

## အခန်း (၆)

၂၀။ မနုဒေသဆိုင်ရာအချက်အလက်များ ၂၂၉
(၁) ကလောမြို့နယ် ဒေသဆိုင်ရာအချက်အလက်များ ၂၃၁
(၂) နောင်ချိုမြို့နယ် ဒေသဆိုင်ရာအချက်အလက်များ ၂၃၆
(၃) ပင်းတယမြို့နယ် ဒေသဆိုင်ရာအချက်အလက်များ ၂၄၀
(၄) ရွာငံမြို့နယ် ဒေသဆိုင်ရာအချက်အလက်များ ၂၄၅
(၅) ရပ်စောက်မြို့နယ်ဒေသဆိုင်ရာအချက်အလက်များ ၂၄၉

(၆) ဆက်စပ်မြို့နယ်မှ ဓနုတိုင်းရင်းသားဒေသများ ၂၅၃
(၇) ဓနုတိုင်းရင်းသားလူဦးရေ ပေါင်းချုပ် ၂၆၀

## အခန်း (၇)

၂၁။ ဓနုဒေသစာပြန်ပွဲတော်သမိုင်း ၂၆၃
(၁) စာပွဲတော် သမိုင်းနှင့် ဓနုဒေသ ၂၆၃
(၂) ကလောမြို့နယ် စာပြန်ပွဲတော် ၂၆၅
(၃) ရွာငံမြို့နယ် စာပြန်ပွဲတော် ၂၆၇
(၄) ပင်းတယမြို့နယ် စာပြန်ပွဲတော် ၂၇၁
(၅) ပွေးလှစာပွဲတော် ၂၇၅
(၆) ရေဦးစာပြန်ပွဲတော် ၂၇၇
(၇) ရပ်စောက်စာပြန်ပွဲတော် ၂၇၈
(၈) ဓနုဒေသအတွင်းမှ ပရိဝါသ်မာနတ် ဆောက်တည်ပွဲများ ၂၈၁

၂၂။ ဓနုတိုင်းရင်းသားသာသနာ့ အာဇာနည်များ ၂၈၄
(၁) ပိဋကတ် (၃)ပုံအောင် ကမ္ဘောဇ ဆရာတော် (ရွာငံမြို့နယ်) ၂၈၄
(၂) ပိဋကတ် (၂)ပုံခွဲအောင် ထွက်နီဆရာတော် (ပင်းတယမြို့နယ်) ၂၈၉
(၃) ပိဋကတ် (၂)ပုံအောင် အရှင်ပညာစာရာလင်္ကာရ (ရွာငံမြို့နယ်) ၂၉၀
(၄) ပိဋကတ် (၁)ပုံအောင် ဒေါက်တာဘွဲ့ရဆရာတော် (ကလောမြို့နယ်) ၂၉၂

(၅) ပိဋကတ် (၁)ပုံအောင် အရှင်အာစာရလင်္ကာရ
(ရှာငံမြို့နယ်) ၂၉၅
(၆) ပိဋကတ် (၁)ပုံအောင် အရှင်ဉာဏဗလာလင်္ကာရ
(ရှာငံမြို့နယ်) ၂၉၆
(၇) ပိဋကတ် (၁)ပုံအောင် အရှင်ဉာဏိဿရာလင်္ကာရ
(ရှာငံမြို့နယ်) ၂၉၇
(၈) ပိဋကတ် (၁)ပုံအောင် အရှင်သီဟဗလ
(ရပ်စောက်မြို့နယ်) ၂၉၉
(၉) ပိဋကတ် (၁)ပုံအောင် အရှင်ပုညောဘာသာ
(ရှာငံမြို့နယ်) ၃၀၀

## အခန်း(၈)

၂၃။ ခနဒေသအတွင်းမှ ထင်ရှားကျော်ကြား
ဘုရားစေတီ၊ ပုထိုးများ ၃၀၃
(၁) အောင်ပန်းလှည်းရိုးနှီးဘုရား (အောင်ပန်းမြို့) ၃၀၃
(၂) ရှေးဟောင်းမဟာမုနိနှီးဘုရားကြီး (ကလောမြို့) ၃၀၄
(၃) ရွှေဥမင်သဘာဝလိုဏ်ဂူနှင့်ခနရတနာကျောင်းတိုက် ၃၀၅
(၄) သာမိုင်းခမ်းဘုရားစေတီပုထိုးများ (အောင်ပန်းဒေသ) ၃၀၆
(၅) မြင်းမထိဥဏ္ဏာလုံ မွေ့ရှင်တော်လိုဏ်ဂူဘုရား
(ကလောမြို့နယ်) ၃၀၇
(၆) နတ်တည်ဘုရား (အောင်ပန်းဒေသ) ၃၀၈
(၇) ရွှေပန်းတောင်းဘုရား (အောင်ပန်းမြို့) ၃၀၈
(၈) (၁၀၈)တောင်ဘုရား (အောင်ပန်းမြို့) ၃၀၈
(၉) ရွှေမြစည်းဘုရား (ဘော်ဆိုင်းဒေသ) ၃၀၉

(၁၀) ရွှေမင်းဖုန်းဘုရား (ကလောမြို့နယ်) ၃၁၀
(၁၁) သူရဲဥမင်လိုဏ်ဂူဘုရား (ကလောမြို့နယ်) ၃၁၀
(၁၂) မြေခြားဖောင်တော်ဦးဘုရား (ကလောမြို့နယ်) ၃၁၁
(၁၃) ရွှေကူဘုရား (ညောင်ရွှေမြို့နယ်) ၃၁၂
(၁၄) ကမ္ဘောဇကျောင်းတော်များ ၃၁၃
(၁၅) ရွှေစံဦးစေတီတော် (ညောင်ရွှေမြို့နယ်) ၃၁၅
(၁၆) တဲနန်းတော်စေတီတော် (ညောင်ရွှေမြို့နယ်) ၃၁၅
(၁၇) နေပြည်တော်ခနုဓမ္မာရုံ (နေပြည်တော်) ၃၁၆
(၁၈) ရွှေဥမင်လိုဏ်ဂူဘုရားနှင့်ပုန်းတလုတ်ကန်
(ပင်းတယမြို့နယ်) ၃၁၈
(၁၉) ကုံလုံဆရာတော်နှင့်စံကျောင်းတော် ၃၂၀
(၂၀) တမဲဘုရား (ပင်းတယမြို့နယ်) ၃၂၃
(၂၁) စကြာတောင်ဘုရား (ပင်းတယမြို့နယ်) ၃၂၅
(၂၂) ရှစ်သောင်းလေးထောင်ဘုရား (ပင်းတယမြို့နယ်) ၃၂၆
(၂၃) ကျုံးမွေတော်ဘုရား (ပင်းတယမြို့နယ်) ၃၂၇
(၂၄) ရန်ကုန်ခနုမိသားစုဓမ္မာရုံ (ရန်ကုန်မြို့) ၃၂၈
(၂၅) ဓါတ်ပေါင်းရတနာမာန်အောင်စေတီတော်
(ရွှာင်မြို့နယ်) ၃၃၂
(၂၆) မိန်းမရဲသခင်မတောင် (ရွှာင်မြို့နယ်) ၃၃၃
(၂၇) ရွှေဥမင်စေတီတော် (ရပ်စောက်မြို့) ၃၃၄
(၂၈) ခနုတိုင်းရင်းသားကျောင်းတိုက် ၃၃၅

# အခန်း (၉)


၂၄။ ခနေဒေသအထင်ကရ လှေ့လာစရာများ ၃၃၇
(၁) ပြဒါးလင်းဂူ (ရှာငံမြို့နယ်) ၃၃၇
(၂) ဂုတ်ထိပ်တံတား (နောင်ချိုမြို့နယ်) ၃၄၂
(၃) ရေပြာအိုင်နှင့် တောကြယ်ရေတံခွန် (ရှာငံမြို့နယ်) ၃၄၃
(၄) ဆင်ဆာပြားဂူ(ခေါ်)သစ်ပျောက်ဂူ (ရှာငံမြို့နယ်) ၃၄၄
(၅) ကျောက်ငှက်ဝန်းတွင်းဂူ (ရှာငံမြို့နယ်) ၃၄၅
(၆) လင်းဝေးဂူ (ရှာငံမြို့နယ်) ၃၄၆
(၇) ယကြီးဂူနှင့်ယူကာလစ်တန်း (ရှာငံမြို့နယ်) ၃၄၇
(၈) ဇော်ဂျီမြစ် (ပင်းတယမြို့နယ်) ၃၄၇
(၉) ဒုဋ္ဌဝတီမြစ်၊ ဒုဋ္ဌဝတီတံတား (နောင်ချိုမြို့နယ်) ၃၄၈
(၁၀) ရွှေမြင်နောက်မြင်တောင် (ရှာငံမြို့နယ်) ၃၅၀
(၁၁) ဘန့်ဘွေးကျင်းရေတံခွန် (နောင်ချိုမြို့နယ်) ၃၅၂
(၁၂) ကျောက်ဆုံရေတံခွန် (ရပ်စောက်မြို့နယ်) ၃၅၃
(၁၃) ငါးပင်ရေပုံတောင်ရေတံခွန် (နောင်ချိုမြို့နယ်) ၃၅၄
(၁၄) နမ့်ငိုနှင့်အင်းပိုင်းရေတံခွန် (နောင်ချိုမြို့နယ်) ၃၅၅
(၁၅) ကျောက်ဂူတိရေတံခွန် (ရှာငံမြို့နယ်) ၃၅၅
(၁၆) အလယ်ချောင်ရေတံခွန် (ရှာငံမြို့နယ်) ၃၅၅
(၁၇) ဆိတ်ဖူးရေပူစမ်း (နောင်ချိုမြို့နယ်) ၃၅၆
(၁၈) ရေဖြူကန် (ရှာငံမြို့နယ်) ၃၅၆
(၁၉) ဗထူးတပ်မြို့နှင့် ရေပူစမ်း (ရပ်စောက်) ၃၅၇
(၂၀) ပန်းလောင်မြစ် ၃၅၈
(၂၁) ဘဝသံသရာတံတား ၃၅၉
(၁၀) ဟဲဟိုးလေယာဉ်ကွင်းနှင့်ဟဲဟိုးမြို့ ၃၆၀

## အခန်း (၁၀)

၂၅။ ခနဒေသနှင့်သက်ဆိုင်သော အခြားမှတ်သားစရာများ ၃၆၃
(၁) သဒ္ဓမ္မဒေဝကိတ္တိ ရာကျော်ဆရာတော်ဘုရား ၃၆၃
(၂) သက်တော်ရှည် ဆယ်တောင်ပြည့်ဆရာတော် ၃၇၆
(၃) အောင်ပန်းအာလူး ၃၇၉
(၄) ဗိုလ်မှူးကြီးဗထူး ၃၈၃
(၅) နောင်ချိုနယ်နှင့် ဂဠုန်ဆရာစံ ၃၈၉
(၆) ခနဒေသလောင်းကစားခလေ့ ၃၉၂
(၇) တာတက်ပွဲ ၃၉၆
(၈) ခနဒေသ (၅)ရက်တစ်ဈေး ၃၉၈
(၉) ရှမ်းခနတို့၏ မူလဌာနေ ပြင်ဦးလွင် ၄၀၁
(၁၀) လီမွှော်စိုက်ပျိုးရေးလုပ်ငန်း ၄၀၄
(၁၁) ခနဒေသထွက်ကုန် ကော်ဖီ ၄၀၅
(၁၂) မက်မန်းခြံလုပ်ငန်း ၄၀၈
(၁၃) သနပ်ဖက်လုပ်ငန်း ၄၀၉
(၁၄) လက်ဖက်လုပ်ငန်း ၄၁၀
(၁၅) နောင်ချိုမြို့နယ်နှင့်ကြံစိုက်ပျိုးထုတ်လုပ်မှု ၄၁၄
(၁၆) ခနအမျိုးသားညီလာခံရက်ကောင်းရက်မြတ် ရွေးချယ်ခဲ့ခြင်း ၄၁၆
(၁၇) နိုင်ငံ့ဂုဏ်ဆောင် ခနသမီးပျိုများ ၄၂၀
၂၆။ မှီငြမ်းကိုးကား စာအုပ်များ ၄၂၃
၂၇။ တွေ့ဆုံမေးမြန်းကူညီခဲ့ကြသည့် ပုဂ္ဂိုလ်များ ၄၂၉
၂၈။ စာရေးသူ၏ အတ္ထုပ္ပတ္တိအကျဉ်း ၄၃၃
၂၉။ ဓာတ်ပုံကဏ္ဍ ၄၃၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၁၄)ပါးမြောက်
တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ

# ဘဒ္ဒန္တဝိရိယာနန္ဒ (ကမ္ဘောဇဆရာတော်)၏

# ဩဝါဒစကား

အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသက ကိုယ့်သမိုင်းကိုယ်ရေးထားသော 'တစ်ဘဝသံသရာ' စာအုပ်ကို ငယ်စဉ် ကတည်းကဖတ်ဖြစ်ခဲ့သည်။ အကျိုးရလာဒ်ကား အချိန်မဖြုန်းဘဲ သာသနာ အလုပ်ကို အပတ်တကုတ် လုပ်ဆောင်လိုစိတ်ပြင်းပြခဲ့၍ မြန်မာနိုင်ငံ၏ သာသနာ့သမိုင်းဝယ် ၁၄ပါးမြောက် တိပိဋက ဓရတိပိဋက ကောဝိဒဘွဲ့တံဆိပ် တော် ရရှိသော သာသနာ့ဝန်ထမ်းတစ်ပါး ဖြစ်လာခြင်းပင်တည်း။

ဆရာလှိုင်သင်းက ပါမောက္ခဝီလ်ဒူရန့်၏ WILL DURANT'S OUR ORIENTAL HERITAGE သမိုင်းစာအုပ်ကို 'အရှေ့တိုင်းက ရသောအမွေ' ဟူသောအမည်ဖြင့် ဘာသာပြန်ဆို၏။ ထိုစာအုပ်ကို ဖတ်မိ လိုက်သောအခါ တစ်ကမ္ဘာလုံး၏ သမိုင်းဖြစ်စဉ်ကို ခြုံမိငုံမိဖြစ်သွားပြီး တိုင်းပြည်နှင့် ဘာသာတရားအပေါ် မြတ်နိုးတန်ဖိုးထားသူ ဖြစ်လာသည်။

မြန်မာ့သမိုင်းပါမောက္ခဒေါက်တာသန်းထွန်းက 'မအဖို့ သမိုင်းသိရမည်၊ သင်ရမည်' ဟုဆိုခဲ့ကြောင်း ဖတ်မိဖူး၏။ စာရေးသူသည် မြန်မာနိုင်ငံ ရှမ်းပြည်နယ်မှ ဓနုမျိုးနွယ်စုဝင် လူသားတစ်ယောက်ဖြစ်သည်။ အခြားသော သမိုင်းဖြစ်စဉ်ထက် မိမိလူမျိုးစုသမိုင်းကို မအအောင် ပို၍ သိသင့်ပါသည်။

ဆရာမင်းလွင်ဦးက ဤကဲ့သို့မအစေလိုသော မေတ္တာဖြင့် (ဓနုကြေးမုံ) စာအုပ်ကို ထုတ်ဝေလိုက်သည့်အတွက် 'မအအောင်ဖတ်ကြ မှတ်ကြပါစို့' ဟု တိုက်တွန်းချင်ပါသည်။

**တိပိဋကဓရ ထေရ္ဘောဆရာတော်**

(၂၇-၃-၂၀၁၉)

ဗုဒ္ဓဟူးနေ့။

## စာပေဗိမာန် စာမူ (၃)ဆုရ
## ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD)
## အထွေထွေအတွင်းရေးမှူး ဦးစိုင်းညွန့်လွင်၏
## အမှာစာ

ဆရာမင်းလွင်ဦးကို ကျနော်တို့စည်းလုံးညီညွတ်သော တိုင်းရင်းသားများ မဟာမိတ် (UNA)မှာ နိုင်ငံရေးပါတီ ခေါင်းဆောင် တစ်ယောက်အနေနဲ့ စတင်သိရှိခဲ့ပါတယ်။ UNAမဟာမိတ်မှာ ပွဲရှိတိုင်း၊ အစည်းအဝေးရှိတိုင်း မပျက်မကွက်တက်တဲ့ 'မနေတိုင်းရင်း သားလူမျိုးများ ဒီမိုကရေစီပါတီ' ရဲ့ ကိုယ်စားပြုသူအဖြစ်နဲ့လဲ မှတ်မှတ်သားသား ရှိခဲ့ပါတယ်။ နောက်ပိုင်းမှာတော့ သူ့ကိုသမိုင်းနဲ့ပတ်သက်တဲ့ မှတ်တမ်းပြုစုသူ၊ သမိုင်းပြုစုသူတစ်ယောက် အနေနဲ့ သူရေးခဲ့တဲ့စာအုပ်တွေကိုဖတ်ရတော့မှ သူဟာစာရေးသူတစ်ယောက် ဖြစ်မှန်း သိလာရပါတယ်။

လူမျိုးတစ်မျိုးရဲ့သမိုင်းကို မှတ်တမ်းပြုရတာ လွယ်တဲ့ကိစ္စတစ်ခုတော့ မဟုတ်ပါဘူး။ အဲဒီသမိုင်းမှတ်တမ်းတွေက ရောင်းကောင်းတဲ့စာအုပ်တွေလဲ မဟုတ်ပါဘူး။ ပြောချင်တာကတော့ စီးပွားရေးအရမျှော်ကိုးပြီး ရေးလို့ဖြစ်တဲ့ စာတွေမဟုတ်ပါဘူး။ ဒီလိုစာတွေကိုရေးပြီး ကိုယ်တိုင်ထုတ်ဝေရတယ်ဆိုတာ နည်းတဲ့စေတနာ မဟုတ်ပါဘူး။

စာပေရေးသားရာမှာ အရမ်းကိုအရေးကြီးတဲ့အချက်တစ်ခု လိုအပ်ပါတယ်။ အဲဒါကတော့ စာရေးသူရဲ့ စေတနာဖြစ်ပါတယ်။ စေတနာမမှန်ရင် အဲဒီစာလဲဖြစ် မလာနိုင်ပါဘူး။ စာအုပ်ဖြစ်လာဖို့ဆိုတာ ဝေးပါလေရော။ စေတနာကို ဝါသနာနဲ့ ဇွဲသတ္တိ ပေါင်းစပ်လို့သာ စာအုပ်တစ်အုပ်ဖြစ်လာရတာဖြစ်ပါတယ်။

သမိုင်းဆိုင်ရာစာအုပ်ဆိုရင် ပိုလို့တောင်ခက်ခဲပါတယ်။ စာရေးသူတစ်ယောက်အနေနဲ့ သူရေးခဲ့တဲ့ သမိုင်းအထောက်အထားတွေကိုပါ တာဝန်ယူရပြန်တော့ တော်ရုံလူက မရေးရဲကြပါဘူး။ အငြင်းပွားစရာတွေ ရှိလာခဲ့လို့ရှိရင် သူ့ဖက်အထောက်အထားတွေနဲ့ ချေပနိုင်ဖို့ကလဲထင်ရာလျှောက်ရေးလို့မရဘူးဆိုတာကိုပြနေတာပါ။ တော်ရုံလေ့လာအားနဲ့ မဖြစ်ပါဘူး။

အခုဆိုရင်ဆရာမင်းလွင်ဦးရေးတဲ့စာအုပ် မနုသမိုင်းက စာဖတ်သူတွေလက်ထဲကို ရောက်လာပါပြီ။ မြန်မာ့စာပေလောကမှာ သမိုင်းရေးတဲ့စာရေးဆရာတွေ ရှားပါးလာနေချိန်မှာ ဆရာမင်းလွင်ဦးလို သမိုင်းရေးစာရေးဆရာတစ်ယောက်ပေါ်ထွက်လာတာဟာ အားလုံးကကြိုဆိုရမဲ့ ကိစ္စတစ်ခုလို့မြင်ပါတယ်။

ဆရာမင်းလွင်ဦးဟာ သမိုင်းရေးစာရေးဆရာတစ်ဦးအပြင် မနုနိုင်ငံရေးပါတီတစ်ခုရဲ့ အရေးကြီးတာဝန်ကို ထမ်းဆောင်နေသူတစ်ဦးဖြစ်ပါတယ်။ သူ့စာအုပ်ဟာ မနုလူမျိုးတွေအကြောင်းနဲ့ မနုဒေသတွေအကြောင်းကို လေ့လာ လိုသူတွေအနေနဲ့ မဖြစ်မနေဖတ်ရှုဖို့ လိုအပ်သလို စာကြည့်တိုက်တွေ၊ ကိုယ်ပိုင်စာဖတ်ခန်းတွေမှာ နေရာယူနိုင်မဲ့စာအုပ်ဖြစ်ပါကြောင်း စေတနာကောင်းနဲ့ ညွှန်းဆိုချင်ပါတယ်။ နောင်များမှာလည်း ဆရာမင်းလွင်ဦး စာများဆက်လက်ရေးနိုင်ပြီး လူထုအကျိုးပြုနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

**စိုင်းညွှန့်လွင်** (၁၂-၅-၂၀၁၉) တနင်္ဂနွေနေ့။

## ဦးမြမောင် (ပင်းတယ) အငြိမ်းစား မြန်မာစာ ပါမောက္ခ၏ အမှာစာ

မနေလူမျိုးများသည် မြန်မာနိုင်ငံအတွင်း အခြားတိုင်းရင်းသားလူမျိုးများနှင့်အတူ ရှေးအစုအစဉ်ကတည်းက လက်တွဲနေထိုင်ခဲ့သည့်လူမျိုးဖြစ်ပါသည်။ အင်းဝခေတ်တွင် ပေါ်ထွန်းခဲ့သည့် ရဟန်းစာဆို ရှင်အဂ္ဂသမာဓိ၏ နေမိဘုံခန်းပျို့ တွင် 'မနေ'လူမျိုးအမည်ကို တွေ့ရသဖြင့် လွန်ခဲ့သည့်နှစ်ပေါင်း (၅၀၀ ကျော် ၆၀၀) ခန့်ကပင် မနေလူမျိုးကို ထင်ရှားသိရှိ နေကြပြီဖြစ်ပါသည်။ ထိုထက် ရှေးကျသောကာလကပင် နေထိုင်ခဲ့ကြမည်ဖြစ်သဖြင့် ခိုင်မာသော အထောက်အထားများကို ဆက်လက်ရှာ ဖွေဖော်ထုတ်သင့်ပါသည်။ ယခုအခါ မနေလူမျိုး၏သမိုင်းကြောင်း၊ နေ့စဉ်နေထိုင်မှုဘဝ၊ ယဉ်ကျေးမှုဓလေ့ အကြောင်းအရာများကို လက်လှမ်းမီသလောက် ဖော်ထုတ်ရေးသားလာကြသည်ကိုတွေ့ရပါသည်။

မနေကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပေါ်ပေါက်လာသောအခါ မနေတိုင်းရင်းသားများ အကြောင်းဖော်ထုတ်ရေးသားသော စာအုပ်စာတမ်းများ ပိုမိုပေါ်ထွက်လာခဲ့ရာ လွန်စွာကျေနပ်အားရလှပါသည်။ ယင်းစာအုပ်များအနက် မင်းလွင်ဦး(အောင်ပန်း)၏စာအုပ်သည် မနေလူမျိုးအကြောင်း ရှုထောင့်စုံမှတင်ပြ

ထားနိုင်သည်ကို တွေ့ရသည်။ ဤစာအုပ်တွင် ဓနုလူမျိုးဆင်းသက်လာပုံ၊ ဓလေ့ထုံးတမ်းများ၊ ပုံ့နှံ့နေထိုင်ရာ ဒေသအချက်အလက်များ၊ အုပ်ချုပ်ရေး၊ ဘာသာရေးနှင့် အထင်ကရ လေ့လာမှတ်သားစရာများကို ကိုယ်တိုင်ကိုယ်ကျ လေ့လာမှတ်တမ်းပြုစုရေးသားထားသည်ကို တွေ့ရသဖြင့် ကြိုးပမ်းအားထုတ်မှုကို လေးစားလျက် အသိအမှတ်ပြုပါသည်။ ဓာတ်ပုံမှတ်တမ်းများ ဝေဝေဆာဆာတင်ပြထားသဖြင့် အထောက်အထားခိုင်မာစေပြီး ပို၍စိတ်ဝင်စားဖွယ် ဖြစ်ပါသည်။ အချို့အခန်း၏ အကြောင်းအရာများမှာ ဆက်လက်၍ ကျယ်ကျယ်ပြန့်ပြန့် သုတေသနပြုလျှင် ရနိုင်သေးသည်ကို တွေ့ရပါသည်။ ဓနုတိုင်းရင်းသားအကြောင်း သိရှိလိုသူများအတွက် ဤစာအုပ်ကို မလွတ်တမ်း ဖတ်ရှုပါဟု တိုက်တွန်းလိုပါသည်။ တိုင်းရင်းသားအချင်းချင်း တစ်ဦး အကြောင်းတစ်ဦး သိရှိနားလည်ကာ ချစ်ကြည်ရင်းနှီးမှုကို အထောက်အကူပြုနိုင်သည့်စာအုပ်ကောင်းတစ်အုပ် ဖြစ်ပါသည်။

**မြမောင်(ပင်းတယ)**
(အငြိမ်းစား မြန်မာစာပါမောက္ခ)
(၁၈-၄-၂၀၁၉)၊ ကြာသပတေးနေ့။

## စာရေးသူ၏ မိတ်ဆက်

ပရဟိတစိတ်များစွာနဲ့ လူမှုရေးလုပ်ဆောင်ခဲ့တဲ့ (၂၀) ပြည့်နှစ် အထိမ်းအမှတ်အဖြစ် ဒီမနေ့သမိုင်း စာအုပ်ထုတ်ဝေနိုင်ခဲ့လို့ ဝမ်းသာပီတိဖြစ်မိပါတယ်။ အထူးသဖြင့် မိဘများဖြစ်ကြတဲ့ (ဦးမြင့်စိုး) (ပုံနှိပ်စက်တီထွင်သူ၊ ၁၉၆၉) - ဒေါ်ရွှေချော၊ (ဦးသန်းမောင်) - ဒေါ်ခင်ညိုတို့ကို ဒီစာအုပ်နဲ့ ထပ်မံကျေးဇူးဆပ်ပါတယ်။ ကျနော့် မိဘ၊ ယောက္ခမများရဲ့ ဘိုးဘွားများဟာ မနေ့တိုင်းရင်းသားများက ပေါက်ဖွားလာတဲ့ လူမျိုးများဖြစ်လို့ မနေ့သမိုင်းကို စိတ်ဝင်စားခဲ့တယ်။ ကျနော်သမိုင်းအကြောင်းအရာတွေပဲ ရေးဖြစ်ခဲ့တာ များတယ်။ အမှတ်ရဆုံးကတော့ အောင်ပန်းနှစ်တစ်ရာပြည့်တုန်းက သမိုင်းဆရာနဲ့ အငြင်းပွားခဲ့တဲ့ကိစ္စလေးပါ။ သူတင်ကိုတင် ဂျာနယ်တစ်ခုမှာ စာပေစီးချင်းဆိုရင်လဲ မမှားပါဘူး။ တစ်ခါတစ်ရံမှာ 'အမှန်တရားဟာ သိပ်ခါးသီးတယ်' ဆိုတာ အရမ်းမှန်ပါတယ်။

သမိုင်းကိုဖော်ပြရာမှာ ရှေးဆရာကြီးတွေရဲ့ စာတွေကိုပဲ မှီးရတာများပါတယ်။ အဲဒီလိုမှီးတဲ့အခါ ရှေးပုဂ္ဂိုလ်တွေ တစ်ချက်မှားယင် နောင်လာနောင်သားတွေခံပေရော့ပဲ။ 'သမိုင်းဆိုသည်မှာ မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ ဖြစ်ချင်တိုင်းလုပ်ယူ၍ မရသကဲ့သို့ ဖြစ်ပြီးသည့် သမိုင်းကိုလည်း

ပယ်ဖျက်ချင်၍ မရပေ'တဲ့ ။ အခုကျနော်တို့ တိုင်းရင်းသားတွေ သမိုင်းတစ်ချက်အမှားကြောင့် အမှန်ပြင်မရဖြစ်နေတယ်။ တကယ့်ကို ဝမ်းနည်းစရာပါ။ ကျနော် ရန်ကုန်တက္ကသိုလ်တက်စ လှည်းတန်းလမ်းဘေးမှာ စာအုပ်ပုံရောင်းတဲ့ဆိုင်က 'မနုမလေး မပိုင်း' စာအုပ်စတွေခဲ့တာဈေးတောင်မဆစ်ပဲဝယ်ခဲ့မိပါတယ်။ အဲဒီကစတာပဲ ကျနော့်စာတိုပတ်စ။ ကျနော်တို့ မနုတိုင်းရင်းသားတွေရဲ့ ရိုးသားတဲ့လူနေမှုစရိုက်ကို အောင်ပန်းမြို့ ဖြစ်ပေါ်လာပုံ ကျောရိုးထားပြီး အချစ်ဇာတ်လမ်းတစ်ပုဒ် ဖန်တီးပေးခဲ့တဲ့ ဆရာရန်အောင်ကို အခုထိကျေးဇူးတင်နေတုန်းပဲ။

နောက်တော့ မနုတိုင်းရင်းသား ဆရာဦးမြင့်သန်းနဲ့ သုံးနှစ်ခွဲလောက်လက်တွဲဖြစ်တယ်။ ကျနော်က ပုံနှိပ်လုပ်ငန်းနဲ့ အသက်မွေးတော့ ဆရာကကျနော့်ကို အားကိုးခဲ့တယ်ခင်ဗျ ။ ကျနော်ကလည်း ရေငတ်တုန်း ရေတွင်းထဲကျတော့ ရသမျှကူညီရင်း သမိုင်းကို ပိုစိတ်ဝင်စားခဲ့တယ်ပေါ့ဗျာ။ ဆရာကအောင်ပန်းမြို့သမိုင်းကို (၁၉၄၈) လွတ်လပ်ရေးမရခင်အထိ ရေးခဲ့တယ်။ အကြောင်းမလှတော့ စာအုပ်အပြီး မသတ်ခင်လေးမှာ ဆရာကွယ်လွန်ခဲ့တယ်။ စာမူအားလုံးသက်သေတွေနဲ့ ကျနော့်ကိုအပ်ခဲ့တယ်။ တော်တော်နဲ့ မထုတ်ဖြစ်ခဲ့ပါ။ စာအုပ်တစ်အုပ်ထွက်ဖို့ဆိုတာ လွယ်တာမှတ်လို့။ ဒါနဲ့ပဲ တစ်နှစ်ခွဲကျော်လာတော့ ဟိုလွဲဒီလွဲရင်း အဲဒီသမိုင်းစာအုပ် ထုတ်ဝေဖြစ်ခဲ့တယ်ဆိုပါတော့။ ကျနော့်ရဲ့သမိုင်း ဆရာအရင်းကို အမြဲအမှတ်ရသွားမှာပါ။ ဒီလိုနဲ့ အောင်ပန်းမြို့နှစ်တစ်ရာပြည့်ကြီးနီးလာခဲ့တယ်။ နှစ်တစ်ရာပြည့်အထိမ်းအမှတ် အောင်ပန်းသမိုင်းလေးဆက်လိုက်ရယင် ကောင်းမလားဆိုပြီး အတွေးဝင်လာတယ်။ ဝင်လာတဲ့အတိုင်း ရေးဖြစ်ခဲ့တယ်။ အောင်ပန်းနှစ်တစ်ရာပြီးပြီးချင်း 'အောင်ပန်းကြေးမုံပြင်'အမည်နဲ့ ထုတ်ဝေနိုင်ခဲ့တယ်။ ဆရာကြီး ဟံသာဝတီဦးဝင်းတင်နဲ့ ဆရာတင်နိုင်တိုးတို့က အမှာစာ ရေးပေးခဲ့တယ်။ အဲဒီစာအုပ်ကိုအောင်ပန်းမှာ ကွယ်လွန်ခဲ့တဲ့ဆရာကြီးဒဂုန်တာရာဈာပနနဲ့ အဆုံးသတ်ခဲ့ပါ

တယ်။ မှတ်မှတ်ရရ ၂၀၁၃ခုနှစ်၊ ဩဂုတ်လ ၂၃ရက် ဆရာကြီးရဲ့ အရိုး ကောက်တဲ့နေ့အထိပေါ့။

ကျနော် သမိုင်းဂုရုကြီး ဒေါက်တာသန်းထွန်းကို လွန်စွာသဘောကျ တယ်။ သူ့စာတော်တော်များများ ဖတ်ခဲ့တယ်။ မှတ်ခဲ့တယ်။ သူ့ထုံးလည်း နှလုံးမူမိတယ်။ ဒါပေမယ့် သမိုင်းအမှန်တရားကိုရေးတဲ့အခါ ဒေသခံ တော်တော်များများက မကြိုက်တာများတယ်ဗျ။ ရှေးရိုးဒဏ္ဍာရီ အစဥ်အလာ တွေနဲ့ ယဥ်ပါးလာတဲ့ ပုံပြင်တစ်ပုဒ်ကိုသာ သဘောကျကြတယ်။ အမှန် တကယ်လဲ သမိုင်းကပျင်းဖို့ကောင်းတယ် မဟုတ်ပါလား။ ဘာပဲဖြစ်ဖြစ် သမိုင်းက အရေးကြီးပါတယ်။ အထူးသဖြင့် မိမိတို့လူမျိုးတွေရဲ့ သမိုင်းပေါ့။

ကျနော် ဓနုသမိုင်းရေးဖို့ ကြိုးစားလာတာ ၅ နှစ်ကျော်လာပြီ။ ဟိုတစ်စ ဒီတစ်စလေးတော့ ရေးဖြစ်ခဲ့ပါရဲ့။ ကျနော့်မိတ်ဆွေစာရေးဆရာတချို့ ကလည်း တိုက်တွန်းခဲ့ပါတယ်။ ကိုယ့်ဒေသ ကိုယ့်လူမျိုးအကြောင်း ကိုယ်တိုင်ရေးမှ အနှစ်သာရပိုရှိမှာပေါ့တဲ့။ ဒါပေမဲ့ အတွေ့၊ ပရအလုပ်တွေနဲ့ လုံးချာလိုက် နေတော့ရေးဖြစ်ခဲ့တာနည်းခဲ့တယ်။ အကြောင်းတိုက်ဆိုင်လာတော့ ရေးဖြစ်ခဲ့ တာတွေစုစည်းပြီး ခရီးဆက်မိလိုက်တာပါပဲ။ ဒီစာအုပ်အတွင်း ကိုက်ညီမှုများ မရှိခဲ့ပါက နားလည်ခွင့်လွှတ်ပေးစေလိုပါတယ်။ ဘယ်သူ့ကိုမျှ နစ်နာစေလို တဲ့ ရည်ရွယ်ချက်နဲ့ ရေးသားထားခြင်းမရှိပါ။

ဒီစာအုပ်ဟာ သမရိုးကျရေးထားတဲ့ ဓနုသမိုင်းပါ။ ထူးခြားတာလေး တစ်ခုက 'စာရေးသူရဲ့သမိုင်းအမြင်' ထည့်သွင်းထားခြင်းပါပဲ။ အမြင်တူချင် မှ တူပါလိမ့်မယ်။ သဘောတူချင်မှလည်း တူနိုင်ပါလိမ့်မယ်။ သို့သော် ကျနော် ဖောက်ထွက်ထားပါတယ်။ လက်မခံနိုင်သူများအတွက် ဒဏ္ဍာရီပုံပြင် တစ်ပုဒ်အဖြစ် ဖတ်ပေးစေချင်ပါတယ်။ ဒီလိုအမြင်ရစေတဲ့ ကျောက်မဲက ကိုအောင်ထိုက်ကို ကျေးဇူးတင်မိပါတယ်။ ဒီအမြင်ရေးဖို့အတွက် သမိုင်း စာအုပ်တွေမွှေရတာ ကျနော့်အတွက်အခက်ခဲဆုံး ဖြစ်ခဲ့ရပါတယ်။ အထူးသဖြင့်

ကျမ်းစာအုပ်တွေလိုပေါ့။ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ နားလည် ပေးနိုင်လိမ့်မယ်လို့ ထင်မြင်မိပါတယ်။

သမိုင်းဆရာကြီးတွေပြောသလို သမိုင်းကိုကျေစေချင်မိတယ်။ 'သမိုင်းမကျေခဲ့ရင်တော့ ပထဝီပါရှုံးမယ်။ ပထဝီရှုံးခဲ့ရင်တော့ လူမှုရေးလည်း အောင်မြင်မှာမဟုတ်ဘူး' လို့ ဆိုခဲ့သတဲ့။ ဒါကြောင့် သမိုင်းကျေပြီး သမိုင်းမှ သင်ခန်းစာရယူနိုင်ကြဖို့ မနုတိုင်းရင်းသားများအား အလေးအနက်တိုက်တွန်းပါတယ်။ လေးစားချစ်ခင်ရပါသော မနုဒေသမှ မိမိတို့အမျိုးအားလုံး ဒီစာအုပ်ကို ဖတ်ရှုပြီးသကာလ တိုက်စည်တိုက်မောင်းတင်း၍ ဇာတိသွေးဇာတိမာန် မြင့်တင်ကာ အမျိုးသားရေးစိတ်ဓာတ် မွေးမြူကြမည်ဆိုက ကျေနော့်အနေနဲ့ ဒီစာအုပ်ပြုစုရကျိုးနပ်ပါလိမ့်မယ်။

**ပြည်ထောင်စုကြီးနဲ့အတူ အရှိုးသားဆုံးအစဥ်လိုက်ပါခဲ့တဲ့ မနုတိုင်းရင်းသားများသမိုင်း အဓွန့်ရှည်ပါစေ။**

**မင်းလွင်ဦး(အောင်ပန်း)**
**၆-၇-၂၀၁၉**

# ကျေးဇူးတင်လွှာ

မှီငြမ်းကိုးကားစာအုပ်များအတွင်းမပါဝင်တဲ့ အကြောင်းအရာများအတွက် ဓနုနယ်များသာမက ဆက်စပ်နယ်မြေ များစွာကိုခရီးအကြိမ်ကြိမ်ဆန့်ခဲ့ပါတယ်။ ကျနော့်ခရီးစဉ်အတွင်း မပျင်းမရိလိုက်ပါပေးခဲ့တဲ့ ဦးမောင်မောင် (ဓနုချစ်သူ)၊ ဦးမျိုးသိန်း(ကလော)နှင့် တစ်ခါတစ်ရံလိုက်ပါခဲ့တဲ့ ကိုဝင်းခိုင် (ဘော်ဆိုင်း)တို့အား ဦးစွာကျေးဇူးတင်ရှိပါတယ်။

ပင်းတယ၊ ရွာငံ၊ ရပ်စောက်၊ နောင်ချို၊ ကလောမြို့နယ်များသာမက ပွဲနှံ့နေထိုင်လျက်ရှိတဲ့ ကျောက်မဲမြို့နယ်၊ ပြင်ဦးလွင်မြို့နယ်၊ မိုးကုတ်မြို့နယ်၊ တောင်ကြီးမြို့နယ်၊ သာစည်မြို့နယ်၊ ပင်လောင်းမြို့နယ်၊ မြစ်သားမြို့နယ်၊ မန္တလေးမြို့နှင့် ရန်ကုန်မြို့များရှိ ဓနုတိုင်းရင်းသားများအကြောင်း ကူညီခဲ့ကြတဲ့ ဓနုသံဃာတော်များနဲ့ ဓနုမိတ်ဆွေများရဲ့ကျေးဇူးကိုလည်း မမေ့ပါဘူး။

အထူးသဖြင့် အမှာစာရေးပေးခဲ့ကြတဲ့ မြန်မာနိုင်ငံရဲ့(၁၄)ပါးမြောက် တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တဝီရိယာနန္ဒ(ကမ္ဘောဇဆရာတော်)၊ ဦးစိုင်းညွှန့်လွင် (ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး)၊ ဦးမြမောင်(မြန်မာစာပါမောက္ခ၊ငြိမ်း)စာမူကြမ်းကိုဖတ်ပြီး တချို့သောအမှားများကို ပြန်လည်စိစစ်၊ အမှားပြင်ပေးခဲ့တဲ့ ဘဒ္ဒန္တ

နိပုဏ (နောင်ချို) ဆရာဦးမြမောင်၊ ဦးအောင်ကျော်ညွန့်တို့အားလည်းကောင်း၊ စာကြမ်းစီပေးခဲ့ကြတဲ့ ကလောမြို့ အောင်မိတ္တူ၊ အောင်ပန်းမြို့ အေစီဒီစီ၊ ဂရပ်ဖစ်ဒီဇိုင်းနှင့် အတွင်းဓါတ်ပုံပြင်ဆင်မှုများအတွက် ညီမ မထွေးထွေးဝင့်၊ မမီးအို (စံပြအောင်ပန်း) တို့အားလည်းကောင်း၊ တချို့မှတ်တမ်းများရယူခဲ့တဲ့ facebookမိတ်ဆွေများအားလည်းကောင်း၊ မျက်နှာဖုံးဓါတ်ပုံအား မေတ္တာဖြင့် အကူအညီပေးခဲ့တဲ့ကိုစတီး (မန္တလေး)အားလည်းကောင်း၊ မှီငြမ်းကိုးကားမှုပြုနိုင်ခဲ့တဲ့ စာရေးဆရာများ အားလည်းကောင်း၊ ကျန်ရှိနေသေးသော ကျေးဇူးတင်ထိုက်သူများအားလုံး ကျေးဇူးဥပကာရတင်ရှိပါကြောင်း . . .။

▼ ▼ ▼

# အခန်း (၁)

## လေ့လာခဲ့သမျှ ဓနုသမိုင်းအစ

### (၁) ကမ္ဘာ့နောက်ခံကားနှင့်မြန်မာ

ကမ္ဘာပေါ်ရှိအာရှတိုက်သည် ကမ္ဘာဦးလူသားများ စတင်နေထိုင်ရာဒေသဖြစ်သည်။ ထိုလူသားများသည် မူလကအသွေးတူ၊ အသားတူများဖြစ်ကြသော်လည်း ရာသီဥတုကိုလိုက်၍ အသားဖြူ၊ အသားမည်း၊ အသားဝါလူမျိုးဟူ၍ ကွဲပြားလာကြသည်။ လက်ရှိကမ္ဘာပေါ်၌ လူသားအားလုံးမှာလည်း ထိုလူမျိုးကြီးသုံးခု ပုံ့ပွားဆင်းသက်လာခြင်းဖြစ်သည်။ အသားဖြူ လူမျိုးများကို အာရိယန်၊ အသားမည်းလူမျိုးများကို နီဂရစ်တို၊ အသားဝါလူမျိုးများကို မွန်ဂိုအမျိုးအနွယ်များဟု ခေါ်ကြသည်။

အာရိယန်တို့၏မူရင်းဒေသမှာ ကော့ကေးရှားတောင်တန်းကြီးများ၊ နီဂရစ်တိုတို့၏ မူရင်းဒေသမှာ အာရှတိုက်တောင်ပိုင်းအရပ်ဒေသများ၊မွန်ဂိုတို့၏ မူရင်းဒေသမှာ အာရှတိုက်အလယ်ပိုင်း တာရင့်မြစ်ဝှမ်းဒေသများ ဖြစ်ကြသည်။ အာရှတိုက်တောင်ပိုင်းအပါအဝင် မြန်မာနိုင်ငံ၌ ရှေးအချိန်ကတည်းက နီဂရစ်တို အမျိုးအနွယ်များ နေထိုင်ခဲ့ဖူးဟန်လက္ခဏာ ရှိသည်ဟု ဆိုလေသည်။

ထိုသူတို့သည် နိုင်ငံပမှ မိမိတို့ထက် အဆင့်အတန်းမြင့်သော လူမျိုးများ ဝင်ရောက်လာသောအခါ ထိုသူတို့၏ တိုးဝင်ဖိနှိပ်မှုများကြောင့် မြန်မာနိုင်ငံ တောင်ဘက် ကျွန်းစုများဆီသို့ တဖြည်းဖြည်း ရောက်ရှိသွားကြသည်ဟု ထင်မြင်ယူဆခဲ့ကြသည်။ အသားဝါဖြစ်သော မွန်ဂိုအမျိုးအနွယ်များသည် အာရှတိုက်အရှေ့ပိုင်းနှင့် အရှေ့တောင်ပိုင်းဒေသတို့တွင် နေထိုင်ကြ၏။ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင် ကြသော တိုင်းရင်းသားမျိုးနွယ်စုများသည် မွန်ဂိုအမျိုးအနွယ်များမှ ဆင်းသက်လာကြသည်ဟု ပညာရှင်ကြီးများက သုံးသပ်ခဲ့ကြသည်။

တရုတ်နိုင်ငံအနောက်မြောက်ပိုင်း၊ တိဗက်ကုန်းပြင်မြင့်နှင့် ဂိုဗီသဲကန္တာရအကြားရှိ ကန်ဆူအရပ်မှ လူသားများသည် တရုတ်တို့၏ နှိမ်နင်းမှုကြောင့် တိဗက်ပြည်သို့ ရွှေ့ပြောင်းထွက်ခွာခဲ့သည်။ တိဗက်များ တန်ခိုးကြီးထွားလာပြန်၍ ယူနန်နယ်သို့ပြောင်းရွှေ့ရပြန်သည်။ နန်ချောင်ရှမ်းများ တန်ခိုးကြီးချိန်ဖြစ်နေ၍ သူတို့လက်အောက်ခံ မန်းအမျိုးသားများနှင့် အချိန်အတော်ကြာ ရောနှောနေထိုင်ခဲ့ကြသည်။ (နန်ချောင်ပြည်ကြီးကို ရှမ်းအနွယ်ဖြစ်သော အိုက်လောရှမ်းတို့က တည်ထောင်ခဲ့သည်။ ရှမ်းတို့ကြီးစိုးခဲ့မှုများကိုလည်း တရုတ်နိုင်ငံသမိုင်းတွင် ဖော်ပြခဲ့သည်။ သက္ကရာဇ် (၆၅၀ မှ ၁၂၅၃)အထိ ဘုရင်(၁၈)ဆက်တိုင်တိုင် နန်ချောင်ရှမ်းများ လွန်စွာတန်ခိုးကြီးခဲ့သည်။) တဖန်နန်ချောင်ရှမ်းတို့၏လွှမ်းမိုးမှုကို မခံလိုသဖြင့် သက္ကရာဇ် ၇ ရာစုအလယ်လောက်တွင် မေခမြစ်နှင့်သံလွင်မြစ်ကြားရှိအရပ်များကို ကျော်ဖြတ်၍ ကျောက်ဆည်နယ်အတွင်း ဝင်ရောက်ခဲ့ကြသည်။ ထိုမှတဖန် မင်းဘူး၊ တောင်တွင်းကြီး၊ ပြည်၊ ရွှေဘို၊ ဒီပဲရင်း၊ မြေတူးနှင့် ချင်းတောင်တန်းများအထိ ပြန့်နှံ့နေထိုင်ခဲ့ကြသည်။ သက္ကရာဇ် ၉ရာစုရောက်သော် ပုဂံတည်ရာအရပ်၌ နေသားတကျ စုဝေးမိလာကြပြီး နောင်တွင် 'မြန်မာ' အဖြစ် ရပ်တည်နိုင်ခဲ့ပါတော့သည်။

## (၂) မြန်မာ့မျိုးနွယ်စုများ

မြန်မာနိုင်ငံအတွင်းသို့ မွန်ခမာအုပ်စု၊ တိဗက်အုပ်စု၊ ယိုးဒယားတရုတ်အုပ်စုဟူ၍ တစ်ခုချင်းစီ ဝင်ရောက်လာခဲ့ကြောင်း လေ့လာမိပါသည်။ အစောဆုံးဝင်ရောက်လာသောအုပ်စုမှာ မွန်ခမာ အနွယ်ဝင်များဖြစ်ပြီး မဲခေါင်မြစ်ကြောင်း၊ သံလွင်မြစ်ကြောင်းတစ်လျှောက် စုန်ဆင်းပျံ့နှံ့ နေထိုင်ခဲ့ကြသည်။ မြန်မာနိုင်ငံတစ်ဝန်း လွှမ်းမိုးခဲ့ကြသူများလည်း ဖြစ်သည်။ မြန်မာနိုင်ငံအတွင်း သူတို့ကို မွန်ဟုခေါ်ပြီး ထိုင်းနိုင်ငံဘက်တွင် ခမာဟုခေါ်သည်။ မွန်တို့သည် သုဝဏ္ဏဘုမ္မိခေါ် သထုံပြည်ကို ထူထောင်ခဲ့သည်။ မွန်၊ ဝ၊ ပလောင်တိုင်းရင်းသားများသည် မွန်ခမာအနွယ်ဝင်များပင်ဖြစ်သည်။

ဒုတိယဝင်ရောက်လာကြသောအုပ်စုမှာ နောင်တိဗက်လူမျိုးများနှင့် မြန်မာလူမျိုးများဟူ၍တွင်လာမည့် တရုတ်ပြည် အနောက်မြောက်ပိုင်း ကန်ဆူဒေသမှ ထွက်ခွာလာကြသော မွန်ဂိုများပင်ဖြစ်သည်။ သူတို့ကို တိဗက်မြန်မာအနွယ်ဝင်ဟု ခေါ်ကြသည်။ ထိုအထဲတွင် ရှေးဦးဝင်ရောက်လာသူတို့မှာ ပျူ၊ ကမ်းယံ၊ သက်တို့ပင်ဖြစ်သည်။ သက္ကရာဇ် ၆၅ဝ ဝန်းကျင် ခန့်မှန်းကြသည်။ ပျူတို့က သရေခေတ္တရာ(ခေါ်)ပြည်မြို့၊ ကမ်းယံတို့က ဓညဝတီ(ခေါ်)ရခိုင်ပြည်၊ သက်တို့က သင်းတွဲ(ခေါ် ) တကောင်းပြည်တို့ကို အသီးသီး ထူထောင်ခဲ့ကြသည်။ ဗမာ၊ ရခိုင်၊ မရှူး၊ အဓိး၊ လရှီ၊ ထားဝယ်၊ ကတူး၊ ကနန်း၊ ဓနု၊ တောင်ရိုး၊ အင်း၊ မြိတ်၊ ယော၊ တောင်သား၊ ကချင်၊ ချင်း၊ လူရိုင်း၊ နာဂ၊ ရဘိန်းတိုင်းရင်းသားများသည် တိဗက်မြန်မာအနွယ်ဝင်များပင် ဖြစ်ကြသည်။

မြန်မာနိုင်ငံအတွင်းသို့ အချိန်နောက်ကျစွာဝင်ရောက်လာသောအုပ်စုမှာ ယိုးဒယား တရုတ်အမျိုးအနွယ်ဝင်ဖြစ်သည်။ ရှမ်းနှင့်ယိုးဒယားအထင်ရှားဆုံးဖြစ်သည်။ ရှမ်းသည် တရုတ်အနွယ်ဝင် ဖြစ်သည်။ သူတို့သည် တရုတ်ဘုရင်များကြီးစိုးမှုကိုမခံလို၍ တွန်းလှန်ခဲ့ရာအရေးနိမ့်ပြီး မြန်မာနိုင်ငံအရှေ့

မြောက်ပိုင်း ယူနန်နယ်တွင် စုရုံးမိပါတော့သည်။ နောက်ပိုင်း နန်ချောင်မင်းဆက်ကိုပင် ထူထောင်နိုင်ခဲ့ကြသည်။ နန်ချောင်ရှမ်းများသည် နိုင်ငံအထက် ပိုင်းကိုလည်း သိမ်းပိုက်ကြီးစိုးနိုင်ခဲ့ကြသည်။ ရှမ်း၊ ဂုံ၊ ခန္တီးရှမ်း၊ ကရင်၊ ကယား၊ ပအိုဝ်းတိုင်းရင်းသားများသည် ထိုင်းတရုတ်အနွယ်ဝင်များပင် ဖြစ်တော့သည်။

ခြုံငုံသုံးသပ်ပါက မြန်မာဟုခေါ်တွင်မည့်သူများသည် လွန်ခဲ့သောနှစ်ပေါင်း (၁၃၆၅) ခန့်က မြန်မာနိုင်ငံအတွင်းသို့ ပျံ့နှံ့ဝင်ရောက်လာကြကြောင်း၊ လွန်ခဲ့သောနှစ်ပေါင်း (၉၀၀)ကျော် သရေခေတ္တရာအပျက် သက္ကရာဇ် (၁၁၀၂) ခုနှစ်က မွန်ကျောက်စာများတွင် မီးမားဟုရေးသားထားကြောင်း၊ တရုတ်တို့က မီးယင်းဟုခေါ်ကြောင်း၊ ၄င်းမှာ မြန်မာဟုအဓိပ္ပာယ်ရကြောင်း၊ လွန်ခဲ့သောနှစ်ပေါင်း(၈၂၅)ကျော်သက္ကရာဇ် (၁၁၉၀)ပြည့်နှစ်ရောက်မှ မြန်မာကျောက်စာများတွင် မြန်မာဟု စတင်ရေးသားလာကြကြောင်း သိရှိရပါသည်။

မြန်မာ့သမိုင်းအကျဉ်းချုပ် ဦးဘဖေ (BA.BS) ၁၈-၃-၁၉၅၂

## (၃) တိဗက်မြန်မာအနွယ်ဝင်ဓနုတိုင်းရင်းသားများနှင့်သမိုင်းဆက်စပ်မှုများ

လက်ရှိမြန်မာနိုင်ငံတွင် တိုင်းရင်းသား (၁၃၅)မျိုး မှီတင်းနေထိုင်ကြသည်ဟု နိုင်ငံတော်က အတည်ပြုခဲ့သည်။ သို့သော်လည်း ပညာရှင်အချို့၏ အငြင်းပွားမှုများ၊ ကန့်ကွက်မှုများ ရှိနေကြသေးသည်။ ထိုအထဲရှိ ဓနုတိုင်းရင်းသားများသည် ရှမ်းပြည်နယ်တိုင်းရင်းသားမျိုးနွယ်စု(၃၃)မျိုးထဲတွင် ခိုင်ခိုင်မာမာ ရပ်တည်လျက်ရှိသည်။ ထို့အပြင် လက်ရှိ (၂၀၁၈) ခုနှစ်တွင် ခန့်မှန်းလူဦးရေ ၄သိန်း၀န်းကျင်ရှိပြီး လူဦးရေအရ ရှမ်းပြည်နယ်တွင် နံပါတ်(၄)၊ မြန်မာနိုင်ငံတွင် နံပါတ် (၁၀)အဆင့်တွင် ရပ်တည်လျက်ရှိနေသည်။ ရှမ်းပြည်နယ်တွင် ရှမ်း၊ ပအိုဝ်း၊ ဗမာတိုင်းရင်းသားပြီးလျှင် ဓနုတိုင်းရင်းသား အများဆုံး နေထိုင်လျက်ရှိကြသည်။

မနုတိုင်းရင်းသားများသည် တိဗက်မြန်မာအနွယ်ဝင်များမှ ဆင်းသက်လာသူများအဖြစ် လူသိများ၏။ သို့သော်လည်း ခိုင်လုံသည့် အထောက်အထားများဖြင့် ချပြထားသော စာအုပ်၊ စာတမ်းများ မတွေ့ဖူးပေ။ မနုတိုင်းရင်းသားများ ဖြစ်ပေါ်လာပုံတင်ပြခဲ့ကြသော ပညာရှင်အဆိုအမိန့်များ ခြုံငုံသုံးသပ်ကြည့်ရာ မြန်မာတို့၏ မူလမျိုးနွယ်ပင်ဖြစ်ကြောင်း မျိုးဆက်သစ်ပညာရှင်များက ဆိုထားပါသည်။

ယနေ့အချိန်တွင်အမှား၊ အမှန် တစ်ထစ်ချဆုံးဖြတ်၍မရနိုင်သော်လည်း မနုတိုင်းရင်းသား ဖြစ်ပေါ်လာပုံ ရေးသားခဲ့ကြသောပညာရှင်တို့၏စကားများသည် စိတ်ဝင်စားစရာ ကောင်းလှပေသည်။ သို့ပါ၍ ပြည်တွင်းပြည်ပ ပညာရှင်များ လေ့လာဖော်ထုတ်ခဲ့သမျှ မနုတိုင်းရင်းသားများ အကြောင်းနှင့် ဖြစ်ပေါ်လာပုံများကို ရှာဖွေရသမျှ စုစည်းတင်ပြလိုက်ရပါတော့သည်။

## (၄) ပညာရှင်အသီးသီး၏ မနုဖြစ်ပေါ်လာပုံ ဖွင့်ဆိုချက်များစုစည်းမှု

၁။ မနုတိုင်းရင်းသားများသည် ဟံသာဝတီတောင်ပိုင်းမှ ပြောင်းရွှေ့လာကြသော မြန်မာအုပ်စုတစ်စုမှ ပေါက်ဖွားလာကြသူများဟု ယူဆသည်။

(မစ္စတာအက်စ်အိပ်ချ်ဂျိုင်းစ်၊ တိုင်းရင်းသားရှမ်း၊ ၇၅)

၂။ မနုတိုင်းရင်းသား အများဆုံးနေထိုင်ရာဒေသများသည် ရှေးအခါက ရှမ်းနှင့်မြန်မာ တွေ့ဆုံ၍ ကူးသန်းရောင်းဝယ်မှု ပြုရာနေရာဖြစ်၏။ ထို့ကြောင့် ရှမ်းနှင့်မြန်မာနှစ်ဦးတို့မှနွယ်၍ မနုတိုင်းရင်းသား ဖြစ်သည်ဟု ယူဆသည်။

(ဆာဂျေအေစကော့၊ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ-၅၊ ၃၅၁)

၃။ မနုနှင့်ထနော့(မနော)တိုင်းရင်းသားများသည် သီးခြားလူမျိုးများ ဖြစ်သည်။ မနုသည် ရှမ်း ဗမာ ကပြားဖြစ်ပြီး မနော်သည် ရှမ်း ပလောင်ကပြားဖြစ်သည်။ နာမည်ချင်း တူညီနေမှု၊ အနေနီးစပ်မှု

ကြောင့် ရှုပ်ထွေးနေပြီး ဖြေရှင်းရခက်နေသည်။ သို့သော်လည်း လက်တွေ့ကွင်းဆင်းလေ့လာသော ဓနုတိုင်းရင်းသားများ၏ ဘာသာစကားမှာပျောက်ကွယ်သွားပြီး ထနော့တိုင်းရင်းသားများမှာ သီးခြားဘာသာစကားပြောသူများအဖြစ် ကျန်ခဲ့သည်ကို တွေ့ရှိရသည်။

(မစ္စတာလူးဝစ်စ်)ဒေါ်နုနုသိန်းစာတမ်းမှ

၄။ ဓနုတိုင်းရင်းသားများသည် မြေပြန့်ဒေသမှ ရှမ်းပြည်နယ်သို့ တက်လာကြသောသူများပင် ဖြစ်သည်။

(ဒေါက်တာကျော်သက်၊ ပြည်ထောင်စုမြန်မာနိုင်ငံသမိုင်း၊ ၁၄၊၁၅၊၁၆)

၅။ အေဒီ ၉ ရာစုပတ်ဝန်းကျင်က ရှေးခေတ်မြန်မာများသည် လားရှိုး၊ နောင်ချို၊ ရပ်စောက်နယ်များမှဖြတ်ကျော်ပြီး ရှမ်းမြေလတ်ရှာင်နယ် နတ်ထိပ်တောင်ကြားနှင့် မြားကလေး တောင်ကြားမှတစ်ဆင့် ကျောက်ဆည်နယ်ထဲ ဝင်ရောက်ခဲ့ကြသည်။ တောင်အောက်ကို လိုက်ပါမသွားဘဲ ရေကြည်ရာ မြက်နုရာ ရှမ်းမြေလတ် တစ်ကြောတွင် 'တောင်ရိုး၊ ဓနု၊ ဓနော' တိုင်းရင်းသားများအဖြစ် ကျန်ရစ်ခဲ့ကြသည်။

(ခေတ်သစ်သမိုင်းသုတေသီများ)

၆။ ဓနုတိုင်းရင်းသားအများစုကမူ 'မိမိတို့သည် မြန်မာအနွယ်ဝင်များသာ ဖြစ်ကြပါတယ်။ မြေလတ်တောင်ပေါ်ဒေသ ရှမ်းပြည်နယ်တွင် နေကြသူများဖြစ်လို့ နီးစပ်ရာ အပြုအမူ၊ ဓလေ့ထုံးစံများ ရောယှက်နေခြင်းဖြစ်ပါတယ်။' ဟုပြောကြသည်။ တောင်ပေါ်ဒေသဓနုတိုင်းရင်းသားများနှင့်လက်ပွန်းတတီး နေထိုင်ကြသော ရှမ်း၊ ပလောင်တိုင်းရင်းသားတို့သည်လည်း ဓနုတိုင်းရင်းသားများကို မြန်မာဟုပင်ခေါ်သည်။

(မြင့်မောင်၊ ဒါရိုက်တာ၊ ဓနုတောင်ရိုး၊ ရန်ကုန်စာပေဗိမာန်-၁၉၈၆)

၇။ ဓနုတိုင်းရင်းသားများ ဖြစ်ပေါ်လာပုံနှင့်ပတ်သက်၍ ဓနုတို့သည် ပရက်ဆိုသော အမျိုးအနွယ်မှ ဆင်းသက်လာပြီး မွန်တို့နှင့်နီးစပ်သည်ဟု ဓနုအမျိုးသားများကပြောကြသည်။

(တိုင်းရင်းသားယဉ်ကျေးမှုရိုးရာဓလေ့ထုံးစံများ၊ ရှမ်း-၈၄)

၈။ အနော်ရထာဘုရင် အနုရုဒ္ဓဒေဝမင်းကြီးသည် လှိုင်းတက်မြို့ကို တည်ထောင်ပြီး ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်တပ် ခြံရံကာ ကမ္ဘောဇနယ်သို့ ချီတက်ခဲ့ကြ၏။ ထိုခရီးစဉ်အပြန်တွင် ကမ္ဘောဇ နယ်နှင့် မြန်မာနယ်အကြားတွင် အရိုင်းနွယ်ဝင်သော လူမျိုးစုမှ လူတစ်ဦးနှင့် ဆုံခဲ့သည်။ ဘုရင်မင်းမြတ်က ထိုသူအားခေါ်ယူစေပြီး မည်သည့်လူမျိုးဖြစ်ကြောင်း မေးမြန်းတော်မူရာ ၄င်းက မိမိတို့၏ ဘိုးဘေးတို့သည် လအယ်လူမျိုးများဖြစ်ကြောင်း၊ အဖွားမှာ မြန်မာ ဖြစ်ကြောင်း၊ လူမျိုးအမည်မှာမရှိကြောင်း ပြန်လည်ဖြေကြားခဲ့၏။ ထိုအခါ ဘုရင်မင်းမြတ်က ထိုသူလက်ထဲတွင် ကိုင်စွဲထားသော လေး၊ မြားကိုအစွဲပြု၍ 'ဓနု' ဟူသော လူမျိုးဟု ခေါ်တွင်စေခဲ့သည်။ လေး၊ မြား၏ ပါဠိစကားမှာ ဓနုပင်ဖြစ်ပေသည် ၄င်းမှ ဆင်းသက်လာ သောအနွယ်များကိုလည်း ဓနု၊ ဓနောဟု ခေါ်တွင်စေခဲ့သည့်အပြင် ၄င်းတို့ နေထိုင်ကြသောနေရာမှာ ရှမ်းပြည်နယ်နှင့် နီးလှသဖြင့် ရှမ်းနယ်မြေ (၃၅)ခု အတွင်း သွတ်သွင်းခဲ့သည်ဟု ဆိုပါသည်။

(ဆာဂျွန်မင်ဒီဗီလ်၊ မိတ္ထီလာခရိုင်အရာရှိ)

မှတ်တမ်းတင်ခဲ့သူ-(ဂျော့စကော့ဒ်၊ အထက်မြန်မာ၊ရှမ်းဂေဇက်)

၉။ ၁၈၉၇ ခုနှစ်တွင် ရှမ်းမြေလတ်နယ်များဖြစ်သော သာမိုင်းခမ်း၊ ကျောက်ဂူ၊ သီဝံ၊ ကျုံး၊ လွယ်လုံ (ပင်လောင်း)၊ လွယ်အယ်၊ လွယ်မော၊ ဘော်(ရေဦး)၊ ဘော်နှင်း၊ ဘော်ဆုံ၊ နန့်ခဲ၊ နန့်ခုံ၊ နန့်တုတ်၊ ပင်မှီ၊ ပင်းတယ၊ ပွေးလှ၊ ရွာငံဒေသများတွင် ဓနုတိုင်းရင်း

သား(၂၉၇၁၃)ဦး နေထိုင်ခဲ့ကြကြောင်း စာရင်းဇယားနှင့်တကွ မှတ်တမ်းတင်ခဲ့သည်။

(စကော့ဒ်ဟာဒီမင်၊ အထက်မြန်မာနှင့်ရှမ်းဂေဇက်၊၂၊ ၂၊ ၅၃၁)

၁၀။ ဓနုတို့သည် ကရင်တောင်သူလူမျိုးများမှ ဆင်းသက်လာသူများ ဖြစ်သည်။

(မစ္စတာစီအီးဘရောင်း၊ မြန်မာ့စွယ်စုံကျမ်း၊တွဲ-၅၊စာ-၃၅၁)

၁၁။ အချို့ဓနုတိုင်းရင်းသားများက မိမိတို့သည် မြန်မာဘုရင်၏လေးသည်တော် အဆက်အနွယ်များဟုလည်းကောင်း၊ မြန်မာဘုရင်က ရှမ်းပြည်နယ်သို့ ခန့်အပ်စေလွှတ်ထားသော ရွှေခွန်မှူး၊ ငွေခွန်မှူး၊ မြို့စားမင်းတို့နှင့် ရှမ်းအမျိုးသမီးများ သွေးနှောပြီး ဆင်းသက်လာသော တိုင်းရင်းသားများဟုလည်းကောင်း တင်ပြထားသည်။

(တိုင်းရင်းသားယဉ်ကျေးမှုဓလေ့ထုံးစံများ၊ရှမ်း-၇၆)

၁၂။ မြန်မာနိုင်ငံအလယ်ပိုင်း အရှေ့ဘက်ရှမ်းကုန်းပြင်မြင့်၏ အနောက်ဘက်အစွန်တွင်အသံကွဲ မြန်မာစကားပြောသူများရှိသည်။ ထိုသူတို့မှာ မြေလတ်အနောက်စွန် တစ်လျှောက် နေကြသော ဓနုတိုင်းရင်းသားများ၊ သူတို့၏အရှေ့ဘက်တွင် တောင်ရိုးတိုင်းရင်းသားများ၊ အင်းလေးကန်တစ်ဝိုက်တွင် အင်းတိုင်းရင်းသားများဖြစ်ကြသည်။

(ဗိုလ်မှူးဘရှင်၊ အနော်ရထာအရင်ကမြန်မာနိုင်ငံ-၁၀၈)

၁၃။ ဓနုတိုင်းရင်းသားများသည် ရှမ်းပြည်နယ်မြေလပ်ဒေသများသာမက ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲ၊ သီပေါ၊ နောင်ချို၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်၊ မိုးကုတ်၊ မိုးမိတ်ဒေသများတွင်လည်း ပျံ့နှံ့နေထိုင်ကြသည်။ ၄င်းဒေသများသည် ရပ်စောက်နယ်နှင့် တစ်ဆက်တစ်စပ်တည်း တည်ရှိသည်။ ဓနုတိုင်းရင်းသားများ

နေထိုင်ရာ အရပ်ဒေသရှိမြေအရောင်မှာ အနီရောင်ဖြစ်နေသည်ကို ထူးခြားစွာတွေ့ရှိရသည်။

၁၄။ 'တချို့က ဓနုဆိုတာ ပါဠိဓနုဂ္ဂဟက ဆင်းသက်လာတဲ့စကားလို့ ယူဆပါတယ်။ ရှေးမြန်မာဘုရင်လက်ထက်က လေးသည်တော်များ ဖြစ်ပါသတဲ့။ တချို့က သုဓနုက ဓနုဖြစ်လာပါသတဲ့' 'ရှေးမြန်မာဘုရင်လက်ထက်က လူဆိုးတွေကို ရှမ်းပြည်နယ် တောင်ကြားဆီသို့ ဖမ်းပို့ထားကြောင်း၊ သူတို့အဆက်အနွယ်တွေဟာ နောင်ဓနုဖြစ်လာတဲ့အကြောင်း၊ ကာလကြာတော့ ထုံးစတ်ပါတဲ့တောင်ကြားရေသောက်လို့ လျှာထူသွားပြီး ဗမာနဲ့စကားသံကွဲသွားကြောင်း ပြောဖူးပါတယ်' (တောင်ရိုး၊ ဓနုကျေးလက်တေးသံများအမှာစာ)

(၁၉၇၀၊ တောင်ရိုးဓနုတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ)

၁၅။ ရှမ်းမြေလတ်ရှိ ရှမ်း၊ တောင်ရိုး၊ ဓနု၊ ဓနော၊ အင်း၊ တရဲ၊ ပအိုဝ်း တိုင်းရင်းသားများသည် ဘာသာစကား မတူကြသော်လည်း လူတန်းစား အခြေခံတူညီကြသည်။ ဗုဒ္ဓဘာသာ ကိုးကွယ်မှုခြင်းလည်း တူညီကြသည်။ ရှမ်းနှင့် ဓနုပေါင်းပြီးမွေးဖွားလာသည့် ကလေးအား ဓနုအဖြစ် ခံယူသလို၊ တောင်ရိုးနှင့်ရှမ်းပေါင်းပြီး မွေးဖွားလာသည့် ကလေးကိုလည်း ဓနုအဖြစ် ခံယူကြသည်။ ထို့ကြောင့် ဓနုသည် ရှမ်းမြေလတ်တွင် ဘုံတိုင်းရင်းသားသဘောဖြစ်သည်။

(တောင်ရိုး၊ ဓနုကျေးလက်တေးသံများအမှာစာ၊ ၄)

၁၆။ ဓနုတိုင်းရင်းသားများသည် အာသမ်လူမျိုးစိတ်တွင် ပါဝင်သည်။ ပြောသောစကားသည် မြန်မာစကား ဖြစ်သည်။ ပြောဆိုပုံမှာ အသံဝဲ၍ အချို့ဝေါဟာရသာ မြန်မာနှင့် ကွာခြားသည်။ မြန်မာတို့၏ ပေါရာဏစကားနှင့်ဆင်တူသည်။ တောင်ရိုး၊ အင်းသား၊ ရခိုင်၊

ထားဝယ်စကားများသည်လည်း မြန်မာစကားနှင့်လွန်စွာနီးစပ်ပါသည်။ (ဒေါက်တာသန်းထွန်း၊ခေတ်ဟောင်းမြန်မာရာဇဝင်)

၁၇။ ပုဂံခေတ်ဘုရင်များ တောကစားထွက်ရာတွင် နောက်တော်ပါးအဖြစ်လိုက်ပါလာကြသော လေး၊ မြားကိုင် စစ်သည်များပါဝင်ကြသည်။ ထိုစစ်သည်များ အကြောင်းအမျိုးမျိုးကြောင့် ကျန်ရစ်ရာမှ ဓနုတိုင်းရင်းသားများ ဆင်းသက်ပေါက်ဖွားလာကြကြောင်း၊ တဖန်အလောင်းစည်သူမင်း တိုင်းခန်းလှည့်လည်ရာတွင် လေး၊ မြားစစ်သည်တော်များ ကျန်ရစ်ခဲ့ရာမှ ဓနုတိုင်းရင်းသားများ ဆင်းသက်လာကြကြောင်း အဆိုရှိကြပြန်သည်။

(သမိုင်းကပြောသောဓနု၊အရှင်ကောသလ္လ၊၁၈)

၁၈။ အလောင်းမင်းတရားကြီး ယိုးဒယားသို့စစ်ချီသွားရာ ရှမ်းမြေလတ်တွင် တပ်စခန်းချခဲ့သည်။ တပ်မတော်တွင် ဒူးလေး၊ လင်းလေတပ်များပါဝင်လာခဲ့ရာအပြန်တွင် ဒူးလေးတပ်ကို လုံခြုံရေးအတွက် ထိုနေရာတွင် တပ်ချနေထိုင်စေခဲ့သည်။ ယင်းမှတစ်ဆင့် ဓနုလူမျိုးများဖြစ်ပေါ်လာခဲ့သည်ဟု တချို့ကဆိုသည်။

(တိုင်းရင်းသားယဉ်ကျေးမှုဓလေ့ထုံးစံများ၊ ရှမ်း-၈၄၊၈၈)

၁၉။ တိဗက်တိုဘားမင်း အုပ်စုအမျိုးမျိုးတို့သည် မြန်မာနိုင်ငံအတွင်းသို့ အနောက်မြောက်ဘက်မှလည်းကောင်း၊ အရှေ့မြောက်ဘက်မှလည်းကောင်း ဝင်ရောက်လာခဲ့ကြသည်။ အနောက်မြောက်ဘက်မှ ဝင်ရောက်လာကြသူများကို အနောက်တိုဘားမင်း၊ အရှေ့မြောက်ဘက်မှ ဝင်ရောက်လာကြသူများကို အရှေ့တိုဘားမင်းဟု သတ်မှတ်နိုင်ပေသည်။ အရှေ့တိုဘားမင်းအုပ်စုတွင် မြန်မာနှင့်အခြားအမျိုးအနွယ်များရှိကြပြန်သည်။ ၎င်းတို့သည် ဓနု၊ တောင်ရိုး၊ အင်းသား၊ ရခိုင်၊

ထားဝယ်၊ ရခိုင်၊ ယော စသည်လူမျိုးများပင် ဖြစ်ကြသည်။
(ဒေါက်တာကျော်သက်၊ ပြည်ထောင်စုမြန်မာနိုင်ငံသမိုင်း၊ ၁၄၊၁၅၊၁၆)

၂၀။ ခနုတိုင်းရင်းသားဆိုသည်မှာ တိဗက်မြန်မာအုပ်စုဝင် ဘာသာစကား တစ်မျိုးကိုပြောသော မြန်မာတိုင်းရင်းသားတစ်မျိုးပင် ဖြစ်သည်။ ရှမ်းပြည်နယ်တောင်ပိုင်းတွင် အများအားဖြင့် နေထိုင်ကြသည်။
(မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာန၊ မြန်မာစာအဖွဲ့ ဦးစီးဌာနမြန်မာအဘိဓာန်)

၂၁။ 'ရှမ်း၊ ယွန်း(လအို)၊ ကွေး(ကွီ)၊ တရုတ်၊ တရက်၊ ရခိုင်၊ ပလောင် ကြီး၊ ပလောင်ငယ်၊ ချည်၊ အင်ကျည်၊ ခနု၊ ယင်၊ ခါးတောင်းကျိုက်ကြီး .....' စသည်ဖြင့် စစ်ရေးကြုံလာပါက စစ်မှုထမ်းရမည့် တိုင်းရင်း သား အင်အားစာရင်းတင်ပြထားခြင်းဖြစ်ပါသည်။
(ဇမ္ဗူဒီပဥဆောင်းကျမ်း၊ ၇၂)

၂၂။ ခနုတိုင်းရင်းသားများသည် တိဗက်မြန်မာအနွယ်ဝင်ဖြစ်သည်။
(မောင်သော်၊မြန်မာနိုင်ငံတိုင်းရင်းသားများ၊၂၆)

အထက်ပါများအတိုင်း ပညာရှင်အသီးသီးဖွင့်ဆိုခဲ့ကြသည်များကို နက်နက်နဲနဲပြန်လည် သုံးသပ်စဉ်းစားကြရပေလိမ့်မည်။ ခနုတိုင်းရင်းသားများ သည် တိဗက်မြန်မာအနွယ်ဝင်မှ ဆင်းသက်လာကြသည်။ တဖန် မြန်မာအုပ်စု တစ်ခုမှ ပြန့်ပွားဆင်းသက်လာသည်ဟုယူဆပါက ခနုတိုင်းရင်းသားများ ဖြစ်ပေါ်လာခဲ့သော အစဦးနှစ်များကို ခန့်မှန်းနိုင်ရမည်။

တစ်ဆက်တည်းတွင် ခနုတိုင်းရင်းသားများ မည်သို့နေထိုင်အသက် မွေးခဲ့ကြသလော။ စီမံအုပ်ချုပ်မှုပေးခဲ့ကြသလော။ မှတ်တမ်းမှတ်ရာများ ကျန်ရှိခဲ့ပါသလော။ ရှေးအစဉ်အလာ သက်ကြီးစကားအဖြစ် အနော်ရထာ၊ ကျန်စစ်သား၊ အလောင်းစည်သူ စသည်ဖြင့် ပုံဝတ္ထုဆန်ဆန် ပြောဆိုမှုများကို လက်ခံရမည်လော။

နောက်တစ်ခုသုံးသပ်ရမည်မှာ သမိုင်းမတင်မီကတည်းက လူသားမျိုးနွယ်များ အခြေချနေထိုင်ခဲ့သော အထောက်အထားများ ရှမ်းမြေလတ်တစ်ကြော၌ တွေ့ရှိခဲ့ခြင်းပါ။ ရှောင်မြို့နယ်၊ ညောင်ကြပ်ကျေးရွာ အနောက်မြောက်ဘက် (၄) မိုင်တွင်ရှိသော ပြဒါးလင်းဂူကို ၁၉၆၈ ခုနှစ်က သုတေသနပြုတွေ့ရှိခဲ့မှု၊ ကလောမြို့နယ်၊ သူရဲညမှင် မင်းသမီးတောင်ကြောတွင် ကျောက်ဖြစ် ရုပ်ကြွင်းအစအနများတွေ့ရှိခဲ့မှု၊ ရှောင်မြို့နယ် အနောက်ဘက်တောင်ခြေ ကူမဲနယ်၊ မိုင်းမောဒေသတွင် လူသားများနေထိုင်ခဲ့မှု၊ ပင်းတယမြို့အနီးမှ ပျူခေတ်အမှတ်အသားများနှင့် ပျူဒင်္ဂါးများတွေ့ရှိခဲ့မှုအပါအဝင် ရပ်စောက်မြို့ နယ်၊ ကောင်းဘို့ကျေးရွာအနီးတွင် ပျူပုတီးစေ့များ တွေ့ရှိခဲ့မှုများကို ပညာရှင်များက ယခင့် ယခင်ထက်ပို၍ ဆက်စပ်ဖော်ထုတ် သုတေသနပြုသင့်ပါသည်။

ထိုသို့မဟုတ်ဘဲ မြန်မာနိုင်ငံအတွင်း ရှေးဦး နီဂရစ်တိုတို့ နေထိုင်ခဲ့ဖူးရုံမျှဖြင့်လည်းကောင်း၊ လွန်ခဲ့သော နှစ်ပေါင်း ၇၀၀၀ ကျော်ကတည်းက ပြဒါးလင်းဂူ၌ လူသားများ နေထိုင်ခဲ့ဖူးရုံမျှဖြင့်လည်းကောင်း၊ ပြဒါးလင်းဂူသည် ဓနုတိုင်းရင်းသားအများဆုံးနေထိုင်လျက်ရှိသော ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ရှောင်မြို့နယ်တွင် တည်ရှိရုံမျှဖြင့်လည်းကောင်း၊ ဓနုတိုင်းရင်းသားများသည် လွန်ခဲ့သောနှစ်ပေါင်းသောင်းချီကပင် ရှိပြီးဖြစ်ကြောင်း ကောက်ချက်ချစကားရပ်များသည် ယုတ္တိတန်မည် မဟုတ်ပေ။ မိမိတစ်ဦးတည်းအနေဖြင့် ကောက်ချက်ချ နိုင်စွမ်းမရှိသော်လည်း 'ထိုရှေးဦးလူသားများသည် မိမိတို့ထက် အဆင့်အတန်းမြင့်သော လူမျိုးများ တိုးဝင်ဖိနှိပ်မှုကြောင့် မြန်မာနိုင်ငံတောင်ပိုင်း ကျွန်းစုများဆီသို့ တဖြည်းဖြည်း ရောက်ရှိသွားသည်' ဆိုသော ပညာရှင်တို့၏သုံးသပ်ချက်ကို ထောက်ခံမိပါသည်။

အထက်ပါ (၂၂)ချက်မှ ဓနုလူမျိုးဖြစ်ပေါ်လာပုံများသည် ဖြစ်တန်ရာချည်းဟု ယေဘူယျသုံးသပ်ခဲ့ကြသော်လည်း ယနေ့လက်တွေ့ ပြန်လည်သုံးသပ်ကြရပေမည်။ တဖန် ဓနုတိုင်းရင်းသားများ ဖြစ်ပေါ်လာခဲ့သည်မှာ နှစ်ပေါင်း

(၁၃၆၅) ခုနှစ် မကျော်နိုင်ကြောင်း အဆိုကိုလည်း ထောက်ခံမိပါတော့သည်။ မြန်မာနိုင်ငံအလယ်ပိုင်း အရှေ့ဘက်ခြမ်းနှင့် ရှမ်းပြည်နယ် အနောက်ဘက်ခြမ်း အကြားရှိ တောင်မြောက်သွယ်တန်းပြီး မြေလွှတ်၊ မြေလပ်ပေါ်များခဲ့ရာ ရှမ်းမြေလတ်တစ်ကြော ပျံ့နှံ့နေထိုင်လျက်ရှိသော ဓနုတိုင်းရင်းသားသမိုင်း မည်သို့ပင်ရှိနေစေကာမူ– ရိုးသား ရိုးအပြီး အဆန်းမထွင်တတ်ကြသော၊ စကားဝဲ၊ အသံကွဲရုံမှလွဲ၍ မြန်မာစာ မြန်မာစကားကိုသာ အဓိကအသုံးပြုခဲ့ကြသော၊ သူပုန်ထကြွမှုမရှိဘဲ အဖြူရောင်နယ်မြေအဖြစ် သတ်မှတ်ခံခဲ့ရသော၊ စိုက်ပျိုးရေးဖြင့် အဓိကအသက်မွေးသမှုပြုကြသော တိုင်းရင်းသားများအဖြစ် ကမ္ဘာတည်သရွေ့ ခိုင်မြဲသွားစေချင်မိသည်။

အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရာ အခန်းကဏ္ဍတွင်လည်း ဓနုတိုင်းရင်းသားများအားလုံး တက်ညီလက်ညီ ပူးပေါင်းပါဝင်လာနိုင်ပြီး တန်းတူညီမျှမှုတစ်ခုရရှိလာကာ စစ်မှန်သော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရရှိနိုင်ပါစေကြောင်း ဆန္ဒပြုလိုက်ရပါသည်။

▼▼

## ပညာရှင်အသီးသီး၏ ဓနုဖြစ်ပေါ်လာပုံကို ပြန်လည်သုံးသပ်ခြင်း

အဆို(၁)

ဓနုတိုင်းရင်းသားများသည် ဟံသာဝတီတောင်ပိုင်းမှ ပြောင်းရွှေ့လာကြသော မြန်မာအုပ်စုတစ်စုမှ ပေါက်ဖွားလာကြသူများဟု ယူဆသည်။

(မစ္စတာအက်စ်အိပ်ချ်ဂျိုင်းစ်)

သက္ကရာဇ် (၁၅၉၉)တွင် ဟံသာဝတီနန္ဒဘုရင်ကို ရခိုင်၊ တောင်ငူ၊ ငဇင်ကာ(ဖိလစ်ဒီဗရစ်တို)တို့ ဝိုင်းဝန်း တိုက်ခိုက်သဖြင့် (၁၆၀၀)ပြည့်နှစ်တွင် ဟံသာဝတီပျက်ခဲ့ရသည်။ ထိုတိုက်ခိုက်သိမ်းပိုက်မှုကြီးတွင် ငဇင်ကာ အဆိုးဆုံးဖြစ်ခဲ့သည်။ ဘုရားကျောင်းကန်၊ စေတီပုထိုးများသာမက ဌာပနာထားသော ရွှေ၊ ငွေ၊ ကြေးများကို အရည်ကျိုသယ်ဆောင်ခဲ့သည်အထိ ရက်စက်ကြမ်းကြုတ်ခဲ့သည်။ ထို့ကြောင့် ဟံသာဝတီနယ်သားများနှင့် မင်းဆွေမင်းမျိုးများက ရှမ်း တောင်ခြေပေါင်းလောင်းမြစ်ကို ဖြတ်ကျော်ပြီး ရှမ်းမြေလတ်တစ်လျှောက် အခြေချနေထိုင်ခဲ့ရသည်။ ငဇင်ကာရန်မှ လွတ်ကင်းသော ရှမ်းမြေလတ်တစ်လျှောက်တွင် ရေကြည်ရာမြက်နုရာဒေသများတွင် အခြေချခဲ့ရုံသာမက အတူပါလာခဲ့သော ဗုဒ္ဓသာသနာဆိုင်ရာပစ္စည်းများကို ဌာပနာ၍စေတီပုထိုးများ တည်ခဲ့လေသည်။

ထိုအချိန်တွင် ရှမ်းမြေလတ်တစ်လျှောက် ဓနုလူမျိုးများ မှီတင်းနေထိုင်လျက်ရှိသည်။ သွားရာလမ်းတစ်လျှောက်ကို လေ့လာကြည့်ပါက တောင်ရိုးတိုင်းရင်းသားများနေထိုင်ကြကြောင်း တွေ့ရှိရသည်။ နောက်ဆုံး ပင်းတယမြို့နယ်၊ တမဲကျေးရွာအထိရောက်ရှိခဲ့ကြပြီး ဓနုတိုင်းရင်းသားများနှင့် ချစ်ခင်ရင်းနှီးစွာ ရောနှောနေထိုင်ခဲ့ကြသည်။ (တမဲဘုရားသမိုင်းတွင်ရှု) ထိုအဖြစ်အပျက်များကို တွေ့ရှိခဲ့၍ မစ္စတာအက်စ်အိပ်ချ်ဂျိုင်းစ်က ခန့်မှန်းခဲ့ဟန်တူလေသည်။ အမှန်မှာ ဟံသာဝတီဘက်မှနေရပ်စွန့်ခွာပြီး ရှမ်းမြေလတ်ဆည်ခေါင်း၊ တမဲအကြားနေထိုင်ခဲ့ကြသော လူမျိုးများပင်ဖြစ်သည်။ အထက်ပါအဖြစ်အပျက်သည် အမှန်ဖြစ်သော်လည်း မူရင်းရှိပြီး ဓနုတိုင်းရင်းသားများနှင့် မှားခဲ့ဟန်တူလေသည်။

အဆို(၂)

ဓနုတိုင်းရင်းသားအများဆုံးနေထိုင်ရာဒေသများသည် ရှေးအခါက ရှမ်းနှင့်မြန်မာတွေ့ဆုံ၍ ကူးသန်းရောင်းဝယ်မှု ပြုရာနေရာဖြစ်၏။ ထို့ကြောင့် ရှမ်းနှင့်မြန်မာနှစ်ဦးတို့မှနွယ်၍ ဓနုတိုင်းရင်းသားဖြစ်လာသည်ဟု ယူဆသည်။

(ဆာဂျေအေစကော့)

ဤအဆိုသည် ယုတ္တိလုံးဝမရှိသော စကားရပ်ပင်ဖြစ်သည်။ အဆိုပြုသူ၏ စိတ်ကူးသမိုင်းသာဖြစ်ပြီး လက်တွေ့မဆန်ကြောင်း လေ့လာမိသည်။ အကယ်၍ ရှမ်းနှင့်မြန်မာတွေ့ဆုံ၍ ကူးသန်းရောင်းမှုပြုစဉ် တွေ့ဆုံခဲ့သည် မှန်ပါက ရှမ်း သို့မဟုတ် မြန်မာ သို့မဟုတ် ရှမ်းမြန်မာသာဖြစ်ပေလိမ့်မည်။ ဓနုလူမျိုးဖြစ်လာစရာအကြောင်းမရှိဟု သုံးသပ်မိပါသည်။

အဆို(၃)

ဓနုနှင့်ထနော့(ဓနော့)သည် သီးခြားလူမျိုးများဖြစ်သည်။ ဓနုသည် ရှမ်းဗမာကပြားဖြစ်ပြီး ထနော့သည် ရှမ်းပလောင် ကပြားဖြစ်သည်။ နာမည်ချင်း တူညီနေမှု၊ အနေနီးစပ်မှုကြောင့် ရှုပ်ထွေးနေပြီး ဖြေရှင်းရခက်နေသည်။ သို့သော်လည်း လက်တွေ့ကွင်းဆင်းလေ့လာသော် ဓနုတိုင်းရင်းသားများ၏ ဘာသာစကားမှာပျောက်ကွယ်သွားပြီး ထနော့တိုင်းရင်းသားများမှာ သီးခြား ဘာသာစကားပြောသူများအဖြစ်ကျန်ခဲ့သည်ကို တွေ့ရသည်။

(မစ္စတာလူးဝစ်စ်)

ထနော့တိုင်းရင်းသားများသည် ကလောမြို့နယ် တောင်ပို့လှရွာ၊ ချောင်းခြားရွာ၊ ထင်းရှူးကုန်းရွာ၊ သအယ်တစ်ရွာ နှင့် တောင်ကြီးမြို့နယ်၊ နောင်အင်ရွာ၊ သစ်ပင်ထောင်ရွာ၊ သိမ်ကုန်းကျေးရွာအတွင်း လူဦးရေ(၃၀၀၀) ကျော် (၂၀၁၄စာရင်း) စုစည်းနေထိုင်ကြသော တိုင်းရင်းသားများသာဖြစ်သည်။ မြန်မာနိုင်ငံတိုင်းရင်းသား ၁၃၅မျိုးအတွင်းပါဝင်သည်။ သီးခြားဘာသာစကား

နှင့် စာပေရှိသည်။ အထူးသဖြင့် ထနော့တိုင်းရင်းသားများသည် သီးခြားလွတ်လပ်စွာ ရပ်တည်နေထိုင်သော လူမျိုးများပင်ဖြစ်သည်။ သို့ပါ၍ အထက်ပါအဆိုသည် ယုတ္တိမတန်သောအဆိုဖြစ်ကြောင်း မည်သူမဆို လေ့လာသိရှိနိုင်ပါလိမ့်မည်။ ခနု၊ ရှမ်း၊ ပလောင်၊ ထနော့တို့သည် ရှမ်းပြည်နယ်အတွင်း သီးခြားစီရပ်တည်နေသော လူမျိုးများဖြစ်သည်။

အဆို(၄)

ခနုတိုင်းရင်းသားများသည် မြေပြန့်ဒေသမှ ရှမ်းပြည်နယ်သို့တက်လာသောသူများပင်ဖြစ်သည်။ (ဒေါက်တာကျော်သက်)

ခနုလူမျိုးတို့၏မူရင်းဇစ်မြစ်ဒေသသည် ကန်ဆူအရပ်မှဖြစ်ကြောင်း တိဗက်မြန်မာအနွယ်ဝင်ဖြစ်ကြောင်း ဖွင့်ဆိုခဲ့ပြီးဖြစ်သည်။ ပျူများနှင့်ဆက်နွယ်ကြောင်းလည်း ရှင်းပြခဲ့ပြီးဖြစ်သည်။ ဒေသတစ်ခု၊ နိုင်ငံတစ်ခုအတွင်း အနည်းငယ်အားဖြင့် သွေးနှောမှုများရှိပါလိမ့်မည်။ ဆက်ဆံမှုများရှိပါသည်။ အခြေချပြောင်းရွှေ့မှုများလည်းရှိခဲ့သည်။ ဥပမာ ရန်ကုန်၊ မန္တလေး မြို့ကြီးများတွင် တိုင်းရင်းသားပေါင်းစုံမှီတင်းနေထိုင်လျက်ရှိသည်။ ရေကြည်ရာမျက်နုရာ အခြေချခြင်းသဘောသာ ဖြစ်ပါလိမ့်မည်။ ယနေ့ ဖြစ်တည်လျက်ရှိသော ခနုတိုင်းရင်းသားများ အစုလိုက်၊ အသိုက်အပြုံလိုက် နေထိုင်လျက်ရှိသော မြင်ကွင်းပုံရိပ်များအား လေ့လာကြည့်ပါက အထက်ပါ အဆိုသည် လုံးဝမှားယွင်းကြောင်း သိရှိနိုင်ပါသည်။

အဆို(၅)

အေဒီ ၉ရာစုပတ်ဝန်းကျင်က ရှေးခေတ်မြန်မာများသည် လားရှိုး၊ နောင်ချို၊ ရပ်စောက်နယ်များမှ ဖြတ်ကျော်ပြီး ရှမ်းမြေလပ်ရှာင်နတ်ထိပ်တောင်ကြားနှင့် မြွားကလေးတောင်ကြားမှတဆင့် ကျောက်ဆည်နယ်ထဲ ဝင်ရောက်

ခဲ့ကြသည်။ တောင်အောက်ကိုလိုက်ပါမသွားဘဲ ရေကြည်ရာ၊ မြက်နုရာ၊ ရှမ်းမြေလပ်တစ်ကြောတွင် 'တောင်ရိုး၊ ဓနု၊ ဓနော့'တိုင်းရင်းသားများအဖြစ် ကျန်ရစ်ခဲ့သည်။ (ခေတ်သစ်သမိုင်းသုတေသီများ)

'မြန်မာအစ ကျောက်ဆည်က' အယူအဆကို ပုံဖော်ထားသောအဆိုပင်ဖြစ်သည်။ သမိုင်းဖြစ်ရပ်အမှန်ဟု ယူဆနိုင်ပါသည်။ ရှမ်းမြေလတ်တောင်ပေါ်ဒေသတွင် ရွာတန်းရှည်ကြီးများ အလုံးအရင်းနှင့် ကျန်ရစ်ခဲ့သူများသည် ရေ၊ မြေ၊ တောတောင်သဘာဝအရ စကားဝဲ၊ အသံကွဲပြီး မြန်မာစကားပြောဓနုလူမျိုးများပင်ဖြစ်သည်။ သို့သော် ထနော့(ဓနော)သည် သီးခြားရပ်တည်ခဲ့သော လူမျိုးစုပင်ဖြစ်လေသည်။

အဆို(၆)

ဓနုတိုင်းရင်းသားအများစုကမူ 'မိမိတို့သည် မြန်မာအနွယ်ဝင်များသာဖြစ်ကြပါတယ်။ မြေလပ်တောင်ပေါ်ဒေသ ရှမ်းပြည်နယ်တွင် နေကြသူများဖြစ်လို့ နီးစပ်ရာအပြုအမူ၊ ဓလေ့ထုံးစံများ ရောယှက်နေခြင်းဖြစ်ပါတယ်' ဟု ပြောကြသည်။ တောင်ပေါ်ဒေသ ဓနုတိုင်းရင်းသားများနှင့် လက်ပွန်းတတီးနေထိုင်ကြသော ရှမ်း၊ ပလောင်၊ တိုင်းရင်းသားတို့သည်လည်း ဓနုတိုင်းရင်းသားများကို မြန်မာဟုပင်ခေါ်သည်။ (ဒါရိုက်တာမြင့်မောင်)

လက်တွေ့မဆန်သော သုံးသပ်ချက်တစ်ခုပင်ဖြစ်သည်။ သမိုင်းကိုသိရှိသူမှန်သမျှ ဓနုကိုမြန်မာဟု မည်သူမျှသုံးသပ်မည် မထင်ပါ။ ပြောဆိုခြင်းလည်း မရှိခဲ့ပါ။ ရှမ်း၊ ပလောင်တိုင်းရင်းသားများကလည်း နေထိုင်မှုအသွင်သဏ္ဌာန်အရကြည့်ပြီး ပြောခဲ့ခြင်းဖြစ်ပေလိမ့်မည်။ အများစုပြောဆိုခဲ့ခြင်းလုံးဝမရှိပါ။

(စာရေးသူ၏သမိုင်းအမြင်၌ ရှုပါရန်)

## အဆို(၇)

မနေတိုင်းရင်းသားဖြစ်ပေါ်လာပုံနှင့်ပတ်သက်၍ မနေတို့သည်ပရက်ဆိုသော အမျိုးအနွယ်မှဆင်းသက်လာပြီး မွန်တို့နှင့်နီးစပ်သည်ဟု မနေအမျိုးသားများကပြောကြသည်။

(တိုင်းရင်းသားယဉ်ကျေးမှုရိုးရာဓလေ့များ)

ရှေးခေတ်မနေအမျိုးသားများက ပျူများကိုပရက်ဟု ခေါ်ဆိုဟန်ရှိခဲ့သဖြင့် ပရက်အမျိုးအနွယ်မှ ဆင်းသက်လာကြောင်း ပြောဆိုခဲ့ခြင်းဖြစ်သည်။ မွန်တို့သည် ရှမ်းမြေလတ်အနောက်ဘက်ကပ်လျက်ဒေသများတွင် နေထိုင်ခဲ့ဖူးရုံသာမက မွန်ယဉ်ကျေးမှုများလွှမ်းမိုးခဲ့ဖူးဟန်ရှိသည်ဟု ဒေါက်တာသန်းထွန်းက ဆိုထားသဖြင့် မနေသည်မွန်တို့နှင့်နီးစပ်သည်ဟု ဆိုခဲ့ခြင်းဖြစ်ဟန်တူသည်။ တဖန် အေဒီ (၈၃၂)တွင် ပျူမြို့တော် (၈၃၅)တွင် သုဝဏ္ဏဘုမ္မိ ဖျက်ဆီးခံခဲ့ရပြီး သုံ့ပန်း (၃၀၀၀)ကျော်သည် ကန်ဆူအရပ်မှဆင်းသက်လာသော လူမျိုးများနှင့် ရောနှောနေထိုင်ခဲ့ဖူးခဲ့သဖြင့် မွန်တို့နှင့်နီးစပ်သည် ဟူ၍ပြောဆိုခဲ့ခြင်း ဖြစ်ဟန်တူပါသည်။

သို့သော် အနည်းအကျဉ်းသွေးနှောခဲ့သည်မှတစ်ပါး မွန်တို့နှင့်မနီးစပ်ခဲ့ကြောင်း လက်တွေ့အမြင်တွင် လေ့လာနိုင်ပါသည်။

## အဆို(၈)

အနော်ရထာဘုရင်အနုရုဒ္ဓဒေဝမင်းကြီးသည် လှိုင်းတက်မြို့ကို တည်ထောင်ပြီး ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်တပ် ခြံရံကာ ကမ္ဘောဇနယ်သို့ ချီတက်ခဲ့၏။ ထိုခရီးစဉ်အပြန်တွင် ကမ္ဘောဇနယ်နှင့်မြန်မာနယ်အကြားတွင် အရိုင်းအနွယ်ဝင်သောလူမျိုးစုမှ လူတစ်ဦးနှင့်ဆုံခဲ့သည်ဟူ၏။ ဘုရင်မင်းမြတ်က ထိုသူအားခေါ်ယူစေပြီး မည်သည့်လူမျိုးဖြစ်ကြောင်း မေးမြန်းတော်မူခဲ့ရာ ၎င်းက မိမိတို့၏ဘိုးဘေးတို့သည် လအယ်လူမျိုးများဖြစ်ကြောင်း၊ အဖွားမှာ

မြန်မာဖြစ်ကြောင်း၊ လူမျိုးအမည်မှာမရှိကြောင်း ပြန်လည်ပြောကြားခဲ့သည်။

ထိုအခါဘုရင်မင်းမြတ်က ထိုသူလက်ထဲမှာ ကိုင်စွဲထားသော လေး၊ မြားကိုအစွဲပြု၍ ဓနုဟူသောလူမျိုးဟု ခေါ်တွင်စေခဲ့သည်။ လေးနှင့်မြား၏ပါဠိစကားမှာ ဓနုပင်ဖြစ်ပေသည်။ ၎င်းမှဆင်းသက်လာသော အနွယ်များကိုလည်း ဓနု၊ ဓနော့ဟု ခေါ်တွင်စေခဲ့သည့်အပြင် ၎င်းတို့နေထိုင်ကြသောနေရာမှာ ရှမ်းပြည်နယ်နှင့် နီးလှသဖြင့် ရှမ်းနယ်မြေ ၃၅ခုအတွင်း သွတ်သွင်းခဲ့သည်ဟု ဆိုပါသည်။ (ဆာဂျွန်မင်ဒီဗီလ်၊ မိတ္ထီလာခရိုင်အရာရှိ)

ဓနုတို့၏မူလဇစ်မြစ် ရှေးအကျဆုံးဒေသသည် ကန်ဆူအရပ်ပင်ဖြစ်သည်။ မွန်၊ ရှမ်း၊ ရခိုင်ကဲ့သို့ သမိုင်းကြီးကြီး ရှိခဲ့သော်လည်း မှတ်တမ်းပြုသူမရှိခဲ့၍ တိမ်မြုပ်ခဲ့ရခြင်းဖြစ်သည်။ အထက်ပါအဆိုသည် လွန်ခဲ့သောနှစ်ပေါင်းထောင်ချီ ကတည်းက မှတ်ချက်ပြုခဲ့ဟန်ရှိသည်။ ဓနုလူမျိုးအဖြစ်စတင်မှတ်ချက်ပြုစကားပင် ဖြစ်လိမ့်မည်။ သို့သော်လည်း လက်တွေ့မဆန်သဖြင့် အတိအကျခန့်မှန်းချက်ဟု မဆိုသာပေ။ မည်သို့ပင်ဖြစ်စေကာမူ ဓနုအသုံးအနှုန်း ပထမဆုံးရရှိခဲ့သဖြင့် ဓနုလူမျိုးများအတွက် ကျေနပ်မှုတစ်ခုရရှိစေပါသည်။ လက်ရှိတွင်လည်း ဓနုတိုင်းရင်းသားများက လေးနှင့်မြားကိုင်စွဲသူအဖြစ် ခံယူနားလည်ထားကြပေသည်။

### အဆို(၉)

၁၈၉၇ ခုနှစ်တွင် ရှမ်းမြေလတ်နယ်များဖြစ်သော သာမိုင်းခမ်း၊ ကျောက်ဂူ၊ သီဝံ၊ ကျုံး၊ လွယ်လုံ(ပင်လောင်း)၊ လွယ်မော၊ဘော်(ရေဦး)၊ ဘော်နှင်း၊ ဘော်ဆုံ၊ နန့်ခဲ၊ နန့်တုတ်၊ ပင်မှီ၊ ပင်းတယ၊ ပွေးလှ၊ ရှာင်ဒေသများတွင် ဓနုတိုင်းရင်းသား ၂၉၇၁၃ဦးနေထိုင်ခဲ့ကြကြောင်း စာရင်းဇယားနှင့်တကွ မှတ်တမ်းတင်ခဲ့သည်။ (စကော့ဒ်ဟာဒီမင်)

ကိုလိုနီခေတ်တွင် ရှမ်းမြေလတ်ဒေသ မနုနယ်ပယ်အတွင်းရှိ မနု လူမျိုးလူဦးရေ စာရင်းကိုမှတ်တမ်းတင်ပေးထားခြင်းဖြစ်သည်။ မိမိတို့ တိုင်းရင်းသား အကြီးအကဲများထက် အင်္ဂလိပ်တို့က လူမျိုးရေးကိုအလေးပေး ဆောင်ရွက်ခဲ့ခြင်းဟု နားလည်မိပါသည်။ မနုလူမျိုးများအတွက် သီးသန့် အုပ်ချုပ်ရေးနယ်ပယ်ကို (Western Sub-Division) အနောက်ပိုင်းဆိုင်ရာ ဝန်ထောက်ရုံးကိုလည်း ဆောင်ရွက်ပေးခဲ့သည်။ ထိုခေတ်ထိုအခါက မနု ခေါင်းဆောင်များ မနုလူမျိုးရေးကို အလေးပေးဆောင်ရွက်ခဲ့ပါက နှောင်းခေတ် မနုများ ပန်းခင်းလမ်းလျှောက်ရမည်ဟု ယူဆမိပါသည်။

**အဆို(၁၀)**

မနုတို့သည် ကရင်တောင်သူလူမျိုးများမှ ဆင်းသက်လာသူများ ဖြစ်သည်။

(မစ္စတာစီအီးဘရောင်း)

ဤအဆိုသည်လည်း သဘောနဲ့လက်တွေ့ ကိုက်ညီခြင်းလုံးဝမရှိဟု သုံးသပ်လိုပါသည်။ နက်ရှိုင်းစွာ မဆိုထားနှင့်။ အပေါ်ယံကြည့်ရုံပင်လျှင် သိမြင်နိုင်ပါသည်။

**အဆို(၁၁)**

တချို့မနုတိုင်းရင်းသားများက မိမိတို့သည် မြန်မာဘုရင်၏လေးသည် တော်အဆက်အနွယ်များဟုလည်းကောင်း၊ မြန်မာဘုရင်က ရှမ်းပြည်နယ်သို့ ခန့်အပ်စေလွှတ်ထားသော ရွှေခွန်မှူး၊ ငွေခွန်မှူး၊ မြို့စားမင်းတို့နှင့် ရှမ်း အမျိုးသမီးများ သွေးနှောပြီးဆင်းသက်လာသော တိုင်းရင်းသားများဟု လည်းကောင်း တင်ပြထားသည်။

(တိုင်းရင်းသားယဉ်ကျေးမှုဓလေ့ထုံးစံများ၊ရှမ်း)

ဓနုမြို့နယ်ကြီး(၅)မြို့နယ် လှည့်လည်စဉ် အထက်ပါသုံးသပ်မှုမျိုး မကြားမိကြောင်း လေ့လာမှတ်သားရပါသည်။

အဆို(၁၂)

'မြန်မာနိုင်ငံအလယ်ပိုင်း၊ အရှေ့ဘက်ရှမ်းကုန်းပြင်မြင့်၏ အနောက်ဘက်အစွန်တွင် အသံကွဲမြန်မာစကားပြောသူများရှိသည်။ ထိုသူတို့မှာ မြေလပ်အနောက်စွန်တစ်လျှောက်နေကြသော ဓနုတိုင်းရင်းသားများဖြစ်သည်။

(ဗိုလ်မှူးဘရှင်)

'မြန်မာနိုင်ငံအလယ်ပိုင်း အရှေ့ဘက်ခြမ်းနှင့် ရှမ်းပြည်နယ်၏ အနောက်ဘက်ခြမ်း တောင်မြောက်သွယ်တန်းနေသော မြေလပ်ဒေသတွင် စကားဝဲ၊အသံကွဲပြီး မြန်မာစာ၊ မြန်မာစကားကိုသာ သုံးနှုန်းပြောဆိုကြသူများရှိသည်။ ထိုသူတို့သည် တိဗက်မြန်မာအနွယ်ဝင် ဓနုတိုင်းရင်းသားများဖြစ်ကြသည်'ဟုဆိုက ပိုပြည့်စုံမည်ဟု ထင်မြင်မိပါသည်။

အဆို(၁၃)(၁၄)

ဓနုတိုင်းရင်းသားနေထိုင်ရာအရပ်ဒေသရှိ မြေအရောင်မှာ အနီရောင်ဖြစ်နေသည်ကို ထူးခြားစွာတွေ့ရှိရသည်။

'တချို့က ဓနုဆိုတာ ပါဠိဓနုဂ္ဂဟက ဆင်းသက်လာတဲ့စကားလို့ ယူဆပါတယ်။ ရှေးမြန်မာဘုရင်လက်ထက်က လေးသည်တော်များဖြစ်ပါသတဲ့။ တချို့က သုဓနုက ဓနုဖြစ်လာပါသတဲ့။'

'ရှေးမြန်မာဘုရင်လက်ထက်က လူဆိုးတွေကို ရှမ်းပြည်နယ်တောင်ကြားဆီသို့ ဖမ်းပို့ထားကြောင်း၊ သူတို့အဆက်အနွယ်တွေဟာ နောင်ဓနု

ဖြစ်လာတဲ့အကြောင်း ကာလကြာတော့ ထုံးခါတ်ပါတဲ့ တောင်ကြားရေသောက်လို့လျှာထူသွားပြီး ဗမာနဲ့စကားသံကွဲသွားကြောင်း ပြောဖူးပါတယ်'

(တောင်ရိုး၊ ဓနုကျေးလက်တေးသံများမှအမှာစာ)

ဓနုတိုင်းရင်းသားများနေထိုင်ခဲ့သော အရပ်တိုင်းမြေမနီပါ။ တချို့တိုင်းရင်းသားနယ်မြေများအတွင်းပင်လျှင် မြေအနီရောင်များရှိပါသည်။ ဓနုသည်ပါဠိစကားပင်ဖြစ်သည်။ လေးနှင့်မြှားကိုင်စွဲသူအဖြစ် အနော်ရထာမင်းက သမုတ်ခဲ့သည်။ သုဓနုကဓနုဖြစ်လာသည်မှာ ဒဏ္ဍာရီသာဖြစ်သည်။ ဤသို့ပင် နားလည်မိပါသည်။

**အဆို(၁၅)**

ရှမ်းမြေလပ်ရှိ ရှမ်း၊ တောင်ရိုး၊ ဓနု၊ ဓနော၊ အင်း၊ တရဲ၊ ပအိုဝ်းတိုင်းရင်းသားများသည် ဘာသာစကားမတူကြသော်လည်း လူတန်းစားအခြေခံတူညီကြသည်။ ဗုဒ္ဓဘာသာကိုးကွယ်မှုခြင်းလည်း တူညီကြသည်။ ရှမ်းနှင့်ဓနုပေါင်းပြီး မွေးဖွားလာသည့်ကလေးအား ဓနုအဖြစ်ခံယူသလို၊ တောင်ရိုးနှင့်ရှမ်းပေါင်းပြီး မွေးဖွားလာသည့်ကလေးကို ဓနုအဖြစ်ခံယူကြသည်။ ထို့ကြောင့် ဓနုသည် ရှမ်းမြေလပ်တွင် ဘုံတိုင်းရင်းသားသဘောဖြစ်သည်။

(တောင်ရိုး၊ဓနုကျေးလက်တေးသံများအမှာစာ)

ရှမ်းမြေလပ်ဒေသအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများသည် ရာနှုန်းပြည့်နီးပါး ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသည်။ ရှမ်းမြေလပ်ဒေသသည် ဓနုတိုင်းရင်းသားအများဆုံးနေထိုင်သဖြင့် ဘုံတိုင်းရင်းသားသဘောဖြစ်လေသည်။ သို့သော်ခံယူမှုများကတော့ တိုင်းရင်းသားများ၏ ခံယူချက်အပေါ်တွင် မူတည်ပါသည်။ သို့သော်လည်း နိုင်ငံသားမှတ်ပုံတင်၌ ဗမာ/ဗုဒ္ဓဖြစ်နေသည်များ အတော်အတန်ရှိနေခြင်းကား ဝမ်းနည်းစရာကောင်းလှသည်။

အဆို(၁၆)

ဓနုတိုင်းရင်းသားများသည် အာသမ်မျိုးစိတ်တွင်ပါဝင်သည်။ ပြောသောစကားသည် မြန်မာစကားဖြစ်သည်။ ပြောဆိုပုံမှာအသံဝဲ၍ အချို့ဝေါဟာရသာ မြန်မာနှင့်ကွာခြားသည်။ မြန်မာတို့၏ပေါရာဏစကားနှင့် ဆင်တူသည်။ တောင်ရိုး၊ အင်းသား၊ ရခိုင်၊ ထားဝယ်စကားများသည်လည်း မြန်မာစကားနှင့်လွန်စွာနီးစပ်ပါသည်။

(ဒေါက်တာသန်းထွန်း)

အမှားမပါစေရန် ခြုံငုံသုံးသပ်မှုများပင်ဖြစ်သည်ဟု နားလည်မိပါသည်။

အဆို(၁၇)

ပုဂံခေတ်ဘုရင်များ တောကစားထွက်ရာတွင် နောက်တော်ပါးအဖြစ်လိုက်ပါလာကြသော လေး၊ မြားကိုင် စစ်သည်များပါဝင်ကြသည်။ ထိုစစ်သည်များ အကြောင်းအမျိုးမျိုးကြောင့် ကျန်ရစ်ရာမှ ဓနုတိုင်းရင်းသားများ ဆင်းသက်ပေါက်ဖွားလာကြကြောင်း၊ တဖန်အလောင်းစည်သူမင်း တိုင်းခန်းလှည့်လည်ရာတွင် လေး၊ မြားစစ်သည်တော်များ ကျန်ရစ်ခဲ့ရာမှ ဓနုတိုင်းရင်းသားများ ဆင်းသက်လာကြကြောင်း အဆိုရှိကြပြန်သည်။

အရှင်ကောသလ္လ(သမိုင်းကပြောသောဓနု၊ ဓနုကပြောသောသမိုင်း)

ဓနုဝေါဟာရဖွင့်ဆိုချက်နှင့် ကိုက်ညီသောအဆိုဖြစ်သော်လည်း ဓနုဇစ်မြစ်သမိုင်းအမှန်နှင့် ဆန့်ကျင်ဘက်ဖြစ်နေသည်ဟု သုံးသပ်မိသည်။

အဆို(၁၈)

အလောင်းမင်းတရားကြီး ယိုးဒယားသို့စစ်ချီသွားရာ ရှမ်းမြေလပ်တွင် တပ်စခန်းချခဲ့သည်။ တပ်မတော်တွင် ဒူးလေး၊ လင်းလေတပ်များ ပါဝင်လာခဲ့ရာ အပြန်တွင် ဒူးလေးတပ်ကို လုံခြုံရေးအတွက် ထိုနေရာတွင် တပ်ချနေထိုင်

စေခဲ့သည်။ ယင်းမှတဆင့် မနုလူမျိုးများဖြစ်ပေါ်လာခဲ့သည်ဟု တချို့က ဆိုသည်။ (တိုင်းရင်းသားယဉ်ကျေးမှုဓလေ့ထုံးစံများ၊ရှမ်း)

အထက်ပါဖွင့်ဆိုချက်သည်လည်း မနုသမိုင်းဇစ်မြစ်နှင့် လားလား ဆန့်ကျင်နေသည်ဟုပင်သုံးသပ်မိသည်။

**အဆို(၁၉)**

တိဗက်တိုဗားမင်းအုပ်စုအမျိုးမျိုးတို့သည် မြန်မာနိုင်ငံအတွင်းသို့ အနောက်မြောက်ဘက်မှလည်းကောင်း၊ အရှေ့မြောက်ဘက်မှလည်းကောင်း ဝင်ရောက်လာခဲ့ကြသည်။ အနောက်မြောက်ဘက်မှ ဝင်ရောက်လာကြသူများကို အနောက်တိုဘားမင်းအုပ်စုဟုလည်းကောင်း၊ အရှေ့မြောက်ဘက်မှ ဝင်ရောက် လာကြသူများကို အရှေ့တိုဘားမင်းဟု သတ်မှတ်နိုင်ပေသည်။ အရှေ့တိုဘား မင်းအုပ်စုတွင် မြန်မာနှင့်အခြားမျိုးနွယ်များရှိကြပြန်သည်။ ၎င်းတို့သည် မနု၊ တောင်ရိုး၊ အင်းသား၊ ရခိုင်၊ ထားဝယ်၊ ရဘိန်း၊ ယောစသည့်လူမျိုးများပင် ဖြစ်ကြသည်။ (ဒေါက်တာကျော်သက်)

လူမျိုးရေးကိစ္စများသည် ထိလွယ်၊ ရှလွယ်ကိစ္စရပ်များဖြစ်၍ အမှားမပါအောင် ခြုံငုံသုံးသပ်ထားခြင်းဟု သဘောပေါက်မိပါသည်။

**အဆို(၂၀)**

မနုတိုင်းရင်းသားဆိုသည်မှာ တိဗက်မြန်မာအုပ်စုဝင် ဘာသာစကား တစ်မျိုးကိုပြောသော မြန်မာတိုင်းရင်းသားတစ်မျိုးပင်ဖြစ်သည်။ ရှမ်းပြည်နယ် တောင်ပိုင်းတွင် အများအားဖြင့် နေထိုင်ကြသည်။

(မြန်မာအဘိဓာန်)

မြန်မာနိုင်ငံအတွင်းသို့ အုပ်စုကြီး(၃)စုဝင်ရောက်လာကြကြောင်း ဤ စာအုပ်တွင် မကြာခဏရှင်းပြပေးထားသည်။ ထိုအထဲတွင် တိဗက်

မြန်မာအနွယ်ဝင်အား နားလည်မှုလွဲကြသည်။ ပညာရှင်များက သမိုင်းကြောင်း တစ်လျှောက်တွင် အထင်ရှားဆုံးဖြစ်ခဲ့သော တိဗက်လူမျိုးစုနှင့် မြန်မာလူမျိုးစု အားလုံးအတွက် တိဗက်မြန်မာအနွယ်ဟုသတ်မှတ်ပေးခဲ့ခြင်းဖြစ်သည်။ တိဗက်နှင့် သက်ဆိုင်သလိုမြန်မာနှင့်လည်း သက်ဆိုင်ပါသည်။ မြန်လည်းမြန်၊ မာလည်းမာသော မြန်မာ(ဗမာ) တိုင်းရင်းသား ကိုယ်စားပြု မှည့်ခေါ်ထားခြင်း မဟုတ်ပါ။ မြန်မာနိုင်ငံဗမာတိုင်းရင်းသားနှင့် ဗမာနိုင်ငံ မြန်မာတိုင်းရင်းသား မကြာခဏ နားလည်မှုလွဲမှားကြလေသည်။ မြန်မာနိုင်ငံအတွင်းရှိ ဗမာတိုင်းရင်းသား၊ မနုတိုင်းရင်းသားသာလျှင် အမှန်ဖြစ်သည်။

အဆို(၂၁)

'ရှမ်း၊ ယွန်း(လအို)၊ ကွေး(ကွိ)၊ တရုတ်၊ တရက်၊ ရခိုင်၊ ပလောင်ကြီး၊ ပလောင်ငယ်၊ ချည်၊ အင်ကျည်၊ မနု၊ ယင်၊ ခါးတောင်းကျိုက်ကြီး ...'စသည်ဖြင့် စစ်ရေးကြုံလာပါက စစ်မှုထမ်းရမည့် တိုင်းရင်းသား အင်အား စာရင်းတင်ပြထားခြင်းဖြစ်သည်။

(ဓမ္မဒီပဥဆောင်းကျမ်း)

မနုလူမျိုးများအခိုင်အမာရှိခဲ့ကြောင်း ရေးမှတ်တမ်းများက ဖော်ပြထားခြင်းဖြစ်သည်။ သို့သော်လည်း ကိုလိုနီခေတ်ဦးတွင် နယ်ပယ်အသီးသီးမှ ဦးဆောင်သူများက မိမိတို့သည် မနုလူမျိုးများဖြစ်သည်ဟု ရဲဝံ့စွာမပြောဆိုခဲ့ပါ။ ထို့ကြောင့် မနုအမျိုးသားရေးသည် ထင်ပေါ်ပါလျက် တိမ်မြုပ်ခံခဲ့ရလေသည်။

အဆို(၂၂)

မနုတိုင်းရင်းသားများသည် တိဗက်မြန်မာအနွယ်ဝင်ဖြစ်သည်။

(မော်သော်)

အဆို(၂၀)ဖွင့်ဆိုချက်အတိုင်း အမှားမပါစေရန် ခြုံငုံသုံးသပ်တင်ပြသော စာစုဖြစ်သည်။

အထက်ပါသုံးသပ်ချက်များသည် စာရေးသူ၏ အာဘော်သာဖြစ်သည်။

▼ ▼

## စာရေးသူ၏ သမိုင်းအမြင်

မနုတိုင်းရင်းသားဖြစ်ပေါ်လာပုံကို ရှေးဆရာကြီးများက ရေးခဲ့သမျှ ရှေ့ပိုင်းတွင် အကျဉ်းဖော်ပြခဲ့ပြီးဖြစ်သည်။ မိမိတို့ တိုင်းရင်းသားများရေးသည့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကိုလည်း ဖတ်ဖူး၊ မှတ်ဖူးခဲ့သည်။ လိုအပ်သည် များယူသုံး၊ မလိုသည်များပယ်ကာ ထပ်မံဖြည့်စွက်ရင်း သမိုင်းတစ်ခုကို ပြည့်စုံအောင် ပုံဖော်ရပါသည်။ သို့သော်လည်း ပြီးပြည့်စုံသောသမိုင်းဟူသည် မရှိသလောက်ဖြစ်သည်။ နိုင်ငံ့သမိုင်းပင်လျှင် အယူအဆများ၊ ကွဲလွဲမှုများ၊ လွန်ဆွဲမှုများစွာတို့ဖြင့် ယနေ့တိုင် မပြီးဆုံးသေးပေ။ သို့ပါ၍ မပြီးဆုံးသေးသော မနုသမိုင်းအစကိုအတတ်နိုင်ဆုံး ကြိုးစားတင်ပြပေးလိုက်ရပါသည်။

### (၁) ကမ္ဘာ့မြေပြင်နှင့် နှင်းခဲခေတ်

လွန်ခဲ့သော နှစ်သန်း(၆၀၀)မှစတင်ခဲ့သော ကမ္ဘာမြေကြီး၏ သက်ဦးကပ် (နှစ်သန်းပေါင်း သုံးရာ့ခုနှစ်ဆယ်)၊ သက်လယ်ကပ် (နှစ်သန်းပေါင်းတစ်ရာ့ ခြောက်ဆယ့်ခုနှစ်သန်း) ၊ သက်နှောင်းကပ် (နှစ်ပေါင်းခြောက်ဆယ့်နှစ်သန်း)မှသည် စတုတ္ထကပ်ခေါ် နှင်းခဲခေတ်ကြီး (နှစ်တစ်သန်း) အဆင့်ထိကူး ပြောင်းလာခဲ့ကြောင်း ဘူမိဗေဒပညာရှင်များက ဆိုခဲ့သည်။ နှင်းခဲခေတ် အရေးပါမှုသည် ဤကမ္ဘာမြေ၏ သတ္တလောကအတွင်း လူသား

တို့ စတင်ပေါ်ပေါက်လာခြင်း ပင်ဖြစ်သည်။ မြန်မာနိုင်ငံအပါအဝင် အာရှတိုက်သည် ကမ္ဘာဦးလူသားတို့ စတင်ပေါ်ပေါက် မွေးဖွားရာနေရာဖြစ်ကြောင်း သုတေသီတို့က ဆိုလေသည်။ နှင်းခဲခေတ်သည် လွန်ခဲ့သော နှစ်တစ်သန်းမှ ယနေ့တိုင် အကျုံးဝင်လျက်ရှိသောကပ်ဖြစ်သည်။

နှင်းခဲခေတ်ကာလအတွင်း၊ သစ်တောများ၊ ဖုံးလွှမ်းခဲ့ကြောင်းကို ဧရာဝတီမြစ်ကြောင်းတစ်လျှောက် တွေ့ရသည်။ သစ်ပင်ရုပ်ကြွင်း (အင်ကြင်းကျောက်) များအရသိရသည်။ ထိုသို့သာမက မီးတောင်ပေါက်ကွဲမှုများ၊ မြေလျှင်လှုပ်ချက်များ၊ မြေလွှာလှုပ်ရှား ရုန်းတက်ပြောင်းလဲမှုများ၊ ရေတိုက်စားမှုများ အစရှိသော ရေ၊ မြေ၊ လေ၊ သဘာဝပြုပြင်မှုများကြောင့် ယနေ့ ပထဝီဝင်များအတိုင်း မြင်တွေ့နေရပါသည်။ ဤသို့ဖြင့် လွန်ခဲ့သော နှစ်တစ်သောင်းခန့် ရောက်ရှိလာသောအခါ နှင်းခဲဖုံးလွှမ်းမှု စတင်ဆုတ်ခွာစပြုခဲ့လေသည်။

ဟိမဝန္တာတောင်/မြောက်ဖုံးလွှမ်းနေသော ရေခဲပြင်ကြီး၏ စတင်ဆုတ်ခွာလာမှုသည် မြန်မာနိုင်ငံ၏ ဧရာဝတီမြစ်ဝှမ်းတွင် ရေတိုက်စားမှု၊ ပို့ချမှုများ ကြောင့် မြေအဆင့်ဆင့်များ ဖြစ်ပေါ်လာသည်။ ယင်းမြေအသီးသီးတွင် ကျောက်ကြမ်းခေတ်လူသားတို့၏ လက်နက်များတွေ့ မြင်လာရသည်။ ထို့အပြင် နှင်းခဲဖုံးလွှမ်းမှု စတင်ဆုတ်ယုတ်သော လွန်ခဲ့သည့် နှစ်တစ်သောင်းခန့်တွင် ကျောက်ကြမ်းခေတ် ယဉ်ကျေးမှုနေရာသို့ ကျောက်ခေတ်လယ်ယဉ်ကျေးမှုကအစားထိုး ဝင်ရောက်လာသည်ဟု ဆိုသည်။ ဤသို့ဖြင့် စတုတ္ထကပ်ဦးအတွင်း မြန်မာ့မြေပြင်တွင် ကျောက်ခေတ်လူသားတို့ စတင်ခဲ့ကြောင်း သိရှိရခြင်းပင်ဖြစ်သည်။

ဧရာဝတီမြစ်ဝှမ်း အထက်ပိုင်းတစ်လျှောက် ကျောက်ချောခေတ်လူသားတို့၏ ယေဘုယျနေထိုင် ကျက်စားပုံများကို သုတေသီများက လေ့လာခဲ့ကြသည်။ နောက်ဆုံး ရှမ်းပြည်နယ် ရွာငံမြို့နယ်အတွင်းရှိ ပြဒါး

လင်းဂူ တွေ့ရှိလေ့လာမှုက ခိုင်မာသောအထောက်အထားများ ရရှိစေခဲ့ပါသည်။ ရှေးဦးလူသားများသည် ဆွေမျိုးစုအဖွဲ့အစည်း၊ ကျေးရွာအဖွဲ့အစည်း အဆင့်ဆင့် ပြောင်းလဲခဲ့သည်မှန်သော်လည်း မည်သို့မည်ပုံ ပြောင်းလဲခဲ့သည်ကား အတိ အကျမခန့်မှန်းနိုင်သေးပေ။ ယေဘုယျသာ မှန်းနိုင်ခဲ့ကြသည်။ မြို့ပြပုံစံနေထိုင်ခဲ့သော ယဉ်ကျေးမှုအဆင့်မတွေ့ခဲ့ဟု ဆိုကြသည်။

မည်သို့ပင်ဖြစ်စေကာမူ ထိုရှေးဦးလူသားများသည် မိမိတို့ထက် အဆင့်အတန်းမြင့်သော လူမျိုးများ တိုးဝင်လာခဲ့မှုကြောင့် မြန်မာနိုင်ငံတောင်ပိုင်း ကျွန်းစုများဆီသို့ တဖြည်းဖြည်း ရောက်ရှိသွားသည်ဟု သိရသည်။ အနီးစပ်ဆုံးအားဖြင့် ဆက်လက်သုတေသနပြုပါဦးမည်။

## (၂) ပုဂံခေတ်မတိုင်မီ အခြေအနေ (အကျဉ်း)

မြန်မာနိုင်ငံလက်ရှိ တိုင်းရင်းသားများ၏ ဘေး၊ ဘိုးအဆက်အနွယ်များမှာ 'မွန်ဂို' လူမျိုးများဖြစ်သည်ဟု ပညာရှင်များက ယူဆကြသည်။ အာရှတိုက်အလယ်ပိုင်း ကုန်းမြင့်တွင်နေထိုင်လာခဲ့သော မွန်ဂိုလူမျိုးများသည် စတင်ယဉ်ကျေးလာသော လူမျိုးများဖြစ်သည်။ လူဦးရေတိုးပွားမှုကြီးမားလာပြီး ရေကြည်ရာမြက်နုရာသို့ ပြောင်းရွှေ့လာရင်း မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာခြင်း ဖြစ်သည်။ အုပ်စု(၃)စုခွဲ၍ ဝင်ရောက်လာကြောင်း ရှေ့အခန်းတွင် ဖော်ပြပြီးဖြစ်သည်။

ကျောက်ချောခေတ်နှောင်းပိုင်း ကြေးခေတ်မှ သံခေတ်သို့အကူး၊ တကောင်းမတိုင်မီခေတ်အတွင်း ပျူမင်းဆက် ၁၃၉၃ ဦးရှိကြောင်း မြန်မာပုရာဏ်ကျမ်းဟောင်းအတွင်း ဖော်ပြချက်အရ သိရှိရသည်။ ခရစ်နှစ်မတိုင်မီမှ စတင်၍ တကောင်း၊ ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ၊ သုဝဏ္ဏဘုမ္မိ၊ ဓညဝတီ အစရှိသော မြို့ပြများတည်ထောင်ခဲ့ကြသည်။

ထိုအထဲတွင် ကမ်းယံတို့၏ ဓညဝတီ(ခေါ်)ရခိုင်ပြည်ကြီးသည် ရခိုင်မှတ်တမ်းများအရ ပထမ ဓညဝတီ (ဘီစီ ၃၃၂၅- ဘီစီ ၁၅၁၀)၊ ဒုတိယဓညဝတီ ( ဘီစီ ၁၄၈၃- ဘီစီ ၅၇၀)၊ တတိယ ဓညဝတီ (ဘီစီ ၅၈၀ - ဘီစီ ၃၂၇)၊ ဝေသာလီ (အေဒီ ၃၂၇-အေဒီ၈၁၈)၊ ပထမမြောက်ဦး (အေဒီ ၁၄၃၀ - အေဒီ ၁၅၃၁) ၊ ဒုတိယမြောက်ဦး (အေဒီ ၁၅၃၁- အေဒီ ၁၆၃၈) ၊ တတိယမြောက်ဦး ( အေဒီ ၁၆၃၈ - အေဒီ ၁၇၈၅) နှစ်ပေါင်း ၅၀၁၈ ခုနှစ်အတွင်း မင်းဆက်ပေါင်း (၂၃၄) ပါးရှိခဲ့ကြောင်း သိရသည်။ စန္ဒာသူရိယမင်းလက်ထက် ဘီစီ ၅၈၈ ၌ မဟာမြတ်မုနိဘုရားကြီးကို သွန်းလုပ်နိုင်ခဲ့ပြီး သာသနာ့မှတ်ကျောက် တင်နိုင်ခဲ့သည်။ နောက်ဆုံးဘိုးတော်ဘုရားလက်ထက် ၁၇၈၅ ခုနှစ် ရခိုင်ကိုသိမ်းပိုက်ပြီး မဟာမြတ်မုနိဘုရားကြီးကိုလည်း မန္တလေးအထိ ပင့်ဆောင်ခဲ့သည်။

ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ အစရှိသော မြို့ပြများသည် အေဒီတစ်ရာစု ဝန်းကျင်ကာလများတွင် ပေါ်ထွန်းလာသော မြို့ပြနိုင်ငံများပင် ဖြစ်သည်။ ဗိဿနိုးက ဟန်လင်းနှင့် သရေခေတ္တရာ ထက်ရှေးကျသည်။ ဗိဿနိုးမြို့ကို ပန်ထွာမြို့ဟုလည်းခေါ်ခဲ့ကြသည်။ ဗိဿနိုးခေတ် ကုန်ဆုံးချိန် ပန်ထွာဘုရင်မ အုပ်စိုးခဲ့၍ဖြစ်၏။ သရေခေတ္တရာသည် ဗိဿနိုးကို ချေမှုန်းပြီး ပန်ထွာဘုရင်မကို မိဖုရားအရာတင်မြှောက်ခဲ့သည်။ ဗိဿနိုးနှင့် ဟန်လင်းသည် အလှမ်းကွာသော်လည်း ခေတ်ပြိုင်မြို့ပြများဖြစ်ခဲ့သည်။ ဟန်လင်းမြို့ပြသည် (အေဒီ ၄ ရာစုမှ ၉ ရာစု)အထိ နှစ်ပေါင်း (၅၀၀)နီးပါးထွန်းကားတင့်ရှားခဲ့သော မြို့ဖြစ်သည်။ သရေခေတ္တရာကို ဒွတ္တပေါင်မင်းကြီး တည်ထောင်ခဲ့ပြီး မင်းဆက် (၂၇)ဆက် တိတိအုပ်ချုပ်ခဲ့သည်။

သုဝဏ္ဏဘူမိမြို့ပြ၏ အချက်အချာမှာ သထုံခရိုင် ဘီးလင်းမြို့နယ်၊ ကေလာသတောင် တစ်ဝိုက်ဖြစ်ကြောင်း သုတေသီများက ခန့်မှန်းကြသည်။ တည်ထောင်သည့်ခုနှစ်တိတိကျကျ မရှိကြောင်း သိရသည်။ ယင်းဒေသတွင်

မွန်လူမျိုးတို့ အခြေစိုက်၍ မြို့ပြထီးနန်းတည်ထောင်ခဲ့လေသည်။ သုဝဏ္ဏဘူမိနိုင်ငံတွင် မြို့ပြကို ဂဝံကျောက်များဖြင့် ပုံဖော်တည်ဆောက်ခဲ့သဖြင့် ဂဝံကျောက် ယဉ်ကျေးမှုကြီး ထွန်းကားခဲ့ကြောင်း သိရသည်။ မဟာရာဇဝင်ကြီး၌ ဗုဒ္ဓသက်ရှိစဉ် အာသောကဓမ္မရာဇာမင်းသည် သထုံ၌မင်းပြုခဲ့သည်ဟု ဆိုသည်။ ဗုဒ္ဓပရိနိဗ္ဗာန်ပြုချိန် သွားတော် သုံးဆယ့်နှစ်ဆူကို သီဟရာဇာမင်းက အနှစ် (၆၀)တိုင်ပူဇော်ခဲ့သည်ဟူ၏။ မွန်နှင့်မြန်မာရာဇဝင်များက (ဘီစီ ၁၇)ရာစုအတွင်းက တည်ထောင်ခဲ့သည်ဟု မှတ်ချက်ပြုပါသည်။ အထက်ပါ မြို့ပြများ တည်ထောင်မှုကို တိတိကျကျရေးသားခဲ့သော ရာဇဝင်အလွန်နည်းပါး ပြီး သုတေသနပြုမှုကလည်း လုံလောက်အောင်မရှိခဲ့ဟု သိရပါတော့သည်။

## (၃) မြန်မာအစ တကောင်းက

ခရစ်နှစ်မတိုင်မီ (ဘီစီ ၆၀၀)ခန့်ကတည်းက တကောင်းပြည်ကို အဘိရာဇာမင်းမှ ဘိန္နကရာဇာမင်းအထိ မင်းဆက်(၃၃)ဆက် အုပ်စိုးတည်ထောင်ခဲ့သည်။ တရုတ်တစ်ရက် ထိုင်းတရုတ်အနွယ်ဝင် တို့ဝင်ရောက်တိုက်ခိုက်သဖြင့် တကောင်းပြည်ကြီး (၃)စုပြိုကွဲခဲ့ရသည်။ တစ်စုသည် အရှေ့ပိုင်း ရှမ်း(၁၉) ခရိုင်သို့လည်းကောင်း၊ တစ်စုသည်ဧရာဝတီမြစ်ကိုစုန်၍ ပျူကမ်းယံ၊ သက်တို့ ၏ နေရာသုနာပရန္တတိုင်းသို့လည်းကောင်း ကျန်တစ်စုမှာ မိဖုရားနာဂဆိန်နှင့်အတူ မလည်အရပ်၌ ပင်နေကြသည်ဟုဆိုလေသည်။

ထိုအတောအတွင်း ဘီစီ ၆၀၀ အိန္ဒိယပြည်၌ ဂေါတမဗုဒ္ဓပွင့်စဉ် မဇ္ဈိမဒေသမှ သတိုး ဓမ္မဒီပ ခရ ရာဇာမင်းနှင့် မိဖုရား နာဂဆိန်တို့တွေ့ဆုံပြီး ဒုတိယတကောင်းပြည်ကို ဆက်လက်တည်ထောင်ခဲ့ပြန်သည်။ ထိုမှစ၍ သတိုး မဟာရာဇာမင်းအထိ မင်းဆက် (၁၇) ဆက်တည်မြဲခဲ့သည်။

တကောင်းခေတ်အတွင်း လယ်ယာစိုက်ပျိုးရေးနှင့် ကျောက်စိမ်း၊ ဘော်၊ ရွှေကုန်သွယ် ရေးလုပ်ငန်းများ မြောက်ပိုင်းဗုဒ္ဓဘာသာ ထွန်းကားခဲ့ခြင်း

များ၊ ဒဂ်ါးသုံးစွဲမှုများ၊ ဂူဘုရားတည်ခြင်းများ၊ တရုတ်အိန္ဒိယပြည်များနှင့် ကုန်သွယ်မှုများကို တကောင်းနှင့် ပုဂံဂူဆိပ်ဘုရားပရဝုဏ်အတွင်း ရေးထိုးခဲ့သော ကျောက်စာများအရ လေ့လာသိရှိရသည်။ ထိုကျောက်စာများ လေ့လာမှုအရ တကောင်းခေတ် မူလမျိုးနွယ်များမှာ တိဗက်တိုဘားမင်း (ခ) တိဗက်မြန်မာ ဖြစ်ကြောင်း အခိုင်အမာသိလာခဲ့ပါသည်။ အိန္ဒိယသမိုင်း သုတေသီတို့ကလည်း တိဗက်-မြန်မာ လူမျိုးနွယ်များပင်ဖြစ်ကြောင်း ဖော်ပြထားသည်။ သို့သော်လည်း ထိုထက်ပို၍ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး အစရှိသည်များကို မှတ်သားလောက် အောင် မလေ့လာနိုင်သေးပေ။ အထက်ပါများသည် 'မြန်မာအစ တကောင်းက' ခေါ်ဆိုခဲ့ခြင်းပင်ဖြစ်သည်။

## (၄) မြန်မာအစ ကျောက်ဆည်က

အထက်ပါအကြောင်းအရာများနှင့်ပတ်သက်၍ သုတေသီတို့ အယူအဆအမျိုးမျိုး ကွဲလွဲလျက်ရှိနေကြသည်။ ခေတ်သစ်သုတေသီများကတော့ မြန်မာအစ တကောင်းကဟူသော အယူအဆကို ငြင်းပယ်လျက် မြန်မာအစ ကျောက်ဆည်ကဟူသော အယူအဆကိုတင်ပြလာကြသည်။ တိဗက်မြန်မာ အနွယ်ဝင်များ ပထမဆုံးအခြေချခဲ့သည်မှာ တကောင်းမဟုတ်ကျောက်ဆည်သာ ဖြစ်ကြောင်း အခိုင်အမာတင်ပြခဲ့ကြသည်။

သုတေသီတို့၏ အလိုအရ (ဘီစီ၂၀၀၀)ခန့်ကတည်းက တိဗက်မြန်မာ အနွယ်ဟုခေါ်သည့် လူများသည် တရုတ်ပြည်အနောက်မြောက်နှင့်တိဗက်ပြည်၏ အရှေ့မြောက်အရပ်ဒေသ ကန်ဆူနယ်(ယခုမြို့တော်လန်ချောင်)၏ တောင်ဘက်မိုင်(၅၀) ရှည်လျားသော ထောင်မြစ်ဝှမ်းတွင် နေထိုင်ခဲ့ကြသည်။ သူတို့ကို တရုတ်တို့က ချီအင်ဟုခေါ်သည်။ ချီအင်တို့ကို တရုတ်တို့က ထာဝစဉ် တိုက်ခိုက်ခဲ့သဖြင့် တောင်ဘက်သို့ တစ်စတစ်စ တိမ်းရှောင်ရင်း တိဗက်အရှေ့မြောက်ရှိ မြစ်ဝါမြစ်၏ မြစ်ဖျားခံရာအရပ်များတွင် နေထိုင်ခဲ့ကြသည်။

(ဘီစီ ၁၀၀၀)ခန့်တွင်တရုတ်ချင် မင်းဆက်လက်ထက် လာရောက်တိုက်ခိုက်ပြန်သဖြင့် တောင်အရပ်ဆီသို့ ထပ်မံပြောင်းရွှေ့ရပြန်သည်။

ထိုသူတို့အား တရုတ်တို့က အမြဲနှိမ်နင်း သိမ်းသွင်းခဲ့သဖြင့် တိဗက်သို့ တိမ်းရှောင်ရပြန်သည်။ တဖန်တိဗက်တို့ တန်ခိုးကြီးလာ၍ ယူနန်နယ်အတွင်း ပြောင်းရွှေ့ရပြန်သည်။ ယူနန်နယ်တွင် နန်ချိုရှမ်းတို့တန်ခိုးကြီးချိန်ဖြစ်၍ သူတို့လက်အောက်ခံ မန်းအမျိုးသားများနှင့် ကာလအတန်ကြာ ရောနှောနေထိုင်ခဲ့သည်။

ယိုးဒယားတရုတ်အနွယ်ဝင် နန်ချိုရှမ်းတို့သည် ခုနစ်ရာစု အလယ်လောက်တွင် နန်ချိုမင်းဆက်ကိုပင် ထူထောင်နိုင်ခဲ့ပြီး တရုတ်တို့ကိုပင်ပြန်လည်တိုက်ခိုက်နိုင်သည်အထိ အင်အားကြီးခဲ့သည်။ ထို့ကြောင့် ကန်ဆူနယ်သားတို့သည် မေခမြစ်နှင့်သံလွင်မြစ်ကြားရှိ အရပ်များကိုဖြတ်ကျော်ပြီး မြန်မာနိုင်ငံ အတွင်း ဝင်ရောက်ခဲ့ကြသည်။ ထိုစဉ် ရှမ်းပြည်နယ်မြောက်ပိုင်းသည် ပျူတို့ ၏ ပိုင်နက်ဖြစ်သည်။ ထို့ကြောင့် ကွေ့ပိုက်၍ စုန်ဆင်းရပြန်သည်။ နောက်ပိုင်း နန်းစောဘုရင် စောလောဖန်မျိုးဆက်များက ပျူဒေသများကို တိုက်ခိုက်သိမ်းပိုက်သဖြင့် (အေဒီ ၈၃၂)တွင် ပျူမြို့တော်ပျက်ခဲ့ရသည်။ နန်းစောတို့က (အေဒီ ၈၃၅)တွင် သုဝဏ္ဏဘူမိ သထုံကိုပါ တိုက်ခိုက်သိမ်းပိုက်ခဲ့လေသည်။ နန်းစောတို့က ပျူမြို့တော်ကိုဖျက်ဆီးပြီး သုံးပန်း(၃၀၀၀)ကို ဖမ်းဆီးကာ ယူနန်နယ်တွင် နေရာချပေးခဲ့သည်။

မြန်မာပြည်အတွင်း၌ ပျူနှင့်မွန်တို့ကို တိုက်ခိုက်ခဲ့မှုကြောင့် နေရာလပ်ဖြစ်သွားသော ကျောက်ဆည်ဒေသသို့ ကန်ဆူအရပ်မှ တိဗက်မြန်မာများက နေရာဝင်ယူခဲ့ပါတော့သည်။ ထိုသူများသည် သီပေါနမ့်မတူမြစ်ကိုဖြတ်ကာ ရပ်စောက်၊ ရွာငံနယ်မှတဆင့် နတ်ထိပ်တောင်၊ မြားကလေးတောင်ကြားများမှ ဝင်ရောက်သွားခဲ့ကြပြီး စမုံမြစ်၊ ပန်းလောင်မြစ်၊ ဇော်ဂျီမြစ် တောင်ပိုင်းတစ်လျှောက် စိုက်ပျိုးရေးအခြေခံလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့ကြ

သည်။ ကျောက်ဆည်ဒေသ၌ နေရာမဆံ့ဖြစ်လာပြီး မင်းဘူး၊ တောင်တွင်းကြီး၊ ပြည်၊ ဒီပဲရင်း၊ မြေတူး၊ ရွှေဘိုသာမက ချင်းတောင်အထိ ပြန့်နှံ့သွားပြီး နောက်ဆုံး ကိုးရာစုနှစ်လောက်တွင် ပုဂံတည်ရာအရပ်၌ နေသားတကျစုရုံး မိပါတော့သည်။ ဤသို့ဖြင့် သက္ကရာဇ် (၈၄၉)ခုနှစ်တွင် ပျဉ်ပြားမင်းက ပုဂံနေပြည်တော်ကြီးကို စတင်ထူထောင်လိုက်ပါသည်။ ဤသည်ကား 'မြန်မာအစကျောက်ဆည်က' ပင်ဖြစ်ပေ၏။

'မြန်မာအစ တကောင်းက' အယူအဆမှာမြန်မာတို့သည် ကျောက်ချောခေတ်၊ ကြေးခေတ်မှသံခေတ်သို့ အကူးအပြောင်းကာလကတည်းက ရောက်ရှိနေထိုင် မြို့တည်ထောင်ခဲ့သော လူမျိုးဖြစ်သည်ဟူသော အယူအဆဖြစ်သည်။ 'မြန်မာအစကျောက်ဆည်က' အယူအဆမှာကား မြန်မာတို့သည် အေဒီကိုးရာစု အတွင်း ခေတ်လယ်ပဒေသရာဇ်စနစ် ထွန်းကားသောအခါမှသာ ရောက်ရှိနေထိုင်သူများဖြစ်သည်ဟူသော အယူအဆပင်ဖြစ်သည်။

## (၅) ဓနုတိုင်းရင်းသားများ ဆင်းသက်လာပုံ

အထက်ပါများကို လေ့လာပြီးသကာလ ဓနုတိုင်းရင်းသားများ ဖြစ် ပေါ်လာပုံကို ပြန်လည်ဆန်းစစ်ရပါလိမ့်မည်။ ဓနုတိုင်းရင်းသားများသည် မွန်ဂိုလွိုက်(အသားဝါ)ခေါ် မွန်ဂိုအမျိုးအနွယ်များမှ ဆင်းသက်လာသည် မှာသေချာ၏။ ထိုအနွယ်ဝင်မှတဆင့် မြန်မာနိုင်ငံအတွင်းသို့ ပထမအနေဖြင့် မွန်ခမာ အနွယ်များဝင်လာ၏။ ဒုတိယအနေဖြင့် တိဗက်မြန်မာအနွယ်ဝင် များဝင်လာ၏။ နောက်ဆုံးအနေဖြင့် ထိုင်းတရုတ်အနွယ်ဝင်များ ဝင်လာခဲ့၏။ မွန်ခမာနှင့် ထိုင်းတရုတ်တို့က ကမ်းယံ၊ သက်မြို့ပြနိုင်ငံများ ထူထောင်ခဲ့ ကြ၏။ တိဗက်မြန်မာအနွယ်ဝင်များက ပျူမြို့ပြနိုင်ငံများအသီးသီး ထူထောင် ခဲ့ကြလေသည်။

လွန်ခဲ့သောနှစ်ပေါင်း၃၀၀၀ကျော်အတွင်း ရှေးဟောင်းမြို့ပြ အသီးသီး ထူထောင်ခဲ့ကြရာဝယ် မူလကမွန်ဂိုလွိုက်မှ ဆင်းသက်လာသော လူမျိုးတစ်မျိုး တည်းပင်ဖြစ်ပေသည်။ သို့သော်လည်း ရာသီဥတု၊ အချိန်ကာလ၊ ရောက်ရှိသည့် နေရာ၊ ထွက်ခွာလာသည့် ဒေသမတူညီမှုများကြောင့် တစ်စု နှင့်တစ်စု တစ်မျိုးနွယ်စီထင်မှတ်ရလောက်အောင် အလုပ်အကိုင်၊ အနေ အထိုင်၊ ဓလေ့ထုံးစံများ ကွဲပြားလာခဲ့ရသည်။ အချိန်ကာလအလိုက် လူမျိုး စိတ်များ အသီးသီးကွဲပြားလာပါတော့သည်။ နောက်ဆုံးယနေ့ခေတ်သစ် မြန်မာနိုင်ငံသည် တိုင်းရင်းသား (၁၃၅)မျိုးပေါင်းစုံနေထိုင်သော နိုင်ငံတစ်ခု ဖြစ်လာခဲ့လေသည်။

အထက်ပါဖြစ်စဉ်များကို ပြန်လည်သုံးသပ်ရင်း ဓနုတိုင်းရင်းသား ဖြစ်ပေါ်လာပုံကို စာရှုသူများထင်မြင်မိလိမ့်မည်ဟု ယူဆပါသည်။ အဘယ့် ကြောင့်ဆိုသော် အထက်ပါများသည်လည်း တိတိကျကျ ဖော်ထုတ်ခဲ့သော သမိုင်းမှတ်တမ်းများ မဟုတ်ဘဲ ယေဘုယျနီးစပ်စွာခန့်မှန်းခဲ့သောကြောင့်ပင် ဖြစ်လေသည်။ ဥပမာ မြန်မာအစ တကောင်းက၊ မြန်မာအစ ကျောက်ဆည်က၊ မြန်မာအစ အိန္ဒိယက အစရှိသည်ဖြင့် သုံးသပ်ယူရသောကြောင့်ပင်ဖြစ်ပေ၏။

**သုံးသပ်ချက် (၁)**

(၁) ကန်ဆူအရပ်မှလူသားများသည် သီပေါ၊ နောင်ချို၊ ရပ်စောက်၊ ပင်းတယ၊ ရွာငံနယ်များမှတစ်ဆင့် နတ်ထိပ်တောင်၊ မြားကလေးတောင်ကြား လမ်းများမှ ကျောက်ဆည်နယ်သို့ စုံဆင်းခဲ့ရာတွင် တောင်အောက်သို့ လိုက်ပါ မသွားပဲ ရှမ်းမြေလတ်တောင်ပေါ်၌ ကျန်ရစ်ခဲ့သူများသည် ဓနုတိုင်းရင်းသား ဧကန်မုချ ဖြစ်ပေသည်။ ယနေ့အချိန်ထိ သီပေါ၊ နောင်ချို၊ ရပ်စောက်၊ ပင်းတယ၊ ရွာငံစုန်ဆင်းခဲ့ရာ လမ်းတစ်လျှောက် ဓနုကျေးရွာများ အစီအရီ ကျန်ရစ်ခဲ့သောကြောင့်ပင်ဖြစ်သည်။ ဤသို့ ရာနှင့်ချီကျန်ရစ်ခဲ့သော ဓနုသီး

သန့်ကျေးရွာများသည်လည်း ယနေ့ခေတ်သစ်တွင် ပေါ်ပေါက်လာစရာ အကြောင်း မရှိကြောင်း လေ့လာနိုင်ပါသည်။ ထို့ကြောင့် ကျောက်ဆည်နယ် အတွင်း လူအများမစုမိချိန်ကတည်းက မနုလူမျိုးများသည် ရှမ်းမြေလတ်တွင် မှီတင်း နေထိုင်ကြကြောင်း သိနိုင်ပါလိမ့်မည်။

**သုံးသပ်ချက် (၂)**

ထိုင်းတရုတ်အနွယ်ဝင် နန်ချိုရှမ်းများ တန်ခိုးကြီးလာပြီး တကောင်း ကို ဝင်ရောက်တိုက်ခိုက်နိုင်ခဲ့သဖြင့် တကောင်းမြို့ ပြိုကွဲခဲ့ရသည်။ ဤသို့ ဖြင့် တကောင်းပြည်ကြီး (၃)စုပြိုကွဲခဲ့သည်။ တစ်စုက မလည်ချောင်အရပ်၌ ဒုတိယတကောင်း တည်ထောင်ခဲ့သည်။ တစ်စုက ဧရာဝတီမြစ်အတိုင်း စုန်ဆင်း ပြီး သုနာပရန္တတိုင်းထူထောင်သည်။ ကျန်တစ်စုက ရှမ်းအရှေ့ (၁၉) ခရိုင် ထူထောင်သည်။ ထိုစဉ်က ရှမ်းတန်ခိုးကြီးချိန်ဖြစ်၍လည်းကောင်း၊ မနု လူမျိုးများ မထင်ပေါ်ခဲ့သောကြောင့်လည်းကောင်း၊ ရှမ်းခေတ်သတ်မှတ်ရ လောက်အောင် ဖြစ်နေသောအချိန်၌ 'ရှမ်းအရှေ့ (၁၉)ခရိုင် ထူထောင်ခဲ့သည် ဟု ပြောခဲ့ခြင်းဖြစ်ပါလိမ့်မည်။ သာဓကအားဖြင့် ရှမ်းမြေလတ် တောင်ခြေ၌ ရှိသော မိုင်းမောဒေသတွင် ပျူအထောက်အထားများ၊ ဖြောင့်တန်းနေသော မြို့ရိုးများ အခိုင်အမာ တွေ့ရှိခြင်းပင်ဖြစ်သည်။ ပင်းတယအနီးထယ်သွန်းရွာမှ ပျူဒင်္ဂါးများစွာတွေ့ရှိခဲ့မှု ညောင်ရွှေ ပေါ်ရိသတ်မြို့ဟောင်းနှင့် ဟဲဟိုးမြို့တောင် ဘက် ဘော်နင်းဘုရားများ၌ ပျူဒင်္ဂါးများတွေ့ရှိခဲ့မှု ရပ်စောက် မြို့နယ်ကောင်း ဘို့ရွာဝန်းကျင်တွင် ပျူပုတီးစေ့များတွေ့ရှိခဲ့ရမှုအပါအဝင် ထိုနေရာမှ တောင် ဘက်အရပ်များတွင် မြို့ဆိုး၊ မြို့ပျက်များ၊ သင်္ချိုင်းများ တူးဆွမိရာက ပျူ ကဲ့သို့ အရိုးအိုးမြှုပ် နှံထားမှုများလည်း တွေ့ရှိခဲ့ရကြောင်း လေ့လာမိပါသည်။ ထိုသို့သာမက ကလောမြို့နယ် အောင်ပန်းမြို့အနောက်ဘက်ရှိ သူရဲဉမင်မင်းသမီး တောင်ကြောအတွင်း အရိုးအစအနများတွေ့ရှိခဲ့ကြောင်း သိရှိခဲ့ရပါသည်။

ရှမ်းအရှေ့ (၁၉)ခရိုင်အတွင်း မိုင်းမော၊ ရပ်စောက်၊ ပေါရိသတ်၊ ရမ္မာဝတီ၊ ဝေဠုဝတီ၊ နန့်ပန်မြို့ဟောင်းများသည် ဓနုခရိုင်များဖြစ်မည်ဟု တချို့သမိုင်းဆရာများက ယူဆလာခဲ့သည်။ တကောင်းမြို့ ပြိုကွဲပြီး ရှမ်းမြေလတ်တွင် ပြောင်းရွှေ့နေထိုင်လာခဲ့ရာမှ ကာလကြာသော် ဓနုလူမျိုးများ ဖြစ်ပေါ်လာခဲ့ရကြောင်း လေ့လာသိရှိနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ပျူ အနွယ်ဝင် ဓနုလူမျိုးများပင်ဖြစ်ကြောင်း ခိုင်မာစွာ သိရှိနိုင်မည်ဖြစ်သည်။ အမှန်လည်း ပျူလူမျိုးများသည် တိဗက်မြန်မာအနွယ်ဝင် မဟုတ်လော။ (ရှမ်း(၁၉)ခရိုင်လုံးကို မဆိုလိုဘဲ ရှမ်းမြေလတ် ဓနုဒေသအတွင်းမှ မြို့ဟောင်းများကို ဆိုလိုပါသည်။)

## သုံးသပ်ချက် (၃)

ဓနုလူမျိုးများသည် စကားဝဲ၊ အသံကွဲသည်မှအပ မြန်မာစကားကို ပြောဆိုကြသည်။ စာပေမရှိသော်လည်း ဓနုဝေါဟာရများစွာရှိသည်။ ယနေ့ အချိန်ထိ သုံးနှုန်းနေကြသေးသည်။ ရှမ်းမြေလတ်တောင်ပေါ်မှ ဆင်းသွားကြသော မြန်မာများသည် မူလကဓနုစကားပင် ပြောကြားခဲ့သည်မှာ သေချာလှ၏။ ဓနု၊ မြန်မာစကားများသည် ပျူခေတ်ကစကားများနှင့်တူညီသည်ကို သမိုင်းဆရာ အချို့က ဖော်ထုတ်ထားပါသည်။ ဥပမာ-ပျူခေတ်က ဓါးမကို ထမဟုခေါ်သည်။ ဓနုတို့က ယနေ့တိုင် ထမ ဟုသုံးနှုန်းလျက်ရှိသည်။ ထိုအတူ ဖဆိုး=ဖဆိုး၊ ထမ်းဖိ=ထမ်းဖိ အစရှိသည်ဖြင့် ပျူစကားနှင့် ထပ်တူကျနေပါသည်။

တဖန် ပုဂံခေတ်က ခိ(ထိ)ကို ဓနုတို့ကလည်း ခိ(ထိ)ဟုလည်းကောင်း၊ တို့နှောင်ကို ဓနုတို့ကတို့နှောင်ဟုလည်းကောင်း၊ ဖကီးကို ဓနုတို့က ဖကီးဟုလည်းကောင်း သုံးနှုန်းလျက်ရှိကြသည်။ ထိုသို့သာမက ယနေ့ မုံရွာဘက်တွင် ဒုတ်မီး ဓနုတို့လည်း ဒုတ်မီး၊ လောပစ်လိုက်ကိုလည်း ဓနု တို့က လောပစ်လိုက်ဟု သုံးနှုန်းနေမှုများ ဆက်နွယ်လျက်ရှိလေသည်။

ကျောက်ဆည်နယ်မှ ထွက်လာကြသူတို့မှာ ပျူအဆက်များ တဖြည်းဖြည်း မှေးမှိန်လာပြီး မြန်မာဖြစ်လာသည်ဟု သုံးသပ်ခဲ့ကြသည်။ မြန်မာအဖြစ် (၁၁၀၂)ခုနှစ်တွင် မွန်ကျောက်စာများ၌ တွေ့ရသည်။ မြန်မာကျောက်စာများ၌မူ (၁၁၉၀)ရောက်မှ မြန်မာဟု သုံးစွဲလာခဲ့ကြလေသည်။ ထို့ကြောင့် မြန်မာဟု မသတ်မှတ်ခင်ကတည်းက ဓနုတိုင်းရင်းသားများသည် ရှမ်းမြေလတ်အတွင်း မှီတင်းနေထိုင်ကြပြီးဖြစ်ကြောင်း လေ့လာနိုင်ပါလိမ့်မည်။ ထို့ကြောင့် 'မြန်မာ အစ ကျောက်ဆည်က' အစား 'မြန်မာအစ ရှမ်းမြေလတ်က' ဟု မိမိ တစ်ဦးတည်း အနေဖြင့် ပြောဆိုချင်မိပါတော့သည်။

**သုံးသပ်ချက် (၄)**

(အေဒီ ၈၃၂) ကောလောဖန်၏ မျိုးဆက်နန်းစောမင်းများက ပျူမြို့တော်ကိုသိမ်းပိုက်ပြီး စစ်သုံ့ပန်း(၃၀၀၀)ကျော်ကို ယူနန်နယ်သို့ နယ်နှင်ပြီး နေရာပေးခဲ့သည်။ ထိုအချိန်၌ နန်းစောတို့၏ ရန်ကိုတိမ်းရှောင်ပြီး ယူနန်နယ်တွင် ကန်ဆူအရပ်မှ လူမျိုးများရောနှောတွေ့ဆုံပြီး အထက်က ပြောခဲ့သလို ရှမ်းမြောက်နေရာတွင် ပျံ့နှံ့ရောက်ရှိလာခဲ့သည်။ ထိုမှတဆင့် ကျောက်ဆည်နယ်အတွင်း ပြန်ဝင်ခဲ့သည်များလည်းရှိကြောင်း လေ့လာရပါ သည်။ ထို့ကြောင့် ပျူယဉ်ကျေးမှုများ ရှမ်းမြေလတ်နေရာတွင် ဟိုတစ်စသည် တစ်စတွေ့ရှိရခြင်းဖြစ်သည်။ တောင်အောက်သို့လိုက်ပါမသွားဘဲ ကျန်ရစ်ခဲ့သူ များသည် ယနေ့ ဓနုလူမျိုးများအဖြစ်တည်ရှိနေခြင်းပင် ဖြစ်တော့သည်။

ဤသည်ကား မိမိတစ်ဦးတည်း၏ ရှာဖွေမှုအမြင်ဖြစ်ပြီး အမျိုးသားရေး သမိုင်းသည် အရေးကြီးသည်ဟု ယူဆမိပါသည်။ ထိုထက်ပို၍ လေ့လာပြီး သကာလ ဓနုလူမျိုးဖြစ်ပေါ်လာပုံများကို အစုအဖွဲ့အလိုက် ဖော်ထုတ်နိုင်ပါစေ ကြောင်း တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

▼ ▼ ▼

# အခန်း (၂)

## ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ

**၁။ ဓနုတိုင်းရင်းသားများ၏ ဇစ်မြစ်သမိုင်း**

ပြည်တွင်းပြည်ပ ပညာရှင်အသီးသီးတို့က ဓနုလူမျိုးဖြစ်ပေါ်လာပုံများကို အဓိပ္ပါယ်အမျိုးမျိုးနှင့် ဆိုခဲ့ကြသည်။ စုစည်းမိသမျှ (၂၂)ချက်ကို ရှေ့အခန်းတွင် တင်ပြခဲ့ပြီးဖြစ်သည်။ အားလုံးကို ခြုံငုံသုံးသပ်ပါက ဆက်စပ်လျက်ရှိကြောင်း တွေ့ရှိရသည်။ သို့သော်လည်းခိုင်ခိုင်မာမာဖြင့် တင်ပြထားသော စကားရပ်တော့ မတွေ့ဖူးပေ။ ဓနုလူမျိုးဟူသည် တိဗက်မြန်မာအနွယ်ဝင်ဖြစ်ပြီး စကားဝဲ၊ အသံကွဲရုံမှလွဲပြီး မြန်မာစာ၊ မြန်မာစကားကို သင်ယူပြောကြားသူများသာဖြစ်ကြောင်း လေ့လာမိပါသည်။

တရုတ်ပြည်အနောက်မြောက်ပိုင်း ကန်ဆူအရပ်မှ ထွက်ခွာလာကြသော မွန်ဂိုများသည် မြန်မာနိုင်ငံအရှေ့ဘက်မှ ဝင်ရောက်လာပြီး မြားလေးတောင်နှင့် နတ်ထိပ်တောင်ကြားမှတစ်ဆင့် ကျောက်ဆည်နယ်အတွင်းသို့ ဝင်ရောက်ခဲ့ကြသည်။ တောင်အောက်ဘက်သို့ လိုက်ပါမသွားဘဲ တောင်ပေါ်ချွင်မိုတင်းနေထိုင်ခဲ့ကြသော လူမျိုးစုများသည် ဓနုတိုင်းရင်းသားများပင်

ဖြစ်သည်။ မြန်မာနိုင်ငံအလယ်ပိုင်းအရှေ့ဘက်ခြမ်းနှင့် ရှမ်းပြည်နယ်အနောက်ဘက် ခြမ်းအကြား တောင်မြောက်သွယ်တန်းနေသော ရှမ်းမြေလတ်ဒေသတွင် စုစည်းနေထိုင်ကြသည်။ အဓိကအားဖြင့် ကလောမြို့နယ်၊ နောင်ချိုမြို့နယ်၊ ပင်းတယမြို့နယ်၊ ရွာငံမြို့နယ်၊ ရပ်စောက်မြို့နယ်တို့တွင် ရှေးပဝေသဏီကတည်းက နေထိုင်လာခဲ့ကြသည်။ ထိုနယ်မြေများသည်တဆက်တစပ်တည်းတည်ရှိလျက် ရှိသည်။

## ၂။ ပျံ့နှံ့နေထိုင်ရာဒေသ

ဓနုတိုင်းရင်းသားများသည် အထက်ကဆိုခဲ့သလို ကလောမြို့နယ်၊ နောင်ချိုမြို့နယ်၊ ပင်းတယမြို့နယ်၊ ရွာငံမြို့နယ်၊ ရပ်စောက်မြို့နယ်များသာမက ၄င်းမြို့နယ်များနှင့်ဆက်စပ်လျက်ရှိသော ပင်လောင်းမြို့နယ်လုံးပိုးဒေသ၊ သာစည်မြို့နယ်ဆင်တောင်၊ မြင်းဒိုက်ဒေသ၊ ကျောင်းဆိုးကုန်း ကျောင်းရွာအုပ်စုမှ (၆)ရွာ၊ လယ်ခေါင်းကျေးရွာအုပ်စုမှ (၄)ရွာ၊ တောင်ကြီးမြို့နယ်အတွင်းမှ ကျောက်နီ၊ တောင်လေးလုံး၊ ဘန်းကန်ဒေသ၊ ညောင်ရွှေမြို့နယ် အင်းတိမ်ဒေသ၊ မြစ်သားမြို့နယ် အောင်ချမ်းသာဒေသ၊ ပြင်ဦးလွင်မြို့နယ်အတွင်းမှ ကျေးရွာများ၊ ကျောက်မဲ မြို့နယ်အတွင်းမှ မိုင်းလုံဒေသ၊ မိုးကုတ်မြို့နယ်အတွင်းမှ ကြပ်ပြင်ဒေသအပါအဝင် ရန်ကုန်၊ မန္တလေးအစရှိသော မြို့ ကြီးများတွင်လည်း အခြေချနေထိုင်လျက်ရှိသည်။

## ၃။ လူမျိုးအမည်

ဓနုဟူသော အသုံးအနှုန်းသည် ပုဂံခေတ် ပါဠိဝေါဟာရပင်ဖြစ်၏။ အဓိပ္ပါယ်မှာ 'လေး' (ဘသတ) ဖြစ်သည်။ လေးနှင့်မြားကို သွားလေရာကိုင်ဆောင်တတ်သဖြင့် ဓနုလူမျိုးဟု သမုတ်ပေးခဲ့ကြောင်းသိရသည်။ တနည်းအားဖြင့် ဝါးကိုင်းလောက်လေး၊ ဝါးကိုင်းလေးမြားကို ကျွမ်းကျင်စွာ





ကိုင်တွယ် အသုံးပြုတတ်သူ လူမျိုးပင်ဖြစ်သည်။ ဒနု၊ ဓနု၊ ထနု၊ တနု ဟူ၍ အမျိုးမျိုး ရေးသားလာခဲ့ရာမှ ယနေ့ ဓနု (Danu) ဟု တပြေးညီရေးသား လာခဲ့သည်။ ဓနု၏အဓိပ္ပါယ်အမှန်ဖွင့်ဆိုချက်မှာ (Dhanu)ဖြစ်သော်လည်း ခေတ်အဆက်ဆက် (Danu)ဟု သုံးစွဲခဲ့သဖြင့် အစဉ်အဆက်ကိုလိုက်ရခြင်း ဖြစ်ပါလိမ့်မည်။

### ၄။ ရုပ်ရည်

ရှမ်းပြည်နယ်အတွင်း နေထိုင်ကြသော်လည်း မွန်ဂိုအနွယ်ဖြစ်သော ရှမ်းလူမျိုးများနှင့်မတူဘဲ မြန်မာ၊ ရခိုင်၊ ထားဝယ် အစရှိသောရှေးမြန်မာအုပ်စုဝင် များနှင့်ပို၍ ရုပ်ပိုင်းဆင်ကြသည်။ ထွားကျိုင်းမှုရှိသော လူမျိုးများမဟုတ်သလို သေးလီသောလူမျိုးများလည်း မဟုတ်ပေ။ သင့်တင့်သော ပုံပန်းသွင်ပြင်၊ အရုပ်အမောင်း၊ အသားအရေ ပိုင်ရှင်များပင်ဖြစ်သည်။

### ၅။ စိတ်နေစိတ်ထား

ရှေးကတည်းကပင် တောင်ယာစိုက်ပျိုးရေးလုပ်ငန်းများဖြင့် အဓိက သက်မွေးပြုကြသဖြင့် ရိုးသားကြသည်။ အနေအေးကြသည်။ ညှဲ့ဝတ်ကျေပွန် ကြသည်။ ဖြောင့်မတ်ပြီး လုံ့လဝီရိယ ရှိကြသည်။ ရောင့်ရဲတင်းတိမ်ကြသည်။ တစ်အိမ်နှင့်တစ်အိမ် တံခါးမရှိခါးမရှိ ဝင်ထွက်ဆက်ဆံခြင်းရှိသည်။ စွန့်စား ရဲရင့်ကြသည်။ အထူးသဖြင့် ဘာသာတရား ကိုင်းရှိုင်းကြသူများ ဖြစ်သည်။ နိုင်ငံရေးစိတ်မဝင်စားသူများလှသည်။

### ၆။ ဆင်ယင်ထုံးဖွဲ့မှု

ဓာတ်ပုံမှတ်တမ်းများကို လေ့လာကြည့်ခြင်းဖြင့် ရှေးလူကြီးအများစုက နံ့သာရောင် ရှမ်းဘောင်းဘီကို နှစ်သက်စွာဝတ်ဆင်ကြသည်။ ရှမ်းဘောင်းဘီဟု

ဆိုသော်လည်း ချုပ်ပုံချုပ်နည်း အနည်းငယ်ကွာခြားပါသည်။ ခေါင်းပေါင်း အမြဲပေါင်းကြသည်။ ရှေးအခါက ချည်ခါးပတ်ကိုဝတ်ဆင်ပြီး အင်္ဂလိပ်ခေတ်နောက်ပိုင်း သားရေခါးပတ်ကို အသုံးပြုလာခဲ့ကြသည်။ တချို့ ရှူးဖိနပ်များဝတ်ဆင်ကြပြီး အများစုမှာ ညှပ်ဖိနပ်ကိုသာ အသုံးပြုကြသည်။ အဖြူရောင်ရှပ်အင်္ကျီကို ဝတ်ဆင်သည်ကများသည်။ ခေါင်းပေါင်းကို မျက်နှာသုတ်ပုဝါအဖြစ် (၂)မျိုးစလုံး အသုံးပြုသည်။ ခေါင်းပေါင်းစမြိတ်ကို ညာဖက်တွင်ထားဝတ်သည်။ ယနေ့အများစုမှာ မြေပြန့်တိုင်းရင်းသားများနှင့် အနေနီးစပ်သဖြင့် အကွက်ပါလုံချည်များကိုသာ အများစုဝတ်ဆင်ကြသည်။ လုပ်ငန်းခွင်များတွင် မိမိတို့ရိုးရာ ဝါးကပ်ခမောက်ကို အမြဲဆောင်းကြသည်။ မိန်းကလေးများမှာလည်း မြန်မာထဘီနှင့်အင်္ကျီများကိုသာ ဝတ်ဆင်အသုံးပြုခဲ့ကြသည်။

၁၉၇၀ ခုနှစ်နောက်ပိုင်း တိုင်းရင်းသားအခန်းကဏ္ဍ မြှင့်တင်ပေးလာမှုနှင့်အတူ ဓနုတိုင်းရင်းသားများသည်လည်း တပြေးညီဝတ်စုံများဝတ်ဆင်လာနိုင်ရန် ကြိုးပမ်းခဲ့ကြသည်။ အခြား တိုင်းရင်းသားများနှင့် မတူသောဝတ်စုံများကိုလည်း တီထွင်လာခဲ့ကြသည်။ သို့သော်လည်း ရှေးရိုးရာမပျက်ဆန်းသစ်မှုများသာ ကြိုးပမ်းခဲ့ကြသည်။၂၀၁၀ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်ပေါ်လာပြီး နောက်ပိုင်းရိုးရာယဉ်ကျေးမှု ပိုမိုဖော်ထုတ်လာနိုင်ခဲ့သည်။ အမျိုးသား ဓနုဝတ်စုံအရောင်ကိုလည်း တပြေးညီသတ်မှတ်လာနိုင်ခဲ့သည်။ အတွင်းခံအင်္ကျီကိုလည်း အဖြူရောင်သာ ဝတ်ဆင်လာခဲ့ကြသည်။ ခေါင်းပေါင်းမှုကားကွဲပြားလျက် ရှိသေးသည်။ အမျိုးသမီးဝတ်စုံများကိုလည်း အရစ်ပါသော ထဘီ၊ ဘော်ကျယ်များဖြင့် အလှဆင်ထားသော ရင်ဖုံးအင်္ကျီ၊ အလှဆင်ထားသော ခေါင်းပေါင်းများဖြင့် အရောင်အမျိုးမျိုးဆန်းသစ်ကာ ဝတ်ဆင်လာခဲ့သည်။ အမျိုးသမီးဝတ်စုံကို ပိုး၊ ဖဲသားများဖြင့်ချုပ်လုပ်ကြပြီး ထဘီကို ချည်သား အများစုချုပ်လုပ်ကာ ဝတ်ဆင်ကြပါသည်။

၂၀၁၇ နိုဝင်ဘာလ ဓနုအမျိုးသားညီလာခံက တူညီသော 'ပွဲတက်' ဝတ်စုံများ အများသဘောတူ ဖော်ဆောင်ပေးနိုင်ခဲ့၍ ယနေ့ဓနုတစ်မျိုးသားလုံး နှစ်ခြိုက်စွာဝတ်ဆင်နိုင်ခဲ့ပေပြီ။ ပွဲတက်ဝတ်စုံကို အနီရောင်သတ်မှတ်ပေးခဲ့သော်လည်း အဝါ၊ ပန်းရောင်၊ အစိမ်း၊ အပြာမိမိတို့ နှစ်သက်သလို ချုပ်လုပ်ဝတ်ဆင်နိုင်ကြပါသည်။ ထဘီကိုလည်း အရစ် (၃ း ၇ း ၃) သတ်မှတ်ပေးခဲ့သော်လည်း မိမိတို့နှစ်သက်သော အရောင်များဖြင့် ချုပ်လုပ်ဝတ်ဆင်နိုင်ကြပါသည်။

**၇။ အစားအသောက်**

ရှမ်းမြေလတ် ဓနုနယ်မြေအတွင်း ဂုဏ်ယူဖွယ်ရာအဖြစ် အခြားအရပ်များတွင်မရှိသော ဓနုအစားအစာများစွာရှိပါသည်။ တချို့လည်း အနီးအပါး တိုင်းရင်းသား အစားအစာများနှင့်ဆင်တူကြပါသည်။ ၁၉၄၆ ဒီဇင်ဘာလ (၂၆)ရက်နေ့ ဗိုလ်ချုပ်အောင်ဆန်း + ဒေါ်ခင်ကြည်တို့နှင့်အတူ မြန်မာကိုယ်စားလှယ်များ စပ်ထွန်းအေး၏အောင်ပန်းဟော်၌ ညှော့ခံကြိုဆို ကျွေးမွေးခဲ့သည်။ ဟင်းပွဲများစွာ ရှိနေသည့်ပင်လျှင် မြေပဲအစ် (မြေပဲညှက်ညှက်ထောင်းချက်) နှင့် မုန်လာထုပ် ရေစိမ်ကို နှစ်ခြိုက်စွာ စားသုံးခဲ့ကြောင်း မှတ်တမ်းရှိလေသည်။ မုန့်ပေ၏။ မြေပဲချက်နှင့်တို့စရာ မုန်လာထုပ်အစိမ်းသည် ဓနုရိုးရာစားစရာစစ်စစ်ဖြစ်လေသည်။ ဂျူးသုပ်၊ ငှက်ပျောဖူးသုပ်များနှင့်တွဲဖက် စားသုံးရသော လက်ပြားထမင်းဝါ နာမည်ကြီးလှသည်။ မိုးဦးရာသီ အချိန်ကာလ အသီးအရွက်စုံလင်စွာဖြင့် ရောနှောချက်ထားသော ထမင်းပြဲ (မင်းနဲ့မွှေ) အရသာရှိလှသည်။ အီကုတ် (မြေတွင်းအောင်းပိုးတစ်မျိုး)နှင့် ဆူးပုတ်ရွက်ရောချက်ထားသော ဟင်းလျာသည်လည်း ခွေမျိုးမေ့လောက်သည်။ အာလူးထမင်းနယ်အား ဂျူးဖူး၊ ဆံလုံး ဆီကြော်ဖြင့် တွဲဖက်စားသုံးရသည်ကား စွဲမက်လောက်သည့် ဒေသအစားအစာပင် ဖြစ်သည်။

ပိန္နဲသီးနုနှင့်ဆူးပုတ်ရောချက်ထားသော ဟင်းရည်အရသာရှိလှသည်။ နေလှန်းထားသော မုန်ညှင်းရွက်ကို ကြံ့သကာ၊ နှမ်းလုံးဖြူ၊ ပင်စိမ်းသီးရောနှော၍ ချက်ပြုတ်ထားသော မုန်ညှင်းစောသည်လည်း ဓနုရိုးရာအစားအစာဖြစ်သည်။ ကစော့ခါးသီး၊ ပိတ်ချင်းရွက်၊ ကြောင်ပန်းရွက်၊ တဗွာရွက်များအား ဆန်ကိုလှော်ပြီး ရောနှောချက်ပြုတ်ထားသော ဆန်လှော်ဟင်းသည်လည်း ခံတွင်းရှိလှသည်။ ဆောင်မုန်းဆေးခါးပင်၊ ဖန်ခါးသီး၊ ဇီးဖြူသီးများရောနှောချက်ထားသော ဟင်းခါးရည်များလည်း ရှေးက အထူးပြုလုပ်မှီဝဲခဲ့ကြသည်။ ပဲထွန်၊ ပဲလုံးကြား၊ ပဲကြက်ဥ၊ ပဲပြင်းစေ့ အစရှိသောဟင်းလျာများသည်လည်း ဓနုဒေသ အလှူမင်္ဂလာပွဲတိုင်းလိုလို မပါမပြီးဖြစ်သည်။ အခြားအမှတ်ရဖွယ် ဓနုမုန့်ပဲသရေစာများမှာ မုန့်လက်ကွင်း (ဖြူ၊ နီ)၊ မုန့်ဆီကြော်၊ မုန့်လေပွေ၊ မုန့်ခေါင်းဦး၊ မုန့်ပေါင်းအုံ၊ သကြားခွေ၊ မုန့်ကျည်တောက်၊ ကောက်ညှင်းကျည်တောက်၊ ဖရုံသီးပြုတ်၊ မုန့်ကျွဲသဲ၊ မုန့်ဖက်ထုပ်၊ ပင်စိမ်းသီးဆားရေစိမ်တုတ်ထိုး စသည် တို့ပင်ဖြစ်သည်။

အခါကြီး၊ နေ့ကြီးများတွင် ရှေးလူကြီးအိမ်တိုင်း မုန့်ဆီကြော်နှင့် ကင်ပေါင်းကြော်ပြီး အိမ်နီးချင်းဆွေမျိုးများအား ကုသိုလ်ရစေရန် အလို့ငှာပေးဝေသောဓလေ့ ယနေ့တိုင်ရှိသေးသည်။ ကင်ပေါင်းကြော် (ကြက်သွန်မြိတ်၊ ကြောက်ဖရုံသီး၊ ဘူးသီး၊ ငရုတ်သီးအစရှိသည်ဖြင့် အရသာရှိအောင် ကောက်ညှင်းဆန်မုန့်ဖြင့်သမပြီးကြော်ထားသော အကြော်)၊ တို့ဟူးနွေး (ခေါက်ဆွဲဖတ်မပါ)၊ ဝက်သားချဉ်၊ အမဲချဉ်၊ ဂျုံးဖူးဟင်းထုပ်၊ မုန့်ဖတ်သုပ်များသည်လည်း အခြားတိုင်းရင်းသားများနှင့် တစ်မူကွဲပြားစွာစီမံထားသဖြင့် တစ်မျိုး အရသာကို ပေးစွမ်းလှပါသည်။

၈။ စာပေနှင့်စကား

ပင်ရင်းစာပေမရှိပါ။ စကားဝဲ၊ အသံကွဲသွားရုံမျှတစ်ပါး မြန်မာစာပေ၊ မြန်မာစကားကိုသာ ခေတ်အဆက်ဆက် အသုံးပြုကြသည်။ ထို့ကြောင့် မြန်မာစကားကို ဓနုတို့က လုံးစေ့ပတ်စေ့ နားလည်ကြသော်လည်း ဓနုစကားကိုမူ မြန်မာများက နားမလည်ကြချေ။ မူရင်းစာပေမရှိခြင်းကား တိုင်းရင်းသားများအတွင်း အားနည်းချက်ဖြစ်နေသော်လည်း နယ်ပယ်အသီးသီးတွင် မြေပြန့်သားများနှင့် ရင်ဘောင်တန်းနိုင်သော ပညာတတ်များစွာ ထွက်ပေါ်လာခြင်းသည် အားသာချက်တစ်ခုအဖြစ် မြင်မိသည်။

မကြာသေးမီအချိန်က ဓနုစာပေစကားတီထွင်မှု ရှိခဲ့သော်လည်း ဓနု အများစုကန့်ကွက်ခဲ့မှုကြောင့် မအောင်မြင်ခဲ့ပေ။ KG တန်းအတွက် သင်ရိုးညွှန်းတမ်းထုတ်ဝေခဲ့မှုသည်လည်း ထို့အတူပင် ကန့်ကွက်ခြင်းခံခဲ့ရပေသည်။ ဓနု စာပေစကားတီထွင်မှု ပျက်ပြားခဲ့ခြင်းများလည်း တချို့အတွက် ဝမ်းနည်းဖွယ်ဖြစ်ခဲ့သည်။ မှန်ပေသည်။ မည်သည့်ဘာသာစကားမဆို တီထွင်ခဲ့သည် ချည်းဖြစ်သည်။ သို့သော်လည်း စုပေါင်းတိုင်ပင်ရန်လိုအပ်သည်။ အများ သဘောတူရန် လိုအပ်သည်။ အသုံးပြုရလွယ်ကူပြီး မည်သည့်ဘာသာစကား ဘာသာပြန်ဆိုမှု လုပ်နိုင်ရပေမည်။ ဒေသိယစကားဖြင့် တီထွင်ရန်လည်း ကြားမိလေသည်။ ဓနုလူထုအများစု၏ ဆန္ဒဖြစ်မှသာလျှင် အောင်မြင်ပေလိမ့်မည်။

မြန်မာစာပေ၊ မြန်မာစကားကို ပြောဆိုနေကြသည်ဆိုသော်လည်း အသံရွတ်ဆိုပုံ၊ အသံထွက်ပုံ တူညီခြင်းမရှိပါ။ မြန်မာတို့အသုံးပြုခြင်းမရှိတော့သည့် ရှေးဟောင်းပေါရာဏစကား အသုံးပြုနေကြောင်းလေ့လာမိပါသည်။ တနည်းအားဖြင့် ပုဂံခေတ်သုံး ရှေးဦးမြန်မာစကားအစု ဖြစ်သည်။ တောင်ပေါ်တိုင်းရင်းသားများဖြစ်သော ရှမ်း၊ တောင်ရိုး၊ ပအိုဝ့် တို့၏ ဘာသာစကားများနှင့် ၄င်းဘာသာစကားတို့မှတဆင့် မွေးစားယူသော ဝေါဟာရစကားများဖြင့်

ရောနှောပြောဆို နေကြကြောင်းတွေ့ရှိရပါသည်။ (နောက်အခန်းတွင် သီးခြားဖော်ပြပေးထားပါသည်။)

ခနုနယ်ပယ်အတွင်း ဘာသာစကားပြောဆိုမှု ၊ အသံထွက်ပုံထွက်ဆိုမှုတို့ကို လေ့လာရသော် အသံမြန်ခြင်း၊ အသံတိုးခြင်း၊ အသံပျော့ခြင်း၊ တက်သံ ကျသံရှိခြင်း၊ အထူးသဖြင့် အသံပြောင်းလဲရွတ်ဆိုခြင်းများကို လေ့လာတွေ့ရှိရသည်။ ခနုနယ်အတွင်း ပျံ့နှံ့နေထိုင်ကြသော ခနုအချင်းချင်း ပင်လျှင် တစ်မြို့နယ်နှင့် တစ်မြို့နယ်၊ စုစည်းနေထိုင်ကြသော အုပ်စုအလိုက် ပြောစကား၊ အသုံးအနှုန်း၊ အသံရွတ်ဆိုပုံနှင့် လေယူလေသိမ်း မတူညီပဲ အနည်းငယ်စီ ကွဲပြားကြောင်း လေ့လာမိပါသည်။

## ၉။ လူဦးရေ

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ရွေ့ပြေးလူဦးရေစာရင်းအရ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁.၄ သန်း (၅၁၄၁၉၄၂၀) ရှိပါသည်။ ရှမ်းပြည်နယ်တွင် ၅.၈ သန်း (၅၈၁၅၃၈၄) ရှိပါသည်။ ရှမ်းမြေလတ်ခနုနယ်ဖြစ်သော ကလောမြို့နယ်တွင် (၁၈၆၀၁၉) ဦး၊ နောင်ချိုမြို့နယ်တွင် (၁၄၉၄၉၅) ဦး၊ ပင်းတယမြို့နယ်တွင် (၇၉၈၄၆) ဦး၊ ရွာငံမြို့နယ်တွင် (၈၂၄၀၀) ဦး၊ ရပ်စောက်မြို့နယ်တွင် (၁၂၆၄၂၇) ဦး ရှိပါသည်။ ဆက်စပ်ဒေသနှင့် အခြားမြို့ကြီးများတွင်လည်း ပျံ့နှံ့နေထိုင်လျှက် ရှိသည်။ (တစ်မြို့နယ်ချင်းစီအခြေအနေများကို နောက်အခန်းတွင် ဖော်ပြထားပါသည်။)

## ၁၀။ ပညာရေး

ရှေးယခင်က လောကီစာပေ လောကုတ္တရာစာပေများကို ဘုန်းတော်ကြီးကျောင်းများ၌ သင်ယူပါသည်။ အသက်မွေးဝမ်းကျောင်း အတတ်ပညာရပ်

များအား သက်ဆိုင်ရာလုပ်ငန်းဆရာများထံတွင် တပည့်ခံပြီးသင်ယူကြသည်။ ကိုလိုနီခေတ်တွင် ငွေကြေးချမ်းသာသူများနှင့် အုပ်ချုပ်သူ လူတန်းစားများကသာလျှင် ရှမ်းစော်ဘွားများကျောင်းအပါအဝင် အင်္ဂလိပ်အစိုးရက ဖွင့်ထားသော အင်္ဂလိပ်စာသင်ကျောင်းများ၌ ပညာသင်ယူခွင့်ရရှိခဲ့ကြသဖြင့် ဓနုလူထု ပညာရေးနောက်ကျခဲ့ရသည်။

နောက်ပိုင်း တိုင်းရင်းသားကျောင်းများနှင့် ခရစ်ယာန်သာသနာပြုကျောင်းများ ပေါ်ပေါက်လာသော်လည်း ရှမ်းပြည်နယ်အပါအဝင် ဓနုဒေသတွင် လောင်းကစားယဉ်ကျေးမှု ထွန်းကားခဲ့သဖြင့် ပညာရေးကိုလူနည်းစုသာ စိတ်ဝင်စားခဲ့ကြသည်။ ဝက်စလီယန်ကျောင်းကလည်း ဒုတိယကမ္ဘာစစ်အပြီး တော်တော်များများ ပျောက်ကွယ်ခဲ့ရသည်။ (၁၉၂၀ )ရန်ကုန်တက္ကသိုလ်ထူထောင်စဉ်က ရှမ်းပြည်နယ်က အချိုးကျထည့်ဝင်ငွေများ လှူဒါန်းပေးခဲ့သော်လည်း ၄င်းတက္ကသိုလ်နှင့် ပတ်သက်သူများသည် လက်ချိုးရေတွက်လို့ပင်ရခဲ့သည်။ (၁၉၃၁) သန်းခေါင်စာရင်းအရ ရှမ်းပြည်နယ်တွင် ဗမာတိုင်းရင်းသားများမှအပ စာဖတ်တတ်သူတိုင်းရင်းသားများမှာ (၆)ရာခိုင်နှုန်းသာရှိခဲ့သည်။ ၁၉၅၀ ထိလည်း တိုးတက်လာခြင်း မရှိခဲ့ပါ။

(၁၉၄၃) အာရှလူငယ်အစည်းအရုံးနှင့် အလင်းရောင်စာကြည့်တိုက်များ ပေါ်ပေါက်လာပြီး ဓနုလူငယ်များ ပညာရေး စိတ်ဝင်စားမှုမြင့်တက်ခဲ့ရသည်။ (၁၉၅၀)နောက်ပိုင်း အစိုးရအထက်တန်းကျောင်းများအသီးသီး ပေါ်ထွက်လာခဲ့ပြီး ဓနုနယ်ပယ်၌ပညာရေးစိတ်ဝင်စားမှု မြင့်တက်ခဲ့သည်။

**၁၁။ စီးပွားရေး**

(ကလောမြို့နယ်) ဓနုနယ်မြေအားလုံးတွင် စိုက်ပျိုးရေးကို အခြေခံသော လုပ်ငန်းများဖြင့်သာ ရပ်တည်ခဲ့ကြသည်။ ကလောမြို့နယ်တွင် အာလူး၊ ဂျင်းနှင့် ဂေါ်ဖီထုပ်ကို အဓိကစိုက်ပျိုးကြပြီး ပန်းမုံလာ၊ ခါကြက်ဥ၊

ခရမ်းသီး၊ ခရမ်းချဥ်သီး၊ ကြက်သွန်ဖြူ အစရှိသော ကုန်စိမ်းသီးနှံများကို စိုက်ပျိုးကြသည်။ အောင်ပန်းမြို့သည် ပြည်ပသို့တင်ပို့ရာတွင် အဓိက ကုန်စည်ဖလှယ်ရာနေရာ ဖြစ်သည်။ ကုန်စိမ်းမှန်သမျှ အောင်ပန်းမြို့တွင် လာရောက်ရောင်းဝယ် ဖေါက်ကားကြပြီး လမ်းဆုံမြို့လည်းဖြစ်သည်။ ကလောမြို့နယ်သည် ငါးရက်တစ်ဈေးကို အမှီပြုရာဒေသဖြစ်ပါ၍ အောင်ပန်းဈေး၊ ပင်လောင်းဈေး၊ ကလောဈေး၊ ပင်းတယဈေး၊ ဟဲဟိုးဈေးနေ့များကို အဓိကအသုံးပြုကြသည်။

ကလောမြို့နယ်အတွင်း လိမ္မော်၊ လက်ဖက်၊ သနပ်ဖက်၊ ထောပတ်၊ နဂါးမောက်သီး၊ သစ်တော်သီး စိုက်ပျိုးရေးလုပ်ငန်းများ အသင့်အတင့် လုပ်ကိုင်ကြပါသည်။ သတ္တုတူးဖော်ရေးအနေဖြင့် ဘော်ဆိုင်းနှင့်အင်းပြင်ဒေသ၊ ရွှေမင်းဖုန်းဒေသများ၌သာလုပ်ကိုင်ကြပါသည်။ အကြီးစားစက်မှုလုပ်ငန်းများ မရှိသော်လည်း ကလောမြို့နယ်သည် ပြည်ထောင်စုလမ်းမပေါ်တွင် တည်ရှိသဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ဖြင့်သွားနေသည်။

(နောင်ချိုမြို့နယ်) ကြံနှင့်ပြောင်းအဓိက စိုက်ပျိုးထုတ်လုပ်ပါသည်။ ဂျုံ၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ အာလူး၊ ခရမ်းချဥ်နှင့်အခြားသီးနှံများလည်း အသင့်အတင့် စိုက်ပျိုးသည်။ နောင်ချိုမြို့နယ်သည်လည်း (၅) ရက်တစ်ဈေးကို မှီခိုအားကိုးကြသည်။ နောင်ချိုဈေး၊ ကံကြီးဈေး၊ တောင်းခမ်းဈေး၊ ဘန့်ဘွေး ဈေး၊ ဆမ္ဘဆယ်ဈေး၊ သုံးဆယ်ဈေး၊ ဟိုခိုဈေးများကို အဓိက အသုံးပြုကြပြီး ဒေသထွက်ကုန်များ အဓိကစုစည်းရာနေရာလည်းဖြစ်သည်။ လုံဝယ်၊ လုံစံ အနောက်ဘက်တွင် ကြေးနီသတ္တုသိုက်ရှိသဖြင့် ထုတ်လုပ်မှုစတင်နိုင်ရန် ပြင်ဆင်မှု အဆင့်သာရှိသေးသည်။ သကြားစက်ရုံနှင့် ဘိလပ်မြေစက်ရုံတည်ရှိပြီး အခြားအသေးစား စက်မှုလုပ်ငန်းများသာရှိသည်။ ရေဖြူဝါးခမောက်နှင့် နောင်တောတောင်းယက်လုပ်ငန်းလည်း လူသိများကြသည်။ ထောပတ်နှင့် နဂါးမောက်စိုက်ပျိုးရေးလုပ်ငန်းများ စတင်လုပ်ကိုင်လာကြပြီး လက်ဖက်

အနည်းငယ် စိုက်ပျိုးထုတ်လုပ်သည်။ နောင်ချိုမြို့သည် မြောက်ပိုင်းပြည်ထောင်စု လမ်းမပေါ်တွင် တည်ရှိသည်။

(ပင်းတယမြို့နယ်) ပင်းတယမြို့နယ်၏ စိုက်ပျိုးရေးထုတ်ကုန်များသည် ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ပြောင်း၊ ဂျုံ၊ ဆီနေကြာများစိုက်ပျိုးကြသည်။ ယခုနောက်ပိုင်း ဂျုံစိုက်ပျိုးမှု သိသိသာသာ လျော့နည်းလာခဲ့သည်။ လက်ဖက်စို၊ လက်ဖက်ခြောက်ထုတ်လုပ်မှု ဂုဏ်သတင်းတစ်ခုရှိသည်။ နောက်ပိုင်း သရက်နှင့်ထောပတ်စိုက်ပျိုးထုတ်လုပ်မှု ပိုမိုလုပ်ဆောင်လာကြသည်။ အာလူး၊ ဂေါ်ဖီ၊ ပန်းမုံလာများစိုက်ပျိုးထုတ်လုပ်သည်။ မြန်မာနိုင်ငံ၏ ဘုရားဖူးခရီးစဉ်အတွင်း ပါဝင်သော ပင်းတယ ရွှေဥမင် သဘာဝလိုဏ်ဂူနှင့် ကုံလုံကျောင်းတည်ရှိရာဒေသဖြစ်၍ ဟော်တယ်နှင့် ခရီးသွားဝင်ငွေ အများဆုံးရှိရာဒေသဖြစ်သည်။ ငှက်ပျောတော ပန်းစက္ကူလုပ်ငန်း၊ ထီးလုပ်ငန်းနှင့် အော်ယောအိုးလုပ်ငန်း နာမည်ကြီးသည်။ ပင်းတယဝါးခမောက် လူသိများကြသည်။ သစ်အယ်ပင်ကျေးရွာ ယက်ကန်းလုပ်ငန်း လုပ်ကိုင်ကြသည်။ ပင်းတယဈေး၊ ကျုံးဈေး၊ အောင်ပန်းဈေး၊ ကောင်းဘို့ဈေး/ပွေးလှဈေး၊ မိုင်းအင်ဈေးများကို အဓိကအသုံးပြုကြသည်။

(ရွာငံမြို့နယ်) ဓနုဒေသအတွင်း ကော်ဖီအများဆုံး စိုက်ပျိုးထုတ်လုပ်ရာ ဒေသဖြစ်သည်။ ဓနုနယ်မြေအားလုံးအတွင်း ဓနုလူဦးရေရာခိုင်နှုန်းအများဆုံးတည်ရှိရာဒေသဖြစ်သည်။ သစ်တောထူထပ်ရာဒေသလည်းဖြစ်သည်။ လက်ဖက်၊ လိမ္မော်၊ ဒညင်းသီး စိုက်ပျိုးထုတ်လုပ်သည်။ ပန်းတိမ်ငုံပန်းအများဆုံး စိုက်ပျိုးရာဒေသလည်းဖြစ်သည်။ ရှေးအခါက သနပ်ဖက်များစွာစိုက်ပျိုး ထုတ်လုပ်ခဲ့သည်။ စက်မှုလုပ်ငန်းကြီးများမရှိပဲ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး လုပ်ငန်းများ အသက်မွေးကြသည်။ ဂျုံ၊ ပဲ၊ နှမ်း၊ ဂျင်း၊ ခရမ်းချဉ်နှင့် ဂေါ်ဖီ၊ ပန်းမုံလာအစရှိသော သီးနှံများစိုက်ပျိုးထုတ်လုပ်သည်။ မြိုင်ဈေး၊

ထမင်းပေါင်းဈေး၊ ရေဦးဈေး၊ ရှာင်ဈေး၊ မြင်းကျဒိုးဈေးများကို ငါးရက်တစ်ဈေးဖြစ် အဓိက အသုံးပြုကြသည်။

(ရပ်စောက်မြို့နယ်) ပြောင်းအဓိကစိုက်ပျိုးကြပြီး ပြောင်းအများဆုံးထွက်ရှိရာ ဒေသဖြစ်သည်။ ပူနွေးသမရာသီဥတုရှိသဖြင့် ယခုနောက်ပိုင်းသရက် အကြီးအကျယ် စိုက်ပျိုးထုတ်လုပ်လာခဲ့သည်။ ကုမ္ပဏီများက ကော်ဖီကို စနစ်တကျစိုက်ပျိုးကြသည်။ ငါးရက်တစ်ဈေးအဖြစ် ရပ်စောက်ဈေး၊ ဖောင်း တောဈေး၊ အလည်ချောင်ဈေး၊ ကောင်းဘို့ဈေး၊ ပင် ဖြစ် / မိုင်းအင်ဈေးများထိ အသုံးပြုကြပြီး ကုန်စည်များကူးသန်းရောင်းဝယ် ဖလှယ်ကြသည်။

## ၁၂။ ရာသီပွဲများ

မနုတိုင်းရင်းသားများသည် ရာနူန်းပြည့် ဗုဒ္ဓဘာသာဝင်များဖြစ်သည်။ မြန်မာတို့နှင့်ရာသီပွဲပြုလုပ်ပုံများ တူညီကြသည်။ ထူးခြားလှသည်မှာ သင်္ကြန်နှင့်သီတင်းကျွတ် ဘုရားသွားကျောင်း တက်ခလေ့ကြက်ပုံမကျစည်ကားခြင်းပင် ဖြစ်သည်။ နှစ်ဆန်းတစ်ရက်နေ့တွင် ရပ်/ကျေးအလိုက် နှစ်သစ်ကူးတရားနာယူမှုကို မဖြစ်မနေဆောင်ရွက်ကြသည်။ ဘုန်းတော်ကြီးကျောင်းတိုင်း၌လည်း စေတီသာအလှူကို စုပေါင်းလုပ်ဆောင်လှူဒါန်းကြသည်။

သင်္ကြန်အတက်နေ့မှစတင်၍ ကဆုန်လပြည့်နေ့အထိ ခနုနယ်ပယ်တစ်ခွင်လုံး တာတက်ပွဲများကို ကျင်းပသည်။ (နောက်အခန်းတွင် ဖော်ပြထားသည်။) မြို့နယ်အသီးသီး၏စာပြန်ပွဲများကို နယုန်လတွင်ကျင်းပပြီး ရှမ်းပြည်နယ်လုံးဆိုင်ရာ စာပြန်ပွဲအထိ တက်လှမ်းဖြေဆိုကြသည်။ သီတင်းကျွတ်လပြည့်နေ့တွင် မီးထွန်းပွဲများသာမက မိမိတို့နေအိမ်ခြံဝင်းအတွင်း သမ္မုဒ္ဒေစင်ထိုးဘုရား ပူဇော်ခလေ့ထွန်းကားခဲ့သည်။ မြတ်စွာဘုရားရှင်တော်ကို မိမိတို့ ခြံထွက်သီးနှံများနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို မိမိတို့ နေအိမ်ပရဝုဏ်အတွင်း ဆုတောင်းရည်မှန်းပူဇော်ကြခြင်းဖြစ်သည်။ တန်ဆောင်မုန်း

လပြည့်နေ့ညကိုလည်း 'သူခိုးကြီးည' အဖြစ် အပျော်သဘောကျင်းပသည့် ဓလေ့ရှိသည်။ နတ်တော်လသည် ကောက်ရိတ်သိမ်းသည့်ကာလဖြစ်၍ ကောက်ဦးဆွမ်းကပ်ပွဲများ ကျင်းပကြသည်။ တပို့တွဲလသည် အအေးလွန်ကဲသောလဖြစ်သည်နှင့်အညီ သာသနာ့နယ်မြေအတွင်း အနွေးဓာတ်ရစေခြင်း အလို့ငှာ 'မီးလျှော်တိုင်' ထွန်းညှိပူဇော်ခြင်း များကို ကျင်းပပြုလုပ်ကြသည်။ မီးလျှော်တိုင် (ခ) မီးဖောင်းတိုင်များကို နံ့သာဖြူ၊ နံ့သာနီ၊ ထင်းရှူးအပါအဝင် အခြားအမွှေးနံ့သာရရှိစေသော အသားများခြဲရံလျက် အလယ်တွင်ဝါးတိုင်ထားကာ ၁၅ပေမှ ၂၅ပေ အရှည်အထိ ဆင်ယင်ပြုလုပ်ကြသည်။

မနုနယ်ပယ်အတွင်းပင်းတယ တပေါင်းပွဲတော်နာမည်ကြီးလှသည် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ အလည်အပတ်လာကြသည်။ မနုတစ်မျိုးသားလုံး မဖြစ်မနေအရောက်သွားကြသည်။ မနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပေါ်ပေါက်လာပြီး နောက်ပိုင်း တပေါင်းလပြည့်အဖိတ်နေ့ကို 'မနုဆုံစည်းရာနေ့' အဖြစ် သတ်မှတ်ဆင်နွှဲလာကြသည်။

**၁၃။ ရိုးရာတေးဂီတအနုပညာ**

မနုအိုးစည်သည် လွန်ခဲ့သော နှစ်ပေါင်း(၈၀၀)ခန့်ကတည်းက မနုတိုင်းရင်းသားများ အစဉ်အလာကြီးမားစွာ တီးခတ်လာသော တူရိယာတစ်ခု ဖြစ်သည်။ အနည်းဆုံး (၅) ဦးစုပေါင်း တီးခတ်မှသာမြိုင်မြိုင်ဆိုင်ဆိုင် ရှိလှသည်။ ကြားရသူစိတ်ဘဝင်ကြည်နူး တက်ကြွလန်းဆန်းစေသည်။ မနုအိုးစည်တိုဟုလည်းခေါ်ဆိုသည်။ တစ်နိုင်ငံလုံး မနုအိုးစည်တိုကို မသိသူဟူ၍ မရှိပေ။ မည်သည့် ပွဲလမ်းသဘင် မဆိုမနုအိုးစည်မပါမပြီးဖြစ်သည်။ အိုးစည် (၁)လုံး၊ မောင်း (၁)လုံး၊ လင်းခွင်း (၁)စုံ ၊ ဝါးလက်ခုတ် (၂)ခု တီးခတ်ပါက မနုတို့၏ စိတ်ဓါတ်တက်ကြွမှုကို သိမြင်နိုင်ပါသည်။

ခနအိုးစည်ကို ယမနေသား၊ ပိန္နဲသား၊ လက်ပံဒီးဒုတ်သား၊ သရက်သားတို့ဖြင့် ရွေးချယ်ပြုလုပ်သည်။ ထိုအသားများကသာ အသံကောင်းမွန်စွာ ထွက်သောကြောင့်ဖြစ်သည်။ အိုးစည်မျက်နှာပြင်၏ သားရေကိုလည်း ဒေသခံ နွားထီးများ၏ သားရေများဖြင့်သာ အသုံးပြုသည်။ မျက်နှာပြင်သားရေပေါ်၌ ဖယောင်းမဲ (ခေါ်) မြေထဲတွင်နေသော ပျားမှရရှိသည့် ဖယောင်းဖြင့်သာ ကပ်ရပါသည်။ ၎င်းအချက်များနှင့်ပြည့်စုံပါက အသံထွက်ကောင်းမွန်သော အိုးစည်တစ်လုံး ရရှိနိုင်ကြောင်းလည်းသိရသည်။ အိုးစည်၏အရှည်မှာ အိုးစည် မျက်နှာပြင်အချင်း၏ (၂.၅) ဆရှိသည်။ အိုးစည်တစ်လုံးထွင်းထုရန် အတွက် လူ(၃)ဦးနှင့် စက်အင်အားအပါအဝင် အချိန်တစ်ပတ်တိတိ ပေးရပါသည်။

အိုးစည်တစ်လုံး ဝယ်ယူပါက အောက်ပါအချက်အလက်များအတိုင်း လုပ်ဆောင်ပါက လိုက်ဖက်ညီလှသည့် တူရိယာတစ်စုံ ရရှိမည်ဖြစ်ကြောင်း ထပ်မံသိရှိရသည်။ အိုးစည်မျက်နှာပြင် အချင်း (၁၄)လက်မဝန်းကျင်ရှိပါက ကြေးမောင်း (၃)ပိဿာဝန်းကျင်၊ လင်းကွင်းမှာ ၁၂ လက်မ (သို့မဟုတ်) (၁၄) လက်မဝန်းကျင်ရှိရပါမည်။ ဝါးလက်ခုတ် (၃)ခုနှင့် မြိုင်ဆိုင်စွာတီးခတ်နိုင်မည် ဖြစ်သည်။

ခနအိုးစည်တီးခတ်ပုံများမှာ - တာတက်ပွဲအတီး၊ သိုင်းကအတီး (ကြိုးသိုင်း၊ ပန်းဖွားသိုင်း၊ လက်သိုင်း၊ တုတ်သိုင်း၊ မီးတုတ်သိုင်း)၊ အောင်ပွဲခံ အတီး၊ ပွဲစံအတီး၊ မီးဆူခံအတီး၊ မီးလွှတ်ပွဲ အတီး၊ ယာပုတ်အတီး၊ တောင်ယာ သိုင်းအတီး၊ သာမာန်ကကွက်အတီး အမျိုးမျိုးရှိကြပါသည်။ ခနအိုးစည်တီးကွက် နှစ်မျိုးရှိသည်။ လူကြီး၊ လူငယ်၊ ယောက်ျား၊ မိန်းမ 'လက်ချိုး' ကရသော အချိန်တွင် အိုးစည်ကို ခပ်ဆတ်ဆတ်၊ ခပ်သွက်သွက်၊ အချက်ကျကျတီးခတ်ရသည်။ နောက်တစ်မျိုးမှာ သိုင်းကွက်ဖြင့် ကရသော အချိန်တွင် အိုးစည်ကို ဖြည်းဖြည်းနှင့် မှန်မှန် ညင်သာစွာတီးရသည်။

ခနုဗျောလည်းရှိပါသေးသည်။ အထူးသဖြင့် ရှာင်မြို့နယ်၊ နောင်ချိုမြို့နယ်နှင့် ပင်းတယမြို့နယ်တို့တွင် တွေ့မြင်နိုင်ပါသည်။ ကုန်းဘောင်ခေတ်နောင်းပိုင်းကာလ ငွေခွန်မှူးများ အုပ်ချုပ် စဉ် ရှာင်မြို့နယ် ကျောက်ပိစပ်ရွာအုပ်ချုပ်သူကြီး ဦးညိုအုန်း ဦးဆောင်၍ နဲ့ဆရာ ဦးကြာတုတ်၊ ဦးကြုတ်တို့စုပေါင်းတီထွင်တီးခတ်ခဲ့ရာမှ ခနုဗျော စတင်ပေါ်ပေါက်လာခဲ့သည်။ ယနေ့အချိန်ထိ ရှာင်မြို့နယ်၊ ပင်းတယမြို့နယ်၊ နောင်ချိုမြို့နယ် များတွင်အသုံးပြုလျက် ရှိသည်။ ခနုဗျောဆိုသည်မှာ အလျားတစ်တောင် လက်လေးသစ်ခန့်၊ ထိပ်ဝအကျယ်တစ်တောင် လက်နှစ်သစ်ခန့်ရှိ သစ်လုံးဖြင့်ထွင်းထု၍ ထိပ်နှစ်ဖက်ကို သားရေဖြင့် ကျက်ထားသော ဗျော (ခ) ဗုံတိုကို ခေါ်သည်။ ဗျောငါးလုံး၊ ပလုတ်တုတ်ဗုံ တစ်လုံး၊ လင်းကွင်းကြီး တစ်စုံ၊ မောင်းတစ်ခုနှဲကြီး တစ် လက်တို့ဖြင့် တီးခတ်ရသော တူရိယာဖြစ်သည်။ အလှူပွဲတိုင်းတွင်ထည့်သွင်း တီးခတ်ကြသည်။ ရွှေဘို မခေါက်ဗျော၊ စစ်ကိုင်းမိုးဇာဗျောအစရှိသော ဗျောများနှင့်ဆင်တူသဖြင့် ခနုဗျောသည် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာ တစ်မျိုးဟု ယူဆမိပါသည်။

ခနုမောင်းကြီးဆိုင်းတီးခတ်မှုလည်း ရှိပါသေးသည်။ နှစ်ယောက်ထမ်းမောင်းတစ်လုံး၊ စည်တိုတစ်လုံး၊ လင်းခွင်းတစ်ချပ်၊ မောင်း တစ်လုံးဖြင့်တီးခတ်ရသော တူရိယာဖြစ်သည်။ ကလောမြို့နယ် အောင်ပန်းဒေသနေရာတချို့တွင်မြင်တွေ့နိုင်သည်။ ဘာသာရေးအခမ်းအနားများ တွင် မြိုင်ဆိုင်စွာတီးခတ်ကြသော ကြည်နူးဖွယ်သံသာပင်ဖြစ်သည်။

### ၁၄။ ကိုးကွယ်ယုံကြည်မှု

ခနုတိုင်းရင်းသားများသည် ရာနှုန်းပြည့် ဗုဒ္ဓဘာသာဝင်များဖြစ်သည့်အလျောက်ရတနာသုံးပါးကို လှိုက်လှဲစွာသက်ဝင်ယုံကြည်ကြသည်။ အိမ်တိုင်းတွင် ဘုရားခန်းကို သပ္ပါယ်စွာထားရှိကြပြီး ဗုဒ္ဓဆင်းတုတော်ကို ထားရှိ

ပူဇော်ကြသည်။ ကပ်လှူထားသော ဘုရားပန်းများ အမြဲလန်းဆန်းနေအောင်ထား သည်။ ဆွမ်း၊ ရေချမ်းများကိုလည်း နေ့စဉ်ဆက်ကပ်လှူဒါန်းရမှ စိတ်ချမ်းသာ ကြသည်။ လာဘ်လာဘများ ရွှင်လိမ့်မည်ဟု ယုံကြည်ကြသည်။ အခါကြီးနေ့ ကြီးရက်မြတ်များ ဘုရား ကျောင်း တက်ရာတွင် မိမိတို့ ရွာကျောင်းသာမက အခြားကျောင်းများအား (၁၀) ရက် (၁၅) ရက်တိုင်တိုင် လိုက်လံကန်တော့ကြ သော ဓလေ့ရှိကြသည်။ ဝါတွင်း၊ လပြည့်၊ လကွယ်၊ ဥပုသ်နေ့နှင့် အခါကြီး နေ့ကြီး၊ ရက်ကြီးများတွင် ဘုန်းတော်ကြီးကျောင်းများသို့ သွား ရောက်ကာ ရှစ်ပါးသီလ၊ ကိုးပါးသီလ ဆောက်တည် ဥပုသ်စောင့်ခြင်း ဓလေ့များ ရှေးအစဉ်အဆက်ကတည်းက ပြုလုပ်ခဲ့ကြသည်။

ရွာစောင့်နတ်၊ မြေစောင့်နတ်၊ ရေစောင့်နတ်၊ သာသနာစောင့်နတ်များကို ကိုးကွယ်ပသကြသည်။ (၃၇) မင်းနတ်ကိုးကွယ်မှု မရှိပါ။ အိမ်တွင်းနတ် ကိုးကွယ်ခြင်းမရှိပါ။ နတ်ကနားပေးခြင်းလည်း မပြုလုပ်ကြပါ။ နတ်ကခြင်း လည်းမရှိသော်လည်း ရွာတိုင်း ရွာအဝင်တွင် ရွာနတ်စင်(ကိုးမြို့ရှင်နန်း) များထားရှိကာ ပူဇော်ပသပါသည်။ တစ်နှစ်တစ်ကြိမ် ၊နှစ်ကြိမ်နတ်တက် ပွဲတွင် ပန်း၊ ဆီမီး၊ စားဖွယ်၊ သောက်ဖွယ်များဖြင့် တင်လှူပူဇော်ခြင်းသာ ပြုလုပ်ပါသည်။ တစ်နှစ်ပတ်လုံး ရွာအကျိုးကြည့်ရှုစောင်မပေးရန် ကြွေထုတ် ချ (ကြွေပစ်)ပြီး နိမိတ်ကောက်ယူသောဓလေ့ ရှိသည်။

သာသနာတော်နှင့်ပတ်သက်သောပစ္စည်းများကို ဘုရားစင်နှင့် မြင့်မြတ်သောနေရာတွင် သီးသန့်ထားကြသည်။ မိဘဆရာသမားများ၏ လက်ကျန်ပစ္စည်းများကိုလည်း အထွတ်အမြတ်ထားပါသည်။ ထိုသို့ပြုလုပ်ခြင်း ဖြင့် ကျေးဇူးဆပ်ရာရောက်ပြီး စီးပွားဖြစ်ထွန်းခြင်း၊ အန္တရာယ်ကင်းခြင်း၊ အကျိုးများရရှိနိုင်သည်ဟု ယူဆကြသည်။ ဘုရားပစ္စည်း၊ သံဃာပစ္စည်း ယူသုံးမိပါက ဗုဒ္ဓဂိုဏ်း၊ သံဃာဂိုဏ်း ခိုက်တတ်သည်ဟု ယူဆကြပါသည်။

**၁၅။ ရိုးရာအယူအဆ**

ယခုဘဝတွင် ကောင်းမွန်သော အရာများပြုလုပ်ပါက နောင်ဘဝတွင် လူ၊ နတ် အစ ရှိသော ကောင်းမွန်သည့် အရာများပြန်ဖြစ်လိမ့်မည်ဟု အယူအဆရှိကြသည်။ ကုသိုလ်ပြုလျှင် ကောင်းရာဘဝသို့ ရောက်မည်။ မကောင်းမှုပြုလျှင် မကောင်းသောဘဝရောက်ရှိမည်ဟု အယူရှိကြသည်။ စုန်းနှင့်ပတ်သက်၍ ဝမ်းတွင်းပါ စုန်းအတတ်တတ်သောသူရှိသည်ဟု ယူဆသည်။ ကဝေနှင့်ပတ်သက်၍ စုန်းအကြီးစားဖြစ်သည်။ အောက်လမ်းပညာဖြင့် ဖမ်းစားတတ်သည်။ လူကိုဖျားနာစေရန်ဥပဒ်ပေးတတ်သည်။ ယနေ့အချိန်ထိ သက်ဝင်ယုံကြည်လျက်ရှိသေးသည်။ သို့သော် ရတနာသုံးပါးဆည်းကပ်သူကို မည်သို့မျှ မပြုလုပ်နိုင်ဟု ယူဆကြသည်။

နတ်နှင့် ပတ်သက်၍ သမ္မာဒေဝနတ်နှင့် မိစ္ဆာနတ်ဟူ၍ နှစ်မျိုးရှိကြောင်းယူဆပြီး နှစ်မျိုးစလုံးကို အလေးထားကြသည်။ ကြောက်တတ်ကြသည်။ နတ်စင်၊ နတ်ကွန်းအနီးအပါးဝန်းကျင်ရှိ သစ်ပင်ကြီးများဖုံးလွှမ်းနေခြင်းကို ကြည့်ခြင်းအားဖြင့် သိနိုင်သည်။ နတ်စင်အဟောင်းနေရာများကို သမိုင်းစင်ဆိုးဟုခေါ်သည်။ မိမိတို့နေအိမ် ဥရုတိုင်ထောင့်တွင် သန့်ရှင်းစွာထားကြသည်။ ထမင်းအိုးမွှေသည့် ယောက်မအား မည်သည့်နေရာမှ မတီးရ၊ မခေါက်ရ အယူအဆရှိသည်။

**၁၆။ အတိတ်နိမိတ်**

ရွာအတွင်း ငှက်ဆိုးနှင့် ကျီးကန်းများ အော်မြည်လျှင် မကောင်းဟု သတ်မှတ်ကြသည်။ ဇီးကွက်အိမ်ထဲဝင်လျှင် လာဘ်များသည်ဟု သတ်မှတ်သည်။ ပဒူ၊ ပျားစွဲခြင်း၊ ခလုတ်တိုက်ခြင်း၊ အိမ်တွင်းပစ္စည်းများကွဲကျခြင်း၊ အချိန်အခါ မဟုတ် တစ်ခုခုဖြစ်ခြင်းများ အတိတ်နိမိတ် ကောက်ယူတတ်ကြသည်။

အိပ်မက် မြင်မက်ခြင်း၊ အသားလှုပ်ခြင်းများကိုလည်း ကောင်းခြင်း၊ မကောင်းခြင်းဖြင့်ထင်ခြင်း အတိတ်ကောက်ယူတတ်ကြသည်။ ရွာအဝင်လမ်းတွင် ပေါက်ပြား၊ ထွန်ခြစ်၊ ထင်းတုံး၊ သစ်တိုသစ်စအစရှိသည်များကို တွတ်ပြီး ဆွဲမိပါက ရွာနာသည်ဟု ယူဆကြသည်။

## ၁၇။ ရက်ရွေးချယ်ခြင်းနှင့်ရှောင်ကြဉ်ခြင်း

မည်သည့်အမှုကိစ္စကိုမဆိုဆောင်ရွက်ရာတွင် 'ရက်ရာဇာ' ကိုရွေးပြီး ဆောင်ရွက်တတ်ကြသည်။ (၇)ရက်သားသမီးများအနေဖြင့် မိမိတို့၏ မွေးရက်၊ မွေးနေ့များကိုရွေးပြီး ကုသိုလ်ကောင်းမှုပြုတတ်ကြသည်၊ နေ့ထူး၊ နေ့မြတ်များတွင် အကုသိုလ်အမှုကိုရှောင်ကြဉ်ကြသည်။ကုသိုလ်ပြုခြင်း၊ အိမ်ဆောက်ခြင်း၊ ခရီးထွက်ခြင်းစသောကိစ္စများဆောင်ရွက်ပါက ပြဿဒါးရက်၊ ဝါရမိတ္တုရက်၊ ကမ္ဘာရက်ကြမ်းများကို ရှောင်ကြဉ်ကြပါသည်။

အသုဘချရာတွင် နံနက်နေထွက်ဆဲ၊ နေ့လည်မွန်းတည့်၊ နေဝင်ဆဲ အချိန်များတွင် သင်္ဂြိုဟ်ခြင်း ရှောင်ကြဉ်ကြသည်။ အရှေ့ဘက် (၆) ဦး၊ အနောက် (၄)ဦး ခရီးသွားခြင်းရှောင်ကြဉ်ကြသည်။ နဂါး ခံတွင်းဘက်ဦးတည်၍ ခရီးသွားခြင်းကိုလည်းကောင်း၊ အိုးပြောင်း၊ အိမ်ပြောင်းခြင်းကိုလည်းကောင်း ရှောင်ကြဉ်ကြသည်။ မိသားစုဝင်များ တစ်ရက်တည်း၊ တစ်ချိန်တည်း အရှေ့၊ နောက်၊ တောင်၊ မြောက် ဆန့်ကျင်ဘက်ခရီးထွက်မှုများကို ရှောင်ကြဉ်ကြသည်။ ရပ်ရွာအတွင်း နာရေး(ရွာထမ်းပိုးကျိုး)ရှိပါက ခရီးမထွက်ကြပါ။ အိမ်အတွင်း လေချွန်ပါက လာဘ်ပိတ်သည်ဟု ယူဆကြသည်။

## ၁၈။ ကျမ်းကျိန်ဆိုခြင်း၊ သစ္စာပြုခြင်း၊ အဓိဋ္ဌာန်ပြုခြင်း၊ ကတိကဝတ်ပြုခြင်း

မမှန်မကန်ပြောဆို၊ ပြုလုပ်၊ အားထုတ်ပါက 'ကျမ်းစူးပါစေသား' ဟု ကျမ်းကျိန်တတ်ကြသည်။ ဤကိစ္စမှန်ကန်ပါက 'ကောင်းကျိုးချမ်းသာများ

မုချ ခံစားရပါစေသား’ ဟုဆုတောင်းတတ်ကြသည်။

ကုသိုလ်ကောင်းမှုလုပ်ပြီးတိုင်း ‘ နိဗ္ဗာန်ကို မျက်မှောက်ပြုရပါလို၏ဘုရား’ ဟု သစ္စာပြုကြသည်။ ကောင်းမှုကုသိုလ်ပြုတိုင်းလည်း ‘ တောင်းတဲ့ဆုပြည့်ရပါစေ’ ဟု အဓိဋ္ဌာန်ပြုကြပါသည်။ရပ်ရွာတိုးတက်အောင်ဆောင်ရွက်ရာတွင်လည်းကောင်း၊ အရောင်းအဝယ်၊ ငွေပေးငွေ ယူပြုလုပ်ရာတွင်လည်းကောင်း ‘ကတိကဝတ်’ များအတိုင်း ဆောင်ရွက်ကြသည်များရှိသည်။

### ၁၉။ ဆွေမျိုးတော်စပ်မှု

ရှေးအခါက တစ်ဝမ်းကွဲ၊ နှစ်ဝမ်းကွဲမောင်နှမများ လက်ထပ်ထိမ်းမြားခြင်း မရှိပါ။ ဆွေမျိုးတော်စပ်လျှင်ပင် မယူကြပါ။သီးခြားသတ်မှတ်ထားခြင်းမရှိဘဲ ရိုးရာအစဉ်အလာအရ မယူကြခြင်းသာဖြစ်သည်။ ဆွေမျိုးသားချင်းအိမ်ထောင်ပြုမိပါက အသက်ရှည်သော်လည်း ဘုန်းမကြီး ဘုန်းကြီးသော်လည်းအသက်မရှည်ဟု ယူဆကြသည်။

### ၂၀။ အပျို၊ လူပျိုဆက်ဆံရေး

ရှေးအခါက အပျိုလူပျို ချစ်ရေးကြိုက်ရေးများကို မာယာ (မယ်ယာ)ကြိုးချင်းများရေးဖွဲ့စပ်ဆို၍ အသုံးပြုခဲ့ကြသည်။ (နောက်အခန်းတွင် အကျယ်တဝင့်ဖော်ပြထားသည်။) အပျိုလှည့်လာသော လူပျိုအား၊ ကွမ်း၊ ဆေး၊ လက်ဖက်တို့ဖြင့် ဧည့်ခံတတ်သည်။ မိဘမောင်နှမများက အလိုက်သိစွာရှောင်ပေးတတ်ကြသည်။ သဘောကြည်ဖြူမှသာ တစ်ဦးနှင့်တစ်ဦး မေတ္တာပြီး ထိမ်းမြားခြင်းအမှုကို ဆောင်ရွက်ကြသည်။

## ၂၁။ ထိမ်းမြားခြင်းအမျိုးမျိုး

နှစ်ဘက်သဘောတူညီပါက လူကြီးစုံရာများနှင့် လက်ဖက်စားစေပြီး တောင်းရမ်းသမှုပြုသည်။ မင်္ဂလာရက်သတ်မှတ်သည်။ ရပ်ရွာလူကြီးကို အပ်နှံပြီး မင်္ဂလာပွဲကျင်းပစေပါသည်။ မင်္ဂလာပွဲကို အတူလိုက်ပါမည့် နေရာတွင်ပြုလုပ်သည်ကများပါသည်။ ရတနာ(၃)ပါး အနန္တော၊ အနန္တ(၅)ပါးကို ဦးထိပ်ပန်ဆင် ဆွမ်းကပ်ပြီးမှသာ မင်္ဂလာပွဲကျင်းပသည် ။ သံဃာတော်များက ဩဝါဒချီးမြှင့်သည်လည်းရှိသည်။ ဘိသိက်ဆရာမှ မင်္ဂလာစကားချီးမြှင့်သည် လည်းရှိပါသည်။ မြို့လူတန်းစားများအတွက် ခန်းမများတွင်သာ ဆောင်ရွက်ကြသည်။ တောရွာကလေးများတွင် ထိမ်းမြားမင်္ဂလာပြုသည်ကို လက်ဖက်စားသည် ခေါ်ဝေါ်ကြသည်။

မင်္ဂလာပွဲတွင် ရွှေကြိုး၊ ငွေကြိုးတားသည့် အလေ့အထများ၊ မင်္ဂလာခန်းကိုသော့ခတ်သည့်အလေ့အထများ၊ ကင်းဆီးသည်ဟုခေါ်သော အပျော်တောင်းသည့် အလေ့အထများ၊ လူပျို အပျိုကြေးတောင်းသည့်အလေ့အထများ၊ မင်္ဂလာအထိမ်းအမှတ်အဖြစ် ရွာအတွက်လှူဒါန်းပေးသည့်ဓလေ့များ၊ မင်္ဂလာငှက်ပျောအုပ်ကိုင်၍ ဆွေမျိုးမိဘများအား လိုက်လံကန်တော့သည် အလေ့အထများရှိကြသည်။ ရပ်ရွာအတွင်းမှ ကန်တော့ခံလူကြီးများအား သီးသန့်ဖိတ်ကြားပြီး မင်္ဂလာပွဲနေ့တွင် ဆုတောင်းမေတ္တာ ခံယူဓလေ့များလည်းရှိသည်။

## ၂၂။ အမည်ပေးကင်ပွန်းတပ်ခြင်း (အောင်ငဲလက်ရေပေးခြင်း)

မနုတိုင်းရင်းသားများသည်မွေးကင်းစယောကျ်ားလေးကို အောင်ငဲဟုလည်းကောင်း၊ စကားပြောတတ်စ အရွယ်ရောက်လာပါက အောင်နီသငယ်ဟုလည်းကောင်း၊ အရွယ်ရောက်လာပါက အောင်နီဟုလည်းကောင်း ခေါ်လေ့ရှိသည်။ မွေးကင်းစ မိန်းခလေးကို မိငဲဟုလည်းကောင်း၊ စကားပြောတတ်စအရွယ်

ရောက်လာပါက မိနီသငယ်ဟုလည်းကောင်း၊ အရွယ်ရောက်လာပါက မိနီဟု ချစ်စနိုးခေါ်သည့် အလေ့အထရှိကြပါသည်။

အရွယ်ရောက်လာပါက အဖိုးအဖွားကအစ၊ နားလည်သည့် ဆရာ မား တွက်ချက်ကာ ရက်ရာဇာရွေးပြီး နာမည်ပေးလေ့ရှိကြသည်။ မိတ် ဂ်ဟ ဆွေမျိုးမိဘများအား ကျွေးမွေးဧည့်ခံပေးသည်။ ကြွရောက်လာသူများ လည်း ကလေးငယ်ကို လက်ဖွဲ့ပေးပြီး ဆုမွန်ကောင်းတောင်းပေးကြသည်။ နုတိုင်းရင်းသားများက အောင်ငဲလက်ရေပေးသည်ဟု တချို့ဒေသများ၌ လေးကင်ပွန်းစားသည်လည်း ခေါ်ကြပြန်သည်။

လက်သည်ဝမ်းဆွဲဆရာမကို ကျေးဇူးဆပ်သည့်အနေဖြင့် ကန်တော့ က်ရေပေးသည့်ဓလေ့ကို ကလေးကင်ပွန်းတပ်ခြင်းဟု ခေါ်သည်။ လက်ရေ ပေးရသေးပါက ကလေးကို လက်သည်က ပိုင်သည်ဟု အယူရှိကြသည်။ ခင်နှင့်ကလေးက လက်သည်အား ကန်တော့ လက်ရေပေးပြီးသောအခါ က်သည်က ကလေးကို မိခင်လက်သို့ အပ်ရသည်။ လက်ရေပေးခြင်း သည် လက်သည်၏ လက်အစုံကို တရော်ကင်ပွန်းရည်များဖြင့် ဆေးပေး င်းပင်ဖြစ်သည်။

**၅။ ရှင်ပြု၊ နားသ အလှူမင်္ဂလာပွဲကျင်းပပုံ**

ဓနုတိုင်းရင်းသားများသည် ရာနှုန်းပြည့် ဗုဒ္ဓဘာသာဝင်များဖြစ်သည့် လျောက် သားယောက်ျားမွေးဖွားလာပါက ရှင်ပြုရန် အဓိကစဉ်းစားကြသည်။ သက်(၁၀)နှစ်ကျော်လာလျှင် မိမိတို့ကိုးကွယ်သော ဘုန်းတော်ကြီးကျော ျား၌သင်္ကန်းတောင်းများသင်ကြားပေးရန် ကန်တော့ပွဲနှင့်သွား ပ်နှံလေ့ရှိသည်။ ထို့နောက် အစဉ်အလာအရ ရပ်ရွာအကြီး မျိုးသား၊ အမျိုးသမီး ခေါင်းဆောင်များအား မိမိနေအိမ်သို့ ဖိတ်ကြား ကြိုးကြပ်စီမံပေးရန် တိုင်ပင်ကြပါသည်။ ဒေသစကားအရ 'ပွဲအပ်သည်'

'ပွဲတိုင်းသည်' ဟုဟူ၍ ခေါ်ကြသည်။ တဆက်တည်းဆိုသလို နေ့ကောင်းရက်သာ ရွေးပြီး ကျင်းပပြုလုပ်မည့် ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်လျှောက်ထား ကြပါသည်။

တစ်ဦးချင်းပြုလုပ်ခြင်းထက် အများနှင့်ပူးပေါင်း ပြုလုပ်ကြသည်။ ငွေကြေး အဆင်ပြေသူများက ပွဲဦးစီးအဖြစ်ကျင်းပပြီး နောက်ပါ မိတ်ဆွေ တစ်သင်းနှင့် ပျော်ရွှင်ချမ်းမြေ့စွာ ကျင်းပကြသည်။ တစ်ဦးချင်းပြုလုပ်ကြ သည်လည်းရှိ၏။ အလှူ့ဝင်ရက် ပွဲကြီးရက်ဟူ၍ (၂) ရက်ကျင်းပ သည်က များ၏။ အလှူ့ဝင်ရက်သည် ရှင်လောင်းလှည့်ရက်ဖြစ်ပြီး ပွဲကြီးရက်သည် ဧည့်ခံ၊ တရားနာရက်ဖြစ်သည်။ မြို့တော်ဝင်ရက်နှင့် ကျောင်းတော်ဝင်ရက် ဟူ၍လည်း ခေါ်ကြသေးသည်။ သားယောကျ်ားရှင်များ ပျော်ရွှင်ကြည်နူးမှု အပြည့်ရရှိသော အလှူဒါနတစ်ခုလည်းဖြစ်သည်။ သမီးရှိပါကလည်း နားထွင်းမင်္ဂလာကို ပူးတွဲကျင်းပကြသည်။ အလှူပွဲပြုလုပ်ရာသို့လည်း တစ်ရပ်လုံး၊ တစ်ရွာလုံး ပူးပေါင်းကူညီကြပြီး ကျရာအခန်းကဏ္ဍမှ တာဝန် ကျေပွန်စွာ ဆောင်ရွက်ပေးကြသည်။

တစ်သက်တစ်ကြိမ် ပျော်ရွှင်ကြည်နူးမင်္ဂလာယူချိန်ဖြစ်၍ အထူးဂရု တစိုက် ပြင်ဆင်ကြသည်။ မလိုလားအပ်သော အတိုက်အခိုက်အနှောက်အယှက်၊ အန္တရာယ်ကင်းစေရန်အတွက်လည်း ကြိုတင်ဆုတောင်းကြသည်။ ထို့ကြောင့် မြို့စောင့်နတ်၊ တောစောင့်နတ်၊ ရွာစောင့်နတ်၊ အစရှိသော မမြင်နိုင်သည့် အရာများကို တိုင်တည်ပူဇော်ပသကြသည်။ ဆရာသမားများအားပင့် ဖိတ်ပြီး သာသနာပွဲ၊ ရှင်ဥပဂုတ္တပွဲ၊ နတ်ပွဲများ အလှူ့ဝင်ရက်မတိုင်မီကတည်းက ဆုတောင်းမေတ္တာပို့ ပသကြသည်။အလှူပွဲကြီးဖြစ်ပါက သာသနာပွဲ၊ ဘုရားပွဲ၊ သံဃာပွဲ၊ နယ်ရှင်ပွဲ၊ ဆရာပွဲဟူ၍ ပူဇော်ကြပြီး ပွဲငယ်ဖြစ်ပါက သာသနာပွဲ၊ ဘုရားပွဲ၊ နယ်ရှင်ပွဲဟူ၍ အားလုံးခြုံကာ သုံးပွဲတင်မြောက်ပသသော ဓလေ့ရှိသည်။ အစားအသောက်များအန္တရာယ်ကင်းစေရန်အတွက် မီးဖိုပွဲကို

လည်း ဖျင်ဖြူစထောင်ကာ ပွဲပေးခြင်းများလည်းပြုလုပ်ကြသည်။ ပွဲများကို လည်း အုန်း၊ ငှက်ပျော၊ ကွမ်း၊ ဆေး၊ လက်ဖက်၊ ဖယောင်းတိုင်၊ ပေါက်ပေါက်များ သစ်သီးများဖြင့်အလှတန်ဆာ ဆင်ကာပြုလုပ်ကြသည်။

အလှူဝင်ရက် (အလှူစံရက်)တွင် သာသနာ့အလံကိုင်မှ ဦးဆောင် ဦးရွက်ပြုပြီး နောက်တွင် ဓနုဗျောဝိုင်း၊ သက်ကြီးရွယ်အိုများ၏ ထီး၊ တံခွန်၊ ကုက္ကား၊ မုလေးပွား ကိုင်သူငါးဦး၊ ပရိတ်အိုး ရွက်သူ၊ ကွမ်းတောင်ကိုင်၊ ဒန်းတောင်ကိုင်၊ ဒေါင်းမြီးကိုင် အဖွဲ့များ၊ ရှင်ဒါယကာ + ရှင်ဒါယိကာမများ၊ နတ်မြင်း နှစ်ကောင်၊ ပေါက်ပေါက်ပက်များ၊ ဓနုအိုးစည်တီးခတ်သူ အဖွဲ့များ၊ ရှင်လောင်းမြင်းနှင့် ပေါက်ပေါက်ပက် လှပျိုဖြူများ တန်းစီလျက် မြို့တွင်း၊ ရွာတွင်းလှည့်လည်ပြီး ရှင်လောင်းများကို ရပ်ရွာ၏ ဘိုးတော်နတ်စင်၊ မယ်တော်နတ်စင် အထိသွားရောက် နတ်ပြကြသည်။

ရှင်ပြု နားသမင်္ဂလာကို ကလေးများစာသင်ကျောင်းပိတ်ချိန်မှစတင်၍ ကျောင်းပြန်မဖွင့်မီ မေလအထိကျင်းပကြသည် ငွေကြေးပြည့်စုံသူများ အနေဖြင့်အလှူစံကိုချဲ့ထွင်ကျင်းပကြသည်။ ဆင်စီးမြင်းရံကျင်းပကြသည်။ ဂုဏ်ဝင်း၊ ရတနာပုံဝင်း၊ ရာဇာဝင်း၊ ဒေဝါဝင်း အသီးသီးဖြင့် ထည့်သွင်းကြသည် တိုင်းရင်းသားတူညီဝတ်စုံများဖြင့်လည်း လှည့်လည်ကြသည်။ ကျောင်းတော်သို့ရောက်သော် ဆရာတော်ရှေ့မှောက် ဧည့်ပရိသတ်များနှင့် အတူ ကန်တော့ကြသည်။ သင်္ကန်းတောင်းပြီး ဆရာတော်က ခွင့်ပြုသဖြင့် သင်္ကန်းစည်းပေးသည်။ ပရိတ်တရားတော်နာယူ ရေစက်ချအမျှပေးဝေပြီး ရှင်သာမဏေအဖြစ် ရောက်ရှိပါတော့သည်။ အလှူပွဲတွင် လာရောက်လုပ်ကိုင်သူ အစုအဖွဲ့အလိုက် မီးဆူခံခြင်း၊ ကင်းဆီးခြင်း ဓလေ့လည်းရှိသည်။ နောက်တစ်နေ့တွင် အောင်ပွဲအဖြစ်ကျင်းပကြပြီး သံဃာတော်များကို အောင်ချမ်းအဖြစ် ဆက်ကပ်လှူဒါန်းကြသည့်ဓလေ့ ရှိပါသည်။

## ၂၄။ အမွေခွဲဝေပုံ

မနုတိုင်းရင်းသားများသည် မိဘနှင့်သားသမီး၊ ဆွေမျိုးသားချင်း အမွေဆက်ခံခြင်းနှင့် ပတ်သက်၍ မြန်မာကဲ့သို့ပင် အကြီးအငယ်မခွဲခြားပဲ တန်းတူရည်တူ ခွဲဝေဆက်ဆံခွင့်ရှိသည်။ ကိတ္တိမသား၊ သမီးတို့သည်လည်း တန်းတူဆက်ခံပိုင်ခွင့်ရှိသည်။ မိဘများမကွယ်လွန်မီ အမွေခွဲဝေပေးခဲ့ပါ ကလည်း သားသမီးများက သဘောတူလက်ခံသော အစဉ်အလာရှိသည်။

မိဘကွယ်လွန်ပြီးပါကလည်း ချို့တဲ့သော မောင်နှမများကို ဦးစားပေး ခွဲဝေကြသည်။ ကြည်ဖြူသည်ကိုလည်းတွေ့ရှိရသည်။ မိဘကွယ်လွန်ပြီး အိမ်ထောင်မပြုရသေးသူများရှိပါက ထိုသူများအိမ်နှင့်အိမ်တွင်းပစ္စည်းများ ရရှိကြောင်းလေ့လာတွေ့ရှိရသည်။ မိသားစုအတွင်း ပြေလည်ကြသည်ကများ၏။ အနည်းစုသာပြဿနာရှိကြသည်။ အိမ်ထောင်သည်များအတွက် လင်သေလျှင် မယားရ၊ မယားသေလျှင်လင်ရ ထုံးစံရှိသော်လည်း ငယ်ပေါင်းမဟုတ်ပဲ ကြီးပေါင်းဖြစ်ပါက သားသမီးပါလာခဲ့လျှင် သက်ဆိုင်သော အမွေများအားခွဲဝေ ပေးလေ့ရှိသည်။ လင်သေလျှင် မယားစားရသော ထုံးစံရှိ၍ မယားဘက်မှ အမွေဆက်ခံသူ မရှိခဲ့လျှင် လင်ယောကျ်ားဘက်မှ အမွေဆက်ခံနိုင်သူများကို အမွေပြန်ပေးလေ့ရှိသည်။

## ၂၅။ လက်ဝတ်တန်ဆာများ

အမျိုးသားများ ရွှေကြယ်သီး (ချေးခံကြယ်သီး)ရွှေကြိုးပါ၊ ရွှေလည်ဆွဲ၊ ရွှေနားပန်၊ ရွှေလက်စွပ်၊ ရွှေမျှော့ဝန်းလက်ကောက်၊ ဘော်မျှော့ဝန်း လက်ကောက်ဝတ်ဆင်ကြသည်။ တချို့ဝတ်ဆင်နေကြဆဲရှိသည်။ အမျိုးသမီး များမှာ ရွှေရင်ထိုး၊ ရွှေနားတောင်း၊ ရွှေလည်တုံ၊ ရွှေဒင်္ဂါးပြားဆွဲကြိုး (ရွှေဆွဲဆက်ကြိုး)၊ လက်ကောက်၊ ရွှေခြေချင်း၊ ရွှေလက်စွပ်၊ ရွှေခေါင်းဖီး၊

ရွှေခံထိုး၊ ဖက်လိပ် နားတောင်းများ ဝတ်ဆင်ကြသည်။ အဖိုးတန်ကျောက်မျက် ရတနာများဖြင့်လည်း တန်ဆာဆင်ဝတ်ဆင်ကြသည်။

ရတနာပစ္စည်းများကို မိဘများက သားသမီးများအား ဘေးအန္တရာယ်နှင့် အနာရောဂါကင်းစင်ပပျောက်စေရန်ရည်ရွယ်ပြီး ငယ်စဉ်ကတည်းက ဆင်မြန်းပေးကြသည်။ အဆိုပါ လက်ဝတ်ရတနာပစ္စည်းများကို ဘော်ဖလား၊ ယွန်းအစ်များဖြင့်ထည့်၍ ဆုတောင်းကာ ဝတ်ဆင်ပေးကြသည်။ တနည်းအားဖြင့် ခမည်းပေးသည်ဟုလည်း ခေါ်သည်။ ကလေးတစ်နှစ်သား (အခါလည်) တွင် ရွှေမောင်း၊ ရွှေလက်ဖွဲ့ ကြိုးများကိုလည်း ရောဂါကင်းစင်စေရန် ရည်ရွယ်၍ ဝတ်ဆင်ပေးသည့် ဓလေ့ရှိသည်။

**၂၆။ အသုဘဆိုင်ရာဓလေ့များ**

ရွာ၏ ဘုမ္မိအရပ်တွင် သင်္ချိုင်းထားကြသည်။ လူတစ်ယောက် သေဆုံးပါက ရေချိုးအဝတ် အစားလဲလှယ်ပေးပြီး သံဃာတော်တစ်ပါးဦးစွာ ပင့်ဖိတ်ကာ မိသားစုဆွေ့သည်အချို့နှင့် သက်ပြတ်တရား ဦးစွာနာကြားသည်။ ပြီးမှ အသုဘရုပ်အလောင်းထားရှိမည်နေရာအား တင့်တယ်အောင် ပြင်ဆင်ကြသည်။ ရွာထဲတွင် နာရေးရှိပါက နို့စို့ကလေးများအပြင်ထွက်လာက တံတွေးဆွတ်ပြီး ဖနောင့်ဖြင့်တို့ကာ ကလေး၏နဖူးထိပ်တို့ပေးသည် (ဖနောင့်စာပေးသည်ဟု ခေါ်ကြ၏။) တစ်ဦးသေဆုံးပါက တစ်ရွာလုံးပျံ့နှံ့သိသွားကြသည်။ ဖိတ်ကြားစရာမလိုဘဲအနီးအနားရွာများကပါ သိရှိကြသည်။ အသုဘရှုလာကြသည်။ အကူငွေများထည့်ဝင်ပေးကြသည်။ သွေးသောက်ဝတ် (ကတိကဝတ်) ထည့်သည်ဟုပြောကြ၏။ သေဆုံးသူအလောင်းအား (၃)ရက်ထားလေ့ရှိပြီး ရပ်ဝေးဆွေမျိုးများရှိပါက စုံညီစွာရောက်သည်အထိထားကြသည်။ အခါကြီး၊ နေ့ကြီးဟု သတ်မှတ်ထားသည့်ရက်များနှင့် လကွယ်နေ့သေဆုံးပါက

အလောင်းကို ရက်မကူးပဲ သင်္ဂြိုဟ်လေ့ရှိသည်။ လမကူးစေချင်သော အယူကြောင့်ဖြစ်သည်။ အစိမ်းသေဖြစ်ပါက ရွာအပြင်တွင် ထားရှိသည်။

အသုဘချရာတွင် နံနက်နေထွက်ဆဲအချိန်၊ နေမွန်းတည့်အချိန်နှင့် နေဝင်ဆဲအချိန်တို့တွင် သင်္ဂြိုဟ်ခြင်းမပြုပါ။ အသုဘရှုစောင့်ကြည့်ရန်အတွက် ဝါသနာပါသူတချို့က ဖဲကစားရင်း စောင့်ပေးကြသည်။ အနံ့အသက်ကင်းစေရန်အတွက် ကျောက်ဖရုံသီးအပေါက်များဖေါက်ပြီး အလောင်းအနီးအနားတွင် ထားပေးသည်။ မကောင်းသောအနံ့အသက်များကို ကျောက်ဖရုံသီးက စုပ်ယူခြင်းကြောင့်ဖြစ်သည်။ ဘဝကူးကောင်းရန်အတွက် ငွေမတ်စေ့များ ပါးစပ်အတွင်း ထည့်ပေးသည်။ ခြေမနှစ်ဖက်ကို ကြိုးချည်ပေးကြသည်။ ရှေးရှေးတုန်းက 'အပ' ဝင်သည့် ကိစ္စများရှိခဲ့သဖြင့် သေသူကို ချုပ်ပေးခြင်း သဘောနှင့် ခြေမကြိုးချည်ပေးခြင်းဖြစ်သည်။ တချို့ရွာများ၌ ငှက်ပျောတုံးများနဲ့ အလောင်းစင်တင်ကုတင်များလည်း ယနေ့တိုင်ပြုလုပ်ဆဲဖြစ်သည်။ ရပ်/ကျေး တစ်ခုအတွင်း အသုဘနှစ်လောင်းကြုံပါက နောက်မှသေသူကို ဦးစွာ သင်္ဂြိုဟ်ရသည်။

ရပ်အလောင်းသင်္ဂြိုဟ်သည်နေ့ အိမ်အပြင်မရောက်မီ မိသားစုဝင်အားလုံးကို အသက်ရွယ်ကြီးသူက လိပ်ပြာခွဲပေးတဲ့ဓလေ့ရှိသည်။ သေသူနှင့် ကျန်ရစ်သူမိသားစု လုံးဝမသက်ဆိုင်တော့ကြောင်း အသိအမှတ်ပြုပေးခြင်းဖြစ်သည်။ ရပ်ရွာ၏ ဘုရားဒကာ၊ ကျောင်းဒကာ၊ ထင်ပေါ် ကျော်ကြားသူ၊ သက်ကြီးရွယ်အိုများကွယ်လွန်ပါက လှည်းယာဉ်ပြာသာဒ်၊ ရွှေထီးများဖြင့် ခမ်းနားစွာ သင်္ဂြိုဟ်ပေးခြင်းလည်း ရှိပါသည်။

သင်္ဂြိုဟ်မည့်နေ့ရက်အချိန်ရောက်ပါက သေသူအတွက်ပြုလုပ်ထားပေးသော လှေကားငယ်ဖြင့်ဆင်းနိုင်အောင် စီစဉ်ကြ၏။ အခေါင်းမလုပ်နိုင်သူများအတွက် ဖျာလိပ်ပတ်ကြိုးချည်ကာသုသာန်သို့ ပို့ဆောင်၏။ ယခုနောက်ပိုင်းအရပ်ကဝိုင်းကူသဖြင့် မရှိသလောက်ဖြစ်သွား၏။ အိမ်ပြင်ပရောက်ပါက

ပြာဖြူးရေအိုးခွဲကြ၏။ ကုလားဖျင်းအား စတိဖျက်ကြ၏။ သုသာန် ဇရပ်တွင် ပင့်ဖိတ်ထားသော သံဃာတော်များအား သေဆုံးသူအတွက် ဘဝကူးကောင်းမွန်ဆရန် ငါးပါးသီလခံယူ၊ သရဏဂုံတင် အလှူရေစက်ချတရားနာယူပြီးမှ အလောင်းအား မြေတွင်းထဲမြှုပ်နှံကြ၏။ သေသူ၏ အဝတ်များကို ဓါးဖြင့်ခွဲ၍ ဆားတစောင်းထားမြှုပ်နှံသည်။ မြေတွင်းရှေ့တွင် ဦးခေါင်းဖြင့် 'အနိစ္စ, ဒုက္ခ, အနတ္တ' သုံးကြိမ်ရွက်ဆိုဦးတိုက်ပြီးမှ အခေါင်းအား မြေတွင်းထဲချ၏။ အခေါင်းပေါ်တွင် မြေမဖုံးမီကြိုးတစ်ချောင်းတင်ကာ မြေမြှုပ်၏။မြေမြှုပ်ပြီးမှ ငှင်းကြိုးအား နောက်ပြန်ဆွဲတဲ့ဝေ့ရှိကြ၏။ သေဆုံးသူအတွက် လေရှူပေါက်ဆေးခြင်းဖြစ်၏။ အချို့ကအခေါင်းကို စတိသဘော ဓားဖြင့်သုံးချက်ဖောက်ပေးကြ၏။ လိုက်ပါပို့ဆောင်သူများက အသုဘအိမ်တွင် ခြေလက်များကို တရော်ကင်ပွန်းရည်ဖြင့်ဆေးပြီးမှသာ မိမိနေအိမ်သို့ပြန်ကြပါသည်။

ခနွဲမြို့နယ် (၅) မြို့နယ်ရှိရာ 'တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်အန်း' တချို့အနည်းငယ်ကွဲလွဲကြ၏။ တချို့အယူသီးလွန်းသောကိစ္စများလည်း ရှိကြ၏။ ယနေ့တိုးတက်လာသော ခေတ်စနစ်ကြောင့် မီးသင်္ဂြိုဟ်စက်များ၊ လူသေအလောင်းရေခဲသေတ္တာများ အလောင်းတင်နိဗ္ဗာန်ယာဉ်များ ရှိလာမှုကြောင့် တချို့ပြောင်းလဲလာသော်လည်း အယူသီးမှုများစွာကို မစွန့်လွှတ်ရဲရှိနေကြသေးသည်။

သင်္ဂြိုဟ်ပြီးရက်လည်ဆွမ်းကို ရက်သတ္တတစ်ပတ်အတွင်းပြုလုပ်ကြသည်။ ကွယ်လွန်သူကိုရည်စူးပြုလုပ်သော အလှူဒါနဖြစ်ပါ၍ ဆွမ်းမကပ်မီအကြိုညနေကတည်းက သုသာန်သို့ သွားရောက်ပြီး သစ်ကိုင်းတစ်ခုကိုချိုးကာ သွားရောက်ဖိတ်ခေါ်ပါသည်။ ဘုရားခန်းရှေ့ဘေးနေရာတွင် ဖိတ်ခေါ်ထားသော ဝိဉာဉ်အား အိပ်ရာခင်း၊ ခေါင်းအုံး၊ စောင်တို့ဖြင့် အသေချာစီစဉ်ပေးထားရသည်။ မနက်သံဃာတော်များ ရောက်လာချိန်ရက်လည်ဆွမ်းသွတ်တရားတော်နာယူပြီး ရေစက်ချအမျှပေးဝေခြင်းဖြင့် ကောင်းမွန်ရာ

ဘုံဘဝသို့ ရောက်စေရန် ပြုလုပ်ပေးကြသည်။ ပြီးစီးပါက သစ်ကိုင်းအား သုသာန်သို့ ပြန်လည်ပို့ပေးကြသည်။

ရေစက်ချရေ၊ အစားအစာများကို သင်္ချိုင်းဝန်းကျင် ပက်ကြဲပေးပြီး ကုသိုလ်အမျှဝေပါသည်။ ဤဓလေ့ကို ယနေ့တိုင်ပြုလုပ်ဆဲ ဖြစ်သည်။ ယနေ့အချိန်ကိစ္စတစ်ခုအား မြန်မြန်ပြီးမြောက်စေရန် ရက်လည်ဆွမ်းသွတ်ကို သင်္ဂြိုဟ်သည့်နေ့(သို့)သင်္ဂြိုဟ်ပြီး နောက်တစ်နေ့တွင် အပြီးလုပ်ကြသည်က များပါ၏။တချို့ဒေသများတွင် လနှင့်ချီကြာပြီးမှ ရက်လည်ဆွမ်းသွတ်သည်များလည်းရှိကြ၏။ အသုဘအခမ်းအနားကို 'ရှေ့ကိစ္စ'ဟုခေါ်ပြီး ဆွမ်းသွတ်ခြင်းကို 'နောက်ကိစ္စ'ဟု ဒေသသားများက ခေါ်ဆိုကြပါသည်။

မိမိတို့ကိုးကွယ်သော ကျောင်းထိုင်ဆရာတော်ကြီးများ၊ သက်တော်ကြီး၊ ဝါတော်ကြီး၊ ပညာတတ် ဦးပဉ္ဇင်းများ ပျံလွန်တော်မူပါက အန္တိမစျာပန အခမ်းအနားကို ကြီးကျယ်ခမ်းနားစွာ ကျင်းပလေ့ရှိသည်။ ရှေးအခါက မည်သည့်အချိန်၌ ပျံလွန်တော်မူသည်ဖြစ်စေ တောင်ယာလုပ်ငန်းခွင် အားလပ်ချိန်ဖြစ်သော ပြာသို၊ တပို့တွဲလများ၌သာ အန္တိမစျာပနပွဲကျင်းပနိုင်ရန် 'နိဗ္ဗာန်ကျောင်းချပွဲ'ကို ကြိုတင်၍ပြုလုပ်ကြသည်။ ထို့ကြောင့် ဆရာတော်များ ပျံလွန်တော်မူပါက ပွဲတော်ရက် ကြာမြင့်ကြလေသည်။

ယခုနောက်ပိုင်းမှသာ ရက်သိပ်မထားတော့ပေ။ ဆရာတော် ရုပ်ကလာပ် ထားရှိရာ နိဗ္ဗာန်ကျောင်းတော်ကိုလည်း ခမ်းနားစွာစီမံဆင်ယင်ကြသည်။ မီးသင်္ဂြိုဟ်နေ့တွင် လှည်းယာဉ်ကရဝိတ်အား တပည့်ဒါယကာ၊ ဒါယိကာမများက ကြိုးဖြင့်ဆွဲ၍ 'လုပ်တိုင်း' (ဘုန်းကြီးသင်္ချိုင်း)သို့ သယ်ဆောင်ကြသည်။ မီးသင်္ဂြိုဟ်ပြီး အရိုးကောက်ကာ ရပ်ရွာ၏ သီရိမြေနေရာတွင် ဂူဗိမာန်တည် ပေးကြသည်။

## ၂၇။ အသုံးအဆောင်များ

ဘုရားဆွမ်းတော်အုပ်၊ ဘုရားပန်းအိုး၊ ကွမ်းအစ်များကို ရှေးအခါက ကော်၊ ငွေပစ္စည်းများဖြင့် ပြုလုပ်၍ အသုံးပြုကြသည်။ အခြေခံလူတန်းစားများက မြေထည်၊ ကြွေထည်ပစ္စည်းများဖြင့် မီးဖိုချောင်သုံးပစ္စည်း အသုံးပြုကြသည်။ တစ်ပေခန့်အမြင့်ရှိ၍ ထမင်းစားရန် အသုံးပြုသော ယွန်းထည်ဒေါင်းလန်းကို အသုံးပြုကြသည်။ ဇကော(ဆန်ကော)၊ ဇကာ(ဆန်ခါ)၊ ယမား(စပါးလှေ့ရန်)၊ တံစဉ်၊ စလယ်တောင်း၊ ပြည်တောင်း၊ ခွဲတောင်း၊ တင်းတောင်း၊ ဖျာအကြမ်း၊ အချောများအသုံးပြုကြသည်။ လျှပ်စစ်မီးမရမီက ဖယောင်းတိုင်၊ ရေနံဆီမီး ခွက်များ အသုံးပြုကြသည်။

ဓါးရှည်၊ ဓါးမ၊ ဓားမရှည်၊ လှံရှည်၊ ဒူးလေး၊ ဝါးကိုင်းလောက်လေး၊ ပုဆိန်၊ ရဲတင်း၊ တူရွင်း၊ တန်းစောင်၊ ပေါင်းထိုး၊ စူးဆောက်၊ ပေါက်ပြား၊ ဓတ်(ခ)မြက်ရမ်းဓားမကောက်၊ ထွန်တုံး၊ ထွန်တံ၊ ထွန်ခြစ်၊ ထယ်သွား၊ တလိမ့်တုံး၊ ကျွဲ၊ နွား၊ ဓားမကုတ်များအသုံးပြုကြသည်။

ဝါးဘူး၊ ဝါးရေမှုတ်၊ ဝါးယောင်းမ၊ သစ်သားဆုံ၊ အပါအဝင် ဝါး ဖြင့် ပြုလုပ်ထားသောပစ္စည်းများ အသုံးပြုကြသည်။

## ၂၈။ လက်မှုပညာ

လယ်ယာသုံး၊ အိမ်တွင်းသုံးပစ္စည်းအများစုကို မိမိဒေသအတွင်း ပိုင်နိုင်စွာပြုလုပ်ကြသည်။ အခြားဒေသများအတွက် ဝါးခမောက်များ၊ ပန်း စက္ကူများ၊ အိုးများ၊ ဖျောက်ျိ(စောကု)များ၊ တံစဉ်များ၊ ထီးများ ထုတ်လုပ် ရောင်းချကြပါသည်။ အထူးသဖြင့် ပင်းတယ၊ ငှက်ပျောတောထီးနှင့်ပန်းစက္ကူ၊ အော်ယောအိုးလုပ်ငန်း နာမည်ကြီးပေသည်။ ခနုဒေသလုံးပိုးတောင်ရှာ တံစဉ်များပြည်မအထိပင် ပို့ဆောင်လျက်ရှိသည်။ ရှာင်မြို့နယ်ခြင်းလုပ်ငန်း နာမည်ကြီးခဲ့သည်။

## ၂၉။ ဓနုရိုးရာစကားပုံ၊ စကားထာ၊ ပုံပြင်၊သံချပ်၊မော်ချင်း၊ မယ်ယာနှင့်ကြီးချင်း ကဗျာများ

ဓနုတိုင်းရင်းသားများတွင် ရိုးရာစကားပုံ၊ စကားထာ၊ ပုံပြင်၊ သံချပ်၊ မော်ချင်း၊ မယ်ယာနှင့်ကြီးချင်း ကဗျာများများစွာ ရှိပါသည်။ နောက်အခန်းတွင် အကျယ်တဝင့်ဖော်ပြပေးထားပါသည်။

## ၃၀။ ကျေးရွာတည်ဆောက်ပုံနှင့် အိမ်တည်ဆောက်ပုံ

ရှေးအခါက ဓနုဒေသများတွင် ကျေးရွာတည်ဆောက်ပါက မြေစောင့်နတ်ကို ဗလိနတ်စာကျွေးပြီး ကျေးရွာတည်ဆောက်ခွင့် တောင်းပါသည်။ အစောင့်အရှောက်အဖြစ် နတ်မင်းကြီးလေးပါးကိုပင့်ဆောင်ပြီး ရက္ခစိုး၊ ဘုမ္မစိုး၊ အာကာသစိုးနတ်များအား တိုင်တည်သည်။ သံဃာတော်များကို ပင့်ဖိတ်ပြီး မြေနတ်ကမ္ဘဝါစာဖတ်ကာ အန္တရာယ်ကင်းပရိတ်တရားတော် နာယူသည်။ ဆူးချုံများကို ခုတ်ထွင်ရှင်းလင်းသည်။ ထို့နောက်ရွာတည်မည့်နေရာအား အလံဖြူတိုင်များစိုက်ကာ ကွက်စိတ်ရိုက်ထူထောင်သည်။ ရွာလယ်လမ်းမကို အထူးကျယ်ပြန့်စွာထားရှိသည်။ မင်းလျှောက်လမ်းအဖြစ် သတ်မှတ်သည်။

နေအိမ်ဆောက်လုပ်ရန်အတွက် ရက်ရာဇာကို ရွေးချယ်ပြီး ဥရုတိုင်ကို စရိုက်ပါသည်။ 'သစ်မင်း' ခေါ် သစ်တစ်မျိုးကို စို့အရွယ်ပြုလုပ်ပြီး ဥရုတိုင်၌ ရိုက်သွင်းကြသည်။ မကောင်းသောသစ်များ၊ လူကိုအန္တရာယ်ဖြစ်စေတတ်သော သစ်ကြမ်း၊ ဝါးကြမ်းများကို သစ်မင်းက ဖယ်ရှားပေးသည့် အယူဖြစ် ထည့်သွင်းခြင်းဖြစ်သည်။ အိမ်များဆောက်လုပ်ရာတွင် အကြီး၊ အသေးကွာခြားသည်မှတစ်ပါး ပုံစံတူဆောက်လုပ်သည်ကများသည်။ ဥရုတိုင်များတွင် အုန်း၊ ငှက်ပျော၊ သပြေ၊ မြေဇာ၊ လေးနှင့်မြားကိုအပေါ်ထောင်၍ အမွှေးနံ့သာများ၊ ဖျင်ဖြူ၊ ဖျင်နီပတ်၍ ရွှေမြားကပ်ပြီး စိုက်ထူကြသည်။ တချို့ ဥရုတိုင်

အောက်ခြေတွင် ရွှေ၊ ငွေ၊ ရတနာများကိုထည့်သွင်းစိုက်ထူပြီး အမွှေးနံ့သာများ ပက်ဖျန်းပေးသည်။

ငွေကြေးမတတ်နိုင်သူများက ဝါးအိမ်ဆောက်လုပ်ကြသည်။ အိမ်ဆောက်လုပ်ရာတွင်လည်း ရွာသူ၊ ရွာသားများက ဝိုင်းဝန်းကူညီကြသည်။ ဆောက်လုပ်ရာတွင် တောင်မြောက်အလျားလိုက်ပုံစံဖြစ်သော (နေကျော်) အိမ်များပြားလှသည်။ အမိုးမိုးပြီးမှ ကြမ်းခင်းပါသည်။

## ၃၁။ တိုင်းရင်းဆေးပညာ

ဓနုတိုင်းရင်းသားများသည် တစ်နှစ်ပတ်လုံး ကျန်းမာနေစေခြင်းအလို့ငှာ တန်ဆောင်မုန်းလပြည့်နေ့ နံနက်စောစောတွင် ဆေးခါးပွင့်(၇)ပွင့်ကို မျိုတတ်သောဓလေ့ရှိသည်။ နာမကျန်းဖြစ်ပါက နာဂဝီသ၊ ဓာတ်ဝင်ဆေးများကို တိုက်ကျွေးကြသည်။

အိမ်သုံးဆေးဝါးများအဖြစ် မီးပေါင်းတစ်ထောင်(ကြပ်ခိုး)၊ မြေပေါင်းတစ်ထောင်(မယ်ကြယ်အိမ်/နကျယ်အိမ်)၊ ပန်းပေါင်းတစ်ထောင်(ပျားရည်)တို့ကို ဆောင်ထားတတ်ကြသည်။

ထို့အပြင်ဝိဇ္ဇာဓရဆေးပညာ၊ ဒေသနာနယဆေးပညာများကိုလည်း အသုံးပြုကာ ရောဂါများကို ကုသပေးခဲ့ကြသည်။

## ၃၂။ ဆေးမင်ရည်စုတ်ထိုးခြင်း (ထိုးကွင်းထိုးခြင်း)

ရှေးဓနုတိုင်းရင်းသားများ ယောကျ်ားပီသစေရန် ဆေးမှင်ကြောင်၊ ထိုးကွင်းမှင်ကြောင်ထိုးသည့်ဓလေ့ရှိခဲ့သည်။ ရင်ဘတ်၊ ကျော၊ လက်မောင်း၊ လက်ပြင်၊ ပေါင်၊ ခြေသလုံးများတွင် အနက်ရောင်၊ အနီရောင် ဆေးမှင်ကြောင်များထိုးကြသည်။ ထိုးကွင်းမရှိပါက မိန်းမလျာအဖြစ် ကျီစယ်ခြင်းခံကြရသည်။

ဆေးမင်ကြောင်ထိုးရာတွင် ကျားရုပ်၊ ကြောင်ရုပ်၊ အင်းကွက် အစ ရှိသည်တို့ကို နေ့ကောင်းရက်သာရွေးပြီး၊ အုန်း၊ ငှက်ပျောပွဲ အစရှိသည် များဖြင့် ဆရာပွဲ၊ နတ်ပွဲများစီရင်၍ ထိုးကြသည်။ ကာယသိဒ္ဓိ (ဓါး၊ လှံ၊ သေနတ်ပြီးရန်) ပီယသိဒ္ဓိ(လူချစ်လူခင်ပေါရန်)များနှင့် ပယောဂများကို နှိမ်နင်းရန်အတွက် အထက်လမ်းမှော်ဆေးများကို ထိုးကြသည်။

ရေနံမှင်ကိုသတ်၍လည်းကောင်း၊ တရုတ်မင်တောင့်ကိုသော်လည်း ကောင်း၊ ဆေးအနက်ရောင်အဖြစ်အသုံးပြုပြီး ဟင်္သာပြဒါးကို အနီရောင်အဖြစ် အသုံးပြုသည်။

ဆေးမှင်ကြောင်ထိုးသည့်စုတ်မှာ အဖျားနှစ်ခွသာရှိပြီး ထိုးကွင်းထိုးနှံ သည့်စုတ်မှာ အဖျားခြောက်ခွ၊ ရှစ်ခွအထိရှိသည်။ စုတ်ကို ကြေးဝါဖြင့် ပြုလုပ်ကြသည်။

မနုဒေသတိုင်းတွင် ဆေးမင်ရည်စုတ်ထိုးဆရာများ ရှိကြသည်။ လွန်ခဲ့သောနှစ်ပေါင်း ၁၅၀ ခန့်က ကလောမြို့နယ်၊ ဘော်ဆိုင်းဒေသမှ ထမုံထွန်း၏အင်းကျမ်း၊ ရိုးရာဆေးမှင်ကြောင်ကျမ်းလာအရ အသုံးပြုသူ၊ ထိန်းသိမ်းခဲ့သူများ နာမည်ကြီးခဲ့သည်။ ရိုးရာဆေးမှင်ရည်စုတ်ထိုးမှုများ ယနေ့ခေတ်တွင် ကွယ်ပျောက်လုနီးဖြစ်နေသော်လည်း ကလောမြို့နယ်၊ ဘော်ဆိုင်းမှ ဆရာကြည်၊ အောင်ပန်းမြို့မှ ဆရာဦးမောင်မောင်တို့၏ စုတ်ချက်များ နာမည်ကြီးလျက် ရှိသေးသည်။

## ၃၃။ အုပ်ချုပ်ရေး (၅)မြို့နယ်

လက်လှမ်းမမီနိုင်သော တော်လှန်ရေးအစိုးရရှေ့ အုပ်ချုပ်ရေးအပိုင်းများ ကို ဓနုအများဆုံးနေထိုင်ရာ မြို့နယ်အလိုက် တင်ပြပေးထားပါသည်။

## သာမိုင်းခမ်းနယ်(ကလောမြို့နယ်)

သာမိုင်းခမ်းနယ်ကို လှငြိမ်း(၁၇၄၂)အုပ်ချုပ်ခဲ့ကြောင်း အခိုင်အမာ စတင်သိရှိရသည်။ ကြော့အကြီးအကဲအဆင့်ဆင့်မှ ငွေခွန်မှူးအဆင့်ထိ ရောက်ရှိလာသည်။ ငွေခွန်မှူး ငဖြူ(၁၇၈၃)၊ မောင်ရွှေပုံ(၁၈၀၂-၁၈၂၅)၊ မောင်ရွှေအေး (၁၈၂၅)၊ မောင်မဲ(၁၈၃၄)၊ မောင်ရွှေအေး(၁၈၄၂-၁၈၄၇) အဆင့်ဆင့် အုပ်ချုပ်ခဲ့ကြပါသည်။ ထိုခေတ်ကာလ ငွေခွန်မှူးနေရာတည်မြဲရန် အတွက် နေပြည်တော်က ဘုရင့်စစ်တပ်၊ တပ်အုပ်၊ နာခံ၊ ဗိုလ်သူရဲတို့နှင့် ပြေလည်ပြီး ကိုယ့်ကိုနှစ်သက်ရန်လည်း လိုအပ်ပါသည်။ ထိုစဉ်အချိန်က မင်းတုန်းမင်း၏ ဦးစားပေးခံရသူ ဖိုးသူတော် ဦးမြေစုသည် ရှမ်းမြေလတ် တစ်ကြော အရှိန်အဝါကြီးခဲ့သည့်အတွက် အုပ်ချုပ်ရေးအပိုင်းသူနှင့် အဆင် ပြေရန်လိုအပ်ခဲ့သည်။ ၁၈၄၇ နောက်ပိုင်းမောင်ရွှေမင်းအုပ်ချုပ်ခဲ့သော်လည်း ဦးမြေစုနှင့်အဆင်မပြေဖြစ်ပြီး ကလေးသောင်သွပ်သို့ ၁၈၆၇ တွင် ပို့ခံခဲ့ရ သည်။

ထို့ကြောင့် ဦးမြေစုနောက်လိုက် မောင်လင်း သာမိုင်းခမ်း ငွေခွန်မှူး ဖြစ်လာခဲ့သည်။ ဒေသသား မဟုတ်သဖြင့် သူ့နေရာမောင်သာဦးရောက်လာခဲ့ သည်။ သူလည်းပင်းတယတွင် အခြေချများသဖြင့် မောင်ကြည် တက်လာခဲ့ သည်။ နောက်ဆုံးကလေးသောင်သွပ်သို့ ပို့ခံထားရသော မောင်ရွှေမင်းအား ၁၈၇၆ တွင် ပြန်ခေါ်ပြီး ဒုတိယအကြိမ်အုပ်ချုပ်စေခဲ့သည်။ သူ့လက်ထက်တွင် အင်္ဂလိပ်ကျူးကျော်စစ်အပါအဝင် သာမိုင်းခမ်း(၇)နယ်ကို ပြန်လည်သိမ်းယူနိုင်ရုံသာမက တောင်လားနယ်အထိ နယ်မြေချဲ့ထွင်အုပ်ချုပ်ခဲ့သည်။ ၁၈၈၆တွင် မောင်ရွှေ မင်း ကွယ်လွန်သဖြင့် သူ၏သားတော် မင်းမောင်ဖိုးအုပ်ချုပ်ခဲ့သည်။ မင်းမောင်ဖိုးလက်ထက် ၁၉၁၃ တွင် အောင်ပန်းမြို့ကိုတည်ထောင်ပေးခဲ့သည်။ အင်္ဂလိပ်တို့က ၁၉၁၄တွင် ကလောမြို့ကို တည်ထောင်ပေးခဲ့သည်။

ရှမ်းမြေလတ်ဒေသကို အုပ်ချုပ်နိုင်ရန်အတွက် အင်္ဂလိပ်တို့က အနောက်ပိုင်းဆိုင်ရာဝန်ထောက်ရုံးကို သာမိုင်းခမ်းတွင် အခြေစိုက်ခဲ့သည်။ အင်္ဂလိပ်တို့က သာမိုင်းခမ်း ၂၁ခေါင်း၊ မကွေ၊ လွယ်အံ၊ ကလော၊ ဗမ္ဘာခရိုင်ကို အစိုးရသော "မဟာငွေခွန်တော်မှူး မင်းကြီးမင်းမောင်ဖိုး" အဖြစ်ခန့်အပ်ခဲ့သည်။

၁၉၂၃တွင် မင်းမောင်ဖိုး၊ ၁၉၂၆တွင် ရင်ခွင်ပိုက်မင်းစဝ်ခွန်ထီး၊ ၁၉၂၉တွင် အမတ်ချုပ် ဦးခွန်ရုံးတို့ အစဉ်လိုက်ကွယ်လွန်ခဲ့သဖြင့် ၁၉၃၀မှ ၁၉၃၇အထိ ပွေးလှမြို့စားစောစံမြက ရင်ခွင်ပိုက်အဖြစ် အုပ်ချုပ်ခဲ့သည်။ ၁၉၃၇မှ ၁၉၅၉အထိ သာမိုင်းခမ်းစော်ဘွား စစ်ထွန်းအေးက အာဏာမစွန့်မီအထိ အုပ်ချုပ်ခဲ့ပါသည်။

## နောင်ချိုမြို့နယ်

နောင်ချိုမြို့နယ်တွင် နောင်ချို(နမ့်မော်)၊ တောင်ခမ်း၊ ဘန့်ဘွေး၊ သုံးဆယ်၊ ဆီဆုံ၊ ဒိုးပင်၊ ကလကွဲ၊ ဖာသွန်း၊ ဆိတ်ဖူး၊ ဖောင်းအော်ဟူ၍ ဒိုင်(၁၀)ဒိုင်ရှိသည်။ တောင်အောက်ဒိုင်(၇)ဒိုင်နှင့် တောင်ပေါ်ဒိုင်(၃) ဒိုင်ဖြစ်သည်။ မြို့စားနှင့်တိုက်နယ်အုပ်ချုပ်သော အရာရှိဟိန်များကိုစော်ဘွားက တိုက်ရိုက်ခန့်အပ်သည်။ ရွာသူကြီးများကို အများဆန္ဒဖြင့် ရွေးချယ်တင်မြှောက်သည်။ ရွာသူကြီးအောက်တွင် ရွာဆော်ထားရှိသည်။

ဒိုင်သူကြီးအောက်တွင် ဒိုင်စာရေးထားရှိပြီး ဒိုင်စာရေး၏လက်အောက်တွင် ဒိုင်စေထားရှိပါသည်။ နယ်ပိုင်ဟိန်က အာဏာပေးသူဖြစ်သည်။

## ပင်းတယမြို့နယ်

ပင်းတယနယ်မြေကို မောင်ရွှေပွင့်(၁၇၆၃)၊ မောင်သန်း(၁၇၉၆)၊ မောင်ဖေ(၁၈၀၂)၊ မောင်ခန်းဦး (၁၈၀၉)၊ မောင်ရွှေမင်း(၁၈၁၉)၊

မောင်သိန်း(၁၈၄၃)၊ မိသစ်၊ မိစစ်၊ မောင်ဘိုးအိမ်၊ မောင်ရွှေသီး၊ မောင်ဖြူ (၁၈၅၀)၊ မောင်ဖေ(၁၈၅၇)၊ မောင်လွန်းရ(၁၈၅၉)၊ မောင်ဘိုး(၁၈၆၀)၊ မောင်သန်း (၁၈၆၂)၊ မောင်လွန်းရ (ငွေခွန်မှူး)(၁၈၆၈)၊ မောင်သန်း(၁၈၆၉)၊ မောင်ကျော်လှ(၁၈၇၁)၊ မောင်ညို(၁၈၇၂)၊ မောင်သာဦး(၁၈၇၃)၊ မောင်ထူး (၁၈၇၅)၊ ဦးလှိုင်(၁၈၇၆)၊ မောင်လွန်းရ(၁၈၇၇)၊ မောင်စံပိုင်း(၁၈၇၈)၊ မောင်လွန်းရ(၁၈၈၀)၊ မောင်ဘိုးခင်(၁၈၈၂)၊ မောင်စွန်ညို(၁၈၉၇)တို့က အဆင့်ဆင့်အုပ်ချုပ်ခဲ့ကြသည်။

၁၉၀၉ မင်းစွန်ညိုအရွယ်ရောက်လာ၍ ပင်းတယနယ်ကို ငွေခွန်မှူး ရာထူးဖြင့် အုပ်ချုပ်သည်။ ၁၉၃၈တွင် မင်းစွန်ညိုကွယ်လွန်၍ မင်းကတော် စောခင်နုရင်ခွင်ပိုက်အုပ်ချုပ်သည်။ ကလောနယ်ပိုင် ဝန်ထောက်မစ္စတာဘားဇပ် (၁၉၄၀)၊တီကျစ်မြို့စားစောမြထွန်း(၁၉၄၂)တို့က ရင်ခွင်ပိုက်ဆက်လက် အုပ်ချုပ်ခဲ့ သည်။ ထို့နောက် စောဝင်းကြည်အရွယ်ရောက်လာသဖြင့် ၁၉၄၆ ပင်းတယ နယ်ရှင်အဖြစ် ၁၉၅၉ အထိ အုပ်ချုပ်ခဲ့သည်။

### ရွာငံမြို့နယ်

ရွာငံနယ်ကို ၁၂၅၅ စစ်တမ်းအရ ငွေခွန်မှူး မောင်ညိုစိမ့်ကအုပ်ချုပ်၏။ သီပေါမင်းလက်ထက် (၁၂၄၄)တွင် မြို့စားရာထူးချီးမြှင့်ခြင်းခံခဲ့ရသည်။ ထို့နောက် ဦးညိုစိမ့်၏အစ်ကိုတော်သူ ဘုရားဒကာ ဦးချစ်၊ ထမင်းပေါင်းမြေ တိုင်ကြီး မောင်ရင်အို၊ ရွှေဓါးဗိုလ်ဦးအုန်းပင့်၊ မောင်သူတော်၊ ဦးစောလဖော် တို့က အစဉ်တိုင်းအုပ်ချုပ်ခဲ့ကြသည်။ ရွာငံစော်ဘွား ဦးစောလဖော်ကွယ်လွန်ခဲ့၍ သူ၏သားစဝ်ခွန်ရီက စော်ဘွားအရိုက်အရာကိုခံယူပြီး ၁၉၅၆မှ အာဏာစွန့် သည့်အချိန်ထိ ရွာငံနယ်ကို အုပ်ချုပ်ခဲ့သည်။

ထိုအချိန်က ဘော်နယ်(ရေဦး)စော်ဘွားအဖြစ် စဝ်ခွန်အောင်က ၁၉၄၅မှ ၁၉၅၉ အထိ အုပ်ချုပ်နေချိန်ဖြစ်သည်။ စဝ်ခွန်အောင်မှာ စော်ဘွား

စဝ်ခွန်နောင်ကွယ်လွန်ပြီး အမတ်ကြီးရာထူးမှ နယ်ရှင်စော်ဘွားအဖြစ်တက်လှမ်းခဲ့သူဖြစ်သည်။ သူတက်လာပြီး ရေဦး၊ ကျောက်ဆည်(၃၇)မိုင်လမ်းကို အောင်မြင်အောင် ဖောက်လုပ်ပေးခဲ့သဖြင့် နာမည်ရခဲ့သည်။

၁၉၆၂ခုနှစ်၊ တော်လှန်ရေးကောင်စီလက်ထက်တွင် ဘော်-ရေဦးနယ်မှ ကျေးရွာအုပ်စု(၁၁)စုသည် ရှာငံမြို့နယ်အတွင်း ပါဝင်ခဲ့သည်။

## ရပ်စောက်မြို့နယ်

ရပ်စောက်မြို့နယ်တွင်လည်း တစ်နယ်လုံးကို စော်ဘွားကပင် အုပ်ချုပ်ခဲ့ပြီး တိုက်နယ်ခွဲကာ ဟိန်ဟုခေါ်သော တိုက်သူကြီးများက အုပ်ချုပ်ခဲ့သည်။ ကျေးရွာများကို ကျေ့ာဟုခေါ်သော သူကြီးကအုပ်ချုပ်သည်။ ဟိန်နှင့် ကျေ့ာများကို စော်ဘွားကခန့်အပ်အုပ်ချုပ်စေသည်။

နောက်ဆုံးစော်ဘွားများအဖြစ် စော်ဘွားကြီး စောခွန်နုကွယ်လွန်ပြီး တီကျစ်စော်ဘွားက ရင်ခွင်ပိုက်အဖြစ်လည်းကောင်း၊ ညောင်ရွှေစော်ဘွားက ရင်ခွင်ပိုက်အဖြစ်လည်းကောင်း၊ လဲချားစော်ဘွားကရင်ခွင်ပိုက်အဖြစ် အသီးသီးအုပ်ချုပ်ခဲ့ပြီး စောခွန်ဆိတ်က တာဝန်ယူအုပ်ချုပ်ခဲ့ပါသည်။

စောခွန်ဆိတ်ကွယ်လွန်ခဲ့ပြီး သူ၏သားတော်စဝ်ခွန်ဆာက ရပ်စောက်နယ် ကျမိုင်းအဖြစ် ၁၉၀၅ ခုနှစ်တွင် ခန့်အပ်ခံခဲ့ရသည်။ ရပ်စောက်စော်ဘွားကြီးအဖြစ် ၁၉၄၇ ဖေဖော်ဝါရီလ(၇)ရက်နေ့တွင် မြန်မာပြည်ဘုရင်ခံက ခန့်အပ်ပေးခဲ့သည်။ အာဏာစွန့်သည့် ၁၉၅၉အထိ ရပ်စောက်နယ်ကို အုပ်ချုပ်သွားခဲ့သည်။

# အခန်း ( ၃ )

## ခနေစကားနှင့် ဝေါဟာရများ

ခနေတိုင်းရင်းသားများသည် စကားဝဲ၊ အသံကွဲသည်မှလွဲ၍ မြန်မာစာ မြန်မာစကားကိုသာ အဓိကအသုံးပြုကြသည်။ ခနေတိုင်းရင်းသားများ နေထိုင်ကြသော နယ်ပယ်ကျယ်ဝန်းသည်နှင့်အမျှ စကားဝဲ၊ အသံကွဲပုံများ တစ်ဒေသနှင့်တစ်ဒေသ အနည်းငယ်စီကွဲလွဲမှုရှိသည်။ တချို့ မြို့နယ်တူသော်လည်း တစ်ရွာနှင့်တစ်ရွာ မတူညီကြကြောင်းလေ့လာတွေ့ရှိရသည်။ မြန်မာစာ မြန်မာစကားကို အဓိကသုံးနေကြသော်လည်း ခနေဝေါဟာရစကားလုံးများ ခိုင်ခိုင်မာမာ ရှိသည်။ ခနေစကား၊ ခနေဝေါဟာရသည်လည်း အထက်က ပြောခဲ့သလို ဒေသချင်းမတူကွဲပြားကြသည်။

ခနေစကားသည် ရှမ်း၊ ပအိုဝ်း၊ မွန် စသော ကိုယ်ပိုင်ဘာသာ စကားမျိုးမဟုတ်ဘဲ မြန်မာစကားသာ ဖြစ်ပေသည်။ ထို့အပြင် ပျူစာ၊ ပျူ စကားများ ၊ ရှေးပေါရာဏစကား၊ ရှေးမြန်မာကြီးများ၏ စကားများနှင့် ဆက်နွှယ်နေကြောင်း လေ့လာရသည်။ ရှေ့အခန်းတွင်ဖော်ပြပြီးသော 'မြန်မာ အစ ကျောက်ဆည်က' ကို ပြန်ဆက်ချင်ပါသည်။ အေဒီခုနစ်ရာစုတွင်

ကန်ဆူအရပ်မှ စုန်ဆင်းလာသော လူသားများသည် ယနေ့ မနုတိုင်းရင်းသားများ စုစည်းနေထိုင်သော ရှမ်းမြေလတ်တွင် စုစည်းမိကြသည်။ ဆက်လက်၍ နတ်ထိပ်တောင်၊ မြားကလေးတောင်မှ တဆင့် ကျောက်ဆည်နယ် အတွင်းသို့ စုန်ဆင်းသွားကြသည်။ ကိုးရာစုတွင် ပုဂံအရပ်၌ မြန်မာခေါ်တွင်ခဲ့ကြပြီး ပုဂံမြို့ကို ပျူပြားမင်းက တည်ထောင်နိုင်ခဲ့သည်။ အဆိုပါ မြန်မာများ၏ မြစ်ဖျားခံရာသည် ယခု ရှမ်းမြေလတ်ပင်ဖြစ်၏။

ထို့ကြောင့် ရှမ်းမြေလတ်အတွင်း ကိုးရာစုမတိုင်မီက မှီတင်းနေထိုင်ခဲ့ကြသော မနုတိုင်းရင်းသားများသည် ကျောက်ဆည်နယ်က မြန်မာများထက် ရှေးကျသော တိုင်းရင်းသားများပင် ဖြစ်ပေသည်။

ထိုအချိန်က ကျောက်ဆည်နယ်တောင်အောက်သို့ လိုက်ပါမသွားဘဲ တောင်ပေါ်၌ ကျန်ရစ်ခဲ့သူများသည် မနုတိုင်းရင်းသားများပင်ဖြစ်သည်။ မြန်မာရေးသောသမိုင်းသည် ဤသို့ ရှိသလို တရုတ်နိုင်ငံ နန်းစောရာဇဝင်ကလည်း ဤကဲ့သို့ပင်ဆိုထားခဲ့၏။ ထို့ကြောင့် ရှေးတစ်ချိန်က ရှမ်းမြေလတ်တွင် စုစည်းနေထိုင်ခဲ့ကြသော ကန်ဆူအရပ်မှ လူသားများသည် မည်သည့် ဘာသာစကားကို ပြောဆိုခဲ့ကြသနည်း။ ယဉ်ကျေးမှုတစ်ရပ်အရ ရှိကိုရှိပါလိမ့်မည်။ ထိုဘာသာစကားမှ အဆင့်ဆင့် တိုးတက်ပြောင်းလဲသွားပြီး ယနေ့ မြန်မာစာ၊ မြန်မာစကားအဖြစ် အသုံးပြုလျက် ရှိပေသည်။ ထို့ကြောင့် မွန်ဂိုအနွယ်ဝင် တိဗက်မြန်မာ(ပျူ)များမှ ဆင်းသက်လာသော မနုလူမျိုးများက မြန်မာစာ၊ မြန်မာစကားကို အသုံးပြုနေခြင်းပင်ဖြစ်ပေသည်။

သို့သော် ရှမ်းမြေလတ်အတွင်း နေထိုင်စဉ်အတွင်း ဘာသာစကား တစ်ခုတော့ ကျန်ရစ် နေပေလိမ့်မည်။ အဆိုပါ စကားသည် မနုစကားပင်ဖြစ်ပေလိမ့်မည်။ ထိန်းသိမ်းပြုစုခဲ့သူ မရှိခဲ့၍သာ ပျောက်ကွယ်ခဲ့သလို ဖြစ်ခဲ့ရသည်။ နှစ်ပေါင်း ထောင်ချီအတွင်း ပြောင်းလဲမှုများ ရှိလာသည်မှလွဲ၍ မနုစကားများ ယနေ့တိုင်သုံးစွဲလျက်ရှိသေးကြောင်း မနုနယ်အတွင်းလေ့လာပါက သိနိုင်ပါ

လိမ့်မည်။ ဥပမာ - ပျူခေတ်အသုံးအနှုန်းများဖြစ်သော 'ထမ်းဖီ၊ ထမ၊ ဖဆိုး' စသည့် စကားလုံးများကို ဓနုလူမျိုးများက ယနေ့ထိ အသုံးပြုနေဆဲ ဖြစ်သည်။ တဖန် ပုဂံခေတ်အသုံးအနှုန်းများဖြစ်သော 'ခိ၊ တို့နှောင်၊ ဖကီး' အစရှိသည်များလည်း ဓနုတို့လက်ရှိ အချိန်ထိသုံးလျက်ရှိပါသည်။ ထို့အပြင် မုံရွာဘက်၌သုံးနေကြသော 'ဒုတ်မီး ၊ လောပစ်လိုက်' အစရှိသော စကားလုံးများအား ဓနုလူမျိုးတို့ကလည်း အသုံးပြုလျှက်ရှိပေသည်။ ဤသည်ကို လေ့လာကြည့်ခြင်းအားဖြင့် ဒေသတစ်ခုမှ အခြေပြုဆင်းသက်သွားသော ဘာသာစကားများသည် ကြိုးပမ်းထိန်းသိမ်းနိုင်ခဲ့သူ ပုဂ္ဂိုလ်များကြောင့် ယနေ့တိုးတက်သွားခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

နောက်တစ်ခုက ဓနုလူမျိုးတို့၏ အပြောသည် မြန်မာစာအရေးနှင့်တချို့ တူညီမှုရှိကြောင်း တွေ့ရသည်။ ဥပမာ -

| | မြန်မာအရေး | မြန်မာအပြော | ဓနုအပြော |
|---|---|---|---|
| (၁) | စကား | ဇဂါး | စကား |
| (၂) | သေနတ် | သနတ် | သေနတ် |
| (၃) | ခေါင်းတုံး | ဂဒုန်း | ခေါင်းတုံး |
| (၄) | ခေါင်း | ဂေါင်း | ခေါင်း |
| (၅) | မျက်နှာ | မျက်နှာ | မှက်နှာ |
| (၆) | ရယ်သည် | ရီသည် | ရယ်သည် |
| (၇) | စပါး | ဇဗား | စပါး |
| (၈) | ချိုးငှက် | ဂျိုးငှက် | ချိုးငှက် |

ထို့ကြောင့် နောက်ပိုင်းတွင် ပါရှိမည့် တချို့ ဓနုအသံထွက်များသည် မြန်မာအရေးနှင့် ဖတ်ရှုမှသာ 'ဓနုအသံနှင့်ပိုမိုနီးစပ်မည်ဖြစ်ကြောင်း တွေ့ရှိရပါလိမ့်မည်။ မြန်မာစကားပင်လျှင် တစ်နေရာနှင့်တစ်နေရာ ပြောပုံ

ကွဲပြားလျက် ရှိပေသည်။ ဓနုတို့သည်လည်း ဤသို့ပင်ဖြစ်၏။ တစ်ရွာနှင့် တစ်ရွာ အသံထွက်ပုံ ကွဲပြားကြသည်။ ဥပမာ - သရက်သီးကို ထလက်သီး ဟူ၍လည်းကောင်း ခလက်သီးဟူ၍လည်းကောင်း ခေါ်ဝေါ်မှုကွဲကြသည်။

ယနေ့အချိန်ကျေးလက်နေ ဓနုတိုင်းရင်းသားများကသာ ဓနုစကားကို ပီပြင်စွာ ပြောဆိုသုံးနှုန်း လျက်ရှိသည်။ မြို့နေလူထုက ဓနုစကားမပီပြင်တော့ချေ။ တိုင်းရင်းသားတိုင်း မိမိယဉ်ကျေးမှုကို ဖော်ထုတ်သောအားဖြင့် ဤစာအုပ်တွင် တတ်နိုင်သမျှ၊ တွေ့နိုင်သမျှ ဓနုစကား၊ ဓနုဝေါဟာရများ၊ ဓနုမြန်မာ အသံဖလှယ်ပုံများ တင်ပြပေးလိုက်ရပါသည်။ မိမိအနေဖြင့် မြန်မာစာ၊ မြန်မာ စကားဖြင့်သာ တင်ပြထားပြီး တချို့သော အကြောင်းအရာများကိုသာ ဓနု အသုံးအနှုန်းဖြင့် ဖော်ပြပေးထားပါသည်။ ကွဲလွဲမှုများအတွက် မိမိတွင်သာ တာဝန်ရှိသည်ဟု ခံယူပါသည်။ ဆက်လက်လေ့လာကြပါကုန်လော့။

▼▼

## ဓနုစကား၏ ဝိသေသလက္ခဏာပြ လင်္ကာကြီး

ဓနုနွယ်ဖွား ၊ တိုင်းရင်းသား၏ ၊ စကားပြီးလတ် ၊ အဆုံးသတ်တွင်
သိမှတ်ထူးခြား ၊ ဝိသေများမှ ၊ နှောင်းကားနော်ဆို၊
ပူး ၊ အူး ၊ ဖူး ၊ မောင်း ကိုကား ၊ ဘူးမည်ခြား၏။
ဝါး ၊ ဟွား ၊ နှဲင်း ၊ မန့် ၊ လော ၊ လား မည်ဟော၏။
နှောင်း ၊ နော ၊ နော်တွင် ၊ ထို့ပြင် လုန်း ၊ ညုန်း ၊ ဖော့င်း
ဟော့င်း ၊ တုံး မည်ဆောင်း၏။
ဟုတ်ကြောင်းထင်တယ် ၊ ဝယ် ၊ ဝဲ့ ၊ အီ ၊ အယ် ၊ ဆွယ် ၊
ဆယ် ၊ ခြောက်မည်တယ် သည်မှတ်။

တန့် ၊ မင့် ၊ ဟွယ် ၊ မို့ ၊ ဟယ်ကား ၊ မည် ၊
မယ်မှတ်သားလော ၊ တစ်ပါးလဲ့ ၊ ဟဲ့သော် ၊
တဲ့ ၊ ပေါ့ခေါ်၏။ ဝနင်း ၊ ပါ့သော်လည်း
ပါ ၊ ပေါ့ ၊ ခေါ်မြဲပါ ၊ လူး ၊ ဟူး မှာကွာတဲ့ ၊
ရော် ၊ ရှော့ ၊ ရှိ ၊ ဟော့င့် ကား ဟေးခန်း ၊
မန်း ၊ ကာ လားတော့ သီး ၊ ရီး ၊ ကာ ၊ ယှီးတော့ကာလာ၊

အို့ ၊ ဝို့မှာ လို့ဆို ၊ မန့်ဟ ၊ ခကိုပါ ၊ မှ ၊
ပဲ့ကြဟေးကောင် ၊ ငယ်လည်းဆောင်၏။
ဟှမ်းဆောင်တကွ ၊ နဲ့မှန့်မည် ၊ ပီက ပြီဆို ၊
တထိုဆုင် ၊ ပီး ၊ ပင်း ၊ မင်း ၊ အပင်း ၊ အမင်း ၊
ပြီးလျှင် ခြင်းတို့ ၊ မယွင်းအောင်းကို ၊ အုံးဟုဆိုလျက် ၊
ညောင်းညောင့်ကိုကား ၊ ကြောင်းကြောင့်ထား၍
တစ်ပါးဆိုမှ ၊ ဆိုဖျာ ၊ ဒီနေရာဝယ် ၊ သေချာဆွမ် ၊ ဆန် ၊
ဆောန် ၊ ဆောန်း ၊ ဉာဏ်ရည်လောင်းလော။

ထူးကြောင်းမှတ်သား ၊ မအလားတဲ့ ၊ စကားဟွမ်း
မွား ၊ မွမ်း ၊ အဓိပ္ပါယ်ခြမ်းသော် ၊ မှတ်စမ်းမဟုတ်လား။
မလွဲမှားဘူး ၊ သိကြားလိမ္မာ ၊ မှတ်သားလွယ်စိမ့်ငှါ၊
လင်္ကာပေါင်းရုံး ၊ ဖွဲ့သီကုံး၍ ၊ ကျဉ်းချုံးဖွင့်ပြ ၊
မှတ်လွယ်ကြမည်။ ထူးလှရွေစိန် ရွှေခဲတည်း။ ။
ထိုမှတဖန် ၊ အကြွင်းကျန်ကို ၊ ဖော်လှန်ထုတ်ကာ ၊
ရေးဖွဲ့ပါအံ့ ၊ အီးမှာတဲ့တယ် ၊ လော့နယ်တော့ကယ် ၊
လုန်ဝယ်ပါလား ၊ ရော ၊ ကော ၊ ဟေနော ၊ ဤ ၊ ဒီ

ဟော ၊ ဖေ ၊ ဖယ်စီ ၊ ဘယ် ၊ မောန်း ၊ မောင်း ကယ်တွေ့ ခြား။
ဘူး ၊ လဲ ၊ လားတဲ့ ၊ ဟာ ၊ ဟော ၊ ဟာကားခါ ၊
စာ ၊ မစာ ၊ ပစာ ၊ ဘာ ၊ အေးမှာ အေးမှန် အဲဒီမှာ၊
တွေ့လား ဟိုသင်း ၊ ဟောသင်း ၊ အေသင်း ၊ အဲဒီဟာခင်းလော။

မို့ ၊ နင်း ၊ ယီး ၊ မောင်း ၊ ဝေါင်းဟောင်းတွေကား ၊
လဲလည်း မည်ငြား၏။ နင်ကား နှင် ကွန့် ၊
ဟွန် အွန့် ဟင်းအင်း ၊ အညဉ်းတွေမှာ ၊ ပြောကြစွာ၏။
အေးဟာ ၊ အေးယာ ၊ အေးစာ ၊ ယာ ၊ အားတဲ့ ၊
တွေ့ပါငြားက ၊ မှတ်သားအဲဒါ ၊ မမှားရာဘူး ၊
နေရာပေါင်းစုံ ၊ ကွဲချော့တုံလည်း ၊ ခြုံငုံချုံချဉ်း ၊
ဤကဗျာတွင်းဝယ် ၊ ထည့်သွင်းမလွန် ၊ ပိုက်ကွန်မိငြား၊
ငါ့အလားတည်း။

စကားဝိသေထွက် ၊ ဒီအဆက်ကို ၊ ကွက်ကွက်ကွင်းကွင်း ၊
တတ်သိလျှဉ်းမှ ၊ မောင်းမင်းယခု ၊ ခနုတိုင်းရင်းသား ၊
စာပေစကားကို ၊ လျှင်လျားတတ်ကျွမ်း ၊ လူ့တွင်ထွန်းပိမ့် ၊
ပေးခြမ်းပါငြား ၊ ဒီစကားကို ၊ နောက်သားလူတွင် ၊
တတ်ကျွမ်းကျင်၍ ဝေဟာင်အထွက် ၊ ကိုင်းကိုင်းညွှတ်အောင် ၊
ရှက်ဆောင်စိမ့်ငှာ ၊ မုနိန္ဒဇာသည် ၊ လင်္ကာချဉ်းပေ၊
နှုတ်ခွန်းချွေသည် ၊ တည်စေကမ္ဘာ ဆုံးတိုင်တည်း။ ။

**ရှင်မုနိန္ဒဓဇ**

အထက်ပါ လင်္ကာသည် ဓနုစကားကို ဥပမာ ၊ ဥပမေယျဖြင့်ရေးသား လိုသူသည် ဓနု ကုလ သဒ္ဒါနှင့်အညီ ရေးသားသင့်ကြောင်း ဖော်ပြထားသည်။ ရှေးကပြောဆိုခဲ့ကြသော ဓနုစကား၊ ဓနုဝေါဟာရ အသံထွက်များအတိုင်း ရေးသားနိုင်ရန် တင်ပြထားခြင်းဖြစ်သည်။ ဤအလင်္ကာ လမ်းညွှန်အတိုင်း လေ့ကျင့်ပါက ဓနုစကားမခက်ခဲကြောင်းလည်း သိရသည်။ စာပေ အသစ် တွင်ခြင်းမဟုတ်ဘဲ ဓနုတိုင်းရင်းသားများ ပကတိပြောဆိုခဲ့ကြသည့် အတိုင်း ဖော်ညွှန်းထားခြင်း ဖြစ်သည်။ ထူးခြားသည့် ဝိသေသလက္ခဏာများ ပါကြောင်း လေ့လာတွေ့ရှိနိုင်မည် ဖြစ်သည်။

ဥပမာ - နောင်းဟူသောအသံသည် 'နော' ဟုအဓိပ္ပါယ်ရ၏။ ဘူး၊ အူး၊ ဖူး၊ မောင်းတို့သည် 'ဘူး' ဟုအဓိပ္ပါယ် ရပါသည်။ ထို့အတူ ပါး၊ ဟွား၊ နဲင်း၊ မန့်၊ လောတို့သည် 'လား' ဖြစ်သည်။ လုန်း၊ ညုန်း၊ ဖေါင်း၊ ဟောင်းတို့သည် 'တုံး' ဖြစ်သည်။ မနားလုန်း ၊ ဟနားညုန်းသည် အမေးစကား ဖြစ်သည်။ သွားဝလူး ၊ နေဝလူးသည် 'သွားပါကွာ ၊ နေပါ ကွာ' ဖြစ်သည်။ လဲ့၊ ဟဲ့ သည် 'တဲ့၊ ပေါ့' စသည် ဖြင့်သုံးနှုန်းရသည်။ အထက်အလင်္ကာ အတွင်းပါဝင်သော ဝေါဟာရများကို ဝါကျတည်ဆောက်ပြီး သုံးနှုန်းပါက ပိုနားလည်လွယ်လာပါလိမ့်မည်။ ရေးသားမှုများ တချို့ တင်ပြအပ်ပါသည်။

၁။ 'ဟေ လူပဲ့ယာ့ လူစွန်းကောင်းတိန်းတိန်းယီး။ တတ်စွန်းကာယီး။'
ဒီကလေးသည် သူရဲကောင်းကဲ့သို့ ရဲရင့်လိုက်တာ။

၂။ 'ဟေ မိနီယာ့ နတ်သမီးလောင်လောင် ရမ်းဆလှတယ်။'
ဒီမိန်းခလေးသည် နတ်သမီးကဲ့သို့အလွန်လှပတယ်။

၃။ 'ဖအိုအိုးယာ သွားနာ လေတိန်းတိန်းဟီး မြန်ပုံရီးယာ။'
အဖိုးသွားနေတာ လေကဲ့သို့လျင်မြန်လိုက်တာ။

၄။ 'လူယုတ်မာရီးယာ့ ခွေးလောင်လောင် ဖုတ်ဖတ်အယ်။'

လူယုတ်မာသည် ခွေးကဲ့သို့ ညစ်ပတ်တယ်။

၅။ 'သူတော်ကောင်းရီးယာ့ ပလဲတိန်းတိန်း ဖွေးနေစာယီးဝါး။'

သူတော်ကောင်းသည် ပုလဲကဲ့သို့ဖြူစင်နေတာပဲ။

၆။ 'မို့အိုရီးယာ အောင်ပန်းဟို ဆေးသွားဟာ့လယ်။'

အဖွားသည် အောင်ပန်းဈေးကို သွားခဲ့တယ်။

၇။ 'စာမှလုပ်ဂူးဝယ့် နပ်ခါးလူးနေအယ်။'

ဘာမှမလုပ်ပါဘူး၊ သနပ်ခါးလိမ်းနေတယ်။

၈။ 'နေစောင်းဝါးဟီ သွားအေဖူး။'

မွန်းလွဲသွားပြီ ၊ မသွားတော့ပါ။

၉။ 'ဖကီး တို့ဖဟာ ဆီကတစ်ချေး ငမ်းမှလဲ့'

ဦးလေး အဖေက ဆီနည်းနည်းလောက် ချေးပေးပါတဲ့။

သို့သော် အထက်က ဆိုသလို တစ်ဒေသနှင့်တစ်ဒေသ အပြောအဆို၊ အသုံးအနှုံး အနည်းငယ်ကွာသွားကြောင်းလေ့လာရပါသည်။

'ပြေထောန်စုနေ့ အထိမ်းအမတ် ကလောနယ်ဘော်ဆိုင်းက တတိယ အကြိမ်' 'ထနုခါးရေကြမ်းဝိုင်း' လာလယ်ကြကြေ့မှနင်း။ ဟင်းကပ်ပေါ်တဲ့ ခနုမင်းလွေးပီး ခါးရေကပ်လေး န ဝါကကြရတာပလဲ့။ လက်ဖက်ရောက်ရောက် မရောက်ရောက် ကလိုက်စေလေး ရီးလာပေးကြအုံးနော။ စက်စက်ယိုတဲ့ မိနီသငယ်တွေက အော်လံပွင့်ဆေ့မာ ကတော်ကရာကကြမယ်လဲ့။ အောင်နီ သငယ်တို့ကလည်း ဘော်လီဘောန ပိုက်ကျော်ခြင်းဆိုလား ကျူးကျယ်ကြမယ် ဆိုပဲ။

ထနုမင်း ဖုန်းပေါ်လအောချက်ထားလို့ ပဇာညမ်းညမ်း ဘော်ဆိုင်းသား တွေ မျှော်နေမာပေါ့။ ကံကောင်းရင် မြေပဲအစ်န မင်းနဲ့မွေပါ လွေးရအောင်လို့ စောစောသွားရအောင်ပွဲ့။ တို့ဖိုး၊ တို့ပေါင်၊ ဖအိုတို့အချဲချဲ လိုက်နိုင်အောန်

စီစဉ်ပေးထားပီး ဘော်ဆိုင်းမှာ အုံးအင်းခတ်ရတာပေါ့။ အကပြိုင်မဲ့ အောင်ပန်းသမ ရမ်းဆလအောန် ပြင်ဆင်လာကြပါနော။ ရှီးရှ် … ကစပ်ကလပ်ပြောမိပြန်ပေါ့နင်း။'

ပြည်ထောင်စုနေ့ အထိမ်းအမှတ် ကျင်းပသော ကလောမြို့နယ်၊ ဘော်ဆိုင်းမြို့ တတိယအကြိမ် လက်ဖက်ရည်ကြမ်းဝိုင်း၊ မိတ်ဆုံစားပွဲကို ဖိတ်ခေါ်ထားသောစာဖြစ်သည်။ ဖိတ်ကြား သည်ဖြစ်စေ ၊ မဖိတ်ကြားသည်ဖြစ်စေ၊ ဓနုရိုးရာအစားအစာများဖြစ်သော မင်းနဲမွှေ (ထမင်းပြဲ)နှင့် မြေပဲချက် သုံးဆောင်ပြီး ပျော်ရ၊ ပါးရအောင် နှိုးဆော်ထားခြင်းဖြစ်၏။ ဓနုဝေါဟာရများကို ထည့်သုံးထားပြီး ဓနုဒေသအတွင်း မတူသော စကားသံများပင်ဖြစ်သည်။

ဓနုဝေါဟာရ အဘိဓာန်နှင့် ဓနု မြန်မာအသံဖလှယ်ပုံများကိုလည်း ဆက်လက်တင်ပြပါမည်။

▼ ▼

## ဓနုဝေါဟာရ အဘိဓာန်

က

က ၊ ကြိ – ၁ ၊ လောင်းကစားမှုပြုသည်။

၂ ၊ အားကစားမှုပြုသည်။

ကချော်ကချက် ၊ ကြိဝိ ၊ ပေါ့ပေါ့ဆဆ။ ကချော်ကချွတ်။

ကချောက်ကချက် ၊ ကြိဝိ ၊ ပေါ့ပေါ့ဆဆ။ ကချော်ကချွတ်။

ကချွန်းကလွှန်း ၊ ကြိဝိ ၊ ကလေကချေ။ ပေါ့ပျက်ပျက်။

ကစပ်ကလပ် ၊ ကြိဝိ ၊ မတော်တရော်။

ကဆေ ၊ န ၊ တစ္ဆေ။

ကတူးကတား ၊ ကြိဝိ ၊ တဇွတ်ထိုး။ မိုက်ရူးရဲ။
ကတော်ကရာ ၊ ကြိဝိ ၊ ပုံမကျပန်းမကျ ။ ကပျက်ကချော်။
ကတင်းပေါက် ၊ န ၊ ပြတင်းပေါက်။
ကတစ် (ကတိ) ၊ ကြိဝိ ၊ အနည်းငယ် ။ (ဆီကတစ်မေးငမ်းနော)
ကတစ်ချေး (ကတိချေး) ၊ ကြိဝိ ၊ သေးသေးလေး ။ ငယ်ငယ်လေး ။
ကတုတ် ၊ န ၊ ဝါးချောင်း ၊ သစ်ချောင်း ၊ ကြိမ်လုံး။
ကယင်ကောင် ၊ န ၊ ပုရွက်ဆိတ်အနီကောင်။
ကရုတ်ကရက် ၊ ကြိဝိ ၊ မငြိမ်မသက်။တည်ငြိမ်မှုမရှိ ။ ကတောက်ကတက်။
ကလောခြောက် ၊ န ၊ ပုစွန်ခြောက်။
ကလော်ကလယ် ၊ ကြိဝိ ၊ မခိုင့်တခိုင် ။ ခိုင်ခန့်မှုမရှိ ။
ကလိုက်စေ ၊ ကြိဝိ ၊ မြန်မြန်သွက်သွက် ။
ကလင် ၊ န ၊ ဒေါင်းလန်း။
ကအော့ကအဲ့ ၊ ကြိဝိ ၊ စိတ်မပါတပါ။ စိတ်မဝင်စား ။
ကာဖီပင် ၊ န ၊ ကော်ဖီပင်။
ကာရာ (ကြိ) လိုသည်ထက်ပိုလွန်းသည်။
ကူးကူ (အူဝူး) ၊ န ၊ ဥသြငှက်။
ကားလား ၊ န ၊ ကဲလား ၊ ထရံ။
ကဲ ၊ ကြိဝိ ၊ ဝီရိယရှိသည် ။ ဇွဲရှိသည် ။ ကြိုးစားသည်။
ကောတုံ ၊ န ၊ ရစ်လုံး ။
ကော်ဟုပ် ၊ ကြိဝိ ၊ ဟင်းရည်ကိုဇွန်းဖြင့်ခပ်သောက်ခြင်းဖြစ်သည်။
ကင်း ၊ နဝိ ၊ အသေး ၊ အငယ်။
ကင်းတူး ၊ နဝိ ၊ အလွန်သေး ။ အလွန်ငယ်။
ကင်းဆီးသည် ၊ ကြိဝိ ၊ ရွှေကြိုးတားသည်။
ကင်ဖေါင်းကြော် ၊ န ၊ အကြော်စုံ။

ကင်းတက် ၊ န ၊ ထုတ်ဆီးထိုးကစားနည်း။

ကင်းရေသောက် ၊ ကြိ ၊ သက်တန့်ပေါ်သည်။

ကန့်တူးရစ် ၊ ကြိ ၊ မီးနေသည်များတဘက်ဖြူဖြင့်ခေါင်းပေါင်းခြင်း။

ကပ္ပိ ၊ န ၊ ကပ္ပိယ။

ကပ် ၊ န ၊ တွဲဖက်စားရသောအရံဟင်း။

ကျီးကောင်းကလက် ၊ န ၊ ဆက်ရက်ငှက်။

ကျူ ၊ ကြိဝိ ၊ ဆော့ကစားသည်။

ကျူကျယ် ၊ ကြိ ၊ ထိရုံ ၊ တို့ရုံ ၊ အနည်းငယ်အကျဉ်း ။

ကျောက်ပဒုံ ၊ န ၊ ရေထဲရှိကျောက်ပန်းခက်။

ကျောင်းပြန်သည် ၊ ကြိ ၊ ကျောင်းသွားသည်။

ကြပတော့ ၊ ကြိ ၊ ပကတိ ။ လက်ရှိ။

ကြားကလပ် ၊ ကြိ ၊ ကြားပြင်းကပ်သည်။

ကျူးခဲ့နှစ် ၊ ကြိ ၊ လွန်ခဲ့သောနှစ်။

ကြေ့ ၊ ကြိ ၊ ကြည့်သည်။

ကြက်တင်းဆွဲ ၊ ကြိ ၊ ကျင်းငယ်တန်း ။ စိုက်ပျိုးရန်ဖော်ထားသောမြောင်း။

ကြယ်မင်းခွန် ၊ န ၊ သောကြာကြယ်။

ကြောင်နန် ၊ န ၊ သူတောင်းစား။

ကွေ့ ၊ ကြိ ၊ ပွေ့ဖက်သည်။

ကွင် ၊ ကြိ ၊ မျက်စိလည်သည်။

ကွင် ၊ န ၊ ကိုရင်အခေါ်မှ ဆင်းသက်လာသောစကားလုံး ။ အစ်ကို။

ကွတ်နေ ၊ ကြိ ၊ အလုပ်မလုပ်ဘဲ၊ အလကားနေသည်။

ကွဲမြီးကူ ၊ န ၊ အကောင်းစားကျွဲ။

ခ

ခလက်သီး ၊ န ၊ သရက်သီး ။

ခအုံး ၊ န ၊ ခေါင်းအုံး။

ခါးရေ ၊ န ၊ လက်ဖက်ရည်ကြမ်း။

ခါးရေကပ် ၊ န ၊ လက်ဖက်ရည်ကြမ်းနှင့် တွဲဖက်စားရသော အစားအစာများ။

ခါးရေဟုတ် ၊ ကြိ ၊ လက်ဖက်ရည်ကြမ်းသောက်သည်။

ခိ ၊ ကြိ ၊ ထို့ထိသည်။

ခုတုံး ၊ ကြိ ၊ ယခု ။ ချက်ချင်း။

ခေါ့ ၊ ကြိ ၊ နမော်နမဲ့။

ခေါ့န ၊ ကြိ ၊ ထုံထိုင်းသည် ။ ဉာဏ်နည်းပါးသည်။

ခိုးကာ ၊ န ၊ ဇာဘော်လီ။

ခင် ၊ စည်း ၊ မလုပ်ခင် ၊ မယူခင် ၊ မသွားခင် ၊ မစားခင်။

ခင်သံ ၊ န ၊ သံကျွတ် ။

ခင်းဖုံ ၊ န ၊ အိပ်ရန်အတွက် ဂွမ်းစများထည့်ထားသော အိပ်ရာခင်း။

ခင်းနှီး ၊ န ၊ မွေးစခလေးငယ်ကို ထုပ်သောပိတ်စဖြူ။

ခင်အိုး ၊ န ၊ ဒယ်အိုး။

ခေါင်းခင်သည်းခြေ ၊ န ၊ ကြပ်ခိုး။

ခေါင်းပေါင်းခွေ ၊ န ၊ ခေါင်းပေါ်တွင်သုံးရစ် (သို့) ငါးရစ်ပတ်ထားသော အစပျော့။

ခေါင်းထုပ် ၊ န ၊ ဦးထုပ် ။ ခေါင်းပေါင်း။

ခေါင်းရိုက်သည် ၊ ကြိ ၊ ဆံပင်ညှပ်သည်။

ခပ်ဝါဝါ ၊ ကြိ ၊ အလွန်ကြွားသည်။

ချေကျစ်လုံး ၊ န ၊ အပ်ချည်လုံး။

ချဲချဲ ၊ ကြိဝိ ၊ သီးသန့် ။ ချည်းချည်း ။

ချော်ချယ် ၊ ကြိ ၊ မျက်နှာရှူးသည်။

ချို ၊ ကြိ ၊ ကောင်းသည်။

ချောင်သံ ၊ န ၊ ပဲ့တင်သံ။

ချိုင်းသည် ၊ ကြိ ၊ လျှာရှသည် ။ လျှာယားသည်။

ချမ်းချင်သီး ၊ န ၊ ခရမ်းချဥ်သီး။

ချမ်းသီး ၊ န ၊ ခရမ်းသီး။

ချုံး ၊ ကြိ ၊ သိမ်းဆည်းသည်။

ခြေနင်း ၊ န ၊ ရှူးဖိနပ်။

ခြေရှည်သည် ၊ ကြိ ၊ အသွားအလာများသည်။

ခွလေးစာ ၊ န ၊ လောက်စာလုံး။

ခွာတုံ ၊ န ၊ ငှက်ပျောထုပ်။

ခွေးသေးပန်း ၊ န ၊ ဂေါ်သဇင်ပန်း။

ခွက်ကောက် ၊ န ၊ ကိုင်းပန်းကန်။

ခွက်ပဲ့ ၊ န ၊ အိုးခွက်ငယ်။

ခွက်သည် ၊ ကြိ ၊ အားကျသည်။

ချွန့် ၊ ကြိ ၊ ရင်းနှီးသည်။

ချွပေးသည် ၊ ကြိ ၊ မတင်ပေးသည်။

ချွန်အင်း ၊ န ၊ ရွံ့အင်း ။

ဂ

ဂေါ့ကလန် ၊ န ၊ ယောင်းမ ။ ထမင်းအိုးမွှေသည့်ယောင်းမ။

င

ငပျောခွာတုံ ၊ န ၊ ငှက်ပျောထုပ်။
ငရန့်ပန်းတူ ၊ န ၊ စား၍ရသော အရွက်တစ်မျိုး။
ငါးရံ့ မွှာ ၊ န ၊ ငါးရံ့ခြောက်။
ငါးဥသီးပင် ၊ န ၊ ဆူးမှည့်သီးပင်။
ငိုအူပေါက်သည် ၊ ကြိ ၊ ဆက်တိုက်ငိုသည်။
ငန်းတင်ပြီးလုပ် ၊ ကြိ ၊ တစ်ခုပြီးတစ်ခုလုပ်။
ငိန်းကျ ၊ ကြိ ၊ ငိုက်ကျနေသည်။
ငမ်း ၊ ကြိ ၊ အကြွေးပေးသည်။အကြွေးယူသည်။
ငုံးတွင်း ၊ န ၊ ဇက်တွင်း ။ ကုတ်တွင်း။
ငုံးတွင်းနက်သည် ၊ ကြိ ၊ ကပ်စေးနည်းသည်။

စ

စကတ် ၊ န ၊ ဂါဝန် ။
စငယ်ပွဲ ၊ န ၊ လူငယ်လေး။
စပါးစားငှက် ၊ န ၊ မြေညှောင့်ငှက်။
စပို့တို့ ၊ န ၊ ကျည်ပို့တို။
စမယောက်ရီး ၊ ဝါကျ ၊ ဘယ်နှစ်ယောက်လဲ။
စမွှ ၊ န ၊ ပုရွက်ဆိတ်သေး။
စနိုင် ၊ ဝါကျ ၊ မသိ။
စလူရီး ၊ ဝါကျ ၊ ဘယ်သူလဲ။
စလောင် ၊ န ၊ ပါးစပ်။
စလောင်ပူ ၊ ကြိ ၊ ပါးစပ်ပူသည်။ ပူညံပူညံ လုပ်သည်။
စလောင်ပျင် ၊ ကြိ ၊ နှုတ်ခမ်းထူသည်။

လွန်း ၊ န ၊ သံတူရှင်း။

လောက်မို့ ၊ ဝါကျ ၊ ဘယ်လောက်လဲ။

အူစအိ ၊ ကြိ ၊ အီလယ်လယ်ဖြစ်သည်။ နေထိုင်မကောင်းဖြစ်။

အယ်ပင် ၊ န ၊ သစ်အယ်ပင်။

ဆီသွားမို့ ၊ ဝါကျ ၊ ဘယ်သွားမလဲ။

မှမပေါက် ၊ ဝါကျ ၊ ဘာမှနားမလည်။

ညန်းညန်း ၊ ဝါကျ ၊ ဘာပဲဖြစ်ဖြစ်။

စားချိုသည် ၊ ကြိ ၊ စားကောင်းသည်။ စားမြိန်သည်။

စားကြေ့ကြေ့ ၊ ကြိ ၊ စားကြည့်ပါ။

စေးရိုး ၊ န ၊ ခြံစည်းရိုး။

စေလိုက် ၊ ကြိ ၊ ခိုင်းသည်။

စော ၊ န ၊ ပြုတ်၍ ပေါင်း၍ ချက်ပြုတ်ထားသောဟင်းလျာ။

စော်မိုး ၊ န ၊ အခမဲ့ထမင်းဟင်းချက်ပေးသူ။

စံပြယ် ၊ ကြိ ၊ စိတ်ပျက်သည်။

စို့ ၊ န ၊ ရပ်ကွက် ။

စိုးစီ ၊ န ၊ နောက်ချေးပိုး (အကြီး)။

စောက်စောက်ထိုး ၊ နဝိ ၊ အစီအစဉ်မကျ ။ ပရမ်းပတာ။

စင်း ၊ န ၊ အလေးမဲ့တစ်ဖက်ချိန်ခွင်။

စောင်ရင်းရုံ ၊ ကြိ ၊ ခြံစည်းရိုးကာ။

စောင်ရင်း ၊ န ၊ ခြံစည်းရိုး။

စိတ်ဆာ ၊ ကြိ ၊ လွမ်းဆွတ်သတိရသည်။

စိတ်မခွေး ၊ ကြိ ၊ စိတ်မအေးဘူး။

စိန်ကားပန်း ၊ န ၊ တရုတ်စကားပန်းဖြူ။

စိန်ချဉ် ၊ န ၊ ချယ်ရီ ။

စိန်စာ ၊ န ၊ စာကလေး ။
စုပ်ရဘူး ၊ ကြိ ၊ စားရဘူး ။
စပ်ဖာ ၊ ကြိ ၊ နေရာတကာစပ်စု။
စပ်တီးစပ်ဖာ ၊ ကြိဝိ ၊ မဟုတ်မဟတ်။
စပ်သီး ၊ န ၊ ငရုတ်သီး။
စုံတိုက် ၊ ကြိ ၊ ထက်အောက်ဆင်တူသည်။
စုံနု ၊ န ၊ အိမ်ထောင်ပြုစ။

**ဆ**

ဆရာထွက် ၊ န ၊ ရဟန်းဘဝမှလူဝတ်လဲပြီးအိမ်ထောင်ပြုသူ။
ဆာ ၊ ကြိ ၊ တောင့်တသည် ။ စိတ်ဆာသည်။
ဆီဆားသီး ၊ န ၊ ဒိုးဖြူသီးအငယ်မျိုး။
ဆီးဆင့်ဆီးဆင့် ၊ န ၊ အဆင့်ဆင့်။
ဆီမီးကတို ၊ န ၊ မိန်းခလေးအတွင်းခံအကျႌ။
ဆီးနီဆိုး ၊ ကြိ ၊ နှုတ်ခမ်းနီဆိုးသည်။
ဆူကာသီး ၊ န ၊ ဂေါ်ရခါးသီး။
ဆူဆာ ၊ ကြိ ၊ ဆူညံသည်။
ဆူးလေ ၊ န ၊ ဆူးလေပင်။
ဆူးသီး ၊ န ၊ ဆူးခြံပြင်မှစား၍ရသောလိမ္မော်ရောင်အသီး။
ဆေဆစ်သား ၊ န ၊ မဲ ရှုံးသား ။
ဆေးကက္ကူ ၊ န ၊ အဖျားပြတ်ဆေးခါးတောင့်။
ဆေးဆူ ၊ ကြိ ၊ ဘိန်းရှူသည်။
ဆေးပတ်လိုက် ၊ ကြိ ၊ ငါးရက်တစ်ဈေးလိုက်ရောင်းသည်။
ဆေးသုံး ၊ ကြိ ၊ ဈေးသုံးသည်။ ဈေးဝယ်သည်။





ဆေးအိုးတံ ၊ န ၊ ဆေးတံ။
ဆိုး ၊ ကြိ ၊ ပျက်စီး ။ မကောင်း ။
ဆက်ပျက်ထိုး ၊ ကြိ ၊ လျှပ်စီးလက်သည်။
ဆောက်ရိုက် ၊ န ၊ တင်းပုတ် ။ လက်ရိုက်တုတ်။
ဆင်မောင်းသီး ၊ န ၊ တံမျက်စည်းပင်၏အသီး။
ဆောင်းမြေးကိုက် ၊ ကြိ ၊ နှာဖျားသည်။အအေးမိသည်။
ဆန်လုံးစိ ၊ န ၊ ထမင်းလုံးစီ။
ဆွန်ပေါက် ၊ န ၊ ဆုံငယ်။
ဆုံပွေ့ ၊ န ၊ ကျည်ပွေ့။
ဆုံဆိုး ၊ န ၊ ပျက်စီးနေသောဆုံ။
ဆွနှင်းမှုန့် ၊ န ၊ နနွင်းမှုန့်

စ

စလော ၊ ကြိ ၊ ဘာလဲ။
စငြားငြား ၊ ကြိဝိ ၊ ဘာဖြစ်ဖြစ်။
စတ်ခနဲ ၊ ကြိဝိ ၊ ရုတ်တရက်။

ည

ညံဖျား ၊ န ၊ ညံပင်များစွာပေါက်နေသောအရပ် ။ သဧျိုင်း။

တ

တစော့ ၊ န ၊ လက်တစ်ဆုပ်စာ။
တစောင်း ၊ န ၊ ဝေါင်း / ပေါင်းနုတ်ဝေါင်းသွား။
တဆေးခြား ၊ န ၊ နောက်ငါးရက် / နောက်တစ်ဈေး။

တဆွဲ ၊ န ၊ ၂၅ ပိဿာ (အချိန်အတွယ်)။

တတင် ၊ န ၊ လေးတင်း (စပါး)။

တဒါချဲ ၊ ကြိ ၊ တစ်မျိုးတည်းကိုထပ်ခါထပ်ခါလုပ်သည်။

တနားတခါ ၊ နဝိ ၊ ပြတ်တောင်း ပြတ်တောင်း။

တနောက်ထဲ ၊ ကြိ ၊ ရှုပ်ယှက်ခက်သည်။

တနန့်ထဲ ၊ ကြိ ၊ တက်ကြွသည်။

တနှောင်းထဲ ၊ ကြိ ၊ ဆူညံနေသည်။

တပေထဲ ၊ ကြိ ၊ ဆိုးသည်။

တပျက်(မြင်) ၊ ကြိဝိ ၊ ရုတ်တရက်(မြင်)။

တပြွတ် ၊ ကြိ ၊ အစုလိုက်အပြုံလိုက်။

တဗျဲထဲ ၊ ကြိ ၊ ရေစိုရွဲသည်။

တဖက် ၊ နိ ၊ နှစ်တင်း (စပါး)။

တဖျောထဲ ၊ ကြိဝိ ၊ တစ်ဖြုတ်ထဲ ၊ တစ်သုတ်တည်း ။

တဖြုတ် ၊ ကြိဝိ ၊ ခဏလေး (တဖြုတ်သွားပါ)။

တဘက် ၊ န ၊ မျက်နှာသုတ်ပဝါ။

တလဲလဲ ၊ ကြိဝိ ၊ ထပ်ခါထပ်ခါ။

တလင်းသား ၊ န ၊ လင်မရှိဘဲမွေးသည့်မိန်းခလေး။

တလတ် ၊ ကြိ ၊ တစ်ပြင်လုံး (လျှပ်စီးလွတ်)။

တလယ်လယ် ၊ ကြိဝိ ၊ အလီလီ တစ်ပိုင်းတစ်ပြတ်။

တလွင်း ၊ န ၊ တရှင်း။ တူးရှင်း။

တအား ၊ ကြိဝိ ၊ ခဏ ၊ ခေတ္တ။

တအီးတအား ၊ ကြိဝိ ၊ အလွန်အကျွံ။

တအုံးလုံး ၊ ကြိဝိ ၊ ခဏတစ်ဖြုတ်။

တာတက်ပွဲ ၊ န ၊ နှစ်သစ်ကူးပွဲ။ အတာတက်ပွဲ။





တုသည် ၊ ကြိ ၊ စသည် ။ ကျီစယ်သည်။
တော ၊ ကြိ ၊ ပြောင်းရွှေ့သည်။
တော်မိရမ်းဆ ၊ ကြိဝိ ၊ အရမ်းကာရော။
တို့ပေါင် ၊ န ၊ အဖွား။
တို့ဖ ၊ န ၊ အဖေ။
တို့ဖိုး ၊ န ၊ အဘိုး။
တို့မွေ့ ၊ န ၊ အမေ။
တို့နောင် ၊ န ၊ အစ်မ၏ခင်ပွန်း။
တက်ကော်ကလန် ၊ ကြိဝိ ၊ ကလန်ကဆန်။
တင်တေတိုင်း ၊ န ၊ အမျိုးသမီးဝတ်ဂါဝန်။
တောင်စဉ်ဥ ၊ န ၊ အာဒါလွန်ဥ။
တောင်းဆိုး ၊ န ၊ ခြင်းတောင်းအပျက်။
တတ်တိုင်း ၊ ကြိဝိ ၊ မိမိကိုယ်တိုင်း။
တိတ်ပန်းကန် ၊ န ၊ ကြွေပန်းကန်။
တုတ်ထား ၊ ကြိ ၊ ချည်ထားသည်။
တံမျက်စဲ ၊ န ၊ တံမျက်စည်း။
တံတင်း ၊ န ၊ သေတ္တာ။
တန့်ခိုင် ၊ ကြိ ၊ ရပ်သည်။
တန်းပလစ် ၊ န ၊ ဓါးခုတ်ကောင်။
တန်းတန်းသွား ၊ ကြိ ၊ တည့်တည့်သွားသည်။
တုံပယ်ပြန် ၊ ကြိ ၊ နေ့ချင်းပြန် ။ ခေါက်တုံ့ခေါက်ပြန်။
တုံးလုံးမတ်တတ် ၊ ကြိဝိ ၊ မိုးတိုးမတ်တတ်။
တုံး ၊ ကြိ ၊ ကုန်ဆုံးသည်။ ကုန်သွားသည်။
တွက် ၊ ကြိ ၊ ရေဆူပွတ်သည်။

ထ

ထငယ် ၊ န ၊ စားအငယ်။
ထထား ၊ န ၊ တံတား။
ထမ ၊ န ၊ ဓားမ။
ထမိန်ရေ ၊ န ၊ ထမင်းရည်။
ထမုံ ၊ န ၊ တိုက်နယ်သူကြီး။
ထလပွင့် ၊ န ၊ စွယ်တော်ပွင့်။
ထလက် ၊ န ၊ သရက်။
ထားမိ ၊ ကြိ ၊ ဓားရှသည်။
ထီးကာ ၊ န ၊ ထီးဒါယကာ ၊ ထီးအလှူရှင်။
ထောကား ၊ န ၊ သက်ကယ်တစ်မျိုး။
ထော့န ၊ ကြိ ၊ တုံးသည်။ ခေါ့နသည်။
ထင်ခါး ၊ န ၊ တံခါး။
ထိုင်တုံး ၊ န ၊ ထိုင်ခုံအနိမ့်။
ထိတ် ၊ ကြိ ၊ ကန်သည်။
ထမ်းဖီ ၊ န ၊ ထမိန် ။ ထဘီ။
ထိန်း ၊ ကြိ ၊ သစ်ပင်ကြီးများကိုခုတ် လှဲသည်။
ထိုးနီစေ့ ၊ န ၊ ခုံညင်းဒိုး။
ထွေးအိုး ၊ န ၊ ထွေးခံ။

ဒ

ဒုတ်မီး ၊ န ၊ လက်နှိပ်ဓာက်မီး။
ဒေါက်ချိတ်မ ၊ န ၊ ပုစွန်ဆိတ်။




ခ
ခါတ်ရှင် ၊ န ၊ ရုပ်ရှင်။

န
နမိနမျော ၊ ကြိ ၊ နှမြောသည်။
နမော်နမဲ့ ၊ ကြိဝိ ၊ ပေါ့ပေါ့ဆဆ။
နသယ်ကက် ၊ ကြိ ၊ နှားရင်းကိုရိုက်သည်။
နှားပေ ၊ န ၊ နှားကပ်အသေး။
နှားပေါက် ၊ ကြိ ၊ သဘောပေါက်သည်။
နေကောင် ၊ နဝိ ၊ နှစ်ကောင်။
နေပတ် ၊ နဝိ ၊ နှစ်ပတ် (၁၄)ရက်။
နေ့ခလိုက် ၊ ကြိ ၊ နေစားခလိုက်သည်။
နှဲ ၊ ကြိ ၊ ကပ်စေးနှဲသည်။
နောက်နက်ခတ် ၊ ကြိ ၊ မငြိမ်မသက် ။ယောက်ရက်ခတ်သည်။
နတ်စကား ၊ န ၊ မှန်သောစကား။
နောက်လိုက်အုံး ၊ ကြိ ၊ မွေလိုက်ဦး။
နတ်တက် ၊ ကြိ ၊ နတ်ပသသည်။
နတ်ထက်မြ ၊ ကြိ ၊ နတ်ထက်လှသည်။
နတ်မွေး ၊ ကြိ ၊ နတ်ကိုးကွယ်သည်။
နန်းဥ ၊ န ၊ မိန်းမသားမြတ် (နို့)။
နပ်ခါးအင် ၊ န ၊ သနပ်ခါးကျောက်ပြင်။
နယ်စား ၊ ကြိ ၊ ရောနှောပြီးစားသည်။
နာစီးဆောင်းမွေး ၊ ကြိ ၊ အအေးမိနှာစေးသည်။
နွံ့နေသည် ၊ ကြိ ၊ လှုပ်နေသည်။

နှုန်းနေသည် ၊ ကြိ ၊ ပင်ပန်းနေသည်။
နှပ်နေ ၊ ကြိ ၊ ဓိမ်ယူနေသည်။
နွေး ၊ ကြိ ၊ အခွံနွှာသည်။

ပ

ပစာရီး ၊ ကြိ ၊ ဘာလဲ။
ပစိပဇော့ ၊ ကြိဝိ ၊ ပေါက်တတ်ကရ။
ပတောင့်ပတေ ၊ ကြိဝိ ၊ တင့်တင့်တယ်တယ်။
ပလောင်း ၊ န ၊ ပြောင်း (မီးပြောင်း)။
ပလစ်ဖုတ် ၊ ကြိ ၊ နွားချေး ၊ အမှိုက်များတွင်းငယ်အတွင်း မီးဖုတ်သည်။
ပိစိကွေး ၊ နဝိ ၊ သေးငယ်သော။
ပီလန် ၊ န ၊ ခမောက်ကား။
ပီးသည် ၊ ကြိ ၊ ဓားဖြင့် ၊ သေနတ်ဖြင့်သတ်၍မသေ။
ပုဆိုး ၊ န ၊ ယောကျ်ားဝတ်လုံချည်။
ပုတက် ၊ ကြိ ၊ အပေါ်သို့တက်သည်။
ပုထားသည် ၊ ကြိ ၊ တွဲခိုထားသည်။
ပေ ၊ ကြိ ၊ တုံးသည် ။ (ဓါးတုံးသည်။)
ပေလမ်းစောင်း ၊ န ၊ ကတ္တရာလမ်းဘေး။
ပွဲ ၊ နဝိ ၊ သေးငယ်သော။
ပေါလိန် ၊ န ၊ မှီခိုရသူ ။ ကျေးဇူးပြုသူ။
ပေါ့ပေါ့ ၊ ကြိ ၊ မြန်မြန်သွက်သွက်။
ပေါ်တင်ချော ၊ ကြိ ၊ အပေါ်ယံသာကောင်း။
ပိုလိုခဲနေသည် ၊ ကြိ ၊ စီးကရက်သောက်နေသည်။
ပိုးစီ ၊ န ၊ ဖိုးလမင်း။

ပိုးစုန်းမီး (ပိုးမယ်မုန်း) ၊ န ၊ ပိုးစုန်းကြူး။

ပိုးတုတ်စ ၊ န ၊ တုတ်ကောင်။

ပိုးယား ၊ န ၊ ခူယားကောင်။

ပေါက်ချပ် ၊ န ၊ ဓားထည့်သည့်ပလိုင်းငယ်လေး။

ပေါက်ချိပေါက်ချ ၊ ကြိဝိ ၊ ပေါက်တတ်ကရ။

ပေါက်လက်ခင်း ၊ န ၊ ထယ်ထိုးထားသည့်နေရာ။

ပေါက်လက်ချော့ ၊ န ၊ ပထမဆုံးထယ်ထိုးလှန်ထားသောမြေ။

ပေါက်လက်ခွာ ၊ ကြိ ၊ မြေယာအကြမ်းထိုးသည်။

ပေါက်လက်ခဲ ၊ န ၊ ထယ်ချေးဖတ် ။

ပေါက်လက်ငှက်ကြား ၊ န ၊ ထယ်ထိုးထားသောမြေကြီးခဲကြားမှငှက်။

ပေါင်းထုပ် ၊ န ၊ ခေါင်းပေါင်းတဘက် (ပဝါ)။

ပုတ်ပတ် (ပုတ်ဖတ်) ၊ ကြိ ၊ ညစ်ပတ်သည်။

ပုတ်နှင့်မော့ ၊ ကြိဝိ ၊ ပုတ်နှင့်မှား။

ပုန်းခဲသေး ၊ န ၊ ဆိုးဆေးထောင့်။

ပုံပေါ ၊ ကြိ ၊ စကားထာဝှက်သည်။

ပုန်းခွဲ ၊ န ၊ ယင်ပျား။

ပျက်ကစီး (ပျက်စီး) ၊ န ၊ နံနံပင်။

ပျယ်သည် ၊ ကြိ ၊ ပေါ့သည်။

ပြောင်စာမြက် ၊ န ၊ ပြောင်စားသောမြက်။

ပြူ ၊ ကြိ ၊ ဆူကျသည်။

ပွေကျသည် ၊ ကြိ ၊ ဆူကျသည်။

ပွဲလုပ်သည် ၊ ကြိ ၊ အလှူလုပ်သည်။

ပွင့်ကံကျူး ၊ ကြိ ၊ အလွန်းအမင်းပွင့်သည်။

ပွန် ၊ ကြိ ၊ ကျော်လွန်သည်။

ဖ

ဖကီး ။ န ။ ဦးကြီး (မိဘများ၏အစ်ကို)

ဖဆိုး ။ န ။ ယောကျ်ားဝတ်လုံချည်။

ဖထွေး ။ န ။ အဖေ၏ညီ။

ဖပဲ့ ။ န ။ ဖခင်၏ညီ။

ဖမာ ။ န ။ ဗမာ။

ဖလံမစိမ်း ။ န ။ ဓားခုတ်ကောင်။

ဖသား ။ န ။ သားအဖ။

ဖလူ ။ န ။ ဘယ်သူ။

ဖအို ။ န ။ အဘိုး။

ဖာကြောင်းသိ ။ ဝါကျ ။ ဘာမှန်းမသိ။

ဖာသနဝါ ။ ကြိဝိ ။ သာသာလေးပြုလုပ်သည်။

ဖာသိဖာသာ ။ ကြိဝိ ။ မသိမသာ။

ဖူးတိမ်ညင်း ။ န ။ ဗူးသီးအသေးတစ်မျိုး။

ဖော့ ။ ကြိဝိ ။ အူတူတူ ။ အတတ။

ဖိုးသိုးဖာသာ ။ ကြိဝိ ။ မသိမသာ။

ဖောင်းဖီ ။ န ။ ဘောင်းဘီ။

ဖိုင် ။ ကြိ ။ ရိုက်နှက်သည်။

ဖုတ်ဖတ် ။ န ။ ခူကောင်။

ဖုတ်ဖတ်သည် ။ ကြိ ။ ညစ်ပတ်သည်။

ဖျော ။ နဝိ ။ တစ်သုတ်တည်း။

ဖျောကျီ ။ န ။ မြေထည့်သည့်တစ်ဖက်ထမ်းခြင်း။

ဖျက်ဆီး ။ န ။ နံနံပင်။

ဖျောင် ။ န ။ တိုးလျှိုပေါက်။

ဖျူး ၊ န ၊ နဖူးကိုသိမ်း၍လွယ်သည့်ပလိုင်းကြီးပြား။
ဖြူမွဲသီး ၊ န၊ ကျောက်ဖရုံသီး။
ဖြူတညော့ ၊ န ၊ ဖရုံတစ်ညှောင့်။
ဖွားနေသည် ၊ ကြိ ၊ ပြန့်ကျဲနေသည်။

ဘ

ဘာ ညားညား ၊ ကြိဝိ ၊ ဘာပဲဖြစ်ဖြစ်။
ဘတ်ချည်ကြိုး ၊ န ၊ ဂုံနီကြိုး။
ဘတ်အိပ် ၊ န ၊ ဂုံနီအိပ်။
ဘန်ခတ် ၊ ကြိ ၊ သိုင်းကစား။

မ

မကာတရာ ၊ ကြိဝိ ၊ မဆန့်မပြဲ။
မခင်တော့ဘူး ၊ ကြိ ၊ မမှီတော့ဘူး။
မငေါ် ၊ ကြိ ၊ မကြွ။ မမြောက်။
မတန်ဘူး ၊ ကြိ ၊ မတော်ဘူး။
မထိနိုးနာ ၊ ကြိဝိ ၊ မသိသလို။ ခံရခက်အောင်။
မရောင်းမရဲ ၊ ကြိ ၊ ဆာလောင်သည်။
မအေ ၊ န ၊ အမေ။
မအိုတက် ၊ ကြိ ၊ အရွယ်တင်သည်။ နုပျိုသည်။
မိငဲ ၊ န ၊ မွေးကင်းစမိန်းခလေး။
မိနီ ၊ န ၊ အပျိုအရွယ်မိန်းခလေး။
မိလန်ခမောက် ၊ န ၊ ခမောက်ကား။
မိုးကျောင်းလျှာပင် ၊ န ၊ ရှားစောင်းလက်ပတ်ပင်။

မီးချစ်ဖာ ၊ န ၊ မီးချစ်ဘူး။
မီးဆူခံ ၊ ကြိ ၊ အလှူပြီးညတွင် အလှူရှင်အိမ်ရှေ့အလှူခံ။
မီးဆော် ၊ န ၊ မီးတုတ်။
မီးတို့ ၊ ကြိ ၊ မီးမွေးသည်။
မီးဖူး ၊ န ၊ မီးခွက်။
မီးလုံး ၊ န ၊ မီးရှူး။
မေကြီး ၊ န ၊ အမေ၏အမ။
မော်စာ ၊ န ၊ ခြေအိပ်။
မို့ ၊ ကြိ ၊ (သွားမယ်၊ စားမယ်)မယ် ။ မလို့။
မိုးမိုင်းသည် ၊ ကြိ ၊ မိုးသဲကြီးမဲကြီးရွာသည်။
မိုးသားတုံး ၊ န ၊ မိုးတိမ်။
မက်မန်းဥ ၊ န ၊ စားရသော ကရင်ကောင်ဥ ။
မောက်ကြေ့ ၊ ကြိ ၊ အပေါ်မှအောက်သို့ငုံ့ကြည့်သည်။
မင်းဒလင် ၊ န ၊ စော်ဘွားပလိပ်။
မိုင်းအိမ်ပျံ ၊ န ၊ မီးပုံးပျံ။
မန့် ၊ စည်း ၊ ဘာလဲ။
မန့်ယောင် ၊ ကြိ ၊ အနာယောင်သည်။
မန်းစားချိုလား ၊ ဝါကျ ၊ ထမင်းစားကောင်းလား။
မုန်လာထုပ် ၊ န ၊ ဂေါ်ဖီထုပ်။
မုန့်ပြာလူး ၊ န ၊ ဆန် ၊ ကောက်ညှင်းတို့ဖြင့်ပြုလုပ်ထားသောမုန့်။
မုန့်လေပွေ ၊ န ၊ ဆန်ဖြင့်ပြုလုပ်ထားသောမုန့်ချပ်။
မယ်ချုန့်ပင် ၊ န ၊ ထိကရုန်းပင်။
မယ်တယိုး ၊ န ၊ ညို့သကျဉ်း။
မယ်န ၊ န ၊ သံမှို။

မယ်ယာ ၊ န ၊ မာယာ။

မျောအိုး ၊ န ၊ ရေထည့်သော(ဇလုံ)။ ခွက်စောက်တစ်မျိုး။

မျက်စိဆာ ၊ ကြိ ၊ တွေ့ချင် ၊ မြင်ချင် ။

မျက်ပေတုံး ၊ န ၊ မျက်မှေး။

မျောက်ဥ ၊ န ၊ ကန်စွန်းဥ။

မြဆက်ကာပွင့် ၊ ကြိ ၊ ဆယ့်နှစ်လရာသီပွင့်။

မြည်ဖက် ၊ န ၊ မီးမကင်ဘဲခြောက်သည့်ဖက်။

မွန်သံ ၊ န ၊ ဟောက်သံ။

မှောက် ၊ ကြိ ၊ မျှော်သည်။

ယ

ယရွံ့ ၊ ကြိ ၊ ဟန်လုပ်သည်။

ယာဂု ၊ န ၊ ထမင်းနဲ့အချို။

ယာဆိုး ၊ န ၊ ယာပျက်။

ယာရှူ ၊ န ၊ ချိန်ခွင်ကြီး။

ယာတော်တိုက် ၊ ကြိ ၊ ရွှေပြောင်းစိုက်ပျိုးပြီး တဲထိုးနေထိုင်သည်။

ယော် ၊ ကြိ ၊ မှည့်သည်။

ယောက္ခမလျှာပင် ၊ န ၊ နဂါးစက်ပင်။

ယုန်နံ ၊ န ၊ ပူစီနံ။

ယစ် ၊ ကြိ ၊ အီဆိမ့်သည်။

ယွ ၊ ကြိ ၊ ယားသည်။

ယွန်းပေါက် ၊ န ၊ ခြံအဝင်ပေါက်။

## ရ

ရေကျီးကန်း ၊ န ၊ တင်ကျီးငှက်။
ရေကြည်ဆော်သည် ၊ ကြိ ၊ ရေသန့်နှင့်ဆေးကြောသည်။
ရေချောင် ၊ န ၊ ရေပုံး။
ရေချမ်းအိုး ၊ န ၊ ဘုရားပန်းအိုး။
ရေဆန် ၊ နဝိ ၊ ရောနှောထားသော။ မရှင်းမလင်း။
ရေနုတ်သီးပင် ၊ န ၊ နာနုတ်သီးပင်။
ရေမှုတ် ၊ န ၊ ရေခွက်။
ရေအိမ် ၊ န ၊ ရေအိုင်။
ရေးစားသား ၊ ကြိ ၊ ရည်းစားဖြစ်သော်သား။
ရော့ရော့ရင်း ၊ ကြိ ၊ မအော်တစ်ချက် အော်တစ်ချက်။
ရိုး ၊ ကြိ ၊ ဦးဆောင်သည်။
ရိုးပြသည် ၊ ကြိ ၊ လိုက်ပြသည် ။ လမ်းပြသည်။
ရင်ကျပ် ၊ န ၊ ဇာဘော်လီ။
ရန်ဆာသည် ၊ ကြိ ၊ အနှောက်အယှက်ပေးသည်။
ရယ်အူပေါက်သည် ၊ ကြိ ၊ တအားရယ်နေသည်။
ရမ်းဆ ၊ ကြိ ၊ အလွန် ၊ သိပ်။
ရွာဆိုး ၊ န ၊ ရွာပျက်။
ရွာထမ်းပိုးကျိုး ၊ ကြိ ၊ လူသေသည်။
ရွှေ့ ၊ ကြိ ၊ ပြောင်းထားသည်။
ရွှေ့သည် ၊ ကြိ ၊ ပါးနေအောင်ခုတ်သည်။ ခွဲစိတ်သည်။
ရှီးရှုံ ၊(အာမေဍိတ်သံ)၊ ဓနုတိုင်းရင်းသားများ အမြဲအသုံးပြုသောအသံ။ သဘောမကျချက် မကျေနပ်ချက်များကြောင့် နုတ်မှ ရုတ်တရက်ထွက်ရှိသော စိတ်ခံစားချက်အသံ။

လ

လနှာ ။ ကြိ ။ လင‌ပုပ်ဖမ်းသည်။

လအော့လအယ် ။ ကြိ ။ တောမရောက် ။ တောင်မရောက်။

လီ ။ န ။ ချိန်ခွင်တစ်မျိုး။

လူးစား ။ ကြိ ။ ရောနှောပြီးစားသည်။

လုပ့်စွဲ ။ ကြိ ။ ကိုယ်ဝန်ဆောင်သည်။

လုပ့်မြူ ။ ကြိ ။ ကလေးကိုချော့နေသည်။

လုပ့်လက်ကျူ ။ န ။ ကလေးကစားစရာအရုပ်။

လုပ့်သူငယ် ။ န ။ ကလေးငယ်။

လူဦးပေါက် ။ ကြိ ။ ပထမဆုံးလူရောက်လာသည်။

လေချဲ ။ ကြိ ။ အကြွားချည်းပဲ ။ လေသိပ်များတာပဲ။

လော ။ ကြိ ။ လွှင့်ပစ်သည်။ စွန့်ပစ်သည်။

လက်ကတီး ။ န ။ ချိုင်းကြား။

လက်ကတူ ။ န ။ အနံ့ပြင်းသောအပင်တစ်မျိုး။

လက်ကလူ ။ န ။ ကစားစရာ (လက်ဖြင့်ကစားရသော)

လက်ခေါင်းဆစ် ။ န ။ လက်ကောက်ဝတ်။

လက်စားခိုလက်စားဆပ် ။ ကြိ ။ အပြန်အလှန်လုပ်အားပေးသည်။

လက်စားချို့ လက်စားဆပ် ။ ကြိ ။ အပြန်အလှန်လုပ်အားပေးသည်။

လက်စားဝင် လက်စားဆပ် ။ ကြိ ။ အပြန်အလှန်လုပ်အားပေးသည်။

လက်ဆွဲပြက် ။ န ။ လူရှင်တော်။

လက်တင်သီး ။ န ။ ဆပ်ပြာသီး။ ကုလားကင်ပွန်းသီး။

လက်ဖက်ကမ်း ။ ကြိ ။ ဖိတ်ကြားသည်။

လက်နှီး ။ န ။ အဝတ်စုတ်။

လက်အီးပေါက် ။ ကြိ ။ ခူနှာပေါက်သည်။

လောင်းယူအုံး ။ ကြိ ။ ထပ်ယူပါဦး။
လုပ်တိုင်း ။ န ။ သင်္ချိုင်း။
လမ်းတလတ် ။ န ။ လမ်းထက်ဝက်။
လုံး ။ ကြိ ။ ဖူးသည်။
လုံးဖွေ ။ န ။ ပင်စိမ်းရွက်တစ်မျိုး။
လယ်ကစင်း ။ န ။ လယ်ကန်သင်း။
လယ်ဟန်း ။ န ။ လယ်ရိုင်း။
လွေ့ ။ ကြိ ။ စပါးကြိတ်သည်။
လျော်အိုးကင်း ။ န ။ ဒယ်အိုးငယ်။

## ဝ

ဝါ ။ ကြိ ။ မဟုတ်မမှန်ပြောသည်။
ဝါနီ ။ န ။ ပင်နီ။
ဝါးရေး ။ ကြိဝိ ။ စကားပြောဆို။
ဝေ့ ။ ကြိ ။ လည်ပတ်နေသည်။
ဝဲ ။ ကြိ ။ လွင့်ပစ်သည်။
ဝဲကလာ ။ ကြိ ။ ဝဲကျလာသည်။
ဝမ်းစူး ။ ကြိ ။ လေထိုး ။ လေအောင့်သည်။
ဝမ်းတော့ဝမ်းနည်း ။ ကြိ ။ ကြေကွဲဝမ်းနည်းသည်။

## သ

သငယ် ။ နဝိ ။ သေးငယ်သော။
သမီးတော် ။ န ။ တူမ။
သမိုင်းဆိုး ။ န ။ နတ်စင်ပျက် (ရွာဆိုး ။ တောင်းဆိုး ။ ယာဆိုး)

သားတော် ၊ န ၊ တူ။

သီချင်းအော် ၊ ကြိ ၊ သီချင်းဆိုသည်။

သူယောင် ၊ န ၊ ဟန်ဆောင်တတ်သူ။

သူကောင်းမှန်း ၊ န ၊ ဒီလူကြီး။

သေနတ်ဆာတိုး ၊ န ၊ သေနတ်လျှာထိုး (သေနတ်အမည် ၊ ထိုးတံပု)။

သံကျွန်း ၊ န ၊ သံကျွန်းပင်။

သံပျာပိုင်း ၊ န ၊ ဒယ်အိုး။

သံဖြူ ၊ န ၊ သွပ်။

သစ်ထိုက် ၊ န ၊ အဓိကရသစ်ပင်။

သွားသောက်ဝတ် ၊ န ၊ အသုဘအကူငွေ။

ဘ

ဘာ ၊ စည်း ၊ ဘာ (ဘာလုပ်မလဲ)

ဒါ ၊ နစ ၊ သည် ။ ဤ ။ ဒီ။

ဒါတိန်းတိန်း ၊ န ၊ သည်ပုံစံအတိုင်း။

ဒါလိုလုပ် ၊ ဝါကျ ၊ သည်လိုလုပ်။

ဒါဘာဘာတုံး ၊ ဝါကျ ၊ ဒါဘာလဲ။

ဟင်းဖျယ်သည် ၊ ကြိ ၊ ဟင်းမကောင်း။

ဘယ် ၊ ဝါကျ ၊ ဘယ်။ (ဘယ်သူလော)

ဟုတ်ကြောင်းဟုတ်ကြောင်း ၊ ဝါကျ ၊ ဟုတ်ရဲ့လား ။ သေချာလို့လား။

ဟုပ် ၊ ကြိ ၊ ဟင်းရည်သောက်သည်။

ထိန် ၊ န ၊ ကျေးရွာ အုပ်စုသူကြီး။

**အ**

အ ၊ ကြိ ၊ ခွံ့သည်။ (ဟခိုင်းခြင်း)

အကောင်ကိုက် ၊ ကြိ ၊ ခန္ဓာကိုယ်ကိုက်ခဲခြင်း။

အကောင်တန်း ၊ န ၊ လူ့ခန္ဓာကိုယ်။

အခါးရေ ၊ န ၊ ရေနွေးကြမ်း။

အချင်းဆိုး ၊ ကြိ ၊ စိတ်ထားမကောင်း။

အချဲချဲ ၊ ကြိ ၊ အလကား။

အစိမ်းရောင်း ၊ ကြိ ၊ ပင်ထောင်ရောင်းသည်။

အဆောင် ၊ န ၊ ဓား။

အဆိုက် ၊ န ၊ အထိ။

အညောင်းညောင်း ၊ န ၊ အစင်းကြောင်းများ။

အထော့ ၊ န ၊ နံ့အလွန်းသူ ။

အနောင် ၊ န ၊ ခဲအို (အစ်မ၏ခင်ပွန်း)

အပေါအပဲ ၊ ကြိ ၊ ဈေးအလွန်နည်းသည်။ ပေါပေါပဲပဲ။

အပေါ်စီး ၊ န ၊ တိုက်ပုံအင်္ကျီ။

အပေါင် ၊ န ၊ အဖွား။

အပျိုကွန့် ၊ ကြိ ၊ လူပျိုလှည့်သည်။

အဖော့ ၊ န ၊ အူတူတူ ။ အတတ ။

အဖိုးကြီးသည် ၊ ကြိ ၊ ဈေးနှုန်းကြီးသည်။

အဖြေ့သည် ၊ န ၊ အနှိပ်သည်။

အမင်းကြီး ၊ န ၊ ဦးကြီး (အမေ၏အကို)

အမင်းငယ် ၊ န ၊ ဦးလေး (အမေ၏မောင်)

အယွဲ့ယွဲ့ ၊ ကြိဝိ ၊ တကယ်မဟုတ် ။ အစမ်းသဘော။

အသဲထား ၊ ကြိ ၊ နှလုံးတုန်သည်။

အသဲပေါ် ။ ကြိ ။ စိတ်ကောက်သည်။

အသဲထားမကောင်း ။ ကြိ ။ စိတ်ထားမကောင်း။

အာခင် ။ န ။ လျှာခင်။

အားခလိုက် ။ ကြိ ။ နေ့စားအလုပ်လုပ်သည်။

အာခေါင်သီး ။ န ။ လျှာခင်။

အိ ။ ကြိ ။ မွတ်နေအောင်လုပ်သည်။

အိသီး ။ န ။ ဂျင်။

အိအိအောအော ။ ကြိ ။ တအားငိုသည်။

အိကုတ် ။ န ။ စားရသည့်မြေတွင်းအောင်းပိုးတစ်မျိုး။

အိဖယ်ကလယ် ။ ကြိဝိ ။ အဆင်မပြေ ။ မအီမသာ။

အုထ ။ ကြိ ။ ဒေါသထွက်သည်။

အုအ ။ ကြိ ။ ဉာဏ်ထိုင်းသည်။

အ ။ ကြိ ။ 'ဟုတ်ကဲ့' ဟုပြောသောစကား။

အေးဥစ္စာ ။ အေးလူ ။ န ။ ငှင်းဥစ္စာ ။ ငှင်းလူ။

အော့ထ ။ ကြိဝိ ။ အူတူတူ အတတ။

အော့အန် ။ ကြိ ။ ဆူကျသည်။

အော်ကျယ် ။ န ။ အသံချဲ့စက်။

အော်လံပွင့် ။ န ။ လော်စပီကာ။

အိုးချမ်းကွဲ ။ န ။ အိုးကွဲ။

အိုးဒုတ် ။ န ။ အိုးစည်ကြီး။

အောက်ကျင်း ။ န ။ မြေပြန့်ဒေသ။

အကျံိကြီး ။ န ။ အကျံိ ထူ။

အကျံိခါးတို ။ န ။ မိန်းမဇာဘော်လီ။

အော်ငဲ ။ န ။ မွေးစကလေး။

အောင်နီ ၊ န ၊ အရွယ်မရောက်သေးသောယောကျ်ား။
အောင်း ၊ ကြိ ၊ ပုန်းသည်။
အောင်း ၊ န ၊ မြေတွင်းထဲနေသည့်ပျားကြီးတစ်မျိုး။
အိပ်ငတ် ၊ ကြိ ၊ အိပ်ရေးပျက်သည်။
အိပ်ဖလား ၊ န ၊ လွယ်အိတ်ကြီး။
အိပ်မွေ့သည် ၊ ကြိ ၊ အိပ်ပျော်သည်။
အိပ်နိုးပြေ ၊ ကြိ ၊ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သည်။
အိမ်ခြေလည် ၊ ကြိ ၊ တစ်အိမ်တက်ဆင်းလျှောက်လည်သည်။
အုပ် ၊ န ၊ ရပ်ကွက်အစုအဖွဲ့။
အယ် ၊ ကြိ ၊ နွဲ့သည်။ မူရာမာယာများသည်။
အွိုက်သည် ၊ ကြိ ၊ ချက်သည်။

## ဥ

ဦးကာ ၊ န ၊ ဇာဘော်လီ။
ဦးတိုး ၊ ကြိ ၊ ရှေ့သို့တိုးသည်။
ဦးမင်း ၊ န ၊ အမေ၏မောင်။

## ဓနု – မြန်မာ အသံဖလှယ်ပုံ

| | | | | | |
|---|---|---|---|---|---|
| ကနိမ် | = | ဂနိုင် | ကြက်ဆာတိမ် | = | ကြက်လျှာတိုင် |
| ကမာ | = | ကမှာ | ကြက်တောန်စဲ | = | |
| ကော်စော | = | ကော်ဇော | ကြက်တောင်စည်း | | |
| ကော့ | = | ကောက် | ကြောန် | = | ကြောင် |
| ကိုမ | = | ကိုမှ | ကြောန်ဆာသီး | = | ကြောင်လျှာသီး |
| ကိုလ | = | ကိုလှ | ကျပိုး | = | ကြမ်းပိုး |
| ကိုးကောန် | = | ကိုးကောင် | ကြိမ် | = | ကြိုင် |
| ကောန်း | = | ကောင်း | ကြယ်ပေါန်း | = | ကြယ်ပေါင်း |
| ကိုတ်လိတ် | = | ကိုက်လိမ့် | ခါတိမ်း | = | ခါတိုင်း |
| ကန်မာ | = | ကန်မှာ | ခါထောန် | = | ခါထောင် |
| ကုံးတိတ် | = | ကုံးတိုက် | ခါးမာ | = | ခါးမှာ |
| ကျိမာ | = | ကျိမှာ | ခါးလိုင် | = | ခါးလိမ် |
| ကျင်လယ် | = | ကျင်လည် | ခုနစ်တိမ် | = | ခုနစ်တိုင် |
| ကျောန်း | = | ကျောင်း | ခုနစ်တောန် | = | ခုနစ်တောင် |
| ကြောန်း | = | ကြောင်း | ခိုအောန်း | = | ခိုအောင်း |
| ကျိုင်စာ | = | ကျိန်စာ | ခေါန်း | = | ခေါင်း |
| ကျွဲမပိုင် | = | ကျွဲမပိန် | ခေါန်းခင် | = | ခေါင်းခင် |
| ကျွဲရိုတ် | = | ကျွဲရိုက် | ခေါန်းတုံး | = | ခေါင်းတုံး |
| ကြားမာ | = | ကြားမှာ | ခေါန်းပေါန်း | = | ခေါင်းပေါင်း |
| ကြီးမ | = | ကြီးမှ | ခေါန်းပျဉ် | = | ခေါင်းပျဉ် |
| ကြဲ့ | = | ကြည့် | ခေါန်းလောန်း | = | ခေါင်းလောင်း |
| ကြက်ဆာ | = | ကြက်လျှာ | ခိမ် | = | ခိုင် |

| | | | | | |
|---|---|---|---|---|---|
| ခိမ်အောန် | = | ခိုင်အောင် | စော်ကနီ | = | ဇော်ကနီ |
| ချားတိမ် | = | ချားတိုင် | စော်ဖွား | = | စော်ဘွား |
| ချေ | = | ချည် | စိုင်း | = | စိမ်း |
| ချေစ | = | ချည်စ | စိုင်းကား | = | စိမ်းကား |
| ချေသငယ် | = | ချေသူငယ် | စောန် | = | စောင် |
| ချဲ | = | ချည်း | စောန့် | = | စောင့် |
| ချစ်ကြောန်း | = | ချစ်ကြောင်း | စုံအောန် | = | စုံအောင် |
| ချစ်သူမန် | = | ချစ်သူမှန် | ဆာ | = | ရှာ |
| ချစ်သဲညာ | = | ချစ်သည်းညှာ | ဆာ၍ | = | ရှာ၍ |
| ချောန်း | = | ချောင်း | ဆား | = | ရှား |
| ချောန်းပဲဆိလာ | = | ချောင်းပဲရှိလာ | ဆားစေး | = | ရှားစေး |
| ခွေယိမ် | = | ခွေယိုင် | ဆိရာ | = | ရှိရာ |
| ငါးချောန်း | = | ငါးချောင်း | ဆီမာ | = | ဆီမှာ |
| ငေးမိမ် | = | ငေးမှိုင် | ဆုတောန်း | = | ဆုတောင်း |
| ငက် | = | ငှက် | ဆုတိမ်း | = | ရှုတိုင်း |
| ငက်ပျော | = | ငှက်ပျော | ဆေ့ | = | ရှေ့ |
| ငိမ်း | = | ငိုင်း | ဆေ့ဆက် | = | ရှေ့ဆက် |
| ငိတ် | = | ငိုက် | ဆေး | = | ဈေး |
| စကာ | = | ဆန်ခါ | ဆေးဘ၀ | = | ရှေးဘ၀ |
| စကားကောန်း | = | စကားကောင်း | ဆေးဖြူတိမ် | = | ဆေးဖြူတိုင် |
| စကော | = | ဆန်ကော | ဆေးဟောန်း | = | ဆေးဟောင်း |
| စာတိ | = | ဇာတိ | ဆော့စ မြဲ | = | လျှော့စမြဲ |
| စာပေါ်လီ | = | ဇာဘော်လီ | ဆော်မုံ့ | = | ရှော်မှုံ့ |
| စောစိုက် | = | ဇောစိတ် | ဆိုမ | = | ဆိုမှ |

| | | | |
|---|---|---|---|
| ဆက် | = ရှက် | ဆွေအိုင်မြောင် | = ရွှေအိမ်မြောင် |
| ဆော့ | = ဆောက် | ဆွေ့ | = ရွှေ့ |
| ဆော့ပင် | = ရှောက်ပင် | ဆောန် | = ဆောင် |
| ဆင်နှာမောန်း | = ဆင်နှာမောင်း | ဆောန်ကာ | = ရှောင်ကာ |
| ဆိတ် | = ဆိုက် | ဆိမ် | = ဆိုင် |
| ဆန်လုံးလ | = ဆန် လုံးလှ | ဆွံ့ဗွက် | = ရွံ့ဗွက် |
| ဆမ်း | = ရှမ်း | ဆွင် | = ရှင် |
| ဆမ်းတောန်း | = ရှမ်းတောင်း | ဇရံ | = စရံ |
| ဆွေ | = ရွှေ | ညီအောန် | = ညီအောင် |
| ဆွေကျိုး | = ရွှေကျိုး | ညိုး | = ညှိုး |
| ဆွေစိုင်ပြောန်း | = ရွှေစိန်ပြောင်း | ညင်းမွန်း | = ညှင်းမွန် |
| ဆွေညောင် | = ရွှေညောင် | ညောက်နု | = ညှောက်နု |
| ဆွေနိုင်ငက်ပျော | = ရွှေနီငှက်ပျော | ညဦ့အိုက် | = ညအိပ် |
| ဆွေနား | = ရွှေနား | ညောန် | = ညောင် |
| ဆွေပေါန် | = ရွှေပေါင် | ညောန်ပင် | = ညောင်ပင် |
| ဆွေပိန္နဲ | = ရွှေပိန္နဲ | ညောန်ဖြူ | = ညော ဂင်ဖြူ |
| ဆွေမိုး | = ရွှေမိုး | ညောန်ရေလောန်း | = ညောင်ရေ လောင်း |
| ဆွေယောန်ငိတ် | = ရွှေယောင်ငိုက် | | |
| ဆွေရင် | = ရွှေရင် | ညောန်အိုး | = ညောင်အိုး |
| ဆွေရင်ကြားမာ | = ရွှေရင်ကြားမှာ | ညွတ် | = ညွှတ် |
| ဆွေလမ်း | = ရွှေလမ်း | တကိမ်း | = တစ်ကိုင်း |
| ဆွေဝါ | = ရွှေဝါ | တခါး | = တံခါး |
| ဆွေဥမင် | = ရွှေဥမင် | တခွန် | = တံခွန် |
| ဆွေအိုင် | = ရွှေအိမ် | တဆေး | = တစ်ဈေး |

| | | | | | |
|---|---|---|---|---|---|
| တဆော့ | = | တစ်လျှောက် | ထရူး | = | ထင်းရှူး |
| တညာ | = | တစ်ညှာ | ထားပေါန်းအစိုက် | = | ထားပေါန်း အစိပ် |
| တပြောန်ပြောန် | = | တပြောင်ပြောင် | | | |
| တပြိမ် | = | တစ်ပြိုင် | ထိုးထိုးထောန် | = | ထိုးထိုးထောင် |
| တဖက် | = | တစ်ဖက် | ထိန်း | = | ထိုင်း |
| တမျက်ရိုက် | = | တမျက်ရိတ် | နကား | = | နဂါး |
| တလိုင် | = | တစ်လိမ် | နမ | = | နှမ |
| တလည့် | = | တစ်လှည့် | နမပျို | = | နှမပျို |
| တိမ်ညင် | = | တိုင်ညှင်း | နမြော | = | နှမြော |
| တိမ်း | = | တိုင်တန်း | နလုံး | = | နှလုံး |
| တိတ် | = | တိုက် | နာမောန်း | = | နှာမောင်း |
| တိပ်ပုံဆင် | = | တိုက်ပုံဆင် | နားစိပ် | = | နားစိုက် |
| တောန် | = | တောင် | နားဆိ | = | နားရှိ |
| တောန်ကုန်း | = | တောင်ကုန်း | နားထောန်နင့် | = | နားထောင်နှင့် |
| တောန်ငူ | = | တောင်ငူ | နားတောင်း | = | နားတောင်း |
| တောန်ပေါ် | = | တောင်ပေါ် | နားယောန် | = | နားယောင် |
| တောန်ပို့ | = | တောင်ပို့ | လိတ်မာ | | လိုက်မှာ |
| တောန်ပံ | = | တောင်ပံ | နေကိုယ် | = | နှစ်ကိုယ် |
| တောန်မ | = | တောင်မှ | နေဆောန်ပြိမ် | = | နှစ်ဆောင်ပြိုင် |
| တောန်ယာ | = | တောင်ယာ | နေယော့ | = | နှစ်ယောက် |
| တွင်းမာ | = | တွင်းမှာ | နေလုံး | = | နှစ်လုံး |
| တိမ်းပြေ | = | တိုင်းပြည် | နဖေး | = | နဘေး |
| တထား | = | တံတား | နဖေးကြေ့ | = | နံဘေးကြည် |
| ထနောန်း | = | ထနောင်း | နော့မာ | = | နောက်မှာ |





| | | | | | |
|---|---|---|---|---|---|
| နော့နောန် | = | နောက်နောင် | ပန်းဆွေဝါ | = | ပန်းရွှေဝါ |
| နင်း | = | နှင်း | ပန်းနေခိမ် | = | ပန်းနှစ်ခိုင် |
| နင်းခိုး | = | နှင်းခိုး | ပေါန်း | = | ပေါင်း |
| နစ် | = | နှစ် | ပေါန်းထု | = | ပေါင်းထု |
| နစ်တရာ | = | နှစ်တစ်ရာ | ပျော့ပြောန်း | = | ပျော့ပျောင်း |
| နတ် | = | နှုတ် | ပျိုခိမ်း | = | ပျိုခိုင်း |
| နတ်ခမ်း | = | နှုတ်ခမ်း | ပျိုတိမ်း | = | ပျိုတိုင်း |
| နတ်ရိုးဖောန် | = | နှုတ်ရိုးဖောင် | ပျဉ်တိမ်း | = | ပျဉ်တိုင်း |
| နောန်ဖဝ | = | နောင်ဘဝ | ပြာမာ | = | ပြာမှာ |
| နမ်းစေ့ | =' | နှမ်းစေ့ | ပြောန်စာမျက် | = | ပြောင်စာမျက် |
| နမ်းတိမ်း | = | နမ်းတိုင်း | ပြိမ် | = | ပြိုင် |
| နမ်းတိမ်းမွေး | = | နမ်းတိုင်းမွေး | ပြိမ်တူ | = | ပြိုင်တူ |
| နိမ် | = | နိုင် | ဖနပ် | = | ဖိနပ် |
| နွယ်လ | = | နွယ်လှ | ဖယောန်းတိမ်နယ် | = | ဖယောင်းတိုင် |
| ပု | = | ဘု | | | နယ် |
| ပုးပ | = | ဘူးပ | ဖီးဆိမ် | = | ဖီးဆိုင် |
| ပုးလေ | = | ဘူးလေ | ဖူး | = | ဗူး |
| ပေးထိတ် | = | ပေးထိုက် | ဖူးတံဆေ | = | ဖူးတံရှည် |
| ပိုးခေါန်းပေါန်း | = | ပိုးခေါင်းပေါင်း | ဖူးတိမ်ညင်း | = | ဗူးတိုင်ညှင်း |
| ပိုးချေ | = | ပိုးချည် | ဖူးပိုက် | = | ဗူးပိတ် |
| ပေါ့ဆိုင် | = | ပေါက်ဆိန် | ဖူးလ | = | ဗူးလှ |
| ပိုက်ဖြူ | = | ပိတ်ဖြူ | ဖောန် | = | ဖောင် |
| ပင်မာ | = | ပင်မှာ | ဖုန်း | = | ဘုန်း |
| ပန်းဆား | = | ပန်းရှား | ဖုန်းကံ | = | ဘုန်းကံ |

| | | | | | |
|---|---|---|---|---|---|
| ဖယ် | = | ဖယ် | မီးမဆို့ | = | မီးမရှို့ |
| ဖြားယောန်း | = | ဖြားယောင်း | မီးမုတ် | = | မီးမှုတ် |
| ဖြုံတညော့ | = | ဖရုံတစ်ညှောက် | မီးလောန် | = | မီးလောင် |
| ဖီလူး | = | ဘီလူး | မူးလိတ် | = | မှူးလိုက် |
| မင်္ဂလာဆောန်မာ | = | မင်္ဂလာဆောင်မှာ | မေး | = | မှေး |
| | | | မဲမောန် | = | မဲမှောင် |
| မဆား | = | မရှား | မော်ရိ | = | မှော်ရိ |
| မဆောန်း | = | မဆောင်း | မိုးနင်း | = | မိုးနှင်း |
| မညစ် | = | မညှစ် | မိုးမောန် | = | မိုးမှောင် |
| မတိုမဆေ | = | မတိုမရှည် | မိုးသားလိုင် | = | မိုးသားလိမ် |
| မထောန် | = | မထောင် | မော့ | = | မောက် |
| မပန်ထိတ် | = | မထိုက် | မော့ကြေ့ | = | မောက်ကြေ့ |
| မမား | = | မမှား | မိုက်သေး | = | မြိတ်သေး |
| မမျော် | = | မမျှော် | မိုင် | = | မှိုင် |
| မမွေး | = | မမွှေး | မန် | = | မှန် |
| မဖိလိတ် | = | မဖိလိုက် | မကျည်းတော့န် | = | မန်ကျည်းတောင့် |
| မလ | = | မလှ | မန်း | = | မှန်း |
| မလောန်း | = | မလောင်း | မန်းဆ | = | မှန်းဆ |
| မာခဲ့မယ် | = | မှာခဲ့မယ် | မောန် | = | မောင် |
| မာတမ်း | = | မှာတမ်း | မောန်မာ | = | မောင်မှာ |
| မာလဲ | = | မှာလဲ | မောန်မောန် | = | မှောင်မှောင် |
| မား | = | မှား | မောန့် | = | မောင့် |
| မီ | = | မှီ | မောန်း | = | မောင်း |
| မီးထွန်းဆာ | = | မီးထွန်းရှာ | မယ်လ | = | မယ်လှ |

| | | | | | |
|---|---|---|---|---|---|
| မျု | = | မှု | ရေမြောန် | = | ရေမြောင် |
| မျော | = | မျှော | ရေးစား | = | ရည်းစား |
| မျောချ | = | မျှောချ | ရေးစားဟောန်း | = | ရည်းစားဟောင်း |
| မျက်စေ့ဆာ | = | မျက်စိရှာ | ရိတ် | = | ရိုက် |
| မျက်တောန် | = | မျက်တောင် | ရောန် | = | ရောင် |
| မျက်နှာ | = | မျက်နှာ | ရောန်ညီး | = | ရောင်ညှိုး |
| မျက်နှာဖြူလွ | = | မျက်နှာဖြူလွှ | ရောန်ဝါ | = | ရောင်ဝါ |
| မျက်ရေ | = | မျက်ရည် | ရောန်း | = | ရောင်း |
| မြနန်းတိမ် | = | မြနန်းတိုင် | ရှာလယ်ခေါန် | = | ရှာလယ်ခေါင် |
| မြေတောန် | = | မြေတောင် | ရွက်ရောန် | = | ရွက်ရောင် |
| မြေမာ | = | မြေမှာ | ရွက်လ | = | ရွက်လှ |
| မြိမ်မြိမ်စိတ် | = | မြိုင်မြိုင်စိုက် | လခြင်း | = | လှခြင်း |
| မွေး | = | မွှေး | လဆာတယ် | = | လှရှာတယ် |
| မလယ် | = | မလှယ် | လမျိုး | = | လှမျိုး |
| ယုံမိမား | = | ယုံမိမှား | လလေလေ | = | လှလေလေ |
| ယုံအောန် | = | ယုံအောင် | လလိတ် | = | လှလိုက် |
| ယိုးယောန် | = | ယိုးယောင် | လလွန်း | = | လှလွန်း |
| ယောန် | = | ယောင် | လူဖုံလယ် | = | လူပုံလယ် |
| ယိမ် | = | ယိုင် | လူမိတ် | = | လူမိုက် |
| ရလိုဓော | = | ရလိုဓော | လေကား၊လယ်ကား | = | လှေကား |
| ရှူးလိတ် | = | ရှူးလိမ့် | လေနင့် | = | လေနှင့် |
| ရေဖူး | = | ရေဘူး | လေမစီး | = | လှေမစီး |
| ရေမ | = | ရေမှ | လဲ့ | = | လှည့် |
| ရေမာ | = | ရေမှာ | လံပေါန်း | = | လုံပေါင်း |

| | | | |
|---|---|---|---|
| လက်ကိမ် | = လက်ကိုင် | ဟင်းခါးရေ | = ဟင်းခါးရည် |
| လက်လမ်း | = လက်လှမ်း | ဟန်ဆောန် | = ဟန်ဆောင် |
| လက်ဟောန်း | = လက်ဟောင်း | ဦးတိတ် | = ဦးတိုက် |
| လင်းမ | = လင်းမှ | ဦးဏောက် | = ဦးနှောက် |
| လိုင် | = လိမ် | အကောန်း | = အကောင်း |
| လိုင်ခေါန်း | = လိုဏ်ခေါင်း | အကြောန်း | = အကြောင်း |
| လိုင်ဖယ် | = လိမ်ဖယ် | အကိမ်း | = အကိုင်း |
| လည်း | = လှည်း | အခိုကောန်း | = အခိုကောင်း |
| လည်းနင့်တင် | = လှည်းနှင့်တင် | အခွင့်တောန်း | = အခွင့်တောင်း |
| လိတ် | = လိုက် | အစောန့် | = အစောင့် |
| လန်အောန်ဆောန်း | = လန်အောင်ဆောင်း | အစွယ်ဆေ | = အစွယ်ရှည် |
| လောန် | = လောင် | အစိုက် | = အစိပ် |
| လော့ | = လောက် | အစိုင်း | = အစိမ်း |
| လောန်း | = လောင်း | အစိုင်းစား | = အစိမ်းစား |
| လမ်းပဲဆော့ | = လမ်းပဲလျှောက် | အဆော့ | = အရှေ့ |
| လမ်းမာ | = လမ်းမှာ | အဆော့တောန် | = အရှေ့တောင် |
| လုံ | = လှို | အဆက် | = အရှက် |
| လယ်ကစင်း | = လယ်ကန်သင်း | အဆက်ကွဲ | = အရှက်ကွဲ |
| လွသမား | = လွှသမား | အညာ | = အညာ |
| လွမ်း | = လွှမ်း | အတုမဆိ | = အတုမရှိ |
| လွမ်းမ | = လွှမ်းမှ | အတောန် | = အတောင် |
| လျက် | = လျှက် | အမု | = အမှု |
| ဝိမ်း | = ဝိုင်း | အမှည် | = အမည် |
| သဖော | = သဘော | အမွေး | = အမွှေး |

| | | | | | |
|---|---|---|---|---|---|
| အမွေးယဉ် | = | အမွှေးယဉ် | အိုင်တိမ် | = | အိမ်တိုင် |
| အရောန် | = | အရောင် | အိုင်ထောန် | = | အိမ်ထောင် |
| အလ | = | အလှ | အိုင်မာ | = | အိမ်မှာ |
| အလမျိုး | = | အလှမျိုး | အိုင်မိုးခေါန် | = | အိမ်မိုးခေါင် |
| အသီးဆေ | = | အသီးရှည် | အိုင်မက် | = | အိပ်မက် |
| အိုသွားခါမ | = | အိုသွားကာမှ | အိုင်သား | = | အိမ်သား |
| အိုက်ခန်း | = | အိပ်ခန်း | အောန် | = | အောင် |
| အိုက်ငိုတ် | = | အိပ်ငိုက် | အောန့် | = | အောင့် |
| အော့မာ | = | အောက်မှာ | အောန်း | = | အောင်း |
| အိုင် | = | အိမ် | | | |

▼ ▼

## ဓနုတိုင်းရင်းသားများ၏ ဓလေ့များ

### (၁) အဖို့လည်ဓလေ့

ဓနုတိုင်းရင်းသား အများစုသည် စိုက်ပျိုးရေးကို အခြေခံသော စီးပွားရေးလုပ်ငန်းများဖြင့် ရပ်တည်ကြသည်။ တောင်ယာလုပ်ငန်း လုပ်ကိုင်ကြသည်။ ရေခြံလုပ်ငန်းများလည်း လုပ်ကိုင်လျက်ရှိသည်။ လယ်ယာစိုက်ပျိုးရေးနှင့် သစ်ခုတ်၊ ဝါးခုတ်၊ ကျွဲ၊ နွား၊ မွေးမြူရေးများ တွဲလျက် သက်မွေးသမှု ပြုသည်။ နွေ၊ မိုး ၊ ဆောင်း မနားမနေ လုပ်ကိုင်ဆောင်ရွက်နိုင်ပါမှ မိသားစုစားဝတ် နေရေးဖူလုံပြီး ပိုလျှံငွေများကို လျှုဒါန်းနိုင်သော တိုင်းရင်းသားများ ဖြစ်သည်။ ထို့ကြောင့် ရှေးခေတ် ရှမ်းမြေလတ်တစ်ကြော ဓနုတိုင်းရင်းသားများသည် စိုက်ပျိုးရေးလုပ်ငန်း သံသရာထဲတွင် ကျင်လည်ခဲ့ရသည်။ အများစုပညာရေးဆုံးခန်းမတိုင်သည်က များလှသည်။ ဤအသိုက်အမြုံ

တွင်း ပျော်မွေ့ကြသည်။ လူငယ်တို့၏ သဘာဝသည်လည်း ထို့အတူပင် ဖြစ်ချေသည်။

တာတက်ပွဲ၊ ဘုရားပွဲ၊ အလှူအတန်းနှင့် ပျော်ပွဲရွှင်ပွဲများ၌သာ ချစ်ခင်နှစ်သက်သူများကို ရှာဖွေကြရသည်။ တွေ့ရှိပါက အမည်မေး၊ လိပ်စာမေး၊ မိဘနာမည်မေးရင်းဖြင့် 'အပျိုလည်'ရန်အတွက် အဆင်သင့် ဖြစ်လေပြီ။ တစ်ရွာနှင့်တစ်ရွာ မတူပါက ကာလသားခေါင်း (လူပျိုခေါင်း) ကို အားကိုးရသည်။ တချို့ချစ်သူရှိပြီးဖြစ်ပါက လက်ဆွဲပေးရသည်လည်း ရှိသည်။ တချို့ အချစ်ရေးအတွက် မရည်ရွယ်ဘဲ ခင်မင်ရုံသက်သက် အပျိုလည်သည်များလည်းရှိသည်။ အပျိုလည် ဓလေ့တွင် တချို့တစ်ဦးတည်း သွားသလို၊ တချို့အပေါင်းအသင်းများနှင့် သွားကြသည်။ ညစာ စားပြီး အမှောင်ထုကျချိန် အပျိုလည်လေ့ရှိသည်။ တချို့လည်း မယ်ဒလင်များပါသည်။ တချို့ ရေဒီယိုနှင့်လည်သည်။ ယနေ့မျက်မှောက်ခေတ်တွင် ဖုန်းတစ်လုံးမပါ မပြီး အပျိုလည် ရင်ဖွင့်ကြသည်။

ရှေးခေတ်ကတည်းက အပျိုလည်ဓလေ့တွင် မာယာနှင့်ကြီးချင်းကို အသုံးပြုသည်။ လူပျိုအများစုကလည်း မာယာနှင့်ကြီးချင်းကို နားလည် အသုံးပြုသည်။ ဖွဲ့ဆိုတတ်ကြသည်။ မာယာသည် အနီးသုံးလက်နက်ဖြစ်သည်။ အိမ်အတွင်းဖွဲ့ဆိုကြသည်။ ကြီးချင်းသည် အဝေးသုံး၊ အနီးသုံး လက်နက် ဖြစ်သည်။ ဝေးပါကအသံကုန်အော်ဟစ်ရသည်။ အပျိုလည်ရာတွင် နေအိမ် မီးဖိုခန်းနေရာတွင် အပြောများသည်။ ဓနုလူမျိုးတို့၏ မီးဖိုသည်ချက်ပြုတ်ရန် လည်းဟုတ်သည်။ မီးလှုံရန် အတွက်လည်းဖြစ်သည်။ အပေါ်တွင် ကြပ်ခိုးစင် ပါသည်။ (၃) ထောက်သံခလောက်နှင့် ချက်ပြုတ်ကြသည်။ သုံးပေပတ်လည် သစ်သားဘောင်ဖြင့် ပြုလုပ်ထားသော မီးဖိုဖြစ်သည်။ မီးဖိုဘေးတွင် ဝိုင်းဖွဲ့ စကားဝါ (စကားပြော) ကြသည်။ အပျိုလှည့်လာသူများကိုလည်း မိဘ မောင်နှမများက အလိုက်တသိ ရှောင်ပေးကြသည်။

အပျိုလေးကလည်း နောက်တစ်နေ့အတွက် လုပ်စရာရှိသောအလုပ်များ လုပ်ရင်း ညှော့ခံစကားပြောပေးရသည်။ ကွမ်းဆေးလက်ဖက် ရာသီပေါ်သီးနှံတို့ ဖြင့်လည်း ညှော့ခံပေးရသည်။ အထူးသဖြင့် အပျိုလည်ရာတွင် အရက်သေစာ သောက်စားခြင်း လုံးဝခွင့်မပြုသော ချစ်စရာ ရိုးရာ ဓလေ့များပင်ဖြစ်တော့သည်။ မိဘ၊ ဖိုးဖွား၊ သားသမီးများ အဆက်ဆက် အပျိုလည်ဓလေ့သည် ဖြစ်မြဲဓမ္မတာ ဟု လက်ခံထားကြသည်။ ကန့်ကွက်မှုလည်းမရှိပေ။ ရိုးရိုးသားသား အပျို လည်မှုကို မိဘများက မကျေနပ်မှုတစ်စုံတစ်ရာ ပြမိပါကလည်း ရွာ၏ အပြစ်တင်ရှုတ်ချခြင်းကို ခံရလေသည်။ အပျိုလည်ဓလေ့တွင် မာယာနှင့် ကြိုးချင်းကို မဝေးမနီးအကွာမှသာ ဖွင့်ဟပြောကြသည်။ မရှိမဖြစ် နှလုံးသား လက်နက်ပင်ဖြစ်သည်။ ကြည်နူးစရာ ကျေးရွာဓလေ့များပင်ဖြစ်တော့သည်။

အပျိုလည်ဓလေ့တွင် အခြားရွာသားများက လာရောက်ပါက မိမိ ရွာသားများက နားလည်ပေးရသည်။ အလိုက်သိစွာ ရှောင်ရှားပေးရသည် လည်းရှိသည်။ သဘောထားကြီးပေးရသည်။ လှောင်ပြောင်ခြင်း ကင်းမဲ့ကြ သည်။ အိမ်ရှင်ကောင်းပီသကြသည်။ အချင်းများမှု မရှိသလောက်ပင်ဖြစ်သည်။ မိုးအလွန်ချုပ်ပါက ကာလသားခေါင်းက ရွာအပြင်ထိလိုက်ပို့ကြသော ဓနု တို့၏ ချစ်စရာဓလေ့ပင်တည်း။

ယနေ့ခေတ် နည်းပညာများမြင့်မားလာသည်နှင့်အမျှ ဆိုရှယ်မီဒီယာ များလွှမ်းမိုးမှုနှင့်အတူ မာယာနှင့် ကြိုးချင်းအသုံးပြုမှု ပျောက်ကွယ်လုနီးပါး ဖြစ်နေသည်မှာ ဝမ်းနည်းစရာ ကောင်းလှသည်။ စပ်ဆိုသူလည်းမရှိ။ သင်ယူသူလည်းနည်းပါး။ အသုံးပြုသူလူငယ်များလည်း ရှားပါးခဲ့လေပြီ။ တစ်ခေတ်တစ်ခါက ရေပန်းစားပြီး အစွမ်းထက်ခဲ့သော ကျေးလက်တေး စစ်စစ်များသည် ဆိတ်သုဉ်းခဲ့လေပြီ။ မှေးမှိန်ခဲ့လေပြီ။ မာယာတတ်ကျွမ်းသူ မာယာအိုးများ မရှိတော့လေပြီ။

မာယာကို 'မယ်ယာ' ဟုလည်းခေါ်သည်။ 'စကားချိတ်' ဟုလည်း ခေါ်ကြသည်။ တဖန် 'မာယာသျှိုးချင်း' ဟုလည်း ခေါ်ပြန်သေးသည်။ မာယာကို အပျိုလည်ရာတွင်သာမက စကားနိုင်လုရာတွင်လည်း အသုံးပြုကြသည်။ ထိုခေတ် ထိုအခါက မာယာစပ်ဆိုတတ်သူများသည် လူချစ် လူခင်များသည်။ လေးစားကြသည်။ မျက်နှာပွင့်လေသည်။ မယ်ယာနှင့် ကြိုးချင်းသည် ဓနုတိုင်းရင်းသားများ၏ ကျေးလက်ရိုးရာ တေးသံစဉ်များ ဖြစ်တော့သည်။

စာကြီးစာပေများသည် ပေထက်အက္ခရာ တင်ခံရသည်။ စာအုပ်အဖြစ် ရိုက်နှိပ်ခံရလေသည်။ သို့သော် လေ့လာသူနှင့် လူအနည်းငယ်ထံသာ ရောက်ကြသည်။ မာယာ၊ ကြိုးချင်း၊ ကဗျာတေးသံသာများသည် စာကြီး၊ ပေကြီးမဟုတ်သော်လည်း ဓနုလူထု၏ နှုတ်ခမ်းများတွင် တည်ခဲ့သောစာများပင် ဖြစ်သည်။ 'ဓနုလူထု၏ အချိုး၊ အပွေ့ကို ခံရသောစာ' ဆိုကမှားမည် မထင်ပေ။ သို့ပါ၍ လူထုပါးစပ်ဖျားရေးပန်းစားခဲ့သော ကဗျာများတချို့ကို ဖော်ပြအပ်ပါသည်။ မူရင်းပုဒ်ရေ(၂၅၀)ကျော်ရှိသော်လည်း (၆၀)ကျော်သာ တင်ပြပေးလိုက်ရပါသည်။ ဦးသောင်းညွန့် စုစည်းထားခြင်းဖြစ်၏။

## (၂) ဓနုရိုးရာမယ်ယာနှင့် ကြိုးချင်းကဗျာများ

၁။ ကစော့ပင်ကုတ် ၊ ပိုးယားထုပ် ၊ မလှုပ်လေနှင့် ကြွေလိပ်မယ်။
သူ့သမီးငုတ်တုတ် ၊ မျက်ချေးထုပ် ၊ မလု ပ်လေနှင့် ငိုလိမ့်မယ်။
ဦးလှမောင် (၄၃) နှစ် ၊ ပနားရွာ ၊ ရပ်စောက်မြို့ (၇-၅-၈၇)

၂။ ကတီပင်ကောန်း ၊ ထနောန်းပင်ပို့ မိုးမပို ၊ အတူခိုဖို့ ကောန်းဖူးလော။
မယ်လည်းအပျို မောန်အပျို အတူနေဖို့ ကောန်းဖူးလော။
ဦးပွ(၆၅) နှစ်၊ အောင်မြင်အင်းရွာ ၊ ရပ်စောက်မြို့ (၄-၂-၈၇)

၃။ ကနိမ်ထထား ရေမဲသား ၊ ထထားလိုင်ဖယ် ၊ ဆောက်ခက်တယ်။
ကိုရင့်စကား တခွန်းကြား ၊ နားကြားခက်တယ် အကိုရယ်။
ဦးမင်းငယ် (၆၁) နှစ် ၊ တောင်ကွေးရွာ ၊ ရပ်စောက်မြို့ (၁-၁-၈၇)

၄။ ကျွဲမပိုင်ဆိုး ၊ လယ်ရန်းတိုး ၊ ထယ်တူးကျိုးမယ် ကျွဲမငယ်။
ကျုပ်တို့လူမျိုး လူရပ်ဆိုး ၊ ရုပ်ဆိုးကူးမယ် ညီမငယ်။
ဦးလှမောင် (၄၃) နှစ် ၊ ပနားရွာ ၊ ရပ်စောက်မြို့(၈-၅-၈၇)

၅။ ကြိုးကြာဖိုမ ခြုံပေါ်ဝဲ ၊ ခြုံထဲကျ ခြုံစရူးလို့ သေဖူးတယ်။
မယ်လည်းအလ မောန်မရ ၊ ခြာခြာရှူးလို့ သေဦးမယ်။
ဦးပွ (၆၅) နှစ် ၊ အောင်မြင်အင်းရွာ ၊ ရပ်စောက်မြို့ (၄-၃-၈၇)

၆။ ကြက်ဆူရိုးနီ ၊ ပိုးကြိုးစိ မစီသင့်လော ၊ စီသင့်လော။
ညဥ့်လည်းနက်ပြီ ၊ ကျောခြင်းမီ ၊ မမီသင့်လော ၊ မီသင့်လော။
ဦးလှမောင် (၄၄) နှစ် ၊ ပနားရွာ ၊ ရပ်စောက်မြို့ (၁-၅-၈၈)

၇။ ကြက်ဖဖြူကြီး ရင်ကိုလန်၍ တောန်ပံတီး ကြက်ကြီးသုံးကြိမ်
တွန်ချေပြီ။
ကျုပ်တို့မှာလည်း ၊ ရွာလည်းမနီး ရပ်မနီး ၊ မောန်ကြီးပြန်ချိန်ကျချေပြီ။
ဦးညို (၅၄) နှစ် ၊ ကြက်တက်ရွာ ၊ ရပ်စောက်မြို့ (၄-၅-၈၇)

၈။ ကြပ်ခိုးစင် ရေဖူးတင်သလော ၊ မယ်တို့ခင် အပျိုစင်သလော။
ကြပ်ခိုးစင်မို့ ရေဖူးတင်တယ် ၊ မယ်တို့ခင် အပျိုစင်တယ်ပ။
ဦးလှမောင် (၄၃)နှစ် ၊ ပနားရွာ ၊ ရပ်စောက်မြို့(၉-၅-၈၇)

၉။ ချွေးသေးပန်းမို့ မွှေးလွန်းတယ် ၊ ပန်ချင်သူလည်း ခူးခက်တယ်။
သူဌေးသမီးမို့ ဟန်ကြီးတယ် ၊ ချစ်ခင်သူလည်း ရခဲတယ်။
ဦးလှမောင် (၄၃)နှစ် ၊ ပနားရွာ ၊ ရပ်စောက်မြို့(၉-၅-၈၇)

၁၀။ ခေါင်းတလုံး ရေအိုးနေလုံးရွက်၊ အကွယ်လယ်နိုင်မလား။
ရေးစားနေယောက် တပြိမ်ထဲထား ၊ အကွက်လယ်နိုင်မလား။
ဦးတုံး ၊ (၅၇) နှစ် ၊ ပနားရွာ ၊ ရပ်စောက်မြို့ (၂၄-၄-၈၈)

၁၁။ ငက်ပျော ဆင်အံ မိုးရေခံ ၊ ဖန်တယ်ဆိုလည်း မထွေးနင့် ။
အချစ်ရယ်ကြံ တကယ်မန် ၊ အကြံမာလည်း မနေးနင့်။
ဦးမင်းငယ် (၆၁) နှစ် ၊ တောင်ကွေးရွာ ၊ ရပ်စောက်မြို့(၁-၁-၈၇)

၁၂။ ငက်ပျောပင်ငယ် ပင်သုံးဆယ် ၊ ပင်ငယ်ငက်ပျော အမည့်စော။
သမီးနုနယ် အိုတော့မယ် ၊ ဘယ်လလေလော ခုလလော။
ဦးမင်းငယ် (၆၁)နှစ် ၊ တောင်ကွေးရွာ ၊ ရပ်စောက်မြို့(၁-၁-၈၇)

၁၃။ ငက်ပျောရွက်လ ရွက်ရောန်ကျ ၊ ထမင်းထုပ်ရုံ ဟင်းထုပ်ရုံ။
မယ်ရဲ့အလ မောန်မရ ၊ မျက်ရေသုတ်ရုံ မီးမုတ်ရုံ။
ဦးမင်းငယ် (၆၁) နှစ် ၊ တောင်ကွေးရွာ ၊ ရပ်စောက်မြို့ (၁-၁-၈၇)

၁၄။ စအယ်ပင်ထက် ရွက်နုထွက်၊ သွက်သွက်ခါ လေနင့်မိုး။
သူ့သမီးချစ်ရက် မောန်ချစ်ရက် ၊ ဖျက်ရက်ပေတဲ့ ဆွေနဲ့မျိုး။
ဦးလှမောင် (၄၃)နှစ် ၊ ပနားရွာ ၊ ရပ်စောက်မြို့(၇-၅-၈၇)

၁၅။ ဆွေကြာအင်း ဝင်းဝင်းဝါ ၊ ဆွေကြာကြက်ဥ မကွဲလော။
မယ်တို့အိုင်မှာ မောင်တို့လာ ၊ မယ်တို့မိဖ မဆဲလော။
ဦးမင်းငယ် (၆၁) နှစ် ၊ တောင်ကွေးကျေးရွာ ၊ ရပ်စောက်မြို့ (၁-၁-၈၇)

၁၆။ တခွန်ကုက္ကား မုလေးပွား ၊ လေးဖွားခြသေ့် ကွေးတယ်လေ့။
မယ်တို့စကား တခွန်းကြား ၊ သဲဖျားထိအောင် အေးတယ်လေ့။
ဦးလှမောင် (၄၃)နှစ် ၊ ပနားရွာ ၊ ရပ်စောက်မြို့(၇-၅-၈၇)

၁၇။ တဖက်ဖြူစ ရေထဲကျ ၊ ချေစ ချောလို့ နမျောပ။
မယ်တို့အလ မောင်မရ ၊ မယ်လချောလို့ နံမျောပ။
ဦးလှမောင် (၄၃)နှစ် ၊ ပနားရွာ ၊ ရပ်စောက်မြို့(၇-၅-၈၈)

၁၈။ တလပွင့်ဖြူ ပွင့်စယူ ၊ လဲယူပွင့်စ တောင်ကုန်းက။
မယ်လည်းအပျို မောင်အပျို ၊ ရေးစားဖြစ်ကြ ခုနှေ့ည။
ဦးလှမောင် (၄၃)နှစ် ၊ ပနားရွာ ၊ ရပ်စောက်မြို့(၇-၅-၈၇)

၁၉။ တကယ်တူးလ ခြံပေါ်ဝဲ ၊ ခြံထဲကျ ခြံစစူးလို့သေရုံပ။
မယ်ရဲ့အလ မောင်မမရ ၊ မောင်မှာ ရူးလို့နေရုံပ။
ဦးကျော်ဝင်း (၃၄) နှစ် ၊ တောင်ကွေးရွာ၊ ရပ်စောက်မြို့ (၁-၅-၈၈)

၂၀။ တောင်ကုန်းက ဟင်းနူနွယ် ၊ အပွင့်လွှန်လို့ ဆူးဖြစ်လွယ်။
မောင်လည်းအငယ် မယ်အငယ်၊ အချစ်လွန်လို့ ရူးတော့မယ်။
ဦးလှမောင် (၄၃)နှစ် ၊ ပနားရွာ ၊ ရပ်စောက်မြို့ (၇-၅-၈၇)

၂၁။ တောင်ပို့ဆိရာ ၊ ခါကျလာ ချာရာ တကုတ်ကုတ်။
မယ်တို့ဆိရာ မောန်တို့လာ ၊ မျက်နှာ တပုပ်ပုပ်။
ဦးလှမောင် (၄၃)နှစ် ၊ ပနားရွာ ၊ ရပ်စောက်မြို့(၇-၅-၈၇)

၂၂။ တောန်ယာသချား အစိုင်းစား ၊ သွေးသားဖြစ်တယ်လော။
မောန်တို့စကား တခွန်းကြား ၊ ရေးစားဖြစ်တယ်လော။
ဦးလှမောင် (၄၃)နှစ် ၊ ပနားရွာ ၊ ရပ်စောက်မြို့ (၉-၅-၈၇)

၂၃။ တောန်ပေါ်ဝါးမို့ မတ်သလော ၊ လူပျိုနားဖို့ ဆတ်သလော။
တောန်ပေါ်ဝါးမို့ ငိမ်းသလော ၊ လူအိုနားမို့ ထိန်းသလော။
ဦးလှမောင် (၄၃)နှစ် ၊ ပနားရွာ ၊ ရပ်စောက်မြို့(၈-၅-၈၇)

၂၄။ ထလက်ပင်ကြီး လမ်းနားနီး ၊ အသီးချွေဖို့ မောန်လာတယ်။
ဆွေလည်းမနီး မျိုးမနီး ၊ အိုင်ကြီးခိုဖို့ မောန်လာတယ်။
ဦးလှမောင် (၄၃)နှစ် ၊ ပနားရွာ ၊ ရပ်စောက်မြို့ (၈-၅-၈၇)

၂၅။ ထနောန်းပင်ပျို မိုးမစို ၊ အတူခိုဖို့ မကောန်းလော။
မယ်လည်းအပျို မောန်အပျို ၊ အတူနေဖို့ မကောန်းလော။
ဦးလှမောင် (၄၄)နှစ် ၊ ပနားရွာ ၊ ရပ်စောက်မြို့(၁-၅-၈၈)

၂၆။ ကျား- မတူ မတူ အိမ်ချိုဖြူ၊ အိမ်ချိုဖြူကားလား လက်သမား
လုပ်ထားပြီးပြီလား။
မ - မတူ မတူ အိမ်ချိုဖြူ ၊ အိမ်ချိုဖြူ ကားလား အိမ်ထဲသား
လုပ်မယ့်သူများ မရှိသေး။
ဦးသက်ရှည် (၇၀) နှစ်၊ တီတောက်ကုန်းရွာ၊ ရပ်စောက်မြို့ (၅-၂-၈၇)

၂၇။ မရှာလေပဲ မိုးဟန်နဲ ရှာမယ် ယိုးယောန် ၊ တိမ်ဖြူထဲ တိမ်မဲမောင်
မောန်ကိုချမ်းအောန် ကြံလေလော။
မချစ်လေပဲ ချစ်မယ့် ယိုးယောန် ၊ စကားရိုးနဲ့ နုတ်ရိုးဖောန်
မောန်ကိုလွမ်းအောန် ကြံလေလော။
ဦးမင်းငယ် (၆၁)နှစ် ၊ တောင်ကွေးကျေးရွာ၊ ရပ်စောက်မြို့ (၁-၁-၈၇)

၂၈။ လဖက် ပလောန် စားရအောန် ၊ ပလောန် လဖက် ကောန်းသလော။
ညဥ့်နက်သန်းခေါန်လယ်တဲ့မောန် ၊ မိုးမောန်ကျအောန် ဆုတောန်းသလော။
ဦးညို (၅၄) နှစ် ကြက်တက်ရွာ ၊ ရပ်စောက်မြို့ (၄-၅-၈၇)

၂၉။ လင်းယုန် လင်းယုန် ဆွေလင်းယုန် ၊ လင်းယုန် အစာ ရနိုးနိုး။
ခေါန်းခင် ထက်မှာ တိမ်တန်းထိုး ၊ လင်းယုန်အစာမရပဲကလာ
မိဖထံပြန်ရုံပ။
ဦးပွ (၆၅) နှစ်၊ အောင်မြင်အင်းရွာ ၊ ရပ်စောက်မြို့ (၄-၂-၈၇)

၃၀။ လက်ပံသား ထထားခင်းမိ ချောယိယိ။ သူများရေးစား စကားပြောမိ
ငရဲထိ။
ဦးလှမောင် (၄၃)နှစ် ၊ ပနားရွာ ၊ ရပ်စောက်မြို့(၈-၅-၈၇)

၃၁။ အမတို့ မာတော့ ငက်ပျောပင်ငယ် ပင်သုံးဆယ် ၊ အခိမ်လနင့်
အကျစော။
အမတို့နုနယ် ချစ်ချင်ဖွယ် ၊ အိုမယ့်သဖော မောန်ထက်စော။
ဦးပွ(၆၅) နှစ်၊ အောင်မြင်အင်းရွာ ၊ ရပ်စောက်မြို့ (၂-၂-၈၇)

၃၂။ အိုင်တိမ်သစ်နဲ့ သစ်ပြောက်ထု ၊ သစ်နဲ့ အိုင်တိမ် ခိမ်သလော။
မယ်လည်းအနဲ့ မောန်အနဲ့ ၊ အမုကြီးငယ် နိမ်သလော။
ဦးပွ (၆၅) နှစ် ၊ အောင်မြင်အင်းရွာ ၊ ရပ်စောက်မြို့ (၄-၃-၈၇)

▼▼

## ကြိုးချင်း

မနုဒေသအခေါ် 'ချီးချင်း' ဖြစ်သည်။ ချီးချင်းကို အသံနေအသံထားနှင့် ရွတ်ဆိုရသည်။ အပျိုလေးနေအိမ်ပေါ်သို့ မတက်မီ ချီးမွမ်းခန်းဖွင့်ရုံသာမက မိမိက မေတ္တာရှိကြောင်းဦးစွာပြသရသည်။ ထို့သို့ 'ချီး' ပြီးမှ အိမ်ပေါ်တက်လေ့ရှိသည်။ ချီးချင်း ပထမပိုင်းအနေဖြင့် (၇) ပုဒ်တင်ပြပေးထားပါသည်။

၁။ ကျား။ ကျွန်းသားခလောက် ဝါးတုတ်ကောက်နဲ့ ခေါက်ကြေ့မယ်။
မယ်တို့အိုင်ရောက် ရေမုတ်ကောက်နှင့် ရေသောက်ကြေ့မယ်။
တွင်းမာခပ် ညဥ့်အိုက်ရေပဲလော။ ကန်မာခပ် ကန်စပ်ရေပဲလော။

မ ။ ဆေးလည်းမခတ် ၊ ဝါးမခတ် မပြည့်မလတ် တွင်းကဆန်၊
ကန်မာခပ် ချိုရင်လည်းသောက် ၊ ခါးရင်လည်းမောက်
ကြောက်ရင်လည်းပြေး အိုးနားစိမ်းနှင့် ပျိုဟိန်းရေ။
ဦးလှမောင် (၄၃)နှစ် ၊ ပနားရွာ ၊ ရပ်စောက်မြို့(၅-၇-၈၇)

၂။ ဆွေခရုလေးမာ အဖော်စုံလို့ ဆွေယုန်မာ တစ်ကောန်တည်း ဆုံးရစမြဲ။
ဦးမင်းငယ် (၆၀) နှစ် ၊ တောင်ကွေးရွာ ၊ ရပ်စောက်မြို့( ၃၁-၁၂-၈၆)

၃။ တောင်ထရံ ကြေ့လဲ ငါးပိစင်နဲ့ ဆားစင်နဲ့။
မြောက်ထရံကြေ့လဲ ငါးပိစင်နဲ့ဆားစင်နဲ့ချဲ။
မင်းပင် (၆၇) နှစ် တီးတောက်ကုန်းရွာ ၊ ရပ်စောက်မြို့ ( ၄-၃-၈၇)

၄။ နားထောင်းနားထောင်း မြနားထောင်း ၊ နားထောင်းပေါ်စ
ခုဆေးဝယ်မ နောက်ဆေးရ။
ငယ်ချစ်ဟောန်း ၊ ကြီးမပေါန်း တစောန်းမြင်မ နာခေါန်းရေနဲ့ မျက်ရေကျ
နာခေါန်းရေနဲ့ မျက်ရေမစဲ တော်သလင်းနဲ့ သီတင်းကျွတ်မိုးလို တဖွဲဖွဲ။
ဦးနာဒရ သက်တော်(၆၉)နှစ်၊ တီတောက်ကုန်းရွာ ၊
ရပ်စောက်မြို့ (၄-၂-၈၇)

၅။ ပိုလိုညှပ် ၊ မျက်မှန်တပ် ၊ တစ်ဆယ့်သုံးကျပ် ၊ ဘွတ်ဘိနပ်
ကြာရင် မောရမယ်။
ဦးကုပ် (၄၃) နှစ် ၊ မြေနီကုန်းရွာ၊ ရပ်စောက်မြို့

၆။ ဖယ်ဖက်ကြေ့လည်း အစေခံနှင့် အခြွေရံနှင့်
ညာဖက်ကြေ့လည်း ကြက်သွန်ခင်းနှင့် ရေတွင်းနှင့်
ကြက်သွန်ခြံနှင့် ရေကန်နှင့်
အိုင်ပေါ်တက်လည်း ဆွေအိုးနဲ့ချက်
ဆွေခွက်နှင့်စားလို့ထားမယ်ပ ချစ်သူကလျာနမ။
ဦးလှမောင် (၄၃)နှစ် ၊ ပနားရွာ ၊ ရပ်စောက်မြို့(၅-၅-၈၇)

၇။ အလယ်ခန်း ဆွေနန်းနှင့် ၊ အလယ်တိမ် ဆွေအိုင်နှင့်
အိုင်ပေါ်ဆင်းလည်း ခြေနင်းနှင့် ၊ အိုင်ပေါ်တက်လည်း မြပုခက်နှင့်

လမ်းပဲဆောက်လည်း အခြေအရံ အစောန့်ထားလို့
ထားပေါန်းတရာ ၊ အနားကာ လံပေါန်းအစိုက် ၊ နောက်ကလိတ်၍
စောန့်ဆောက်မယ်ပ။

ဦးလှမောင် (၄၃)နှစ် ၊ ပနားရွာ ၊ ရပ်စောက်မြို့(၅-၅-၈၇)

▼▼

## ကြီးချင်း ဒုတိယပိုင်း

ဤအပိုင်းရှိ ကျေးလက်တေးများသည် ဓနုတို့၏ ရေးဟန်၊ အကြောင်းအရာ၊ အသုံးအနှုန်းတို့နှင့် ကွဲပြားနေမှုကို လေ့လာတွေ့ရှိနိုင်ပါလိမ့်မည်။ ကုန်းဘောင်ခေတ်ကာလ၌ စပ်ဆိုထားသော ပုံစံများနှင့် ဆင်တူနေပါ၍ ဒုတိယပိုင်းအဖြစ် တင်ပြအပ်ပါသည်။

၈။ ကကြီးလျှင်ခွေး ၊ စလုံးလူပျိုပေါက်ကာမှ ငယ်ဝင်လို့နှောက်ကာမှ
ထပါဦးကွယ် မစာလုံးရယ်။

ဦးညို (၆၀) နှစ် ၊ တီတောက်ကုန်းရွာ ၊ ရပ်စောက်မြို့ (၄-၃-၈၇)

၉။ ကြက်ဖဖြူရယ် တောန်ပံရိုက်ပါလို့၊ မငိတ်တန်း ဆွေကုန်းသူလင်းစို့အတူ
အိုက်ငိတ်သူ ပြာပူနဲ့ပက်တမ်း မကြီးရယ် လင်းမပြန်စံတမ်း။

မင်းပင် (၆၇) နှစ် ၊ တီတောက်ကုန်းကျေးရွာ၊ ရပ်စောက်မြို့ (၄-၃-၈၇)

၁၀။ ချမ်းလို့ရယ်တုံ့၊ မီးဆယ်ပုံ ပိုလုံလို့မနွေး ၊ ချစ်တဲ့သူ စောန်ယှလို့ပေးခါမ
မီးလုံထက်နွေး။

မင်းပင် (၆၇) နှစ် ၊ တီတောက်ကုန်းကျေးရွာ၊ ရပ်စောက်မြို့ (၄-၃-၈၇)

၁၁။ ခေါ်န်းလောန်းလေးရယ်တဲ့ ဒိုးဒုံ ပျိုလေးမောန် လယ်လုပ်ဆင်းတယ်ကွဲ့ မိုးထွက်နှင့်ကြုံ။
တံခူးရယ်ကုန် ကဆုန်လဆန်း ပျိုတို့မောန် အိုင်တော်လမ်းကို ဆွေမိုးညို ဝသာန်ကုန်ခါမ ပြန်ခဲ့ပေါ့ ပျို့ချစ်ဦး ထူးတဲ့မာတမ်း။
ဒေါ်အေးပု (၄၀) နှစ် ၊ ပနားရွာ ၊ ရပ်စောက်မြို့ (၆-၇-၈၈)

၁၂။ ခေါ်န်းလောန်းလေးရယ်တဲ့ ဒိုးဒုံ မလေးမောန် အောက်ပြည်ဆင်းပါလို့ မိုးထွက်နဲ့ ကြုံ။
မိုးကုန်ရင်ပြန်လာပါဦး ခေါ်န်းပေါ်န်းရယ် ဆွေဖော့လုံးရယ်နဲ့ ပြောစမဆုံး။
ဦးတုံး (၅၇) နှစ် ၊ ပနားရွာ ၊ ရပ်စောက်မြို့ (၂၆-၄-၈၈)

၁၃။ ချေ သမင် စိုင်ဆတ် ရေငတ်လို့တလည်လည် နတ်ထားသည့် ရေကန်နားကို သွားမိပြန်တယ်။ ချေသူငယ်လေးရယ် မလိမ္မာလို့ မုဆိုးဆို ဆွေစိန်ပြောန်းရယ် ချောန်းပစ်မိမား။
ဦးမင်းငယ် (၆၁) နှစ် ၊ တောင်ကွေးရွာ ၊ ရပ်စောက်မြို့ (၁-၁-၈၇)

၁၄။ စပယ်ဖူးလေးရယ်တဲ့ ဖူးတံဆင် ပန်ချင်သူပျို့မောန်က လက်လမ်းလို့ယူငင် ပန်းသဇင်မြိုင်ယံတောမာလ ပန်းမြတ်ဝေဆာ ပင်ထက်ယံအမြင့်မာလ ဆွတ်ခူးရန် ခက်တာမို့ ပျိုတို့မောန် မပန်ထိတ်တာမို့ ဆေးဖဝ အကြောန်းကံကန်
ဦးလှမောင် (၄၄) နှစ်၊ ပနားရွာ ၊ ရပ်စောက်မြို့က (၁၀-၅-၈၈)

၁၅။ စိုင်တမော့ သည်ယာအုပ်ဆီက သမုဒ်လေးရေပြင်ကျယ် ကျူးလို့လာတယ်။

မောန်လာဆို ချစ်သူကဟာန့်တား အကြောင်းရယ်မဖန် ကံမဆုံလို့
မမကြီးရယ် မောန်ကြီးမှာ သမုဒ္ဒရာ ရေပြင်ကြောမာလ တုန်းလုပ်လို့မျော။
ဦးတိုးလုံ (၅၄) နှစ် ပန်းမက်ရွာ ၊ ရပ်စောက်မြို့ (၂၀-၅-၈၇)

၁၆။ ဆေးလိပ်လေးရယ်တဲ့ မြနန်းတိမ် မောန်ကဆူ မယ်ကပေးတယ်ကွဲ့
အေးမြမြကြိုင် ဆေးရိုးရယ်ကုန် ၊ ကိုယ်တိုင်ဘဲလာရ
သောက်ချင်ဆို မယ်ကပေးတယ် ဆေးလိပ်လက်ဟောန်း
မောန်ကြီးမာကွယ် ဆေးသောက်လို့ကောန်း။
ဦးရန် (၅၅)နှစ် ၊ ကြက်တက်ရွာ ၊ ရပ်စောက်မြို့ (၄-၅-၈၆)

၁၇။ ဆွေကုန်းသူ ရွာမြောက်နားမာလ ဘုရားလေးရယ်တဲ့ သုံးဆူပြိုင်
ဖူးမယ်လို့ထိုင် ကြက်ဆာတိုင် မခိုင်လို့ယိုင်လဲ ။
မယ်နင့်မောန် နေကိုယ်ထဲ ဖူးရထိုက်ပဲ။
ဦးတုံး (၅၇) နှစ်၊ ပနားရွာ ၊ ရပ်စောက်မြို့ (၂၆-၄-၈၈)

၁၈။ ဆွေမိုးညို တောန်ကမဲပါလို့အုံးငြိမ့်ငြိမ့်ညည်း။ မလေးထံ စာပြန်တဲ့ ဆက်သား
ပို့လေးမာ ငယ်ပါသေးတယ် မောန်ကြီးရယ် လွမ်းစိတ်တွေနောက်ထား။
ဦးလှမောင် (၄၄) နှစ် ၊ ပနားရွာ ၊ ရပ်စောက်မြို့ (၁၀-၅-၈၈)

၁၉။ ဆံပင်တွေဆီခြောက် ဖင်ကောက်နဲ့ ခါးလိုင် မျက်ချေးတွေ ပလပ္ပွေနဲ့
လူပို့တွေ အမြင်ကပ်တယ် လင်ငတ်မကြီး။
ဦးမင်းငယ် (၆၁) နှစ် ၊ တောင်ကွေးရွာ ၊ ရပ်စောက်မြို့ ( ၁-၁-၈၇)

၂၀။ တပြုံးပြုံးလေးရယ်တဲ့ ပုခုံးရယ် လက်တင်ကာ ပါးကပ်လို့မှာ စူးစူးရယ် တစ်ခါ စာစာရယ်တစ်ခွန်း ချစ်တဲ့သူ မောန်စကားကိုလ မမကြီးမှာ တွေးဆလို့လွမ်း။

ဒေါ်လှသိန်း (၆၄) နှစ် ကြက်တက်ရွာ၊ ရပ်စောက်မြို့ (၁-၁-၈၇)

၂၁။ ပထဝီ မြေညွတ်ပါလို့ မလွတ်ဖူး မောန် သစ္စာမြဲ စောန့်လျက်ပါ။ မောန့်သစ္စာ မန်ပေရဲ့အထူး ၊ မယ်ထက်သာ ဆွေပင်တွေ့သော်လည်း ကျွန်တော့်မှာ မေ့နိုင်ပါပူး။

မင်းပင် (၆၇) နှစ် ၊ တီတောက်ကုန်းကျေးရွာ၊ ရပ်စောက်မြို့ (၄-၃-၈၇)

၂၂။ ပုဆိုးလေးသည် တစ်ထည်ပွဲပေါ်ရင် သွားရလွန်းတော့ နွမ်းကုန်ခဲ့တယ်။ ခါးမှာ တစ်ထည်၊ အိမ်ဝယ်မဆိ ၊ ဘယ်တော့ခါ ဝါဆိုဦး ကျူးတယ်မဆိ။

ဒေါ်သိန်းမေ ( ၆၀) နှစ် တောင်ကွေးရွာ ၊ ရပ်စောက်မြို့ (၂-၁-၈၇)

၂၃။ ပုဆိုးရယ်ဆို ကွက်ပြာသေး မောန်မောန်လေး ဆိုလိုက်တာ အသည်း ထိအောန်နာ ဆိုပါစေ ခံမယ်ပ မယ်အများ နှောက်နှောန်ခါ မောန်အို သွားခါမပြောပါ့စကား။

ဒေါ်အေးစီ (၅၄) နှစ် ၊ ပနားရွာ ၊ ရပ်စောက်မြို့ ( ၁၀-၅-၈၇)

၂၄။ ပုတိုလေးရယ်တဲ့ ပုတို ခုံဖိနပ်ကို ဆယ်ရန်ဆင့်ပါလို့ တိုးမမြင့်လို့ မမြင်စေလို
မြေတောန်သွက်ခါမ မမကြီးရယ် နမ်းစေ့လောက်တိုး။

ဦးတိုးလုံ (၅၄) နှစ် ၊ ပန်းမက်ရွာ၊ ရပ်စောက်မြို့ (၂၀-၅-၈၈)

၂၅။ ကျား ။ ပျိုလေးခင် ဆွေရင်ဦးက စံပယ်ဖူးဟာ ပေး၍ခူးပါ။
မ ။ ပျိုလေးခင် ဆွေရင်ဦး ထူးမြတ်တဲ့စံပယ်ဟာ ခူး၍မရပါ။
ခူးမိတဲ့ ပျို့မောင်မှာ အသပြာငွေကြေး ပေးလျော်ရမှာ။
ဦးညို (၅၄)နှစ် ၊ ကြက်တက်ရွာ ၊ ရပ်စောက်မြို့ (၁၂-၅-၈၈)

၂၆။ ပြန်ရဦးမယ်တဲ့ မဖုန်းကြွယ် ၊ ဘယ်ဘက်ဆို ညာပုခန်းကိုလ
မောင့်လက်ရုံးကို အသာကပ်၍ ပြန်ရသူ ခန္တာပြတ်တော့မယ်
လမ်းတလတ်ရောက်ဖူး။
ဒေါ်သိန်းမေ၊ (၆၅) နှစ်၊ တောင်ကွေးရွာ၊ ရပ်စောက်မြို့ (၁၀-၅-၈၇)

၂၇။ ဖွေးဖွေးတဲ့ဖြူဖြူ မလေးမယ် လယ်ကစင်းနား သွားနေတဲ့သူ
တစ်နေ့ဆို မဆိုထားနဲ့ တအားလည်း မောင်မကူ
တအားဆို ကူဖို့ကောင်းတယ် မောင်ကြီးရယ် ငယ်ပေါင်းလေချဲ့။
ဦးပွ (၆၅) နှစ် ၊ အောင်မြင်အင်းရွာ၊ ရပ်စောက်မြို့။ (၄-၃-၈၇)

၂၈။ မိုးမိုးနဲ့နွေနွေ ခမောက်တွေ ပီလန်ဆောန်း ကျွဲကျောန်းလို့နေ ။
ကျွဲတစ်ကောန်ဆယ်လီနဲ့တစ်မူး ကျွဲကျောန်းသားကို လင်လုပ်လို့
စုပ်ရနိုင်ပူး။
ဦးမင်းငယ် (၆၁)နှစ် တောင်ကွေးရွာ၊ ရပ်စောက်မြို့။ (၁-၁-၈၇)

၂၉။ ရထားလေးရယ်တဲ့ကြိုးလေးမာ ကြိုးစရယ်ကိုင်ကာ မောန်အနိုင်ယူကာဆွဲ
မမကြီးရယ် ကြိုးပြတ်လို့လဲ။
ဒေါ်သိန်းမေ (၆၅) နှစ် ၊ တောင်ကွေးရွာ၊ ရပ်စောက်မြို့။ (၁၀-၅-၈၇)

၃၀။ သူ့အမေ စောက်ဟန်ကြီးပါလို့ သူ့သမီးရယ်တဲ့ ခပ်ထယ်ထယ်
အရှုးတောန်မမလှယ်။
လှယ်တော့လှယ် လှယ်လူမ မဆား ၊ မမကြီးရယ် ဖိုးအိုနင့်ညား။
ဦးလှမောင် (၄၃)နှစ် ၊ ပနားရွာ၊ ရပ်စောက်မြို့။ (၆-၅-၈၇)

၃၁။ အဆော့ရယ်ဆို ညောန်ပင်ဖျားမာလ နားပေတဲ့ ငက်မင်းစင် ပြေးမယ်
လို့ရင်
မိုးမမြင် လေမမြင်တဲ့နတ်သား မောန်ကြီး ကို နောက်ဖယ်ထားပါလို့
မမကြီးရယ် စိမ်းရက်လေအား။
ဦးကျော်ဝင်း (၃၃)နှစ်၊ အလယ်ချောင်ရွာ၊ ရပ်စောက်မြို့။ (၃-၅-၈၆ )

၃၂။ အဝေးကြေ့ရင် တော်ပါတယ်လေ နီးနီးကြရင် မယ့်မျက်နှာ
ကြောန်ဆာသီးလိုပ မမကြီးရယ် မဲနက်နက်ကြီး။
ဦးလှမောင် (၄၃) နှစ် ၊ ပနားရွာ ၊ ရပ်စောက်မြို့။ (၅-၅-၈၇)

**(၃) ဓနုရိုးရာရတု**

လေးလုံးတစ်ပိုဒ် ရေးဖွဲ့သော ကဗျာတစ်မျိုးကို 'ရတု' ဟုခေါ်သည်။ မြန်မာ့စာဆိုပညာရှင် တွေကတော့ ရတုကို 'မဉ္ဇူသက နတ်ပန်းလေးတစ်ပွင့်' အဖြစ်တင်စားခဲ့သည်။ အချီပိုဒ်ချင်းလည်း(အသံ၊ကာရန်)တူရပါမည်။ စာလုံးအရေအတွက်တူရပါမည်။ အချီပိုဒ်၏ စည်း၊ စနစ်ကြီးလှသော အချပိုဒ်များကို အထူးဂရုပြုဖွဲ့ဆိုရန်လည်း ရှေးပညာရှင်များက မိန့်မှာခဲ့သည်။ ရတုကဗျာများတွင် (၄ ၊ ၃ ၊ ၂ ) ကာရန်ယူပုံစနစ်ကို အသုံးများသော်လည်း အခြားစနစ်များဖြင့် ရေးဖွဲ့ခြင်းလည်းရှိသည်။

အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်၏ လက်ဝဲသုန္ဒရဇာတ်၊ အလင်္ကာကျော်စွာ မြို့မငြိမ်းရေးပြီး အဆိုတော်ပြည်လှဖေ သီဆိုခဲ့သော နတ်သျှင်နောင် သီချင်းများကို သေချာနားထောင်ကြည့်ပါက ရတုသဘော သိကြပါလိမ့်မည်။ ထို့ကြောင့် မဉ္ဇူသကနတ်ပန်းလေးတစ်ပွင့်အဖြစ် ရတု၏ ဖွဲ့ဆိုပုံစည်းနှင့်စနစ်ကြီးမားကြောင်း ခိုင်းနှိုင်းခဲ့ခြင်း ဖြစ်ပါသည်။

ခနတိုင်းရင်းသား နယ်မြေများတွင်လည်း ရတုစပ်ဆိုခဲ့သူ၊ သီဆိုခဲ့သူ များစွာ ရှိခဲ့သည်။ အထူးသဖြင့် ရပ်စောက်မြို့နယ်အတွင်းက အများဆုံး အသုံးပြုခဲ့ကြသည်။ ရတုတတ်ကျွမ်းသူနှင့် ရတုပညာရှင်များအတွက် မရည်ရွယ်သော်လည်း တစ်ခေတ်တစ်ခါက အသုံးပြုခဲ့ကြသော ခနရိုးရာ ရတုအချို့ကို တင်ပြပေးလိုက်သည်။ တောထွက်ရတု၊ တစ်ခုလပ်ရတု၊ ထိလက်ပိုးဥရတု၊ ကုတ်ကျစ်ရတု၊ လောင်းကစားပွဲရတု၊ မုဆိုးချွတ်ရတု၊ ရာမရတု၊ ပလိပ်ဘေးရတု၊ ပရဆေးရတု၊ လူပျိုကြီးရတု၊ ဂြိုလ်ကြီးရှစ်လုံးရတု၊ ပွဲချီးရတု၊ ခွင့်တောင်းရတု၊ အပျိုကြီးရတုများသည် တစ်ချိန်က စိတ်နှလုံး ရွှင်ပြုံးစရာများ၊ လွမ်းဆွတ်ဖွယ်ရာများဖြစ်ခဲ့ရသည်။

သို့သော်လည်း ရတုသီဆိုမှု မရှိသလောက်ဖြစ်လာသည်။ စပ်ဆိုသူလည်း မရှိသလောက်ဖြစ်လာသည်။ သီဆိုသူတို့ပင်လျှင် နေရာမရ ဖြစ်လာခဲ့သည်။ မှေးမှိန်သည်ထက် မေးမှိန်းလာခဲ့သည်။ အောက်ပါရတုသည် ရပ်စောက်မြို့နယ် တောင်ကွေးရွာမှ ဦးမင်းငယ်နှင့် ဦးကျော်တို့ထံမှ ဆရာဦးသောင်းညွန့်က ၁၉၈၉ ခုနှစ်တွင် ခွင့်တောင်းကူးယူခဲ့သော ရတုများ ဖြစ်သည်။ တချို့ကိုသာ တင်ပြပေးလိုက်ရပါသည်။

▼▼

## တစ်ခုလပ် ရတု

အပျိုစင်စစ် ၊ သူမဖြစ်သည်
စိုက်ညစ်ဗျာပါ၊ ကြီးလှစွာ၊ လျှင်စွာ မိန်းမအို ။ ရှဲ·····
တလင်ကွာ၊ မိန်းမအား ကို၊ ခေါ်ညားတစ်ခုလပ်တည်း။ ရှဲ ····
ဆံပင်ရှည်စွာ၊ ဆိုသမျှဟာကို၊ လျင်စွာဖြတ်၍ လျှော့မှ။ ရှဲ ····
လျှင်မြန်စော၍ ဆီလိမ်းကာ၊ ဗျာပါဆံဖျား ၊ သန်းမထွားသည်၊
ကျွဲကားငယ် လပါ၏။ ရှဲ ····
နီလစွာသည် သူ့ဆံပင်
သုံးနှစ်လည်မှ၊ မညီးရသည်၊ များလှသန်းဥတွေနှင့်။ ရှဲ ····
ညနေရီဝင်ရောက်သောအခါ
နံ့သားပြုပြင် သူ့ဆံပင်ကို၊ ဝက်မင်နံ့သာဖီး၍။ ရှဲ ·····
ထောက်မှန်သုံး၍ ထုံးလိုင်းအခါ
ပန်းညိုပင်လုံး၊ စီကာကုံးသည်၊ ဆံထုံးပြည်အောန်စိုက်၍ ။ ရှဲ····
မောင်လရည်သည်၊ ရောက်သောအခါ
ရစ်ကိုခင်းထား၊ စဖိုနားမှာ၊ ငါး ညပြောနေပါ၏ ။ ရှဲ ····
အိုအို ·· လေ ယောက်ဖတို့
တစ်ခုလပ်ဆို၊ မိန်းမအိုကို၊ နှစ်ကိုယ် သွားလယ်ကြစို့ ။ ရှဲ ····
ခက်ပါဘိတော့ ယောက်ဖရယ်
တစ်ခုလပ်ဆိုက၊ ဟူသမျှကို၊ နားမှုမကြားခြင်တည့် ။ ရှဲ ····
လယ်ချင်ရာကို ဆိုရမှာ
ဝါလို့ဝင်းဖြူ၊ နတ်နင့်တူသည်၊ သွင်တူ လယ်မည်ပဟု။ ရှဲ ····
ကြံတွေးဆသည် လာကြသော်
တစ်ခုလပ်မ၊ အိမ်ပေါက်ဝမှာ၊ ခဏရပ်ပြန်လေသော်။ ရှဲ ····

ပယ်သူများပင် မတတ်ကြရောင်း၍ ကြေ့ကာ၊ ပြင်ကသာလျင်၊
ရှောင်ခွာထွက်သွားလေသည်။ ရွှဲ ····
စိုက်ထဲဆဲကာ ၊ ရစ်ကိုချာ၍
အိုက်ခန်းထဲသို့ ၊ သိမ်းထား ပစ်လိတ်သည်လေး။ ရွှဲ ····
မလာပြီ သူ့စိတ်က ၊ ကြပ်ကြပ်တင်ပေါ့လေး။ ရွှဲ ····
အချစ်ကယ် ကြူးပါပေါ့ စိတ်ကူးနှင့် ရစ်ကိုချာမယ်
ကျီစားတဲ့သူနဲ့ ၊ ငါ အိုင်အို ဟိုဖက်ကြားမာလ
ညနေရီ ချိန်တလွှားရယ်နှင့်
ပျို့အိပ်ရာ ဟိုဖက်ကြားကိုတဲ့ ၊ လွမ်းလှတယ်လေး။

▼ ▼

## ရှင်ဒါယကာချီးရတု

ဒါယကာများ ကုသိုလ်ပွားသည် သားဦးရတနာ ။ ရွှဲ ···
ငယ်ခါယုယ မွေးမြူလာသည် ဖြူစွဥ္စမ်းပမာသို့ ။ ရွှဲ ···
ယုယမွေးမြူလာသည်၊ မဝင်နာအောင်
အနားထိန်းကာနေ၍။ ရွှဲ ···
စိုဖတ်ဖတ်နှင့် ဒုက္ခခံ
သားလှရင်သွေး မိဖမွေးသည်၊ မေ့သားကြီးပြင်းလာခဲ့ ။ ရွှဲ ···
သို့ဖြစ်ခြင်းကြောင့် မေ့သားငယ် ပညာဆန္ဒ
မသင်ရလျှင် နောင်တ ခက်လေစွဟု ။ ရွှဲ ···
အကြံသည်တစ်ခါ ဆရာမှန်တိ၊ ပညာရှိကို
အပ်ပြီသေချာချာတိ။ ရွှဲ····
အပ်လေပြီး၍ မှန်မကြာ ဝါတွင်းသုံးလ

စာကိုရသည် ပြန်ပင်မေ့ထံသို့။ ရွှဲ····
မပြန်သေးနဲ့ သားလူငယ်
အိမ်ဦးမင်္ဂလာ မဏ္ဍပ်မှာညီညာ လူအပေါင်းနဲ့။ ရွှဲ····
ရှင်ပြုလိုသည် မွေ့ရွာအနား ထမင်းရည်ချောင်းစီး
ကုသိုလ်ကြီးကို မောင်းကြီးတဟူဟူနှင့်။ ရွှဲ ····
မဏ္ဍပ်တွင်းသို့ ကြည့်လေသော်၊ ကွမ်းဆေးလက်ဖက်
ကွမ်းယာခွက် ယှက်ယှက်ကမ်းသူတွေနှင့်။ ရွှဲ····
ကူညီကြတဲ့ ကုသိုလ် ရပ်ဆွေရပ်မျိုး
ကုသိုလ်ကျိုးကြောင့် မျိုးမကျန် လပ်ခံ၏။ ရွှဲ····
တလက်လက်နှင့် မဏ္ဍပ်တွင် ဘိုးတော်မင်းအား
ဝတိ ဖြားက သိကြားမတယ်ထင်သည်။ ရွှဲ····
ကူညီသူများ အာရုံထား၍၊ သာဓုခေါ်ကြကုန်၏လေး။ ရွှဲ···

▼▼

## မြင့်မိုရ်တောင်ဦးရတု

မြင့်မိုရ်တောင်ဦးမကကျူးသည် ကျေးဇူးရှင်အနန္တ။ ရွှဲ···
မာတာပီတ မိနှင့်ဖမှာ ငယ်ကအသာချီ၍။ ရွှဲ···
ယုယရှာသည် ရွှေရင်သွေး ၊ မွေးမိရင်ခွင် အိပ်ပျော်လျှင်
ဖြုတ်ခြင်ကိုက်မည်စိုးလို့။ ရွှဲ ···
ကျွေးရရှာတယ် မောင့်အမေ
နေပူမိုးရွာ ဖတ်ဖတ်ခါအောင်၊ သားငတ်မည်စိုးလို့ ။ ရွှဲ···
ပူ ဒုက္ခကြုံလာပုံ ပခုံးမှာထင်း ခါးမှာပင်း၊ သက်ပြင်းတဖိုဖိုနှင့်။ ရွှဲ···

အချိန်တန်ပြီလေ သားရွှေခံ စာပေသင်ရန်
ကိုယ်တော်ထံ အမြန်အပ်လေလျှင်မှ။ ရွှဲ....
စာပေရသည် ခုအခါ တကာကြီးငယ် အသွယ်သွယ်
နှုတ်ဆွယ်ကိုယ်တော်မှာလိုက်။ ရွှဲ...
မှာလိုက်သည်မှာ သက်န်းသပိတ်
ပရိက္ခရာ ပြည့်စုံစွာ တကာရှာကြံပေတော့။ ရွှဲ...
ဝမ်းသာလိုက်လေ ရှင်မအေ ငယ်ရွယ်စဉ်က
ပူဇော်ကိုခုမှ အဖိုးတန်သည်။ ရွှဲ...
ရှင်သွေးလှလှ ပဗ္ဗဇ္ဇကို ခုမှ အောင်မြင်ပါ၏လေး။ ရွှဲ...

▼ ▼

**တိပိဋက ကမ္ဘောဇဆရာတော် အရှင်သူမြတ်အား**
**ရေးသားပူဇော်တော်မူသော 'ကဝိမြတ်ထေရ်မဟာ . . . .'**
**အစချီမဂ်လာပိုဒ်စုံ**

၁။ ကဝိမြတ်ထေရ်မဟာ၊ မြတ်ဆရာသည်၊ ရှမ်းပြည်မြောက်ပိုင်း၊ ရှုတိုင်းသာဆို၊ မြို့နောင်ချို၏၊ ဂုဏ်ကိုဆင်မြန်း၊ တောင်ခမ်းရွာမှ၊ အဖမည်ခေါ် ဦးဘကျော်နှင့် မယ်တော် မိခင်ဒေါ်တင်ကြည်မှ တွက်ဆကောဇာ၊ တစ်သုံးရာ သုံးတစ် (၁၃၃၁)၊ သက္ကရာဇ်တွင်၊ ဆန်းလျှင်ဆယ့်လေး၊ နှင်းဖွေးဖွေးစို၊ လပြာသိုလ်တွင်၊ ခွာညိုပျံ့သင်း၊ နေသို့လင်းလက်၊ ဂုဏ်တက်လျှံထူး၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်ပါသည် -

ခွာညိုပန်းတို့ မွေးပြီဘုရား . . . ။

၂။ အသိမြတ်ဖွေရှာ၊ လောင်းအလျာသည်၊ ဦးစွာဆင်မြန်း၊ ပညာပန်းမှာ၊ တောင်ခမ်းရွာမှ၊ ဦးစန္ဒဇော၊ စသောဆရာ၊ စာလိုက်ရာတွင်၊ ကြိုးကာအားထုတ်၊ မိုးကုတ်မြေမှာ၊ ထပ်ကာစိုက်ထူ၊ အမရပူရ၊ သင်ယူကာထား၊ စာချများထံ၊ ထပ်မံခိုလှုံ၊ မြို့ရန်ကုန်သို့၊ ပညာနို့ရည်၊ သောက်စို့ဖော်ညွှန်း၊ သက်န်းကျွန်းပါ၊ လိုဏ်ဂူနာဂ၊ ကလေးဝကျောင်း၊ မင်းကွန်းပြောင်းလင့်၊ လေ့ကျင့်သင်၏။ တိပိဋကာ၊ ကျောင်းတော်မှပင်၊ မွေနှောက်မြင်ကျယ်၊ ကျမ်းအသွယ်သွယ်ကို၊ ငယ်လတ်ကြီးမှ၊ ဓမ္မာစရိယဘွဲ့၊ ဆွတ်ခူးခဲ့ပေ၊ သာသနာ့မြေတွင်၊ အောင်ပွဲဆင်ကာ . . . .

စာဆိုခန်းသို့ ရွေးပြီ ဘုရား . . .။

၃။ ပိဋကတ်ဝေဖြာ၊ ထွန်းစေရာဖို့၊ ဆရာထေရ်မြတ်၊ အတတ်ပညာ၊ နည်းနာခိုသျှ၊ ပိဋကသုံးပုံ၊ အလုံးစုံကို၊ အာဂုံရေးဖြေ၊ အောင်မြင်လေသော်၊ 'တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့'၊ ဘွဲ့တံဆိပ်တော်ကို၊ ကပ်တော်ခံရ၊ ရာဇသေဠ်နှင်း၊ စိုးရမင်းတို့၊ ကျင်းပပေးချိန်၊ ခြောက်ကိုးကြိမ်မြောက်(၆၉)၊ ချီးမြှင့်မြောက်ရာ၊ အရိုးဝါထီးဖြူ၊ ခံယူသုံးလက်၊ ကနက္ကဒဏ်၊ အောင်လံသာသနာ၊ ရရှိပါပြီ။ ဆက်ကာလှူထား၊ ခရီးသွားရန်၊ ရာသက်ပန်ပင်၊ လိုက်ရန်တူခေါ်၊ အဖော်နှစ်ဦး၊ လွန်စွာထူးချက်၊ အထက်တန်းလက်မှတ်၊ ဆက်ကပ်ခံပေ၊ ကုန်းရေလေမှ၊ သုံးဌာနတွင်၊ အခမဲ့ပင်တည်း၊ လစဉ်ဆွမ်းဆန်၊ အလှူခံရရှိ၊ သားတပည့်တစ်စု ဓနုတိုင်းရင်းသားများ များစွာဒကာ၊ ပူဇော်ပါသည် . . .

ဘဝင်မှာလွှမ်းလို့ အေးပြီဘုရား . . . ။

ကံညွှန့်လှိုင်(တောင်ကြီး)

## (၄) ဓနုရိုးရာမော်ချင်း

ငယ်ရွယ်သော ဘုရင့်သားတော်၊ သမီးတော်များ ဇာတိမာန် တက်ကြွစေရန် မျိုးရိုးစဉ်ဆက် ဘုန်းတန်ခိုးတောက်ပခဲ့ပုံကို ဖွဲ့ဆိုသော ရှေးကဗျာတစ်မျိုးကို ချင်းဟုခေါ်သည်။ ဓနု၊ တောင်ရိုး၊ ပအိုဝ့် တိုင်းရင်း သားများကလည်း ရှေးကတည်းက မိမိတို့ရိုးရာဂုဏ်ကို မြင့်တင်ပေးသော ချင်းများကို စပ်ဆိုခဲ့ကြသည်။ အထူးသဖြင့် ပွဲလမ်းသဘင်များ၊ အစည်း အဝေးများ လူစုလူဝေးစဉ် အချိန်အခါ၌ အသံကိုဆွဲ၍ သီဆိုပြသသော သီချင်းကို 'မော်ချင်း' ဟုခေါ်ကြသည်။ အရပ်စကားအရ မော်အေးသည်ဟု လည်း ခေါ်ကြသည်။ ရိုးရာမော်ကို ကျွမ်းကျင်စွာ သီဆိုတတ်သူကို 'မော်အောင် သူ' ဟုပြောကြသည်။ ဓနုရိုးရာမော်များကို အလှူပွဲများ ၊ မင်္ဂလာပွဲများတွင် သီဆိုပြသမှုများပါသည်။ ကလောမြို့နယ်၊ အောင်ပန်းဒေသအတွင်းမှ ဖျော်ဖြေလျက်ရှိသော မော်တချို့ကို တင်ပြအပ်ပါသည်။ ကျေးလက်များတွင် အသုံးပြုလျက်ရှိသည်။

### ပုန်းမကျီခေါ်ပုံ

ဖြူးလဲ့လဲ့ ... (၃)

ဇမ္ဗူတစ်ခွင် ကျော်ဇောထင်သည့် မြင်မြင်သမျှ အနန္တတွင် မိန်းမ ယောကျ်ားအများတကာ လယ်ယာ လုပ်စားမင်းမိဖုရားနှင့် ကြော်ငြာတင်ဦး ပကတိတန်ဆာဆင်၍ ညောင်ပင်တော်ရင်း ခမဲခေါ်သည်။

ဟံသာဝတီ အနောက်ဆီက ညီညီညာညာ ရောက်လာကြကုန် စပါးပုံတွင် ခုန်ကာကမြူး သားမြေး ကျူးလျက် မြူးလာခုန်က ရှစ်ခွင်တလွှား လဲချားမိုင်းကိုင် နောင်ရင်းနောင်ထိုး တရိုးသန္နီ တရပ်မိုင်းလင်း တရပ်မိုင်းစင် ရင်းနန်ပရော နန်းရိုးနန်းအော စပါးတောက လာကြဝေသန် သူ့ထက်ငါလျင်

ကောက်ရင် ကောက်လတ် ကောက်ကြီးအသီးသီး ပုတ်ကြီးပုတ်ငယ် အသွယ်သွယ် ထည့်ကာတင်းတောင်း သွန်းလောင်း စပါးကျီပြည့်ထား၍ စားလည်းမကုန် သုံးလည်းမယွင်း ရှိမြဲပင်တည်း၊ မနေးလျှင်ဆော ပြည့်စေသော ပြည့်စေသော ဖြူးလွဲ့လွဲ့ ··· (၃)

မကြောက်ကြနဲ့ မထိတ်ကြနဲ့ မလန့်ကြနဲ့ သိမ်းပါပြီ၊ ရှန်းပါပြီ ပြည့်လှည့်ကြ ဖြိုးလှည့်ကြ။ တောင်သူတို့မှာ သာယာသလင်း ဖျာကိုခင်း၍ ခေါ်ရိုးထုံးစံ ရှိခဲ့ပြန်လျှင် ထမင်းတလုတ် ရေတမုတ်နှင့် ပဲပုတ်ရောပါ မာလကာငှက်ပျော ရောနှောမကျန် ဖိတ်ပင့်ပါသည်၊ စတုဒိသာ လေးမျက်နှာ အဋ္ဌဒိသာရှစ် မျက်နှာ ဒိသသာဆယ်မျက်နှာမှ ပုန်းမကျီများက ခေါ်ကာ အော်ကာ နိုးဆော်ကာဖြင့် ဇနီးမောင်နှံ တူစုံမခွဲ ရွှေလက်တွဲ၍ ထမင်းပွဲကို ဝင်ကြပါလော့ ဖြူးလွဲ့လွဲ့ ··· (၃)

လယ်တွင်းကိုးခရိုင် စပါးအိမ်မှ ပုန်းမကျီရှင်မ စောပြည့်ဝတို့ စားတော်ခေါ်လှည့်ကြ သောက်တော် ခေါ်လှည့်ကြ ချေးယိုလှည့်ကြ သေးယို လှည့်ကြပါဗျာ ဖြူးလွဲ့လွဲ့ ··· (၃)

အော့လှည့်ကြ အန်လှည့်ကြ ဖျာကြီးမဆန့် ဖျာငယ်ပန့်ပါ့မယ်၊ လှည်းကြီးမဆန့် လှည်းငယ်ပန့် ပါမယ်၊ ပုတ်ကြီးမဆန့် ပုတ်ငယ်ပန့်ပါမယ် မဆန့်နိုင်အောင် ဖြည့်လှည့်ကြ ဖြိုးလှည့်ကြပါဗျာ။ အပေါ်ကမိုးလိုဖွဲ့ သဲသဲ ကျပါစေ၊ ဘေးကလည်းလေဖြူးလိုတိုးပါစေ၊ အောက်ကလည်း ပွေးလိုတန့်နုံ တက်ပါစေ ဖြူးလွဲ့လွဲ့ ··· (၃)

ပြည့်ထသာယာအကျွန်ုပ်တို့ရွာ၌ တိုးပွားစပါး စားမိသောသူ မပူ မဆာ ဗျာပါမရှိ၊ ကင်းစင်ဘိ၍ ရှင်ဗာကူလ ပမာဏသို့ ကြွယ်ဝသော မကြာလျှင်ဆော ပြည့်စေသော ပြည့်စေသော ဖြူးလွဲ့လွဲ့ ···(၃)

ဦးဝင်းမောင်-အသက်(၆၄)နှစ်

ဈေးကုန်းရွာ၊နောင်ချိုမြို့နယ်

**ဘုန်းကြယ်ခေါ် မော်ချောင်း**

ဖြူးတိတိ ဖြူးတိတိ လာကြ လာကြ အရှေ့အနောက် တောင်နှင့်မြောက်က ဘုံးကြယ်လာမှ နံမည်ချောနှင့် စောပြည့်ဝ လာကြ ဘုံးကြယ်။ ယောင်ဆင်းလှတယ် မြကျောက်နယ် ဘုံးကြယ် သွားမဲတောင်ချင်း ဆံလို့ပြန်ကဝဲ။ အကုန်ချိုးလို့ အားလုံးထလာ မွှေ့မင်းစီစိန် ရွှေနန်းအိမ်ကိုကွဲကြလေ။ ကွဲကြလေ ကွဲကြဖုစုအုကျ လိပ်ပြာဘုံးကြယ်များနှင့် စပါးပေါတယ် သရဲနယ် ဟင်းခါးပင်ရွာခ။ အကုန်လိုတယ် အားလုံးထလာကြ ဘုံးကြယ်ကျောချင်း စပ်လို့ ကျောက်ထပ်နယ်။ ကျောက်ထပ်နယ်ခ ဘုံးကြယ်လမ်း မစောပြည့်ဝ။

လာကြ လိပ်ပြာဘုရားကြီးလို့ အံ့ချီးလောက်တယ်။ ပန်းစံပယ်နှင့် နောင်လွယ်ရွာ နောင်လွယ်မြေခြား တောင်ပတ်ပြည်ခ အကုန်ထွက် တောင်ချင်းဆက်လို့ ထွက်လာလေအုံး။ အိမ်ခြေထူလို့ လူနေဟုတ်တယ် ရွာသဲကုန်း။ သဲကုန်းပြည်ခ စောပြည့်ဝလာကြဘုံးကြယ်လာ ဘုံးကြယ်ရောင်ဆင်းလှတယ် မြကျောနယ်။ ဘုံးကြယ်သွားမဲ တောင်ချင်းဆိန်လို့ပြန်ကဝဲ။ အားလုံးထလို့ မယ်လအိမ်ကို ကွဲကြလေ ကွဲကြလေ ဖြူးတိတိ ဖြူးတိတိ.....။

ရိုသေတယ် ပြာတိုင်ပြာထုတ်လို့ တိုင်ပုတ်လွှမ်းတယ်။ ပူစံရွာ သာယာချင့်ဖွယ် ပေါက်တူးကုတ်နှင့် လုပ်စားကြတယ် အင်းပက်လက်နှင့် တမဲနယ် တစ်သွယ်ထွက်ကြ ကျွန်ုပ်ခေါ်မယ် ဘုံးကြယ်အိုနှင့် ဘုံးကြယ်မ။ အကုန်ချိုးလို့ အားလုံးစု ဖုကြလိပ်ပြာ။ သားကျွန်တော်နှင့် ငါဖော်ငါခ ဘိသိတ်မယ် မင်္ဂလာရွာခ နုပျိုလုပ်တိုင်း ကောင်းတယ် မြေစွတ်စို။ လိုတိုင်းကပေါ ခြံကထွက် ငှက်ကပြော အံ့သြစရာစိတ်ကထားလို့ ဆားပြားရွာ ဆားပြားရွာက လာကြဘုံးကြယ် ရောင်ဆင်းလှတယ် မြကျောနယ် ဘုံးကြယ်သွားမဲ တောင်ချင်းဆိုင်လို့ ပြန်ကာဝဲ။

အားလုံးထလို့ ကွဲလေ ကွဲလေ ကွဲကြ ဖုစု အုကြ လိပ်ပြာ ထီးဖြူဆောင်းလို့ မိုးကောင်း တောင်ခမာ ကျုံသာလာ ကျလာကျမြေခြား

နောက်ဆုံးပြည်ကို လိုက်လို့စေအောင် ခေါ်မယ် ရွာပတ်ကုံး အားလုံးထွက်ကြ ကမ်းပါးမောက်လို့ ချောင်းနောက်ရွာက မကျန်နှင့် လာကြစမ်း လေးအုလေး ဖြာ လေးမျက်နှာ လာကြ လာကြ အိမ်သာနန်း အိမ်ခန်းသာကို ပင်လိပ်ကြ ဖြူးတိတိ ဖြူးတိတိ····။

ဦးကျော် (ဟင်းခါးပင်၊ ကလောမြို့နယ်)

**ခိုးပြေးခန်း မော်ချေင်း**

မွေ့မပေးရင် ခိုးပြေးမယ်။ ဘမတူရင် ခိုးယူမယ်။ ခိုးယူမယ် ရက်တောင်းလမ်းနီမာ ကြွေစာချလို့ ကာလတွက် ပြက္ခဒိန်နှင့် အချိန်ကိုရွေး နှင်းခိုးမှောင်လို့ သာခေါင်ဆိတ်မှာ ငှက်ကြီးထ ကြီးအာစွန်ပုတ် အကောင်ကြီးတယ်။ နှုတ်သီးကုတ် စွန်ပုပ်ကောင် ကျီးရင်ကိုလှန်လို့ တောင်ပံတီး ကြယ်ကြီးပွန်တပ် ကြယ်ငယ်မွန်းလွဲ ညမိုတ်မှောင်လို့သာ ခေါင်ထဲမှာ လွှဲရအောင် ပညာရှိလို့ သတိဆောင် တို့မောင်မှာထားမယ် လငယ်နှင့်မွေ့လည်းမသိ ဘမသိ တိတ်တိတ်ခိုးပြေး လက်ချင်းတွယ်လို့ မောင်ဆွဲပေး ရန်ဘေးမလာ မစိုးရိမ်နှင့် မကြောင့်ကြ မွေ့ဘပေးဆုံးတိုင်း တစ်ထည်နှင့် ပုန်းတစ်လုံး မွေးဘပေးခဲ့ နွားတစ်တွဲနှင့် ကျွဲတစ်ကောင် မယူခဲ့နှင့် တို့ရွာအောက်မှာ ပန်းစက်စု နွယ်ဖြူပြားမှာ နှာဖားကြိုးချွတ် လွှတ်ခဲ့စမ်းလူ၊ ဝမ်းမနည်းနှင့် မောင့်ချစ်သူ အတူနှစ်ယောက် မောင်နှင့်မယ် မလှမ်းကိုဆောက် နှစ်ယောက်ရိုးလို့ ပြန်ရင်မှာမော ဝက်နှပျိုနှင့် ရေကို တော။

ကုန်းကြောအဝင် ညောင်ဖြူရပ်လို့ ညောင်ကျပ်ပင်ဟောတွင် စခန်းလှစဝေးပြီ ရွှေကျီးဝိုင်း စခန်းချလို့ မောင်လက်လုံးကို ခေါင်းအုံးလုပ်လို့ အိပ်မယ်ပ ခါးနားတိုးတင် ရယ်ချင်းလဲဖိ မောင်နှင့်မယ်မှာ ကိုယ်တူချစ်၊ ကြိုက်ရင် မောင်နောက်မယ် ရွှေတုံးမှာ အိပ်ကိုကောက်၊ ရအောင် ခိုးပြေး မွေ့မကြိုက်မလိုက်လာဘူး မြစ်မှရေကိုလေမှာပြောင်လို့ ဖောင်နှင့်ကူးစိတ်ညစ်

လာလို့ပါလာတယ် လူငွေဒင်္ဂါးနှင့် ကျပ်ပြားဖြူ ငွေဖြူရှာစား သုံးဆယ်ထုပ်လို့ အလုပ်ပေါ်တယ် သည်တောမှာ၊ သည်တော အနောက်တောင်ခမောက်၊ ရပ်စောက်၊ ကက္ကူတို့မောင်လာလို့ ရှာပေးမယ် လွမ်းသည်းအူ မပူနှင့် လေးချစ်ပန်းပင်နှင့် ပျိုစင်လေး ပျိုစင်လေး······

ဦးကျော် (ဟင်းခါးပင်၊ ကလောမြို့နယ်)

## မင်္ဂလာမြောက် မော်ချင်း

ယောဟဲသည်တစ်ခါ၊ သားကျွန်တော်နှင့် ငါမော်ဆိုမင် သိဒ္ဓိတင်လို့ မင်္ဂလာဆုတောင်းရွတ်လို့ ဆုမြတ်ပေးရင် ရွှင်စေဗျာ။ စေတနာလဲ ငွေကိုချရင် ငွေစမူးပဲ ဘခင်အိုမှာ သူ့အိတ်ထဲ တစ်ပဲဆယ်ရွေး စက္ကူလွှာနှင့် တင်ကာထုတ်လို့ ကျပ်ကိုပေး၊ ဆယ်ရွေးငွေပဲ စေတနာနှင့် သဒ္ဓါဖြူရင် ရေနယ်ထွက် မနက်ရောက်ခါ ဝင်လာမယ်ပ။ သုံးပိဿာ အိမ်မှာ ငွေခဲဖျာလိုလိပ်လို့ သူ့အိမ်ထဲ၊ ငွေခဲပင်ပေါက်ရောက် စောက်ပေါ်တုံး။ နေ့တိုင်းလိုပဲ။ ရ လာမယ်ပ ရှင်ဘဘုံး သုံးပိဿာကျော် ရွက်နီဆက်နှင့် ထွင်းထွက်ပေါ် ခုသော်ခံစား ကောင်းကင်ထက်က ရှင်နတ်များ နတ်များမလို ငွေစမိုးလို ရွာလာမယ်။ နတ်ကောင်းမလို့ မကြာမြေခ ပွန်လာမယ်အေး သားကျွန်တော် နှင့် ငါမော် ခေါ်မယ်ပ ဘသူဌေး။

သူဌေးအိမ်မှာ စားဖို့လဲများ စပါးကောက်ရစားလို့ချိုတယ်။ ပူပူနှင့် စပါးမှာ ကောက်လှ ကောက်လေးစားတိုင်း ကောင်းတယ် ကောက်ညှင်းစေး။ အေးနယ်လို့မူ တထောင့်နားခ။ တခြားထားတယ် ခွါးမက်မူ ဆန်ဖြူ ဆန်နီ ကျီနှင့်စပါး စားမကုန်အောင် ဟိုးတုတ်ဖက်မှာ တာပြည့်တဲ့။ ခုကား မြက်ဖောက်ပီတာလလို့ ဘအိုအိမ်မှာ ပေါက်လာမင်ပ နွားမဲတခြား နွား၊ ကျားသံစုံ ပေါက်ဖွားလာမယ် နွားမျိုးစုံ။ နွားလချောက်ကွင်း ညခင်းပြန်ရင် အိမ်ပေါက်နား အိမ်ပေါက်နားတံခါးဝမှာ တွန်သံပြင်းသခင် ခုသော် တံခါး

ဝမှာ နွားကိုအော် ပေါ်လာရင်ပ စံပယ်ဖြူနှင့် မီးကူလှ နွားလှ ဆုံးလဲ တော့းလို နွားခေါင်းဖြူကို ခြူသီဆွဲ၊ မြေပဲဘိုနှင့် ရှာပေါ်ထန်းလျက် အောက် ထက်လူးလာ။ ပီတာလနှင့်အာဘအိုမှာ ငွေကောက်ရှာဝယ် ကာလဲထား တတင်ပေါ်ကို တတင်လို့ ငါးပိများ။ ရက်ငါးအုံးမယ် ကတိုင်းတယ်။ ရက်ကန်းစင် ဘခင်ခုကား ရှေ့ဖို့တော်ပြီ ကျောပေါ်စား။

နွားလလည်းပေါက် အိမ်ကြီးထဲမှာ ကျွဲကောင်းပေါက်။ အံ့လောက် ကျွဲမျိုးထယ်တိုင်းကောင်းလို့။ သူတောင်းဝယ်တယ်(၉၀၀)ပို ကျွဲကြီး လယ် ပေါက် ရှေးဆုတောင်းနှင့် ကျောင်းရင်းပါလို့ ချမ်းသာရောက်ကြ။ မျက် မှောက်တင်စေခိုင်းစားလို့ဘခင် ယခုတိုးလာမယ်။ အလှူဒါန မျိုးစေ့ချ လို့ရလာမယ်။ ကြိုးစားကူလို့ နတ်လူနှစ်သက် လူရပ်ခွင်မှာ စည်းစိမ်တက်၊ ရေတဲပုံလဲ ရေထဲသုတ်သင် ပတ်လည်စီးလို့ အိမ်ဝဝင်။ မော်ရင်ဆိုတာ မော်ကိုချလို့ ငွေစကျိုးမှာ တိုးပြီပ။ မော်က လင်ကို ဆံစင်လောင်းလို့ ကျောင်းတက် ခုညငါပင် အာရုံဆင်းလို့ မလင်းခင် ဝင်လာမယ်အေး သားကျွန်တော်နှင့် ငါမော်တလို့ ခေါ်ပိခဲ့မယ် အာဘလေး အာဘလေး······

ဦးကျော် (ဟင်းခါးပင်၊ ကလောမြို့နယ်)

## (၅) ဓနုရိုးရာသံချပ်

အိုးစည်၊ ဒိုးပတ်ဝိုင်းတွင် အတိုင်အဖောက်ဆိုသော ကဗျာတစ်မျိုးကို သံချပ်ဟု ခေါ်သည်။ အကြောင်းအရာ တစ်ရပ်ရပ်ကို သံချပ်စပ်၍ သီဆိုခြင်း နှင့် သံချပ်နှင့်ထုတ်ဖော်ပြက်ရယ် ပြုခြင်းကို သံချပ်ထိုးသည်ဟု ခေါ်သည်။ သံချပ်ရေးသားရာတွင် အတိုင်စာကြောင်းနှင့် အဖောက်စာကြောင်း ကာရန် ညီစေပြီး ထိုနေရာရှိ ကာရန်ကို အမြဲတမ်း ချိသံထားရန် လိုအပ်ပါသည်။

ဆိုလိုသည်မှာ သံချပ်စပ်ဆိုတိုင်း အတိုင်အဖောက် တစ်စုံစီ ပါရမြဲ ပင်ဖြစ်သည်။ အတိုင်ပိုဒ်တွင် (၇)လုံးခံ၍ အဖောက်ပိုဒ်တွင် (၇)လုံး (၈)

လုံးဖြင့် အုပ်ရသည်။ ကာရန်ယူပုံမှာ ၇-၃ (သို့မဟုတ်) ၇-၄ ဖြစ်သည် ဟု ဆရာတင်မိုးက ဆိုခဲ့လေသည်။ ဓနုတိုင်းရင်းသားနယ်ပယ်အတွင်း ရှေးကတည်းက သံချပ်များ ရေးသားစပ်ဆိုခဲ့သည်။ ယနေ့အထိ စပ်ဆိုဆဲ ဖြစ်သည်။ သံချပ်ရေးဖွဲ့ ပုံစည်းကမ်းကို သတိမပြုမိသူများ ရှိသော်လည်း ဓနုနယ်အတွင်း ထင်ရှားသံချပ်များကို ဖော်ပြလိုက်ရပါသည်။ တတ်ကျွမ်းသော ပညာရှင်များအတွက် မရည်ရွယ်ပါ။

- မိန်းမရုပ်ဆိုး ပန်းအားကိုး
  အားကိုးလေလေ ဆိုးလေလေ။ (ဆိုးလေလေဟေး .... ဆိုးလေလေ)
- ပုလွေလုပ်တာ တောင်ကြားဝါး
  လူပျိုလုပ်တာ ရွာင်သား။ (ရွာင်သားဟေ့ ... ရွာင်သား)
- အပွေးမြင် အပင်သိ
  ရွာင်သားကို ချစ်လိုက်ကြည့်
  သေတဲ့အထိ သစ္စာရှိ။ (သစ္စာရှိဟေး . ... သစ္စာရှိ)
- ပွေးလှဈေးနား ပဲကြော်သည်
  ပါးကွက်ကြားနဲ့ ရမ်းလှတယ်
  ကွင်တို့ဝယ်ရင် ပြုံးပြတယ်။ (ပြုံးပြတယ် ဟေး ... ပြုံးပြတယ်)
- မုံလာခင်းကြီး စိုက်ထားတယ်
  ဟဲဟိုးသူကို ယူဖို့ရွယ်
  ဈေးနှုန်းကျလို့ မကိုက်ဘူးရယ်
  နောက်နှစ်ရောက်မှ လာတောင်းမယ်။
  (လာတောင်းမယ်ဟေး .... လာတောင်းမယ်)
- စကိုဖီး စီးလို့ ပွဲကိုလာ
  တောင်ကြီးသူတဲ့ ဟိတ် ဟန်ပါ
  မဖြစ်ချေသေးဘူး ဆောရီးပါ။ (ဆောရီးပါဟေး . . . ဆောရီးပါ)

- ဟဲဟိုးမြောက်နား ဘော်ဆိုင်းသူ
ရေပေါလာတော့ အသားတွေဖြူ
ဖိုးအိုယူပါ တို့လိုလူ။ (တို့လိုလူဟေး ... တို့လိုလူ)
- ရပ်ကြည့်နေ ရပ်ကြည့်နေဟေး ရပ်ကြည့်နေ
ရပ်ကြည့်နေလည်း အလကား
တို့မေ မပေးစား မေမေ့စကား တို့မှတ်ထား။
ရပ်စောက်သမဆို မယူနဲ့သား
စစ်သား သမီးတွေ ခပ်များများ။
(ကြောက်တယ်ဗျား .... ကြောက်တယ်ဗျား)
- အိမ်နားမြက် အိမ်နွားမစား
နယ်ခြားသူဆို တို့စဉ်းစား
နောင်ချိုသူနဲ့ ညားချင်ညား။ (ဘာညားညား ... ဘာညားညား)

▼▼

- စကားသံက ဝဲဝဲလေး
ပင်းတယမြို့က ဓနုလေး။ (ဓနုလေးဟေ့ ဓနုလေး)
- တောင်ပေါ်သူလေး ချစ်စရာ
ယဉ်ယဉ်လေးနဲ့ ချစ်စရာ။ (ပန်းနေကြာ ပန်းနေကြာ)
- အခုအရွယ်မှာ ရည်းစားထား
နင်က ငါ့ကို ကြိုက်မှာလား။ (ကြိုက်မှာလားဟေ့ ကြိုက်မှာလား)
- သဘောလဲဖြူ မနောဖြူ
ချယ်ရီပေါ်တဲ့ ပင်းတယသူ။ (ရအောင်ယူဟေး ရအောင်ယူ)

- တမဲသူမ ခပ်ကဲကဲ
နေထောင့်ဆယ်ခြောက် မော်ဒယ်ဂဲလ်။
(မော်ဒယ်ဂဲလ် ဟေး မော်ဒယ်ဂဲလ်)
- လျှာလယ်သွားမယ် စားကြည့်နော်
ပင်းတယမြို့က ပဲကပ်ကြော်။ (နှစ်ပြန်ကြော်ဟေး နှစ်ပြန်ကြော်)
- မိုးရာသီက အေးအေးလေး
ရှာင်သူမ အာဘွားပေး။ (ခွားပုတ်နွေးဟေ့ ခွားပုတ်နွေး)
- အိုးစည်တီးဟန် မိုးထက်ညံ
ရိုးရာဓလေ့ တို့မမေ့။ (တို့မမေ့ဟေး တို့မမေ့)

Chit Ya Aung (ပင်းတယ)

▼▼

- တာတက်ပွဲမှာ ပျော်ဖို့လာ
မပျော်ဘူးလားလ ပျော်ဘူးလား။ (ပျော်တယ်ဟေ့ ပျော်တယ်ဟေ့)
- ရှာင်သူမ အပျိုကြီး
ရည်းစားထားတော့ စပ်ဖြီးဖြီး။ (စပ်ဖြီးဖြီးဟေး စပ်ဖြီးဖြီး)
- ပင်းတယသူမ ဝတုတ်တုတ်
ယောကျာ်းယူဖို့ ဟန်ရေးလုပ်။ (မုန်လာထုပ် မုန်လာထုပ်)
- နတ်ခမ်းပါးပြီး အသားဖြူ
နောင်ချိုသူမ ရအောင်ယူ။ (အိုင်လပ်ဖ်ယူ အိုင်လပ်ဖ်ယူ)
- ဟဲဟိုးသူမ ပါးပြင်နု
လူပျိုလာယင် ရှက်သွေးစု။ (အာလူးဥ အာလူးဥ)
- တေးပလွေ ခေါင်းထိုးဝါး

လူနာမည် အောင်ပန်းသာ း။ (အောင်ပန်းသား အောင်ပန်းသား)
- တောင်ကြီးသူမ မိနီငယ်
ရည်းစားထားတော့ ငယ်သေးတယ်။
(ငယ်သေးတယ်ဟော့ ငယ်သေးတယ်)
- စပ်သီးစားချင် အပင်စိုက်
ဓနုမရချင် ငါ့နောက်လိုက်။ (ငါ့နောက်လိုက်ဟေး ငါ့နောက်လိုက်)
- တစ်နှစ်လာလည်း ဟေတိုင်းတိုင်း
နှနှစ်လာလည်း ဟေတိုင်းတိုင်း
ဓနုမငယ် အပျိုဟိုင်း။ (အပျိုဟိုင်းဟော့ အပျိုဟိုင်း)
- ဝါးတို့ဌာနေ ဓနုမြေ
ဓနုမြေက လူပျိုတွေ
အပျိုချောနဲ့ ညားပါစေ။ (ညားပါစေဟော့ ညားပါစေ)

ဒီနေရှင်း (သီချင်း)… မှ

▼ ▼

ယောက်ျား - မိန်းမဏ္ဍခြွေ လှကျက်သရေ
တန်ဖိုးရှိအောင် နေတက်စေ။ (ဓနုမေ ဓနုမေ)
မိန်းခလေး - ရွာကျိုးရွက်ဆောင် စံပြမောင်
နောင်တစ်ချိန်မှာ ပြည်ခေါင်းဆောင်။
(ဓနုမောင် ဓနုမောင်)
ယောက်ျား - နေပူလည်းခို မိုးလည်းခို
အရိပ်ကောင်းလို့ ဧည့်သည်ပေါ
နင်လည်းအပျို ငါလူပျို
တွေ့တုန်းမေးမယ် ချစ်ရယ်လော။

(ချစ်ရယ်လော ချစ်ရယ်လော)
မိန်းခလေး - အချိုတွေ့တိုင်း ငါမစား
အပိုတွေ့လည်း ငါမထား
ငါ့မှာရည်းစားရှိပြီးသား။ (ရှိပြီးသားဟေ့ ရှိပြီးသား)
ယောက်ျား - လာတဲ့အပျို စောင့်လို့ကြို
လှရာရွေးလို့ ချစ်ရေးဆို။
(ချစ်ရေးဆိုဟေ့ ချစ်ရေးဆို)
မိန်းခလေး - အပျော်ကြဲတိုင်း မတွဲနဲ့
အဖော်မပါတိုင်း မရဲနဲ့
တောင်ပေါ်သူတိုင်း ပလိုင်းနဲ့။
(ပလိုင်းနဲ့ဟေ့ ပလိုင်းနဲ့)
ယောက်ျား - နေ့စဉ်အလုပ် ရမ်းဆရှုပ်
ဖြောင့်မယ် ကောက်မယ် ဆေးဆိုးမယ်
တော်ရုံစာရေး ဝေလာဝေး
စဉ်းစားရုံနဲ့ စိတ်ဦးလေး။
(စိတ်ဦးလေးဟေ့ စိတ်ဦးလေး)
မိန်းခလေး - လွဲမှန်းမသိ မှန်ထဲကြည့်
ကိုယ့်ရုပ်မြင်လို့ လန့်လိမ့်မယ်
နားပေတစ်ဖက် ပုံစံပျက်
အထီးအမ ခွဲဖို့ခက်လိမ့်မယ်။ (ခက်လိမ့်မယ်ဟေ့
ခက်လိမ့်မယ်)
ယောက်ျား - သောက်လော် သောက်လို့ မခွဲဝ
မှောက်လော် မှောက်လို့ မခွဲဝ
နင်နဲ့ရမှ ပြင်မယ်ပ။ (ပြင်မယ်ပ ပြင်မယ်ပ)

မိန်းခလေး - ဆုံးမလို့မရ နင့်ဘဝ
နင့်မေနင့်ဖ ဆဲနေကြ။ (ကြားနေရ ကြားနေရ)
ယောကျ်ား - မိဘပြောတော့ တစ်လကြာ
မယားပြောတော့ တစ်ညကြာ။ (သိရမှာ သိရမှာ)
မိန်းခလေး - အထုံးငုံပြောလဲ မယုံရဲ
ပြောတိုင်းလုပ်တဲ့ လူကနဲ။ (အကောင်းနည်းနည်း
ဆိုးချဲချဲ)

ဖိုးစံဦး (သရက်ပင်လှ)

▼ ▼

- သင်္ကြန်ချိန်မှာ ကျောင်းကိုသွား
အလှူပြုကာ တရားနာကြား(ပွေးလှရွှေကုန်းသားဟေ့ ပွေးလှရွှေ
ကုန်းသား)
- အိမ်မှာကပ်ခိုလို့ အပျင်းထူ
ကုသိုလ်မပွား အလကားလူ(အလကားလူဟေ့ အလကားလူ)
- ဘုရားကိုသွား ကျောင်းလည်းတက်
ပွေးလှရွှေကုန်းရွာ နှစ်စဉ်မပျက်(နှစ်စဉ်မပျက်ဟေ့ နှစ်စဉ်မပျက်)
- ရှိတာလေးနဲ့ ကျောင်းကိုသွား
ကုသိုလ်ရေးမှာ စိတ်ဖြူဖြူထား (ကုသိုလ်ပွားဟေ့ ကုသိုလ်ပွား)
- ပွေးလှရွှေကုန်းသူ စိတ်ထားဖြူ
သင်္ကြန်ချိန်မှာ မြတ်ကုသိုလ်ယူ (ဓနုသူဟေ့ ဓနုသူ)
- အလကားလူ မဖြစ်ဖို့ကွယ်
အချောင်မခို ကျောင်းကိုသွားကြမယ်(ကောင်းမှုပြုမယ်ဟေ့ ကောင်းမှု
ပြုမယ်)

- ပွေးလှရွှေကုန်းရွာ သင်္ကြန်ရောက်လာ
ညနေရောက်ပြီ ဆွေမျိုးဆွေညာ (ရေလောင်းမှာဟေ့ ရေလောင်းမှာ)
- ရေလောင်းခံရသူ မိတ်ဆွေပေါင်း
သင်္ကြန်ချိန်မှာ အေးမြပါစေကြောင်း (ဆုမွန်တောင်းဟေ့ ဆုမွန်တောင်း)
- ကုသိုလ်လည်းရ ဝမ်းလည်းဝ
သင်္ကြန်ချိန်မှာ ကောင်းမှုပြုကြ (နိုးဆော်ကြဟေ့ နိုးဆော်ကြ)
- မနုသံချပ်ကဗျာ နားထောင်ကြတယ်
ရောက်လာသူအားလုံး ပျော်ကြစေကွယ် (ပျော်စေကွယ်ဟေ့ ပျော်စေကွယ်)
- ပွေးလှရွှေကုန်း သင်္ကြန်မှာ
သာသနာ့အလံ စိုက်ထူကာ (လေးစားစွာဟေ့ လေးစားစွာ)
- ဗုဒ္ဓဘာသာ မနုများ
သာသနာကို တို့တွေလေးစား (တန်ဖိုးထားဟေ့ တန်ဖိုးထား)
- ရတနာသုံးဖြာ ဂုဏ်တော်များ
ဦးတော်သုံးကြိမ် ရွတ်ဆိုပွား (ရိုသေလေးစားဟေ့ ရိုသေလေးစား)
- မနုအလံလည်း စိုက်ထူမယ်
ရိုးရာဓလေ့နဲ့ ဆင်နွှဲကြမယ် (မနုမျိုးနွယ်ဟေ့ မနုမျိုးနွယ်)
- ပွေးလှရွှေကုန်းရောက်လာမိတ်ဆွေလေး
သင်္ကြန်ရေအေး ပက်ဖျန်းပေး (ချမ်းချမ်းအေးဟေ့ ချမ်းချမ်းအေး)
- သင်္ကြန်မဏ္ဍပ်ပေါ်က မနုမောင်မယ်
မနုရိုးရာနှင့် ယဉ်ကျေးလှတယ် (ကပြနေတယ်ဟေ့ ကပြနေတယ်)
- မနုမောင်မယ် ရိုးရာအက
ကြည့်တဲ့သူတွေ ပျော်ပါစေဗျ (တကယ်လှဟေ့ တကယ်လှ)

- ပွေးလှရွှေကုန်း တို့ရွာလေး
မနေရိုးရာ မပျောက်ကွယ်ရေး (တို့ဦးစားပေးပေဟေ့ တို့ဦးစားပေး)
- နောင်နှစ်ဆိုလည်း လာခဲ့ပါ
ပွေးလှရွှေကုန်းရွာ ပျော်ချင်စရာ (သင်္ကြန်မှာဟေ့ သင်္ကြန်မှာ)
- ဒီနှစ်မှာတော့ ဒီတွင်ပြီးဆုံး
နောက်နှစ်ကိုတဲ့ မျှော်လှည့်ပါအုံး(မျှော်လှည့်ပါအုံးဟေ့ မျှော်လှည့်ပါအုံး)
- သင်္ကြန်ပြီးဆုံးလို့ ချစ်မိတ်ဆွေ
နှစ်သစ်မှာတော့ ကောင်းကျိုးပွားပါစေ(တိုးတက်စေဟေ့ တိုးတက်စေ)

ရှင်မုနိန္ဒ (ပွေးလှရွှေကုန်းရွာ ၊ကလောမြို့နယ်)

### (၆) ဆုံဆည်းရာပွဲအက(သံချပ်)

- ဓနုပလောင် ရွှေတောင်ရိုး ရှမ်းနဲ့ပအိုဝ်းတို့ဆွေမျိုး
တို့ဆွေမျိုး တို့ဆွေမျိုး (တို့ဆွေမျိုးဟေ့ …တို့ဆွေမျိုး)
- ရောနှောချစ်ခင်ပေါင်းစုဝင် ယဉ်ကျေးမှုတွေခပ်ဆင်ဆင်
ပြောပြချင်၊ ပြောပြချင် (ပြောပြချင်ပေါ့ …ပြောပြချင်)
- ရေမြေမခြား၊ စည်းမခြား ဘိုးဘီဘောင်ဆက် အမွေထား
တို့အင်းသား တို့အင်းသား (တို့အင်းသားဟေ့…တို့အင်းသား)
- ပဲပုတ်စပ်သီး ခေါင်ရေမြည်း ဆောင်ထားတယ်ဟေ့ လပ်နှိပ်ကီး
စက္ကူထီး စက္ကူထီး (စက္ကူထီးဟေ့…စက္ကူထီး)
- တစ်နှစ်တစ်ခါ ဆုံဆည်းရာ တပေါင်းပွဲကို အရောက်လာ
လှမ်းလှည့်ပါ လာခဲ့ပါ။ (လာခဲ့ပါဟေ့ …လာခဲ့ပါ)-
- အိုးစည်ဘုံကြီး ဟန်နဲ့တီး တီးတတ်မှတီး လူပျိုကြီး
မြိုင်မြိုင်ကြီး မြိုင်မြိုင်ကြီး (မြိုင်မြိုင်ကြီးဟေ့…မြိုင်မြိုင်ကြီး)

- တို့ပြည်ရှိးရာ တို့ရှိးရာ အပျိုလည်းလာ အိုလည်းလာ
  ဆုံဆည်းရာ၊ ဆုံဆည်းရာ (ဆုံဆည်းရာဟေ့...ဆုံဆည်းရာ)
- ပျိုငယ်နှမ သုံးပန်လှ ရှက်သွေးကွကွ ပြုံးတိုင်းလှ
  ယဉ်စစ၊ ယဉ်စစ (ယဉ်စစဟေ့ ...ယဉ်စစ)
- မနှမောင်ကြီး အိုးစယ်တီး လက်နဲ့အုပ်ပီးရှုပ်လို့တီး
  လင်းခွင်းကြီး၊ လင်းခွင်းကြီး၊ (လင်းခွင်းကြီးဟေ့...လင်းခွင်းကြီး)
- ပုန်းတလုတ်ကန် မြို့ပတ်ရံ ယဉ်ကျေးမှုကို အခြေခံ
  နောက်ထပ်တဖန်ဆုံဆည်းရန်
  တောင်းဆုပန်၊ တောင်းဆုရန် (တောင်းဆုပန်ဟေ့...တောင်းဆုပန်)

ရွှေလူပွဲ(သရက်ပင်လှ)

## (၇) ဓနုရိုးရာပုံပြင်

### ၁။ စောရွှေငှက်ပုံပြင်

ရှေးအခါကသုံးနှစ်ဆက်တိုက်မိုးခေါင်သဖြင့် သက်ရှိသတ္တဝါအားလုံး အငတ်ဘေးကြုံခဲ့ကာ သစ်သီး၊ သစ်ရွက်၊ ဆန်ရေစပါးမှစ၍ အိမ်မွေးတိရစ္ဆာန်များပါမကျန် သတ်ဖြတ်စားသောက်ကြသဖြင့် အစားအစာဟူ၍ မရှိသလောက်ဖြစ်ခဲ့သည်။ ထိုအငတ်ဘေး ရင်ဆိုင်နေကြရသည့်အထဲတွင် အလွန်ချစ်ခင်ကြသော စောရွှေတို့မောင်နှမနှစ်ယောက်လည်း ပါဝင်၏။

၎င်းတို့အိမ်တွင် ဘာမှစားစရာမကျန်သည့်အဆုံး၌ လိုက်လံရှာဖွေရာ ထမင်းတစ်လုံးကို တွေ့လေသည်။ ထမင်းတစ်လုံးကိုမစားကြပဲ အဆာပြေမောင်တစ်လှည့် ၊ နှမတစ်လှည့် ငုံကြရလေ၏ ။ နှမအလှည့် ထမင်းစေ့ငုံရင်း ဝမ်းတွင်းဝင်သွားခဲ့ရာ အကိုဖြစ်သူက နှမရင်ကိုခွဲပြီး ထမင်းလုံးကို ယူစားလိုက်ပါတော့သည်။ နှမသေဆုံးပြီး ဘဝပြောင်းကာ ငှက်ဖြစ်လေသည်။

စောရွှေလည်းနှမကိုသတိမိလေခြင်းဟုဆိုကာ ရင်ကွဲနာကျသေဆုံးခဲ့သည်။ သူလည်း နောက်ဘဝ ငှက်ဖြစ်လေသည်။

ငှက်ဖြစ်သောအခါ 'စောရွှေရေ ...စောရွှေ...စပါးပေါပြီ။ ဆန်ပေါပြီ။ ' ဟု အော်လေသည်။ နှမဖြစ်သော မစောရွှေငှက်က 'ကြောက်ပြီ။ ကြောက်ပြီ။ 'ဟု ပြန်အော်လေသည်။ 'စောရွှေ' ခေါ်သံနှင့်တူအောင် အော်သောငှက်နှင့် 'ကြောက်ပြီ၊ ကြောက်ပြီ' အသံနှင့်တူအောင် အော်သော ငှက်ပျံအား ဓနုတို့နေထိုင်ရာဒေသတွင် ယနေ့တိုင် တွေ့ရလေသည်။

၂။ **မုဆိုးလင်မယား**

တစ်ရံရောအခါက မုဆိုးလင်မယား နှစ်ယောက်ရှိသည်။ လင်က ညဘက်တွင် လင့်စင်အပေါ်မှတောကောင်စောင့်ရသဖြင့် ညနေထမင်းလာပို့ရန် မယားအားမှာခဲ့သည်။ ညနေထမင်းလာပို့ချိန် တောခြောက်မှန်းမသိပဲ မယားအား စိုင်၊ ဆတ်အမှတ် ထင်ပြီး လေးခွဖြင့်ပစ်ရာ မယားသေခဲ့သည်။ မုဆိုးလည်း မယားအလောင်းကိုကြည့်ပြီး ရင်ကွဲနာကျသေလေသည်။ သူတို့နှစ်ယောက်လုံး ငှက်ဘဝဖြစ်လေသည်။

ငှက်ဘဝရောက်သော် မယားငှက်က ' စိုင်လော၊ ဆတ်လော' ဟုအော်လေသည်။ ထိုအသံကိုကြားသော လင်ငှက်က ' မှားလို့၊ မှားလို့' ဟုပြန်အော်သည်။ ဓနုတိုင်းရင်းသားများနေထိုင်ရာဒေသတွင် စိုင်လော၊ ဆတ်လောဟူသော အသံနှင့်တူအောင် အော်လေ့ရှိသော ငှက်နှင့် မှားလို့၊ မှားလို့ဟုအော်သော ငှက်များယနေ့ထိ ရှိလေသည်။ 'မှားလို့ မှားလို့'ဟု အော်သောငှက်များမှာ သစ်ပင်ကြီးအပေါ်တွင် နေလေ့ရှိပြီး စိုင်လော၊ ဆတ်လော အော်သော ငှက်များမှာ မြေနှင့်နီးကပ်၍ နေလေ့ရှိကြောင်း အံ့ဩစွာ တွေ့ရှိနိုင်ပါသည်။

## (၈) ဓနုရိုးရာ စကားထာ

'အနက်အဓိပ္ပါယ်မြှုပ်ထားသော ဉာဏ်စမ်းစကား' 'ပဟေဠိ' ကို စကားထာဟု အဓိပ္ပါယ်ဖွင့်ဆိုထားသည်။ တစ်ဦးတစ်ဖွဲ့က ပဟေဠိ အမေး တင်ပြချက်ကို ကျန်တစ်ဦးတစ်ဖွဲ့က ဖြေဆိုရန် စကားထာတစ်ခုခုကို ဆိုလို သည်။ စကားထာသည် လူမျိုးတိုင်း၊ နိုင်ငံတိုင်း၊ သမိုင်းဦး ခေတ်ကတည်းက ပေါ်ပေါက်လာခဲ့ပုံရသည်။ မြန်မာနိုင်ငံ သမိုင်းဦးခေတ်တွင် 'ထောင်ပေး၍ ဆုတ်၊ ရာပေး၍ချုပ်၊ ချစ်တဲ့သူအရိုး ဆံထိုးလုပ်' ဆိုသော စကားထာပေါ်ပေါက် ခဲ့သည်ဟု မှတ်တမ်းရှိလေသည်။ နိုင်ငံများစွာတွင်လည်း စကားထာများ ခေတ်စားခဲ့သည်ကို မှတ်သားမိပါသည်။ ထို့နည်းတူစွာ ရှမ်းမြေလတ် ဓနု ဒေသများတွင်လည်း စကားထာဝှက်ခြင်းများကို ကျယ်ပြန့်စွာ၊ နှစ်ခြိုက်စွာ အသုံးပြုခဲ့ကြလေသည်။ အချို့သော စကားထာများကို တင်ပြအပ်ပါ သည်။

၁။ မိုးမှာမသီး ၊ နွေမှာသီး ၊ သီးမည့်သီးတော့မြေကြီးက။ (ပုရစ်ပုံ)

၂။ တစ်နှစ်တစ်ခါ ထီးဖြူဆောင်းလို့ မင်းလောင်းလာ။ (မှို)

၃။ နွားကိုရိုက်လို့ သစ်ကအော် ၊ ဖော်နိုင်လျှင်ဖော်။ (အိုးစည်)

၄။ ခေါင်းကြီးကြီးနှင့်အမြီးသွယ်။ (ရေမှုတ်)

၅။ တစ်ညတစ်ခါ ၊ မလျှိုရ စိတ်မသာ။ (တံခါးပေါက်နှင့် မင်းတုန်း)

၆။ ဘုရားဦးခေါင်း ၊ ဈေးမှာရောင်း။ (ပိန္နဲသီး)

၇။ မဆိုးဘဲနဲ့နီ၊ မစီဘဲနဲ့ညီ ။ (သလဲသီး)

၈။ အိမ်ကြီးထဲ၊ အိမ်ငယ်ဆောက်။ (ကွမ်းအစ်)

၉။ တောင်ကလပ်မှာရေတွင်းတူး ၊ သူငယ်ကြိုက်လို့မြူး။ (မိခင်နို့)

၁၀။ ရာဇမတ်သုံးထပ်ကာ ၊ အထဲရေကန်သာ။ (အုန်းသီး)

၁၁။ ကုန်းကွကုန်းကွ ၊ ထမရ။ (ထယ်ချေးဖတ်)

၁၂။ မင်းကြီးအိမ်အောက် ၊ ခွက်ဆိုးမှောက်။ (ကျွဲချေးပုံ)
၁၃။ ငယ်ခါဒီတိုင်းဝတ် ၊ ကြီးခါ ဒီတိုင်းချွတ်။ (ဝါးပင်)
၁၄။ တို့ဖိုး ကြိုးတစ်ချောင်း၊ မြင်းကောင်း လိုက်လို့မမီ။ (လမ်း)

**(၉) ဓနုရိုးရာစကားပုံ**

လူအများ ဆင်ခြင်မှတ်သားဖွယ်ဖြစ်အောင် စံပြုခိုင်းနိုင်း ပြောဆိုလေ့ရှိသော ထိရောက်ကျစ်လျစ်ပြေပြစ်သည့်စကားကို စကားပုံဟု မြန်မာအဘိဓာန်က ဆိုထားသည်။ စကားပုံများကို ကမ္ဘာတစ်ဝန်း ရှေးပဝေသဏီကတည်းက စပ်ဆိုအသုံးပြုလာကြသည်။ မိမိတို့ ဓနုတိုင်းရင်းသားများကလည်း လုပ်ရင်းကိုင်ရင်း၊ သွားရင်းလာရင်း ၊ အတွေ့အကြုံများဖလှယ်ရင်း ဓနုရိုးရာစကားပုံများကို စပ်ဆိုခဲ့ကြသည်။ အချို့ကိုသာ တင်ပြအပ်ပါသည်။

၁။ ကျည်တောက်ကွဲ ရေဝင် (နွားကွဲလျှင် ကျားဆွဲ စကားပုံကဲ့သို့ အချင်းချင်းစည်းလုံးညီညွတ်မှုရှိစေရန် ဖော်ပြသောစကားပုံဖြစ်သည်။)

၂။ ဂျုံးမြစ်လိုမကျွာ၊ ကြက်သွန်မွှာလို စည်းလုံး ( စည်းလုံးညီညွတ်မှုအသွင်ကို ဖော်ကျူးထားသောစကားပုံဖြစ်သည်။)

၃။ ချင်းတကက် စပ်သီးတစ်ဉာဏ်တည်း (ချင်းတကက်၏အရသာမှာ ပူသည်။ စပ်သည်။ စပ်သီး၏ အရသာမှာလည်း ပူ၏။ စပ်၏။ ဓနုဒေသတွင် ငရုတ်သီးကို စပ်သီးဟုခေါ်သည်။ ထို့ကြောင့် တစ်ကျိုက်တည်းတစ်ဉာဏ်တည်း အလေ့အထတူညီသူချင်းသာ ပေါင်းစပ်ကြောင်းပြဆိုသည့်စကားပုံဖြစ်သည်။)

၄။ စပါးလှမ်း စပါးမေ့ (မည်သည့်အလုပ်မဆို လုပ်ပါက အဓိကမမေ့သင့်သောပစ္စည်းကို မမေ့ရန် ညွှန်ပြသော စကားပုံဖြစ်သည်။)

၅။ စပ်သီးထဲ ပိုးလောက် စပ်မှာမကြောက် (ငရဲကလာသူ၊ ပြာပူမကြောက်တူသောစကားပုံဖြစ်သည်။)

၆။ စာစောသွား နောက်ကျပြန် (မည်သည့်အလုပ်မဆို မပျင်းမရိ မခိုမကပ် ဖွဲလုံ့လကြီးစွာ လုပ်နိုင်မှ အောင်မြင်လာမည်ဖြစ်ကြောင်း စကားပုံကလမ်းညွှန်ထားသည်။)

၇။ မိုးကျမှ ပလစ်ဖုတ် (ခနုဒေသတွင် လယ်ယာလုပ်ငန်းခွင်အပြီး အာလူးစိုက်ပျိုးရန် မြေပြင်ဆင်ကြရသည်။ အထွက်တိုးစေရန်နှင့် မြေအောင်းပိုးများ ကြိုတင်နိုင်နင်းရန်အတွက် ရိုးပြတ်များ၊ အမှိုက်ခြောက်များကို မြေပုံကလေးများအုံပြီး မီးရှို့ပေးရခြင်းကို ပလစ်ဖုတ် (ပရစ်ဖုတ်)ဟု ခေါ်ဆိုသည်။ မိုးကျမှ ပြုလုပ်ပါက အာလူးစိုက်ပျိုးချိန် မမီတော့သည်ကို အကြောင်းပြု၍ မိုးကျမှပလစ်ဖုတ် စကားပုံပေါ်လာရသည်။ မိုးသောက်မှ ကြက်တင်၊ နေဝင်မှ စပါးလှမ်း စကားပုံနှင့် တူပါသည်။ )

၈။ လူပွဲတောင်းထမ်း မိနီဗန်းရွက် (အရွယ်ရောက်လာပြီး ခနုလူငယ်များ အိမ်ထောင်ပြုစအရွယ်တွင် ယောက်ျားဖြစ်သူက တစ်တောင်းထမ်းလျှင် မိန်းမဖြစ်သူက တစ်ဗန်းရွက်ကြဟု လူကြီးသူမများက ဆိုဆုံးမလေ့ ရှိသည်။ လူပွဲ = ခနုလူငယ်၊ မိနီ = ခနုမိန်းကလေးငယ်။ မောင်တစ်ထမ်း မယ်တစ်ရွက် စကားပုံနှင့်ဆင်တူသည်။ )

၉။ ဝါတော့တစ်ပုတ် ၊ လုပ်တော့တစ်မုတ် (စကားများများ ပြောဆိုလေလုံးထွားပြီး လက်တွေ့နည်းနည်းသာလုပ်သည့်အကြောင်းကို တင်စားပြောဆိုသည့်စကားပုံဖြစ်သည်။

ဝါ = ရောက်တက်ရာရာ ပြောဆိုခြင်း ၊ တစ်ပုတ် = စပါးထည့်ရသော တင်းဝင်တောင်းကြီး၊ တစ်မုတ် = အုန်းမုတ်ခွက်အရွယ် ရေခွက်။)

ကျန်ရှိစကားပုံများမှာ

၁၀။ တွေ့မကောက် ၊ ပျောက်မရှာ။

၁၁။ အိမ်နားနီးချင်း ၊ ဆွေမျိုးရင်း။

၁၂။ စပါးပြာ သာနိုးနိုး ၊ စပါးထောင်း ကောင်းနိုးနိုး။
၁၃။ ပုတ်ထဲကပဲ ၊ တလဲလဲ။
၁၄။ ပြောတော့အဟုတ် ၊ လုပ်တော့တလွဲ။
၁၅။ တောင်ရိုးကားတင် တစ်နေဝင် ၊ ဗမာဟိုနား တစ်နေ့သွား။
၁၆။ နွားပျင်းတော့ ချိုကုတ် ၊ လူပျင်းတော့ မီးမုတ်။
၁၇။ ပညာတတ်တော့ သင်ဖြူး ၊ သိုင်းတတ်တော့ မြေလူး။
၁၈။ ထင်တိုင်းလည်း မလိုက်နဲ့ ၊ မြင်တိုင်းလည်း မကြိုက်နဲ့။
၁၉။ ကြောင်ခိုင်းလို့ နှင်းမကြွေ ၊ ခွေးစေလို့ ရေမရ။
၂၀။ ဘဲလို မကျင့် ၊ မြင်းလို ကျင့်။

## (၁၀) တောင်ရိုး၊ ဓနုကျေးလက်တေးသံများ (အမှတ်တရ)

၁၉၇၀ တက္ကသိုလ်၊ ကောလိပ်ရောက်ခဲ့ကြသော ကျောင်းသူ၊ ကျောင်းသားများက 'တောင်ရိုး၊ဓနု' ကျေးလက်တေးသံများအဖြစ် ဖန်တီးခဲ့ကြသည်။ တောင်ရိုး ဓနု တိုင်းရင်းသားများကို လူသိလာအောင် အစဦးဖော်ထုတ်ခဲ့သော ကဗျာစာအုပ်ဆိုလျှင်လည်း မမှားပေ။ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး ရှေ့ရှုပြီး ထုတ်ဝေခဲ့သော စာအုပ်လည်းဖြစ်ပေသည်။

အောင်ပန်းမြို့က ဆရာမြင့်သန်းအမှာစာ ရေးသားခဲ့သည်။ ကလောမြို့နယ် ၊ ရွာငံမြို့နယ်အတွင်းရှိ ကျေးရွာများမှ တောင်ရိုး ၊ ဓနုတိုင်းရင်းသားများက ဖွဲ့ဆိုထားသော ကျေးလက်ကဗျာများဖြစ်သည်။ အပုဒ်ရေ (၅၀) ကျော်ပါဝင်သော်လည်း အမှတ်ရဖွယ်အဖြစ် တချို့ကဗျာများအား ဂုဏ်ပြုထည့်သွင်းပေးလိုက်ရပါသည်။ (မူရင်းသတ်ပုံစာသားအတိုင်း)

**တောင်ပို့လုင်**

တောင်ပို့လုင် ၊ ဟင်းချိုပင်
တပင်တရွက် ၊ ခူးလို့ချက်
အိုးပဲ့နချက် ၊ ခွက်ပဲ့နခူး
တို့လင်မယား စားလောက်ပူး။

**အီကုတ်ဟင်း**

မြေနန်းစံဆွေအီကုတ် ၊ ဆူးပုပ်နရော
သိကြားမင်း မနေနိန် စွန်းကိန်လို့ဆင်း။

**ဘုရားကများပန်းကဆား**

ဘုရားကများ ၊ ပန်းကဆား
တရားပယ့်နယ် တို့ဆမ်းပြေ မာ နာရမယ်။
ယောက်ျားကများ ၊ မိန်းမဆား
ရည်းစားပယ့်နယ် ၊ တို့လူပြေမာ ထားရမယ်။

**ခြုံနေရက်န ချမ်းလေခြင်း**

ပုဆိုးဖြူ မန်ကူကွက်
မနက်လဲခြုံညလဲခြုံ ၊ ခြုံလေရက်နချမ်းလေခြင်း။
မိနမောင်မာ မနက်လဲဆုံ ညလဲဆုံ
ဆုံ နေရက်န လွမ်းလေခြင်း။

**မောင်မလုပ်နဲ့**

ကျား - စပါးထောင်းကူ လူလိုဝူးရော။

မ - မောင်မထောင်းနဲ့ ခါးညောင်းတတ်လယ် မယ်ထောင်းမယ်။
စပါးပလာလဲ မောင်မပလာနဲ့ ခါးနာတတ်လယ် မယ်ပ
လာမယ်။
လက်ဝါးနုနု သွေးဥတတ်လယ်။
ထမန်းစားလှဲ့ မောင်မစားနဲ့
အံယားတတ်လယ် မယ်စားမယ်။

**သူလဲဖွတ်ချင် ငါဖွတ်ချင်**

လမ်းနားသစ်ပင် ပတူစွဲလို့ ပျားမွဲဝင်
သူလဲဖွတ်ချင် ငါဖွတ်ချင်။
ဖွတ်ချင်သူများ သစ်ပင်အောက်မှာ တိုးမအား။
မယ်တယောက်ကို သူလဲရချင် ငါရချင်
ရချင်သူများ တံခါးပေါက်မာ တိုးမအား။

သားကျူးတေး

ကျူးကျူး ကျူး ···· သားပန်းဖူး။
မုန့်လိုလို့ တောင်းတယ်လား။
ကြံကာလိုလို့တောင်းတယ်လား။
တို့မွေ့သားစော်ဖွား လူစော်ကား။ ကျူးကျူးကျူး ····

**တာတက်ပွဲ**

ပွဲဝင်အစ မောင်းကြီးသံန
စယ်စံကြားယင် အားလုံးကြွ။
မိန်းမယောက်ကျား လွယ်အိတ်စောင်း
ခေါင်းပေါင်းဖြူနှ လူတိန်းကြွား။
စကားမိုးမွှန် ခတ်ဝါဝါ
ငါသာငါပ ပျော်ပလေတယ် ခြေကိုချ။
အားရနိုန်ဝူး စိတ်ထဲလိန်လို့ လူလဲမူး။
နဖူးကမြေ အခြေကောင်းကင်
ရယ်အူပေါက်တယ် လက်ထောက်ဝင်။
စီစဉ်လို့ထား အံ့မိလောက်တယ်နေယောက်သား။
နကားကဋ္ဌန် ကုမ္ဗဏ်ယက္ခ လူမာမြူးမယ်ပ။
ကိုယ်နေခွ လက်ကိုလမ်းဆုပ် မျက်စောင်းထိုးတယ်
ပိုးအဟုတ် အရုပ်ရေးလဲ ပြေးမဲ့ပုံပုံ
ဆေးစုံချယ်တယ် ပန်းချီရေးလို့ ရုပ်သေးနယ်။

▼ ▼ ▼

# အခန်း(၄)

## ရှမ်းအတိတ်သမိုင်းနှင့် စနေတော်ဘွားများ

### (၁) ပင်လုံစာချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဖွဲ့စည်းတည်ထောင်ခြင်း မပြုမီကရှမ်းပြည်နယ် အတွင်းရှိ တိုင်းရင်းသားများသည် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြွေဥာန်းဖြင့် မိမိတို့ရိုးရာ၊ အစဉ်အလာ၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းအတိုင်း သီးခြားလွတ်လပ်စွာ နေထိုင်ခဲ့ကြသည်။

နယ်ချဲ့အင်္ဂလိပ်တို့သည် ၁၈၂၄တွင် ရခိုင်၊ တနင်္သာရီ (အာသံ၊ မဏိပူရ၊ ကချာ) နယ်များကိုလည်းကောင်း၊ ၁၈၅၂ တွင် အောက်မြန်မာနိုင်ငံကို လည်းကောင်း၊ ၁၈၈၅ တွင် အထက်မြန်မာနိုင်ငံကိုလည်းကောင်း တိုက်ခိုက် သိမ်းပိုက်ခဲ့သဖြင့် မြန်မာနိုင်ငံဘုရင်စနစ် ကျရှုံးခဲ့ရလေသည်။ တစ်ဆက် တည်းဆိုသလို ၁၈၈၆တွင် ရှမ်းပြည်မြောက်ပိုင်း၊ ၁၈၈၇ တွင် ရှမ်းပြည်တောင် ပိုင်းကိုချီတက်သိမ်းပိုက်ခဲ့ရာ ၁၈၉၀ တွင် ရှမ်းပြည်နယ်တစ်ခုလုံး အင်္ဂလိပ် လက်အောက် ကျရောက်ခဲ့ရသည်။ အင်္ဂလိပ်တို့သည် ရှမ်းပြည်နယ်၌ ဝန်ထောက်ရုံးအသီးသီး ထားရှိခဲ့ရာတွင် ရှမ်းမြေလတ်ဓနုဒေသ အုပ်ချုပ်စီမံ

နိုင်ရန် အနောက်ပိုင်းဆိုင်ရာဝန်ထောက်ရုံး (Western Sub-Division)ကို သာမိုင်းခမ်းနယ်၌ ထားရှိခဲ့ပါသည်။

ဗြိတိသျှ အစိုးရသည် ရှမ်းလူမျိုးများအား ၁၈၈၉ ဖေဖော်ဝါရီလ (၁)ရက်တွင် အတည်ပြု ပြဋ္ဌာန်းခဲ့သော 'ရှမ်းပြည်နယ် ဥပဒေ ၁၈၈၈ (Shan States Act 1888)ဖြင့် အုပ်ချုပ်ခဲ့သည်။

ရှမ်းစော်ဘွားပိုင် (၃၂)နယ်ကိုလည်း 'ပဒေသရာဇ်ရှမ်းပြည်' ဟု ခေါ်တွင်စေလျက် မြန်မာပြည်ဘုရင်ခံ၏ တိုက်ရိုက်အုပ်ချုပ်မှု အောက်တွင်ထားရှိခဲ့လေသည်။ ရှမ်းပြည်နယ်အတွင်းရှိ အဓိကကျသော အစိုးရဌာနများကို 'ပဒေသရာဇ်ကောင်စီ'၏ အုပ်ချုပ်မှုအောက်တွင်ထားရှိပြီး စော်ဘွားများကိုလည်း မူလအာဏာများအပ်နှင်းကာ အစဉ်အလာ ဥပဒေများအရ အုပ်ချုပ်ခွင့်ပြုခဲ့သည်။

ကိုလိုနီခေတ် ရှမ်းပြည်နယ်တွင် ရှမ်းစော်ဘွားများကျောင်းတစ်ခုတည်းသာ ဖွင့်လှစ်သင်ကြားပေးခဲ့ရာတွင် စော်ဘွား၊ မြို့စားသားသမီးများနှင့် ငွေကြေးချမ်းသာသူများသာ တက်ရောက်ခွင့်ရရှိခဲ့သဖြင့် ပညာရေးအလွန်အကျွံနိမ့်ကျခဲ့ရသည်။ နေ့စဉ်ဝင်ငွေများ လွန်စွာနိမ့်ကျခဲ့ရသည်။ လောင်းကစားပွဲများကို စိတ်ကြိုက်လွတ်လပ်ခွင့်ပေးခဲ့သဖြင့် အခြေခံလူမှုဘဝ နိမ့်ကျခဲ့ရသည်။ ဘင်း၊ ဘိန်း၊ ကစော်များကိုလည်း တရားဝင်ခွင့်ပြုပေးခဲ့သဖြင့် စိတ်ဓါတ်ပျက်ပြားလာမှုများ ကြီးထွားလာခဲ့လေသည်။ ထို့ကြောင့် ပဒေသရာဇ်စနစ်တိုက်ဖျက်ရန် ပြည်မနှင့်ပူးပေါင်းပြီး လွတ်လပ်ရေးအရယူနိုင်ရန်အတွက် ရှမ်းပြည်နယ်လွတ်လပ်ရေးအဖွဲ့ (ရပလ)ကဲ့သို့ အသင်းအဖွဲ့များ ပေါ်ပေါက်လာခဲ့ပါတော့သည်။

မြေပြန့်မှ နိုင်ငံရေးလှုပ်ရှားမှု ဂယက်သည်လည်း ရှမ်းပြည်သို့ တစ်စတစ်စ ကူးစက်လာပြီး နယ်ချဲ့ကိုတွန်းလှန်လိုစိတ်၊ မျိုးချစ်စိတ်များ၊ နိုင်ငံရေးစိတ်ဓါတ်များ နိုးကြားလာခဲ့လေသည်။ ရှမ်းပြည်တစ်ဝှမ်း 'အလင်း

ရောင်စာကြည့်တိုက်အသင်းများ ကြီးထွားလာမှုနှင့်အတူလွတ်လပ်ရေး ရယူလိုစိတ်များ တဖွားဖွား ပေါ်ပေါက်လာခဲ့သည်။

ဤသို့ဖြင့် လွတ်လပ်ရေးရယူ၍ ကြိုးပမ်းနေသော ပြည်မခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ရှမ်း၊ ကချင်၊ ချင်းခေါင်းဆောင်များ သဘောတူညီချက် ကတိကဝတ်များ ရယူကာ ၁၉၄၇ ဖေဖော်ဝါရီ (၁၂) ရက်နေ့ နံနက် (၁၀) နာရီ ပင်လုံမြို့တွင် ပြည်ထောင်စုမြန်မာနိုင်ငံကို ထူထောင်နိုင်မည့် သမိုင်းဝင် စာချုပ်ကြီးကို အောက်ပါပုဂ္ဂိုလ်များဖြင့် ချုပ်ဆိုနိုင်ခဲ့လေသည်။

## (၂) ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့သူများ

| | | |
|---|---|---|
| ၁။ | ဗိုလ်ချုပ်အောင်ဆန်း | မြန်မာကိုယ်စားလှယ် |
| ၂။ | ခွန်ပန်းစိန်(တောင်ပိုင်စော်ဘွား) | ရှမ်းပြည်နယ်စော်ဘွား |
| ၃။ | စဝ်ရွှေသိုက် (ညောင်ရွှေစော်ဘွား) | ရှမ်းပြည်နယ်စော်ဘွား |
| ၄။ | စဝ်ဟုံဖ (မြောက်သိန္နီစော်ဘွား) | ရှမ်းပြည်နယ်စော်ဘွား |
| ၅။ | စဝ်နွံ (လဲချားစော်ဘွား) | ရှမ်းပြည်နယ်စော်ဘွား |
| ၆။ | စဝ်စံထွန်း (မိုင်းပွန်စော်ဘွား) | ရှမ်းပြည်နယ်စော်ဘွား |
| ၇။ | စဝ်ထွန်းအေး (သာမိုင်းခမ်းစော်ဘွား) | ရှမ်းပြည်နယ်စော်ဘွား |
| ၈။ | ဆမားဒူးဝါးဆင်ဝါးနော် (မြစ်ကြီးနား) | ကချင်ပြည်နယ်ကိုယ်စားလှယ် |
| ၉။ | ဒူးဝါးဇော်ရစ် (မြစ်ကြီးနား) | ကချင်ပြည်နယ်ကိုယ်စားလှယ် |
| ၁၀။ | ဒူးဝါးဒင်းရတန် (မြစ်ကြီးနား) | ကချင်ပြည်နယ်ကိုယ်စားလှယ် |
| ၁၁။ | ဒူးဝါးဇော်လွန်း (ဗန်းမော်) | ကချင်ပြည်နယ်ကိုယ်စားလှယ် |

| | |
|---|---|
| ၁၂။ ဒူးဝါးဇော်လ (ဗန်းမော်) | ကချင်ပြည်နယ်ကိုယ်စားလှယ် |
| ၁၃။ ဒူးဝါးလေမန်ဂရောင်း (ဗန်းမော်) | ကချင်ပြည်နယ်ကိုယ်စားလှယ် |
| ၁၄။ ဦးလျှံမှန်း ATM , ITSM (ဖလမ်း) | ချင်းပြည်နယ်ကိုယ်စားလှယ် |
| ၁၅။ ဦးသောင်ဇာခုပ် ATM (တီးတိန်) | ချင်းပြည်နယ်ကိုယ်စားလှယ် |
| ၁၆။ ဦးကီယိုမန်း ATM (ဟားခါး) | ချင်းပြည်နယ်ကိုယ်စားလှယ် |
| ၁၇။ ဦးတင်အေး (တောင်ကြီး) | လူထုကိုယ်စားလှယ် |
| ၁၈။ ဦးထွန်းမြင့် (မောက်မယ်) | လူထုကိုယ်စားလှယ် |
| ၁၉။ ဦးခွန်ဇော (ပင်းတယ) | လူထုကိုယ်စားလှယ် |
| ၂၀။ စဝ်ယိစ်ဖ (သီပေါ) | လူထုကိုယ်စားလှယ် |
| ၂၁။ ဦးခွန်ထီး (ပင်လုံ) | လူထုကိုယ်စားလှယ် |
| ၂၂။ ဦးကြာပု (သီပေါ) | လူထုကိုယ်စားလှယ် |
| ၂၃။ ဦးဖြူ (သထုံစော်ဘွားကိုယ်စားလှယ်) | လူထုကိုယ်စားလှယ် |
| ၂၄။ ခွန်ဖုံး (မြောက်သိန္နီ) | လူထုကိုယ်စားလှယ် |

အထက်ပါပင်လုံစာချုပ်ကြီးတွင် လက်မှတ်ရေးထိုးခဲ့ကြသော စဝ်ထွန်းအေး (သာမိုင်းခမ်းစော်ဘွား)နှင့် ဦးခွန်ဇော (ပင်းတယ) တို့သည် ဓနုတိုင်းရင်းသားများဖြစ်ကြသည်။

ပင်လုံစာချုပ်ရေးထိုးပြီး ဖေဖော်ဝါရီလ (၁၃)ရက်နေ့တွင် ရှမ်းစော်ဘွား (၃၃)ဦးနှင့် လူထုကိုယ်စားလှယ် (၃၃)ဦးပါဝင်သော 'ရှမ်းပြည်နယ်များကောင်စီ' ကို အသစ်ပြန်လည်ဖွဲ့စည်းတည်ထောင်ရန်အတွက် ရှမ်းစော်ဘွားများကောင်စီဥက္ကဋ္ဌ ခွန်ပန်းစိန်က သဘောတူ ထုတ်ပြန်ပေးခဲ့သည်။ အဆိုပါ (၆၆) ဦးအား မြန်မာနိုင်ငံ တိုင်းပြည်ပြု လွှတ်တော်သို့ ရှမ်းကိုယ်စားလှယ်များအဖြစ် တင်မြောက်ခဲ့ကြသည်။

ပင်လုံစာချုပ်နှင့် အောင်ဆန်းအက်တလီစာချုပ်ပါ အချက်အလက်များအရ မြန်မာနိုင်ငံ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ရေးဆွဲရန် ၁၉၄၇ ဧပြီလ (၇) ရက်နေ့တွင် တိုင်းပြု ပြည်ပြု လွှတ်တော်ကို ဖွဲ့စည်းခဲ့သည်။ ၁၉၄၇ ဇွန် (၉)ရက်မှ စက်တင်ဘာလ (၂၄) ရက်နေ့အထိ ပဆပလ ညီလာခံ (၃) ကြိမ်ကျင်းပခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန်ချက် (၇) ချက်အတိုင်း နိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေ (မူကြမ်း)ကို အတည်ပြုနိုင်ခဲ့သည်။ ၁၉၄၇ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပါဝင်ပြီး တောင်တန်းဒေသများအတွက် မိမိသဘောဆန္ဒအရ လွတ်လပ်စွာ ပြုပြင်ဖန်တီးခွင့်ကိုလည်း ပေးထားခဲ့သည်။

သို့သော်လည်း ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး ကြိုးပမ်းနေစဉ် ဟန့်တားလိုသူများက ၁၉၄၇ ဇူလိုင်လ (၁၉) ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တောင်တန်းဒေသ ခေါင်းဆောင် မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်းအပါအဝင် နိုင်ငံခေါင်းဆောင်များကို ရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်ခဲ့ပါတော့သည်။

နောင်ဆက်ခံသော မြန်မာခေါင်းဆောင်များက ဗိုလ်ချုပ်အောင်ဆန်းနှင့် တောင်တန်းဒေသ ခေါင်းဆောင်များ ချမှတ်သဘောတူခဲ့သည့် ပင်လုံမူ၊ ပင်လုံစာချုပ်၊ ပင်လုံကတိကဝတ်အတိုင်း ဖော်ဆောင်ခြင်း မရှိခဲ့ပါ။ တစ်ပြည်ထောင်စနစ်ကို အကောင်အထည်ဖော်ကာ ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေအားရေးဆွဲခဲ့မှုများကြောင့် မြန်မာနိုင်ငံ၏အနာဂတ် နောက်ဆက်တွဲပြဿနာ ဒုနဲ့ဒေး ဖြစ်ခဲ့ရလေသည်။ လွတ်လပ်ရေးမရမီ ရွေးကောက်ပွဲအနိုင်ရ ဖဆပလ အစိုးရက ညောင်ရွှေစော်ဘွားစဝ်ရွှေသိုက်အား သမ္မတအဖြစ်တင်မြှောက်ခဲ့ပြီး ဦးနုအား ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခဲ့သည်။ ထို့နောက် (၁၉၄၇) အောက်တိုဘာလ (၁၇)ရက်နေ့တွင် နု - အက်တလီစာချုပ်ကို အင်္ဂလန်၌ချုပ်ဆိုနိုင်ခဲ့သည်။

၁၉၄၇ ဒီဇင်ဘာလ (၁၀)ရက်နေ့တွင် ဗြိတိသျှက မြန်မာ့လွတ်လပ်ရေး ဥပဒေကို လက်မှတ်ရေးထိုးပြီး ၁၉၄၈ ဇန်နဝါရီလ (၄)ရက်နေ့တွင် မြန်မာနိုင်ငံအား လွတ်လပ်သော အချုပ်အချာနိုင်ငံအဖြစ် ကြေညာပေးခဲ့သည်။

မည်သို့ပင် ဖြစ်နေစေကာမူ လွတ်လပ်သော ပြည်ထောင်စု မြန်မာနိုင်ငံ၏ ပထမဆုံး သမ္မတအဖြစ် ညောင်ရွှေစော်ဘွား စဝ်ရွှေသိုက်ကို တင်မြှောက်နိုင်ခဲ့သဖြင့် ရှမ်းပြည်သူများအနေဖြင့် ဂုဏ်ယူဖွယ်ဖြစ်ခဲ့သည်။ သို့သော်လည်း လွတ်လပ်ရေးနှင့်အတူကပ်ပါလာသော ပြည်တွင်း စစ်မီးကြီးက သူ့အတွက်ရင်လေးစရာများဖြစ်စေခဲ့သည်။ မြေပြန့်ခေါင်းဆောင်များ၏ ဆုံးဖြတ်ချက်ပရိယာယ်များသည် ရှမ်းပြည်နယ်အတွင်းရှိ တချို့သော ပြဿနာကြီးများကို အတော်အတန်ငြိမ်းစေနိုင်ခဲ့သည်။

လူမျိုးစုလွှတ်တော် (၂၅)နေရာအတွက် ရွေးကောက်ပွဲမလုပ်ဘဲ (၃၃)နယ် စော်ဘွားများအား ရွေးချယ်ခန့်ထားစေခြင်းကလည်း ထိုခေတ်ထိုအခါက စော်ဘွားများ၏ အာဏာအရပ်ရပ်ကို မလွန်ဆန်နိုင်ခဲ့ကြောင်း လေ့လာရပါသည်။

သို့သော်လည်း ရှေးပဝေသဏီကစပြီး လွတ်လပ်ရေးရရှိသည့်တိုင် ရှမ်းပြည်နယ်၌ ကျင့်သုံးနေသော စော်ဘွားအုပ်ချုပ်မှုစနစ်သည် သဘောနဲ့ လက်တွေ့မဟပ်စပ်မှုကို ရှမ်းလူထုများ သိမြင်လာခဲ့သည်။ သမ္မတဒေါက်တာဘဦးလက်ထက်နောက်ပိုင်း ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေပုဒ်မ ၁၅၄(၂) ပြင်ဆင်နိုင်ရန် အကြောင်းဖန်လာတော့သည်။ ပဒေသရာဇ်တော်လှန်ရေး ကိစ္စများလည်း ပေါ်ပေါက်လာခဲ့သည်။

ထို့ကြောင့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (ဒုတိယပြင်ဆင်ချက်) အက်ဥပဒေကို လွှတ်တော်အသီးသီးက မဲခွဲအတည်ပြုနိုင်ခဲ့ပြီး ၁၉၅၉ ဧပြီလ(၂၄)ရက်နေ့ တောင်ကြီးမြို့တွင် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ စော်ဘွားများ အုပ်ချုပ်ရေးတစ်ခန်းရပ်ခဲ့ပြီး ၁၉၅၉ ဧပြီလ (၂၉) ရက်နေ့တွင်

ရှမ်းပြည်နယ် ပြည်သူ့အုပ်ချုပ်ရေး ပန္နချက်ချပွဲကို ကျင်းပနိုင်ခဲ့လေသည်။ သောင်ရွှေ၊ ကိုးကန့်၊ သီပေါ၊ မိုင်းပွန်စော်ဘွားများ အပါ(၂၉)ဦး လက်မှတ်ရေးထိုးခဲ့ကြောင်း လေ့လာမိပါသည်။ မိုးဗြဲစော်ဘွားမှာ ကယားပြည်နယ်ကိုယ်စားပြုဖြစ်သည်။

ပြည်ထောင်စုအစိုးရ၏ ဆုံးဖြတ်ချက်အရ အာဏာစွန့်ခဲ့ကြသော စော်ဘွားများနှင့် တစ်လုံးတစ်ခဲတည်း ရရှိခဲ့ကြသော ပင်စင် (လျော်ကြေး) များကိုလည်း အမှတ်တရ ဖော်ပြပေးချင်ပါသည်။ ထိုနှစ်များဝန်းကျင် မြန်မာနိုင်ငံ၏ ရွှေပေါက်ဈေးများနှင့် နှိုင်းယှဉ်နိုင်ရန် တင်ပြအပ်ပါသည်။ ၁၉၅၈ (၂၇၀)ကျပ်၊ ၁၉၅၉ (၂၉၀)ကျပ်၊ ၁၉၆၀ (၂၇၅)ကျပ်၊ ၁၉၆၁ (၂၇၀)ကျပ်၊ ၁၉၆၂ (၂၅၀)ကျပ်၊ ၁၉၆၃ (၃၀၀)ကျပ်၊ ၁၉၆၄ (၃၉၀) ကျပ်၊ ၁၉၆၅ (၅၃၀)ကျပ်တို့ ဖြစ်ပါသည်။ တိုင်းပြည်၏ နိုင်ငံရေးအခင်းအကျင်း မတည်ငြိမ်မှုများအပေါ် မူတည်၍ ရွှေဈေးတရိပ်ရိပ် တက်လာမှုများကိုလည်း လေ့လာမိပါသည်။ ထိုခေတ်ထိုအခါက အံ့သြစရာငွေကြေးများ ပင်တည်း။

### (၃) အာဏာစွန့် စော်ဘွားများရရှိသော တစ်လုံးတည်းပင်စင်များ

| | | | |
|---|---|---|---|
| ၁။ | စကွယ်စော်ဘွား | ၅၀,၀၀၀ | ကျပ် |
| ၂။ | ပင်မှီစော်ဘွား | ၅၀,၀၀၀ | ကျပ် |
| ၃။ | ကျုံး စော်ဘွား | ၅၀,၀၀၀ | ကျပ် |
| ၄။ | စကားစော်ဘွား | ၁,၂၀,၇၇၆ | ကျပ် |
| ၅။ | ဘန်းယဉ်စော်ဘွား | ၁,၂၂,၄၃၈ | ကျပ် |
| ၆။ | ဘော်နယ်စော်ဘွား | ၁,၄၃,၆၆၆ | ကျပ် |
| ၇။ | မိုးဗြဲစော်ဘွား | ၁,၄၄,၅၈၁ | ကျပ် |
| ၈။ | ရွှာင်စော်ဘွား | ၁,၅၆,၀၂၆ | ကျပ် |

| | | | |
|---|---|---|---|
| ၉။ | ပွေးလှစော်ဘွား | ၁,၅၇,၃၅၀ | ကျပ် |
| ၁၀။ | နန်းခုတ်နောင်မွန်စော်ဘွား | ၁,၉၁,၇၄၁ | ကျပ် |
| ၁၁။ | မိုင်းပွန်စော်ဘွား | ၂,၁၅,၀၄၄ | ကျပ် |
| ၁၂။ | ပင်လောင်းစော်ဘွား | ၂,၃၉,၀၇၀ | ကျပ် |
| ၁၃။ | ဟိုပုံးစော်ဘွား | ၂,၅၀,၁၂၅ | ကျပ် |
| ၁၄။ | သထုံစော်ဘွား | ၂,၆၄,၉၆၈ | ကျပ် |
| ၁၅။ | ကျေးသီးစော်ဘွား | ၂,၆၃,၅၉၅ | ကျပ် |
| ၁၆။ | မိုင်းရှူးစော်ဘွား | ၂,၆၄,၀၂၃ | ကျပ် |
| ၁၇။ | ပင်းတယစော်ဘွား | ၂,၇၀,၁၃၉ | ကျပ် |
| ၁၈။ | ကိုးကန့်စော်ဘွား | ၃,၃၂,၅၂၄ | ကျပ် |
| ၁၉။ | မိုင်းပန်စော်ဘွား | ၄,၀၇,၈၄၆ | ကျပ် |
| ၂၀။ | မိုင်းနောင်စော်ဘွား | ၃,၈၃,၀၂၁ | ကျပ် |
| ၂၁။ | သာမိုင်းခမ်းစော်ဘွား | ၄,၅၈,၂၅၈ | ကျပ် |
| ၂၂။ | မောက်မယ်စော်ဘွား | ၄,၀၈,၇၀၉ | ကျပ် |
| ၂၃။ | ရပ်စောက်စော်ဘွား | ၄,၂၇,၂၇၉ | ကျပ် |
| ၂၄။ | မိုင်းလွန်းစော်ဘွား | ၄,၄၇,၅၀၆ | ကျပ် |
| ၂၅။ | မိုးနဲစော်ဘွား | ၆,၆၂၃၈၅ | ကျပ် |
| ၂၆။ | တောင်သိန္နီစော်ဘွား | ၉,၆၅,၉၁၄ | ကျပ် |
| ၂၇။ | လဲချားစော်ဘွား | ၉,၉၄,၄၈၁ | ကျပ် |
| ၂၈။ | မိုင်းကိုင်စော်ဘွား | ၁၀,၇၉,၀၆၆ | ကျပ် |
| ၂၉။ | ညောင်ရွှေစော်ဘွား | ၁၂,၄၈,၀၇၅ | ကျပ် |
| ၃၀။ | မိုးမိတ်စော်ဘွား | ၁၇,၆၄,၆၈၃ | ကျပ် |
| ၃၁။ | တောင်ပိုင်စော်ဘွား | ၁၈,၆၇,၉၁၄ | ကျပ် |
| ၃၂။ | သီပေါစော်ဘွား | ၂၈,၇၃,၈၈၁ | ကျပ် |

၃၃။ မြောက်သိန္နီစော်ဘွား ၃၅,၂၆,၉၁၀ ကျပ်
၃၄။ ကျိုင်းတုံစော်ဘွား ၅၀,၆၁,၀၃၅ ကျပ်
စုစုပေါင်း ၂,၅၈,၆၃,၀၂၉ ကျပ်

အထက်ပါအတွင်း မြေလတ်ဒေသအုပ်ချုပ်ခဲ့သော သာမိုင်းခမ်း (အောင်ပန်း) စော်ဘွား၊ ပင်းတယစော်ဘွား၊ ဘော်နယ် (ရေဦး)စော်ဘွား၊ ကျုံးစော်ဘွား၊ ရွာငံစော်ဘွား၊ ပင်မှီစော်ဘွားများမှာ ဓနုတိုင်းရင်းသားများပင် ဖြစ်သည်။ ၄င်းတို့၏ တစ်ဦးချင်းအချက်အလက်များကိုလည်း တင်ပြအပ်ပါသည်။

## (၄) သာမိုင်းခမ်း (အောင်ပန်း) စော်ဘွား စဝ်ထွန်းအေး

ဘော်နင်းမြို့စား (ဟဲဟိုးတောင်ဘက်) စဝ်ခွန်ထီးနှင့် သာမိုင်းခမ်း စော်ဘွားကြီး မင်းမောင်ဖိုး၏ သမီးမခင်ထားတို့မှ ၁၉၁၄ ဩဂုတ်လ (၂၂)ရက်နေ့တွင် မွေးဖွားခဲ့သည်။ စဝ်ခင်ရင်၊ စဝ်ခင်စိန်တို့၏ မောင်ဖြစ်သည်။ စဝ်ခင်ရင်မှာ ဦးစောမောင်နှင့် အကြောင်းပါပြီး အောင်ပန်းမြို့၏ အမတ်ချုပ် အဖြစ်တာဝန်ယူခဲ့သည်။ စဝ်ထွန်းအေးသည် တောင်ကြီးမြို့ ရှမ်းစော်ဘွားများ ကျောင်းတွင် (၁၀)တန်းအထိ ပညာသင်ခဲ့သည်။ ထို့နောက် အုပ်ချုပ်ရေး ပညာများကို (၂)နှစ်ခန့်သင်ယူခဲ့ပြီး ၁၉၃၇ ခုနှစ်၊ ဩဂုတ်လ (၃) ရက်နေ့ မှစ၍ ပွေးလှစော်ဘွား စောစံမြလက်မှ သာမိုင်းခမ်းနယ်ကို အောင်ပန်းမြို့ အခြေစိုက်၍ လက်ခံရယူ အုပ်ချုပ်ခဲ့သည်။

ပထမဇနီး ဒေါ်ကြည်နှင့် ဒုတိယဇနီး ဒေါ်ရီရှိသော်လည်း သူတို့မှာ သာမန်အရပ်သူများ ဖြစ်သည်။ စော်ဘွားအရိုက်အရာကို ခံယူရမည်ဖြစ်၍ *၁၉၃၈ ခုနှစ်၊ မေလ (၁) ရက်နေ့တွင် စကားစော်ဘွားကြီး* စဝ်ခွန်ကြည်၏ ဒုတိယသမီးတော် စဝ်ကြည်ထူးနှင့် ထပ်မံလက်ဆက်ခဲ့သည်။ သို့သော်လည်း ဇနီးသည် (၃) ဦးစလုံးကို အောင်ပန်းဟော်ဝင်းအတွင်း အတူတူနေထိုင်ခွင့်

ပြုခဲ့သည်။ တစ်ဦးတည်းသောသမီး စဝ်မြစ်ဦးကို ဒေါ်ရီက မွေးဖွားပေးခဲ့သည်။ သားရတနာ မထွန်းကားခဲ့၍ တူတော် စဝ်ခင်မောင်ကို မွေးစားပြီး သာမိုင်းခမ်း၏ ကျမိုင်းစော်ဘွားအဖြစ် ခန့်အပ်ခဲ့သည်။

၁၉၃၉ ခုနှစ်တွင် ရှမ်းမြေလပ်ပိုင်း ဓနစော်ဘွားများ၏ ကိုယ်စားလှယ်အဖြစ် 'ရှမ်းပြည်နယ် ပဒေသရာဇ်ကောင်စီ' တွင် ကောင်စီအမတ်အဖြစ် ရွေးချယ်ခံခဲ့ရသည်။ ၁၉၄၂ ဂျပန်လက်ထက်နှင့် ၁၉၄၅ မဟာမိတ်လက်ထက်တွင် ရှမ်းမြေလပ် ဓနစော်ဘွားများ၏ စည်းလုံးညီညွတ်မှုကိုလည်း ဖော်ဆောင်ပေးခဲ့သည်။ ၁၉၄၆ ခုနှစ်၊ မတ်လ (၂၀)ရက် ပင်လုံမြို့တွင်(၉) ရက်တိတိ ကျင်းပသော ပထမပင်လုံ ညီလာခံတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ထိုညီလာခံတွင် စဝ်ဖများကောင်စီကို (၇) ဦးဖြင့် ဖွဲ့စည်းရာတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။

၁၉၄၇ ပင်လုံစာချုပ်ချုပ်ဆိုရာတွင် ရှမ်းပြည်နယ် ကိုယ်စားလှယ်အဖြစ် လက်မှတ်ရေးထိုးခဲ့သည်။ ၁၉၄၇ တွင် တိုင်းပြုပြည်ပြုလွှတ်တော်အမတ်ဖြစ်ခဲ့သည်။ ၁၉၄၈ တွင် ပြန်လည်ထူထောင်ရေးအဖွဲ့၏ ဥက္ကဋ္ဌနှင့် စော်ဘွားများ အစည်းရုံး၏ဒုဥက္ကဋ္ဌအဖြစ် အရွေးခံခဲ့ရသည်။ ၁၉၄၉ ခုနှစ် ဩဂုတ်လ (၁၃) ရက် တောင်ကြီးမြို့ကို KNDO တို့သိမ်းပိုက်ထားစဉ် ရက် (၁၀၀) အတွင်း ထိထိရောက်ရောက်စွမ်းဆောင်မှုများရှိခဲ့သဖြင့် နိုင်ငံတော်က 'မဟာသရေစည်သူ' ဘွဲ့ကို အပ်နှင်းချီးမြှင့်ခဲ့သည်။

၁၉၅၂ တွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ပြည်သူ့ကျန်းမာရေးနှင့် တိုးတက်ရေးဝန်ကြီးအဖြစ် ခန့်အပ်ခံခဲ့ရသည်။ ၄င်းနှစ်တွင် အိန္ဒိယနိုင်ငံ စော်ဘွားများ အာဏာစွန့်လွှတ်မှု စုံစမ်းရေးကော်မရှင်တွင် ဒု-အဖွဲ့ ခေါင်းဆောင်အဖြစ်ပါဝင်ခဲ့သည်။ ၁၉၅၄ တွင် ရှမ်းပြည်နယ် ပြည်ထဲရေး၊ သာသနာရေး၊ စည်ပင်သာယာရေး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်ကြားရေးဝန်ကြီးအဖြစ် ၁၉၅၆ အထိ တာဝန်ထမ်းရွက်ခဲ့သည်။ ၄င်းအပြင်

ရှမ်းပြည်တောင်တန်းသား စည်းလုံးညီညွတ်ရေးအဖွဲ့တွင်လည်း ဒု-ဥက္ကဋ္ဌ တာဝန်ယူခဲ့သည်။

၁၉၅၆ မှ ၁၉၅၇ အထိ တစ်နှစ်နီးပါး ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့ဝင် ကာယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၅၇မှ ၁၉၅၈ အထိ တစ်နှစ်ခွဲခန့် ပြည်ထောင်စု အစိုးရ၏ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေး ဌာနဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၅၈ နှစ်ကုန်ပိုင်းမှစတင်၍ အာဏာစွန့်လွှတ်ပြီး အချိန်အထိ လူမျိုးစုလွှတ်တော် အမတ်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် ထိန်းသိမ်းခြင်း ခံခဲ့ရသည်။ ၁၉၈၀ ပြည့်နှစ်တွင် နိုင်ငံဂုဏ်ရည်ဘွဲ့ (ပထမအဆင့်) ချီးမြှင့်ခံခဲ့ရသည်။ ၁၉၈၆ ဇူလိုင်လ ၂၆ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

## (၅) ဘော်နယ် (ရေဦး) စော်ဘွား စဝ်ခွန်အောင်

မြို့စားကြီး ဦးညိုလှိုင်း (ATM, KSM)၏ မြေး၊ စဝ်ခင်စိန် + ဒေါ်စိန်ဥတို့၏ ဒုတိယသားဖြစ်သည်။ ၁၉၃၆ မန္တလေးမြို့ ဗုဒ္ဓဘာသာ သာသနာ့အနုဂ္ဂဟ အင်္ဂလိပ်အထက်တန်းကျောင်းတွင် (၉)တန်း အောင်မြင်ခဲ့သည်။ ကျောင်းထွက်ပြီး တောင်ကြီးမြို့တွင် အုပ်ချုပ်ရေး ပညာသင်ကြားခဲ့သည်။ ရဲဘက်တွင် အမှုလိုက်အရာရှိနှင့် စုံစမ်းရေးအရာရှိဖြင့် လည်းကောင်း တရားဘက်တွင် တတိယတန်း တရားသူကြီးအဖြစ်ဖြင့်လည်းကောင်း တစ်နှစ်သင်ကြားပြီး နောင်တောင်မြို့စား စဝ်ခွန်နောင်၏ လက်အောက်တွင် အမတ်ကြီးအဖြစ် တာဝန်ထမ်းခဲ့သည်။

၁၉၃၈ တွင် မန္တလေးမြို့ ဦးဘစိန် + ဒေါ်မြရင်တို့၏ သမီး မလှမေနှင့်လက်ဆက်သည်။ စဝ်ခွန်နောင် ကွယ်လွန်ပြီး သူ၏ အရိုက်အရာကို ခံယူခဲ့သည်။ ရေဦးပထမမြို့စားဆက်ခံနိုင်ရန်အတွက် ၁၉၃၉ မှ ၁၉၄၂

အထိတောင်ကြီးမြို့ မြို့မဝန်ထောက်ရုံးတွင် တရားရေး အလုပ်သင်ခဲ့သည်။ ၁၉၄၅ နှစ်ဆန်းတွင် မြို့စားရာထူးခန့်အပ်ခံခဲ့ရသည်။ သူတက်လာပြီး ရေဦးကျောက်ဆည် (၃၇) မိုင်ရှည်သော လမ်းကို လူထုအား ၊ ငွေအားဖြင့် ၆ နှစ်တိုင်တိုင် အောင်မြင်အောင် ဆောင်ရွက်ပေးခဲ့သည်။

၁၉၅၂တွင် ပါလီမန်အမတ်ဖြစ်ခဲ့သည်။ စဝ်ထွန်းအေးနှင့်အတူ အိန္ဒိယ စော်ဘွားများ အာဏာစွန့်လွှတ်မှု လေ့လာရေးတွင် လိုက်ပါခဲ့သည်။ ၁၉၄၉ ရှမ်းပြည်နယ်အစိုးရကခန့်အပ်သော ဟဲဟိုးလေကြောင်းဘုတ်အဖွဲ့၌ဒုတိယ ဥက္ကဋ္ဌ ဖြင့်လည်းကောင်း၊ ၁၉၅၃ တွင် မောက်မယ်စော်ဘွား ရွေးချယ်ရေး အဖွဲ့ဝင်ဖြစ်လည်းကောင်း၊ ၁၉၅၄မှ ၁၉၅၆ထိ ရှမ်းပြည်နယ် အစိုးရတက္ကသိုလ် ပညာသင်ထောက်ပံ့ရေး ဘုတ်အဖွဲ့ဝင်ဖြင့်လည်းကောင်း၊ ၁၉၅၄တွင် ရှမ်းပြည်နယ်တောင်တန်းသား စည်းလုံးညီညွတ်ရေးအဖွဲ့တွင် အထွေထွေ အတွင်းရေးမှူးချုပ် အဖြစ်ဖြင့်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

၁၉၅၃ တွင် နိုင်ငံတော်က 'သိရိပျံချီ' ဘွဲ့တံဆိပ်ကို ပေးအပ်ခဲ့သည်။ ၁၉၅၆ မှ ၁၉၅၈ နှစ်ကုန်အထိ ရှမ်းပြည်နယ် ပြန်ကြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ အာဏာစွန့်လွှတ်ပြီးနောက်ပိုင်း တောင်ကြီးမြို့တွင် ဇနီးဒေါ်လှမေနှင့်အတူ သားသမီးများ ဖြစ်ကြသော စဝ်နေလင်း ၊ စဝ်နေဝင်း၊ စဝ်နေမင်း၊ စဝ်မြင့်မေတို့နှင့်အတူ နေထိုင်ခဲ့သည်။ ၁၉၆၂ တွင် ထိန်းသိမ်းခြင်း ခံခဲ့ရသည်။

## (၆) ကျိုးစော်ဘွား စဝ်ခွန်ဆောင်း

ကျိုးနယ်၏ (၂၆)ဆက်မြောက်နယ်ရှင် ဦးဘိုးထင်နှင့် ပင်မီစော်ဘွား ကြီး သမီးစောခင်နှင်းတို့မှ ဖွားမြင်ခဲ့သည်။ မဟာဒေဝီမှာ ဒေါ်အေးဖြစ်သည်။ စဝ်ခွန်သန်း၊ စဝ်ခွန်စိန်၊ စဝ်ခွန်သိန်း၊ စဝ်နေဝင်း (သား) ၄ ဦး ရှိသည်။

ဓနုမျိုးချစ်စိတ်ရှိသဖြင့် နယ်လူထုများက ချစ်ကြည်ဖြူမှုကို ခံခဲ့ရသည်။ ဂျပန်ခေတ်နှင့် အင်္ဂလိပ်ခေတ်တွင် ခမည်းတော်၏ လက်အောက်အမတ်ချုပ်အဖြစ်တာဝန်ထမ်းခဲ့သည်။ ၁၉၄၆ ခမည်းတော်ကွယ်လွန်ပြီး ကျုံးနယ်စော်ဘွားဖြစ်လာခဲ့သည်။

၁၉၅၂မှ ၁၉၅၉ အထိ ပြည်ထောင်စု မြန်မာနိုင်ငံတော် လူမျိုးစုလွှတ်တော်အမတ်အဖြစ် ရွေးချယ်ခံခဲ့ရသည်။ ထို့ကြောင့် နယ်ကိစ္စအဝဝကို သားတော်ကြီး စဝ်ခွန်သန်းအားလွှဲအပ်ခဲ့သည်။ ၁၉၆၂ တွင် ထိန်းသိမ်းခြင်းခံခဲ့ရသည်။

## (၇) ရွာငံစော်ဘွား စဝ်ခွန်ရီ

ရွာငံစော်ဘွားကြီး စဝ်လဖော်၏သားဖြစ်ပြီး ၁၉၁၂ စက်တင်ဘာလတွင် ဖွားမြင်ခဲ့သည်။ တောင်ကြီးမြို့ ရှမ်းစော်ဘွားများကျောင်းတွင် (၁၀) တန်းအထိ ပညာသင်ကြားခဲ့သည်။ ရွာငံမြို့နေ ကုန်သည်ဦးပေါ်အောင် + ဒေါ်ခင်သာတို့၏ သမီး မငြိမ်းမြနှင့်လက်ထပ်ခဲ့ပြီး သားသမီး (၆)ဦး ထွန်းကားခဲ့သည်။

၁၉၃၄ တွင် ရွာငံစော်ဘွားကြီးရုံး၌ တရားသူကြီးအဖြစ် ၁၉၄၈ အထိတာဝန် ထမ်းရွက် ခဲ့သည်။ ၁၉၅၅ တွင်မြို့ပိုင်အဖြစ် ခန့်အပ်ခံခဲ့ရသည်။ ကျိုင်းတုံမြို့၌လည်း အစိုးရအမှုထမ်းအဖြစ် ဆောင်ရွက်ခဲ့သေးသည်။ ၁၉၅၆ ခုနှစ် ခမည်းတော်ကွယ်လွန်၍ သူ၏အရိုက်အရာကို ခံယူခဲ့သည်။ ၁၉၅၆ တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် လူမျိုးစုလွှတ်တော်အမတ်အဖြစ် ရွေးချယ်ခြင်းခံခဲ့ရသည်။ သူ၏ ရိုးသားဖြောင့်မတ်တည်ကြည်မှု ဂုဏ်သိက္ခာကြောင့် အစိုးရ၏ နိုင်ငံတကာ ချစ်ကြည်ရေး ခရီးစဉ် တော်တော်များများတွင် လိုက်ပါဆောင်ရွက်ခွင့်ရရှိခဲ့သည်။ ၁၉၆၂ တွင် ထိန်းသိမ်းခြင်း ခံခဲ့ရသည်။

## (၈) ပင်းတယစော်ဘွား စဝ်ဝင်းကြည်

ပင်းတယစော်ဘွား စဝ်ခွန်စွန်ညို့နှင့် စဝ်ခင်နုတို့၏ သားကြီးဖြစ်ပြီး ၁၉၂၄ ခုနှစ်တွင် ဖွားမြင် သည်။ ၁၉၃၈ တောင်ကြီးမြို့ ရှမ်းစော်ဘွားများ ကျောင်းတွင် ပညာသင်နေစဉ် ခမည်းတော်ကွယ်လွန်သဖြင့် ၁၉၄၁ တွင် ကျောင်းထွက်ခဲ့သည်။ ၁၉၄၅ ကလောဝန်ထောက်ရုံးတွင် အုပ်ချုပ်ရေးပညာရပ်များ သင်ယူခဲ့သည်။ ၁၉၄၇ ပင်လုံညီလာခံသို့ အားတက်သရော တက်ရောက်ခဲ့ပြီး လွတ်လပ်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခဲ့သည်။၁၉၄၅ တောင်ကြီးမြို့ကို KNDO တို့ သိမ်းပိုက်ထားစဉ် နိုင်ငံတော်အစိုးရ၏ သောင်းကျန်းမှုနှိမ်နင်းရေးအဖွဲ့တွင်အရာရှိအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၅၂ တွင်ပြည်ထောင်စု မြန်မာနိုင်ငံတော်လူမျိုးစု ပါလီမန်အမတ်အဖြစ် ရွေးချယ်ခံခဲ့ရသည်။

၁၉၄၆ တွင် ခမည်းတော်၏ အရိုက်အရာဖြစ်သော ပင်းတယစော်ဘွားအဖြစ် တင်မြှောက်ခြင်းခံရသည်။ ၄င်းနှစ်တွင် စော်ဘွားကြီးများ အစည်းအရုံးတွင် အမှုဆောင် အဖွဲ့ဝင်အဖြစ်ရွေးချယ်ခြင်းခံရသည်။ ၁၉၅၉ တွင် အသက် (၃၅)နှစ်သာရှိသေးပြီး မဟာဒေဝီနန်းမြသီနှင့်အတူ ကျန်းမာပျော်ရွှင်ခဲ့သည်။ ပြည်သူ့ငွေစာရင်းကော်မတီ၊ ပြည်သူ့ပညာတော်သင် ထောက်ပံ့ရေးအဖွဲ့၊ လယ်ယာမြေပြုစုရေးကော်မတီ၊ စော်ဘွားကြီးများ အစည်းအရုံး အမှုဆောင်ကော်မတီဝင်အဖြစ် ဆောင်ရွက်ခဲ့ပြီး၊ ၁၉၅၉ အထိ လူမျိုးစုလွှတ်တော်အမတ်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၆၂ တွင် ထိန်းသိမ်းခြင်းခံခဲ့ရသည်။

## (၉) ပွေးလှစော်ဘွား စဝ်ထွန်းစိန်

ပွေးလှစော်ဘွားကြီး စောစံမြ (KSM)ဒေါ်နန်းတင်တို့၏ မွေးချင်း (၇)ယောက်မှ သားကြီး ဖြစ်သည်။ ၁၉၂၁ ဒီဇင်ဘာလ (၂) ရက်နေ့တွင် ဖွားမြင်ခဲ့သည်။ ၁၉၃၃ တွင် တောင်ကြီးမြို့ ရှမ်းစော်ဘွားများ ကျောင်းတွင် ပညာသင်ကြားခဲ့သည်။ ၁၉၃၉ စော်ဘွားကြီး စောစံမြ ကားအက်စီးဒင့်ဖြစ်ပြီး

ကွယ်လွန်ချိန်တွင် အသက်(၁၇)နှစ်သာရှိသေးသဖြင့် ပွေးလှနယ်ကို မစ္စတာ ပေါ်လ်တွန် အစိုးရကိုယ်စားလှယ်မှ ရင်ခွင်ပိုက်အုပ်ချုပ်ခဲ့ရလေသည်။ ဒုတိယကမ္ဘာစစ်ဖြစ်ပွားချိန် ရှမ်းတပ်ရင်း(၁)သို့ စစ်မှုဝင်ထမ်းခဲ့ရာ ဂျမဒါ ရာထူးအထိ တိုးမြှင့်ခြင်းခံခဲ့ရသည်။ စစ်ထဲမှထွက်လာပြီး ကလောမြို့ ဝန်ထောက်ရုံးတွင် အုပ်ချုပ်ရေး ပညာများဆက်လက်ဆည်းပူးခဲ့သည်။

၁၉၄၆တွင် ခမည်းတော်၏ အရိုက်အရာ ပွေးလှစော်ဘွား အဖြစ်ခံယူ ခဲ့သည်။ ရန်ကုန်မြို့ ဦးဘလှိုင်+ဒေါ်မမလေး၏သမီး ဒေါ်မိမိလေးအား မဟာဒေဝီ တင်မြှောက်ခဲ့သည်သမီးတစ်ယောက် ထွန်းကားခဲ့သည်။ ၁၉၄၉ တောင်ကြီးမြို့ စော်ဘွားများအစည်းအဝေးသို့ တက်ရောက်ရာ အပြန်လမ်းတွင် KNDO များနှင့်တွေ့ဆုံပြီး ပစ်ခတ်တိုက်ခိုက်ခြင်းခံခဲ့ရသည်။ အတူပါ နောင်ပါ မြို့စားကျဆုံးခဲ့သည်။ စဝ်ထွန်းစိန်မှာ ပေါင်ကျည်ဆံထိမှန်ပြီး ပေါင်ဖြတ်ပစ် ရသည်အထိ ဖြစ်ခဲ့သည်။

၁၉၅၂တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် လူမျိုးစုလွှတ်တော် အမတ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည်။ ၁၉၅၈ နိုဝင်ဘာလတွင် ရှမ်းပြည်နယ်ကောင်စီ၏ ဒုတိယသဘာပတိအဖြစ် ရွေးချယ်ခန့်အပ်ခြင်းခံရ သည်။ ၁၉၅၉ခုနှစ် စော်ဘွားများ အာဏာစွန့်ချိန်တွင် အသက်(၃၈)နှစ်သာ ရှိသေးသည်။ ၁၉၆၂တွင် ထိန်းသိမ်းခြင်းခံခဲ့ရသည်။

## (၁၀) ပင်မှီကျမိုင်း ဗိုလ်ကြီးစဝ်ခွန်ဦး

၁၉၁၃ ဩဂုတ်လ (၂၄)ရက်နေ့တွင် ပင်မှီစော်ဘွား ဦးခွန်မင်း +ဒေါ်အေးညိုတို့မှ မွေးဖွားခဲ့သည်။ မွေးချင်း(၁၁)ယောက်အနက် သားကြီး ဖြစ်သည်။ ၁၉၂၃ တောင်ကြီးမြို့ ရှမ်းစော်ဘွားများကျောင်းတွင် ၁၀ တန်း အထိ ပညာသင်ခဲ့သည်။ ကျောင်းတွင်း အားကစားထူးချွန်သူအဖြစ် ထင်ပေါ် ခဲ့သည်။ ၁၉၃၄ တွင် ကျောင်းထွက်ပြီး တောင်ကြီးမြို့ ရှမ်းပြည်ဝန်ရှင်တော်

မင်းကြီးနှင့် မြို့မဝန်ထောက်ရုံးများတွင် ၁၉၃၆ နှစ်ကုန်အထိ အစိုးရလုပ်ငန်းများကို သင်ကြားခဲ့သည်။ ၁၉၃၇တွင် မန္တလေးမြို့ဆပ်ကျောင်းသို့ တက်ရောက်ပညာသင်ကြားပြီး ရဲဘက်တွင် အမှုထမ်းခဲ့သည်။ ၁၉၃၉ နှစ်ဆန်းတွင် ကျမိုင်းရာထူးခန့်အပ်ခံခဲ့ရပါသည်။

၁၉၄၀ မှ ၁၉၄၂ အထိ အမှတ် (၁) ဗမာ့ သေနတ်ကိုင်တပ်ရင်းနှင့် အမှတ် (၁၃) ဗမာ့သေနတ်ကိုင်တပ်ရင်း (ပြည်စောင့်)တို့တွင် စစ်မှုထမ်းခဲ့သည်။ အခြေခံစစ်ပညာကို မေမြို့တွင် သင်ယူခဲ့သည်။ ထို့နောက် ရှမ်းပြည်တောင်ပိုင်း ၊ မြောက်ပိုင်းလှည့်လည်၍ ကာကွယ်ရေးတာဝန်များ ထမ်းရွက်ခဲ့သည်။ ဂျာမဒါ၊ ဗိုလ်တို ၊ ဗိုလ်ဆုံ ၊ ဗူဗေဒါ၊ ဗူဗေဒါမေဂျာနှင့် ဘုရင်ပြန်တမ်းဝင် အရာရှိအထိ တိုးမြှင့်ခြင်းခံခဲ့ရသည်။ လက်နက်ငယ်စိန်ပြောင်းနှင့်စစ်မြေပြင် ပညာသင်တန်းများကိုလည်း သင်ကြားခဲ့သည်။

၁၉၄၆-၄၇ ပင်လုံညီလာခံအတွက် ပြင်ဆင်နေချိန်တွင် ခေါင်းဆောင်ကြီးများ၏ လုံခြုံမှုများကို တာဝန်ယူခဲ့သည်။ ၁၉၄၇တွင် ပင်းတယစော်ဘွား၏ အစ်မ စောမြခင်နှင့် လက်ထပ်ခဲ့သည်။ သမီးနှင့် သား (၂) ဦးမွေးဖွားခဲ့သည်။ ၁၉၄၇ အောက်တိုဘာလတွင် ဗမာတပ်မတော်ထဲသို့ ပြန်လည်ဝင်ရောက်အမှုထမ်းခဲ့ရာ ဗိုလ်ရာထူးရရှိခဲ့သည်။ ၁၉၄၉တွင် ဗိုလ်ကြီးရာထူး တိုးမြှင့်ခြင်းခံရသည်။ ၁၉၄၉ မန္တလေးနှင့်မေမြို့တို့တွင် ဗိုလ်မှူးကျင်လက်အောက်၌ အမှုထမ်းခဲ့သည်။ ၁၉၄၉ တွင် ရှမ်းသေနတ်ကိုင်တပ်ရင်းသို့ ရောက်ခဲ့သည်။ ၁၉၅၉ အထိ ဗမာ့တပ်မတော် ရှမ်းတပ်ရင်း၌ ဦးစီးတပ်ခွဲမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

## (၁၁) ပင်လုံစာချုပ်တွင် လူထုကိုယ်စားလှယ်အဖြစ် လက်မှတ်ရေးထိုးခဲ့သော ဓနုတိုင်းရင်းသား ဦးခွန်စော (ပင်းတယ)

ရှာင်စော်ဘွား ဦးခွန်စိန်၏ မြေးဖြစ်ပြီး ဦးခွန်မောင် + ဒေါ်ခင်ချစ်တို့က ၁၉၁၃ ဖေဖော်ဝါရီလ (၁၇)ရက်နေ့တွင် ရှာင်မြို့နယ် ရေဦးကျေးရွာတွင် မွေးဖွားခဲ့သည်။ ဦးခွန်စော၊ ဦးခွန်ကြည် ညီအစ်ကိုတို့ ၂ ဦး ရှိသည်။ ညောင်ရွှေမြို့ အစိုးရအထက်တန်းကျောင်းတွင် (၈)တန်းအထိ ပညာသင်ကြားခဲ့သည်။ ဖခင်ကွယ်လွန်သဖြင့် ကျောင်းထွက်ပြီး ၁၉၃၀ မှ ၁၉၃၆ အထိ ပွေးလှမြို့ စော်ဘွား စောစံမြရုံးတွင် အခွန်စာရေး (ရှေ့ဖတ်စာရေး)အဖြစ် တာဝန်ထမ်းခဲ့သည်။ ၁၉၃၇ မှ ၁၉၃၉ တွင် ပွေးလှ-ပင်းတယ ရင်ခွင်ပိုက်ရုံးတွင် အတွင်းဝန်အဖြစ် တာဝန်ထမ်းခဲ့သည်။

၁၉၅၅ မှ ၁၉၆၀ အထိ ပင်းတယမြို့နယ် လျှပ်စစ်ဓါတ်အားပေးရုံးတွင် မြို့နယ်အရာရှိအဖြစ် တာဝန်ထမ်းခဲ့သည်။ ၁၉၆၀တွင် အလုပ်မှ နုတ်ထွက်ခဲ့ပြီး ဥယျာဉ်ခြံလုပ်ငန်း၊ စက်ပြင်လုပ်ငန်း လုပ်ကိုင်ခဲ့သည်။

### နိုင်ငံရေးလှုပ်ရှားမှု

၁၉၄၄ ဇန်နဝါရီလ (၁) ရက်နေ့တွင် အာရှလူငယ်အစည်းအရုံး တည်ထောင်နိုင်ရန် ဦးတင်အေး၊ ဦးဘချိ၊ ဦးစံဖေ၊ ဦးဘမောင်၊ ဦးရွှေအုန်း၊ ဂျပန်ရဲဘော် တိုမူရာတို့နှင့်အတူ ညောင်ရွှေတွင် အစဦးဆွေးနွေးခဲ့ကြသည်။ ၁၉၄၄ ပင်းတယမြို့နယ် အာရှလူငယ်အစည်းအရုံးတွင် ဥက္ကဋ္ဌ တာဝန်ယူခဲ့သည်။ ၁၉၄၅ မဟာမိတ်တပ်များ ဝင်ရောက်လာပြီး နောက်ပိုင်း ရှမ်းတောင်ရှိ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများနှင့်ပူးပေါင်းပြီး နိုင်ငံရေးကို ထဲထဲဝင်ဝင် လုပ်ကိုင်ခဲ့သည်။ ၁၉၄၆ မတ်လ (၂၀) ရက်နေ့တွင် စတင်ကျင်းပခဲ့သော ပထမ ပင်လုံညီလာခံတွင် စားနပ်ရိက္ခာပြဿနာများကို တင်ပြဆွေးနွေးခဲ့သည်။

၁၉၄၆ စက်တင်ဘာလ(၂၀)ရက်နေ့တွင် 'ရှမ်းပြည်နယ် လွတ်လပ်ရေးအဖွဲ့' (ရပလ) ထူထောင်ရာတွင် ပါဝင်ခဲ့ပြီး တချို့ခွဲထွက်ခဲ့မှုများကြောင့် 'ရှမ်းပြည်ပြည်သူ့လွတ်လပ်ရေးအဖွဲ့' ပြန်လည်ထူထောင်ရာတွင် ဦးခွန်စောအား ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခဲ့ကြသည်။ ပင်လုံစာချုပ် မချုပ်ဆိုမီတစ်ပတ်အလိုရှမ်း၊ ကချင် သဘောတူလက်မှတ်ရေးထိုးပွဲတွင်လည်း လက်မှတ်ရေးထိုးခဲ့သည်။ ၁၉၄၇ ဖေဖော်ဝါရီလ(၁၂)ရက် သမိုင်းဝင်ပင်လုံစာချုပ်ရေးထိုးမှုတွင် လူထုကိုယ်စားလှယ်အဖြစ် လက်မှတ်ရေးထိုးခဲ့သည်။ ၁၉၈၀တွင် နိုင်ငံဂုဏ်ရည် (ပထမအဆင့်)ဆုချီးမြှင့်ခြင်းခံခဲ့ရသည်။ ပင်းတယသူ ဒေါ်လှလှနှင့်အိမ်ထောင်ပြုခဲ့ပြီး သားသမီး (၇) ဦးထွန်းကားခဲ့သည်။ ၁၉၉၇ မတ် (၂၇) ရက်နေ့တွင် ပင်းတယမြို့၌ ကွယ်လွန်ခဲ့သည်။

## (၁၂) ဓနုနယ်ပယ်မှ နိုင်ငံရေးတက်ကြွလှုပ်ရှားခဲ့သူများ

**ကိုလိုနီခေတ်စည်းရုံးရေးအင်အား (ရှမ်းပြည်)**

ရှမ်းပြည်နယ် ကိုယ်စားပြု (၂၇) ဦးတွင် ဓနုဒေသကိုယ်စားပြုအဖြစ် ဦးခွန်စော (ဥယျာဉ်မှူး၊ ပင်းတယမြို့) ပါဝင်ခဲ့သည်။

**စစ်အတွင်း ဂျပန်ခေတ်စည်းရုံးရေးအင်အား (ရှမ်းပြည်)**

ရှမ်းပြည်နယ် ကိုယ်စားပြု (၁၄၀) ဦးတွင် ဓနုဒေသကိုယ်စားပြုအဖြစ် -

၁။ ဦးခွန်စော(ဥယျာဉ်မှူး ၊ ပင်းတယမြို့)
၂။ ဦးဖိုးစိန်လှ (ပင်းတယမြို့ )
၃။ ဦးချစ်ဦး (ပင်းတယမြို့)
၄။ ဒေါ်ခင်အေးတင့် (ကျောင်းအုပ် ၊ ကလောမြို့)

၅။ ဒေါ်ခင်စု (ကလောမြို့)
၆။ ရဲဘော် ဦးမောင် (ကလောမြို့)
၇။ ဦးခမ်းထွန်း (ပင်လောင်းမြို့ /အောင်ပန်းမြို့ )
၈။ ဦးခင်မောင်သန့် (အောင်ပန်းမြို့)
၉။ ဦးရှောင်မော် (အောင်ပန်းမြို့)
၁၀။ ဦးအငေါ် (အောင်ပန်းမြို့)
၁၁။ ဦးတင်လိ (ဘော်ဆိုင်းမြို့ ၊ ကလောမြို့နယ်)
၁၂။ ဦးစစ်ဟန် (ဘော်ဆိုင်းမြို့ ၊ ကလောမြို့နယ်)
၁၃။ ဦးလှဖေ (ဗိုလ်ကြီးဟောင်း ၊ နောင်ချိုမြို့)

**လွှတ်လပ်ရေးတိုက်ပွဲအင်အား (ရှမ်းပြည်)**

ရှမ်းပြည် ကိုယ်စားပြု (၁၁၂)ဦးတွင် ဓနုဒေသကိုယ်စားပြု အဖြစ် -

၁။ ဦးခွန်စော (ဥယျာဉ်မှူး ၊ ပင်းတယမြို့)
၂။ ဦးဖိုးစိန်လှ (ပင်းတယမြို့ )
၃။ ဦးချစ်ဦး (ပင်းတယမြို့)
၄။ ဦးသုတ (ပင်းတယမြို့)
၅။ ဦးမင်းမောင် (ကလောမြို့)
၆။ ဦးသန်းမောင် (သံအမတ် ၊ ကလောမြို့)
၇။ ဦးဘလွန်း (ကလောမြို့)
၈။ ဒေါ်ငွေမြိုင် (ကလောမြို့)
၉။ ဦးအောင်သိန်း (ကလောမြို့ )
၁၀။ ဦးထွန်းလင်း (ကလောမြို့)

၁၁။ ဦးခမ်းထွန်း (ပင်လောင်းမြို့ /အောင်ပန်းမြို့ )

၁၂။ ဦးခင်မောင်သန့် (အောင်ပန်းမြို့)

၁၃။ ဦးရှောင်မော် (အောင်ပန်းမြို့)

၁၄။ ဦးလှမောင် (ဟဲဟိုးမြို့)

ဦးစံအောင် (ကိုယ်တွေ့မှတ်တမ်း)မှ

# အခန်း(၅)

## ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖြစ်ပေါ်လာပုံ

ဓနုတိုင်းရင်းသားများသည် ရှေးပဝေသဏီကတည်းက ရှမ်းတောင်တန်း မြေလတ်ဒေသတွင် စိုက်ပျိုးရေးအခြေခံလုပ်ငန်းများဖြင့် ရိုးသားစွာရပ်တည်လာခဲ့ကြသော လူမျိုးများဖြစ်သည်။ မြန်မာနိုင်ငံ၏ သမိုင်းစဉ်တစ်လျှောက် တော်လှန်ပုန်ကန်လိုစိတ်မရှိဘဲ အေးချမ်းစွာ ရပ်တည် နေထိုင်လာကြသဖြင့် တောင်ပေါ်ဒေသ၏ အထူးခြားဆုံးသောအဖြူရောင်နယ်မြေဖြစ်ခဲ့၏။

ဓနုလူမျိုးများသည် (မြန်မာနိုင်ငံ၏အစဦး ပျူလူမျိုးများ သမိုင်းတွင်သာရပ်တည်ခဲ့သကဲ့သို့)ခေတ်အဆက်ဆက် လူမသိ၊ သူမသိ ရပ်တည်ခဲ့သည်မှာ ဝမ်းနည်းစရာကောင်းလှ၏။ နိုင်ငံတော်က တိုင်းရင်းသား (၁၃၅) မျိုးအတွင်းရှိကြောင်းနှင့် ရှမ်းပြည်နယ်တွင် လူဦးရေအရ နံပါတ်(၄)၊ မြန်မာနိုင်ငံတွင် နံပါတ် (၁၀)ရပ်တည်မှုရှိသော်လည်း မထင်မရှားဖြင့်သာ စခန်းသွားခဲ့ရလေသည်။

အဘယ်ကြောင့်နည်း။ ကောက်ချက်ချမရခဲ့ပေ။ ခိုင်မာသော ဓနုသမိုင်းများစွာရှိခဲ့သည်။ ပင်လုံစာချုပ်ရေးထိုးခဲ့သူ သာမိုင်းခမ်းစော်ဘွား စဝ်ထွန်းအေးနှင့် ပင်းတယသား ဦးခွန်စောတို့သည် ဓနုတိုင်းရင်းသားများပင်ဖြစ်သည်။ ထိုသို့သာမက ရှမ်းမြေလတ်ကို အုပ်ချုပ်စီမံခဲ့ကြသော ဘော်နယ် (ရေဦး)၊ ရွာငံ၊ ကျုံး၊ ပင်းတယ၊ သာမိုင်းခမ်း (အောင်ပန်း)၊ ပင်မှီ၊ ပွေးလှစော်ဘွားများ အဆက်ဆက်သည် ဓနုတိုင်းရင်းသားများ မဟုတ်ပါလော။

ဤကဲ့သို့ ဓနုနယ်ပယ်အတွင်း အုပ်ချုပ်၊ ဦးဆောင်ခွင့်ရရှိခဲ့ကြသော ပုဂ္ဂိုလ်များ၏ အမျိုးသားရေးနှင့် စာပေယဉ်ကျေးမှုကိစ္စရပ်များ စွမ်းဆောင်မှု အားနည်းခဲ့၍သာ ဓနုဟူသည် မထင်မရှားဖြစ်ခဲ့ဟု မိမိတစ်ဦးတည်းသဘောအရ ထင်မြင်မိပါသည်။

လက်ရှိ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကြိုက်သည်ဖြစ်စေ မကြိုက်သည်ဖြစ်စေ ဓနုတိုင်းရင်းသားအများစုကတော့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသပေါ်ပေါက်မှုကို ကျေးဇူးတင်ကြလေသည်။ မှန်ပေသည်။ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပေါ်ပေါက်လာပြီးနောက်ပိုင်း မြန်မာနိုင်ငံတစ်ဝန်း ဓနုလူမျိုးများ ပိုမိုထင်ရှားလာသည်။ သတိထားမိလာသည်။ တစ်ဆက်တည်းတွင် အချင်းချင်း စည်းလုံးရကောင်းမှန်းသိလာရသည်။ ယခင်လို ဖာသိဖာသာ မနေတတ်တော့ဘဲ စုပေါင်းလုပ်ဆောင်မှု အစပြုလာခဲ့သည်။ အသင်းအဖွဲ့များနဲ့ လုပ်ဆောင်တတ်စဖြစ်လာသည်။ နေထိုင်သည့်နယ်မတူသော်လည်း ချိတ်ဆက် မိလာခဲ့သည်။ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် စစ်မှန်မှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဓနုတိုင်းရင်းသားများ မသိချင်ပါ။ လိုချင်၊ သိချင်နေသည်မှာ ခေတ်အဆက်ဆက်ငတ်မွတ်နေခဲ့သော အမျိုးသားစည်းလုံးညီညွတ်မှု အသွင်သဏ္ဌာန်များသာ ဖြစ်ပေသည်။

ခေတ်စနစ်အခြေအနေအရ စည်းလုံးညီညွတ်မှု နောက်ကွယ်တွင် ကွဲကြသည်။ ပြဲကြသည်။ ဓမ္မတာသဘောပင်ဖြစ်၏။ မည်သို့ပင် ဖြစ်နေ

စေကာမူ ၂၀၁၀ ခုနှစ် ၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် စတင်ကျင့်သုံးခဲ့သော မနေ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကြောင့် မနေစာပေယဉ်ကျေးမှု ရုံးများစွာ ပေါ်ပေါက်လာသည်။ အမျိုးသားရေးလှုပ်ရှားမှု အသွင်သဏ္ဌာန်များစွာ ပေါ်ပေါက်လာခဲ့သည့် မိမိရိုးရာယဉ်ကျေးမှုများပိုမိုပေါ်ထွက်လာခဲ့သည်။ နောက်ဆုံး ၂၀၁၇ ခုနှစ် နိုဝင်ဘာလ (၂၆-၂၇)ရက်နေ့တွင်ကျင်းပခဲ့သော သမိုင်းဝင်ပထမဆုံးမနေအမျိုးသား ညီလာခံကြီး အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ ဤအကျိုးဆက်များ၏ မြစ်ဖျားခံရာသည် ၁၉၉၃ ခုနှစ်ပင်ဖြစ်ပါတော့သည်။ ဤသမိုင်း အမှန်ပင်ဖြစ်ပေလိမ့်မည်။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးအတွက် အခြေခံမူများချမှတ်နိုင်ရန် အမျိုးသားညီလာခံကို ရန်ကုန်မြို့ ကျိုက္ကဆံကွင်း၌ ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ (၇)ရက်နေ့မှ ၁၉၉၆ ခုနှစ်အထိလည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ၂၀၀၄ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းတွင်လည်းကောင်း ကျင်းပခဲ့သည်။ အဖွဲ့ (၈) ဖွဲ့၊ ကိုယ်စားလှယ် (၇၀၂)ဦးဖြင့် ရွေးချယ်ခဲ့ပြီး ၁၉၉၀ အနိုင်ရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များ ပါဝင်ခြင်းမရှိဘဲ ကျင်းပခဲ့ကြသည်။

ထိုညီလာခံသို့ မနေတိုင်းရင်းသားများ နေထိုင်ရာမြို့နယ်အသီးသီးမှ ညှိနှိုင်းရွေးချယ်ခဲ့ရာ -

၁။ ဦးကျော်ဇော (ရပ်စောက်မြို့နယ်)
တိုင်းရင်းသားကိုယ်စားလှယ်

၂။ ဦးမြသန်း (ရွာငံမြို့နယ်)
တိုင်းရင်းသားကိုယ်စားလှယ်

၃။ ဦးအောင်သိန်း (ရွာငံမြို့နယ်)
နိုင်ငံရေးပါတီများအစုအဖွဲ့

၄။ ဦးကံလှ (ပင်းတယမြို့နယ်)

တောင်သူလယ်သမားများအစုအဖွဲ့တို့ တက်ရောက်ခွင့်ရရှိခဲ့လေသည်။

ညီလာခံ၏ ချမှတ်ခဲ့သော မူဘောင်များအတွင်း - အခန်း (ဃ) အပိုဒ်ခွဲ (၅)အရ တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်များတွင် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ရရှိပြီးသော တိုင်းရင်းသားလူမျိုးများမှအပ ကျန်တိုင်းရင်းသား လူမျိုးများအနက် လျော်ကန်သင့်မြတ်သော လူဦးရေရှိပြီး နယ်မြေတစ်ဆက်တစ်စပ်တည်းတွင် စုစုစည်းစည်း နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများ အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ (Self Administered Areas)များ သတ်မှတ်ပေးရန် ပါရှိလာပါသည်။

အပိုဒ်ခွဲ (၆)အရ ထိုသို့သတ်မှတ်ရာတွင် လူဦးရေနှင့် နယ်မြေအကျယ်အဝန်းအပေါ် အခြေခံ၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (Self Administered Division) (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (Self Administered Zone) အဖြစ်သင့်လျော်သလို သတ်မှတ်ပေးမည့်အကြောင်းပါရှိလာရာ အစစအရာရာ အထက်ပါပုဂ္ဂိုလ် (၄) ဦး ခေါင်းပေါ်ကျရောက်ခဲ့ခြင်း ဖြစ်သည်။

သို့ပါ၍ ဓနုတိုင်းရင်းသားများ တစ်ဆက်တစ်စပ်တည်း စုစည်းနေထိုင်ကြသော ကလော၊ နောင်ချို၊ ပင်းတယ၊ ရပ်စောက်၊ ရွာငံမြို့နယ်များမှ ဓနုတိုင်းရင်းသားညီအစ်ကို မောင်နှမများ စုစည်းပေါင်းစပ်ကာ ဓနုလူဦးရေစာရင်း တတ်နိုင်သမျှ အတိအကျရအောင် ပူးပေါင်း ဆောင်ရွက် ပေးခဲ့သည်။ ထိုသို့သာမက တောင်ကြီးမြို့နယ်အတွင်းရှိ တောင်လေးလုံးမြို့နယ် မိုင်းလုံဒေသ၊ သာစည်မြို့နယ်အတွင်းရှိ ကျောင်းဆိုးကုန်းအုပ်စု၊ လယ်ခေါင်းကျေးရွာအုပ်စု၊ မြင်းဒိုက်ကျေးရွာအုပ်စု၊ ပင်လောင်းမြို့နယ် လုံးပိုးကျေးရွာ ဓနုတိုင်းရင်းသားများစာရင်း ကောက်ယူနိုင်ခဲ့လေသည်။

၁၉၉၂ မတ်လ(၃၁)ရက်နေ့ လဝက၏ စာရင်းအရ မြန်မာနိုင်ငံတွင် စုစုပေါင်း လူဦးရေ ၄၁.၉ သန်းကျော်၊ ရှမ်းပြည်နယ်တွင် ၄.၃ သန်းခန့်ရှိသည့် အနက် ဓနုတိုင်းရင်းသားများသည် ၂.၂ သိန်းကျော်ရှိကြောင်း အမျိုးသား ညီလာခံရှင်းလင်းချက်အရ သိရှိရပါသည်။ သို့သော်လည်း လက်ရှိအချိန်ထိ ကွာဟချက်များစွာ ရှိနေသဖြင့်(၂၀၁၄)သန်းခေါင်စာရင်းအရ လူဦးရေစာရင်း ကို အတိအကျထုတ်ပြန်နိုင်ခဲ့သည်။ လူမျိုးအသီးသီး၏ စာရင်းသည် ထိလွယ်ရှလွယ် ကိစ္စဖြစ်ရံမက လူထုအကြား ဝေဖန်မှုများစွာရှိလာနိုင်သဖြင့် ထုတ်ပြန်နိုင်ခြင်းမရှိသေးကြောင်း သိရသည်။

ညီလာခံစတင်ကျင်းပစဉ်အချိန်က ရွာငံမြို့နယ်တွင် ၈၈ ရာခိုင်နှုန်း၊ ပင်းတယမြို့နယ်တွင် ၈၅ ရာခိုင်နှုန်း၊ ကလောမြို့နယ်တွင် ၃၆ ရာခိုင်နှုန်း၊ အောင်ပန်းမြို့နယ်တွင် ၃၆ ရာခိုင်နှုန်း၊ ရပ်စောက်မြို့နယ်တွင် ၃၅ ရာခိုင်နှုန်း ဖြင့် ၅ မြို့နယ်လုံး ဓနုတိုင်းရင်းသားအများဆုံး မှီတင်း နေထိုင်ကြကြောင်း တင်ပြနိုင်ခဲ့ပါသည်။

သို့သော်လည်း လူဦးရေစာရင်း ကောက်ယူချိန်တွင်မြို့နယ် အသီးသီး ၏လဝက စာရင်းဇယားများအတိအကျမဖြစ်ခြင်း ၊ ကွဲလွဲမှုများစွာဖြစ်ပေါ်နေ ခြင်း၊ ဆယ်စုနှစ်တစ်ခုစီ၏ အချက်အလက်များမှားယွင်းနေခြင်း၊ လက်တွေ့ မြေပြင်တွင်ဖြစ်ပေါ်နေသော အခြေအနေနှင့်တခြားစီဖြစ်နေခြင်းများ၊ တချို့ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးက ထုတ်ပြန်သောစာရင်းဇယားများနှင့် မကိုက်ညီ ခြင်းများ လေ့လာတွေ့ရှိခဲ့ရပါသည်။

ထို့ထက်ပို၍ ညီလာခံကိုယ်စားလှယ်များက တင်ပြခဲ့သော လူဦး ရေစာရင်းနှင့် အမျိုးသားညီလာခံသို့ လဝကမှတင်ပြသော စာရင်းဇယားများမှာ အံ့သြစရာကောင်း လောက်အောင်မှားယွင်းမှုများ ဖြစ်ပေါ်ခဲ့လေသည်။ လက်ရှိပစ္စုပ္ပန်အချိန်ပြန်လေ့လာကြည့်ပါကလည်း မြင်နိုင်ပေလိမ့်မည်။

မည်သို့ပင်ဖြစ်စေကာမူ ညီလာခံကိုယ်စားလှယ်များတင်ပြခဲ့သော ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းအစား ပင်းတယ၊ ရွာငံ(၂)မြို့နယ် ပါဝင်သော ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခွင့်ပြုပေးခဲ့သည့်ကိုက 'ငါးမရ ရေချိုးပြန်' နှစ်သိမ့်မှု ရရှိခဲ့လေသည်။

သမိုင်းအလွန်ပြန်လည်သုံးသပ်ကြည့်ပါက ကလော၊ နောင်ချို၊ ပင်းတယ၊ ရပ်စောက်၊ ရွာငံမြို့နယ်များသည် တစ်ဆက်တစ်စပ်တည်းတည်ရှိခဲ့သည်မှာ မှန်၏။ မြို့နယ်အသီးသီး၌ ဓနုတိုင်းရင်းသား အများဆုံးနေထိုင်ခဲ့သည်မှာလည်း မှန်နေ၏။ ကလောနှင့် ရပ်စောက်မြို့နယ်တွင် ဓနု (၅၀) ရာခိုင်နှုန်း အထက်မရှိခြင်း၊ နောင်ချိုမြို့နယ်သည် တစ်ဆက်တစ်စပ်တည်း မရှိခြင်းတို့ကြောင့် ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ်တို့ကို စုစည်းပြီး ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် ၁၉၉၅ ခုနှစ်၊ ဧပြီလ (၇)ရက်၊ ၁၃၅၆ ခု၊ တန်ခူးလဆန်း (၈)ရက်နေ့တွင် အတည်ပြုသတ်မှတ်ပေးခဲ့လေသည်။

ထို့အပြင် ပင်းတယမြို့ကိုလည်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရုံးစိုက်ရာမြို့အဖြစ် ၂၀၁၀ ခုနှစ် ဩဂုတ်လ (၂၀) ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ အမိန့်ကြေညာစာ အမှတ် ၃၃/၂၀၁၀ဖြင့် သတ်မှတ်ပေးပြီး အုပ်ချုပ်ရေးယန္တရားများ စတင်လည်ပတ်ခဲ့ပါတော့သည်။

▼ ▼

## ဓနုစာပေယဉ်ကျေးမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအသင်း

၂၀၀၉ ခုနှစ်၊ မေလ(၃၁)ရက်နေ့တွင် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ရာပြည့်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့်အဖွဲ့သည် ပင်းတယမြို့ပေါ်ရှိ မြို့မိ၊ မြို့ဖများ၊ လူမှုရေးအဖွဲ့အသီးသီးမှ ပုဂ္ဂိုလ်များအား လာရောက်တွေ့ဆုံခဲ့သည်။ အဆိုပါတွေ့ဆုံပွဲတွင် ဓနုအသင်းဖွဲ့စည်းနိုင်ရန် အကြောင်းအရာများ ပါဝင်ခဲ့၍ အသင်းဖွဲ့စည်းရေးကို ဝိုင်းဝန်းတိုင်ပင်စဉ်းစားခဲ့ကြသည်။ အစပိုင်းတွင် 'ဓနုတိုင်းရင်းသားယဉ်ကျေးမှုမြှင့်တင်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့' 'ဓနုဒေသဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့' စသည်ဖြင့် အမည်ပေးရန်စဉ်းစားခဲ့ကြပြီး လူမှုရေးလုပ်ငန်းများ သက်သက်သာလုပ်ကိုင်နိုင်ရန် အကြံပြုခဲ့သည်။

ဤသို့ဖြင့် ၂၀၀၉ခုနှစ်၊ ဩဂုတ်လ(၂၁)ရက်နေ့တွင် 'ဓနုစာပေယဉ်ကျေးမှုနှင့်ဒေသဖွံ့ဖြိုးရေးအသင်း (Danu Literature , Culture and Development Association)ဟု အမည်ပေးခဲ့ပြီး နာယက (၅)ဦး၊ ဥက္ကဋ္ဌ (၂)ဦး၊ အတွင်းရေးမှူး (၂)ဦးအပါအဝင်အလုပ် အမှုဆောင်(၁၅)ဦး တို့ဖြင့်တင်ဖွဲ့စည်းနိုင်ခဲ့သည်။ ပင်းတယမြို့မှ အခြေတည်ပေါက်ဖွားလာခဲ့သောအဆိုပါအသင်းသည်(၂၀၁၀)ရောက်သော် မြို့နယ်အသီးသီး၌ ဖွဲ့စည်းတည်ထောင်နိုင်ခဲ့သည်။ ဖွဲ့စည်းပြီးတစ်နှစ်အတွင်း အားကောင်းမောင်းသန်ဖြစ်ခဲ့သည်။ အသင်းအဖွဲ့အသီးသီး၏ အသက်သည် ရန်ပုံငွေဖြစ်သည်နှင့်အညီကူညီပေးခဲ့သူများပြားခဲ့၏။ ၂၀၁၀ ပါတီစုံ ရွေးကောက်ပွဲအပြီး ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသက်ဝင်လာသော အချိန်တွင် ဓနုစာ/ယဉ် အသင်းသည်အလျှုရှင်ပံ့ပိုးမှု အားကောင်းခဲ့သဖြင့် တိုးတက်မှုမြန်ဆန်ခဲ့သည်။

၂၀၁၀ခုနှစ် ဧပြီလ (၂၅)ရက်နေ့တွင် ဝန်ကြီးဦးတင်နိုင်သိန်းမှကွန်ပျူတာတစ်စုံနှင့် အလှူငွေ(၃)သိန်း အစပြုလှူဒါန်းပေးခဲ့ပြီး ဒုသမ္မတ

ဒေါက်တာစိုင်းမောက်ခမ်းမှ ၂၀ သိန်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်မှ ၅သိန်း ၊ KBZ ဘဏ် ဦးအောင်ကိုဝင်းမှ ၂၅ သိန်း၊ တောင်ကြီးမြို့နေ စတိုင်လ်ဦးခင်မောင်မှ ၅သိန်း၊ လွင်ဦးထွေး အိမ်ဆောက်ပစ္စည်းဆိုင်မှ ၃သိန်း၊ ပင်းတယမြို့ဈေးသူ၊ ဈေးသားများ၊ ရွာင်မြို့မော်တော်ယာဉ် လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ၊ ပင်းတယမြို့ဈေးတွင်း အလှူရှင် ၃၀၀ ကျော်တို့မှ အသီးသီးပံ့ပိုးလှူဒါန်းပေးခဲ့မှုများကြောင့် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးလုပ်ငန်းများ အောင်မြင်ခဲ့ပါသည်။ ထိုသို့သာမက ၂၀၁၁ခုနှစ်အတွင်း ကျေးရွာပေါင်း ၅၀ကျော်မှအသင်းဝင်(၅၀၀၀)ကျော်အထိ အင်အားကောင်းခဲ့သည်။

ထို့ပြင် ၂၀၁၁ခုနှစ် မတ်လ(၁၈)ရက်၊ (၁၃၇၂)ခုနှစ် တပေါင်းလပြည့်အဖိတ်နေ့ကိုလည်း 'ဓနုဆုံစည်းရာနေ့'အဖြစ် သတ်မှတ်ခဲ့ပြီး ပထမအကြိမ်ကျင်းပနိုင်ခဲ့သဖြင့် မြို့နယ်အသီးသီး၏ ဓနုစာ/ယဉ် အသင်းများ ချိတ်ဆက်မိခဲ့ပါတော့သည်။ ကလောမြို့နယ်၊ နောင်ချိုမြို့နယ်၊ ပင်းတယမြို့နယ်၊ ရွာင်မြို့နယ်၊ ရပ်စောက်မြို့နယ်များသာမက တောင်ကြီးမြို့နယ်၊ ကျောက်မဲဒေသ၊ ရန်ကုန်ဒေသမှ ဓနုတိုင်းရင်းသားများ ပူးပေါင်းလာခဲ့မှုကြောင့် ဓနုစာ/ယဉ် အသင်းလုပ်ငန်းများ ပိုမိုအောင်မြင်လာစေရန်ရည်ရွယ်၍ ဓနုစာ/ယဉ်အသင်းချုပ်အဖွဲ့စည်းရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၂ ခုနှစ် ဒုတိယအကြိမ် ဓနုဆုံစည်းရာနေ့ မဆုံမီဆုံစည်းရာနေ့ကျင်းပရေးအတွက် မြို့နယ်အသီးသီးမှ ကိုယ်စားလှယ်များအစည်းအဝေး ပြုလုပ်ခဲ့ကြသည်။ အသင်းချုပ်ဖွဲ့စည်းရေး မြို့နယ်အသီးသီးမှ ထောက်ခံဆွေးနွေးကြပြီး အသင်းချုပ်အတွက် အခြေခံမူများကို မြို့နယ်အသီးသီးမှ ရေးဆွဲခဲ့ကြရန် သဘောတူခဲ့ကြသည်။ ဒုတိယအကြိမ် ဓနုဆုံစည်းရာနေ့သည်လည်း ဘက်စုံကြီးကျယ်စွာ ကျင်းပနိုင်ခဲ့ကြသည်။

၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၈)ရက် ပင်းတယမြို့ ဓနုစာ/ ယဉ် အသင်းရုံးတွင် ကလောမြို့နယ်၊ တောင်ကြီးမြို့နယ်၊ နောင်ချိုမြို့နယ်၊ ပင်းတယမြို့နယ်၊ ရပ်စောက်မြို့နယ် ကိုယ်စားလှယ်များက အသင်းချုပ် ဖွဲ့စည်းရန် ဆုံးဖြတ်ခဲ့ပါသည်။ အသင်းချုပ်ရုံးကိုလည်း ပင်းတယမြို့၌သာ ထားရန် ဆွေးနွေးခဲ့ကြသည်။ တတိယအကြိမ် ဓနုဆုံစည်းရာနေ့ မတိုင်မီ တစ်ရက် ၂၀၁၃ မတ်လ (၂၄)ရက်နေ့ ပင်းတယမြို့ ဒိုင်းမွန်းကွင်းခန်းမတွင် မြို့နယ်အသီးသီးမှ ကိုယ်စားလှယ်များ ညစာစားပွဲတစ်ရပ် ကျင်းပခဲ့သည်။ ထိုအခမ်းအနားသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရှုမောင်၊ ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အုပ်ချုပ်ရေးမှူး ဦးဝင်းကြည်တို့တက်ရောက်ခဲ့ပြီး အသင်းချုပ်ဖွဲ့စည်းနိုင်ရေး ကူညီခဲ့သည်။ မြို့နယ်အသီးသီးက ရေးဆွဲလာကြသော အခြေခံမူစည်းမျဉ်းများကိုလည်း ကော်မတီဖွဲ့၍ ပေါင်းစပ်ရေးဆွဲရန် ဆုံးဖြတ်နိုင်ခဲ့ပါသည်။ ၂၀၁၃ခုနှစ် ဇွန်လ (၂၂)ရက်နေ့တွင် ပင်းတယမြို့နယ် အသင်းရုံးတွင် ထပ်မံတွေ့ဆုံအစည်းအဝေး ကျင်းပခဲ့ပြန်သည်။

၂၀၁၃ခုနှစ် ဩဂုတ်လ (၂၂)ရက်နေ့ ပင်းတယမြို့နယ် ဓနုစာ/ယဉ် အသင်းမှ တာဝန်ယူပြီးဦးဆောင်ဖွဲ့စည်းပေးရန် ပန်ကြားခဲ့သော်လည်း အသင်းချုပ်ဖွဲ့စည်းရေး အစည်းအဝေးမခေါ်ယူနိုင်ကြောင်း အသိပေးအကြောင်းကြားမှုရှိလာသဖြင့် တောင်ကြီးမြို့၌ကျင်းပရန် ဆုံးဖြတ်ခဲ့သည်။

ထို့ကြောင့် ၂၀၁၄ခုနှစ် ဖေဖော်ဝါရီလ (၁၈-၁၉)ရက် ၂ရက်တိုင်တိုင် တောင်ကြီးမြို့ ဓမ္မသုခကျောင်းတိုက်တွင် အစည်းဝေးကျင်းပပြီး အသင်းချုပ်ကို ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။ နောင်ချိုမြို့နယ်မှ တိပိဋကက ကမ္ဘောဇ ကျောင်းတိုက်ကထိန်ပွဲနှင့် တိုက်ဆိုင်နေသဖြင့် တက်ရောက်နိုင်ခြင်း မရှိ၍ လည်းကောင်း၊ ပင်းတယမြို့နယ်သို့ ဖုန်းအကြိမ်ကြိမ်ဆက်သော်လည်း တက်ရောက်နိုင်ခြင်း မရှိခဲ့သည်မှလွဲ၍ ကလောမြို့နယ်၊ ကျောက်မဲမြို့နယ်၊ တောင်ကြီးမြို့နယ်၊ ရန်ကုန်ဒေသ၊ ရွာငံမြို့နယ်၊ ရပ်စောက်မြို့နယ်တို့မှ

ခနုစာပေယဉ်ကျေးမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအသင်းချုပ်ကို အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့ပါတော့သည်။

အသင်းချုပ်ဥက္ကဋ္ဌအဖြစ် ဦးစိုးအောင်အား တင်မြှောက်ခဲ့ကြပြီး အသင်းချုပ်ရုံးကိုလည်း ရှမ်းပြည်နယ်မြို့တော် တောင်ကြီးမြို့တွင်ထားရှိရန် သဘောတူခဲ့ကြသည်။ အသင်းဖွဲ့စည်းပုံကိုလည်း အတည်ပြုခဲ့ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ လျှောက်ထားတင်ပြ အသိအမှတ်ပြုနိုင်ခဲ့ပါတော့သည်။ အသင်းချုပ်ကဦးဆောင်ပြီး (၆)လတစ်ကြိမ် လပတ်အစည်းအဝေးနှင့် ပြန်လည် သုံးသပ်အစည်းအဝေးများကို တောင်ကြီးမြို့၊ အောင်ပန်းမြို့၊ ရပ်စောက်မြို့၊ ကျောက်မဲမြို့များတွင် ကျင်းပပြုလုပ်နိုင်ခဲ့သည်။

အတိတ်သမိုင်းကိုပြန်လည်သုံးသပ်ပါက မိမိတို့ခနုတိုင်းရင်းသားများသည် မကြုံစဖူးညီညွတ်မှုများ လက်ဝယ်ပိုင်ဆိုင်ထားနိုင်ပါလျက် ကိုယ်ကျိုးအတ္တ လွန်ဆွဲမှုများကြောင့် အချိန်တို တခဏတာအတွင်း စိတ်ဝမ်းကွဲမှုများ ရင်ဆိုင်တွေ့ကြုံခဲ့ရလေသည်။ ထို့ကြောင့်ပင်းတယမြို့နယ်မှ လူငယ်၊ လူလတ်များအပါအဝင် မြို့နယ်အသီးသီးမှ ညီညွတ်ရေးကို ပြန်လည်တည်ဆောက်နိုင်မှသာလျှင် ခနုသမိုင်းမရိုင်းကြောင်း ပြသနိုင်မည်ဖြစ်သည်။ အမှန်တကယ်လည်း မြို့နယ်အသီးသီးတို့၏ ပြန်လည်တည်ဆောက်စည်းရုံးနိုင်ခဲ့မှုကြောင့် သမိုင်းဝင် ခနုအမျိုးသားညီလာခံကြီးကို ကျင်းပနိုင်ခဲ့ပါတော့သည်။ မညီမညွတ်ဖြစ်ခဲ့သော ခနုစာပေယဉ်ကျေးမှုအသင်းမှသည် ယနေ့ခနုတိုင်းရင်းသားရေးရာ အဖွဲ့ချုပ်ကို ခနုအမျိုးသားညီလာခံကြီးမှတဆင့် ဖွဲ့စည်းတည်ထောင်နိုင်ခဲ့ပါသည်။ ညီလာခံမှချမှတ်ခဲ့သော မူဘောင်များကိုလည်း ဒုတိယအကြိမ် ညီလာခံကြီးပြန်လည်မကျင်းပမီအထိ ထိန်းသိမ်းစောင့်ရှောက် သွားကြရတော့မည် ဖြစ်ပေတော့သည်။

▼▼

## နေကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့

၁၉၉၅ ခုနှစ် ဧပြီလ (၇)ရက်နေ့တွင် ပင်းတယမြို့နယ်နှင့် ရွာငံ မြို့နယ်ကို ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် သတ်မှတ်ပေးခဲ့သည်။ ၂၀၁၀ ခုနှစ် ၊ ဩဂုတ်လ (၂၀)ရက်နေ့တွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ရုံးစိုက်ရာမြို့အဖြစ် ပင်းတယမြို့ကို သတ်မှတ်ပေးခဲ့သည်။ ၂၀၁၀ ခုနှစ် အောက်တိုဘာလ(၂၁)ရက်နေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ အလံ သစ်ကို စတင်လွှင့်ထူခဲ့သည်။ ၂၀၁၀ ခုနှစ် နိုဝင်ဘာလ (၂၀) ရက်နေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံ၏ ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပပေးခဲ့သည်။ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ(၃၁)ရက်နေ့တွင် ပထမဆုံးသော ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်အစည်းအဝေးစတင် ကျင်းပခဲ့ သည်။ ၂၀၁၁ ခုနှစ် မတ်လ(၂၃)ရက်နေ့တွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးအောင်မြင်စွာ ပြီးဆုံးခဲ့သည်။

၂၀၁၁ ခုနှစ် မတ်လ (၃၀)ရက်နေ့တွင် နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး အစရှိသော နိုင်ငံတော်၏အာဏာအရပ်ရပ်ကို ရွေးကောက်ပွဲ အနိုင်ရအစိုးရအဖွဲ့ အား လွှဲပြောင်းပေးအပ်ခဲ့သည်။ ထို့ကြောင့် ဤနေ့ ဤရက်မှ စတင်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ခေတ်အသစ်တဖန် မွေးဖွားခဲ့ သည်။ တဆက်တည်းတွင် ရှမ်းပြည်နယ် ဝကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ စစ်ကိုင်း တိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ်အတွင်းရှိ ကိုးကန့်၊ ပလောင်၊ ပအိုဝ့်၊ ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအသီးသီးကို လည်း အာဏာအရပ်ရပ် လွှဲပေးခဲ့သည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်၊ (ဒု-သမ္မတ) သီဟသူရတင်အောင်မြင့်ဦး နှင့် ဒေါက်တာစိုင်းမောက်ခမ်းတို့ တာဝန်ပေးအပ်ခြင်းခံခဲ့ရပြီး ရှမ်းပြည်နယ် ဝန်ကြီးချုပ်အဖြစ် ဦးစဝ်အောင်မြတ်ကို တင်မြှောက်စီမံအုပ်ချုပ်ခဲ့ကြသည်။

**ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပထမသက်တမ်း**

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးဥက္ကဋ္ဌအဖြစ် ဦးထူးကိုကို ကို ရွေးချယ်တင်မြှောက်ခဲ့သည်။ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့သည် ပင်းတယ၊ ရွာငံ၊ နှစ်မြို့နယ်သာမက ဓနုတစ်မျိုးသားလုံးအတွက် လမ်းပြ ရှေ့ဆောင် အုပ်ချုပ်ရေးအဖွဲ့ကြီးအဖြစ် သမိုင်းစာမျက်နှာသစ် ဖွင့်လှစ်နိုင်ခဲ့ သည်။ ပထမအကြိမ် (၅)နှစ်သက်တမ်းအတွင်း တာဝန်ယူခဲ့ကြသော ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များမှာ -

| | | |
|---|---|---|
| ၁။ | ဦးထူးကိုကို | ဥက္ကဋ္ဌ |
| ၂။ | ဦးကိုကို | အလုပ်အမှုဆောင်ကော်မတီ (၁) |
| ၃။ | ဦးသိန်းထွန်း | အလုပ်အမှုဆောင်ကော်မတီ (၂) |
| ၄။ | ဗိုလ်မှူးထင်ဇော်လွင် | အလုပ်အမှုဆောင်ကော်မတီ (၃) |
| ၅။ | ဗိုလ်မှူးဇော်နိုင်ဝင်း | တပ်မတော်သားကိုယ်စားလှယ် |
| ၆။ | ဗိုလ်မှူး ဉာဏ်ဝေဖြိုး | တပ်မတော်သားကိုယ်စားလှယ် |
| ၇။ | ဦးကျော်ငြိမ်း | တောင်ရိုးတိုင်းရင်းသားကိုယ်စားလှယ် |
| ၈။ | ဦးခွန်ထွန်းကျော် | ပအိုဝ်းတိုင်းရင်းသားကိုယ်စားလှယ် |
| ၉။ | ဦးတင်ငြိမ်း | ဖြည့်စွက်ကိုယ်စားလှယ် |
| ၁၀။ | ဦးဇော်ခင် | ဖြည့်စွက်ကိုယ်စားလှယ် |
| ၁၁။ | ဦးကိုကိုအောင် | အတွင်းရေးမှူး (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) |

တို့က စီမံအုပ်ချုပ်ခဲ့ကြသည်။

ပထမ (၅) နှစ်သက်တမ်းအတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ အတွေ့အကြုံမရှိ၊ ပြည်သူလူထုဝေဖန်သံမြင့်တက်ခဲ့သော်လည်း ပညာရေးကဏ္ဍ များတွင် ကျောင်းအသစ်များ ဆောက်လုပ်နိုင်ခဲ့ခြင်းနှင့် ကျောင်းအဆင့် တိုးမြှင့်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း လေ့လာရပါသည်။

ကျန်းမာရေးကဏ္ဍများတွင် မြို့နယ်ဆေးရုံတိုးချဲ့ခြင်း၊ ကျေးလက်များတွင် ဆေးပေးခန်း ဆောက်လုပ်ပေးနိုင်ခဲ့သည့်အပြင် ကျန်းမာရေးဆိုင်ရာ သင်တန်းများ၊ ဆေးကုသမှုလုပ်ငန်းများ၊ ပညာပေးလုပ်ငန်းများ လုပ်ဆောင်နိုင်ခဲ့ကြောင်း လေ့လာရပါသည်။

လျှပ်စစ်မီးရရှိရေးကဏ္ဍများတွင် ကိုယ့်အားကိုယ်ကိုး မီးလင်းရေး လုပ်ဆောင်ပေးမှုများကို ပံ့ပိုးကူညီပေးနိုင်ခဲ့သည်။ ရေရရှိရေးကဏ္ဍများဖြစ်သော ကိုယ့်အားကိုယ်ကိုး သောက်သုံးရေကန်များ တည်ဆောက်ခြင်း၊ ကောမက်ဆိုလာကုမ္ပဏီနှင့် ချိတ်ဆက်ပြီး ဇော်ဂျီချောင်းမှ ရေသွယ်ယူရေးလုပ်ငန်း၊ ပန်းစစ်တောင်ရေထွက်များမှ တချို့ကျေးရွာများသို့ ရေပေးဝေခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့သည်။

လမ်းပန်းဆက်သွယ်ရေးကဏ္ဍများအနေဖြင့် ကျေးရွာချင်းချိတ်ဆက်ကျောက်ကြမ်းလမ်းများ၊ မြေသားလမ်းများအပြင် မြို့ပေါ်ရပ်ကွက် ကတ္တရာခင်းခြင်းလုပ်ငန်းများ ပြီးစီးခဲ့ကြောင်း လေ့လာမိပါသည်။

အထူးသဖြင့် လမ်းပန်းဆက်သွယ်ရေးတွင် အဓိကကျသော ချောင်းကူး၊ မြောင်းကူးတံတားများပြီးစီးခဲ့ကြောင်းနှင့် တန်ဖိုးနည်းအိမ်ယာအချို့ဆောက်လုပ်နိုင်ခဲ့ခြင်၊ ဆင်းရဲမှု လျှော့ချရေးလုပ်ငန်းအတွက် ချေးငွေများထုတ်ချေးပေးမှု သိန်းပေါင်းသောင်းချီ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း လေ့လာမိပါသည်။

ပထမအကြိမ် မနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၏ (၅) နှစ်သက်တမ်းအတွင်း အောင်မြင်ခဲ့သော လုပ်ငန်းစဉ်များရှိသလို ၊ လူထု၏ဝေဖန်မှုများစွာဖြင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်များလည်း ရှိပါသည်။ မည်သို့ပင်ဖြစ်စေကာမူ ရှေးယခင်နှင့် နှိုင်းယှဉ်ပါက ဒေသတွင်းတိုးတက်မှုများကို မြင်တွေ့နေရပါသည်။

ဤသို့ဖြင့် ၂၀၁၅ ခုနှစ်၊ ဧပြီလတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၏ ပထမအကြိမ် (၅)နှစ်သက်တမ်း ကုန်ဆုံးခဲ့ပါသည်။

**ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒုတိယသက်တမ်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၈)ရက်နေ့တွင် မြန်မာနိုင်ငံ၏ အထွေထွေ ရွေးကောက်ပွဲကြီး ကျင်းပခဲ့သည်။ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွင်း အမျိုးသားလွှတ်တော်အတွက် ဒေါ်မမလေး (NLD) အနိုင်ရရှိခဲ့ပြီး၊ ပြည်သူ့လွှတ်တော်အတွက် ဦးစိုးမြင့် (NLD ပင်းတယမြို့နယ်)နှင့် ဦးအောင်စိုးမင်း (NLD ရွာငံမြို့နယ်) တို့က အနိုင်ရရှိခဲ့ပါသည်။ ပြည်နယ်လွှတ်တော်အတွက် ဦးစဝ်အောင်မြတ် (USDP ရွာငံမြို့နယ်တောင်ပိုင်း) နှင့် ဦးအေးမင်းစိုး (NLD ရွာငံမြို့နယ်မြောက်ပိုင်း)၊ ဦးအာကာလင်း (USDP ပင်းတယမြို့နယ်တောင်ပိုင်း)နှင့် ဦးညီလေးချမ်း (NLDပင်းတယမြို့နယ်မြောက်ပိုင်း)တို့ အနိုင်ရရှိခဲ့ပါသည်။

ထို့ကြောင့် ဒုတိယအကြိမ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းနိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ အစိုးရအဖွဲ့အစည်းများအတွင်း နောက်အကျဆုံးဖွဲ့စည်းနိုင်ခဲ့သော အဖွဲ့လည်း ဖြစ်ပေသည်။ ၂၀၁၆ ဇူလိုင်လ (၁၄) ရက်နေ့မှစတင်၍ ဒုတိယအကြိမ် သက်တမ်းကို စတင်လည်ပတ်နိုင်ခဲ့ပါသည်။

| | | |
|---|---|---|
| ၁။ | ဦးအာကာလင်း | ဥက္ကဋ္ဌ |
| ၂။ | ဦးအေးမင်းစိုး | အလုပ်အမှုဆောင်ကော်မတီဝင် (၁) |
| ၃။ | ဦးညီလေးချမ်း | အလုပ်အမှုဆောင်ကော်မတီဝင် (၂) |
| ၄။ | ဗိုလ်မှူးရာဇာငြိမ်းချမ်း | အလုပ်အမှုဆောင်ကော်မတီဝင် (၃) |
| ၅။ | ဗိုလ်မှူးဟိန်းမင်းစိုး | တပ်မတော်သားကိုယ်စားလှယ် |
| ၆။ | ဗိုလ်မှူးဇော်လင်း | တပ်မတော်သားကိုယ်စားလှယ် |

၇။ ဦးကျော်ငြိမ်း တောင်ရိုးတိုင်းရင်းသားကိုယ်စားလှယ်
၈။ ဦးခွန်ထွန်းမောင် ပအိုဝ်းတိုင်းရင်းသားကိုယ်စားလှယ်
၉။ ဦးထိန်လင်း (ဖြည့်စွက်ကိုယ်စားလှယ်)
၁၀။ ဦးမောင်မောင်အုန်း (ဖြည့်စွက်ကိုယ်စားလှယ်)
၁၁။ ဒေါ်မိုးမိုးနိုင် (ဖြည့်စွက်ကိုယ်စားလှယ်)
၁၂။ ဦးအောင်ဟိန်းကျော် အတွင်းရေးမှူး (အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန) တို့က စီမံအုပ်ချုပ်လျက်ရှိပါသည်။

မနေတိုင်းရင်းသားလူထု၏ စိတ်ကြိုက်တင်မြောက်နိုင်ခဲ့သော ဒေသဦးစီးအဖွဲ့ဝင်များဖြစ်သကဲ့သို့ ဒေသဦးစီးအဖွဲ့ဝင်များကလည်း စိတ်ကြိုက်မဲပေးတင်မြောက်နိုင်ခဲ့သောဥက္ကဋ္ဌ ဖြစ်လာပါတော့သည်။ စနစ်တကျ အကြိုက်အနယ် တင်မြောက်ခဲ့သော မနေကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ ဥက္ကဋ္ဌကလည်းမနေလူထုအကြိုက် စီမံဆောင်ရွက်လျက်ရှိကြောင်း လေ့လာမိပါသည်။ ပထမအကြိမ်ထက် ပိုမိုကောင်းမွန်ပြီး တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ရှိသော အုပ်ချုပ်ရေးအပိုင်းများကို ဆောင်ရွက်လျက်ရှိသည်။ အုပ်ချုပ်ရေးအပိုင်းသာမကအမျိုးသားရေးအပိုင်းများတွင်လည်း ထဲထဲဝင်ဝင် လုပ်ဆောင်မှုများရှိလာသဖြင့် မနေလူထု၏ ချီးမွမ်းခြင်းကိုလည်း ခံယူလျက်ရှိပေတော့သည်။

မနေကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် မနေတိုင်းသားရေးရာဝန်ကြီးတာဝန်များကို ပူးတွဲတာဝန်ယူထားရသဖြင့် မနေကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသပြင်ပရှိ ကလောမြို့နယ်၊ နောင်ချိုမြို့နယ်၊ ရပ်စောက်မြို့နယ်နှင့် ဆက်စပ်မြို့နယ်များ၏ မနေတိုင်းရင်းသားများ အားကိုးရန်အတွက် 'တိုင်းရင်းသားရေးရာဝန်ကြီး' ပျောက်ဆုံးနေသည်မှာ အားနည်းချက်တစ်ခုအဖြစ် မနေလူထုက ထင်မြင်ယူဆကြပါသည်။

▼▼

## ဓနုတိုင်းရင်းသားများ၏ နိုင်ငံရေးပါတီသမိုင်း

၁၉၈၈၊ မတ်လ(၁၂)ရက်ည ရန်ကုန်မြို့ ကြို့ကုန်းရပ်ကွက်၊ စန္ဒာဝင်းလက်ဖက်ရည်ဆိုင်၌ စိုင်းထီးဆိုင်ကက်ဆက်ခွေဖွင့်ခိုင်းရာမှ အရပ်သားနှင့်စက်မှုတက္ကသိုလ်ကျောင်းသားများ စကားများရန်ဖြစ်ခဲ့ကြသည်။ ပြဿနာကိုပြေလည်အောင် မဖြေရှင်းနိုင်ခဲ့၍ ကျောင်းသားဆန္ဒပြမှု ကြီးထွားခဲ့၏။ စက်မှုကျောင်းသားကိုဖုန်းမော်နှင့်ကိုစိုးနိုင်တို့ သေဆုံးခဲ့သည်။ တနည်းအားဖြင့် ကျောင်းသားလူငယ်များမှမထင်မှတ်စွာ စတင်ခဲ့သော အရေးအခင်းမှသည် ပြည်သူတစ်ရပ်လုံးပါဝင်သော တစ်ပါတီအာဏာရှင်စနစ်တိုက်ဖျက်ရေး ရှစ်လေးလုံးအရေးတော်ပုံကြီးအထိ သမိုင်းတွင်ရစ်ခဲ့လေသည်။

၁၉၈၈ ဩဂုတ်လ(၈)ရက်နေ့ တစ်နိုင်ငံလုံးဆန္ဒပြမည်ဟု ဘီဘီစီသတင်းဌာနက ကြေညာပေးခဲ့သဖြင့် နယ်မြို့ များပါမကျန် ကူးစက်ခဲ့သည်။ အကြမ်းဖက်မှုများကြီးထွားလာသဖြင့် စက်တင်ဘာလ(၁၈)ရက်နေ့တွင် တပ်မတော်က နိုင်ငံ၏အာဏာအရပ်ရပ်ကို ထိန်းသိမ်းလိုက်ပါတော့သည်။ တစ်ဆက်တည်းတွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပေးမည်ဟု ကတိပြုခဲ့သည်။ ၁၉၈၈ စက်တင်ဘာလ (၂၁)ရက်နေ့တွင် နဝတ၏ ကြေညာချက်အမှတ် ၁/၈၈၊ အပိုဒ် ၂အရ ရွေးကောက်ပွဲကော်မရှင်ကို ဖွဲ့စည်းပေးခဲ့သည်။ စက်တင်ဘာလ(၂၇)ရက်နေ့တွင် ပါတီအသီးသီးကိုလည်း မှတ်ပုံတင်ရန်ခွင့်ပြုခဲ့လေသည်။

ပါတီပေါင်း(၉၃)ခု မှတ်ပုံတင်ခဲ့ရာတွင် 'ပြည်ထောင်စုဓနု အမျိုးသားများဒီမိုကရေစီအဖွဲ့ချုပ်' လည်း ပါဝင်လာခဲ့သည်။ ၁၉၈၈ ဒီဇင်ဘာလ(၇)ရက်နေ့တွင် တရားဝင်မှတ်ပုံတင်ခဲ့ပါသည်။ ဓနုပါတီအနေဖြင့် ရည်ရွယ်ချက်(၅)ရပ်နှင့်လုပ်ငန်းစဉ်(၅)ချက်ဖြင့် အခြေခံမူများ ရေးဆွဲကာ နာယက(၅)ဦး၊ ဗဟိုအလုပ်အမှုဆောင်(၂၄)ဦးဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ရွေးကောက်ပွဲသင်္ကေတမှာ 'သေတ္တာ'ဖြစ်ပြီး ပါတီရုံးချုပ်ကို ကလောမြို့နယ်၊

အောင်ပန်းမြို့၊ အမှတ်(၄) ရပ်ကွက်တွင် ဖွင့်လှစ်ခဲ့သည်။ ပင်းတယမြို့နယ်၊ ရွာငံမြို့နယ်၊ ရပ်စောက်မြို့နယ်၊ ကလောမြို့နယ်ကိုယ်စားပြုအဖြစ် (၄)ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ကလောမြို့နယ် ကိုယ်စားပြု ဆရာဦးမြင့်သန်းက အနိုင်ရရှိခဲ့လေသည်။

၁၉၉၀ မေလ(၂၇)ရက်နေ့တွင် မြန်မာနိုင်ငံ၏ ပါတီစုံအထွေထွေ ရွေးကောက်ပွဲကြီးကို ကျင်းပခဲ့ရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၃၉၂ ဦး၊ ရှမ်းတိုင်းရင်းသားများ စည်းလုံးညီညွတ်ရေးပါတီမှ ၂၃ဦး၊ ရခိုင်ဒီမိုက ရေစီအဖွဲ့ချုပ်မှ ၁၁ဦး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ၁၀ဦးအပါ အဝင် ပါတီပေါင်း (၂၇)ပါတီမှ (၄၈၅)ဦး ရွေးကောက်ခံခဲ့ရပါသည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ပြည်သူ့ဆန္ဒနှင့်အညီ ခိုင်မာသောဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်အရ ပေါ်ပေါက်လာမည့်အစိုးရတစ်ရပ် မဖွဲ့စည်းမီကြားကာလတွင် လုပ်ငန်းတာဝန်ကြီး(၃)ရပ်နှင့် တိုင်းရင်းသား အားလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည့်အကြောင်းပါသော ကြေညာချက်အမှတ်၊ ၁/၉၀ ကိုထုတ်ပြန်ကြေညာခဲ့သည်။ ဤသို့ဖြင့် အနိုင်ရပါတီများ အစိုးရ မဖွဲ့စည်းနိုင်ရုံသာမက မတရားအသင်းအဖွဲ့များအဖြစ် ကြေညာခံခဲ့ရပါတော့သည်။ အမျိုးသားညီလာခံကိုလည်း ၁၉၉၃မှ ၁၉၉၆ အထိ ကျိုက္ကဆံကွင်း၌လည်းကောင်း ၂၀၀၄မှ ၂၀၀၇အထိ ညောင်နှစ်ပင် စခန်းကျင်းပခဲ့လေသည်။ ဤသို့ဖြင့် တပ်မတော်၏ဖိနှိပ်ချုပ်ချယ်မှု အောက် တွင် နိုင်ငံရေးပါတီများ ရှင်သန်ခြင်းရပ်တံ့ခဲ့လေသည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာပြီးနောက်ပိုင်း ၂၀၁၀ မတ်လ(၁၁)ရက်တွင် နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြေညာချက်အမှတ် ၊၁/၂၀၁၀ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ဖွဲ့စည်း ခဲ့သည်။ ၂၀၁၀ နိုဝင်ဘာလ(၇)ရက်နေ့တွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်၊ တိုင်းရင်းသား

လွှတ်တော်ကိုယ်စားလှယ် အသီးသီးအတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပခဲ့ပါသည်။

ထိုရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)နှင့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD)တို့ဝင်ရောက်ယှဉ်ပြိုင်ခြင်း မရှိခဲ့ပေ။ ပါတီပေါင်း(၈၂)ပါတီမှ ကိုယ်စားလှယ်လောင်း(၃၀၅၉)ဦးတိတိ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

၂၀၁၀ရွေးကောက်ပွဲတွင် ရှာင်မြို့နယ်မှ အမျိုးသားလွှတ်တော်အတွက် ဦးမြသန်း၊ ပြည်သူ့လွှတ်တော်အတွက် ဦးအောင်သိန်း၊ ပြည်နယ်လွှတ်တော် အတွက် ဦးကိုကိုနှင့် ဦးသိန်းထွန်းတို့(၄)ဦးသည် တစ်သီးပုဂ္ဂလိကများအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ(၃)ဦး အနိုင်ရရှိခဲ့သည်။ အစိုးရတာဝန်အသီးသီး ထမ်းဆောင်နေချိန် တစ်သီးပုဂ္ဂလများအနေဖြင့် ရပ်တည်ခြင်းမရှိဘဲ ဓနု နယ်ပယ်အတွင်း ဓနုအားလုံးကို ကိုယ်စားပြုသော အဖွဲ့အစည်းပေါ်ပေါက်လာ စေရန် တိုင်ပင်ခဲ့ကြသည်။ ဤသို့ဖြင့် ၂၀၁၀ ရွေးကောက်ပွဲဝင်ခဲ့ကြသော ပုဂ္ဂိုလ်များအပြင် ရှာင်မြို့နယ်၊ ပင်းတယမြို့နယ်၊ (၂)မြို့နယ်မှ အမာခံ (၂၇)ဦးဖြင့် "ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ" ကို ဖွဲ့စည်းနိုင်ခဲ့ ကြသည်။ လုပ်ထုံးလုပ်နည်းအတိုင်း ပါတီဝင်များစုဆောင်းပြီး ၂၀၁၂ မေလ (၃)ရက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီတည်ထောင် ခွင့်ပြုရန် တင်ပြခဲ့သည်။ ၂၀၁၂ဇူလိုင်လ(၃)ရက်နေ့တွင် ပါတီတည်ထောင်ခွင့်ပြု ခဲ့သဖြင့် ဓနုနယ်အတွင်း ဥက္ကဋ္ဌဦးမြသန်း ဦးဆောင်သော ဓနုတိုင်းရင်းသား လူမျိုးများဒီမိုကရေစီပါတီ ပြန်လည်ပေါ်ထွန်းလာခဲ့ပါသည်။ ပါတီမှတ်ပုံတင် အမှတ်မှာ(၅၇)ဖြစ်သည်။ ဆက်လက်၍ နောင်ချိုမြို့နယ်ရုံး၊ တောင်ကြီးမြို့နယ် ရုံးနှင့် ကလောမြို့နယ်ရုံးအသီးသီး ဖွင့်လှစ်နိုင်ခဲ့သည်။

သို့သော်လည်း ဒီမိုကရေစီသဘောသဘာဝအရ ဓနုပါတီနောက်တစ်ခု ပေါ်ပေါက်လာရန်အကြောင်း ဖန်လာပါတော့သည်။ ဓနုပါတီအသစ် တည်

ထောင်ရန်အတွက် ဗဟိုကော်မတီဝင်(၄)ဦး၊ ၂၀၁၄ဇူလိုင်လ (၁၁)ရက်နေ့တွင် ပါတီမှနုတ်ထွက်ခွင့်တင်ခဲ့ကြသည်။ "မနအမျိုးသားများအဖွဲ့ချုပ်ပါတီ" အမည်ဖြင့် တည်ထောင်ခဲ့ကြပြီး ၂၀၁၅ ဧပြီလ (၂၇)ရက်နေ့တွင် မှတ်ပုံတင် အမှတ်(၈၁)ဖြင့် ပြည်ထောင်စုရွေးကောက် ပွဲကော်မရှင်မှ ခွင့်ပြုခဲ့ပါသည်။ ဤသို့ဖြင့် မနနယ်အတွင်း မနပါတီ(၂)ခု ဖြစ်ခဲ့ရပါသည်။

၂၀၁၅ရွေးကောက်ပွဲတွင် မနတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ သည် (၆)မြို့နယ်မှ (၁၉)ဦး၊ မနအမျိုးသားအဖွဲ့ချုပ်ပါတီသည်(၂)မြို့နယ်မှ (၇)ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ တစ်ဦးမှအနိုင်မရရှိဘဲ ပြောင်းလဲချိန်တန်ပြီ လှိုင်းလုံးအောက်သို့ ရောက်ခဲ့ရပါတော့သည်။ ဦးမြသန်းဦးဆောင်သော မနတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီမှရွေးကောက်ပွဲအပြီး ၂၀၁၆ခုနှစ် ဆန်းတွင် ပါတီဗဟိုကော်မတီအား အသစ်ပြန်လည်ဖွဲ့စည်းခဲ့သည်။ ထိုသို့ သာမကနိုင်ငံရေးဖြတ်သန်းမှုအစဉ်အလာကြီးမားခဲ့သော စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများ မဟာမိတ်(UNA)အတွင်းသို့ မိတ်ဖက်အဖြစ် ဝင်ရောက်ရန်ဗဟိုကော်မတီဝင်အားလုံးက ထောက်ခံခဲ့သည်။ စာရေးသူကို လည်း ဗဟိုပါတီ၏ အတွင်းရေးမှူး(၁) တင်မြှောက်ခဲ့ရုံသာမက (UNA) ဆက်ဆံရေးတာဝန်ခံအဖြစ် သဘောတူခဲ့ကြသည်။

မနတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီသည် နိုင်ငံရေးအရ မားမားမတ်မတ်သွားနေသော်လည်း ရွေးကောက်ပွဲကာလအတွင်း အဖျက် အမှောက်များစွာ ကြုံတွေ့ခဲ့ရသည်။ မိမိတို့ပါတီသည် တိုင်းရင်းသား ဖွံ့ဖြိုးတိုးတက်ရေး၊ ကိုယ်တိုင်ပြဋ္ဌာန်းခွင့်နှင့် ဖက်ဒရယ်ပြည်ထောင်စု ပေါ် ပေါက်ရေးအတွက် မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်ရာတွင် ပူပေါင်းပါဝင်နေ သောပါတီဖြစ်သည်။ အထူးသဖြင့် ပါတီကြီးတစ်ခု၏ လက်ကိုင်တုတ်အဖြစ် သမုတ်ခဲ့သဖြင့် မနလူထုအတွင်း ထင်ယောင်ထင်မှားဖြစ်ခဲ့ရသည်။ ထို့

ကြောင့် အားကောင်းမောင်းသန်ရှိနေရာမှ ရွေးကောက်ပွဲနီးချိန်တွင် ပါတီပုံရိပ်များစွာ ကျဆင်းခဲ့ရပါတော့သည်။

ရွေးကောက်ပွဲသည် ပါတီအသီးသီး၏ပန်းတိုင်ဖြစ်သော်လည်းနိုင်ခြင်း၊ ရှုံးခြင်းသည် အဓိကမဟုတ်၊ အနာဂတ်ကာလတွင် မနုလူထုပြန်လည်ထောက်ခံလာရေး၊ မနုလူထုနိုင်ငံရေးအသိအမြင် တိုးတက်လာရေး၊ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရာတွင် ပါဝင်လာနိုင်ရေး၊ အာဏာရှင်စနစ်တွန်းလှန်ရေး၊ ဒီမိုကရေစီ စနစ်ထွန်းကားရေးအစရှိသည်များသာအတွက် UNAနှင့် အတူတကွ ဆက်လက်ပူးပေါင်းလုပ်ဆောင်သွားမည်ဟု အဓိဋ္ဌာန်ချထားကြသည်။ လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ တန်းတူညီမျှခြင်းတည်းဟူသော လောကပါလတရားများ၏ အကျိုးကျေးဇူးများကို အပြည့်အဝရရှိလာနိုင်ရန် ဆက်လက်ဆောင်ရွက်သွားကြမည်သာဖြစ်သည်။

နိဂုံးချုပ်အနေဖြင့် မနုနယ်ပယ်အတွင်းရှိ မနုတိုင်းရင်းသားပါတီသမိုင်းမည်သို့ပင်ရှိနေစေကာမူ မိမိတို့၏ မနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ(အိုးစည်ပါတီ)အနေဖြင့် ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားလူမျိုးအချင်းချင်း ချစ်ခင်ရင်းနှီးသွေးစည်းညီညွတ်စွာဖြင့် အေးအတူပူအမျှ ယှဉ်တွဲနေထိုင်ရေးကို ဆက်လက်ရှေ့ရှုနေမည်ဖြစ်သည်။ မိမိတို့၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကိုလည်း ကာကွယ်ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်သွားမည်။ မြန်မာ့ငြိမ်းချမ်းရေးအတွက်အတူတကွ ပူးပေါင်းဆောင်ရွက်ပြီး အာဏာရှင်စနစ်၊ မဟာလူမျိုးကြီးဝါဒချုပ်ငြိမ်းရေးနှင့် ဒီမိုကရေစီစနစ်ရှင်သန်ဖွံ့ဖြိုးရေးအတွက် ဆက်လက်ဆောင်ရွက်သွားနိုင်လိမ့်မည်ဟု ယူဆရင်း...။

▼ ▼

## သမိုင်းမော်ကွန်းရေးထိုးနိုင်ခဲ့သည့် ပထမအကြိမ် ဓနုအမျိုးသားညီလာခံ

၂၀၁၇ ဇန်နဝါရီလ (၃၁)ရက်နေ့မှ ဖေဖော်ဝါရီ(၄)ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သော ဒုတိယအကြိမ်မြောက် ကယန်းအမျိုးသားညီလာခံကို ဧည့်သည်တော်အဖြစ် လေ့လာခွင့်ရရှိခဲ့သည်။ ကယားပြည်နယ် ဒီမောဆိုးမြို့တွင်ကျင်းပခြင်းဖြစ်၏။ အခြားမြို့နယ်များမှမတက်ရောက်နိုင်သဖြင့် ကလောမြို့နယ်မှ ဦးမင်းလွင်ဦး၊ ဦးမောင်မောင်၊ ဦးဖိုးဖြူတို့(၃)ဦး တက်ရောက်ခဲ့သည်။ ကယန်းအမျိုးသားညီလာခံကြီးကို အားကျမိခဲ့သည်။ မိမိတို့ဓနုတိုင်းရင်းသားများ ထိုကဲ့သို့အခမ်းအနားမလုပ်ဖူးပေ။ ကျင်းပချင်စိတ်ဖြစ်ခဲ့သည်။ ပျံ့ကျဲနေသော ဓနုတိုင်းရင်းသားများ၏ ကာလသဘောထားမှတ်ချက်များ စုစည်းချင်စိတ် တဖွားဖွားဖြစ်ခဲ့သည်။ တစ်ဆက်တည်းဆိုသလို ပင်းတယ၊ ရွာငံဒေသမှ လူငယ်၊ လူလတ်များအား ဖုန်းဖြင့်ချိတ်ဆက်နိုးဆွခဲ့သည်။

အားလုံးဆုံတွေ့နိုင်မည့် ပင်းတယတပေါင်းပွဲကာလတွင် တွေ့ဆုံရန် စီစဉ်ခဲ့သည်။ ဖုန်းဖြင့် ချိတ်ဆက်ဆောင်ရွက်ထားသော ပင်းတယ၊ ရွာငံမှ လူငယ် လူလတ်များကို ပင်းတယပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးညီလေးချမ်းနေအိမ်တွင် ကျင်းပပြုလုပ်ရန် ကိုစိုးဝင်းသန်းမှ စီစဉ်ပေးခဲ့သည်။ မှတ်မှတ်ရရ တပေါင်းလပြည့်အဖိတ်နေ့ (၁၁-၃-၂၀၁၇) ဓနုဆုံစည်းရာနေ့ ဖြစ်သည်။ တက်ရောက်လာသူ မြို့နယ်အသီးသီးမှ (၂၇)ဦးလုံး ဓနုအမျိုးသားညီလာခံကြီး ပေါ်ပေါက်သင့်ပြီဖြစ်ကြောင်း ဘုံသဘောထားရယူနိုင်ခဲ့သည်။

တိုက်တိုက်ဆိုင်ဆိုင် (၁၂-၃-၂၀၁၇)တပေါင်းလပြည့်နေ့တွင် ဓနုဓမ္မာရုံ (နေပြည်တော်) တည်ဆောက်ရေးအတွက် မနက်ပိုင်းအစည်းအဝေးနှင့်မွန်းလွဲပိုင်းတွင် ဒေသဦးစီးရုံး၌ ဓနုမြို့နယ်အသီးသီးမှ ဓနုဦးဆောင်သူများအစည်းအဝေး ဖိတ်ကြားလာပါသည်။

တပေါင်းလပြည့်နေ့ (၁၂-၃-၂၀၁၇) ဒေသဦးစီးရုံး မွန်းလွဲ(၁) နာရီ -

တပေါင်းပွဲကာလဖြစ်သည့်အလျှောက် ဓနုဦးဆောင်သူများ စုံလင်လှသည်။ ယခင်နေ့က ဓနုအမျိုးသားညီလာခံကြီး ကျင်းပပြုလုပ်ရန် သဘောတူခဲ့သော အဖွဲ့များပါဝင်လာသဖြင့် မြိုင်မြိုင်ဆိုင်ဆိုင်ရှိလှသည်။ နွေခေါင်ခေါင်ဖြစ်သော်လည်း ပင်းတယရာသီဥတုက နေသာထိုင်သာရှိလှသည်။ အစည်းအဝေးခန်းမဆောင်အတွင်း ရဟန်းသံဃာ(၂)ပါး အပါအဝင် စုစုပေါင်း (၁၁၀)ကျော် တက်ရောက်ခဲ့ကြသည်။

ဒေသဦးစီးဥက္ကဋ္ဌမှ ဦးဆောင်ဆွေးနွေးခဲ့သည်။ ဆက်လက်၍ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲအား ပင်းတယတွင် ကျင်းပပြုလုပ်ရန် ကဏ္ဍတစ်ခုပါဝင်လာခဲ့သည်။ မြို့နယ်အသီးသီးမှ ဆွေးနွေးကြသည်။ ထို့ကြောင့် ကလောမြို့နယ်ကိုယ်စားမိမိက အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲလုပ်ရန် ဓနုဒေသအတွက် အားနည်းချက် ရှိနေသေးကြောင်း၊ မူအရလည်းကျင်းပရန် တာဝန်မရှိသေးကြောင်း၊ ကျင်းပရန်လည်း မလိုအပ်သေးကြောင်း၊ ထိုထက်ပိုအရေးကြီးသည်ကား အောက်ခြေဓနုလူမျိုးအားလုံးပါဝင်သော ဓနုအမျိုးသားညီလာခံကြီးကိုဖော်ဆောင်သင့်ကြောင်း၊ ယမန်နေ့ အစည်းအဝေးဆုံးဖြတ်ချက်လည်း မိမိတို့သဘောတူထားကြောင်း၊ ညီလာခံကြီးအပြီး ဘုံသဘောထားရယူပြီးနောက်ပိုင်းမှသာ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကျင်းပပါက အနှစ်သာရရှိသောပွဲမျိုးဖြစ်ပေါ်လာမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြခဲ့ပါသည်။ နောက်ဆုံးဒေသဦးစီး ဥက္ကဋ္ဌအပါအဝင် တက်ရောက်လာသူအားလုံးနီးပါးက 'ဓနုအမျိုးသား ညီလာခံ' ကျင်းပပြုလုပ်ရန် သဘောတူညီခဲ့ကြပါသည်။ ဓနုတိုင်းရင်းသားရေးရာအဖွဲ့ချုပ် (DNAO) ပေါ်ပေါက်လာရေးအတွက် ၂၀၁၆ ခုနှစ် ဒေသဦးစီးဥက္ကဋ္ဌ ဦးအာကာလင်း တက်လာပြီး နောက်ပိုင်းကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။

ဒုတိယအကြိမ်အစည်းအဝေး (၁၃-၅-၂၀၁၇)

မနအမျိုးသားညီလာခံကြီးက (၁) မနအမျိုးသားအဖွဲ့ချုပ်ကြီး ပေါ်ပေါက်လာရေး (၂) မနအမျိုးသားအလံ ပေါ်ပေါက်လာရေး (၃) မန အမျိုးသားသီချင်းပေါ်ပေါက်လာရေး (၄) မနအမျိုးသားနေ့ ပေါ်ပေါက်လာရေး (၅) မနအမျိုးသားပွဲတက်ဝတ်စုံ အတည်ပြုနိုင်ရေး အခြေခံမူ (၅)ချက်ဖြင့် ကျင်းပပြုရန် သဘောတူခဲ့သည်။ တက်ရောက်လာမည့် ညီလာခံကိုယ်စား လှယ်အရေအတွက် ကြော်ငြာကိစ္စများနှင့် အရေးကြီးဆုံးဖြစ်သော ငွေရေး ကြေးရေးကိစ္စများအား တစ်မြို့နယ်လျှင် သိန်း(၂၀)ထည့်ဝင်နိုင်ရန် ဆွေးနွေး ခဲ့သည်။ မြို့နယ်(၈)မြို့နယ်မှ ကိုယ်စားလှယ်များဖြင့် ကျင်းပရန် သဘောတူခဲ့ သည်။ ဒေသဦးစီးဥက္ကဋ္ဌမှ မ,တည်ငွေ (၁၀)သိန်းလှူဒါန်းသဖြင့် မိမိက (၁)သိန်း ထည့်ဝင်မည်ဖြစ်ကြောင်းပြောကြားရင်း အစည်းအဝေးရုပ်သိမ်း ခဲ့သည်။

မနအမျိုးသားညီလာခံကျင်းပရေးအတွက် တစ်မြို့နယ် ၂-ဦးကျစီဖြင့် ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့သည်။ မိမိအားအတွင်းရေးမှူးတာဝန်ပေးအပ်ရာ အဓိကလုပ်ဆောင်ရမည့်သူသည် ပင်းတယမှဖြစ်သင့်သည်ဟု အကြံပြုရာ တွဲဘက်အတွင်းရေးမှူး တာဝန်ယူပေးခဲ့သည်။

**မနအမျိုးသားညီလာခံကျင်းပရေး ဗဟိုကော်မတီ**

| | | | |
|---|---|---|---|
| ၁။ | ဦးဝင်းဝဏ္ဏဝင်း | (တောင်ကြီးမြို့) | ဥက္ကဋ္ဌ |
| ၂။ | ဦးစိုင်းဝဏ္ဏ | (အလယ်ချောင်၊ ရွာင်) | ဒု-ဥက္ကဋ္ဌ |
| ၃။ | ဦးဝဏ္ဏသိန်း | (ပင်းတယမြို့) | အတွင်းရေးမှူး |
| ၄။ | ဦးမင်းလွင်ဦး | (အောင်ပန်းမြို့) | တွဲဘက်အတွင်းရေးမှူး |
| ၅။ | ဦးနေမျိုးကျော် | (ပင်းတယမြို့) | အဖွဲ့ဝင် |
| ၆။ | ဦးသက်ရှည် | (ရေဦး၊ ရွာင်) | အဖွဲ့ဝင် |

၇။ ဦးကျော်ဇော (ရပ်စောက်မြို့) အဖွဲ့ဝင်
၈။ ဦးအောင်သန်း (ရပ်စောက်မြို့) အဖွဲ့ဝင်
၉။ ဦးညွှန့်လှိုင် (နောင်ချိုမြို့) အဖွဲ့ဝင်
၁၀။ ဦးအောင်ကျော် (နောင်ချိုမြို့) အဖွဲ့ဝင်
၁၁။ ဦးဝင်းတင် (တောင်ကြီးမြို့) အဖွဲ့ဝင်
၁၂။ ဦးမောင်မောင်စိုး (ဟဲဟိုးမြို့) အဖွဲ့ဝင်
၁၃။ ဦးချစ်တိုး (ရန်ကုန်မြို့) အဖွဲ့ဝင်
၁၄။ ဦးအောင်ကြိုင် (ရန်ကုန်မြို့) အဖွဲ့ဝင်
၁၅။ ဒေါ်စန်းစန်းဌေး (ကျောက်မဲမြို့) အဖွဲ့ဝင်

**တတိယအကြိမ်အစည်းအဝေး (၁၀.၆.၂၀၁၇)**

ကျန်ခဲ့သည့်ကျေးရွာကိုယ်စားလှယ်များမပါမရှိရလေအောင် စနစ်တကျ ရွေးချယ်ရန်၊ ဆက်စပ်မြို့နယ်များမှ ကျေးရွာကိုယ်စားလှယ်များ ရွေးချယ်ရန်၊ အလှူကောက်ခံရေးတာဝန်ခွဲရန်၊ ပင်းတယ KBZ၌ ဘဏ် account ဖွင့်ရန်၊ ရက်ရွေးချယ်ရန်၊ မူ(၅)ချက်အပြင် အခြားအကြောင်းအရာ များထည့်၊ မထည့်၊ သံဃာတော်များ ပါဝင်မှုအခန်းကဏ္ဍ၊ ညီလာခံတွင် ဗဟိုကော်မတီဝင်များ ပါဝင်မှုကိစ္စများ ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။

**စတုတ္ထအကြိမ်အစည်းအဝေး (၂၇.၇.၂၀၁၇)**

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကိစ္စ ဆွေးနွေးခဲ့ရာ ဓနုအမျိုးသား ညီလာခံပြီးမှ ဆက်လက်အကောင်အထည်ဖော်သွားရန်၊ အလှူခံဖြတ်ပိုင်းစာအုပ်များရိုက်နှိပ်ပြီးစီးခဲ့ပြီဖြစ်၍ မြို့နယ်(၈)မြို့နယ်သို့ဖြန့်ဝေရန်၊ ရန်ပုံငွေရရှိရေးအတွက် ပြက္ခဒိန်ထုတ်ဝေရန် ကနဦးသဘောတူညီမှု ရရှိခဲ့ပါသည်။ (၂၆.၁၁.၂၀၁၇)ရက်နေ့ကို ကလောမြို့နယ်မှ ဦးမောင်မောင်က ရက်ကောင်း

နေ့သာရွေးပေးပြီး အတည်ပြုနိုင်ခဲ့သည်။ ဘဏ္ဍာရေး၊ ပြန်ကြားရေး၊ ဧည့်ခံကြိုဆိုရေး၊ အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီများ အသီးသီး ဖွဲ့စည်းသွားနိုင်ရန် တင်ပြဆွေးနွေးခဲ့ကြသည်။

**ပဉ္စမအကြိမ်အစည်းအဝေး (၂၇.၈.၂၀၁၇)**

ညီလာခံ၌တင်သွင်းမည့်ကိစ္စများအား မြို့နယ်အသီးသီးမှ အဆင်သင့်ပြုလုပ်ထားကြရန်၊ ပြက္ခဒိန်ထုတ်ဝေရန်၊ ပန်းဖလက်လိုအပ်၍ ထပ်မံရိုက်နှိပ်ရန်၊ ဆက်စပ်မြို့နယ်များသို့ ကိုယ်စားလှယ်စာရင်းကောက်ယူရန်၊ အလှူငွေထည့်ဝင်မှုဆိုင်ရာများ အသီးသီးဆွေးနွေးကြသည်။ ဒေသဦးစီးဥက္ကဋ္ဌမှ ကြော်ငြာပန်းဖလက်ကျသင့်ငွေကို ထည့်ဝင်လှူဒါန်းပေးပြီး မန္တလေး၊ မိုးကုတ်၊ ပင်လောင်း၊ မြို့နယ်အတွင်းရှိ ဓနုတိုင်းရင်းသားကိုယ်စားလှယ်စာရင်းရယူနိုင်ရန် ကလောမြို့နယ်မှတာဝန်ယူခဲ့သည်။ အဆိုပါခရီးစဉ်သို့ ဦးမင်းလွင်ဦး၊ ဦးမောင်မောင်၊ ဦးစိုးသိန်း၊ ဦးဝင်းခိုင်တို့က မိမိ၏စရိတ်များဖြင့် သွားရောက်ခဲ့ပါသည်။ နောင်ချိုမြို့နယ်အတွက် ရွာငံမြို့နယ်က တာဝန်ယူခဲ့သည်။ ပြက္ခဒိန်အတွက် မ,တည်ငွေအဖြစ် ဒေသဦးစီးအဖွဲ့မှ သိန်း(၄၀)မ,တည်ပေးခဲ့သည်။

**ဆဋ္ဌမအကြိမ်အစည်းအဝေး (၂၄.၉.၂၀၁၇)**

မြို့နယ်အသီးသီးမှ မြို့နယ်ညီလာခံများကျင်းပ၍ ဘုံသဘောထားရယူရန်၊ ထို့နောက် စာတမ်းပြုစုကာ ကျင်းပရေးဗဟိုကော်မတီသို့ ပေးပို့ရန်၊ မြို့နယ်အသီးသီး၏တင်ပြမှုကြောင့် ညီလာခံကိုယ်စားလှယ်များကို (၈၀၀) ဦးတိတိ သတ်မှတ်ရာတွင် ဓနုမြို့နယ်ကြီး(၅)မြို့နယ်မှ (၁၂၀)ဦးစီယူပြီး ကျန်(၃)မြို့နယ်ကိုတိုင်းတာ၍ ခွဲတမ်းချခဲ့သည်။ လေ့လာသူကို (၂၀၀) ဦး

သတ်မှတ်ခဲ့သည်။ ဇဟိုညီလာခံအတွင်း အဖွဲ့ချုပ် အဖွဲ့ဝင်ဖွဲ့စည်းရန်နှင့် ကိုယ်စားလှယ်(၈)ဦးကျစီ အမည်စာရင်းတင်သွင်းရန် ဆွေးနွေးခဲ့သည်။

**သတ္တမအကြိမ်မြောက် အစည်းအဝေး (၂၈.၁၀.၂၀၁၇)**

မီဒီယာများဖိတ်ကြားမှုအခြေအနေ၊ ဖိတ်စာနှင့်ဧည့်သည်တော်များ ဖိတ်ကြားရန် ဖိတ်စာရိုက်နှိပ်မှုအခြေအနေ၊ မဲစာရင်းစာရွက်များ ကြိုတင်ရိုက်နှိပ်ထားမှုအခြေအနေ၊ ကိုယ်စားလှယ် (၆၄)ဦးမှ ညီလာခံအပြီး 'အသင်းအဖွဲ့စည်းမျဉ်း' ရေးဆွဲရန် အစရှိသည်များ ဆွေးနွေးခဲ့သည်။ တဆက်တည်းတွင် ဘဏ္ဍာရေးဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ ပြန်ကြားရေးနှင့် မှတ်တမ်းတင်ရေးဆပ်ကော်မတီ၊ မဲစိစစ်ရွေးချယ်ရေးဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ၊ တည်းခိုရေး၊ သယ်ယူပို့ဆောင်ရေးဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ စာရင်းစစ်ဆေးရေးဆပ်ကော်မတီနှင့် ဖိတ်ကြားရေး၊ ပြန်ကြားရေးဆပ်ကော်မတီများကို ဖွဲ့စည်းနိုင်ခဲ့သည်။

အထက်ပါအစည်းအဝေး (၇)ကြိမ်လုံးကို ပင်းတယမြို့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးရုံးတွင် ကျင်းပပြုလုပ်ခဲ့ပြီး နေ့လယ်စာနှင့် နံနက်၊ မွန်းလွဲပိုင်း လက်ဖက်ရည်ဧည့်ခံမှုများကို ဒေသဦးစီးအဖွဲ့မှ တာဝန်ယူကျွေးမွေးပေးခဲ့ပါသည်။

**ဆပ်ကော်မတီအစည်းအဝေး (မြစ်ဖျားဇော်ဂျီဟိုတယ်) (၅.၁၁.၂၀၁၇)**

လုပ်ငန်းပြီးစီးမှုအခြေအနေများ စုစည်းတင်ပြခြင်း၊ ပင်းတယဒေသမှ တာဝန်ခွဲဝေမှုများကို စုစည်းတင်ပြခြင်း၊ ဗီဒီယိုမှတ်တမ်းတင်ကိစ္စနှင့် ဓါတ်ပုံရိုက်ကူးရေးကိစ္စများ ဆွေးနွေးအတည်ပြုခဲ့ကြသည်။

**ဓနုအမျိုးသားညီလာခံစတင်ကျင်းပခြင်း (၂၆.၁၁.၂၀၁၇ )**

ညီလာခံသို့တက်ရောက်ခွင့် ရရှိခဲ့ကြသည့် မြို့နယ်အသီးသီးမှ ကိုယ်စားလှယ်တော်များသည် နိုဝင်ဘာ(၂၅)ရက်နေ့ကတည်းက ပင်းတယမြို့သို့ရောက်ရှိခဲ့ကြပါသည်။

နိုဝင်ဘာ (၂၆)ရက် ပင်းတယမြို့နယ် ဓမ္မာရုံတွင်မြို့နယ်ပေါင်းစုံမှ ညီလာခံသို့ တက်ရောက်တော်မူလာကြကုန်သော သြဝါဒါစရိယဆရာတော်များအား အရဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ထို့နောက် ပင်းတယမြို့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသခန်းမတွင် သြဝါဒါစရိယ ဆရာတော်ကြီးများအား သြကာသကန်တော့ချီးဖြင့် ညီညာဖြဖြ ကန်တော့ကြပြီး ငါးပါးသီလခံယူဆောက်တည်ခဲ့ကြသည်။ တိပိဋကဓရ တိပိဋကကောဝိဒ ဘဒ္ဒန္တဝီရိယာနန္ဒ တိပိဋကကမ္ဘောဇဆရာတော်ဘုရားကြီးက ညီညွတ်ရေးသြဝါဒစကား မိန့်ကြားခဲ့ပါသည်။ အောင်ပန်းမြို့ မြို့မပြင်သာကျောင်းတိုက်ဆရာတော်မှ ညီလာခံအကြံပြုစာတမ်းဖတ်ကြားပြီး တောင်ကြီးမြို့ ဓမ္မသုခကျောင်းဆရာတော်မှ ဝမ်းမြောက်ကြောင်းသြဝါဒစကား မိန့်ကြားခဲ့သည်။ ပြီးလျှင် ကိုယ်စားလှယ်တော်များ နံနက်စာထမင်းဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြသည်။

ထို့နောက် ပင်းတယမြို့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသခန်းမကြီးတွင် နံနက်(၁၀)နာရီတိတိ ဓနုအမျိုးသားညီလာခံကြီး စတင်ခဲ့သည်။ အခမ်းအနားမှူးမှ အခမ်းအနားဖွင့်လှစ်ကြောင်း ကြေညာပြီးနောက် -

၁။ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌမှ ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

၂။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်မှပေးပို့သော သဝဏ်လွှာကို ဒေါ်မမလေး (အမျိုးသားလွှတ်တော်ကိုယ်စားလှယ်) က ဖတ်ကြားခဲ့သည်။

၃။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းမှ ပေးပို့သောသဝဏ်လွှာကို ဦးသန်းထိုက် (ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ကလောမြို့နယ်)မှ ဖတ်ကြားခဲ့သည်။

၄။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်မှပေးပို့သော သဝဏ်လွှာကို ဦးစိုးမြင့် (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပင်းတယမြို့)မှ ဖတ်ကြားခဲ့သည်။

၅။ တိုင်းရင်းသားရေးရာဝန်ကြီး နိုင်သက်လွင်မှပေးပို့သော သဝဏ်လွှာကို ဦးအေးမင်းစိုး (ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရွာငံမြို့)မှ ဖတ်ကြားခဲ့သည်။

၆။ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝင်းမင်းထွန်းမှ အမှာစကားပြောကြားသည်။

၇။ ရှမ်းပြည်နယ်လွှတ်တော် ဒု-ဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်မှ အမှာစကားပြောကြားပြီး စုပေါင်းအမှတ်တရဓာတ်ပုံများ ရိုက်ခဲ့ကြသည်။ ထို့နောက်နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြပါသည်။

အခမ်းအနားနေ့လယ်ပိုင်း အစီအစဉ်တွင် မြို့နယ်အသီးသီးမှ ရွေးချယ်ပေးခဲ့ကြသော သဘာပတိ(၈)ဦးဖြစ်သည့် ဦးညီလေးချမ်း (ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်)၊ ဦးမြမောင်(ပင်းတယ)၊ ဦးမောင်အုန်း(ရပ်စောက်)၊ ဦးချိန်ကြီး (နောင်ချို)၊ ဦးသက်ရှည်(ရွာငံ)၊ ဦးစိုးညွန့်(ရန်ကုန်)၊ ဦးညိုစိမ့် (အောင်ပန်း)၊ ဒေါ်ရွှေရွှေ(ကျောက်မဲ)တို့က နေရာယူပြီးအလှည့်ကျ သဘာပတိ မိန့်ခွန်းပြောကြားခဲ့သည်။

**ဓနုအမျိုးသားအလံ ရွေးချယ်အတည်ပြုခြင်း**

ကလောမြို့နယ် (၆၈)မဲ ရွာငံ/ပင်းတယမြို့နယ် (၂၄)မဲ၊ နောင်ချိုမြို့နယ် (၁၀၅)မဲ ၊ ရန်ကုန်ဒေသ (၂၇) မဲ မှ အလံသစ်ဒီဇိုင်းများရေးဆွဲပြီး

မူလအလံဟောင်းဒီဇိုင်းကို ရပ်စောက်မြို့နယ်မှတင်သွင်း မဲခွဲဆုံးဖြတ်ခဲ့ကြသည်။ မူလအလံဟောင်းဖြစ်သော အပေါ်အပြာခံ၊ အောက်အဝါခံ၊ အလယ်တွင် ရှစ်မြှောင့်ကြယ်ဖြူအလံက (၃၀၄ -မဲ)ဖြင့်အများဆုံးရရှိပြီး ဓနုတိုင်းရင်းသား များအသုံးပြုရန် အလံတော်ကို ဘုံသဘောတူညီမှုဖြင့် သတ်မှတ်နိုင်ခဲ့ပါသည်။ စိစစ်ရွေးချယ်ရေးအဖွဲ့၏ စိစစ်မှုနှင့် သဘာပတိအဖွဲ့၏ အတည်ပြုချက်ရယူပြီး နောက်အများသဘောတူ သတ်မှတ်ထားသော ဓနုအမျိုးသားအလံကို သဘာပတိအဖွဲ့မှ အတည်ပြုဖတ်ကြားပေးခဲ့ပါသည်။

**ဓနုအမျိုးသားသီချင်း ရွေးချယ်အတည်ပြုခြင်း**

ဓနုအမျိုးသားသီချင်း ပေါ်ပေါက်ရန်အတွက် ကလောမြို့နယ် (၁၃၉-မဲ)၊ တောင်ကြီးမြို့နယ် (၁၄၃-မဲ)၊ နောင်ချိုမြို့နယ် (၂၄၆ -မဲ)၊ ပင်းတယမြို့နယ် (၄၆ -မဲ)၊ ရွာငံမြို့နယ်(၂၁-မဲ)၊ ရန်ကုန်ဒေသ (၉၁-မဲ) နှင့် ရပ်စောက်မြို့နယ် (၆၀-မဲ)များက စပ်ဆိုတင်သွင်းခဲ့ကြသည်။ တက် ရောက်လာသော ညီလာခံကိုယ်စားလှယ်များက သီချင်းအသီးသီးကိုဖွင့်ဆို၊ နားဆင်ခဲ့ကြပြီး မဲခွဲဆုံးဖြတ်ခဲ့ရာ နောင်ချိုမြို့နယ်မှ တင်သွင်းသော အမျိုး သားသီချင်းကို (၂၄၆)မဲဖြင့် အများဆုံး ရွေးချယ်ပေးခဲ့ကြပါသည်။ထို့နောက် မဲစိစစ်ရွေးချယ်ရေးအဖွဲ့၏ အတည်ပြုချက်ကို သဘာပတိအဖွဲ့မှ အတည်ပြု ဖတ်ကြားပေးနိုင်ခဲ့သည်။

**ဓနုအမျိုးသားနေ့ ရွေးချယ်အတည်ပြုခြင်း**

ဓနုအမျိုးသားနေ့ ပေါ်ပေါက်လာရန်အတွက် (၁)မြန်မာနိုင်ငံတော် ၏ ၁၄ ပါးမြောက်၊ ရှမ်းပြည်နယ်၏ တစ်ပါးတည်းသော ဓနုတိုင်းရင်းသား တိပိဋကဓရ တိပိဋကကောဝိဒ ဘဒ္ဒန္တဝီရိယာနန္ဒ (ကမ္ဘောဇဆရာတော်) ဘွဲ့တံဆိပ်ဆပ်ကပ် လျှုဒါန်းခံရသောနေ့ တပို့တွဲလဆန်း(၁)ရက်နေ့ကို ကလော

မြို့နယ်နှင့် နောင်ချိုမြို့နယ်က တင်သွင်းခဲ့ကြသည်။ ၂၂၆-မဲ (၂)ခနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖြစ်ပေါ်လာစေရန် ၁၉၉၄ အမျိုးသားညီလာခံ၌ စတင်အဆိုတင်သွင်းခဲ့သောနေ့ တပေါင်းလဆန်း(၁၂)ရက်နေ့ကို ရပ်စောက်မြို့နယ်က တင်သွင်းခဲ့ကြသည်။ ၁၂၆-မဲ (၃) ခနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသပင်းတယမြို့၌ တပျော်တပါးစတင်ကျင်းပခဲ့သောနေ့ တပေါင်းလဆန်း(၁၄) ရက်နေ့ကို ရန်ကုန်တိုင်းဒေသက အဆိုတင်သွင်းခဲ့ကြသည်။ ၂၃-မဲ (၄)ခနတိုင်းရင်းသားများသမိုင်းတစ်လျှောက် အမျိုးသားညီလာခံကို ပထမအကြိမ်အဖြစ် စတင်ကျင်းပနိုင်ခဲ့သောနေ့ ခနတိုင်းရင်းသားရေးရာ အဖွဲ့ချုပ်စတင်ပေါ်ပေါက်လာခဲ့သော ခနအမျိုးသားများဆုံစည်းရာနေ့ နတ်တော်လဆန်း(၈)ရက်နေ့ကို ပင်းတယ၊ ရွာငံမြို့နယ်တို့က အဆိုတင် သွင်းခဲ့ကြသည်။ ၃၁၆-မဲ။

ထို့ကြောင့် နတ်တော်လဆန်း (၈) ရက်နေ့ကို ခနအမျိုးသားနေ့အဖြစ်သတ်မှတ်နိုင်ခဲ့ကြပြီး မဲစိစစ်ရေးအဖွဲ့၏ အတည်ပြုချက်ကို သဘာပတိအဖွဲ့မှအတည်ပြုကြောင်း ဖတ်ကြားပေးခဲ့သည်။

**ခနတိုင်းရင်းသားများ၏ ဦးဆောင်ဦးရွက်ပြုမည့် အဖွဲ့အစည်းသတ်မှတ်ခြင်း**

ခနတိုင်းရင်းသားများ၏ ဦးဆောင်အဖွဲ့အမည်ကို 'ခနတိုင်းရင်းသားရေးရာအဖွဲ့ချုပ်'ဟု တက်ရောက်လာကြသော ညီလာခံကိုယ်စားလှယ်များက တင်သွင်းခဲ့ကြသည်။

ထို့နောက် ဩဝါဒါစရိယ ဆရာတော်များ၏ ဘွဲ့တော်စာရင်းများ၊ နာယကအဖွဲ့အမည်စာရင်းများ၊ ခနတိုင်းရင်းသားရေးရာအဖွဲ့ချုပ် ဗဟိုကော်မတီဝင်နှင့်ဗဟိုအလုပ်အမှုဆောင် စာရင်းများတင်သွင်းခဲ့သည်။

**မနုတိုင်းရင်းသားရေးရာအဖွဲ့ချုပ်၏ ဩဝါဒါစရိယဆရာတော်များ**

| | |
|---|---|
| ၁။ ဘဒ္ဒန္တနန္ဒာသိရီ | (မြို့မပြင်သာကျောင်းတိုက်၊ အောင်ပန်းမြို့၊ ကလောမြို့နယ်) |
| ဘဒ္ဒန္တကောဝိဒ | (လေသာကျောင်းတိုက်၊ ဟဲဟိုးမြို့၊ ကလောမြို့နယ်) |
| ဘဒ္ဒန္တဥတ္တမသာရ | (မနုရတနာကျောင်းတိုက်၊ ကလောမြို့၊ ကလောမြို့နယ်) |
| ၂။ ဘဒ္ဒန္တနိပုဏ | (အဝေရာဝါသကျောင်းတိုက်၊ ကျောက်မဲမြို့) |
| ဘဒ္ဒန္တဥက္ကဋ္ဌ | (စိန်ကျောက်တောင်ကျောင်းတိုက်၊ ကျောက်မဲမြို့) |
| ၃။ ဘဒ္ဒန္တဇဋိလ | (ကုန်းလှိုင်ပရိယတ္တိစာသင်တိုက်၊ ညောင်ရွှေမြို့) |
| ဘဒ္ဒန္တသိရိန္ဒ | (ဟိုနားကျောင်းတိုက်၊ တောင်ကြီးမြို့နယ်) |
| ၄။ ဘဒ္ဒန္တတေဇိဿရ | (မဲပုတ်ကျောင်းတိုက်၊ နောင်ချိုမြို့နယ်) |
| ဘဒ္ဒန္တဥေယျဓမ္မ | (အနောက်ကြူအင်းကျောင်းတိုက်၊ နောင်ချိုမြို့နယ်) |
| ဘဒ္ဒန္တသုစိတ္တ | (အင်းဖိုကျောင်းတိုက်၊ နောင်ချိုမြို့နယ်) |
| ဘဒ္ဒန္တ ဝိဇုမ | (နောင်ဩကျောင်းတိုက်၊ နောင်ချိုမြို့နယ်) |
| ၅။ ဘဒ္ဒန္တ စန္ဒောဘာသ | (ရှာငယ်ကျောင်းတိုက်၊ ပင်းတယမြို့) |
| ဘဒ္ဒန္တဝိစ္ဆာနန္ဒ | (ဂန္ထဝါစကပဏ္ဍိတ)(ကန်ထောင့်ကျောင်းတိုက်၊ ပင်းတယမြို့) |
| ၆။ ဘဒ္ဒန္တဓောတိပါလ | (ပွေးလှကမ္ဘာအေးကျောင်း၊ ရန်ကုန်မြို့) |
| ဘဒ္ဒန္တသုနန္ဒ | (အောင်ရတနာသိမ်ကုန်းကျောင်းတိုက်၊ ရန်ကုန်မြို့) |
| ၇။ ဘဒ္ဒန္တဝိလာသ | (တောင်ဖီလာကျောင်းတိုက်၊ ရပ်စောက်မြို့) |
| ဘဒ္ဒန္တဓမ္မပီယ | (ဈေးတန်းကျောင်းတိုက်၊ ရပ်စောက်မြို့) |

| | |
|---|---|
| ဘဒ္ဒန္တအာစာရ | (ဥတ္တရာရုံကျောင်းတိုက်၊ ကျောက်ဂူ၊ ရပ်စောက်မြို့နယ်) |
| ဘဒ္ဒန္တနန္ဒဝံသ | (ဆီဆုံကျောင်းတိုက်၊ ရပ်စောက်မြို့နယ်) |
| ဘဒ္ဒန္တစန္ဒိမာ | (ပန်းပုံကျောင်းတိုက်၊ ကောင်းဘို့ရွာ၊ ရပ်စောက်မြို့နယ်) |
| ၈။ ဘဒ္ဒန္တသာသန | (ရွှေပေါက္ကျွန်းကျောင်းတိုက်၊ ရှာင်မြို့ ) |
| ဘဒ္ဒန္တမာနိတ | (နဘန်းကြီးကျောင်းတိုက်၊ ရှာင်မြို့နယ်) |
| ဘဒ္ဒန္တဝါရိန္ဒာစာရ | (ဝန်ခဲကျောင်းတိုက်၊ ရှာင်မြို့နယ်) |
| ဘဒ္ဒန္တဥတ္တရ | (မြို့ဦးမင်္ဂလာကျောင်းတိုက်၊ ရှာင်မြို့) |

**နာယကအဖွဲ့၏အမည်စာရင်း**

၁။ ဦးညိုစိမ့်(အောင်ပန်း)၊ ဦးတင်စိုး(ဘော်ဆိုင်း)၊ ကလောမြို့နယ်။

၂။ ဒေါ်ထွေးစုရီ ကျောက်မဲမြို့နယ်။

၃။ ဦးသန့်စင်(ကျောင်းကြီးစု)၊ ဒေါက်တာမေရီသိန်း(ကန်ရှေ့) တောင်ကြီးမြို့နယ်။

၄။ ဦးချစ်တင်(တောင်ရပ်ကွက်)၊ ဦးချိန်ကြီး(ကံကြီး) နောင်ချိုမြို့နယ်။

၅။ ဦးမြမောင်(ဆူးဗိုလ်ကုန်း)၊ ဦးစန်းမောင်(ဆူးဗိုလ်ကုန်း)ပင်းတယမြို့နယ်။

၆။ ဦးစိုးညွန့်(မရမ်းကုန်း)၊ ဦးအောင်ကြိုင်(လှိုင်) ရန်ကုန်မြို့။

၇။ ဦးမျိုးမြင့်(အလယ်ချောင်)ရပ်စောက်မြို့နယ်။

၈။ ဦးလှထွန်း(မြိုင်)၊ ဦးသက်ရှည်(ရေဦးကျောက်မြောင်း) ရှာင်မြို့နယ်။

**မနေတိုင်းရင်းသားရေးရာအဖွဲ့ချုပ်၏ ဗဟိုကော်မတီဝင်စာရင်း**

၁။ ဦးမင်းလွင်ဦး(အောင်ပန်း)၊ ဦးမောင်မောင်(အောင်ပန်း)၊ ဦးမျိုးသိန်း (ကလော)၊

ဒေါ်ခင်ထွေးရီ(ကလော)၊ ဦးမောင်မောင်စိုး(ဟဲဟိုး)၊ ဦးအောင်မြင့်ဦး (ဟဲဟိုး)၊ ဦးဝင်းခိုင်(ဘော်ဆိုင်း)၊ ဦးဇော်တင်(ဘော်ဆိုင်း)ကလောမြို့နယ်။

၂။ ဒေါ်စန်းစန်းဌေး(ကျောက်မဲ)၊ ဒေါ်ဌေးဌေး(မန္တလေး)၊ ဒေါ်ခင်လေး (ကျောက်မဲ)၊ ဒေါက်တာညီညီအောင်(ရန်ကုန်) ကျောက်မဲမြို့နယ်။

၃။ ဦးဝင်းဝဏ္ဏဝင်း(မင်္ဂလာဦး)၊ ဦးစိုးအောင်(စဝ်စံထွန်း)၊ ဦးဝင်းတင် (အေးသာယာ)၊ ဦးစိုးငွေ (ကန်ရှေ့)၊ ဒေါ်ခင်မြကြီး (ကျောင်းကြီးစု)၊ ဒေါ်ဝါဝါကြည် (ကန်ရှေ့)၊ ဦးမြင့်ဆွေ (ကျောက်နီ) တောင်ကြီးမြို့နယ်။

၄။ ဦးညွန့်လှိုင်(နောင်ချို)၊ ဦးအောင်ကျော် (မျက်ချင်းနု)၊ ဦးမြင့်ဝေ (ရွှေမုဋ္ဌော)၊ ဦးဝင်းမြင့် (ဘူတာရပ်)၊ ဦးကျော်မြင့် (ရွှေညောင်ပင်)၊ ဦးဝင်းနိုင်လင်း (ဟိုခို)၊ ဦးဖြိုးဇင်ဦး (မဲပုတ်)၊ ဦးခင်မောင်ကျော် (သရက်ကုန်း) နောင်ချိုမြို့နယ်။

၅။ ဦးနေမျိုးကျော်(ဟော်ကုန်း)၊ ဦးဝဏ္ဏသိန်း(ဟော်ကုန်း)၊ ဦးထိန်လင်း (ဆူးဗိုလ်ကုန်း)၊ ဦးစိုးနိုင်(ရွာသစ်)၊ ဦးတင်ကိုကြီး(ရှမ်းရပ်)၊ ဦးခင်မောင်ရွှေ (ဆူးဗိုလ်ကုန်း)၊ ဦးမျိုးညွန့်(ပွေးလှ)၊ ဒေါ်နန်းသရဖူတင့်(ဆင်ခေါင်း) ပင်းတယမြို့နယ်။

၆။ ဦးကံညွန့်လှိုင်(လှိုင်) ၊ ဦးဗိုလ်ဟိန်း (လှိုင်သာယာ)၊ ဒေါ်သိန်းမြင့်ကြည် (လမ်းမတော်)၊ ဒေါက်တာဦးမောင်မောင်မြင့် (လှိုင်) ရန်ကုန်မြို့။

၇။ ဦးဘမော်(ကောင်းဘို)၊ ဦးမောင်မောင်စိန်(ဈေးတန်း)၊ ဦးကျော်ဇော (ဈေးတန်း)၊ ဦးသိန်းအောင်(ဥတ္တံတားကန်)၊ ဦးသန်းဖေ(မြို့ကုန်း)၊ ဦးချစ်သောင်း (ဈေးတန်း)၊ ဒေါ်တင်တင်နွဲ့(တောင်ကွက်သစ်)၊ ဦးအောင်သန်း(ဈေးတန်း)ရပ်စောက်မြို့နယ်။

၈။ ဦးစိုင်းဝဏ္ဏ(အလယ်ချောင်)၊ ဦးဝိုင်းဗိုလ်(မြို့ကြီး)၊ ဦးဌေးအောင်(ကဇက်)၊ ဒေါ်စုစုအေး(ရွာငံ)၊ ဒေါ်ဥမ္မာအေး (တလပြင်)၊ ဦးမောင်နု(တပ်ကုန်း)၊ ဦးမောင်ဆိုင်(မြင်းကျဒိုး)၊ ဦးဘအောင်(ယကြီး)ရွာငံမြို့နယ်။

**ဓနုအမျိုးသားညီလာခံ ဒုတိယနေ့ကျင်းပခြင်း (၂၇.၁၁.၂၀၁၇ )**

နံနက်(၉)နာရီတွင် အခမ်းအနားဖွင့်လှစ်ကြောင်း ကြေညာခဲ့သည်။ ယမန်နေ့က အတည်ပြုဆုံးဖြတ်ခဲ့သော ဓနုအမျိုးသားအလံနှင့် နိုင်ငံတော်အလံ လွှင့်တင်ခြင်း အခမ်းအနားကို ကျင်းပခဲ့ပါသည်။ ခန်းမအတွင်းနေရာပြန်ယူခဲ့ကြသည်။ သဘာပတိအဖွဲ့ဝင်များဖြစ်ကြသော ဦးအေးမင်းစိုး (ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်)၊ ဦးစန်းမောင်(ပင်းတယ)၊ ဦးကျော်ညွန့် (ရပ်စောက်)၊ ဦးချစ်တင်(နောင်ချို)၊ ဦးတင်စိုး(ဘော်ဆိုင်း)၊ ဦးအောင်ကြိုင်(ရန်ကုန်)၊ ဦးလှထွန်း(ရှာင်)တို့က တာဝန်ယူခဲ့ကြပြီး အလှည့်ကျသဘာပတိ ဦးအေးမင်းစိုးက အဖွင့်မိန့်ခွန်းပြောကြားခဲ့သည်။

**ဓနုအမျိုးသားဝတ်စုံရွေးချယ်အတည်ပြုသတ်မှတ်ခြင်း**

ဓနုအမျိုးသားဝတ်စုံ (ပွဲတက်ဝတ်စုံ) အတည်တကျ သတ်မှတ်နိုင်ရေးအတွက် ဓနုမြို့နယ်(၇)မြို့နယ်မှ အဆိုတင်သွင်းခဲ့ကြသည်။ မဲခွဲအတည်ပြုသတ်မှတ်ခဲ့ရာတွင် ကလောမြို့နယ်မှ (၁၀၃-မဲ)၊ တောင်ကြီးမြို့နယ် (၃၁-မဲ)၊ ပင်းတယမြို့နယ် (၁၇၅-မဲ)၊ နောင်ချိုမြို့နယ် (၁၁၆-မဲ)၊ ရှာင်မြို့နယ် (၁၃၆-မဲ)၊ ရပ်စောက်မြို့နယ် (၁၂၆-မဲ)၊ ရန်ကုန်ဒေသ (၅၆-မဲ) အသီးသီး ဆန္ဒပြုခဲ့ကြပြီး ပင်းတယမြို့နယ်မှ တင်သွင်းသော ဓနုအမျိုးသား (ပွဲတက်) ဝတ်စုံကို အတည်ပြုနိုင်ခဲ့သည်။

မဲစိစစ်ရေးအဖွဲ့များ၏ အတည်ပြုမှုအား သဘာပတိအဖွဲ့က ထပ်မံအတည်ပြု ကြေညာပေးခဲ့ပါသည်။

**ဓနုအမျိုးသမီးဝတ်စုံအတည်ပြုသတ်မှတ်ခြင်း**

ဓနုအမျိုးသမီး (ပွဲတက်ဝတ်စုံ) အတည်တကျ သတ်မှတ်နိုင်ရေးအတွက် ဓနုမြို့နယ် (၈)မြို့နယ်မှ အဆိုတင်သွင်းခဲ့ကြပါသည်။ ကလောမြို့နယ်နှင့်

ရပ်စောက်မြို့နယ် (၂၄၇-မဲ)၊ ကျောက်မဲမြို့နယ် (၁၇-မဲ) ၊ ရန်ကုန်ဒေသနှင့် တောင်ကြီးမြို့နယ် (၁၇၃-မဲ)၊ ပင်းတယမြို့နယ် (၆၃-မဲ)၊ ရွာငံမြို့နယ် (၂၀၃-မဲ)၊ နောင်ချိုမြို့နယ် (၄၀-မဲ) အသီးသီးဖြင့် ဆန္ဒပြုခဲ့ပါသည်။ ကလောမြို့နယ်နှင့် ရပ်စောက်မြို့နယ်တို့မှ တင်သွင်းသော ဓနုအမျိုးသမီးဝတ်စုံအား (၂၄၇-မဲ) ဖြင့်ဆန္ဒပြုခဲ့ကြပြီး အမျိုးသမီးဝတ်စုံကို ရွေးချယ်ခဲ့ကြသည်။ မဲစိစစ်ရေးအဖွဲ့များက အတည်ပြုပေးခဲ့မှုကို သဘာပတိအဖွဲ့က ထပ်မံအတည်ပြုကြေညာပေးခဲ့ကြသည်။

နံနက်ပိုင်းအခမ်းအနားပြီးဆုံးသဖြင့် နေ့လယ်စာ သုံးဆောင်ခဲ့ကြပါသည်။

သဘာပတိအဖွဲ့ဝင်များနေရာယူပြီး ဒုတိယအပိုင်း အခမ်းအနားကို ဆက်လက်ကျင်းပခဲ့ကြပါသည်။ ယမန်နေ့က ဓနုတစ်မျိုးသားလုံးကို ဦးဆောင်ဦးရွက်ပြုမည့် အသင်းအဖွဲ့နာမည်အား 'ဓနုတိုင်းရင်းသားရေးရာအဖွဲ့ချုပ်' (DNAO)ဟု ကန့်ကွက်သူလုံးဝမရှိ အတည်ပြုခဲ့ပြီးဖြစ်သည်။ သို့ပါ၍မြို့နယ်အသီးသီးမှတင်သွင်းသော ဗဟိုကော်မတီဝင်များက ဦးဆောင်အဖွဲ့ အတွက် ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ အတွင်းရေးမှူး၊ တွဲဘက်အတွင်းရေးမှူးများကို မဲပေးရွေးချယ်ပေးခဲ့ကြသည်။ ညီလာခံမှ ရွေးချယ်တင်မြှောက်လိုက်သော 'ဓနုတိုင်းရင်းသားရေးရာအဖွဲ့ချုပ်' ၏ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များကိုလည်း အောက်ပါအတိုင်း ဖွဲ့စည်းခဲ့သည် -

**ဓနုတိုင်းရင်းသားရေးရာအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီ**

| | | | |
|---|---|---|---|
| ၁။ | ဦးဝဏ္ဏဝင်း | (တောင်ကြီးမြို့နယ်) | ဥက္ကဋ္ဌ |
| ၂။ | ဦးနေမျိုးကျော် | (ပင်းတယမြို့နယ်) | ဒု-ဥက္ကဋ္ဌ |
| ၃။ | ဦးမင်းလွင်ဦး | (ကလောမြို့နယ်) | အတွင်းရေးမှူး |
| ၄။ | ဦးစိုင်းဝဏ္ဏ | (ရွာငံမြို့နယ်) | တွဲဘက်အတွင်းရေးမှူး |

| | | |
|---|---|---|
| ၅။ ဦးဝဏ္ဏသိန်း | (ပင်းတယမြို့နယ်) | ဘဏ္ဍာရေးမှူး |
| ၆။ ဦးမောင်မောင်စိုး | (ကလောမြို့နယ်) | ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် |
| ၇။ ဒေါ်စန်းစန်းဌွေး | (ကျောက်မဲမြို့နယ်) | ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် |
| ၈။ ဒေါ်ဌွေးဌွေး | (ကျောက်မဲမြို့နယ်) | ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် |
| ၉။ ဦးစိုးအောင် | (တောင်ကြီး) | ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် |
| ၁၀။ ဦးအောင်ကျော် | (နောင်ချို) | ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် |
| ၁၁။ ဦးညွှန့်လှိုင် | (နောင်ချို) | ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် |
| ၁၂။ ဦးကံညွှန့်လှိုင် | (ရန်ကုန်ဒေသ) | ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် |
| ၁၃။ ဦးဗိုလ်ဟိန်း | (ရန်ကုန်ဒေသ) | ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် |
| ၁၄။ ဦးဝိုင်းဗိုလ် | (ရွာငံမြို့နယ်) | ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် |
| ၁၅။ ဦးဘမော် | (ရပ်စောက်မြို့နယ်) | ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် |
| ၁၆။ ဦးမောင်မောင်စိန် | (ရပ်စောက်မြို့နယ်) | ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် |

ရန်ကုန်ဒေသမှ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်ဖြစ်သော ဦးချစ်တိုးမှာ ကျန်းမာရေးအခြေအနေကြောင့် ဦးကံညွန့်လှိုင်အား အစားထိုးခန့်အပ်ခဲ့ပါသည်။ ရပ်စောက်မြို့နယ်မှ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်ဖြစ်သော ဦးမောင်မောင်စိန်မှာ တာဝန်များမအားလပ်မှုကြောင့် ဦးအောင်သန်းအား အစားထိုးခန့်အပ်ခဲ့သည်။ ညီလာခံအပြီး (၆)လခန့်တွင် ဦးချစ်တိုး ကွယ်လွန်တိမ်းပါးသွားခဲ့၍ များစွာစိတ်မကောင်းဖြစ်မိပါတော့သည်။ ဗဟိုကော်မတီဝင်များ၏ ဆုံးဖြတ်ချက်အရ ဘဏ္ဍာရေးမှူးအား ဦးဝဏ္ဏသိန်းအား တင်မြှောက်ခဲ့ပါသည်။

ဓနုတိုင်းရင်းသား ရေးရာအဖွဲ့ချုပ်၏ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များကို မဲစိစစ်ရွေးချယ်ရေးအဖွဲ့၏ အတည်ပြုချက်ရယူပြီး သဘာပတိက အတည်ပြုဖတ်ကြားပေးခဲ့ပါသည်။ အလုည့်ကျ သဘာပတိအဖွဲ့ဝင် ဦးအေးမင်းစိုးက ဓနုတိုင်းရင်းသားရေးရာအဖွဲ့ချုပ် ဗဟိုကော်မတီဝင်များနှင့် ညီလာခံကိုယ်စားလှယ်များ၏ အောက်ပါ 'သစ္စာအဓိဋ္ဌာန်' ကို တိုင်တည်ပေးပြီး ညီညီညာညာ သံပြိုင်ဆိုခဲ့ကြသည်။

၁။ ကျွန်ုပ်တို့သည် ဓနုလူမျိုးများ၏ အကျိုးစီးပွားကို ဖွံ့ဖြိုးတိုးတက်အောင် ရှေ့ရှုဆောင်ရွက်ပါမည်။

၂။ ကျွန်ုပ်တို့သည် ဓနုလူမျိုးများ၏ ကိုးကွယ်ရာဘာသာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပါမည်။

၃။ ကျွန်ုပ်တို့သည် ဓနုလူမျိုးများ၏ဂုဏ်သိက္ခာ ထိခိုက်ညှိုးနွမ်းမှုမရှိအောင် ထိန်းသိမ်းဆောင်ရွက်ပါမည်။

၄။ ကျွန်ုပ်တို့သည် တိုင်းရင်းသားအားလုံးနှင့် ငြိမ်းချမ်းချစ်ကြည်မှုကို ဦးထိပ်ပန်ဆင်၍ နိုင်ငံတော်အပေါ် သစ္စာစောင့်သိရိုသေပါမည်။

ထို့နောက် ဓနုတိုင်းရင်းသားရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌမှ အဖွဲ့ချုပ်၏ လက်တလော လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များကို တင်ပြခဲ့သည်။ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌ ဦးအာကာလင်းမှ ဓနုတိုင်းရင်းသားရေးရာ အဖွဲ့ချုပ်ရုံးမြေနေရာအတွက် (၆၀ × ၈၀) ပတ်လည် (၁၀) ကွက် တွဲအား တရားဝင်လွှဲပြောင်းပေးအပ်ခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။ အလှည့်ကျသဘာပတိ ဦးအေးမင်းစိုးမှ နိဂုံးချုပ်စကားပြောကြားခဲ့သည်။ သဘာပတိများ ပြန်လည်ထွက်ခွာပြီးသကာလ ပထမအကြိမ် ဓနုအမျိုးသား ညီလာခံကြီး အောင်မြင်စွာပြီးဆုံးကြောင်း ကြေညာနိုင်ခဲ့သည်။

ဤသို့ဖြင့် ဓနုတိုင်းရင်းသားများ သမိုင်းတစ်လျှောက် တစ်ကြိမ်တစ်ခါမျှ ကျင်းပခဲ့ခြင်း မရှိဖူးသေးသော 'ဓနုအမျိုးသားညီလာခံကြီး' ကို မင်္ဂလာရှိစွာ ကျင်းပနိုင်ခဲ့လေသည်။ ထို့နောက် ညီလာခံ၏ ဆုံးဖြတ်ချက်များကိုလည်း အားလုံး ကျေကျေနပ်နပ် လက်ခံခဲ့ကြပါသည်။

ဓနုတိုင်းရင်းသားများ၏ မူလရည်မှန်းချက်ဖြစ်သော တန်းတူညီမျှမှု အခြေခံ၍ အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတွင် အားတက်သရော ပါဝင်လာနိုင်ရုံသာမက ဓနုအမျိုးသားအချင်းချင်း ယခင်ထက်ပို၍ စည်းလုံးညီညွတ်မှု အသွင်သဏ္ဌာန်များကိုလည်း ဆောင်ကျဉ်းပေးနိုင်ခဲ့လေပြီ။

▼ ▼

## ပထမအကြိမ် ဓနုအမျိုးသားညီလာခံကြီး၌ ချမှတ်အတည်ပြုခဲ့သော မူ ( ၅ ) ချက်

### ၁။ ဓနုတိုင်းရင်းသား ရေးရာအဖွဲ့ချုပ်

Danu National Affairs Organizations.

ဓနုတစ်မျိုးသားလုံး၏ ဦးဆောင်ဦးရွက်ပြုမည့် အဖွဲ့အစည်းအမည်သည် ဓနုတိုင်းရင်းသားရေးရာအဖွဲ့ချုပ် DNAO ဖြစ်သည်။

### ၂။ ဓနုအမျိုးသားအလံ

ဓနုအမျိုးသားညီလာခံမှ ရွေးချယ်အတည်ပြုခဲ့သော အမျိုးသားအလံ၏ အဓိပ္ပါယ် ဖွင့်ဆိုချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- အပြာရောင် - တည်ကြည်ခြင်း၊ ငြိမ်းချမ်းခြင်း အဓိပ္ပါယ်ကို ရည်ညွှန်းပြီး ကောင်းကင်ကို ကိုယ်စားပြုကာ မြင့်မားစွာဖြင့် ရပ်တည်နေသော သဘောကို ဆောင်ပါသည်။
- အဝါရောင် - သာသနာရောင်ဝါလွှမ်းခြုံ၍ ထွန်းလင်းပြန့်ပွားခြင်း သဘောကို ရည်ညွှန်းပါသည်။
- အစိမ်းရောင် - စိုက်ပျိုးရေးကို အဓိကထား သက်မွေးကြသော တိုင်းရင်းသားများဖြစ်ရုံမက အမြဲစိမ်းလန်းစိုပြေလျက်ရှိသော နယ်မြေဒေသကို ရည်ညွှန်းပါသည်။
- ကြယ်နီ - အထက်ကောင်းကင်တွင် မြင့်မားစွာဖြင့် ရပ်တည်ပြီး ရဲရင့်ပြတ်သားခြင်းကို ရည်ညွှန်းပါသည်။
- အဖြူရောင် - သန့်ရှင်းဖြူစင်သော ပင်ကိုယ်စိတ်ထားများ ရှိကြသည့် တိုင်းရင်းသားကို ရည်ညွှန်းပါသည်။

ရှစ်မြောင့်ကြယ် - မိမိတို့ တိုင်းရင်းသားများ၏ ကောင်းသော၊ ကြီးမြတ်သော ဂုဏ်သတင်းများကို အရပ်ရှစ်မျက်နှာသို့ ညွှန်ပြနေသည့်သဘောကို ရည်ညွှန်းပါသည်။

အလံအချိုးအစားများမှာ အလျား ၅ ပေ၊ အနံ ၃ ပေ ဖြစ်သည်။ အောက်ခံအပြာရောင် (၁၈) လက်မနှင့် အဝါရောင် (၁၈)လက်မရှိသည်။ အလယ်ကြယ်ပါစက်ဝိုင်း၏ အချင်းမှာ (၁၈)လက်မဖြစ်သည်။ ဤအချိုးအစားအတိုင်း ချုပ်လုပ်ကြရမည်ဖြစ်သည်။

## ၃။ မနအမျိုးသားသီချင်း

(၁)

တို့အဖိုး၊ တို့အဖွား၊ တို့ဘေးများ တို့တည်ထားခဲ့တဲ့ နိုင်ငံတော်
တောင်ပေါ်ရှူခင်း၊ မနသွေးချင်းတို့ နေကြစံပျော်
အောင်လံတော်၊ တလူလူဝင့်၊ လွှင့်တင်ကြစို့ မိဋ္ဌာန်မနော် .....
(ညီကြစေသော်တည်ကြစေနော်) (တည်ကြစေသော်၊ ညီကြစေသော်)
သစ္စာ၊ သိက္ခာ သတ္တိသွေး၊ ရဲသလားမမေးနဲ့ ရဲဆေးမလိုဘူးနော်။

(၂)

အလိုလိုသိတဲ့သွေးနဲ့ ........ ကူညီရိုင်းပင်း လက်ချင်းချိတ်ကာခေါ်
ယဉ်ကျေး၊ ခန့်ညား၊ သာတူညီမျှ သဘောတရားနဲ့
ခေတ်မီဝင့်ကြွား တို့များအောင်လံတော်။
ညီစေနော်၊ ညီစေသော်၊ ညီကြမယ်နော်။
တည်စေနော်၊ တည်စေသော်၊ တည်ကြမယ်နော်။
တည်စေနော်၊ တည်စေသော်၊ တည်ကြမယ်နော်။
ညီစေနော်၊ ညီစေသော်၊ ညီကြမယ်နော်။
မျိုးနွယ်စုများ၊ တစ်ရာ့သုံးဆယ့်ငါး၊

တိုင်းရင်းသား အင်အားထု လွတ်လပ်တဲ့
ညီနောင်စု အောင်မြင်မှု ဓနုအောင်လံတော်။ ။

၄။ **ဓနုအမျိုးသားနေ့**

ဓနုတိုင်းရင်းသားများ သမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် ဓနုအမျိုးသားညီလာခံကြီးကို ညီညီညွတ်ညွတ် အောင်မြင်စွာစတင်ကျင်းပ နိုင်ခဲ့ရုံသာမက၊ ဓနုတစ်မျိုးသားလုံးအတွက် ဦးဆောင်ဦးရွက်ပြုမည့် ဓနု တိုင်းရင်းသားရေးရာအဖွဲ့ချုပ် စတင်ပေါ်ပေါက်လာခဲ့သော နတ်တော်လဆန်း (၈)ရက်နေ့သည် ဓနုအမျိုးသားနေ့ပင်ဖြစ်သည်။

၅။ **ဓနုအမျိုးသားဝတ်စုံနှင့် အမျိုးသမီးဝတ်စုံ**

အမျိုးသားဝတ်စုံမှာ အတွင်းခံရှပ်အင်္ကျီ လည်ကတုံးအဖြူရောင် ဖြစ်သည်။ အပေါ်တိုက်ပုံမှာ ကြယ်သီးနှစ်လုံးတွဲငါးဆင့်ပါပြီး အိတ်ကပ်ကြီး နှစ်လုံးနှင့် အိပ်ကပ်ငယ်နှစ်လုံးပါဝင်သည်။ ကာကီရောင် ၁၈/၁ ဖြစ်သည်။ ဘောင်းဘီမှာလည်း အဆိုပါအရောင်ပင်ဖြစ်သည်။ ခေါင်းပေါင်းနှင့် ခါးစည်း ကြိုးအရောင်မှာ ပန်းရောင်ဖြစ်သည်။

အမျိုးသမီးခေါင်းပေါင်းမှာ အနက်ရောင်ခံရွှေချည်ထိုးဖြစ်သည်။ ခေါင်းပေါင်းကို လည်ဂုတ်နောက်မှပတ်ကာ ရှေ့နဖူးပေါ်တွင် တစ်ဖက်တစ်ချက် ပတ်ခွေပြီး အမောက်ထောင်ထားသည်။ စမြိတ်ကျောဖက်တွင်ကျနေရပါမည်။ အရှည်(၆)ပေဖြစ်သည်။ အမျိုးသမီးအင်္ကျီမှာ အနီရောင်ရင်စေ့ဖြစ်ပြီး ပန်းပါချည်ကြယ်သီး၊ ရင်စိတစ်ဖက်တစ်ချက်တွင် ပန်းပုံဖော်ထားသည်။ ထက်အောက်အစင်းတပ်ဆင်ထားပါသည်။ ဓနုလုံချည်မှာ အနက်ခံပေါ်တွင် ကန့်လန့်ဖြတ်အနီရောင်အစင်းသေး(၃)စင်း အစင်းကြီးတစ်စင်း၊ အစင်းသေး (၇)စင်း၊ အစင်းကြီးတစ်စင်း၊ အစင်းသေး(၃)စင်းထား၍ ချုပ်ရပါမည်။

အနီရောင်အစင်း(၃-၇-၃)ဖြစ်သည်။ အောက်အနားမှ တစ်ပေအကွာ(၃-၇-၃) အစင်းများတပ်ဆင်ထားခြင်းဖြစ်သည်။

▼ ▼

## မနတိုင်းရင်းသားရေးရာအဖွဲ့ချုပ်၏ ညီလာခံအပြီး နောက်ဆက်တွဲ ဆောင်ရွက်ချက်များ

ပထမအကြိမ် မနအမျိုးသားညီလာခံကြီးကို ၂၀၁၇ နိုဝင်ဘာလ(၂၇) ရက်နေ့တွင် အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။ ညီလာခံမှတစ်ဆင့် မနတိုင်းရင်းသားရေးရာအဖွဲ့ချုပ်ကိုလည်း ဖွဲ့စည်းနိုင်ခဲ့သည်။ မနတိုင်းရင်းသားထု တစ်ရပ်လုံးအတွက် အကျိုးပြုလုပ်ငန်းများစနစ်တကျ လုပ်ဆောင်နိုင်ရန် လိုအပ်လာပါသည်။ သို့ပါ၍ ညီလာခံမှအများသဘောတူဖွဲ့စည်းပေးခဲ့သောကော်မတီမှ ဦးဆောင်၍ ဖွဲ့စည်းပုံအခြေခံမူများကို စတင်ရေးဆွဲခဲ့ကြသည်။ ၂၀၁၇ ဒီဇင်ဘာလ (၃၁)ရက်နေ့ ရပ်စောက်မြို့ဈေးတန်းကျောင်း၌ တစ်ကြိမ် အပါအဝင်(၁၅)ရက်တစ်ကြိမ် တွေ့ဆုံခဲ့ကြပြီး ပင်းတယတပေါင်းပွဲမတိုင်မီတွင် အပြီးသတ်ရေးဆွဲနိုင်ခဲ့ကြသည်။

ဤအတောအတွင်း တပေါင်းပွဲဘောလုံးပြိုင်ပွဲကျင်းပခဲ့ရာ ကလောမြို့နယ်က ပထမ၊ တောင်ရိုးလူငယ်က ဒုတိယရရှိခဲ့သည်။ တစ်ဆက်တည်းတွင် ဘော်လီဘောပြိုင်ပွဲများ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲများလည်း ကော်မတီမှ ဦးဆောင်၍ ကျင်းပပေးနိုင်ခဲ့သည်။ ထို့နောက်မြို့နယ်မဗ္ဗာရုံတွင် မနအကသင်တန်းများ၊ အိုးစည်သင်တန်းများလည်း ကျင်းပပေးနိုင်ခဲ့သည်။ ထိုသို့သာမက မနတိုင်းရင်းသားရေးရာအဖွဲ့ချုပ်သို့ ဖိတ်ကြားထားသော သင်တန်းများ၊ ဆွေးနွေးပွဲများကိုလည်း တက်ရောက်စေလွှတ်နိုင်ခဲ့သည်။ နောက်ဆုံး

ဓနုအမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းများအတွက် ဂျပန်နိုင်ငံသို့ နှစ်စဉ်(၆၀)ဦးခန့်စေလွှတ်ရန် ညှိနှိုင်းသဘောတူညီချက်များ စီမံနိုင်ခဲ့ကြသည်။

ဓနုတိုင်းရင်းသားရေးရာအဖွဲ့ချုပ်ကိုလည်း အောက်ခြေအဆင့်ဆင့်မှ အများသဘောတူ ပြန်လည်ဖွဲ့စည်းနိုင်ခဲ့ကြပြီး ၂၀၁၈ စက်တင်ဘာလ(၅)ရက်နေ့တွင် ဗဟိုကော်မတီဖွဲ့စည်းရေးအခမ်းအနားကို အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။ အဖွဲ့ချုပ်သက်တမ်းကို မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲသက်တမ်းအတိုင်းထားရှိပြီးရွေးကောက်ပွဲပြီးတိုင်းအဖွဲ့ချုပ်ကို ပြန်လည်ဖွဲ့စည်းမည်ဟု သဘောတူညီမှုရရှိခဲ့သည်။ သို့သော်လည်း ဥက္ကဋ္ဌအဖွဲ့၊ အတွင်းရေးမှူးအဖွဲ့ သတ်မှတ်ထားသဖြင့် တစ်နှစ်လျှင် ဥက္ကဋ္ဌတစ်ဦးက အလှည့်ကျစနစ်ဖြင့် တာဝန်ယူ၊ တာဝန်ခံသွားကြမည်ဖြစ်သည်။ အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူးအောက်တွင် ဒေါက်တိုင်(၄)တိုင်မှ အတွင်းရေးမှူးတစ်ဦးစီထားပြီး စီမံသွားမည်ဖြစ်သည်။ ထို့ကြောင့် အသစ်ပြန်လည်ဖွဲ့စည်းလိုက်သော ဗဟိုကော်မတီဝင်များမှာ -

**နာယကများ**

ဦးစဝ်အောင်မြတ်၊ ဦးအာကာလင်း၊ ဦးစိုးမြင့်၊ ဒေါ်မမလေး၊ ဦးညီလေးချမ်း၊ ဦးအေးမင်းစိုး၊ ဦးသန်းထိုက်၊ ဦးမြမောင်၊ ဦးအောင်ထွေး (ပင်းတယမြို့နယ်)၊ ဦးလှထွန်း၊ ဦးသက်ရွှေ(ရွာငံမြို့နယ်)၊ ဒေါ်ထွေးရီစု (ကျောက်မဲ၊ သီပေါ မြို့နယ်)၊ ဦးညိုစိမ့်၊ ဦးမောင်မောင်(ကလောမြို့နယ်)၊ ဦးသန့်ဇင်၊ ဒေါက်တာ ဒေါ်မေရီသိန်း(တောင်ကြီးမြို့နယ်)၊ ဦးချစ်တင်၊ ဦးခိုန်ကြီး(နောင်ချိုမြို့နယ်)၊ ဦးရှုမောင်၊ ဒေါက်တာမောင်မောင်မြင့်(ရန်ကုန်)၊ ဦးမောင်အုန်း (ရပ်စောက်မြို့နယ်)

**ဥက္ကဋ္ဌအဖွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဦးဝင်းဝဏ္ဏဝင်း | (တောင်ကြီးမြို့နယ်) | (အလှည့်ကျဥက္ကဋ္ဌ ၂၀၁၉) |
| ၂။ | ဦးနေမျိုးကျော် | (ပင်းတယမြို့နယ်) | (စီးပွားရေးရာအဖွဲ့ ခေါင်းဆောင်) |
| ၃။ | ဦးစိုင်းဝဏ္ဏ | (ရွာငံမြို့နယ်) | (လူမှုရေးရာအဖွဲ့ ခေါင်းဆောင်) |
| ၄။ | ဦးမင်းလွင်ဦး | (ကလောမြို့နယ်) | (နိုင်ငံရေးရာအဖွဲ့ ခေါင်းဆောင်) |
| ၅။ | ဦးညွန့်လှိုင် | (နောင်ချိုမြို့နယ်) | (ပြန်ကြားရေးအဖွဲ့ ခေါင်းဆောင်) |
| ၆။ | ဒေါ်စန်းစန်းဌေး | (ကျောက်မဲမြို့နယ်) | (ဘဏ္ဍာရေးအဖွဲ့ ခေါင်းဆောင်) |
| ၇။ | ဦးဘမော် | (ရပ်စောက်မြို့နယ်) | (စာ/ယဉ်အဖွဲ့ခေါင်းဆောင်) |
| ၈။ | ဦးအောင်ကြိုင် | (ရန်ကုန်မြို့) | (စာရင်းစစ်အဖွဲ့ ခေါင်းဆောင်) |

**အထွေထွေအတွင်းရေးမှူးအဖွဲ့**

| | | |
|---|---|---|
| ၁။ | ဦးစိုးအောင် | (တောင်ကြီးမြို့နယ်) |
| ၂။ | ဦးဝဏ္ဏသိန်း | (ပင်းတယမြို့နယ်) |
| ၃။ | ဦးဝိုင်းမိုလ် | (ရွာငံမြို့နယ်) |
| ၄။ | ဦးမျိုးသိန်း | (ကလောမြို့နယ်) |
| ၅။ | ဦးအောင်ကျော် | (နောင်ချိုမြို့နယ်) |
| ၆။ | ဒေါ်မြတ်မြတ်စိုး | (ကျောက်မဲမြို့နယ်) |

၇။ ဦးအောင်သန်း (ရပ်စောက်မြို့နယ်)
၈။ ဦးဖိုလ်ဟိန်း (ရန်ကုန်မြို့)

**ဒေါက်တိုင်(၄)တိုင်၏ အတွင်းရေးမှူးများ**
**(စာ/ယဉ်၊ စီးပွားရေးရာ၊ နိုင်ငံရေးရာ၊ လူမှုရေးရာ)**

၁။ ဒေါ်ခင်မြကြီး၊ ဦးဝင်းမင်း၊ ဦးဝင်းတင်၊ ဦးစိုးငွေ (တောင်ကြီးမြို့နယ်)
၂။ ဦးဖွဲ့ပြည့်အောင်၊ ဦးစံလင်းအောင်၊ ဦးတင်ကိုကြီး၊ ဒေါ်နန်းသဖူတင့် (ပင်းတယမြို့နယ်)
၃။ ဦးဌေးအောင်၊ ဦးမောင်နု၊ ဒေါ်စုစုအေး၊ ဦးဘအောင် (ရွာငံမြို့နယ်)
၄။ ဦးဝင်းခိုင်၊ ဦးမျိုးဝင်း၊ ဦးသက်လွင်၊ ဦးမောင်မောင်စိုး (ကလောမြို့နယ်)
၅။ ဦးဖြိုးဇင်ဦး၊ ဦးဝင်းဖိုလ်၊ ဦးစိုးဝင်း၊ ဦးတင်ငွေ (နောင်ချိုမြို့နယ်)
၆။ ဦးရဲကိုကို၊ ဦးမြင့်လွင်၊ ဒေါ်ဌေးဌေး (ကျောက်မဲမြို့နယ်)
၇။ ဒေါ်တင်တင်နွဲ့၊ ဦးချစ်သောင်း၊ ဦးကျော်ထင်အောင်၊ ဒေါ်ခင်လှကြည် (ရပ်စောက်မြို့နယ်)
၈။ ဦးကံညွန့်၊ ဦးလင်းပြည့်ထွန်း၊ ဒေါ်သိန်းမြင့်ကြည်၊ ဒေါ်ဥမ္မာမြင့် (ရန်ကုန်မြို့)

**ဘဏ္ဍာရေး၊ စာရင်းစစ်၊ ပြန်ကြားရေးအဖွဲ့များ**

၁။ ဦးခင်မောင်၊ ဒေါ်စိန်ညွန့်၊ ဒေါ်နွဲ့နွဲ့ဝင်း (တောင်ကြီးမြို့နယ်)
၂။ ဦးခင်မောင်ရွှေ၊ ဦးကျော်ဝင်း၊ ဦးမျိုးညွန့် (ပင်းတယမြို့နယ်)
၃။ ဦးခင်မောင်ချို၊ ဒေါ်ဥမ္မာအေး၊ ဦးစံတင် (ရွာငံမြို့နယ်)
၄။ ဒေါ်ခင်ထွေးရီ၊ ဒေါ်ခင်စန်းရင်၊ ဦးဇော်မျိုးဝင်း (ကလောမြို့နယ်)
၅။ ဦးဝင်းမြင့်၊ ဦးမြင့်ဝေ၊ ဦးပေါက်ကျိုင်း (နောင်ချိုမြို့နယ်)

၆။ ဒေါ်ခင်စန်း၊ ဒေါ်အိအိခိုင်၊ ဦးဖြိုးပြည့်ကျော် (ကျောက်မဲ၊သီပေါမြို့နယ်)
၇။ ဒေါ်စုစုခိုင်၊ ဦးအောင်သန်း၊ ဦးမြသိန်းထွန်း (ရပ်စောက်မြို့နယ်)
၈။ ဒေါ်ညွန့်ညွန့်၊ ဒေါက်တာစိုးညွန့်၊ ဦးရဲမိုးထွန်း (ရန်ကုန်မြို့)

အသီးသီးစနစ်တကျ ဖွဲ့စည်းခဲ့ပါသည်။ ထို့နောက် အသင်းအဖွဲ့မှတ်ပုံတင်ရရှိရေးကိုလည်း အထက်ပါ ကော်မတီအတိုင်းတင်ပြတောင်းခံခဲ့ကြသည်။ သို့ပါ၍ အထက်ပါ အဖွဲ့အစည်းသည် ဖွဲ့စည်းသည့်အချိန်မှစတင်၍ ပထမအကြိမ်ဓနုအမျိုးသားနေ့မှ ဒုတိယအကြိမ် အမျိုးသားနေ့သက်တမ်းအတွင်း တစ်နှစ်စီ အလှည့်ကျတာဝန်များကို ထမ်းဆောင်သွားကြမည်ဖြစ်သည်။ ဓနုတိုင်းရင်းသားရေးရာအဖွဲ့ချုပ်၏ အသင်းအဖွဲ့မှတ်ပုံတင်ရရှိရေး ရှမ်းပြည်နယ်အစိုးရသို့ ခွင့်ပြုချက်တောင်းခံခဲ့ရာ ၂၀၁၉ခုနှစ် ဧပြီလ(၄)ရက်နေ့တွင် ၂/ရှမ်း/၀၄၈ဖြင့် ဖွဲ့စည်းလုပ်ကိုင်ခွင့်ပြုခဲ့ပါသည်။

▼ ▼ ▼

# အခန်း ( ၆ )

## မနုဒေသဆိုင်ရာအချက်အလက်များ

**မနုဒေသ ပထဝီဝင်အနေအထား**

မြန်မာနိုင်ငံအလယ်ပိုင်း အရှေ့ဘက်ခြမ်းနှင့် ရှမ်းပြည်နယ် အနောက်ဘက်ခြမ်းကြားဒေသ တောင်မြောက်သွယ်တန်းသော ကုန်းမြေမြင့်ဒေသကို ရှမ်းမြေလတ်ဒေသဟုခေါ်သည်။ မြေလွတ် မြေလပ်ပေါ်များခဲ့ရာဒေသဖြစ်၍ ရှမ်းမြေလတ်ဒေသဟုလည်း ခေါ်သည်။ ထိုရှမ်းမြေလတ်ဒေသတွင် မနုတိုင်းရင်းသားများ အဓိကနေထိုင်ကြသည်။ ထိုဒေသအတွင်း ကလောမြို့နယ်၊ အောင်ပန်း မြို့နယ်၊ ပင်းတယမြို့နယ်၊ ရွာငံမြို့နယ်၊ ရပ်စောက်မြို့နယ်တို့ တည်ရှိသည်။ မြောက်လတ္တီတွဒ် ၂၀.၂ ဒီဂရီနှင့် ၂၂.၄ ဒီဂရီအကြားနှင့် အရှေ့လောင်ဂျီတွဒ် ၉၆.၄ ဒီဂရီနှင့် ၉၇ဒီဂရီ အကြားပေါ်တွင်တည်ရှိသည်။ ရှမ်းပြည်နယ် အဝင်တံခါးဝတစ်လျှောက်တည်ရှိသဖြင့် တောင်ကုန်း၊ တောင်တန်း၊ လျှိုမြောင်၊ ချိုင့်ဝှမ်း၊ တောတောင်ထူထပ်သော ကုန်းမြင့်ဒေသပင် ဖြစ်သည်။ မနုတိုင်းရင်းသားအများဆုံး မှီတင်းနေထိုင်ကြသော ငါးမြို့နယ်၏ ဒေသဆိုင်ရာ **အချက်အလက်များမှာ** -

### (၁) ကလောမြို့နယ် ဒေသဆိုင်ရာအချက်အလက်များ

ကလောမြို့နယ်အတွင်း ကလောမြို့၊ အောင်ပန်းမြို့ပေါ်ရှိ (၂၃) ရပ်ကွက်အပါအဝင် ကျေးရွာအုပ်စု (၂၅)စုနှင့် ကျေးရွာပေါင်း (၂၅၆)ရွာ တည်ရှိသည်။ အကျယ်အဝန်းအားဖြင့် ၅၈၂.၁၃စတုရန်းမိုင်ရှိပြီး အရှေ့အနောက် (၂၄)မိုင်၊ တောင်မြောက် (၁၆)မိုင် ရှည်လျားပါသည်။ မြောက်လတ္တီတွဒ် ၂၀ဒီဂရီ ၂၀မိနစ် ၄၂စက္ကန့်မှ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၂၆မိနစ် ၂၃ စက္ကန့်အကြား တည်ရှိသည်။

ကလောမြို့သည် မြို့နယ်ရုံးစိုက်ရာမြို့ဖြစ်ပြီး ၁၉၁၁ နိုဝင်ဘာလတွင် သာမိုင်းခမ်းစော်ဘွား မင်းမောင်ဖိုးထံတွင် အင်္ဂလိပ်တို့က စာချုပ်စာတမ်းများဖြင့်လွှဲယူပြီး မြို့စတင်တည်ဆောက်ခဲ့သည်။ ပင်လယ်ရေမျက်နှာပြင် (၄၃၁၅)ပေအမြင့်ပေါ်တွင်တည်ရှိသည်။ မူလက ပလောင် တိုင်းရင်းသားများ နေထိုင်သော တာလော့ရွာနေရာတွင် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ အင်္ဂလိပ် တို့က ကလောမြို့ကို ကုန်သွယ်စခန်းမြို့နှင့် အပန်းဖြေမြို့ဖြစ်အောင် အချိန် ယူ တည်ဆောက်ခဲ့ပြီး ၁၉၁၄ ဇန်နဝါရီလ(၁)ရက်နေ့တွင် မြို့ကို စတင်ဖွင့် လှစ်ပေးခဲ့သည်။ နောင်တွင် ကလောမြို့သည် ရုံးစိုက်ရာမြို့နှင့် အပန်းဖြေ စခန်းမြို့သာ ဖြစ်လာခဲ့သည်။

အောင်ပန်းမြို့သည် ကုန်စည်ကူးသန်းရာ အဓိကမြို့ဖြစ်ပြီး ၁၉၁၃ ဧပြီလ (၁၅)ရက်နေ့တွင် စော်ဘွားမင်းမောင်ဖိုး၏ လမ်းညွှန်ချက်အရ ဦးခွန်ရုံးက တာဝန်ယူတည်ဆောက်ပေးခဲ့သည်။ ၁၉၅၉ ခုနှစ် စော်ဘွားများ အာဏာစွန့်ပြီးသည့်အချိန်မှစ၍ ၁၉၆၅ခုနှစ်အထိ အောင်ပန်းမြို့နယ်အဖြစ် တည်ရှိခဲ့သော မြို့ဖြစ်သည်။ ၁၉၆၅အောက်တိုဘာလ (၁)ရက်နေ့မှစတင်၍ စစ်ဦးစီးကျောင်း ဗိုလ်မှူးကိုကို၏ ကြိုးပမ်းမှုကြောင့် ကလောမြို့နယ်ဖြစ်သွား ခဲ့ရသည်။ ပင်လယ်ရေမျက်နှာပြင်အမြင့်(၄၂၁၉)ပေအမြင့်တွင် တည်ရှိ သည်။

၁၉၀၁ ခုနှစ်မှစတင်၍ ဖောက်လုပ်လာသော သာစည်-ရွှေညောင် မီးရထားလမ်းကြောင့် ကလော၊ အောင်ပန်းမြို့များ ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်။ ၁၉၁၅ ဖေဖော်ဝါရီလ(၁၅)ရက်နေ့တွင် ကလော၊ အောင်ပန်း ဘူတာနှစ်ခုလုံးကို တစ်ပြိုင်တည်း ဖွင့်လှစ်ခဲ့သည်။ လမ်းဆုံးဘူတာအဖြစ် အောင်ပန်းမြို့သည် ၆ နှစ်တာ ရပ်တည်ခဲ့သည်။

ဟဲဟိုးမြို့သည် ကလောမြို့နယ်အတွင်း အာလူးအဓိကစိုက်ပျိုး ထုတ်လုပ်သော မြို့ဖြစ်သည်။ မကြာသေးမီနှစ်က မြို့အဖြစ်ရပ်တည်ခဲ့ခြင်း ဖြစ်သည်။ ဟဲဟိုးဆိုသည်မှာ ရှမ်းအခေါ် ဟိုင်းဝိုးဖြစ်သည်။ ရှေးက ပွေး လှငွေခွန်မှူးနယ် တောင်ဖက်အစွန်က ကျေးရွာလေးဖြစ်သည်။

လေယာဉ်ကွင်းတည်ရှိရာမြို့ဖြစ်သည်။ ၁၉၂၁-ခုနှစ်တွင် မီးရထား လမ်းရောက်ရှိလာပြီး လမ်းဆုံးဘူတာအဖြစ် (၇)နှစ်ရပ်တည်ခဲ့သည်။ ဟဲဟိုးမြို့၏ မြောက်ဖက်(၁၉)မိုင်တွင် ဘော်၊ ခဲ၊ သတ္တုထွက်ရှိရာ ဘော်ဆိုင်း ကျေးရွာအုပ်စုကြီး တည်ရှိသည်။ ဘော်ဆိုင်းကျေးရွာအုပ်စုဆိုသော်လဲ ခေတ် အဆက်ဆက် ဘော်ဆိုင်းမြို့ဟုသာ ဒေသခံများက သတ်မှတ်ခဲ့သည်။ ဘော်ဆိုင်းဒေသအတွင်း ကျေးရွာ(၂၅)ရွာရှိရာ ဓနုတိုင်းရင်းသားနေထိုင်သော ရွာ(၂၄)ရွာ ရှိပါသည်။ ဓနုတိုင်းရင်းသားများ (၉၀) ရာခိုင်နှုန်းကျော်နေထိုင် သည်။ ပင်လယ်ရေမျက်နှာပြင် အမြင့်(၄၃၇၀)ရှိ ရှေးဘုရင်များ လက်ထက် ကတည်းက ဘော်၊ ခဲသတ္တုများထွက်ရှိခဲ့သဖြင့် ဦးမူသီး၊ ဦးမူနွယ် ညီနောင်နှစ်ဦး အား စေလွှတ်အုပ်ချုပ်ခဲ့စေပြီး မြန်မာဘုရင်၏ လက်အောက်ခံ သီးခြားနယ်မြေ အဖြစ် ထားရှိခဲ့သည်။ ၁၉၂၈ စောခမ်းဆိုင် လက်ထက်ရောက်မှ ညောင်ရွှေ စော်ဘွား လက်အောက်ရောက်ရှိခဲ့သည်။ နောက်ဆုံး ဦးစစ်ဟန်က ၁၉၅၀မှ အာဏာစွန့်သည့်အချိန်ထိ အုပ်ချုပ်ခဲ့သည်။ ၁၉၉၄ အမျိုးသားညီလာခံတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ရရှိလာစေရန် တောင်းဆိုခဲ့သော မြို့နယ်(၅) မြို့နယ်အတွင်း ကလောမြို့နယ်လည်း ပါဝင်ခဲ့သည်။

ကလောမြို့နယ်၏ အခြားဒေသဆိုင်ရာ အချက်အလက်များမှာ -

| | | |
|---|---|---|
| အရှေ့ဘက် | - | ညောင်ရွှေမြို့နယ်၊ တောင်ကြီးမြို့နယ်။ |
| အနောက်ဘက် | - | သာစည်မြို့နယ်၊ ပျော်ဘွယ်မြို့နယ်။ |
| တောင်ဘက် | - | ပင်လောင်းမြို့နယ်။ |
| မြောက်ဘက် | - | ပင်းတယမြို့နယ်၊ ရပ်စောက်မြို့နယ်။ |
| **လူဦးရေ** | | ၁၈၆၀၁၉ ဦး (ကျား - ၉၃၀၈ ဦး၊ မ - ၉၂၉၃၂ ဦး) |
| **အိမ်ထောင်စု** | | ၄၁၃၆၂ စု (၂၀၁၄ သန်းခေါင်စာရင်းအရ)လူဦးရေတိုးနှုန်းမြင့်မားသော မြို့နယ်ဖြစ်သည်။ |
| **တိုင်းရင်းသားစာရင်း** | | (ခန့်မှန်း) ဓနု ၃၈ ရာခိုင်နှုန်း ၊ ဗမာ ၂၀-ရာခိုင်နှုန်း၊ ပအိုဝ်း ၂၀ ရာခိုင်နှုန်း ၊ ပလောင် ၂ ရာခိုင်နှုန်း၊ တောင်ရိုး ၁၂ ရာခိုင်နှုန်း ၊ အခြား ၈ ရာခိုင်နှုန်း။ |

(၂၀၁၄) ခုနှစ်

အပူချိန် (ငါးနှစ်တာပျမ်းမျှ) ၃၅.၅ (အမြင့်ဆုံး) ၀.၀ (အနိမ့်ဆုံး)

မိုးရေချိန် (ငါးနှစ်တာပျမ်းမျှ) ၄၁ လက္မ၊ မိုးရွာရက် ၉၃ ရက် (အနိမ့်ဆုံး)

| | | |
|---|---|---|
| ချောင်းများ | - | မကွေချောင်း၊ တောင်လားချောင်း၊ ဘီလူးချောင်း၊ ကလောချောင်း၊ သာမိုင်းခမ်းချောင်း။ |
| တောင်ထွတ်များ | - | ဆင်တောင် (၆၀၁၃)ပေ၊ မြင်းမထိတောင် (၅၆၈၇) ပေ၊ မနောလှတောင် (၅၄၀၀)ပေ၊ မြင်းကတောင် (၅၃၁၄)ပေ၊ မှိုင်းလုံးတောင် (၅၀၃၀) ပေ၊ သီခေါင်တောင် (၄၆၆၀) ပေ၊ ရတောင် (၅၅၃၂)ပေ ၊ စောမွန်လှတောင် (၅၅၀၀) ပေ၊ |
| ဘုန်းကြီးကျောင်း | - | ၁၇၈ ကျောင်း (၂၀၁၄) |

| | |
|---|---|
| စာသင်ကျောင်းများ- | အထက်တန်းကျောင်း (၁၅) ကျောင်း |
| | အလယ်တန်းကျောင်း (၂၁) ကျောင်း |
| | မူလတန်းကျောင်း (၁၂၀) ကျောင်း |
| | မူလတန်းလွန်ကျောင်း (၄၅) ကျောင်း |
| | ကိုယ်ပိုင်အထက်တန်းကျောင်း (၂၁) ကျောင်း |
| စစ်တပ် - | ၁၅ တပ် (ကုတင် ၇၀၀နှင့်စစ်ဦးစီးတက္ကသိုလ်အပါအဝင်) |
| လေယာဉ်ကွင်း - | ဟဲဟိုးလေယာဉ်ကွင်း |
| အိုင်နှင့်ဆည် - | ငါးကြောင်အိုင် (အောင်ပန်း)၊ ရေအေးကန်(ကလော) အင်းခေါင်းဆည် (ဟဲဟိုး)၊ လွယ်မောဆည် (အောင်ပန်း) |
| ဂေါက်ကွင်း - | ပင်မှီဂေါက်ကလပ် (အောင်ပန်း) |
| | ထင်းရှူး ရွှခင်းသာ ဂေါက်ကလပ် (ကလော) |
| ဘုရားဖူးခရီးစဉ်- | မြင်းမထိ ဥဏ္ဏာလုံမွေးရှင်တော် သဘာဝလိုဏ်ဂူ၊ နီးဘုရား (ကလော)၊ ရွှေဥမင်လိုဏ်ဂူ (ကလော)၊ အောင်ချမ်းသာစေတီတော် (၁၀၈)တောင်၊ သူရဲ ဥမင်လိုဏ်ဂူ (အောင်ပန်း)၊ လေသာတောင် (ဟဲဟိုး ၁၀၈ တောင်ဘုရား) |
| အခြားအထင်ကရ- | မိုလ်မှူးကြီးဗထူး ကျောက်တိုင်(အောင်ပန်း) |
| - | ကလောနာရီစင်။ |

**ခရီးမိုင်များ**

| | | | |
|---|---|---|---|
| ကလော | - | အောင်ပန်း | (၆)မိုင် |
| အောင်ပန်း | - | တောင်ကြီး | (၃၆)မိုင် |
| အောင်ပန်း | - | ဟဲဟိုး | (၁၄)မိုင် |

| | | | |
|---|---|---|---|
| ဟဲဟိုး | - | ဘော်ဆိုင်း | (၁၉)မိုင် |
| အောင်ပန်း | - | ပင်းတယ | (၂၄)မိုင် |
| အောင်ပန်း | - | ရွာင် | (၄၃)မိုင် |
| အောင်ပန်း | - | ပင်လောင်း | (၄၂)မိုင် |
| အောင်ပန်း | - | ရပ်စောက် | (၅၈)မိုင်(ရွှေညောင်လမ်း) |
| အောင်ပန်း | - | လွိုင်ကော် | (၉၉)မိုင် |
| အောင်ပန်း | - | ရန်ကုန် | (၃၇၆)မိုင် အမြန်လမ်း (တိုးလ်ဂိတ်ထိ) |
| အောင်ပန်း | - | မန္တလေး | (၁၂၉)မိုင် (ဟန်မြင့်မိုရ်လမ်း) |
| အောင်ပန်း | - | မန္တလေး | (၁၆၄)မိုင် (သပြေဝလမ်း) |
| အောင်ပန်း | - | ပင်လုံ | (၉၈)မိုင် |

ကလောမြို့ပေါ် (၁၁)ရပ်ကွက်နှင့် အောင်ပန်းမြို့ပေါ် (၁၃)ရပ်ကွက်တွင် တိုင်းရင်းသားပေါင်းစုံ ရောနှောမှီတင်းနေထိုင်လျက်ရှိသည်။ ဓနုတိုင်းရင်းသား အများဆုံးနေထိုင်သော ကျေးရွာများမှာ -

| | | |
|---|---|---|
| သာမိုင်းခမ်းကျေးရွာ | တောင်ကြီးခြေရွာ | ဆင်လယ်ရွာ |
| ကုန်းသာကျေးရွာ | သလဲပြားရွာ | တောင်လားရွာ |
| ဖောင်းသင်ကျေးရွာ | ဗောဓိကုန်းကျေးရွာ | တောင်ကွဲကျေးရွာ |
| ကုန်းလွင်ကျေးရွာ | မြင်းမထိကျေးရွာ | ကုန်းပြားပြင်သာရွာ |
| ပင်မှီဈေးကုန်းကျေးရွာ | နန်းအွန်ကျေးရွာ | ပထမကျေးရွာ |
| ပင်မှီရွာမကျေးရွာ | ကျောက်တန်းကျေးရွာ | နဘိုကုန်းရွာ |
| ကုန်းနီကျေးရွာ | အင်းပြင်ကျေးရွာ | ကြံပြားကျေးရွာ |

| | | |
|---|---|---|
| ကုန်းပေါ်ရွာ | တံတားဦးကျေးရွာ | ရေယောင်းမကျေးရွာ |
| လယ်ကြားကျေးရွာ | လမိုင်းကျေးရွာ | ရေးယားကျေးရွာ |
| ကုန်းလှတောင်ရွာ | မြင်းစိုင်းကုန်းကျေးရွာ | ကုန်းလှမြောက်ရွာ |
| လွယ်မယ်ကျေးရွာ | ကျောက်ထပ်ကျေးရွာ | ဘော်ဆိုင်းကံဦးရပ် |
| လွယ်ဟက်ကျေးရွာ | အင်းမှီးကျေးရွာ | ဘော်ဆိုင်းမြို့မရပ် |
| ကမ္ဘားနီကျေးရွာ | ရွာကြီးကျေးရွာ | ဘော်ဆိုင်းသဖန်းပင်ရပ် |
| ညောင်ကုန်းကျေးရွာ | ပေါလမောကျေးရွာ | ဘော်ဆိုင်းကံသာရပ် |
| ထနောင်းပင်ကျေးရွာ | ဘော်နှင်းကျေးရွာ | ဘော်ဆိုင်းကံပြင်ရပ် |
| အိုင်ယားကျေးရွာ | ပုံးအင်းကျေးရွာ | ဘော်ဆိုင်းဂတ်တဲရပ် |
| ငုံးသုံကျေးရွာ | အင်းနီကျေးရွာ | ဘော်ဆိုင်းကျောင်းတောင်ရပ် |
| နတ်တော်ကျေးရွာ | ဟဲပဟိုးနန်းကုန်း | ဘော်ဆိုင်းပြည်သာရပ် |
| သူရဲကျောင်းနားရွာ | ဟဲပဟိုးအလယ်ပိုင်း(၁) | ရွာသစ်ရွာ |
| နောင်ရဲကျေးရွာ | ဟဲပဟိုးအလယ်ပိုင်း(၂) | ရွာဟောင်းကျေးရွာ |
| ပွေးလှရွှေကုန်းရွာ | ဟဲပဟိုးအရှေ့ပိုင်း | တံတားကန်ကျေးရွာ |
| ဥမင်ကျေးရွာ | ဟဲပဟိုးဈေးပိုင်း | ညောင်ကိုင်းကျေးရွာ |
| စေတီကုန်းကျေးရွာ | ဟဲပဟိုးရှမ်းစုရပ် | ရေဖြူကန်ကျေးရွာ |
| ဟင်းခါးပင်ကျေးရွာ | အင်းခေါင်းကျေးရွာ | ဖူးရဲကျေးရွာ |
| လွယ်စောင်ကျေးရွာ | ပေါပဲကျေးရွာ | သဲကုန်းကျေးရွာ |
| လွယ်မောကျေးရွာ | ဖောင်းတောကျေးရွာ | ဘော်ဆုံကျေးရွာ |
| ပိန္နဲပင်ကျေးရွာ | ညောင်ခါးရှည်ကျေးရွာ | စိဇက်ကျေးရွာ |
| ပုံလန်ကျေးရွာ | လေးကျောင်းတိုက်ရွာ | မြို့ဆိုးကျေးရွာ |

| | | |
|---|---|---|
| စခန်းကုန်းကျေးရွာ | ဝါးရုံပင်ကျေးရွာ | ရွှေဂူကျေးရွာ |
| သာယာကုန်းကျေးရွာ | ရေပုတ်ကျေးရွာ | ရွှေနီကျေးရွာ |
| မြေနီကျင်းကျေးရွာ | သာစည်ကျေးရွာ | နန်းမူထိန်ကျေးရွာ |
| ကျောက်ပေါက်ကျေးရွာ | ရွာဟောင်းကျေးရွာ | ပေါ်မျဉ်းကျေးရွာ |

**(၂) နောင်ချိုမြို့နယ် ဒေသဆိုင်ရာအချက်အလက်များ**

နောင်ချိုမြို့နယ်အတွင်း မြို့ပေါ်(၆)ရပ်ကွက်အပါအဝင် ကျေးရွာအုပ်စု (၃၅ )စုမှ ကျေးရွာပေါင်း ( ၂၅၄)ရွာ တည်ရှိသည်။ အကျယ်အဝန်းအားဖြင့် (၁၂၆၅.၆၁)စတုရန်းမိုင်ရှိပါသည်။ မြောက်လတ္တီတွဒ် (၂၂ ဒီဂရီ ၂၃ မိနစ်) မှ အရှေ့လောင်ဂျီတွဒ်(၉၆ ဒီဂရီ ၉၇ မိနစ်) အကြားတွင် တည်ရှိသည်။ အရှေ့အနောက် ၂၇ မိုင် ၃ ဖာလုံနှင့် တောင်မြောက် ၃၅ မိုင် ရှည်လျားသည်။

ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ် ရုံးစိုက်ရာမြို့သည် နောင်ချိုမြို့ပင် ဖြစ်သည်။ မြန်မာမင်းများလက်ထက် မြို့တစ်မြို့အဖြစ်တည်ရှိခြင်းမဟုတ်ဘဲ စခန်းအဖြစ်သာ ရှိခဲ့သည်။ ပုဂံခေတ် အနော်ရထာမင်းလက်ထက်ကတည်းကပင် စစ်ချီရာလမ်းကြောင်းပေါ်ရှိ တဲစခန်းချရာအရပ်ဖြစ်ခဲ့သည်။ နောင်ချိုသည် ရှမ်းဘာသာစကားဖြစ်ပြီး အင်းစိမ်းဟုအဓိပ္ပာယ်ရပါသည်။ အစိမ်းရောင်ရှိသော အင်းပြင်ကျယ်ကြီးရှိရာအရပ်လည်းဖြစ်သည်။ အဆိုပါအင်းမှာ ယခုဟော်တော်ကျောင်းတိုက်၏ အနောက်ဘက်တွင် တည်ရှိသည်။

ရှေးက သုံးဆယ်ကျေးရွာသာလျှင် စစ်ကဲတော်မင်းအုပ်ချုပ်သော မြို့တစ်မြို့ ဖြစ်သည်။ အင်္ဂလိပ်လက်ထက် ၁၈၉၉ ဧပြီလ (၂၈)ရက်နေ့ ကမ္ဘာကျော်ဂုတ်ထိပ်တံတားကြီး စတင်တည်ဆောက်သည့်အချိန်မှစတင်၍ နောင်ချိုမြို့ စတင်ဖြစ်ပေါ်လာခဲ့သည်။ ထိုအချိန်တွင် စစ်ကဲတော်မင်းမှ သုံးဆယ်တွင် ဆက်ခံခြင်းမပြုတော့ပဲ ယခုနောင်ချိုမြို့ရှိရာ အင်းစိမ်းစခန်းသို့ ပြောင်းရွှေ့နေထိုင်ခြင်းမှ အစပြုခဲ့သည်ဟုလည်း သိရပါသည်။ နိုင်ငံတော်က

၁၉၇၂ ဇွန်လ(၂၁)ရက်နေ့တွင် နောင်ချိုမြို့နယ်နှင့် နောင်ချိုမြို့ကို ရပ်ကွက် (၆)ခု ကျေးရွာအုပ်စု (၃၅)စုဖြင့် စတင်ဖွဲ့စည်းပေးခဲ့သည်။

လွတ်လပ်ရေးမရမီအချိန်က နောင်ချိုဒေသတွင် တောင်အောက်ဒိုင် (၇)ဒိုင်နှင့် တောင်ပေါ်ဒိုင်(၃)ဒိုင်ဟူ၍ ဒိုင်(၁၀)ဒိုင်ထားရှိပြီး အုပ်ချုပ်ရေးယန္တရားရှိခဲ့သည်ဟု သိရသည်။

၁၉၉၄ အမျိုးသားညီလာခံတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စတင်တောင်းဆိုမှုတွင် ပါဝင်ခဲ့သောမြို့နယ်လည်း ဖြစ်သည်။ ရှမ်းပြည်နယ်မြောက်ပိုင်းအစတွင် ပါဝင်နေသော်လည်း ဓနုတိုင်းရင်းသားများနေထိုင်သောမြို့နယ်များနှင့် တစ်ဆက်တစ်စပ်တည်း တည်ရှိသောမြို့နယ်ပင်ဖြစ် သည်။ နောင်ချိုမြို့နယ် ပင်လယ်ရေမျက်နှာပြင်အမြင့်မှာ ( ၂၇၅၀ )ပေ ဖြစ်သည်။ နောင်ချိုမြို့၏ အခြားဒေသဆိုင်ရာ အချက်အလက်များမှာ -

| | | |
|---|---|---|
| အရှေ့ဘက် | - | ကျောက်မဲမြို့နယ်။ |
| အနောက်ဘက် | - | ပြင်ဦးလွင်မြို့နယ်၊ မတ္တရာမြို့နယ်။ |
| တောင်ဘက် | - | ရပ်စောက်မြို့နယ်။ |
| မြောက်ဘက် | - | ကျောက်မဲမြို့နယ်။ |
| လူဦးရေ | - | (၁၄၉၄၉၅)ဦး (ကျား-၇၅၆၂၄၊ မ -၇၃၈၇၁) |
| အိမ်ထောင်စု | - | (၃၂၁၉၅ )စု (၂၀၁၄ သန်းခေါင်စာရင်းအရ) |
| တိုင်းရင်းသားစာရင်း | - | ဓနု ၃၇ရာခိုင်နှုန်း၊ ရှမ်း ၃၅ရာခိုင်နှုန်း၊ ဗမာ ၂၅ ရာခိုင်နှုန်း၊ ချင်း ၁ ရာခိုင်နှုန်း၊ ကိုးကန့် ၁ ရာခိုင်နှုန်း ၊ အခြား ၁ ရာခိုင်နှုန်း |
| အပူချိန် | - | ၂၀၀၇-၂၀၁၈ ၃၄ ဒီဂရီစင်တီဂရိတ် (အမြင့်ဆုံး) ၆ ဒီဂရီစင်တီဂရိတ် (အနိမ့်ဆုံး) |
| မိုးရေချိန် | - | ၂၀၀၇-၂၀၁၈ ၅၄.၅ လက်မ၊ မိုးရွာရက် ၈၄ ရက်။ |

| | | |
|---|---|---|
| တံတားများ | - | ဒုဋ္ဌဝတီတံတား ၄၆၅ ပေ (၂၂.၂.၂၀၀၄) ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည်။ ကမ္ဘာကျော်ဂုတ်ထိပ်တံတား ၂၂၆၀ ပေ။ |
| ထင်ရှားသောရေတံခွန် | - | အင်းပိုင်းရေတံခွန်၊ နမ့်ငိုရေတံခွန်၊ ချောင်းကြီးရေတံခွန် ၊ ဘန့်ဘွေးကျင်းရေတံခွန်။ |
| စက်ရုံများ | - | ငွေရည်ပုလဲသကြားစက်၊ အင်းပိုင်းသကြားစက်၊ ခရောင်းဘိလပ်မြေစက်ရုံ။ |
| ဘုန်းတော်ကြီးကျောင်း | - | ၁၄၁ ကျောင်း |
| ဘုန်းတော်ကြီးသင် ပညာရေးကျောင်း | - | ၂ ကျောင်း |
| စာသင်ကျောင်း | - | အထက်တန်း (၁၄) ကျောင်း<br>အလယ်တန်း (၃၁)ကျောင်း<br>မူလတန်း (၁၃၄) ကျောင်း |
| စစ်တပ် | - | (၇) တပ်။ |
| ပြည်သူ့စစ်အဖွဲ့ | - | (၂၃) ဖွဲ့။ |
| အိုင်နှင့်ဆည် | - | ကုန်းတိမ်းဆည် ၊ ကျွဲတပ်ဆည် ၊ မြင်းကျဒိုးဆည်၊ ချောင်းကြီးဆည်နှင့် ကိုယ့်အားကိုယ်ကိုးဆည် ၁၈ ခု။ |
| ဘုရားဖူးခရီးစဉ် | - | ရွှေစံဦး စေတီ (သုံးဆယ်ကျေးရွာ)၊ သံသရာအေးစေတီ (နောင်ချိုမြို့)၊ ချောင်းသာစေတီ၊ ရွှေလင်းပင်စေတီ (မယ်ဟုန်)၊ ရွှေမုဋ္ဌောစေတီ၊ မြင်းဖြူစေတီ (လုံဝယ်)၊ တဲနန်းတော်စေတီ (နောင်ချို) |

**ခရီးမိုင်များ**

နောင်ချို -ရပ်စောက်    (၁၀၃) မိုင်

| | |
|---|---|
| နောင်ချို -ပင်းတယ | (၁၃၅) မိုင် |
| နောင်ချို -ရှာင် | ( ၁၈၂) မိုင် (ကျုံး-ရပ်စောက်လမ်း) |
| နောင်ချို -အောင်ပန်း | ( ၁၅၉) မိုင် (ပင်းတယ-အင်တောလမ်း) |
| နောင်ချို -သီပေါ | (၅၀) မိုင် |
| နောင်ချို -ကျောက်မဲ | (၃၀) မိုင် |
| နောင်ချို -လားရှိုး | (၉၇) မိုင် |
| နောင်ချို -ပြင်ဦးလွင် | (၃၇) မိုင် |
| နောင်ချို -မိုးကုတ် | (၁၃၃) မိုင် (နောင်ချို-ဟိုခိုလမ်း) |
| နောင်ချို - ဟိုခို | (၆၅) မိုင် |
| နောင်ချို -မန္တလေး | (၈၀) မိုင် |
| နောင်ချို -ရန်ကုန် | (၄၃၅)မိုင် (အမြန်လမ်း) |

နောင်ချိုမြို့နယ်အတွင်း ဓနုတိုင်းရင်းသားအများဆုံး မှီတင်းနေထိုင်သော ကျေးရွာများ -

| | | |
|---|---|---|
| ဈေးရပ်ကွက် | နောင်သခေါ ရွာ | ဆင်စုတ်ရွာ |
| သဖန်းကိုင်းရွာ | ရွာသစ်ရွာ | မုံပြင်ကြီးရွာ |
| လွှယ်ခေါ ရွာ | တောင်ရပ်ကွက် | ရွှေကူလက်ပံကုန်းရွာ |
| ဉာဏ်တောရွာ | မျက်ချင်းနုရွာ | ငါးပင်ရွာ |
| ပန်ဟတ်ရပ် | နမ့်ဆောင်ဟူးရွာ | မယ်ဟုံရွာ |
| ငုက္ကလေးရွာ | ဖြူချောင်းရွာ | ဘန်ဘုံရွာ |
| နမ့်မော်ရွာ | ဓာလီရွာ | နောင်လိတ်ရွာ |
| ရေမဲတွင်းရွာ | နောင်ညြရွာ | ရွှေမုဋ္ဌောရွာ |
| ဆရာအေးကုန်းရွာ | ညောင်ထောက်ရွာ | ရွှေသွန်းရွာ |
| ဝါးဘိုးကုန်းရွာ | ရေတွင်းကြီးရွာ | မက်မန်းတောရွာ |
| ပြည်သာကုန်းရွာ | အနောက်ကုန်းရွာ | ရေဖြူရွာ |

| | | |
|---|---|---|
| နောင်လင်ရွာ | ညောင်နီရွာ | နောင်တောရွာမ |
| နားရှိုးရပ်ကွက် | မက်လွတ်ရွာ | နောင်တောခဲမီးရွာ |
| ဟော်ကုန်းရွာ | ရေမောင်းတန်းရွာ | ယာပြင်ရွာ |
| နောင်ချိုကြီးရွာ | လွယ်ပန်းရွာ | အိမ်တော်သာရွာ |
| ရွှေကြာအင်းရွာ | တောင်ကြီးရွာ | အနောက်ကုန်းရွာ |
| ခိုအုံရွာ | တောင်ရှည်ရွာ | တဲတိုက်ရွာ |
| ယင်းငူပင်ရွာ | ဈေးကုန်းရွာ | ရွာမကြီးရွာ |
| အင်းဦးရွာ | နားရှိုးရွာ | ကျောင်းရွာ |
| ဘော်လှိုင်ရွာ | မန်မော်ရွာ | နောင်တောတောင်ရွာ |
| ရေဦးရွာ | မန်ကျည်းရေရွာ | သပြေဒိုးရွာ |
| အနောက်ကြူအင်းရွာ | မဲပုတ်ရွာ | ဆင်လျှောရွာ |
| ကျောက်တောရွာ | နောင်လင်(၂)ရွာ | လုံဝယ်ရွာ |
| ဝွေးကုန်းရွာ | အင်းဖိုရွာ | မြင်းဖြူရွာ |
| လုံစံရွာ | ဆင်စုပ်ရွာ | တောင်းခမ်းရွာ |
| ဘူတာရပ် | ဟိုခိုတောင်ရွာ | ပုံပြင်လေးရွာ |
| လက်ပံကုန်းရွာ | အင်ကြင်းကုန်းရွာ | ကျောက်တောရွာ |
| ညောင်ပင်သာရွာ | ဟိုခိုမြောက်ရွာ | |
| ကံကြီးရွာ | ရွှေညောင်ပင်ရွာ | အုမ္မခါးရွာ |
| ပန်းတောရွာ | နောင်လင်ရွာ(၁)ရွာ | သရက်ကုန်းရွာ |
| ကျောက်ဖျာဒိုးရွာ | နောင်ချိုလေးရွာ | |

**(၃) ပင်းတယမြို့နယ် ဒေသဆိုင်ရာအချက်အလက်များ**

ပင်းတယမြို့နယ်အတွင်း မြို့ပေါ်(၁၂)ရပ်ကွက် အပါအဝင် ကျေးရွာအုပ်စု (၂၇)စုမှ ကျေးရွာပေါင်း (၁၃၇)ရွာတည်ရှိသည်။ အကျယ်အဝန်းအားဖြင့်

၂၅၄.၈၉ စတုရန်းမိုင်ရှိသည်။ ရှေးအခါက ပင်းတယမြို့၊ ပွေးလှမြို့၊ ကျုံးမြို့များသည် စော်ဘွားများ အုပ်ချုပ်ခဲ့သောဒေသများ ဖြစ်သည်။ပွေးလှမြို့သည် 'ဥဩဇေဝီ ပွေးလှတည်'ဆိုသည့်မှတ်တမ်းအရ ကောဇာသက္ကရာဇ် ၁၁၁၃ ခုနှစ်တွင်တည်ခဲ့ရာ ရှေးကျသောမြို့ဖြစ်သည်။ ဒေသတွင် သြဇာကြီးမားသော စော်ဘွားအဆက်ဆက်အုပ်ချုပ်ခဲ့သော ပွေးလှမြို့သည် အိမ်ခြေထောင်ချီခဲ့ရာမှ ယနေ့ပင်းတယမြို့နယ်အတွင်း ကျေးရွာအုပ်စုအဆင့်၌သာ ရပ်တည်လျက်ရှိသည်။

ကျုံးကျေးရွာသည် ၁၉၅၉ စော်ဘွားများ အာဏာစွန့်ချိန်တွင် အောင်ပန်းမြို့နယ်အတွင်း တည်ရှိခဲ့သော်လည်း ၁၉၆၅ အောက်တိုဘာလ (၁)ရက် နောက်ပိုင်း ပင်းတယမြို့နယ်အတွင်းသို့ ရောက်ရှိသွားခဲ့လေသည်။

ယနေ့ပင်းတယမြို့သည် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ပါဝင်ပြီး ရုံးစိုက်ရာမြို့လည်းဖြစ်သည်။ ပင်းတယမြို့ဖြစ်ပေါ်လာပုံ ပါးစပ်ရာဇဝင်နှင့်ဒဏ္ဍာရီများ ရှိခဲ့သော်လည်း ခိုင်မာသည့်အထောက်အထား မရှိခဲ့ပါ။ သမိုင်းပါမောက္ခဒေါက်တာသန်းထွန်း အလိုအရ-ဇမ္ဗူဒီပ ဥဆောင်းကျမ်းတွင် ပွေးလှမြို့ ပါဝင်သော်လည်း ပင်းတယမပါဝင်ပေ။ ဆိုလိုသည်မှာ အင်းဝခေတ်၊ ညောင်ရမ်းခေတ်အထိ ပင်းတယမတွေ့ခြင်းဖြစ်သည်။ ပင်းတယလိုဏ်ဂူအတွင်းမှ ရှေးအကျဆုံးဆင်းတုတော် ရက်စွဲက ၁၇၇၂ ဖြစ်ခြင်းကြောင့် ပင်းတယလိုဏ်ဂူနှင့် မြို့သည်(၁၈)ရာစုရောက်မှ ပေါ်ပေါက်လာသည်ဟု ယူဆခဲ့သည်။ ပင်းတယမြို့သည် ပင်လယ်ရေမျက်နှာပြင်အမြင့် (၃၈၈၀)ပေတွင် တည်ရှိသည်။

ပင်းတယမြို့ အကြောင်းပြောပါက ပင်းတယလိုဏ်ဂူ၊ ပုန်းတလုတ်ရေကန်၊ နတ်သမီးခုနတ်ဖော်၊ ပင့်ကူ၊ ကုမ္ဘာဘယမင်းသား ဇာတ်လမ်းကတော့ ပင်းတယသမိုင်းတွင် မပါလျှင်မပြီးပေ။ မင်းသားကုမ္ဘာဘယက ညောင်ရွှေမြို့နယ်ကဖြစ်သည်။ သထုံပြည်တွင် အိမ်ထောင်ကျသည်။ အနေကြာပြီး

ပျင်းသဖြင့် သားမယားကို ပစ်ပြေးသည်။ ပင်းတယရေကန်ဘက် ရောက်လာစဉ် နဂါးနှင့် ဂဠုန်ရန်ပွဲ၌ နဂါးဘက်ဝင်ကူသည်။ ဂဠုန်သေသည်။ ဂဠုန်သေရာ ပင့်ကူဖြစ်သည်။ ပင့်ကူနှင့် နတ်သမီး ခုနစ်ဖော်တွင် မင်းသားက ပင့်ကူကို ထပ်သတ်သည်။ ပင့်ကူက ဘီလူးဖြစ်ပြန်သည်။ မင်းသားနှင့်နတ်သမီးထဲမှ အငယ်ဆုံး ရှင်မိယာနှင့် အိမ်ထောင်ပြုသည်။ နောက်ဘီလူးနှင့် မင်းသားသတ်ကြရာ နှစ်ဦးလုံးသေခဲ့သည်။ ဘီလူးကဇော်ဂျီဖြစ်ပြန်သည်။ ဇော်ဂျီက ရှင်မိယာကိုခေါ်သွား။ ရှင်မိယာက ပရိယာယ်ဖြင့်မြစ်ထဲတွန်းချပြီး ထမီနှင့်အုပ်ရာ ဇော်ဂျီသေပြီး ဇော်ဂျီမြစ်ဖြစ်သည်ဟုဆိုသည်။ တစ်ဖန် မင်းသားကို သိကြားက အသက်သွင်းပေးသဖြင့် မင်းသားနှင့်ရှင်မိယာပြန်တွေ့။ နောက် မင်းသားက မင်းဖြစ်သွားခဲ့၏။ အထက်ပါဇာတ်လမ်းတွင် သုခနေကုမ္မာဘယ မင်းသားက မင်းသမီးကို ကယ်တင်ရန် ပင့်ကူအား လေးမြှားဖြင့်ခွင်းသတ်ခဲ့သည်။ ထိုပင့်ကူကိုရရှိသဖြင့် 'ပင့်ကူရ' ထိုမှတစ်ဖန် ကာလရွေ့လျားလာပြီး ပင်းတယ ဖြစ်လာသည်ဟု ဆိုလေသည်။ ပုံပြင်ဒဏ္ဍာရီဆန်နေသော်လည်း ပင်းတယ လိုဏ်ဂူနှင့် ပုန်းတလုတ်ရေကန်ကမူ ပင်းတယသူ၊ ပင်းတယသားများအတွက် ဂုဏ်ယူစရာအဖြစ် တည်ရှိနေပါသည်။

ပင်းတယမြို့၏ အခြားဒေသဆိုင်ရာ အချက်အလက်များမှာ -

| | | |
|---|---|---|
| အရှေ့ဘက် | - | ကလောမြို့နယ်။ |
| အနောက်ဘက် | - | ရွာငံမြို့နယ်၊ သာစည်မြို့နယ်။ |
| တောင်ဘက် | - | ကလောမြို့နယ်။ |
| မြောက်ဘက် | - | ရပ်စောက်မြို့နယ်။ |
| လူဦးရေ | - | (၇၉၈၄၆)ဦး (ကျား -၃၈၆၀၅၊ မ-၄၁၂၄၁) |
| အိမ်ထောင်စု | - | ၁၇၅၄၄ (၂၀၁၄ သန်းခေါင်စာရင်းအရ) |

တိုင်းရင်းသားစာရင်း (ခန့်မှန်း) ဓနု(၇၅)ရာခိုင်နှုန်း၊ ပလောင် (၁)ရာခိုင်နှုန်း၊ ပအိုဝ်း (၆)ရာခိုင်နှုန်း၊ တောင်ရိုး (၁၀)ရာခိုင်နှုန်း၊ ဗမာ(၃)ရာခိုင်နှုန်း၊

အခြား (၅)ရာခိုင်နှုန်း။

| | | |
|---|---|---|
| အပူချိန်(ပျှမ်းမျှ) | - | ၃၄.၀ (အမြင့်ဆုံး)၊ ၁.၀ (အနိမ့်ဆုံး) |
| မိုးရေချိန် | - | ၃၁-၄၂လက္မ (မိုးရွာရက် ၈၉ ရက်)၂၀၁၇။ |
| ချောင်းများ | - | ဇော်ဂျီမြစ်။ |
| တောင်ထွတ်များ | - | ပန်းစစ်တောင်(၆၈၃၀)ပေ၊ ယစကျီတောင်တန်း၊ ရွှေဥမင်တောင်။ |

ဘုန်းတော်ကြီးကျောင်း (၁၁၇)ကျောင်း။

| | | | |
|---|---|---|---|
| စာသင်ကျောင်း | - | အထက်တန်း | (၁၁)ကျောင်း |
| | | အလယ်တန်း | (၁၆)ကျောင်း |
| | | မူလတန်း | (၉၁)ကျောင်း |
| | | မူကြို | (၂၂)ကျောင်း |
| ဆေးရုံ | - | (၃)ခု | (ကုတင်-၈၂) |

| | | |
|---|---|---|
| ဘုရားဖူးခရီးစဉ် | - | ရွှေဥမင်လိုဏ်ဂူ၊ ကုံလုံကျောင်းတိုက်၊ တမဲဘုရားနှင့် စကြာတောင် |
| ဟိုတယ်လုပ်ငန်း | - | (၄)ခု |

ခရီးမိုင်များ

| | |
|---|---|
| ပင်းတယ-ရပ်စောက် | (၃၁)မိုင် |
| ပင်းတယ-ပွေးလှ | ( ၈ ) မိုင် |
| ပင်းတယ-ရှာင် | (၅၇)မိုင် (ကျုံး-ရှာင်လမ်း) |
| ပင်းတယ-အောင်ပန်း | (၂၄)မိုင် |
| ပင်းတယ-နောင်ချို | (၁၃၀)မိုင် (ရှာင်-ပင်းတယ ရပ်စောက်လမ်း) |
| ပင်းတယ-တောင်ကြီး | (၄၃)မိုင် (ဟဲဟိုးဖြတ်လမ်း) |
| ပင်းတယ-တောင်ကြီး | (၆၀)မိုင် (ယခင်လမ်းဟောင်း) |

ပင်းတယ-မန္တလေး (၁၃၃)မိုင် (ကျုံး၊ ဟန်မြင့်မိုရ်လမ်း)

ပင်းတယ-ရန်ကုန် (၄၀၀)မိုင် (တိုးလ်ဂိတ် အထိ)အမြန်လမ်း

ပင်းတယမြို့နယ်အတွင်း မြို့ပေါ် (၁၂)ရပ်ကွက် အပါအဝင် ဓနုတိုင်းရင်းသား အများဆုံး မှီတင်းနေထိုင်သောကျေးရွာများမှာ -

| | | |
|---|---|---|
| ကံပဲ့ကျေးရွာ | ဆီးကျအင်းရွာ | တံတားကြီးရွာ |
| ပေါက်တောကျေးရွာ | အိမ်ပုရွာ | ထိုးပုံရွာ |
| သစ်ယားပင်ကျေးရွာ | ပါးမဲရွာ | လင်းလေအင်းရွာ |
| ကျောက်စက်ကျေးရွာ | ထွက်နီရွာ | ကြံခင်းမြောင်ရွာ |
| အုံတုံကျေးရွာ | မြင်းမူးရွာ | မြေခြားရွာ |
| တမဲရွာ | လေထိုးကုန်းရွာ | ကူးကော်ကျေးရွာ |
| လက်လဲကျေးရွာ | ရေဖြူရွာ | သစ်အယ်ပင်ကျေးရွာ |
| ကျောက်စက်ကျေးရွာ | ကုန်းသာရွာ | အုံအက်ရွာ |
| ရေပုတ်ကျေးရွာ | အနောက်စုရွာ | ပြည်တော်သာရွာ |
| ကျုံးမြို့မရပ် | အရှေ့စုရွာ | ထင်းရှူးကုန်းရွာ |
| တောင်ပေါ်ကြီးရွာ | သပြေကုန်းရွာ | ညောင်ဝန်းရွာ |
| ပေါစံသီးရွာ | ပင်စိမ်းပင်ရွာ(မြောက်) | အိမ်ပုရွာ |
| ညောင်ကောက်ရွာ | ထယ်သွန်းရွာ | မိုင်းအင်းရွာ |
| ပင်စိမ်းပင်ရွာ | သရက်ကုန်းရွာ | ပန်းမက်ရွာ |
| ပြင်သာရွာ | ပိန္နဲကုန်းရွာ | သိမ်ကုန်းရွာ |
| ပွေးလှမြို့ | ကျောက်စုရွာ | အိုးကုန်းရွာ |
| ဇော်ဂျီရွာ | ရွှေပုထိုးရွာ | မိုင်းလီရွာ |
| ကြေးကွင်းကုန်းရွာ | ရွှေပုထိုးအရှေ့ရွာ | ရွှေပုထိုး |
| အနောက်ရွာ | | |

| | | |
|---|---|---|
| သရက်ကုန်းတောင်ရွာ | အင်းငယ်ရွာ | ကြံခင်းမြောင်ရွာ |
| ကံလှကုန်းရွာ | ပန်းစစ်ရွာ | ရွှေပုထိုးရွာကြီး |
| သရက်ပြားရွာ | သစ်အယ်ပင်ရွာ | သဲကုန်းရွာ |

**(၄) ရွာင်မြို့နယ် ဒေသဆိုင်ရာအချက်အလက်များ**

ရွာင်မြို့နယ်အတွင်း မြို့ပေါ်(၃)ရပ်ကွက် အပါအဝင် ကျေးရွာအုပ်စု (၂၈)စုအတွင်းကျေး ရွာပေါင်း(၁၂၅)ရွာ တည်ရှိသည်။ အကျယ်အဝန်းအားဖြင့် (၁၀၂၅.၉၆)စတုရန်းမိုင်ရှိသည်။ ပုဂံမင်းဆက် နရပတိစည်သူမင်း (၁၁၇၃-၁၂၁၀)တိုင်းခန်းလှည့်လည်ရာမှ ယခုဒေသသို့ ရောက်ရှိစဉ် နောက်ပါ မှူးမတ်များကို စောင့်ဆိုင်းရသဖြင့် 'ရပ်ငံ့' ရွာဟု မူလက ခေါ်တွင်ခဲ့သည်။ ကာလရွေ့လျားလာသောအခါ ရွာင်ဖြစ်လာခဲ့သည်။ နောက်ဆုံးစော်ဘွားများ အဖြစ် ရွာင်နယ်ကို စဝ်ခွန်ရီ၊ ဘော်နယ် (ရေဦး)နယ်ကို စဝ်ခွန်အောင်တို့က အုပ်ချုပ်ခဲ့သည်။ ၁၉၇၂ ခုနှစ်၊ ဇူလိုင်လ (၇)ရက်နေ့တွင် ၄င်းနှစ်နယ်ကို ပေါင်းပြီး ရွာင်မြို့နယ်၊ ရုံးစိုက်ရာ ရွာင်မြို့အဖြစ် နိုင်ငံတော်က သတ်မှတ် အတည်ပြုပေးခဲ့သည်။ အေးချမ်းရာဒေသဖြစ်ပြီး သဘာဝအလှတရားများ ပျက်စီးမှုနည်းသေးသဖြင့် 'အပျိုစင်ဒေသ'ဟုပင် တင်စားခံရသော နယ် ဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင်အမြင့် (၄၀၂၈)ပေတွင် တည်ရှိသော မြို့ဖြစ်သည်။ ရွာင်သူ၊ ရွာင်သားများအတွက် ဂုဏ်ယူစရာနေရာ များစွာတည်ရှိ သော မြို့နယ်လည်းဖြစ်သည်။ ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ် ခွင့်ရ ဒေသအတွင်းပါဝင်သော မြို့နယ်လည်းဖြစ်သည်။

ရွာင်မြို့နယ်၏ အခြားဒေသဆိုင်ရာ အချက်အလက်များမှာ -

| | | |
|---|---|---|
| အရှေ့ဘက် | - | ရပ်စောက်မြို့နယ်၊ ပင်းတယမြို့နယ်။ |
| အနောက်ဘက် | - | မိတ္ထီလာခရိုင်။ |
| တောင်ဘက် | - | ကလောမြို့နယ်၊ သာစည်မြို့နယ်။ |

မြောက်ဘက် - ကျောက်ဆည်ခရိုင်။
လူဦးရေ - (၈၂၄၀၀)ဦး (ကျား - ၄၁၀၇၉ ၊ မ -၄၁၃၂၁)
အိမ်ထောင်စု - (၁၈၃၆၄)စု (၂၀၁၄ သန်းခေါင်စာရင်းအရ)
တိုင်းရင်းသားစာရင်း (ခန့်မှန်း) ဓနု (၈၈)ရာခိုင်နှုန်း၊ ပအိုဝ်း (၁)ရာခိုင်နှုန်း၊ တောင်ရိုး (၁)ရာခိုင်နှုန်း၊ ဗမာ (၃)ရာခိုင်နှုန်း၊ ပလောင် (၁)ရာခိုင်နှုန်း၊ အခြား (၃)ရာခိုင်နှုန်း။
အပူချိန် - ၂၆ ဒီဂရီ စင်တီဂရိတ် (အမြင့်ဆုံး)၊ ၁၆ ဒီဂရီ စင်တီဂရိတ်(အနိမ့်ဆုံး)
မိုးရေချိန် - ၇၉.၄၃လက္မ ၊ မိုးရွာရက် ၁၃၄-ရက်
ချောင်းများ - ပန်းလောင်မြစ် ။
ဘုန်းတော်ကြီးကျောင်း - (၁၃၀)ကျောင်း
စာသင်ကျောင်း - အထက်တန်း (၈) ကျောင်း
အလယ်တန်း (၂၁)ကျောင်း
မူလတန်း (၈၈)ကျောင်း
မူကြို (၇၃)ကျောင်း
ဆေးရုံ - (၃)ခု
ဟိုတယ်လုပ်ငန်း - (၃)ခု
ရေလှောင်တမံ - မြို့ကြီးရေလှောင်တမံ။
ဘုရားဖူးလေ့လာရာဒေသများ - ပြဒါးလင်းဂူ၊ ကျောက်ငှက်ဂူ၊ ရေပြာအိုင်၊ သခင်မမိန်းမရဲတောင်၊ ရွှေပွင့်လင်းဘုရား၊ ဓါတ်ပေါင်း ရတနာမာန်အောင်ဘုရား (ရေဦး)၊ ယကြီးဂူ၊ အလယ်ချောင် ရေတံခွန်၊ လင်းဝေးဂူ၊ ဆင်ဆာပြားဂူ





တောင်ထွတ်များ - ရွှေမြင်နောက်မြင်တောင် (၇၇၅၃)ပေ၊ ယစကျီ တောင်

ခရီးမိုင်များ

ရှာင် - အောင်ပန်း (၄၃)မိုင်
ရှာင် - ဟန်မြင့်မိုရ် (၅၇)မိုင်
ရှာင် - မန္တလေး (၈၆)မိုင်
ရှာင် - ပင်းတယ (၂၇)မိုင် (တောင်ပေါ်ကြီးလမ်း)
ရှာင် - ရန်ကုန် (၄၁၉)မိုင် (အမြန်လမ်း တိုးလ်ဂိတ်ထိ)
ရှာင် - တောင်ကြီး (၇၉) မိုင် (အောင်ပန်းလမ်း)
ရှာင် - ကလော (၄၉)မိုင်
ရှာင် - ပင်လောင်း (၈၅)မိုင်
ရှာင် - လွိုင်ကော် (၁၄၂)မိုင်

ရှာင်မြို့နယ်အတွင်း မြို့ပေါ် (၃)ရပ်ကွက်အပါအဝင် ဓနုတိုင်းရင်းသား အများဆုံးနေထိုင်သော ကျေးရွာများမှာ -

| | | |
|---|---|---|
| ပဲရင်းတောင်ရွာ | ပွေးနဖားရွာ | ထမင်းပေါင်း |
| နန်းခုံကျေးရွာ | ရွာမရွာ | ဆင်နက်ချောင်ရွာ |
| လွစင်ကျေးရွာ | ညောင်ပင်သာရွာ | တပ်ကုန်းရွာ |
| တောင်ပို့ကွဲကျေးရွာ | ညောင်ကြပ်ရွာ | ဆပ်သေရွာ |
| မြေခြားကျေးရွာ | တောင်ပုံရွာ | အုတ်တွင်းရွာ |
| ဖလူးပင်ရွာ | ကျောက်ငှက် | ဆင်ဆာပြားကျေးရွာ |
| ပွေးပြတ်ကျေးရွာ | မြေနီကုန်းရွာ | ကဇက်ရွာ |
| ယကြီးကျေးရွာ | ညောင်ခြေထောက်ရွာ | ကပြင်ရွာ |
| စိန်ချဉ်ပင်ကျေးရွာ | မြောက်လက်ကုန်းရွာ | တောင်ခေါင်းဗွာရွာ |
| တပ်ပုတ်ကျေးရွာ | ဝါးပိုးရေရွာ | ရေဦးကျောက်မြောင်းရွာ |

| | | |
|---|---|---|
| မြင်းဝန်းကျေးရွာ | သစ်လှရွာ | အင်းကြီးရွာ |
| မင်းတိုင်ပင်ကျေးရွာ | သနေးကုန်းရွာ | သိမ်ကုန်းရွာ |
| မြင်းကျဒိုးကျေးရွာ | ညောင်းကုန်းရွာ | ပွေးနဖားရွာ |
| ကျွန်းကြီးရွာ | ဖြူချောင်ရွာ | ဇလပင်ရွာ |
| ညောင်ပင်ခွရွာ | မြိုင်ကျေးရွာ | ငွေတောင်ရွာ |
| ရေလှရွာ | သပြေချောင်ရွာ | ရေပုတ်ကုန်းရွာ |
| တောကျယ်ရွာ | အင်းခေါင်းရွာ | ကျောက်ကူတိရွာ |
| ပွေးကြီးကျေးရွာ | ညောင်ဖြူရွာ | ရေချမ်းပြင်ရွာ |
| ခနွှောရွာ | အင်းကြီးရွာ | ဆည်ရွာ |
| မင်းပလောင်ရွာ | ပိန္နဲကုန်းရွာ | အင်းကုန်းရွာ |
| မြင်းတွင်းကျေးရွာ | လယ်ကိုင်းရွာ | ဆင်နက်ချောင်းရွာ |
| တောင်မြင့်ကြီးရွာ | ညောင်အိုင်ရွာ | ကြို့ပင်ရွာ |
| ရေဝင်ရွာ | ယုန်တောင်ရွာ | ထီးလှိုင်ရွာ |
| ဘုရားကြီးကုန်းကျေးရွာ | အင်တောရွာ | ငွေတောင်ရွာ |
| ဂနိုင်ယားကျေးရွာ | မျှားကလေးရွာ | လေးရွာ |
| နွားဘန်းကြီးရွာ | ကျောက်တောရွာ | သဖန်းပင် |
| မြသိန်းတန်ရွာ | ငါးဆူရွာ | ပယ်ကင်း |
| အလယ်ချောင်းရွာ | အင်းကုန်းရွာ | ကျောက်ပိစပ်ရွာ |
| ဆင်ခေါင်းကျေးရွာ | တပ်ကုန်းရွာ | ငှက်သောက် |
| ကိုင်းစုရွာ | ရေချမ်းရွာ | ကျောက်ပုတိရွာ |
| ပြေသာရွာ | ကျန်တောရွာ | မြို့ကြီးရွာ |
| တဲ့ လှရွာ | မြစေတီရွာ | တောင်ဦးရွာ |
| ဆတ်ခြံကျေးရွာ | လူးကျေးရွာ | လုပ်ပြင်ရွာ |

ပွေးပင်ရွာ　　လက်ပံပင်ရွာ　　တောင်ပို့ခေါင်းရွာ
အင်းလှရွာ

## (၅) ရပ်စောက်မြို့နယ် ဒေသဆိုင်ရာအချက်အလက်များ

ရပ်စောက်မြို့နယ်အတွင်း မြို့ပေါ် (၈)ရပ်ကွက်၊ အင်တောမြို့နယ်ခွဲအတွင်း မြို့ပေါ် (၆)ရပ်ကွက် အပါအဝင် ကျေးရွာအုပ်စု (၁၈)စုမှ ကျေးရွာပေါင်း(၂၁၉)ရွာ တည်ရှိသည်။ ရပ်စောက်မြို့နယ် အကျယ်အဝန်း ၁၀၉၉.၃၇ စတုရန်းမိုင်ရှိပြီး အင်တောမြို့နယ်ခွဲ အကျယ်အဝန်း ၉၃၃.၇၅ စတုရန်းမိုင် စုစုပေါင်းမြို့နယ်တစ်ခုလုံး ၂၀၃၃.၁၂ စတုရန်းမိုင်ရှိပါသည်။ အရှေ့မှနောက် (၂၈)မိုင်ရှိပြီး တောင်မှမြောက်(၃၃)မိုင် ရှည်လျားပါသည်။ အရှေ့လောင်ဂျီတွဒ် ၉၆ . ၃၅ မိနစ်မှ ၉၇.၂၀ မိနစ်အကြား၊ မြောက်လတ္တီတွဒ် ၂၂ မိနစ်မှ ၂၂.၁၅ မိနစ်အကြားတွင် တည်ရှိသည်။

ဇမ္ဗူဒီပဥဆောင်ကျမ်းအရ ယနေ့ရပ်စောက်ကို ရောက်စောက်၊ ယောက်စောက်ဟု ရေးသားခဲ့ကြသည်။ မြန်မာသက္ကရာဇ် ၁၀၂ -ခုနှစ်တွင် မြို့နယ်နိမိတ် စတင်သတ်မှတ်ခဲ့သည်ဟု သိရ၏။ နောင်တွင် ညောင်ရမ်းမင်းလက်ထက် ၉၆၃ ခုနှစ် နယုန်လပြည့်ကျော် (၇)ရက်နေ့ နယ်နိမိတ် စစ်ဆေးသတ်မှတ်မှုတွင် ရပ်စောက်မြို့ပါဝင်ခဲ့သည်။ အနော်ရထာမင်း (၁၀၄၄-၇၇)လက်ထက်ပြုမြို့(၃၀၀)အတွင်းပါဝင်ခဲ့သော မြို့လည်းဖြစ်သည်။ ရှမ်းမြို့(၁၇၅)အတွင်း ပါဝင်ခဲ့၏။ ညောင်ရမ်းမင်းဖျားလက်ထက် ကတည်းကမြင်းစီးအမှုထမ်းများဖွဲ့စည်းခဲ့သော မြို့ဖြစ်၍ ဓနုနယ်ပယ်အတွင်း အလွန်ရေးကျသောမြို့လည်းဖြစ်သည်။

ရပ်စောက်မြို့စစ်တမ်းအရ သီဟိုကောလီမင်းသည် မြို့ရွာတည်ထောင်ရန်ရှာဖွေခဲ့ရာ နဂါးကျစ်ကုန်းကိုတွေ့ခဲ့ရာ သဘောကျခဲ့သည်ဟူ၏။ ထို့နောက် မြန်မာသက္ကရာဇ် ၁၄၂၃၊ တပေါင်းလဆန်း (၃)ရက်နေ့တွင် 'ရသ

ဝတီ’ အမည်သမုတ်ခဲ့ပြီး မြို့တည်ခဲ့သည်ဟု ဆိုပါသည်။ ကာလကြာမြင့်လာပြီးနောက်ပိုင်း ရပ်စောက်မြို့ဟုခေါ်တွင်ခဲ့ပါသည်။ ရပ်စောက်မြို့နယ်သည် ၁၉၉၄အမျိုးသားညီလာခံတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ‘တိုင်း’ တောင်းဆိုမှုတွင် ပါဝင်ခဲ့သော မြို့နယ်တစ်ခုပင်ဖြစ်သည်။ ယနေ့အချိန်တွင် ရွှေ့ပြောင်းလူဦးရေများပြားလာမှုကြောင့် ဓနုတိုင်းရင်းသားဦးရေသည် မထင်မှတ်စွာကျဆင်းခဲ့သောမြို့နယ်ပင်ဖြစ်သည်။

ရပ်စောက်မြို့နယ်အတွင်း ၂၀၀၅/၂၀၀၆ ဝန်းကျင်အတွင်း အင်တောမြို့နယ်ခွဲ ပေါ်ပေါက်လာခဲ့သည်။ မြို့နယ်အတွင်း ဇော်ဂျီရေလှောင်တမံတည်ဆောက်ရာတွင် ရေအောက်ရောက်ခဲ့သော အင်တောမြို့ကို အနောက်မြောက်ဘက်ကုန်းမြင့်တွင် နေရာပေးပြီး တချို့ကျေးရွာများ စုစည်းကာ အင်တောမြို့နယ်ခွဲအဖြစ် သတ်မှတ်ပေးခဲ့ခြင်း ဖြစ်သည်။ ရပ်စောက်မြို့၏ ပင်လယ်ရေမျက်နှာပြင် အမြင့်မှာ ၃၀၅၀ ပေ ဖြစ်သည်။

ရပ်စောက်မြို့နယ်၏ အခြားဒေသဆိုင်ရာအချက်အလက်များမှာ -

အရှေ့ဘက် - ဟိုပုံးမြို့နယ်၊ လွိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့နယ်။
အနောက်ဘက် - ရွာငံမြို့နယ်။
တောင်ဘက် - ပင်းတယမြို့နယ်၊ ကလောမြို့နယ်၊ တောင်ကြီးမြို့နယ်။
မြောက်ဘက် - နောင်ချိုမြို့နယ်၊ ကျောက်မဲမြို့နယ်။
လူဦးရေ - (၁၂၆၄၂၇)ဦး (ကျား-၆၄၉၄၅၊ မ-၆၁၄၈၂)
အိမ်ထောင်စု - (၂၅၉၂၃)စု (၂၀၁၄ သန်းခေါင်စာရင်းအရ)
တိုင်းရင်းသားစာရင်း (ခန့်မှန်း) - ဓနု (၂၆)ရာခိုင်နှုန်း၊ ပအိုဝ်း (၁၃) ရာခိုင်နှုန်း၊ ပလောင် (၉)ရာခိုင်နှုန်း၊ ဗမာ(၂၈)ရာခိုင်နှုန်း၊ ရှမ်း (၁၃) ရာခိုင်နှုန်း၊ အခြား (၂)ရာခိုင်နှုန်းကျော်။
အပူချိန် - ၄၀ ဒီဂရီစင်တီကရိတ်(အမြင့်ဆုံး) ၀ ဒီဂရီစင်တင်ဂရိတ်(အနိမ့်ဆုံး)

မိုးရေချိန် - ၄၅.၁၉လက္မ ရှိပြီး မိုးရွာရက် (၈၈)ရက်(၂၀၁၇)

ချောင်းများ - နမ့်လန်ချောင်းသည် ဟိုပုံးမြို့နယ်မှ မြစ်ဖျားခံပြီး ရပ်စောက်မြို့နယ် အရှေ့ပိုင်းကျိုင်းခမ်းရွာအနီးမှ ဖြတ်သန်း၍ ဒုဋ္ဌဝတီမြစ်အတွင်း စီးဆင်းသည်။ ဇော်ဂျီမြစ်သည် ရပ်စောက်မြို့နယ်အတွင်း တောင်မှ မြောက်သို့ စီးဆင်းသည်။

ဆည်များ - ဇော်ဂျီရေလှောင်တမံ

တောင်ထွက်များ - ရှေ့မြင်နောက်မြင်တောင်သည် ပင်းတယမြို့နယ်၊ ရွာငံမြို့နယ်၊ ရပ်စောက်မြို့နယ် ဆုံရာအရပ်တွင် တည်ရှိသည်။

ဘုန်းတော်ကြီးကျောင်း - (၂၀၇)ကျောင်း

| | | |
|---|---|---|
| စာသင်ကျောင်း - | အထက်တန်း | (၈)ကျောင်း |
| | အလယ်တန်း | (၆)ကျောင်း |
| | မူလတန်း | (၂၀၅)ကျောင်း |
| | မူကြို | (၃၄)ကျောင်း |

စစ်တပ် - တိုက်ခိုက်ရေးကျောင်း၊ ဗိုလ်သင်တန်းကျောင်း၊ အရာခံနှင့် အကြပ်ကြီးသင်တန်းကျောင်း အပါအဝင် စစ်တပ် (၅)တပ်ရှိသည်။

ဆည်များ - ရေလွှဲဆည်၊ မြေသားတမံ၊ ရေထိန်းတံခါးများ(၈) ခုရှိသည်။

သစ်ထုတ်လုပ်မှု - နိုင်ငံပိုင်(၇)ခုနှင့် ပုဂ္ဂလိကပိုင် (၁၁)ခုရှိသည်။

ဆေးရုံ - (၅)ခု ကုတင်(၁၁၄)

ဂေါက်ကွင်း - (၁)ကွင်း

ခရီးမိုင်များ

ရပ်စောက်-တောင်ကြီး (၄၈) မိုင်
ရပ်စောက်-ကောင်းဘို့ (၁၆) မိုင်
ရပ်စောက်-ပင်းတယ (၃၁) မိုင်
ရပ်စောက်-အောင်ပန်း (၅၈) မိုင် (ညောင်ရွှေလမ်း)
ရပ်စောက်-အောင်ပန်း (၅၆) မိုင် (ပင်းတယလမ်း)
ရပ်စောက်-အင်တော (၃၅) မိုင်
ရပ်စောက်-နောင်ချို (၁၀၃) မိုင် (အင်တောလမ်း)
ရပ်စောက်-ပြင်ဦးလွင် (၁၄၀) မိုင် (အင်တောလမ်း)
ရပ်စောက်-လားရှိုး (၂၀၄) မိုင် (အင်တောလမ်း)
ရပ်စောက်-ရွှေညောင် (၃၆) မိုင်
ရပ်စောက် - ကျောက်ဂူ (၄၉) မိုင်
ရပ်စောက်-ရန်ကုန် (၄၃၁) မိုင် (ပင်းတယမှ အမြန်လမ်း)

ရပ်စောက်မြို့နယ်အတွင်း ဓနုတိုင်းရင်းသားနေထိုင်သောကျေးရွာများ -

| | | |
|---|---|---|
| ဈေးတန်းရပ် | ရေဦး | ဆင်လေ |
| ဥတ္တံတားရပ် | တပ်ဦး | အောင်မြေအင်း |
| မြို့ကုန်းရပ် | ညောင်ပင်သာ | ထီးတောက်ကုန်း |
| တောင်ကွက်သစ် | မြေနီ | ရှားပင်ရေ |
| ဇော်ဂျီ | ခဲမဲ | ကောင်းဘို့ |
| မြို့ ဦး | ဆူဘိကုန်း | ထမင်းပေါင်း |
| မြောက်ကွက်သစ် | တောင်ထိပ် | အုံးကွဲ |
| လွယ်ကိုး | စပယ်ကုန်း | နောင်ဖန် |
| လှည်းတိုး | တောင်သူကုန်း | ဆင်ကျုံး |
| ပါးပန်း | ဆီဆုံဂနိုင် | အင်တောင် |

| | | |
|---|---|---|
| ဗန်းမက် | ကျောက်ဂူ | လယ်ခေါင်း |
| ထမင်းပေါင်း | တောင်းခမ်း | ကျောက်တော |
| ပနား | ကျောက်မီးခတ် | မြောင်းတော် |
| ဖက်ရင်းကုန်း | သပြေကုန်း | ခဲကြား |
| မန်ကျည်းကုန်း | ပုန်းအင်း | တောရွာ |
| ဝန်စိုရွာ | မက်သဘော် | ဝက်ကျခဲ |
| ရေအေးရွာ | သာစည် | လျှော်ကုန်း |
| သဖန်းအိမ် | ပင်ပိန် | ပုံပြင် |
| ဂနိုင်ကြီး | ကုန်းညောင် | ဘုရားငါးဆူ |
| နောင်တခေါ | ကျောက်ဆုံ | တောင်ကွေး |
| ပိန္နဲကုန်း | အင်တော | အင်ပြား |
| လယ်တော် | ပင်ဖြစ် | လယ်ရန်းကြား |
| နောင်ဘို | ထီးခမ်း | ထီးစံကုန်း |
| ဘုရားဖြူ | မြို့ဆိုး | ကျောက်ဆုံကုန်း |
| ကြက်တက် | ဆီဆုံ | သမိုင်းကုန်း |
| မြေနီကုန်း | ပန်းအုံ | သာလည်ချောင် |
| ဖောင်းတော | လှဲဒိုး | |

**(၆) ဆက်စပ်မြို့နယ်များမှ ဓနုတိုင်းရင်းသားဒေသများ(တောင်ကြီးမြို့နယ်)**

ကလောမြို့နယ်၊ ဘော်ဆိုင်းဒေသ အရှေ့ဘက်ကပ်လျက်နှင့် ရပ်စောက်မြို့နယ် တောင်ဘက်ကပ်လျက်ဒေသများ ဖြစ်ကြသည့် ကွန်လုံကျေးရွာအုပ်စု၊ သံတဲကျေးရွာအုပ်စု၊ ကျောက်နီကျေးရွာအုပ်စုများတွင် ဓနုတိုင်းရင်းသား အများဆုံးစုစည်းနေထိုင်လျက် ရှိကြသည်။ ကွန်လုံကျေးရွာအုပ်စုအတွင်းရှိ ကွန်လုံကျေးရွာ၊ လူရိုးတောင်ကျေးရွာ၊ ဘန်းကန်ကျေးရွာ၊ သရက်ပင်

ကျေးရွာ၊ ဟိုနားကျေးရွာ၊ ပုန်းအင်းအောက်ရွာ၊ မြို့ဆိုးကျေးရွာများတွင် ဓနုအများဆုံး နေထိုင်လျက်ရှိပေသည်။

သံတဲကျေးရွာအုပ်စုအတွင်း ပန့်ပုန်းကျေးရွာ၊ ကုန်းမို့ကျေးရွာ၊ ကျောက်နီကျေးရွာအုပ်စုအတွင်း၌ ကျောက်နီကျေးရွာ၊ စမ်းချောင်းကျေးရွာ၊ သရက်ပင်လှကျေးရွာ၊ ဘုရားနီကျေးရွာများအားလုံးသည် တောင်ကြီးမြို့နယ် အတွင်းပါဝင်ပြီး တောင်ကြီးမြို့ပေါ် အပါအဝင်ဓနုတိုင်းရင်းသား လူဦးရေ တစ်သောင်းခန့် မှီတင်းနေထိုင်ကြကြောင်း လေ့လာရပါသည်။

## (သာစည်မြို့နယ်)

ကလောမြို့နယ် အနောက်ဘက်ခြမ်းကပ်လျက် သာစည်မြို့နယ်အတွင်း၌ ဆင်တောင်ကျေးရွာ၊ မြင်းဒိုက်ကျေးရွာ၊ ရေအေးချောင်းကျေးရွာ၊ ကမ္ဘာနီကျေးရွာ၊ အင်းခေါင်းကျေးရွာ၊ ချွေးရုပ်ကျေးရွာ၊ တောင်ဗွာကျေးရွာများတွင် ဓနုတိုင်းရင်းသားများ ပျံ့နှံ့နေထိုင်လျက်ရှိပါသည်။

ပင်းတယမြို့နယ် အနောက်ဘက်ခြမ်းကပ်လျက် သာစည်မြို့နယ် အတွင်း၌ မြက်ခါးအင်းကျေးရွာ၊ လယ်ခေါင်းကျေးရွာ၊ ဆင်ကူးကျေးရွာ၊ ကျောက်ပချုပ်ကျေးရွာ၊ ရွာသစ်ကုန်းကျေးရွာ၊ ကုန်းလှကျေးရွာ၊ ငှက်ပျောတော ကျေးရွာ၊ အင်းနီကျေးရွာများတွင်လည်း ဓနုတိုင်းရင်းသားများ သီးသန့်နေထိုင် လျက်ရှိကြသည်။

ထို့အပြင် ရွာငံမြို့နယ်အနောက်ဖက်ကပ်လျက် သာစည်မြို့နယ်အတွင်း ၌ ကျွဲတပ်ကျေးရွာ၊ ဝါးရွက်ကျေးရွာ၊ သဲဖွတ်ကျေးရွာ၊ ကုန်းပေါ်ကျေးရွာ၊ သက်ကယ်ထိပ်ကျေးရွာ၊ မြက်နီကျင်းကျေးရွာ၊ ရေဘုတ်ကျေးရွာ၊ ကျောင်းဆိုး ကုန်းကျေးရွာများတွင်လည်း ဓနုတိုင်းရင်းသားများ သီးသန့်တစ်စုတစ်ဝေးတည်း နေထိုင်လျက်ရှိကြောင်း လေ့လာရပါသည်။

ထို့ကြောင့် သာစည်မြို့နယ်အတွင်း ဓနုတိုင်းရင်းသား ခုနစ်ထောင်ကျော် နေထိုင်ကြကြောင်း ခန့်မှန်းသိရှိရပါသည်။

## (ပင်လောင်းမြို့နယ်)

ပင်လောင်းမြို့နယ်၊ တီကျစ်ကျေးရွာအနောက်ဘက်(၅)မိုင်တွင် လုံးပိုးကျေးရွာအုပ်စုတည်ရှိသည်။ လုံးပိုးတောင်ရွာတွင် ဓနုတိုင်းရင်းသားများ သီးသန့်နေထိုင်လျက်ရှိကြောင်း အံ့သြစွာလေ့လာသိရှိရပါသည်။ ထိုဒေသရှိ ဓနုလူမျိုးများသည် ပန်းပဲ လုပ်ငန်းအဓိကထားကာ အသက်မွေးလျက်ရှိသည်။ တချို့မှာမူ စိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးမြူကြပြီး အိမ်ခြေ(၁၂၀) ကျော် တည်ရှိသည်။ မြေပြန့်ဒေသတောင်သူလယ်သမားများ အဓိကအသုံးပြုကြသော တံစဉ်များကို လုံးပိုးကျေးရွာမှ အများဆုံး တင်ပို့ရောင်းချကြောင်း သိရှိရသည်။

## (ပြင်ဦးလွင်မြို့နယ်)

ပြင်ဦးလွင်မြို့နယ်သည် ရှေးအခါက ဓနုနှင့်ရှမ်းတိုင်းရင်းသားများသာ နေထိုင်ကြသော ဒေသဖြစ်ကြောင်းမြို့တည်ခဲ့သူ မေဂျာမေကိုယ်တိုင်က သူ၏မှတ်တမ်းတွင်ဖော်ပြခဲ့သည်။ ထိုသို့သာမက ရွာင်မြို့နယ်နှင့် နောင်ချိုမြို့နယ်များမှ ဓနုတိုင်းရင်းသားများသည် ရေကြည်ရာမျက်နုရာဒေသများသို့ စုံဆင်းကြရင်း ပြင်ဦးလွင်မြို့နယ်တွင် ဓနုတိုင်းရင်းသား ကျေးရွာများ များပြားရခြင်းဖြစ်ပေသည်။

အထူးသဖြင့် ကျေးရွာကြီးများဖြစ်ကြသော ကြက်တက်ရွာ၊ မိုင်းလုံးရွာ၊ ရေချမ်းအိုးတောင်ရွာ၊ ရေချမ်းအိုးမြောက်ရွာ၊ မိုးကြိုးပစ်ရွာ၊ ပြင်ကြီးရွာ၊ ကြီးကိုင်ကျေးရွာ၊ အင်းလျားကျေးရွာများသည် ဓနုတိုင်းရင်းသားအများဆုံး နေထိုင်ကြသော ကျေးရွာများပင်ဖြစ်သည်။

ဝမ်းနည်းစရာကောင်းလှသည်မှာ နိုင်ငံသားမှတ်ပုံတင်အတွင်း ဗမာ/ဗုဒ္ဓအဖြစ် ဖော်ပြထားခြင်းပင်ဖြစ်သည်။ ကိုယ်တိုင် ကိုယ်ကျသွားရောက်လေ့လာခဲ့ရာ အလုပ်အကိုင်အခွင့်အလမ်းအတွက်လည်းကောင်း၊ အေးချမ်းစွာစီးပွားရှာနိုင်ရန်အတွက်လည်းကောင်း၊ လွယ်လင့်တကူပညာသင်ကြားနိုင်ရန်အတွက်လည်းကောင်း ဗမာ/ဗုဒ္ဓဟုသာ ထည့်သွင်းခဲ့ကြကြောင်း သိရှိခဲ့ရပါတော့သည်။

ထိုကျေးရွာများသာမက ချောင်းခြားရွာ၊ နောင်လိုင်ရွာ၊ သပြေရေရွာ၊ ပင်စုပ်ရွာ၊ ကျားတွင်းရေရွာ၊ ပွဲကောက်ရွာ၊ တွင်းငယ်ရွာ၊ ဖောင်းတောရွာ၊ အနီးစခန်းရွာ၊ ဝက်ဝံရွာ၊ ပြင်စာရွာများသည်လည်း ဓနုတိုင်းရင်းသားအများအပြားနေထိုင်လျက်ရှိကြောင်း သိရှိရပါသည်။ အထက်ပါကျေးရွာများ၌သာမက အခြား၊ အခြားသော ကျေးရွာများ၌လည်း ဓနုတိုင်းရင်းသားများပျံ့နှံ့နေထိုင်ကြလိမ့်မည်ဟု သုံးသပ်မိပါသည်။ အတွင်းကျကျလေ့လာရန်မှာဒေသခံများမှ ပိုမိုပူးပေါင်းဆောင်ရွက်ရန် လိုအပ်မည်ဟုသုံးသပ်မိပါတော့သည်။ ပြင်ဦးလွင်အတွင်းရှိ ဓနုတိုင်းရင်းသားများ စိစစ်နိုင်ရန်အခက်ခဲဆုံးကိစ္စတစ်ခုမှာ မိမိကိုယ်မိမိဓနုတိုင်းရင်းသားအဖြစ်ခံယူမှု နည်းပါးသွားသည့်အရာပင်ဖြစ်သည်။

## (မိုးကုတ်မြို့နယ်)

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်၊ မိုးကုတ်မြို့၊ ဂေါင်းဦးပါရပ်ကွက်အတွင်း ဓနုတိုင်းရင်းသား အိမ်ခြေ(၃၅၀)ဝန်းကျင်နှင့် လူဦးရေ(၁၅၀၀)ကျော်၊ စည်ပင်သာယာရပ်ကွက်အတွင်း အိမ်ခြေ(၅၀)၊ လူဦးရေ(၂၀၀)ကျော် မှီတင်းနေထိုင်လျက်ရှိကြောင်း သိရှိရပါသည်။ ရွာငံ၊ ပင်းတယ၊ နောင်ချိုဒေသမှ မိုးကုတ်ပတ္တမြားကိုအကြောင်းပြု၍ စီးပွားရှာသွားရောက်အခြေချခဲ့သူများပင်ဖြစ်သည်။ ထူးခြားလှသည်မှာ ဂေါင်းဦးပါရပ်ကွက်အတွင်း

ဓနုလူမျိုးများ စုပေါင်းနေထိုင်လျက်ရှိကြခြင်းပင် ဖြစ်ပေသည်။ အခြား ရပ်ကွက်များတွင်လည်း အနည်းငယ်စီ ပျံ့နှံ့နေထိုင်လျက်ရှိသည်။ မိုးကုတ်မြို့ နယ်အတွင်း ဓနုလူဦးရေ(၂၅၀၀)နီးပါး နေထိုင်လျက်ရှိကြောင်း သိရှိရပါသည်။

## (ရန်ကုန်တိုင်းဒေသကြီး)

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံမြို့၊ ကမ်းမြောင်ကျေးရွာ အုပ်စု၊ ဆင်စခန်းကျေးရွာတွင် ဓနုတိုင်းရင်းသားများ စုစည်းနေထိုင်ကြကြောင်း ထူးခြားအံ့သြစွာတွေ့ရှိရပါသည်။ အိမ်ထောင်စု(၃၅)စုမှ လူဦးရေ(၁၅၀) ကျော် နေထိုင်လျက် ရှိပေသည်။ ရန်ကုန်မြို့မှ ၆၅ မိုင် ဥက္ကံမြို့လယ်ကိုဖြတ်၍ ယာဘက် (၃)မိုင်သွားပါက ဓနုတိုင်းရင်းသားများနေထိုင်ကြသော ဆင်စခန်း ကျေးရွာကို ရောက်ရှိမည်ဖြစ်ပါသည်။

## (ကျောက်မဲမြို့နယ်)

ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲမြို့မြောက်ဘက်(၆)မိုင်တွင် ကုန်းစုံကျေးရွာတည်ရှိသည်။ အိမ်ခြေ(၁၂၀)ကျော် တည်ရှိပြီး တစ်ရွာလုံးဓနု တိုင်းရင်းသားသီးသန့်နေထိုင်လျက်ရှိကြောင်း အံ့သြစွာသိရှိရပါသည်။ ၁၂၇၀–ခုနှစ်တွင် ရွာင်မြို့နယ် ကဇက်၊ မြင်းတွင်း၊ နဘာန်းကြီး၊ ငှက်ပျောတော ကျေးရွာများမှ မိသားစု(၅)စုမှ ဓနုလူမျိုး(၃၅)ယောက်တို့က ကျောက်မဲမြို့သို့ မီးရထားဝန်ထမ်းလုပ်သားများအဖြစ် သွားရောက်ခဲ့ကြကြောင်း၊ နောက်ပိုင်း ထိုနေရာမှတစ်ဆင့် ကုန်းစုံကျေးရွာနေရာသို့သွားရောက်၍ အခြေတကျရွာတည် ပြီး နေထိုင်ခဲ့ကြကြောင်း လေ့လာသိရှိရပါသည်။

ရွာကိုပထမဆုံး ဦးဆောင်ခဲ့သူ ဦးလှက ရေကန်ကြီးကို ဦးစွာတူး ဖော်ပြီး ရွာဦးကျောင်းကိုလည်း ဆောက်လုပ်ကိုးကွယ်ခဲ့ကြောင်း သိရှိရပါ သည်။ ထိုနေရာသို့ စတင်သွားရောက်ခဲ့ကြသော ဓနုတိုင်းရင်းသားမိသားစုများ

အပြင် ကျောက်မဲမြို့ပေါ်တွင်လည်း ပျံ့နှံ့နေထိုင်လျက်ရှိကြောင်း သိရှိရသည်။

## (မြစ်သားမြို့နယ်)

၁၉၈၁ခုနှစ်တွင် မြစ်သားမြို့နယ်အတွင်းနှင့်ရှာင်မြို့နယ် အစပ်နေရာတွင် ရေအားလျှပ်စစ် စီမံကိန်းအတွက် ကင်းတားဘက်စုံ ရေလှောင်တမံ စတင်ခဲ့သည်။ ထိုစဉ်က ရေဝပ်ဧရိယာအတွင်းပါဝင်ခဲ့သော ရှာင်မြို့နယ် နေရောင်ကာရွာ၊ တောင်ပုံရွာ၊ နောင်ကြပ်ရွာ၊ သုံးရွာအားပြောင်းရွှေ့ရန် ညွှန်ကြားခံခဲ့ရသည်။

၁၉၉၀ခုနှစ် စီမံကိန်းမပြီးခင် ၅နှစ်အလိုရေစတင်သိုလှောင်သော အချိန်တွင် အဆိုပါသုံးရွာအား ဆည်၏အနောက်ဘက်ခြမ်းနေရာသို့ စုပေါင်းနေထိုင်စေပြီး အောင်ချမ်းသာရွာအဖြစ် တည်ထောင်ပေးခဲ့သည်။ ပြန်လည်နေရာချထား ပေးခဲ့ရာတွင် မြစ်သားမြို့နယ်မိုင်းမောကျေးရွာအုပ်စုအတွင်း ရောက်ရှိသွားပါတော့သည်။ အိမ်ခြေ ၂၃၅၊ လူဦးရေ ၁၀၀၀ ကျော်နေထိုင်လျက်ရှိပြီးအားလုံးမှာ ဓနုတိုင်းရင်းသားများပင် ဖြစ်သည်။

ဓနုတိုင်းရင်းသားများ စုပေါင်းနေထိုင်လျက်ရှိသော အောင်ချမ်းသာကျေးရွာသည် မြစ်သားမြို့အရှေ့ဘက် ၅မိုင်နှင့် ကင်းတားရေလှောင်တမံ အနောက်ဘက် ၁၈မိုင်ခန့်အကွာအဝေးတွင် တည်ရှိပါသည်။

## (ညောင်ရွှေမြို့နယ်)

အင်းလေးဒေသအနောက်ဘက် ကုန်းပြင်မြင့်တစ်လျှောက်တွင် ရှေးပဝေသဏီကတည်းက ဓနုတိုင်းရင်းသားများ နေထိုင်ခဲ့ကြကြောင်း လေ့လာရပါသည်။ ညောင်ရွှေမြို့နယ်၊ လဝကမှထုတ်ပြန်စာရင်းအရ ဓနု

လူဦးရေ (၃၀၀၈)ဦးရှိကြောင်းသိရသည်။ ကိုလိုနီခေတ်အတွင်း အင်းအနောက်ဘက် မနေကျေးရွာများသည် သူခိုး၊ ဓါးပြရန်များကြောင့် အင်းလေးရေစပ်အထိ ပြောင်းရွှေ့ခဲ့သည်ဟုဆိုသည်။ မနေတိုင်းရင်းသားများ နေထိုင်ကြသော ကျေးရွာများမှာ အင်းတိုင်၊ တုံးလည်၊ နားချောင်းကျ၊ ကျေးပေါခုန်၊ မင်းလုံး၊ စိန်သောင် ကျေးရွာများပင်ဖြစ်သည်။ အင်းတိုင်နှင့်တုံးလည်ကျေးရွာများသည် ရေစပ်ကျေးရွာများဖြစ်သည့်အလျောက် အင်းနှင့်သွေးနှောမှု များလာပြီး နောက်ပိုင်း အင်းသားအဖြစ်ခံယူသွားကြပါသည်။

နားတောင်းကျ ကျေးရွာသည်အိမ်ခြေ (၁၀၈)အိမ်ရှိပြီး မနေတိုင်းရင်းသားလူဦးရေ (၃၀၀)ကျော် နေထိုင် လျက်ရှိသည်။ ကျေးပေါခုန်ကျေးရွာသည် အိမ်ခြေ(၁၃၄)အိမ်ရှိပြီး မနေတိုင်းရင်းသားလူဦးရေ (၅၀၀)ကျော် နေထိုင်လျက်ရှိသည်။ မင်းလုံးကျေးရွာသည် အိမ်ခြေ(၄၀)ရှိပြီး အားလုံးမနေတိုင်းရင်းသားများပင်ဖြစ်သည်။ စိန်သောင်ကျေးရွာသည် မင်းလုံးအနောက်တောင်ဖက်ရှိ ကျေးရွာဖြစ်ပြီး ပင်လောင်းမြို့နယ်အတွင်း ဝင်သွားသည်ဟု သိရသည်။ အိမ်ခြေ(၃၀)ရှိပြီး မနေတိုင်းရင်းသားများနေထိုင်ကြပါသည်။

ထိုဒေသရှိ မနေတိုင်းရင်းသားများသည် စိုက်ပျိုးရေးဖြင့် အသက်မွေးမြူကြသည်။ မင်းလုံးကျေးရွာသည် သနပ်ဖက်အများစုစိုက်ပျိုးကြသည်။ မင်းလုံးနှင့်စိန်သောင်ကျေးရွာအနီးတွင် အထက်ဘီလူးချောင်းရေအား လျှပ်စစ်စီမံကိန်းတည်ရှိသည်။ နားချောင်းကျနှင့် ကျေးပေါခုန်ကျေးရွာများသည် စိုက်ပျိုးရေးလုပ်ငန်းများ အပြင်မုန့်လေပွေလုပ်ငန်း၊ ခြင်းတောင်းလုပ်ငန်း၊ ခမောက်လုပ်ငန်းများလုပ်ကိုင်ကြသည်။

အင်းတိုင်ဒေသသည် အင်းရေပြင်အနောက်တောင်ဘက်ကမ်းတွင် တည်ရှိသည်။ ပုဂံဒေသဟုပင် တင်စားခံရလောက်အောင် ရှေးဘုရင်မင်းများ ကောင်းမှုစေတီပုထိုးတော်များ ၁၀၀၀ ကျော် တည်ရှိရာ အရပ်ဖြစ်သည်။ အောင်ပန်း-ပင်မှီလမ်းဘက်မှလာပါက ၂၂မိုင်ခရီးရှိသည်။ ကျောက်ကြမ်းလမ်း

ဖြစ်သည်။ အောင်ပန်း-ခေါင်တိုင်လမ်းခွဲမှ ကတ္တရာလမ်းအတိုင်းသွားပါက မိုင်(၃၀)ကျော်သွားရပါကြောင်း တင်ပြလိုက်ရပါသည်။

## (၇) မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြကုန်သော ဓနုတိုင်းရင်းသားလူဦးရေ ပေါင်းချုပ်

ပင်းတယမြို့နယ်၊ ရွာငံမြို့နယ်၊ ကလောမြို့နယ်၊ ရပ်စောက်မြို့နယ်၊ နောင်ချိုမြို့နယ်တို့သည် ဓနုတိုင်းရင်းသား အများဆုံးနေထိုင်သော မြို့နယ်များဖြစ်ပြီး တစ်ဆက်တစ်စပ်တည်းတည်ရှိလျက်ရှိသော မြို့နယ်များလည်းဖြစ်ပေသည်။ ၂၀၁၄မတ်လ(၂၉)ရက် သန်းခေါင်စာရင်းအရ အဆိုပါငါးမြို့နယ်တွင် ၆၂၄၁၈၇ ဦး (ခြောက်သိန်းကျော်)နေထိုင်ကြပြီး ဓနုတိုင်းရင်းသားလူဦးရေ ထက်ဝက်နှင့် အခြားတိုင်းရင်းသားပေါင်းစုံထက်ဝက်ရှိကြောင်း လေ့လာသိရှိရပါသည်။ ၅နှစ်တာအတွင်း မြန်မာနိုင်ငံ၏ လူဦးရေတိုးနှုန်းအရ အထက်ပါငါးမြို့နယ်တွင် ယနေ့ခြောက်သိန်းခွဲဝန်းကျင် နေထိုင်လျက်ရှိကြောင်း သိရှိရသည်။

ငါးမြို့နယ်အတွင်း ဓနုတိုင်းရင်းသားမည်မျှနေထိုင်လျက်ရှိကြသနည်း။ ရှေ့တွင် ဒေသဆိုင်ရာအချက်အလက်များ တင်ပြခဲ့ပြီးဖြစ်သည်။ တချို့မှားယွင်းနေကြောင်း တွေ့ရှိရသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ဓနုလူဦးရေ သိပ်မကွာသော်လည်း ပြင်ပသုံးမြို့နယ်တွင် ကွဲလွဲလျက်ရှိကြောင်း တွေ့မြင်ရပါသည်။ မည်သို့ပင်ဖြစ်နေစေကာမူ ရွာငံမြို့နယ်တွင် ၈၈ ရာခိုင်နှုန်း၊ ပင်းတယမြို့နယ်တွင် ၇၆ ရာခိုင်နှုန်း၊ ကလောမြို့နယ်တွင် ၄၀ ရာခိုင်နှုန်း၊ နောင်ချိုမြို့နယ်တွင် ၄၀ ရာခိုင်နှုန်း၊ ရပ်စောက်မြို့နယ်တွင် ၃၀ ရာခိုင်နှုန်း အကြမ်းဖျင်းတွက်ချက်ကြည့်ပါက ဓနုလူဦးရေ သုံးသိန်းနှစ်သောင်းကျော် နေထိုင်ကြကြောင်း တွက်ချက်ရယူနိုင်ပါလိမ့်မည်။



ဆက်စပ်မြို့နယ်များဖြစ်သော တောင်ကြီးမြို့နယ်တွင် ဓနုလူဦးရေ တစ်သောင်းဝန်းကျင်၊ ပြင်ဦးလွင်မြို့နယ်တွင် တစ်သောင်းဝန်းကျင်၊ ကျောက်မဲမြို့နယ်တွင် တစ်ထောင်ကျော်၊ ပင်လောင်းမြို့နယ်တွင် တစ်ထောင်ကျော်၊ မိုးကုတ်မြို့နယ်တွင် နှစ်ထောင့်ငါးရာခန့်၊ သာစည်မြို့နယ်တွင် ကိုးထောင်ကျော်၊ မြစ်သားမြို့နယ်တွင် နှစ်ထောင်ကျော်၊ ညောင်ရွှေမြို့နယ်တွင် သုံးထောင်ကျော်၊ ရန်ကုန်၊ မန္တလေး အစရှိသည့် မြို့ကြီးများနှင့် ရှမ်းပြည်နယ် အခြားဒေသများတွင် သုံးသောင်း၊ ခန့်မှန်းရေတွက်ပါက မြန်မာနိုင်ငံအတွင်း ဓနုတိုင်းရင်းသား လူဦးရေ ၂၀၁၉ခုနှစ်အတွင်း (၄၀၀၀၀၀)လေးသိန်းဝန်းကျင် နေထိုင်လျက်ရှိကြောင်း လေ့လာသိရှိရပါသည်။

# အခန်း [ ၇ ]

## ခေနနယ်အတွင်း စာပြန်ပွဲတော်သမိုင်း

### (၁) စာပြန်ပွဲတော်သမိုင်းနှင့် ခေနဒေသ

မြန်မာနိုင်ငံ၏ စာပြန်ပွဲသမိုင်းကို ကြည့်ပါကသာသနာတော်အစကို ပြန်ကောက်ရလိမ့်မည်ဟု ယူဆမိပါသည်။ မြတ်ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်က သတ္တဝါတို့၏ဆင်းရဲခြင်းကင်းပျောက် ချမ်းသာသုခသို့ရောက်စေမည့် သစ္စာ ဓမ္မများဟောပြခဲ့လေသည်။ သက်တော်(၈၀)၊ ဝါတော်(၄၅)ဝါလုံးလုံး သစ္စာအလင်းဓာတ်ပြခဲ့ရာ ယခု ၁၃၈၀ဆိုလျှင် သာသနာတော်နှစ် (၂၅၆၂) ခုနှစ်ပြည့်မြောက်ခဲ့လေပြီ။ (၂၅၆၂+၄၅ဝါ=၂၆၀၇နှစ်) သာသနာနှစ် ၂၆၀၀ ကျော်ခဲ့ပြီဟုလည်း အလွယ်မှတ်နိုင်ပါသည်။

မြတ်ဗုဒ္ဓပရိနိဗ္ဗာန်စံဝင်တော်မူပြီး (၇)ရက်မြောက်နေ့ တောထွက် ရဟန်း'သုဘဒ်'၏ စကားကြောင့် မသူတော်တရားမပြန့်ပွားမီ သင်္ဂါယနာ တင်မှဖြစ်မည်ဟု ဆုံးဖြတ်ခဲ့ကြသည်။ မြတ်ဗုဒ္ဓ၏ (၄၅)ဝါပတ်လုံး ဟော ကြားတော်မူခဲ့သော 'ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ' ပိဋကတ်သုံးပုံတရားများကို ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းမပြုလုပ်ပဲ မူရင်းအတိုင်းထားရန် အရှင်

မဟာကဿပ၊ အရှင်အာနန္ဒာ၊ အရှင်ဥပါလိတို့က ရဟန်း(၅၀၀)တို့ဖြင့် ပထမသင်္ဂါယနာတင်ခဲ့ကြသည်။ အဇာတသတ်မင်းလက်ထက် အိန္ဒိယနိုင်ငံ ရာဇဂြိုဟ်ပြည်တွင် (၇)လပတ်လုံး ကျင်းပခဲ့ကြသည်။ ထိုမှစ၍ ဗုဒ္ဓတရားတော်ကို ထိန်းသိမ်းလာသော မူ၊ ဝါဒကို 'ထေရဝါဒ' ဟု နောင်တွင်ခေါ်လာကြသည်။

ဤသို့ဖြင့် ခေတ်အဆက်ဆက် ဗုဒ္ဓဝါဒကိုပြုပြင်ချင်သူများကိစ္စ၊ ရဟန်းတုရဟန်းယောင်များကိစ္စ၊ ပေထက်အက္ခရာတင်ခြင်းကိစ္စ အကြောင်းများပေါ်လာခဲ့၍ သင်္ဂါယနာ(၆)ကြိမ်တင်ခဲ့ရလေသည်။ သာသနာတော်နှစ် (၁၀၀)ပြည့်တွင် အိန္ဒိယနိုင်ငံ၊ ဝေသာလီပြည်၌ ဒုတိယသင်္ဂါယနာ၊ သာသနာတော်(၂၃၅)အိန္ဒိယနိုင်ငံ ပါဋလိပုတ်ပြည်တွင် တတိယသင်္ဂါယနာ၊ သာသနာတော် (၄၅၀) သီဟိုဠ်နိုင်ငံတွင် စတုတ္ထသင်္ဂါယနာ၊ သာသနာတော်(၂၄၁၅) မြန်မာနိုင်ငံမင်းတုန်းမင်းလက်ထက်တွင် ပဉ္စမသင်္ဂါယနာ၊ သာသနာတော် (၂၅၀၀)ပြည့်ကိုဂုဏ်ပြုပြီး ရန်ကုန်မြို့ ကမ္ဘာအေးလိုဏ်ဂူတော်တွင် ကျောက်ထက်အက္ခရာမှ စက္ကူပုံနှိပ်အက္ခရာသို့ပြောင်းခဲ့သည့် ဆဋ္ဌသင်္ဂါယနာတို့ကို အဆင့်ဆင့်တင်ခဲ့ကြသည်။

ကမ္ဘာပေါ်တွင် ထေရဝါဒစစ်စစ်နိုင်ငံ(၅)နိုင်ငံတွင် မြန်မာနိုင်ငံသည် ဦးဆောင်နိုင်ငံဖြစ်သည်နှင့်အညီ သင်္ဂါယနာတင်ရုံနှင့်မပြီး။ မြတ်ဗုဒ္ဓ၏ တရားတော်များကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် ပရိယတ္တိသာသနာတော်ကြီး ပိုမိုထွန်းလင်းတောက်ပလာရန် လိုအပ်လာသည်။ ထိုသို့ထွန်းလင်းတောက်ပလာရန် မြန်မာနိုင်ငံ၏ဘုန်းတော်ကြီးသင်ပညာရေးက လွန်စွာအရေးပါလာသည်။ ပါဠိပထမပြန်စာမေးပွဲကို မြန်မာသက္ကရာဇ်(၁၀၀၀)ပြည့်နှစ် သာလွန်မင်းတရားကြီးက စတင်ကျင်းပခဲ့သည်။ ထို့နောက်ဘိုးတော် မင်းတရားကြီး၊ သီပေါမင်းပါတော်မူသည်အထိ (၁၀၃)နှစ်တိုင်အောင် ကျင်းပခဲ့သည်။

အင်္ဂလိပ်အစိုးရက ၁၂၄၈-ခုနှစ်မှ ၁၂၅၇-ခုနှစ်အထိ(၉)နှစ်တာ ရပ်စဲခဲ့သည်။ သာသနာပိုင်ဆရာတော်ကြီး(၃)ပါးနှင့် ကင်းဝန်မင်းကြီးတို့ ပထမပြန်ကော်မတီကိုဖွဲ့စည်းပြီး ကြိုးစားခဲ့မှုကြောင့် ၁၂၅၇ခုနှစ်၊ နယုန်လဆန်း(၈)ရက်နေ့တွင် အင်္ဂလိပ်အစိုးရပညာမင်းကြီးမှ ခွင့်ပြုခဲ့လေသည်။ အလားတူ ၁၂၆၅ခုနှစ်၊ မန္တလေးသကျသီဟစာမေးပွဲကျင်းပခဲ့သည်။ စေတီယင်္ဂဏစာမေးပွဲများအပါအဝင် နိုင်ငံတော်တိပိဋကစာမေးပွဲကြီးကို ကျင်းပခဲ့ပြီးမြတ်ဗုဒ္ဓ၏ ပိဋကတ်(၃)ပုံကို ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြသည်။

ရှမ်းပြည်နယ်တွင် ညောင်ရွှေဝိနယာဒိနုဂ္ဂဟစာပြန်ပွဲ၊ ပင်းတယစာပြန်ပွဲ၊ ရပ်စောက်စာပြန်ပွဲ၊ ပွေးလှစာပြန်ပွဲ၊ ရေဦးစာပြန်ပွဲ၊ ကလောစာပြန်ပွဲ၊ နောင်ချိုစာပြန်ပွဲဟူ၍ အသီးသီးနှစ်စဉ်ကျင်းပလျက်ရှိသည်။

ဓနုတိုင်းရင်းသားများသည် ရာနှုန်းပြည့် ထေရဝါဒဗုဒ္ဓဘာသာဝင်များဖြစ်ကြသည်။ ဘာသာသာသနာကိုလည်း အထူးကိုင်းရှိုင်းတန်ဖိုးထားကြသည်။ ယုံယုံကြည်ကြည်ကိုးကွယ်ကြသည်။ ထို့ကြောင့် ဓနုနယ်ပယ်အသီးသီးရှိ စာပြန်ပွဲတော်များသမိုင်းကိုလည်း သိသင့်သည်ဟုယူဆမိသဖြင့် ထည့်သွင်းဖော်ပြလိုက်ရပါသည်။

**(၂) 'ဝိဋကတ္တယပါဒယက' စာမေးပွဲ၊ စာပြန်ပွဲ (ကလောမြို့နယ်)**

၁၃၄၆-ခုနှစ်၊ ကဆုန်လဆန်း(၁၀)ရက်နေ့(၉-၅-၁၉၈၄)ည(၈)နာရီတွင် အောင်ပန်းမြို့၊ အောင်ချမ်းသာစာသင်တိုက်၌ ရွှေယဉ်တောင်ကျောင်းဆရာတော် ဘဒ္ဒန္တအရိယဝံသ၊ မြို့မပြင်သာကျောင်းဆရာတော် ဘဒ္ဒန္တပညာဇောတ၊ လွယ်မယ် ကျောင်းဆရာတော် ဘဒ္ဒန္တသာသန၊ အောင်ချမ်းသာဆရာတော် ဘဒ္ဒန္တပညာဝံသ(နောင်-နိုင်ငံတော်သံဃာ့ဝန်ဆောင်)တို့က သာသနာ့အရေးကိစ္စများ တိုင်ပင်ဆွေးနွေးခဲ့ကြသည်။ ထိုအစည်းအဝေးတွင် ရွှေယဉ်တောင်

ဆရာတော်ဘုရား၏ အကြံပြုချက်မှစတင်ပြီး ၁၃၅၀ပြည့်နှစ်၊ ကဆုန်လပြည့်ကျော်(၂)ရက်နေ့(၂-၅-၁၉၈၈)မှစတင်၍ ကလောမြို့နယ်၏ 'ပိဋကတ္တယပါဒက'တည်းဟူသော စာမေးပွဲ စာပြန်ပွဲကြီး စတင်ဖြစ်ပေါ်လာခဲ့သည်။

အောင်ပန်းမြို့ အောင်ချမ်းသာကျောင်းတိုက်တွင် စတင်ကျင်းပခဲ့ပြီး စာပြန်ပွဲတော် အရှည်တည်တံ့ခိုင်မြဲစေရန် (၂၇)ဦးပါဝင်သော စာပွဲတော်ကျင်းပရေးကော်မတီကိုလည်း ဖွဲ့စည်းခဲ့ကြသည်။ အောင်ချမ်းသာကျောင်းတိုက်နှင့် တပ်ဦးကျောင်းတိုက်မှသံဃာပေါင်း(၅၄)ပါးမှ စတင်ခဲ့သောစာပွဲတော်သည် ကလောမြို့နယ် သံဃနာယကအဖွဲ့၏ ဆက်လက်ကြိုးပမ်းမှုများကြောင့် ၁၃၆၅ခုနှစ်မှစတင်၍ ကလောမြို့နယ်လုံးဆိုင်ရာစာပွဲတော်အဖြစ် ကျင်းပလာနိုင်ခဲ့သည်။ ကလောမြို့နယ်သာမက ရွာငံမြို့နယ်၊ ပင်လောင်းမြို့နယ်၊ ဖယ်ခုံမြို့နယ်များမှ သံဃာတော်များဝင်ရောက်ဖြေဆိုနိုင်သည်အထိ တိုးတက်ခဲ့သည်။

မူလက အောင်ချမ်းသာကျောင်းတိုက်တွင် (၁၅)ကြိမ်အထိ ကျင်းပခဲ့သော်လည်း ပိုမိုကျယ်ပြန့်စွာဆောင်ရွက်ခဲ့သဖြင့် ကလောမြို့နယ် 'ပိဋကတ္တယပါဒက'စာမေးပွဲ၊ စာပြန်ပွဲဌာနကို အောင်ချမ်းသာကျောင်းတိုက်သာမက မြို့မပြင်သာ ကျောင်းတိုက်နှစ်ဌာနပေါင်း၍ ကျင်းပခဲ့ရသည်။

ယခု ၁၃၈၀ခုနှစ်(၂၀၁၈)တွင် ပုလဲရတုအလွန် (၃၁)နှစ်ဖြတ်သန်းခဲ့ပေပြီ။ 'ပိဋကတ္တယပါဒက'စာမေးပွဲ၊ စာပြန်ပွဲ တော်မှ ထွက်ပေါ်လာသောစာချတန်းအောင် ဓမ္မာစရိယဘွဲ့ရအာဇာနည်များမှာ -

၂၃ကြိမ်မြောက်၌ ၁။ ဦးဝိလာသ၊ စေတီကုန်းရွာ (အောင်ချမ်းသာစာသင်တိုက်၊ အောင်ပန်းမြို့)

၂၈ကြိမ်မြောက်၌ ၂။ ဦးဝိဝေက၊သဲကုန်းရွာ (သာသနဝိပုလမြို့လယ်စာသင်တိုက်၊ဟဲဟိုးမြို့)

၂၉ကြိမ်မြောက်၌ ၃။ ဦးတေဇောဘာသ၊ပင်လောင်းမြို့။ (မြသိန်းတန်ကျောင်း၊ ပင်လောင်းမြို့)တို့ပင်ဖြစ်သည်။

ကလောမြို့နယ်စာပြန်ပွဲတော်ကို နှစ်စဉ်ကဆုန်လပြည့်ကျော်(၂)ရက်နေ့မှ(၁၀)ရက်နေ့အထိ ကျင်းပပါသည်။ ဝါထပ်နှစ်ကြုံပါက နယုန်လပြည့်ကျော်(၂)ရက်မှ(၁၀)ရက်နေ့အထိ ကျင်းပပါသည်။ ဆုနှင်းသဘင်အခမ်းအနားကို နောက်ဆုံးရက်တွင် ဆင်ယင်ကျင်းပပါသည်။

## (၃) 'ဝိနယာဒိနုဂ္ဂဟ မူလစာတော်ပြန်ပွဲ' (နောင်ချိုမြို့နယ်)

ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ်၏ သာသနာ့အာဇာနည်များမွေးထုတ်မှု မူလဇစ်မြစ်သည် ဆယ်တောင်ပြည့်ကျောင်းတိုက်ပင်ဖြစ်သည်။ နောင်ချိုမြို့တောင်ဘက် မိုင် ၂၀အကွာအဝေးတွင် တည်ရှိသည်။ ဝိနယာဒိနုဂ္ဂဟ မူလစာတော်ပြန်ပွဲကိုစတင်ကျင်းပစဉ်က နောင်ချိုမြို့နယ်လုံးဆိုင်ရာအဖြစ်ကျင်းပခဲ့ပြီး မြို့မစာပြန်ပွဲပေါ်ပေါက်လာသဖြင့် လေးအုပ်စုဆိုင်ရာ စာပြန်ပွဲတော်ဖြစ်လာခဲ့သည်။

ဝိနယာဒိနုဂ္ဂဟ မူလစာတော်ပြန်ပွဲကို ၁၃၂၅ခုနှစ်မှစတင် ကျင်းပလာခဲ့ရာ ရွှေရတုအလွန် (၅၅)နှစ်ပြည့်မြောက်ခဲ့ပါပြီ။ စာတော်ပြန်ပွဲကို စတင်ဖန်တီးခဲ့သူမှာ ဆယ်တောင်ပြည့်ဆရာတော်ကြီး သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသောဘိတမဟာထေရ် ဖြစ်သည်။ ဆရာတော်ကြီးနှင့် နောင်တောကျောင်းဂိုဏ်းအုပ်ဆရာတော်ကြီး ဦးတေဇဝန္တတို့က နာယကဆရာတော်များအဖြစ်ဆောင်ရွက်ခဲ့ကြသည်။

ဘာရနိတ္ထာရက ဝန်ဆောင်များအဖြစ် ဆောင်ရွက်ခဲ့သော ဆရာတော်များမှာ ဦးသုစိတ္တ(နားရှိုး)၊ ဦးစန္ဒဇောတိ (တောင်းခမ်း)၊ ဦးဝိစိတ္တ(ရေတွင်းကြီး)၊ ဦးဓမ္မာနန္ဒ(အင်ကြင်းတောင်)၊ ဦးပဘာသရ၊ ဦးမေဓသက(မာန်ကောင်း၊လားရှိုး)၊ ဦးတေဇိသရ(မင်္ဂလမာန်မဲပုတ်)တို့ပင် ဖြစ်သည်။

စာပြန်ပွဲတော်သမိုင်းတစ်လျှောက် ဝတ္ထုငွေကြေးပြည့်စုံမှုကို အခြေခံမထားဘဲ ညီညွတ်မှု၊ ချွေတာမှု၊ အနစ်နာခံမှုများဖြင့် ကျင်းပခဲ့ကြသဖြင့် အလွန်သာစုခေါ်ချင်စရာကောင်းသည့် အာစိဏ္ဏကံ ကုသိုလ်မျိုးဖြစ်ခဲ့သည်။ စိတ်ပိုင်းဆိုင်ရာ စံနှုန်းများဖြင့် တည်ဆောက်ထားသည့် စာပြန်ပွဲတော်ဖြစ်၍ အောင်မြင်မှုကြီးမားလွန်ခဲ့သည်ဟု လေ့လာမိပါသည်။

ဤစာတော်ပြန်ပွဲကို အခြေပြု၍ သာသနာ့တာဝန်ထမ်းရွက်နေကြသော သာသနာ့အာဇာနည်ပုဂ္ဂိုလ်များ မြောက်မြားစွာပေါ်ထွန်းခဲ့လေသည်။ တိပိဋကဓရ၊ သဒ္ဓမ္မဇောတိက၊ ဂန္ထဝါစကပဏ္ဍိတ၊ ဓမ္မာစရိယ၊ သာမဏေကျော် နှင့် လောကီဆိုင်ရာဒေါက်တာဘွဲ့များ ပေါ်ထွန်းခဲ့လေသည်။ ဝိနယာဒိနုဂ္ဂဟ မူလစာတော်ပြန်ပွဲမှ ပေါ်ထွက်လာသော ဓမ္မာစရိယနှင့်အထက် သာသနာ့အာဇာနည်များမှာ -

၁။ ဘဒ္ဒန္တဝီရိယာနန္ဒ (တိပိဋကဓရ၊ တိပိဋကကောဝိဒ) ပိဋကတ်သုံးပုံဆောင် တောင်းခမ်းရွာ၊ နောင်ချိုမြို့နယ်၊

၂။ ဘဒ္ဒန္တပညာစာရာလင်္ကာရ (ဒွိပိဋကဓရ) ပိဋကတ်နှစ်ပုံဆောင်၊ ရေတွင်းကြီးရွာ၊ နောင်ချိုမြို့နယ်၊

၃။ ဘဒ္ဒန္တသုစိတ္တ (သာသနဓဇဓမ္မာစရိယ) မံမော်ကျေးရွာ၊ နောင်ချိုမြို့နယ်၊

၄။ ဘဒ္ဒန္တသုတာနန္ဒ (သာသနဓဇဓမ္မာစရိယ) မံမော်ကျေးရွာ၊ နောင်ချိုမြို့နယ်၊

၅။ ဘဒ္ဒန္တသုန္ဒရာလင်္ကာရ (သာမဏေကျော်၊ ဓမ္မာစရိယ) မံမော်ကျေးရွာ၊ နောင်ချိုမြို့နယ်၊

၆။ ဘဒ္ဒန္တယုဇန (သာသနဓဇဓမ္မာစရိယ) တောင်းခမ်းရွာ၊ နောင်ချိုမြို့နယ်၊

၇။ ဘဒ္ဒန္တဝရသာမိ (B.A၊ သာသနဓဇဓမ္မာစရိယ) တောင်းခမ်းရွာ၊ နောင်ချိုမြို့နယ်၊

၈။ ဘဒ္ဒန္တဝဇိရဉာဏ (သာသနဓဇဓမ္မာစရိယ) တောင်းခမ်းရွာ၊ နောင်ချိုမြို့နယ်၊

၉။ ဘဒ္ဒန္တဝေရောစန (သာသနဓဇဓမ္မာစရိယ Ph.D) တောင်းခမ်းရွာ၊ နောင်ချိုမြို့နယ်၊

၁၀။ ဘဒ္ဒန္တသုန္ဒရ (သာသနဓဇဓမ္မာစရိယ) အင်းဖိုရွာ၊ နောင်ချိုမြို့နယ်၊

၁၁။ ဘဒ္ဒန္တပညောဘာသ (သာသနဓဇဓမ္မာစရိယ) အင်းဖိုရွာ၊ နောင်ချိုမြို့နယ်၊

၁၂။ ဘဒ္ဒန္တဝဏ္ဏိသရ (သာသနဓဇဓမ္မာစရိယ) အင်းဖိုရွာ၊ နောင်ချိုမြို့နယ်၊

၁၃။ ဘဒ္ဒန္တဓမ္မသာရ (သာသနဓဇဓမ္မာစရိယ) မဲပုတ်ရွာ၊ နောင်ချိုမြို့နယ်၊

၁၄။ ဘန္တဒ္ဒပညာနန္ဒ (သာသနဓဇဓမ္မာစရိယ၊ ဥပတောဝိဘင်္ဂရေ) မဲပုတ်ရွာ၊ နောင်ချိုမြို့နယ်၊

၁၅။ ဘဒ္ဒန္တသုခ (သာသနဓဇဓမ္မာစရိယ) ဈေးကုန်းရွာ၊ နောင်ချိုမြို့နယ်၊

၁၆။ ဘဒ္ဒန္တပုညဝံသ (သာသနဓဇဓမ္မာစရိယ) နောင်ချိုလေးရွာ၊ နောင်ချိုမြို့နယ်၊

၁၇။ ဘဒ္ဒန္တအာစာရ (သာသနဓဇဓမ္မာစရိယ) နောင်လင်ရွာ (မဲပုတ်)၊ နောင်ချိုမြို့နယ်၊

၁၈။ ဘဒ္ဒန္တဉာဏိက (သာသနဓဇဓမ္မာစရိယ) ရေတွင်းကြီးရွာ၊ နောင်ချိုမြို့နယ်၊

၁၉။ ဘဒ္ဒန္တဇာဂရ (သာသနဓဇဓမ္မာစရိယ) လွယ်ပန်းရွာ၊ နောင်ချိုမြို့နယ်၊
၂၀။ ဘဒ္ဒန္တအာလောက (သာသနဓဇဓမ္မာစရိယ) တောင်ရှည်ရွာ၊ နောင်ချိုမြို့နယ်၊
၂၁။ ဘဒ္ဒန္တသူရဇ္ဇ (သာသနဓဇဓမ္မာစရိယ) ငါးပင်ရွာ၊ နောင်ချိုမြို့နယ်၊
၂၂။ မစန္ဒေသီ (သာသနဓဇဓမ္မာစရိယ) လက်ပံကုန်းရွာ၊ နောင်ချိုမြို့နယ်၊

**ဝိနယာဒိနုဂ္ဂဟ စာတော်ပြန်ပွဲပြင်ပ အခြားအုပ်စု၊ ကျေးရွာတို့မှ အောင်မြင်ဘွဲ့ရသံဃာတော်များ-**

| | |
|---|---|
| ၁။ ဘဒ္ဒန္တမာဃိန္ဒ | (သာသနဓဇဓမ္မာစရိယ) နောင်တောရွာ၊ နောင်ချိုမြို့နယ်။ |
| ၂။ ဘဒ္ဒန္တပဇ္ဇလိတ | (ဓမ္မာစရိယ၊ ဝိနယဓရ) နောင်တောရွာ၊ နောင်ချိုမြို့နယ်။ |
| ၃။ ဘဒ္ဒန္တသောပါက | (သာသနဓဇဓမ္မာစရိယ) နောင်တောရွာ၊ နောင်ချိုမြို့နယ်။ |
| ၄။ ဘဒ္ဒန္တပဏ္ဍိတ | (သာသနဓဇဓမ္မာစရိယ) သရက်ချိုရွာ၊ နောင်ချိုမြို့နယ်။ |
| ၅။ ဘဒ္ဒန္တဓမ္မိသရ | (သာသနဓဇဓမ္မာစရိယ) ရွှေမုဋ္ဌောရွာ၊ နောင်ချိုမြို့နယ်။ |
| ၆။ ဘဒ္ဒန္တကဝိန္ဒာစာရ | (သာသနဓဇဓမ္မာစရိယ) ရွှေမုဋ္ဌောရွာ၊ နောင်ချိုမြို့နယ်။ |

| | |
|---|---|
| ၇။ မသောဘဏာဉာဏီ | (သာသနဓဇမဗ္ဘာစရိယ) ရွှေမှုဋ္ဌောရွာ၊ နောင်ချိုမြို့နယ်။ |
| ၈။ ဘဒ္ဒန္တသုဘောဂ | (သာသနဓဇမဗ္ဘာစရိယ) နောင်လိတ်ရွာ၊ နောင်ချိုမြို့နယ်။ |
| ၉။ ဘဒ္ဒန္တဝိစာရ | (သာသနဓဇမဗ္ဘာစရိယ) လက်ပံကုန်းရွာ (ကံကြီး)၊ နောင်ချိုမြို့နယ်။ |
| ၁၀။ဘဒ္ဒန္တစန္ဒန | (သာသနဓဇမဗ္ဘာစရိယ) လုံစံရွာ၊ နောင်ချိုမြို့နယ်။ |
| ၁၁။ဘဒ္ဒန္တဉာဏဗလာလင်္ကာရ | (သာမဏေကျော်၊ ဝိယနစရ) ညောင်ပင်သာရွာ၊ နောင်ချိုမြို့နယ်။ |
| ၁၂။ဘဒ္ဒန္တကုသလရိယ | (သာသနဓဇမဗ္ဘာစရိယ) ဘန့်ဘွေးရွာ၊ နောင်ချိုမြို့နယ်။ |
| ၁၃။ဘဒ္ဒန္တပညာသာရ | (သာသနဓဇမဗ္ဘာစရိယ) နောင်သခေါ ရွာ၊နောင်ချိုမြို့နယ်။ |
| ၁၄။ဘဒ္ဒန္တပညောဘာသ | (သာသနဓဇမဗ္ဘာစရိယ) ရင်းငူပင်ရွာ၊နောင်ချိုမြို့နယ်။ |
| ၁၅။ဘဒ္ဒန္တကောဝိဒ | တို့ဖြစ်ကြပါသည်။ |

**(၄) ပင်းတယစာပြန်ပွဲ**

ပင်းတယမြို့နယ်ဆိုင်ရာ သာသနာ့ဟိတပရိယတ္တိစာပြန်၊ စာဖြေပွဲတော်ကြီးကို ၁၃၁၅ခုနှစ်မှစတင်၍ ကျင်းပလာခဲ့ရာ ၁၃၈၀ပြည့်နှစ်တွင် (၆၆)ကြိမ်မြောက် စာပြန်ပွဲတော်နှင့် (၆၄)ကြိမ်မြောက် စာဖြေပွဲတော်ကို ကျင်းပခဲ့ပြီးဖြစ်သည်။ နှစ်စဉ်ကဆုန်လပြည့်ကျော်(၁၁)ရက်နေ့မှ (၁၅)ရက်နေ့ အထိ ကျင်းပလျက်ရှိပါသည်။

စာပြန်ပွဲတော်ဖြစ်ပေါ်လာရေးအတွက် ၁၃၁၄ခုနှစ် နတ်တော်လဆန်း(၈) ရက်နေ့ တနင်္လာနေ့တွင် ပင်းတယမြို့နယ် ဂိုဏ်းချုပ်ဆရာတော် ဦးဝီရိယက ဆင်ဖြူကျောင်း၌ စည်းဝေးတိုင်ပင်ညှိနှိုင်းတော်မူခဲ့သည်။ ဆရာတော်အပါ အဝင် ကန်ထောင့်ကျောင်းဆရာတော် ဦးအာဒိစ္စ၊ မြင်းကျော်ကျောင်းဆရာတော် ဦးဝါယာမ၊ မင်းအိုကျောင်းဆရာတော် ဦးဣန္ဒာစာရ၊ မဟာရန်အောင်ကျောင်း ဆရာတော် ဦးကုသလ၊ ကန်ထောင့်ကျောင်းခန်းနေဆရာတော် ဦးနန္ဒဝံသ၊ ရွှေနီကျောင်း ဆရာတော်ဦးကေသဝတို့က စတင်ကြိုးပမ်းဆောင်ရွက်တော်မူ သဖြင့် ၁၃၁၅ခုနှစ်၊ ကဆုန်လဆန်း(၁၂)ရက်နေ့တွင် ပင်းတယမြို့ ကန်ထောင့် ကျောင်း၌ ပထမဆုံးစာပြန်ပွဲတော်ကြီးကို ကျင်းပနိုင်ခဲ့ကြသည်။

စော်ဘွားကြီးစဝ်ဝင်းကြည်၊ ဦးတိုးလုံ(ဆူးဗိုလ်ကုန်း)၊ ဦးတိုးဖေ (မြို့မသူကြီး)၊ ဦးကြွင်း(စျေးတန်း)၊ ဦးအေးမောင် (ဆူးဗိုလ်ကုန်း)ပါဝင်သော ဦးဆောင်ကော်မတီအဖွဲ့ဝင်များကလည်း ဆရာတော်ကြီးများ၏ ဩဝါဒအတိုင်း စီမံဆောင်ရွက်ခဲ့ကြသဖြင့် နှောင်းလူများလက်ထက်တိုင် အစွန့်ရှည်တည်မြဲ လျက်ရှိနေပေသည်။

ဤစာပြန်၊စာဖြေပွဲတော်ကြီးမှတဆင့် တက်လှမ်းပြီး ပိဋကတ်နှစ်ပုံခွဲ သာသနဓဇ ဓမ္မာစရိယတန်းအောင်မြင်ခဲ့ကြသော ပင်းတယမြို့နယ် သာသနာ့ အာဇာနည်များမှာ -

၁။ အရှင်ခေမာဝံသ — ပိဋကတ်နှစ်ပုံခွဲ
ထွက်နီရွာ၊ ပင်းတယမြို့နယ်။

၂။ အရှင်ဝိစ္ဆာနန္ဒ — သာသနဓဇဓမ္မာစရိယ(၁၉၈၈ခုနှစ်)
ကန်ထောင့်ကျောင်း၊ ပင်းတယမြို့။

၃။ အရှင်တိက္ခ — သာသနဓဇဓမ္မာစရိယ(၂၀၁၆ခုနှစ်)
ကန်ထောင့်ကျောင်း၊ ပင်းတယမြို့။

| | |
|---|---|
| ၄။ အရှင်ဝိသုဒ္ဓ | သာသနဓဇဓမ္မာစရိယ(၂၀၁၈ခုနှစ်) |
| | ကန်ထောင့်ကျောင်း၊ ပင်းတယမြို့။ |
| ၅။ အရှင်ဇာဂရ | သာသနဓဇဓမ္မာစရိယ(၁၉၈၈ခုနှစ်) |
| | ကမ္ဘောဇလမင်းသာကျောင်း၊ |
| | ပြည်ကြီးတံခွန်၊ မန္တလေး။ |
| ၆။ အရှင်စန္ဒောဘာသ | သာသနဓဇဓမ္မာစရိယ(၂၀၀၁ခုနှစ်) |
| | ကုန်းလိုင်ကျောင်း၊ ရွှေညောင်မြို့။ |
| ၇။ အရှင်သုဇန | သာသနဓဇဓမ္မာစရိယ(၂၀၁၄ခုနှစ်) |
| | အိုးကုန်းကျောင်းတိုက်၊ ပင်းတယမြို့နယ်။ |
| ၈။ ဦးသုန္ဒရ | သာသနဓဇဓမ္မာစရိယ |
| | ဓမ္မသုခကျောင်းတိုက်၊ တောင်ကြီးမြို့။ |
| ၉။ ဦးသုဇန | သာသနဓဇဓမ္မာစရိယ |
| | ဓမ္မသုခကျောင်းတိုက်၊ တောင်ကြီးမြို့။ |
| ၁၀။ ဦးပညာသာရ | သာသနဓဇဓမ္မာစရိယ(၁၃၄၀) |
| | ဇေတဝကရုံကျောင်းတိုက်၊ ပင်းတယမြို့။ |
| ၁၁။ ဦးဉာဏိဿရ | သာသနဓဇဓမ္မာစရိယ(၁၃၇၈) |
| | စေတီကြီးကျောင်းတိုက်၊ ပင်းတယမြို့။ |
| ၁၂။ ဦးခေမာဉာဏ | သာသနဓဇဓမ္မာစရိယ(၁၃၇၄) |
| | စေတီကြီးကျောင်းတိုက်၊ ပင်းတယမြို့။ |
| ၁၃။ ဦးပညာသာမိ | သာသနဓဇဓမ္မာစရိယ |
| | စကြံတွင်းကုန်းကျောင်းတိုက်၊ ပင်းတယမြို့နယ်။ |
| ၁၄။ ဦးသြဘာသ | သာသနဓဇဓမ္မာစရိယ |
| | ကုံလုံကျောင်းတိုက်၊ ပင်းတယမြို့နယ်။ |

| | |
|---|---|
| ၁၅။ ဦးခေမာဝံသ | သာသနဓဇဓမ္မာစရိယ၊ ပိဋကတ်နှစ်ပုံခွဲအောင် ကျောက်နီတောရ၊ မိုင်းသောက်။ |
| ၁၆။ ဦးပညာနန္ဒ | သာသနဓဇဓမ္မာစရိယ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မန္တလေး။ |
| ၁၇။ ဦးဣန္ဒဝံသ | သာသနဓဇဓမ္မာစရိယ ပဥ္စနိကာယ်ကျောင်းတိုက်၊ ရန်ကုန်မြို့။ |
| ၁၈။ Dr. အရှင်သုမန | သာသနဓဇဓမ္မာစရိယ မဟာဓမ္မာစရိယ၊ တောင်ပေါ်ကြီး၊ ပင်းတယမြို့နယ်။ |
| ၁၉။ ဦးဟေနေယ | သာသနာ့တက္ကသီလ၊ ဓမ္မာစရိယ အောင်မြေရွှေဘုံကျောင်း၊ မန္တလေး။ |
| ၂၀။ ဦးပညာတိက္ခ | သာသနဓဇဓမ္မာစရိယ၊ သာသနတက္ကသီလဓမ္မာစရိယ တောင်ပေါ်ကြီး၊ ပင်းတယမြို့နယ်။ |
| ၂၁။ ဦးဝိစာရ | သာသနဓဇဓမ္မာစရိယ ရန်ကုန်။ |
| ၂၂။ ဦးဣသရ | သာသနဓဇဓမ္မာစရိယ လှိုင်ကြူစာသင်တိုက်၊ ညောင်ရွှေမြို့။ |
| ၂၃။ ဦးအဂ္ဂဉာဏ | သာသနဓဇဓမ္မာစရိယ မဟာရန်အောင်ကျောင်းတိုက်၊ ပင်းတယမြို့။ |
| ၂၄။ ဦးဇဝနသာမိ | သာသနဓဇဓမ္မာစရိယ သီတဂူတက္ကသိုလ်၊ တောင်ငူ။ |
| ၂၅။ ဦးဝိလာသဂ္ဂ | သာသနဓဇဓမ္မာစရိယ အိန္ဒိယနိုင်ငံ။ |

(၅) ပင်းတယမြို့နယ်၊ပွေးလှမြို့ ပရိယတ္တိသာသနပါလကစာပွဲတော်

ပွေးလှဒေသစာပြန်ပွဲတော်ကို ၁၃၁၅ခုနှစ်မှစတင်၍ ကျင်းပလာခဲ့သည်။ အခက်အခဲများအတွင်းမှ (၁၁)ကြိမ်အထိ ကျင်းပနိုင်ခဲ့သော်လည်း (၁၂)ကြိမ်မြောက်တွင် ရပ်နားခဲ့ရသည်။ အကြောင်းမှာ အားကြိုးမာန်တက်ဆောင်ရွက်တော်မူသော အကျိုးဆောင်ဆရာတော် ဦးသုမန မရှိတော့၍လည်းကောင်း၊ စာပွဲတော်ကို စတင်တည်ထောင်လာခဲ့သော စော်ဘွားကြီး စဝ်ထွန်းစိန်၏ ကိစ္စများကို ဆောင်ရွက်ပေးသော ရုံးအဖွဲ့များသည် အုပ်ချုပ်ရေးအာဏာ လွှဲပြောင်းမှုကြောင့်လည်းကောင်း၊ စာပြန်ပွဲလွှဲပြောင်းရယူသော ပုဂ္ဂိုလ်များ နည်းပါးမှုကြောင့် ၁၃၂၆ခုနှစ်တွင် စာပွဲတော်ကြီး တစ်နှစ်နားခဲ့ရသည်။

၁၃၂၇-ခုနှစ်တွင် ဆက်လက်ကျင်းပနိုင်ရေးပွေးလှနယ် သောတုဇန စသင်စာချများ(ကန်ကြီး၊ ညောင်ရွှေ)တို့၏ တိုက်တွန်းဆွမ်းလှူဒါန်းမှုများကြောင့် ပြန်လည်ရှင်သန်ခဲ့ပြီး ရွှေရတုပွဲကျင်းပနိုင်ရုံသာမက ၂၀၁၉ခုနှစ်တွင် (၆၅)ကြိမ်မြောက် ကျင်းပတော့မည်ဖြစ်သည်။

၁၃၁၅ခုနှစ်၊ ဝါဆိုလအတွင်း ပွေးလှမြို့ မြို့အေးကျောင်းဆရာတော် ဦးအဂ္ဂဝံသ၊ ကျောက်တောကျောင်းဆရာတော် ဦးသုမန၊ ခန်းနေ ဦးဝါသဝ တို့က တိုင်ပင်ဆွေးနွေးပြီး (ပွေးလှဂိုဏ်းအုပ်)မီးလောင်ကျောင်းဆရာတော် ဦးနေမာဝရထံ တင်ပြလျှောက်ထားရာမှ သံဃာ့အစည်းအဝေးကို မီးလောင်ကျောင်းတိုက်၌ ပြုလုပ်ကာ ပေါ်ပေါက်လာသောစာပွဲတော် ဖြစ်သည်။

စာပွဲတော်ကို ပွေးလှမြို့ မြို့တောင်ကျောင်းတွင်စတင်ကျင်းပခဲ့ပြီး ဒရယ်အင်းဆရာတော်၊ ပွေးပြတ်ဆရာတော်၊ မြောက်မြေခြားဆရာတော်၊ ဉာဏ်ဖုကျောင်းဆရာတော်၊ ချုပ်ချက်ကျောင်းဆရာတော်၊ ပန်းတင်ဂူကျောင်းဆရာတော်၊ ရွှေယဉ်တောင်ကျောင်းဆရာတော်၊ ကျောက်တောကျောင်းဆရာတော်တို့က ဦးဆောင်ဦးရွက်ပြုခဲ့ကြပြီး ပွေးလှစော်ဘွား စပ်ထွန်းစိန်၊ အမတ်ကြီး ဦးသိန်းမောင်၊ ဦးတိုး၊ ဦးမြတို့ဦးဆောင်သော ကျင်းပရေးကော်မတီ

ကလည်း အားကြိုးမာန်တက် ဆောင်ရွက်ခဲ့ကြသည်။ ပရိယတ္တိသာသနပါလက စာပွဲတော်မှတဆင့် တက်လှမ်းပြီး ဓမ္မာစရိယစာမေးပွဲကို အောင်မြင်ခဲ့သော သာသနာ့အာဇာနည်များမှာ -

၁။ ဦးခေမာဝံသ (ပွေးလှမြို့) ၁၃၃၁ခုနှစ်(ပဲခူး၊ ကြခတ်ဝိုင်း)
၂။ ဦးထေရဝံသ (အုံတုံပင်ရွာ၊ ပွေးလှမြို့) ၁၃၃၃ခုနှစ် (ရန်ကုန်၊ ဗဟန်းသုံးထပ်ကျောင်း)
၃။ ဦးပဏ္ဍိတ (ပွေးလှမြို့) ၁၃၃၃ခုနှစ်၊ (ရန်ကုန်၊ ဗဟန်းသုံးထပ်ကျောင်း)
၄။ ဦးအာလောက (ကျွဲတပ်ကျေးရွာ) ၁၃၃၆ခုနှစ်၊ (ရန်ကုန်၊ ဗဟန်းသုံးထပ်ကျောင်း)
၅။ ဦးဇောတိက (စံသီးကုန်း၊ ပွေးလှမြို့) ၁၃၃၆ခုနှစ်၊ (ရန်ကုန်၊ ဗဟန်းသုံးထပ်ကျောင်း)
၆။ ဦးကုလိသာဘိဝံသ (စကြာကုန်းကျေးရွာ) ၁၃၄၆ခုနှစ် (ရှမ်းပြည်နယ်လုံးဆိုင်ရာ)
၇။ အရှင်ဥတ္တရ (ရှောက်ပင်ရွာ၊ ပွေးလှမြို့) ၁၃၅၄ခုနှစ်၊ (ရှမ်းပြည်နယ်လုံးဆိုင်ရာ) သီရိလင်္ကာနိုင်ငံ၌ M.A(Buddhism) ဘွဲ့လည်းရရှိခဲ့သည်။
၈။ အရှင်ဝိလာသ (မြေခြားတောင်ရွာ၊ ပင်းတယမြို့နယ်) ၁၃၆၀ခုနှစ် (ရှမ်းပြည်နယ်လုံးဆိုင်ရာ)
၉။ အရှင်တေဇဝန္တ (တောင်ပို့ကွဲရွာ၊ ရွာငံမြို့နယ်) ၁၃၆၂ခုနှစ် (ရှမ်းပြည်နယ်လုံးဆိုင်ရာ) တစ်နိုင်ငံလုံး၌ တတိယဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။
၁၀။ ဦးသြဘာသ (နန်းကုန်းကျေးရွာ၊ပင်းတယမြို့နယ်) ၁၃၆၃ခုနှစ်
၁၁။ ဦးစန္ဒာသီရိ (ချုပ်ချက်ကျောင်း)

၁၂။ ဦးဝိမလ (ဒရယ်အင်းကျောင်း)
၁၃။ ဦးဉာဏိဿရ (မင်္ဂလာဒုံရွှေဥမှင်ဓမ္မသုခတောရ)
၁၄။ ဦးပဏ္ဍိတ (ကမ္ဘာ့အေးမဟာဂန္ဓာရုံ)
၁၅။ ဦးဣဿရိယ (အဝေရာရာမရန်ကင်းကျောင်း၊ မန္တလေး)
၁၆။ ဦးပဏ္ဍိတသာရ (သုမေဓာရုံကျောင်း၊ စစ်ကိုင်း)
၁၇။ ဦးသီလဝံသ (M.Aတက္ကသီလဓမ္မာစရိယ၊ ရန်ကုန်)
၁၈။ ဦးပညာဇောတာလင်္ကာရ (ပွေးပြတ်) အင်းစိန်ရွာမ
၁၉။ ဦးဝိလာသာလင်္ကာရ (မြင်းတွင်း)
၂၀။ ဦးဣန္ဒာစာရ (ဆင်ဖြူစာသင်တိုက်၊ မော်လမြိုင်)
၂၁။ ဦးပုညဝန္တ (ပွေးပြတ်၊ မန္တလေး)
၂၂။ ဦးစန္ဒာဝံသ (တောင်ပို့ကွဲ)
၂၃။ ဦးဉာဏဗလ (ဖောင်တော်ဦးမြေခြား၊ ဓမ္မသုခတောင်ကြီး)
၂၄။ ဦးစန္ဒောဘာသ (နန်းခုန်)
၂၅။ ဦးခေမာဉာဏ (တမဲ)
၂၆။ ဦးပညာသာမိ (ကြေးတွင်းကုန်း)
၂၇။ ဦးဉာဏိဿရ (သရက်ကုန်းတောင်ကျောင်း)
၂၈။ ဦးနေမိန္ဒ (သဲကုန်းကျောင်း)တို့ပင်ဖြစ်သည်။

**(၆) သာသနာ့ဟိတကာရီ ပရိယတ္တိ ဝိနည်းအာဂုံစာပြန်ပွဲတော်ကြီး (ရေဦးကျောက်မြောင်း၊ ရှာင်မြို့)**

ရှာင်မြို့နယ်၊ ရေဦးကျောက်မြောင်း သာသနာ့ဟိတကာရီပရိယတ္တိ ဝိနည်းအာဂုံစာပြန်ပွဲတော်ကြီးကို ၁၃၁၇ခုနှစ်၊ ပြာသိုလဆန်း(၄)ရက်နေ့မှ လဆန်း(၁၄)ရက်နေ့အထိ စတင်ကျင်းပလာခဲ့ရာ နှစ်ပေါင်း(၆၀)ကျော် လာခဲ့ပြီးဖြစ်သည်။ စာပြန်ပွဲတော်ကြီးနှင့်အတူ ပရိဝါသ်ဝတ်ဆောက်တည်ပွဲကို

လည်း ပူးတွဲကျင်းပလာခဲ့ကြောင်းသိရသည်။ အဆိုပါပွဲတော်ကို ရေဦးကျောက်မြောင်းကျေးရွာ ခတ်ပေါင်းရတနာမာရ်အောင်စေတီတော်ဝင်းအတွင်း ကျင်းပကြပါသည်။ စာပြန်ပွဲတော်ကြီး အောင်မြင်စေရန်အတွက် အောက်ပါသံဃာတော်အရှင်မြတ်များနှင့် ဂေါပကအဖွဲ့ဝင်လူကြီးများက စတင်ကြီးမှူးကျင်းပခဲ့ကြောင်း သိရသည်။ သာသနာ့ဟိတကာရီ ပရိယတ္တိဝိနည်းအာဂုံစာပြန်ပွဲတော်ကြီးမှတစ်ဆင့် တက်လှမ်းပြီး ဓမ္မာစရိယစာမေးပွဲကို အောင်မြင်ခဲ့သော သာသနာ့အာဇာနည်များမှာ -

၁။ ဦးဝါသဝ (ရေချမ်းပြင်ကျောင်း)
၂။ ဦးဣန္ဒိမာ (ဓမ္မာစရိယ၊ M.A Buddhism)
၃။ ဦးဝဏ္ဏိတ (ရေဦးကျောက်မြောင်း) သာသနာ့ဓဇဓမ္မစရိယ)၊ သာသနတက္ကသီလဓမ္မာစရိယ (B.A)
၄။ ဦးပညောဘာသ (တိပိဋကနိကာယ၊ ရန်ကုန်) ပိဋကတ်တစ်ပုံဆောင်
၅။ ဦးစန္ဒိမာ (ရွှေပွင့်ဖြူမန္တလေး)အစိုးရဓမ္မာစရိယ (M.A Ph.P)
၆။ ဦးကောလိယ (မန္တလေး)
၇။ ဦးအာစာရာလင်္ကာရ (ရန်ကုန်) ပိဋကတ်တစ်ပုံဆောင်
၈။ ဦးဝိလာသ (ရန်ကုန်)
၉။ ဦးဓမ္မောဓရ (ဗြဟ္မဂူတောရရှောင်)
၁၀။ ဦးနရိန္ဒ (ပဲခူးကြတ်ခတ်ဝိုင်း)
၁၁။ ဦးဇာနေယျာလင်္ကာရ (မစိုးရိမ်တိုက်သစ်)တို့ပင်ဖြစ်သည်။

## (၇) ရပ်စောက်စာပြန်ပွဲ

ရပ်စောက်မြို့နယ်လုံးဆိုင်ရာ ပရိယတ္တိသာသနာ့နုဂ္ဂဟ စာပြန်/စာဖြေပွဲတော်ကြီးကို သာသနာတော်နှစ် ၂၄၈၇၊ ကောဇာသက္ကရာဇ် ၁၃၀၅ခု၊

ခရစ်နှစ် ၁၉၄၃ခုနှစ်တွင် စတင်ကျင်းပလာခဲ့သည်။ ရပ်စောက်စာပြန်ပွဲကြီးအား မူလဈေးတန်းကျောင်းဆရာတော် ဦးနန္ဒိယ၊ မူလအင်းခေါင်းကျောင်းဆရာတော် ဦးမုနိန္ဒ၊ မူလတောင်ဖီလာကျောင်းဆရာတော် ဦးနန္ဒမဥ္ဇူတို့၏ဩဝါဒများကို ခံယူကာ ရပ်စောက်စော်ဘွားကြီး စဝ်စောဆိတ်၊ သားတော် စဝ်ခွန်ဆာတို့၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် စတင်ဖြစ်ပေါ်ပေါက်လာခြင်းဖြစ်သည်။

ထို့အပြင် ရပ်စောက်မြို့နယ် သံဃာဩဝါဒခံ သာသနရက္ခိတအဖွဲ့ ဦးဆောင်သူများဖြစ်သော ဥတ္တံတားရပ်ကွက်မှ ဦးလှကျော်၊ ဈေးတန်းရပ်ကွက်မှ ဦးစံထွန်းတို့၏ စွမ်းစွမ်းတမံပူးပေါင်းဆောင်ရွက်ပေးခဲ့မှုကြောင့် ယနေ့တိုင် သာသနာ့ အောင်လံကြီးစိုက်ထူလျက်ရှိပေသည်။ ဒုတိယကမ္ဘာစစ်မီးတောက် လောင်မှုကြောင့် ၁၉၄၄နှင့် ၁၉၄၅(၂)နှစ်တိတိ ရပ်နားခဲ့သည်မှလွဲ၍ နှစ်စဉ် ကျင်းပလာခဲ့ရာ အာဂုံပြန် (၇၃)ကြိမ်မြောက်နှင့် ရေးဖြေ(၅၇)ကြိမ်တိတိ ပြီးမြောက်ခဲ့ပါပြီ။

စာပြန်ပွဲတော်အစပိုင်းတွင် သံဃာတော်အရှင်သူမြတ်များနှင့် ဆွမ်း ကွမ်းဝေယျာဝစ္စများကို ရှင်ဥာမုနိကုသိုလ်တော် ဘုရားကြီးရင်ပြင်နှင့် ဆုတောင်းပြည့်ဘုရားကြီးရင်ပြင်ပေါ်၌သာ စီမံကျင်းပနိုင်ခဲ့သည်။ နှစ်(၅၀) ပြည့် ရွှေရတုတွင် နှစ်ထပ်ဆွမ်းစားဆောင်နှင့် ပုစ္ဆက ဆွမ်းစားဆောင်တို့၌ လည်းကောင်း တိုးချဲ့ကျင်းပနိုင်ခဲ့ပါသည်။ ရပ်စောက်မြို့နယ်လုံးဆိုင်ရာ စာပြန်ပွဲတော်ကြီးမှတစ်ဆင့်တက်လှမ်းပြီး ဓမ္မာစရိယစာမေးပွဲကို အောင်မြင်ခဲ့ သော သာသနာ့အာဇာနည်များမှာ -

၁။ ဒေါက်တာဘဒ္ဒန္တပညာနန္ဒ မဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သာသနာဓဇဓမ္မာစရိယ(၁၃၄၃) ခုနှစ်၊ ဓာတ်တော်ကျောင်း၊ လွိုင်လင်မြို့။

၂။ အရှင်ပညာသီရိ၊ သာသနဓဇဓမ္မာစရိယ(၁၃၄၁)ခုနှစ် စန္ဒကူးကျောင်းတိုက်၊ ရပ်စောက်မြို့။

၃။ အရှင်ပညာစက္ကိန္ဒ၊ သာသနဓဇဓမ္မာစရိယ(၁၃၆၀)ခုနှစ်
မဟာရန်အောင်ပရိယတ္တိစာသင်တိုက်၊ ရပ်စောက်မြို့။
၄။ အရှင်ဣန္ဒက၊ သာသနဓဇဓမ္မာစရိယ (၁၃၆၃)ခုနှစ်
စန္ဒကူးကျောင်းတိုက်၊ ရပ်စောက်မြို့။
၅။ အရှင်ဓမ္မပိယ၊ သာသနဓဇဓမ္မာစရိယ (၁၃၆၄)ခုနှစ်
ဈေးတန်းကျောင်းတိုက်၊ ရပ်စောက်မြို့။
၆။ အရှင်ဝိစိတ္တသာရာလင်္ကာရ၊ သာသနဓဇဓမ္မာစရိယ (၁၃၅၇)
ခုနှစ် ဝိဒူသာမဏေကျော်
၇။ အရှင်ကောလိယ၊ သာသနဓဇဓမ္မာစရိယ (၁၃၇၀)ခုနှစ်
ရွှေရန်ပြေကျောင်းတိုက်၊ ရပ်စောက်မြို့။
၈။ အရှင်သီဟဉာဏ၊ သာသနဓဇဓမ္မာစရိယ
တိုးနီကျောင်းတိုက်၊ ကောင်းဘို့ရွာ၊ ရပ်စောက်မြို့နယ်။
၉။ အရှင်အဂ္ဂဉာဏ၊ သာသနဓဇဓမ္မာစရိယ (၁၃၇၄)ခုနှစ်
ထီးစံကုန်းကျောင်းတိုက်၊ ရပ်စောက်မြို့နယ်။
၁၀။ အရှင်ပညာနန္ဒလင်္ကာရ၊ ဝိနယဝိဒူ သာသနဓဇဓမ္မာစရိယ
တောင်ချွန်ရွာ၊ ရပ်စောက်မြို့နယ်။
၁၁။ အရှင်ပညာသီရိ၊ သာသနဓဇဓမ္မာစရိယ (၁၃၇၄)ခုနှစ်
အလယ်ချောင်တောင်ကျောင်း၊ ရပ်စောက်မြို့နယ်။
၁၂။ အရှင်သီဟဗလ၊ ဝိနယဓရ (၁၃၇၂)ခုနှစ်
မဲတောကျောင်းတိုက်၊ ရပ်စောက်မြို့နယ်။
၁၃။ အရှင်ဝေဠုရိယ၊ သာသနဓဇဓမ္မာစရိယ (၁၃၇၂)ခုနှစ်
မဟာရန်အောင်ကျောင်းတိုက်၊ ရပ်စောက်မြို့နယ်။
၁၄။ အရှင်နန္ဒောဘာသ၊ သာသနဓဇဓမ္မာစရိယ
ညောင်ပင်သာကျောင်းတိုက်၊ ကောင်းဘို့ရွာ၊ ရပ်စောက်မြို့နယ်။

၁၅။ အရှင်ပညာဝံသ၊ သာသနဓဇဓမ္မာစရိယ(၁၃၇၈)ခုနှစ်
အင်တောရန်အောင်မြေကျောင်းတိုက်၊ ရပ်စောက်မြို့နယ်။
၁၆။ ဒေါက်တာဝိစိတ္တ (၁၃၇၉)ခုနှစ်
မဲတောကျောင်းတိုက်၊ ကောင်းဘိုရွာ၊ ရပ်စောက်မြို့နယ်
တို့ပင်ဖြစ်သည်။

▼▼

## ဓနုဒေသများအတွင်းမှ ပရိဝါသ် မာနတ်ဆောက်တည်ပွဲများ

ဝတ်ဆောက်တည်ခြင်းဆိုသည်မှာ သံဃာဒိသိသ်အာပတ် (အပြစ်ကြီးလေးသောအာပတ်)သင့်သည်ကို သံဃာတော်များထံ ဖွင့်ဟပြောကြားပြီး သံဃာကပေးသောကျင့်ဝတ်ကို ဆောက်တည်ခြင်းဖြစ်သည်။ သာသနာတော်သန့်ရှင်းစင်ကြယ်ရေးအတွက် အဓိကရေးရှုပါသည်။ ဝတ်ဆောက်တည်ရာတွင် အနည်းဆုံးသံဃာ(၄)ပါးဖြင့် သိမ်အတွင်းဝင်ရောက်၍ ရှေးဦးစွာဉတ္တိစတုတ္ထကမ္မဝါစာရွတ်ဖတ်ကာ သံဃာဒိသိသ်အာပတ်သင့်သူရဟန်းအား ဝတ်ပေးရသည်။ ထို့နောက် မိမိသင့်ခဲ့သည့်အာပတ်အမျိုးအမည်နှင့် ဖုံးကွယ်ထားသောညဉ့်အရေအတွက်တို့ကို ထုတ်ဖော်လျှောက်ထားပြီး ဝတ်ဆောက်တည်ရခြင်းပင်ဖြစ်သည်။

ရဟန်းတော်များကြီးလေးသော အာပတ်သင့်ခဲ့ပါက ထိုအာပတ်ကို ကုစားရန်အတွက် အနည်းဆုံးရဟန်း(၄)ပါးမှ (၂၀)ပါးအထိရှိသော အစုအဝေးထံတွင် ဝတ်ဆောက်တည်ရပါသည်။ အပြစ်မရှိဟုခံယူသော ရဟန်းများသည် ပကတတ်ရဟန်းများဖြစ်၍ ဝတ်ဆောက်တည်ရန်မလိုအပ်ကြောင်းသိရသည်။ မိမိ၏သံဃာဒိသိသ်အာပတ်သင့်၍ တည်ဆောက်နေကြောင်းကို သိမ်အတွင်း

တရားဝင် ဝတ်ကြားခြင်းပြုလုပ်ပြီးသည့်အပြင် အနီးအပါးတွေ့သမျှ၊မြင်သမျှ၊ ကြားသမျှရဟန်းတို့အား လျှောက်ထားပြောကြားခြင်းကို 'ဝတ်ကြားခြင်း' ဟုခေါ်သည်။

သိမ်အတွင်း၌ ဝတ်တောင်းခြင်း၊ ဝတ်ပေးခြင်း၊ ဝတ်ဆောက်တည်ခြင်း၊ ဝတ်ကြားခြင်းပြုပြီးနောက် ထပ်မံ၍ဝတ်ကြားခြင်းမှ ကင်းလွတ်စေရန် အားထုတ်မှုကို 'ဝတ်ချခြင်း' ဟု ခေါ်ဆိုပါသည်။ မိမိ၏အကျင့်သီလအပေါ် အခြားရဟန်းတော်များက ယုံကြည်စိတ်ချမြတ်နိုးမှုရစေခြင်းအကျိုးငှာ ကျင့်သုံးခြင်းကိုလည်း 'မာနတ်ကျင့်သည်' ဟုခေါ်ဆိုပါသည်။ အထက်ပါ အဆင့်ဆင့်ကို(၆)ရက် ကျင့်ကြံရပါသည်။ ပရိဝါသ်မာနတ်ကျင့်ပြီးရဟန်း၏ အာပတ်မှစင်ကြယ်မှုကို အသိအမှတ်ပြုသည့်သဘောဖြင့် သိမ်အတွင်းသံဃာ အနည်းဆုံး(၂၀)ပါး စည်းဝေးဆောင်ရွက်ရပြန်သည်။ ပကတတ်ရဟန်းအဖြစ် ရောက်ရှိစေရန် အားထုတ်မှုကို အဗ္ဘာန်သွင်းခြင်းဟု ခေါ်ဆိုအပ်ပါသည်။

ရဟန်းသံဃာများတရားအားထုတ်ပါလျက် တရားမရနိုင်ခြင်း အကြောင်းများစွာထဲတွင် ဘုရားဝိနည်းကိုချိုးဖောက် ခြင်းသည်လည်းတစ်ခု ပါဝင်သည်။ ဝိနည်းချိုးဖောက်ခြင်းသည် မဂ်ဖိုလ်မရရုံသာမက အပါယ်ဒုဂ္ဂတိ ပင်ရောက်နိုင်ကြောင်း ကျမ်းဂန်များကဖွင့်ဆိုထားပါသည်။ သို့သော် မသိ၍ ကျူးလွန်မိသော အာပတ်တို့သည် ဈာန်မဂ်ဖိုလ်ကိုလည်း မတားနိုင်၊ အပါယ် ဒုဂ္ဂတိသို့လည်း မရောက်စေနိုင်ဟု သိရသည်။ သိနားလည်လျက် ဖောက်ဖျက် ကျူးလွန်သောအာပတ်တို့သည် ဈာန်မဂ်ဖိုလ်ကိုလည်း တားမြစ်ကုန်၏။ ဒုဂ္ဂတိသို့လည်း ရောက်စေကုန်၏။ သို့ပါ၍ ဒေသနာကြားထိုက်သော အာ ပတ်ကို ဒေသနာကြားခြင်း၊ ပရိဝါသ်မာနတ်ဖြင့် ကုစားထိုက်သောအာပတ်ကို ပရိဝါသ်မာနတ်ဆောက်ခြင်း ပါရာဇိကကျသော ရဟန်းဖြစ်ပါက သာမဏေ၊ လူအသွင်ပြောင်းကုစားပင်လျှင် မဂ်ဖိုလ်နိဗ္ဗာန်ကို မတားဆီးနိုင်ကြပေဟု ဖွင့်ဆိုထားကြောင်း သိရပါသည်။

ရှမ်းမြေလတ်ရှိ ဓနုမြို့နယ်အားလုံးသည် ရာနှုန်းပြည့် ဗုဒ္ဓဘာသာဝင်များဖြစ်သည့်အလျောက် သာသနာတော် သန့်ရှင်းစင်ကြယ်ရေးအလေးထားကာ ပရိဝါသ်မာနတ်ဆောက်တည်ပွဲများကို ရှေးစော်ဘွားကြီးများလက်ထက်ကတည်းက ကျင်းပလာခဲ့ကြပေသည်။ တပည့်ဒါယကာများကလည်း ဆွမ်း၊ ကွမ်း၊ ဝေယျာဝစ္စကုသိုလ်များယူပြီး သာသနာချစ်စိတ်အပြည့်ဖြင့် ဆောင်ရွက်ပေးကြသည်။ ဓနုနယ်အတွင်း ပရိဝါသ်မာနတ်ဆောက်တည်ပွဲကျင်းပရာနေရာများကိုလည်း နှောင်းပုဂ္ဂိုလ်များအတွက် ဖော်ပြပေးအပ်ပါသည်။

**ကလောမြို့နယ်** -

၁။ ဘော်ဆိုင်းကျေးရွာအုပ်စု ပရိဝါသ်မာနတ်ဆောက်တည်ပွဲ

၂။ ကျောက်ထပ်ကျေးရွာအုပ်စု ပရိဝါသ်မာနတ်ဆောက်တည်ပွဲ

၃။ ပင်မှိုင်းသုံကျေးရွာအုပ်စု ပရိဝါသ်မာနတ်ဆောက်တည်ပွဲ

**ရှောင်ချိုမြို့နယ်** -

၁။ ဆယ်တောင်ပြည့်ကျောင်း
တောင်ရှည်ကျေးရွာအုပ်စု၊ ပရိဝါသ်မာနတ်ဆောက်တည်ပွဲ

**ပင်းတယမြို့နယ်** -

၁။ ကျုံးမွေတော်ကျောင်း ပရိဝါသ်မာနတ်ဆောက်တည်ပွဲ

၂။ အောင်သိဒ္ဓိရွှေပုထိုးကျောင်း
(တောင်ရွှေပုထိုးရွာ) ပရိဝါသ်မာနတ်ဆောက်တည်ပွဲ

**ရပ်စောက်မြို့နယ်** -

၁။ မြို့မဂိုဏ်း ပရိဝါသ်မာနတ်ဆောက်တည်ပွဲ

၂။ ကျောက်ဂူအုပ်စု ပရိဝါသ်မာနတ်ဆောက်တည်ပွဲ
၃။ ကောင်းဘို့အုပ်စု ပရိဝါသ်မာနတ်ဆောက်တည်ပွဲ
၄။ ကျောက်တောအုပ်စု ပရိဝါသ်မာနတ်ဆောက်တည်ပွဲ

**ရှာငံမြို့နယ်** -

၁။ ရေဦးကျောက်မြောင်းအုပ်စု ပရိဝါသ်မာနတ်ဆောက်တည်ပွဲ
၂။ ရှာငံရွှေပေါ်ကျွန်းကျောင်း ပရိဝါသ်မာနတ်ဆောက်တည်ပွဲ
၃။ ကျောက်ကူပြင်အုပ်စု ပရိဝါသ်မာနတ်ဆောက်တည်ပွဲ
၄။ ဝံခဲတောရကျောင်း (မြိုင်) ပရိဝါသ်မာနတ်ဆောက်တည်ပွဲ

▼ ▼

## နေတိုင်းရင်းသား သာသနာ့အာဇာနည်များ

### (၁) တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တဝီရိယာနန္ဒ (ကမ္ဘောဇဆရာတော်) နောင်ချိုမြို့နယ်။

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီး ၁၉၄၈ခုနှစ်မှ စတင်၍ တိပိဋက ရွေးချယ်ရေးစာမေးပွဲကို ကျင်းပလာခဲ့ရာ ယခု ၂၀၁၈ နှစ်ဆန်းတွင် (၇၀) ကြိမ်တိုင်တိုင် ပြီးမြောက်ခဲ့ပါပြီ။ နှစ်(၇၀)အတွင်း ပိဋကတ်သုံးပုံကို နှုတ်ငုံအာဂုံ ပြန်ဆိုနိုင်ရုံသာမက အဓိပ္ပာယ်ဖွင့်ဆိုနိုင်သူ သာသနာ့အာဇာနည် ဆရာတော် (၁၄)ပါးတိတိ ပေါ်ထွန်းခဲ့သည်။

၎င်းဆရာတော်အရှင်သူမြတ်များမှာ -

(၁) အရှင်ဝိစိတ္တသာရာဘိဝံသ
(မင်းကွန်းဆရာတော်) ပျံလွန်တော်မူပြီး

(၂) အရှင်နေမိန္ဒ
(ပခုက္ကူဆရာတော်) ပျံလွန်တော်မူပြီး
(၃) အရှင်ကောသလ္လ
(ပြည်ဆရာတော်) ပျံလွန်တော်မူပြီး
(၄) အရှင်သုမင်္ဂလာလင်္ကာရ
(တိပိဋကဂန္ထာရုံဆရာတော်) ပျံလွန်တော်မူပြီး
(၅) အရှင်သီရိန္ဒာဘိဝံသ (ယောဆရာတော်)
(၆) အရှင်ဝါယာမိန္ဒာဘိဝံသ (ရေစကြိုဆရာတော်)
(၇) အရှင်သီလက္ခန္ဓာဘိဝံသ (မော်ကျွန်းဆရာတော်)
(၈) အရှင်ဝံသပါလာလင်္ကာရ (မြင်းမူဆရာတော်)
(၉) အရှင်ဂန္ဓမာလာလင်္ကာရ (မြင်းခြံဆရာတော်)
(၁၀) အရှင်သုန္ဒရ (တိပိဋကစွန်းလွန်းဆရာတော်)
(၁၁) အရှင်ဣန္ဒပါလ (ရခိုင်ဆရာတော်)
(၁၂) အရှင်အဘိဇာတာဘိဝံသ (စစ်ကိုင်းဆရာတော်)
(၁၃) အရှင်ဣန္ဒာစရိယ (ဘုတလင်ဆရာတော်)
(၁၄) အရှင်ဝီရိယာနန္ဒ (ကမ္ဘောဇဆရာတော်)တို့ပင် ဖြစ်ပါသည်။

'တိပိဋကရေ တိပိဋကကောဝိဒ' ဘွဲ့ဟူသည်မှာ ဝိနယပိဋက(၅)ကျမ်း၊ သုတ္တန္တပိဋက(၃)ကျမ်း၊ အဘိဓမ္မာပိဋက ရှေ့ပိုင်း(၅)ကျမ်း၊ အဘိဓမ္မာပိဋက နောက်ပိုင်း(၂)ကျမ်း၊ စုစုပေါင်း (၁၅)ကျမ်းအတွင်းမှ စာအုပ် (၂၀) စာမျက်နှာ (၈၀၂၆)တိတိကို အာဂုံအောင်မြင်ပါက 'တိပိဋကရေ' ဘွဲ့ပေးအပ်နှီးမြှင့်ပါသည်။ ၄င်းပါဠိတော်အသီးသီး၏ အဖွင့်ကျမ်းများစွာ အဓိပ္ပာယ်များကို သဘောရေးဖြေအောင်မြင်ပါက 'တိပိဋကကောဝိဒ' ဘွဲ့ဟူ၍ ဆက်လက်ပေးအပ်ချီးမြှင့်ခြင်း ဖြစ်ပါသည်။

ထိုသို့သာမက နှစ်ပေါင်းဆယ်စုကျော် ကြိုးစားအချိန်ပေးပြီးကျမ်းပေါင်း (၅၀)နီးပါးမှ စာမျက်နှာ (၁၈၉၃၇) တိတိကို ဖြေဆိုအောင်မြင် ဘွဲ့လက်မှတ် (၉)ခု ရရှိပြီးမှသာလျှင် ' တိပိဋကဓရ တိပိဋကကောဝိဒ ' ဘွဲ့တံဆိပ်တော်ကို ရရှိနိုင်ပါလိမ့်မည်။ ဘုရားရှင်ကပင် ' သုတဗုဒ္ဓ ' ဟု သမုတ်တော်မူခဲ့သည်ကို ကြည့်ခြင်းအားဖြင့် ကံ၊ ဉာဏ်၊ ဝီရိယသုံးပါးစလုံး ပြည့်စုံရုံသာမက မည်မျှပင်ပန်းဆင်းရဲရမည်ဖြစ်ကြောင်း သိနိုင်ပါလိမ့်မည်။

ယခင်က ရှမ်းပြည်နယ်အတွင်း တစ်ကြိမ်တစ်ခါမျှ ရရှိခဲ့ခြင်း မရှိဖူးသေးသော အဆိုပါဘွဲ့တံဆိပ်တော်ကို ဓနုတိုင်းရင်းသား ဆရာတော် အရှင်ဝီရိယာနန္ဒက ဆွတ်ခူးရရှိခဲ့ပေပြီ။ (၆၉)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲတွင်ဖြေဆိုအောင်မြင်ခဲ့သဖြင့် ၂၀၁၇ ဇန်နဝါရီလ(၂၈)ရက်နေ့၌ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံခဲ့ရပါသည်။ သို့ပါ၍ ရှမ်းပြည်နယ်တစ်ခုလုံးကိုယ်စား၊ ဓနုတိုင်းရင်းသားများကိုယ်စား သာသနာ့ သမိုင်းသစ်ကို ရေးထိုးပေးနိုင်ခဲ့ပါတော့သည်။

ဆရာတော်သည် ရှမ်းပြည်မြောက်ပိုင်း နောင်ချိုမြို့နယ် တောင်းခမ်း ကျေးရွာ ဦးဘကျော် + ဒေါ်တင်ကြည်တို့မှ ၁၃၃၁-ခုနှစ်၊ ပြာသိုလဆန်း (၁၄)ရက်၊ (၂၁.၁.၁၉၇၀) ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်ခဲ့သည်။ ၁၃၄၀ခုနှစ်၊ ဝါဆိုလဆန်း (၁၄)ရက်နေ့ မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး တောင်ခမ်း ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒဓောတကို ဥပဇ္ဈာယ်ပြု၍ ရှင်ဝီရိယာနန္ဒ အဖြစ် ရှင်သာမဏေပြုခဲ့သည်။

၁၃၅၁ခုနှစ်၊ ကဆုန်လဆန်း ၆ရက်၊ (အင်္ဂါနေ့)တွင် ရန်ကုန်မြို့၊ ရွှေကျင်တိုက်သစ်၊ ခဏ္ဍသိမ်တော်၌ ဆရာတော်ဘဒ္ဒန္တ ခေမိန္ဒာဘိဝံသကို ဥပဇ္ဈာယ်ပြုလျက် ရန်ကုန်မြို့နေ ဦးအုန်းမောင်+ဒေါ်အေးကြည် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရဟန်းဘဝသို့ ရောက်ရှိတော်မူသည်။ ပစ္စည်းလေးပါး ဒါယကာများမှာ တောင်ခမ်းကျေးရွာ ခမည်းတော်နှင့်မယ်တော်မိသားစု၊

တောင်ခမ်း ကျေးရွာ ဒေါ်ချစ်ငြိမ်း (တူ)မောင်ဇော်မင်းမိသားစု၊ မအူပင်မြို့နေ ဦးတိုးမောင် + ဒေါ်သန်းရီ မိသားစု၊ ရန်ကုန်မြို့နေ ဦးအောင်ခင်သိန်း + ဒေါ်မေမေတင် (သမီး) ဒေါက်တာတင်ဇာအောင် မိသားစု၊ ဦးစောနွဲ့သန်းစိန် + ဒေါ်စွဲ့ (ပဒုမ္မာ)မိသားစု၊ ဦးအောင်သန်း + ဒေါ်အေးအေးနွယ် မိသားစု၊ တောင်ရှည် ရွာနေ (ဦးထွန်းလှ) + ဒေါ်စန်း(သား) ဦးအောင်မင်း + ဒေါ်ရီငွေးမိသားစု၊ ရန်ကုန်မြို့နေ ဦးကြည်ထွန်း + ဒေါ်ခင်အေးမူမိသားစု၊ ဦးဝင်းခိုင် + ဒေါ်သင်းသင်းဦးမိသားစု၊ ဦးစက်ထွန်း + ဒေါ်တင်စိန်(သမီး) ဒေါ်မြင့်မြင့်၊ ဒေါ်အေးသင်း မိသားစု၊ ဒေါ်ရွှေမိသားစု၊ အင်္ဂလန်နိုင်ငံနေ ဦးအောင်ကျော်နိုင် + ဒေါက်တာလှဲ့လှဲ့ခိုင်မိသားစု၊ ဒေါက်တာထင်လင်းအောင် +ဒေါ်အေးအေး ထိုက်မိသားစု၊ နောင်ချိုမြို့နေ ဦးလင်းကြည် + ဒေါ်ခိုင်ခိုင်ဦးမိသားစု၊ ဦးကျော်ဇော်လင်း + ဒေါ်နှင်းရီမိသားစု၊ မော်လမြိုင်မြို့နေ ဒေါ်နွယ်နွယ်ဝင်း မိသားစု၊ ကချင်ပြည်နယ်၊ လုံးခင်းရွာနေ ဒေါ်လွန်းမိသားစု၊ စစ်ကိုင်းမြို့နေ ရဲမှူးကြီး (ငြိမ်း) ဦးကြည်ညွှန့် + ဒေါ်ခင်သီမိသားစု၊ အမေရိကန်နိုင်ငံနေ ဒေါက်တာဒေါ်ကြည်ညွှန့်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ဆက်လက်ခံယူကာ မြင့်မြတ်သောရဟန်းဘဝဖြင့် သာသနာပြုခဲ့သည်။

ဆရာတော်သည် တောင်းခမ်းရွာဦးကျောင်းပထမဆရာတော် ဘဒ္ဒန္တစန္ဒဇောတိ၊ ဒုတိယဆရာတော် ဘဒ္ဒန္တယုဇန၊ ဘဒ္ဒန္တသန္တာနန္ဒ၊ ဘဒ္ဒန္တတေဇိဿရ (မဲပုတ်)၊ မိုးကုတ်ပန်းမ အထက်ကျောင်းဆရာတော် ဘဒ္ဒန္တဂန္ဓမာနှင့် နာယကဆရာတော်များ၊ အမရပူရမဟာဂန္ဓာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသနှင့် ဆရာတော်များ ဆတ်သွားဂန္ဓာရုံဘုံကျော် တောရဆရာတော် ဘဒ္ဒန္တဝိလာသ၊ မြိတ်မြို့ဘုရားငါးဆူကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကဝိသာရာလင်္ကာရ၊ သဃ်န်းကျွန်း ကျိုက္ကဆံရွှေကျင်တိုက်သစ်ဆရာတော် ဘဒ္ဒန္တခေမိန္ဒာဘိဝံသနှင့်စာချဆရာတော်များ၊ ရန်ကုန်မြို့ နာဂလိုဏ်ဂူကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသ၊ တိပိဋကပြည်ဆရာတော် ဘဒ္ဒန္တ

ကောသလ္လ(တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက)မင်းကွန်းဆရာတော်ဘုရားကြီး၊ မန္တလေးမြို့၊ ဗန်းမော်ကျောင်းတိုက်ဆရာတော် (နိုင်ငံတော်သံဃာ့နာယကဥက္ကဋ္ဌ)၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ ဘဒ္ဒန္တကုမာရာဘိဝံသ၊ မင်းကွန်းတိပိဋကနိကာယကျောင်းတိုက် စီမံအုပ်ချုပ်မှု မဟာနယက တိပိဋကဓရဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ကြားဆည်းပူး ခဲ့သည်။

ဆရာတော်သည် -

၁၃၅၃ ခုနှစ်၌ အစိုးရဓမ္မာစရိယဘွဲ့

၁၃၅၄ ခုနှစ်၌ ဥဘတောဝိဘင်္ဂဓရလက်မှတ်

၁၃၅၆ ခုနှစ်၌ ဝိနယဓရဘွဲ့

၁၃၅၇ ခုနှစ်၌ ဥဘတောဝိဘင်္ဂကောဝိဒလက်မှတ်

၁၃၅၈ ခုနှစ်၌ ဝိနယကောဝိဒဘွဲ့

၁၃၅၉ ခုနှစ်၌ ဒီဃဘာဏကဘွဲ့

၁၃၆၀ ခုနှစ်၌ ဒီဃနိကာယကောဝိဒဘွဲ့

၁၃၆၂ ခုနှစ်၌ မူလအာဘိဓမ္မိကလက်မှတ်

၁၃၆၅ ခုနှစ်၌ မူလအာဘိဓမ္မကောဝိဒလက်မှတ်

၁၃၇၀ ခုနှစ်၌ တိပိဋကဓရဘွဲ့

၁၃၇၈ ခုနှစ်၌ တိပိဋကကောဝိဒဘွဲ့ တံဆိပ်တော်များကို အဆင့်ဆင့်ရရှိတော်မူခဲ့ပါသည်။

ဆရာတော်သည် ယခုအခါ မင်းကွန်းတိပိဋကနိကာယကျောင်းတိုက်၏ သာသနာ့တာဝန်များ၊ မော်လမြိုင်မြို့ တိပိဋကကမ္ဘောဇ ကျောင်းတိုက်၏ သာသနာ့တာဝန်များ၊ နောင်ချိုမြို့ တိပိဋကကမ္ဘောဇ ကျောင်းတိုက်၏ သာသနာ့တာဝန်များ၊ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့ တိပိဋက ကမ္ဘောဇကျောင်း

တိုက်၏ သာသနာ့တာဝန်များတို့ကို ဆက်လက်ထမ်းရွက်သာသနာ ပြုလျက် ရှိပါသည်။

**(၂) မူလအဘိဓမ္မကောဝိဒ လက်မှတ်ရရှိတော်မူသော ဘဒ္ဒန္တခေမာဝံသ (ထွက်နီကျေးရွာ၊ ပင်းတယမြို့နယ်)**

၁၃၇၇ ခုနှစ်၊ (၆၈)ကြိမ်မြောက် တိပိဋက ရွေးချယ်ရေးစာမေးပွဲကြီးတွင် ပိဋကတ်(၂)ပုံခွဲကို အောင်မြင်တော်မူခဲ့ပြီး 'မူလအဘိဓမ္မကောဝိဒ' ဘွဲ့တံဆိပ် လက်မှတ်ကို ရရှိခဲ့ခြင်းဖြစ်သည်။

ဆရာတော်ကို ရှမ်းပြည်နယ်တောင်ပိုင်း ပင်းတယမြို့နယ် ထွက်နီရွာ ဦးထွန်းသာ + ဒေါ်လှဇင်တို့မှ ၁၃၂၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၁၁)ရက်၊ (၁၀.၁၀.၁၉၆၆) တနင်္လာနေ့တွင် ဖွားမြင်တော်မူခဲ့သည်။ ၁၃၃၉ ခုနှစ်၊ ကဆုန်လတွင် ထွက်နီကျောင်းဆရာတော် (အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဓဇ)ဘဒ္ဒန္တကေသဝသီရိထံတွင် ဥပဇ္ဈာယ်ပြုလျက် ခမည်းတော် + မယ်တော် တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်ခေမာဝံသအဖြစ် ရှင်သာမဏေပြုခဲ့သည်။

၁၃၄၇ - ခုနှစ်၊ တပို့တွဲလဆန်း (၄)ရက်၊ ကြာသပတေးနေ့တွင် ညောင်ရွှေမြို့၊ ကန်ကြီးပရိယတ္တိစာသင်တိုက် အဘိဓဇမဟာရဋ္ဌဂုရု (အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ တေရသမ ရွှေကျင်နိကာယာဓိပတိ ဥက္ကဋ္ဌ) ဘဒ္ဒန္တဝိမလာဘိဝံသထံကို ဥပဇ္ဈာယ်ပြုလျက် ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟာခံယူကာ ထွက်နီကျောင်းခဏ္ဍာသိမ်တွင် မြင့်မြတ်သော ရဟန်းအဖြစ် ခံယူတော်မူခဲ့သည်။

ကျေးဇူးရှင်ဆရာတော်များမှာ ပင်းတယမြို့နယ်၊ ထွက်နီကျောင်း ဆရာတော် (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဘဒ္ဒန္တ ကေသဝသီရိမဟာထေရ် နှင့် စာချဆရာတော်များ ၊ ပင်းတယမြို့၊ ရှမ်းရပ်၊ ဇောတိကာရုံကျောင်းဆရာတော် (သာသနဓဇဓမ္မာစရိယ၊ မြို့နယ်သံဃနာယက အကျိုးတော်ဆောင်) နောင်

တော်ကြီး ဘဒ္ဒန္တပညာသာရ၊ ညောင်ရွှေမြို့၊ ကန်ကြီးပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဝိမလာဘိဝံသနှင့်တိုက်အုပ်၊ တိုက်ကြပ် ဂန္ထဝါစက စာချဆရာတော်များ၊ ရန်ကုန်မဟာဝိသုဒ္ဓါရုံကျောင်း ဆရာတော်ဘဒ္ဒန္တ ကောဏ္ဍည၊ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက)၊ စစ်ကိုင်း မြို့နယ်၊ မင်းကွန်းမိုးမိတ်ကုန်းမြေတိပိဋက နိကာယကျောင်းတိုက် မင်းကွန်း ဆရာတော်ဘုရားကြီးနှင့် တိပိဋကနိကာယ စီမံအုပ်ချုပ်မှု မဟာနာယကဆရာ တော်များ၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသ၊ မိုင်းသောက် ကျောက်နီတောရ စာသင်တိုက်ပဓာန မဟာနာယက မဟာဂန္ထ ဝါစကပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တစန္ဒောဘာသ စသည်တို့ဖြစ်ကြပါသည်။

အောင်မြင်ခဲ့သောစာမေးပွဲများမှာ -

၁၃၅၈ - ခုနှစ်၌ ဥဘတောဝိဘင်္ဂဓရလက်မှတ်
၁၃၆၀ - ခုနှစ်၌ ဝိနယဓရဘွဲ့
၁၃၆၂ - ခုနှစ်၌ ဥဘတောဝိဘင်္ဂကောဝိဒလက်မှတ်
၁၃၆၄ - ခုနှစ်၌ ဝိနယကောဝိဒဘွဲ့
၁၃၆၆ - ခုနှစ်၌ ဒီဃဘာဏကဘွဲ့
၁၃၇၀ - ခုနှစ်၌ ဒီဃနိကာယကောဝိဒဘွဲ့
၁၃၇၂ - ခုနှစ်၌ မူလအာဘိဓမ္မိကလက်မှတ်
၁၃၇၇ - ခုနှစ်၌ မူလအာဘိဓမ္မကောဝိဒ လက်မှတ်ကို ရရှိခဲ့ပါသည်။

ယခုအခါတွင် ဆရာတော်သည် ပိဋကတ် (၃)ပုံ အောင်မြင်ရန်အတွက် ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့နယ် မိုင်းသောက်ကျောက်နီတောရ ကျောင်းတွင် စာပေပညာများကို ဆက်လက်ဆည်းပူးရင်း သာသနာ့တာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်။

## (၃) ဝိနယဓရ၊ ဝိနယကောဝိဒ ဘွဲ့တံဆိပ်တော်နှင့် ဒီဃဘာဏက (ဒွိပိဋကဓရ) ပိဋက(၂)ပုံဆောင် အရှင်ပညာစာရာလင်္ကာရ

၁၃၇၉-ခုနှစ်၊ (၇၀)ကြိမ်မြောက် တိပိဋကဓရတိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးတွင် အရှင်ပညာစာရာလင်္ကာရက ဒီဃဘာဏက (ဒွိပိဋကဓရ)ဘွဲ့တံဆိပ်တော်ကို ဆွတ်ခူးရရှိခဲ့သည်။ အရှင်မြတ်ကို နောင်ချိုမြို့နယ်၊ ရေတွင်းကြီးအုပ်စု၊ ရေတွင်းကြီးရွာနေ ဦးလှမင်း + ဒေါ်ခင်ဝင်းတို့က ၁၃၄၅ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၅)ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်တော်မူခဲ့သည်။ ငယ်နာမည်မှာ မောင်မျိုးမင်းဦးဖြစ်သည်။

၁၃၅၅ ခုနှစ်၊ ပြာသိုလတွင် နောင်ချိုမြို့နယ် ရေတွင်းကြီးကျောင်းဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရကိုဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂကို ခံယူပြီး ရှင်သာမဏေအဖြစ် ရောက်ရှိတော်မူသည်။ ဘွဲ့အမည်မှာ ရှင်ပညာစာရဖြစ်သည်။ မန္တလေးမြို့၊ ပရိယတ္တိသာသနဟိတ သာမကျော်ဘွဲ့(အလင်္ကာရဘွဲ့)ကို ရရှိအောင်မြင်တော်မူပြီး ရှင်ပညာစာရာလင်္ကာရဟု ခေါ်တွင်ခဲ့ပါသည်။ ၁၃၆၇ ခုနှစ်၊ ကဆုန်လတွင် နောင်ချိုမြို့နယ် ဆယ်တောင်ပြည့်ကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြုလျက် လွယ်ပန်းရွာနေ ဦးသာအောင် + ဒေါ်ခင်ညွန့်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းဘဝ ရောက်ရှိတော်မူခဲ့သည်။ ရေတွင်းကြီးရွာနေ ဦးဗထူး + ဒေါ်ညွန့်စီ၊ ဦးကျော်မိုး + ဒေါ်ခင်မာကြည်၊ နောင်ချိုမြို့ ဈေးရပ်နေ ဦးကျော်ဇော်လင်း + ဒေါ်နှင်းရီ မိသားစုတို့၏ ပုနောပသမ္ပဒါ (ကံထပ်မင်္ဂလာ)ပြုတော်မူခဲ့သည်။ ရန်ကုန်မြို့၊ တိပိဋကဓမ္မရက္ခိတအဖွဲ့၏ ပစ္စယာနုဂ္ဂဟကိုလည်း ခံယူရရှိခဲ့ပါသည်။

ပညာဆည်းပူးခဲ့သော ကျေးဇူးရှင်ဆရာတော်များမှာ နောင်ချိုမြို့နယ် ရေတွင်းကြီး ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရ၊ ကျောက်မဲမြို့

အင်ကြင်းတောင်ကျောင်းဆရာတော် ဘဒ္ဒန္တဓမ္မာနန္ဒ၊ မန္တလေးမြို့ မဟာမြိုင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသဒ္ဓနသာရနှင့် စာချဆရာတော်များ၊ ရန်ကုန်မြို့ ဗိုလ်တစ်ထောင်တိုက်ဆရာတော် ဘဒ္ဒန္တတေဇနိယ၊ အင်းစိန်မြို့ ရွာမ ပရိယတ္တိစာသင်တိုက် ဘဒ္ဒန္တတိလောကာဘိဝံသနှင့် စာချဆရာတော်များ၊ ရန်ကုန်မြို့ အလိုတော်ပြည့်ဓမ္မာစရိယတက္ကသိုလ် ဆရာတော်ဘဒ္ဒန္တ သုစိတ္တာဘိဝံသ၊ မုံရွာမြို့ ရွှေတောင်ဦး၊ တိပိဋကဓမ္မပါလကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တပညာဝံသ၊ စစ်ကိုင်းမြို့ မင်းကွန်းတိပိဋကနိကာယ၊ (မိုးမိတ်ကုန်းမြေ) ဆရာတော် ဘဒ္ဒန္တဝံသပါလာလင်္ကာရ (တိပိဋကဓရ၊ တိပိဋကကောဝိဒ၊ ဓမ္မဘဏ္ဍာဂါရိက) တိပိဋကကမ္ဘောဇကျောင်းတိုက်ကြီးများ၏ အဓိပတိနာယက ဘဒ္ဒန္တဝီရိယာနန္ဒစသော အရှင်မြတ်များဖြစ်ကြပါသည်။

အောင်မြင်ရရှိခဲ့သော ဘွဲ့တံဆိပ်များမှာ -

- ၁၃၆၅ ခုနှစ်၊ ပရိယတ္တိသာသနဟိတသာမဏေကျော်ဘွဲ့။
- ၁၃၆၉ ခုနှစ်၊ အစိုးရ သာသနဓဇဓမ္မာစရိယဘွဲ့။
- ၁၃၇၀ ပြည့်နှစ်၊ ဥဘတောဝိဘင်္ဂဓရ လက်မှတ်။
- ၁၃၇၃ ခုနှစ်၊ ဝိနယဓရဘွဲ့။
- ၁၃၇၅ ခုနှစ်၊ ဥဘတောဝိဘင်္ဂကောဝိဒဘွဲ့။
- ၁၃၇၇ ခုနှစ်၊ ဝိနယကောဝိဒဘွဲ့။
- ၁၃၇၉ ခုနှစ်၊ ဒီဃဘာဏကဘွဲ့များပင် ဖြစ်ပါသည်။

အရှင်မြတ်သည် ပိဋကတ်(၂)ပုံအောင်မြင်ခဲ့ပြီး မော်လမြိုင်မြို့ တိပိဋကမ္ဘောဇကျောင်းတော်ကြီး၏ စီမံအုပ်ချုပ်မှု စာသင်စာချတာဝန်များကို ထမ်းဆောင်တော်မူရင်း ပရိယတ္တိစာပေများကို ဆက်လက်ဆည်းပူးအားထုတ်တော်မူလျက်ရှိပါသည်။

**(၄) ဒီဃနိကာယကောဝိဒဘွဲ့တံဆိပ်တော်နှင့် သာသနတက္ကသီလ မဟာဓမ္မာစရိယ M.A(Buddhism) ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တဓမ္မာနန္ဒာဘိဝံသ (ဂန္ထဝါစကပဏ္ဍိတ၊ မဟာဂန္ထဝါစကပဏ္ဍိတ) လယ်ကြားကျေးရွာ၊ ကလောမြို့နယ်**

၁၃၅၃ခုနှစ်၊ (၄၄)ကြိမ်မြောက် တိပိဋကရွေးချယ်ရေး စာမေးပွဲကြီးတွင် 'ဒီဃနိကာယကောဝိဒ'ဘွဲ့တံဆိပ်တော်ကို ဆွတ်ခူးရရှိခဲ့ပြီး ၁၃၅၆ ခုနှစ်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၏ ပထမအကြိမ် မဟာဘွဲ့နှင်းသဘင်၌ 'သာသနာ့တက္ကသီလာမဟာဓမ္မာစရိယ' M.A(Buddhism) ဘွဲ့တံဆိပ်တော်ကို လက်ခံရရှိတော်မူခဲ့သည်။

အရှင်မြတ်ကို ကလောမြို့နယ်၊ လယ်ကြားကျေးရွာ ဦးလှမောင်+ဒေါ်အုန်းကြည်တို့မှ ၁၃၁၂ခုနှစ်၊ တပေါင်းလဆန်း(၁၀)ရက်၊ (၁၇-၃-၁၉၅၁)စနေနေ့တွင် ဖွားမြင်တော်မူခဲ့သည်။ အောင်ပန်းမြို့ ဦးမြဲ မူလတန်းကျောင်းတွင် သူငယ်တန်းမှ တတိယတန်းအထိ ပညာသင်ကြားခဲ့သည်။

၁၃၂၂ခုနှစ်၊ အသက်(၁၀)နှစ်အရွယ်တွင် ကုန်းနီကျောင်းဆရာတော် ဦးပညာကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေပြုခဲ့သည်။ ၁၃၃၂ခုနှစ်တွင် ကုန်းနီကျောင်းဆရာတော် ဘဒ္ဒန္တဝိလာသကို ဥပဇ္ဈာယ်ပြု၍ ကလောမြို့နယ်၊ အောင်ပန်းမြို့၊ အမှတ်(၄)ရပ်ကွက်နေ မိဘာနှစ်ပါး၊ တောင်ကြီးမြို့နေ ဦးထွန်းအောင် + သုဓမ္မသီဂီဒေါ်အုပ်(ကြယ်နီဆေးလိပ်)နှင့် ကုန်းနီကျေးရွာ ဒါယကာ + ဒါယိကာမအပေါင်းတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းဘောင်သို့ ရောက်ရှိတော်မူခဲ့သည်။

ကျေးဇူးရှင်ဆရာတော်များမှာ ကလောမြို့နယ်၊ ကုန်းနီကျောင်းဆရာတော် ဦးပညာနှင့်ဦးနန္ဒဝံသ၊ မန္တလေးတောင် ဦးခန္တီကျောင်း စာချဆရာတော် ဦးဣန္ဒဝံသနှင့် ဦးဉာဏိန္ဒ၊ တောင်ကြီးမြို့ သိမ်တောင်ကျောင်းဆရာတော် နိုင်ငံတော်ဩဝါဒစရိယ ဘဒ္ဒန္တဆန္ဒာဓိက(အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)နှင့် စာချဆရာတော် ဦးဣန္ဒာဘိဝံသ၊ ဦးနန္ဒဝံသ၊ ဦးသုန္ဒရ၊

ဦးဉာဏိန္ဒ၊ ဦးနရိန္ဒ၊ မန္တလေးမြို့ မဟာဓမ္မိကာရာမတိုက် သာသနယမကကျောင်း ဆရာတော် ဘဒ္ဒန္တနရိန္ဒ(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ)၊ ရန်ကုန်မြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ တိပိဋကဓရ၊ တိပိဋကကောဝိဒ ဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊ အောင်မြေဘုံစံကျောင်းစာချ ဆရာတော် ဘဒ္ဒန္တဝိလာစာရနှင့် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်မှ နာယကချုပ်၊ နာယက၊ ပါမောက္ခ၊ဂဏဝါစက၊ နယကဆရာတော်များ အသီးသီးတို့ပင်ဖြစ်သည်။

အောင်မြင်ခဲ့သောစာမေးပွဲများမှာ ၁၃၃၄ခုနှစ်၊ ဓမ္မာစရိယတန်း (စာချတန်း)၌ အောင်စဉ်နံပါတ်(၁)ဖြင့် အထူးအောင်မြင်ခဲ့ခြင်းကြောင့် 'ဝိနယာဒိနုဂ္ဂဟဝိသိဋ္ဌသိရိပရိယတ္တိဓမ္မာစရိယ' ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံခဲ့ရသည်။ ၁၃၃၆ခုနှစ်၊ နိုင်ငံတော်ဓမ္မာစရိယစာမေးပွဲတွင် တစ်နိုင်ငံလုံး တတိယအမှတ်အများဆုံးဖြင့် အောင်မြင်ခဲ့၍ 'သာသနဓဇသိရိပဝရ ဓမ္မာစရိယ' ဘွဲ့တံဆိပ်တော်လက်ခံရရှိခဲ့သည်။ ၁၃၄၀ခုနှစ်၊ 'ဒီဃဘာဏက' ဘွဲ့တံဆိပ်၊ ၁၃၅၃ခုနှစ်၊ 'ဒီဃနိကာယကောဝိဒ' ဘွဲ့တံဆိပ်နှင့် ၁၃၅၆ခုနှစ်၊ 'သာသနတက္ကသီလာမဟာဓမ္မာစရိယ M.A(Buddhism)' ဘွဲ့တံဆိပ်တော်များ လက်ခံရရှိတော်မူခဲ့သည်။

အရှင်မြတ်သည် ယနေ့အချိန်တွင် တောင်ကြီးမြို့ မဟာဓမ္မိကာရာမ ပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာန နာယကဆရာတော်အဖြစ်လည်းကောင်း၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်အဖြစ်လည်းကောင်း ဆောင်ရွက်တော်မူလျက်ရှိသည်။ အခြားဆောင်ရွက်ချက်များမှာ ၂၀၀၄ခုနှစ်မှယနေ့အချိန်ထိ ပရိယတ္တိစာပေများပို့ချခြင်းနှင့် သာသနာရေးဆိုင်ရာလုပ်ငန်းနှင့် သာသနာပြုခြင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ၄င်းအပြင် ရှမ်းပြည်နယ် လုံးဆိုင်ရာ ညောင်ရွှေစာပြန်ပွဲ၊ အစိုးရဓမ္မာစရိယစာမေးပွဲနှင့် အခါအားလျော်စွာ ရှမ်းပြည်နယ်အတွင်းကျင်းပသော ပရိယတ္တိဆိုင်ရာစာမေးပွဲများ၌ ကြီးကြပ်ရေး

တာဝန်နှင့် စာစစ်တာဝန်များကို ၁၉၉၅ ခုနှစ်မှစ၍ ယနေ့တိုင် ဆောင်ရွက်လျက်ရှိသည်။

ထို့နောက် တောင်ကြီးမြို့ ကံသာရပ်ကွက် သံဃနာယကအဖွဲ့၏ ဥက္ကဋ္ဌတာဝန်ကို ၂၀၀၈ မှ ၂၀၁၀ အထိလည်းကောင်း၊ ၂၀၁၀တွင် တောင်ကြီးမြို့နယ်၏ မြို့နယ်သံဃာ့နာယကအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၂၀၁၀မှ ယနေ့တိုင် နိုင်ငံတော်ဝိနည်းဓိုရ်ဆရာတော်အဖြစ်လည်းကောင်း၊ ၂၀၁၄တွင်(၂၀)ကြိမ်မြောက် နိကာယ်စာမေးပွဲ ပညာရေးဗဟိုအဖွဲ့ဝင်၊ ၂၀၁၅တွင်ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပညာရေးဗဟိုအဖွဲ့၏ဥက္ကဋ္ဌအဖြစ် ယနေ့တိုင်ထမ်းဆောင်လျက်ရှိပါသည်။ ရှမ်းပြည်နယ်ဓမ္မစကူးလ်ဖောင်ဒေးရှင်းနှင့်ပတ်သက်သော သာသနာပြုလုပ်ငန်းများကိုလည်း အခါအားလျော်စွာ ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ကြိုးစားဆောင်ရွက်ခဲ့မှုများကြောင့် နိုင်ငံတော်၏ စာချသာသနာပြုဘွဲ့တံဆိပ်တော်ဖြစ်သည့် 'မဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော်'ကို ၂၀၁၇ခုနှစ်တွင် ဆက်ကပ်ခြင်းခံခဲ့ရပါသည်။

## (၅) ဝိနယကောဝိဒ ဘွဲ့တံဆိပ်တော်ရ အရှင်အာစာရာလင်္ကာရ (အင်းကြီးရွာ၊ ရွာငံမြို့နယ်)

၁၃၇၉ ခုနှစ်၊ (၇၀)ကြိမ်မြောက် တိပိဋကရွေးချယ်ရေးစာမေးပွဲကြီးတွင် (ဝိနယပိဋက) ဝိနည်းနောက်ပိုင်း ခန္ဓကသုံးကျမ်းကို သဘောရေးဖြေအောင်မြင်တော်မူခဲ့သဖြင့် 'ဝိနယကောဝိဒ'ဘွဲ့ တံဆိပ်တော်ရရှိခဲ့ခြင်း ဖြစ်သည်။

အရှင်မြတ်ကို ရှမ်းပြည်နယ်တောင်ပိုင်း ရွာငံမြို့နယ် အင်းကြီးရွာ ဦးအောင်ဒင် + ဒေါ်တင်ဌေးတို့မှ ၁၉၈၄ ဇန်နဝါရီလ (၂၂)ရက် တနင်္ဂနွေနေ့တွင်ဖွားမြင်တော်မူခဲ့သည်။ ၂၀၀၄ ဧပြီလ(၂၄)ရက် စနေနေ့တွင် ညောင်ရွှေမြို့ ခဏ္ဍာသိမ်တော်၌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ

သဒ္ဒမ္မဇောတိက (စုဒ္ဒသမ)ရွှေကျင်သာသနာပိုင် ဝါဆိုဆရာတော်ကို ဥပဇ္ဈာယ်ပြုလျက် ရန်ကုန်မြို့နေ ဦးအောင်ကြိုင် + ဒေါ်တိုးတိုးခေါင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ် ရောက်ရှိတော်မူပါသည်။

ကျေးဇူးရှင်ဆရာတော်များမှာ အင်းကြီးရွာ ရွှေဂူကျောင်းဆရာတော် ဘဒ္ဒန္တကေလာသ၊ ညောင်ရွှေမြို့ ကုန်းလှိုင်စာသင်တိုက် ဆရာတော်ဘဒ္ဒန္တဇဋိလ နှင့် စာချဆရာတော်များ ၊ ရန်ကုန်မြို့ ဗဟန်းမဟာဝိသုဒ္ဓါရုံရွှေကျင်ကျောင်းတိုက် တိပိဋကဓရ တိပိဋကကောဝိဒ (ယော) ဆရာတော်နှင့် စာချဆရာတော်များ၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် ဆရာတော်နှင့် စာချဆရာတော်များ၊ မင်းကွန်း တိပိဋကနိကာယကျောင်းတိုက် မဟာနယက တိပိဋက ဆရာတော်များ၊ ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း) တိပိဋက မဟာဂန္ဓဝင်နိကာယ် ကျောင်းတိုက် တိပိဋကဓရ၊ တိပိဋကကောဝိဒ (ရေစကြို) ဆရာတော်တို့ပင် ဖြစ်သည်။

အောင်မြင်ခဲ့သောစာမေးပွဲများမှာ သာမဏေကျော်ဘွဲ့၊ သာသနဓဇ ဓမ္မစရိယဘွဲ့၊ ဝိနယဓရဘွဲ့ ၊ ဥဘတောဝိဘင်္ဂကောဝိဒဘွဲ့တို့ပင် ဖြစ်ပါသည်။ ယခုအခါ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) တိပိဋက မဟာ ဂန္ဓဝင် နိကာယ်ကျောင်းတိုက်တွင် ပညာများဆက်လက်ဆည်းပူးသင်ယူ သီတင်းသုံးလျက်ရှိပါသည်။

## (၆) ဝိနယဓရဘွဲ့တံဆိပ်တော်ရ
## အရှင်ဉာဏဗလာလင်္ကာရ (ညောင်ပင်သာရွာ၊ နောင်ချိုမြို့နယ်)

၁၃၇၈ ခုနှစ်၊ (၆၉)ကြိမ်မြောက် တိပိဋက ရွေးချယ်ရေးစာမေးပွဲကြီးတွင် ဝိနယပိဋက၊ ဝိနည်းနောက်ပိုင်း (၃)ကျမ်း အာဂုံပြန်ဆို အောင်မြင်တော်မူခဲ့သဖြင့် ' ဝိနယဓရ ' ဘွဲ့တံဆိပ်တော်ရရှိခဲ့ခြင်းဖြစ်သည်။

အရှင်မြတ်ကို ရှမ်းပြည်နယ်မြောက်ပိုင်း၊ နောင်ချိုမြို့နယ်၊ ကံကြီး အုပ်စု ညောင်ပင်သာကျေးရွာ ဦးသိန်းအေး + ဒေါ်နန်းမိတို့မှ ၁၉၈၅ ဒီဇင်ဘာ (၃၁)ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်တော်မူခဲ့သည်။ ၂၀၀၅ခုနှစ်တွင် မန္တလေးတိုင်း အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် မဟာနာယကချုပ်ဆရာ တော် ဘဒ္ဒန္တကုဏ္ဍာဘာသာဘိဝံသကို ဥပဇ္ဈာယ်ပြုလျက် မန္တလေးမြို့ ကိုမြတ်သူကျော် + မခင်စန္ဒာဝင်းမိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ် ရောက်ရှိခဲ့သည်။ တိပိဋကဓမ္မရက္ခိတအဖွဲ့ကြီး၏ ပစ္စယာနုဂ္ဂဟကိုလည်းခံယူရရှိတော်မူခဲ့ပါသည်။ သက်တော် (၂၀)ရောက်မှ သာသနာဘောင်သို့ဝင်ရောက်ပြီး ပရိယတ္တိစာပေ သင်ယူခဲ့သူပုဂ္ဂိုလ်လည်း ဖြစ်သည်။

ကျေးဇူးရှင် ဆရာတော်များမှာ ညောင်ပင်သာရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တဇနက၊ ဘဒ္ဒန္တစန္ဒောဘာသ၊ အမရပူရမြို့ ရွှေဘုံသာတိုက်သစ်ဆရာတော် ဘဒ္ဒန္တသုန္ဒရ၊ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် စာချဆရာတော် ဘဒ္ဒန္တကဝိပိယာအလင်္ကာရနှင့် စာချဆရာတော်များ၊ (တိပိဋကဓရ၊ တိပိဋက ကောဝိဒ) ကမ္ဘောဇဆရာတော်ဘဒ္ဒန္တဝီရိယာနန္ဒ၊ မစိုးရိမ်ကျောင်းတိုက် မာဂဓနေယျူပဒေသဆရာတော် ဘဒ္ဒန္တသာသနာဘိဝံသ၊ ပဥ္စနိကာယ သာသနာ့ ဗိမာန်ကျောင်းတိုက်ဆရာတော်နှင့် စာချဆရာတော်များပင်ဖြစ်သည်။

အောင်မြင်ခဲ့သော စာမေးပွဲများမှာ သကျသီဟာသာမဏေကျော်ဘွဲ့၊ ဝိနယဝိဒူ ပဥ္စနိကာယ ဓမ္မာစရိယဘွဲ့၊ ဝိနယဓရဘွဲ့တို့ပင်ဖြစ်ပါသည်။

ယခုအခါ ရှမ်းပြည်နယ်မြောက်ပိုင်း၊ နောင်ချိုမြို့နယ် (တောင်းခမ်း ဒေသ) တိပိဋကကမ္ဘောဇကျောင်းတိုက်၌ စာချစာသင်အလုပ်ခွင်ဝင် သာသ နာပြုလျက်ရှိပါသည်။

## (၇) ဥဘတောဝိဘင်္ဂကောဝိဒ ဘွဲ့လက်မှတ်ရ အရှင်ဉာဏိသရာလင်္ကာရ (တောင်ပို့ကွဲရွာ၊ ရှာင်မြို့နယ်)

၁၃၇၈ ခုနှစ်၊ (၆၉)ကြိမ်မြောက် တိပိဋက ရွေးချယ်ရေးစာမေးပွဲကြီးတွင် ဝိနယပိဋက ဝိနည်းရှေ့ပိုင်း (၂)ကျမ်းကိုရေးဖြေအောင်မြင်တော်မူခဲ့သဖြင့် 'ဥဘတောဝိဘင်္ဂကောဝိဒ' ဘွဲ့တံဆိပ်တော်ရရှိခဲ့ခြင်းဖြစ်သည်။

အရှင်မြတ်ကို ရှမ်းပြည်နယ်တောင်ပိုင်း၊ ရှာင်မြို့နယ်၊ တောင်ပို့ကွဲရွာ ဦးကြူး + ဒေါ်တင်ရီတို့မှ ၁၉၈၅ ဇန်နဝါရီလ (၂၂)ရက်နေ့တွင် ဖွားမြင်တော်မူခဲ့သည်။ ၂၀၀၅၊ ဧပြီလ (၂၅)ရက် ရန်ကုန်မြို့ ဗဟန်း မဟာဝိသုဒ္ဓါရုံရွှေကျောင်းတိုက်သစ်တွင် တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ (ယော) ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြုလျက် ရန်ကုန်မြို့ ဦးခင်မောင်အေး + ဒေါ်စောမူ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရဟန်းပြုခဲ့သည်။ တိပိဋကဓမ္မရက္ခိတအဖွဲ့ကြီး၏ ပစ္စယာနုဂ္ဂဟကိုလည်း ခံယူခဲ့သည်။ သက်တော်(၂၀)ရောက်မှ သာသနာ့ဘောင်ဝင်ခဲ့သော ပုဂ္ဂိုလ်လည်းဖြစ်သည်။

ကျေးဇူးရှင်ဆရာတော်များမှာ ရွှေညောင်မြို့ ကုန်းလှိုင်စာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇဋိလနှင့် ဘဒ္ဒန္တကောဏ္ဍည၊ ဘဒ္ဒန္တကေလာသ၊ ရန်ကုန်မြို့၊ ဗဟန်းမဟာဝိသုဒ္ဓါရုံရွှေကျောင်းတိုက်သစ် ပဓာနနာယက တိပိဋကဓရ၊ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ (ယော)ဆရာတော်၊ တိုက်အုပ်ဘဒ္ဒန္တက္ကန္တက (ဒွိပိဋကဓရ)၊ တိုက်အုပ်ဘဒ္ဒန္တ နေမိန္ဒာလင်္ကာရာဘိဝံသ (သ·စ·အ ဓမ္မာစရိယ၊ ဒွိပိဋကဓရ)၊ တိုက်ကြပ် ဦးဝဇိရပါဏီလင်္ကာရာဘိဝံသ (သ·အ ဓမ္မာစရိယ၊ ဒွိပိဋကဓရ)၊ စာချဦးပညာဇောတိက၊ ဦးသောဘိတာလင်္ကာရ၊ ဦးခေမိကာလင်္ကာရ၊ ဦးပညာဓိကာလင်္ကာရ၊ ဦးကောဝိဒါလင်္ကာရ ၊ ဦးနိုသာကရာဘိဝံသ၊ ဦးတိက္ခဉာဏာလင်္ကာရတို့ပင် ဖြစ်ပါသည်။

အောင်မြင်ခဲ့သောစာမေးပွဲများမှာ မန္တလေးမြို့ ပရိယတ္တိသာသနာ့ဟိတ သာမဏေကျော်ဘွဲ့၊ မော်လမြိုင်ကျွန်းမြို့ ပရိယတ္တိသာသနာ့လင်္ကာရ သာမဏေကျော်ဘွဲ့၊ ပဲခူးမြို့ ပရိယတ္တိသဒ္ဓမ္မရက္ခိတ သာမဏေကျော်ဘွဲ့၊ သာသနဓဇဓမ္မာစရိယဘွဲ့၊ သာသနဇောတိပါလဓမ္မာစရိယ (ဒုတိယစာချ) ဘွဲ့၊ ဝိနယဝိဒူဘွဲ့၊ တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲတွင် ဝိနယဓရဘွဲ့ ဆိုင်ရာစာမေးပွဲတို့ပင်ဖြစ်သည်။

ယခုအခါ ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ရွှေဥမင်ဓမ္မသုခတောရရိပ်သာ စာသင်တိုက်တွင် ပညာများဆက်လက်ဆည်းပူးသင်ယူ သီတင်းသုံးလျက် ရှိသည်။

### (၈) ဝိနယဓရ၊ဝိနယဝိဒူဘွဲ့တံဆိပ်တော်ရ အရှင်သီဟာဗလ (မဲတော-ကောင်းဘို့၊ ရပ်စောက်မြို့နယ်)

၁၃၇၇ခုနှစ်၊ (၆၈)ကြိမ်မြောက် တိပိဋကရွေးချယ်ရေး၊ စာမေးပွဲကြီး တွင် 'ဝိနယဝိဒူ'ဘွဲ့တံဆိပ်တော်ကို ရရှိခဲ့ခြင်း ဖြစ်သည်။ အရှင်မြတ်ကို ရပ်စောက်မြို့နယ် ကောင်းဘို့ကျေးရွာ မဲတောအရှေ့စုရပ်ကွက်နေ ဦးမြင့်နောင်-ဒေါ်နှင်းနှင်းငွေတို့မှ ၁၃၄၉ခု၊ ပြာသိုလပြည့်ကျော်(၁)ရက်၊ သောကြာနေ့တွင် ဖွားမြင်တော်မူပါသည်။

ရပ်စောက်မြို့နယ်၊ မဲတောကျောင်းဆရာတော် ဘဒ္ဒန္တသူရိယသီဟကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ကလောမြို့၊ဗောဓိကုန်းကျောင်းဆရာတော် ဘဒ္ဒန္တဥတ္တမာနန္ဒကို ဥပဇ္ဈာယ်ပြု၍ ကလောမြို့နေ ဦးထွန်းမြင့်-ဒေါ်သန်းညွန့် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ၁၃၆၉ခု၊ နတ်တော်လဆန်း(၁၁)ရက်နေ့တွင် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

ကျေးဇူးရှင်ဆရာတော်များမှာ ကောင်းဘို့မဲတောကျောင်းဆရာတော်၊ ဘဒ္ဒန္တသူရိယသီဟ (ရွှေညောင်လှိုင်ကြို စာသင်တိုက်ဆရာတော်) ဘဒ္ဒန္တ ဣန္ဒက(မဟာဂန္ထဝါစကပဏ္ဍိတ)၊ ဘဒ္ဒန္တဝိစိတ္တသာရ စသောဆရာတော်များ၊ ရပ်စောက်မြို့ မဟာရန်အောင်စာသင်တိုက်ဆရာတော် ဘဒ္ဒန္တဥတ္တမာနန္ဒ (ဂန္ထဝါစကပဏ္ဍိတ)၊ ရန်ကုန်မြို့ မဟာသုခါရာမစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဝိရောစန(ဒွိပိဋကဓရ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ သဒ္ဓမ္မဇောတိကဓဇ ဗဟိုသံဃာ့ဝန်ဆောင်)ရန်ကုန်မြို့၊ ရတနာပုံ ရွှေကျင်စာသင်တိုက်ဆရာတော် ဘဒ္ဒန္တကေသရာဘိဝံသ၊ ဘဒ္ဒန္တပညာဝံသတို့ပင် ဖြစ်ပါသည်။

အောင်မြင်ခဲ့သော စာမေးပွဲများမှာ သာသနဓဇဓမ္မာစရိယဘွဲ့နှင့် ၁၃၇၀ခုနှစ်၌ ဥဘတောဝိဘင်္ဂရေဘွဲ့၊ ၁၃၇၃ခုနှစ်၌ ဝိနယရေဘွဲ့၊ ၁၃၇၇ခုနှစ်၌ ဝိနယဝိဒူဘွဲ့တံဆိပ်တော်များဆိုင်ရာ စာမေးပွဲများဖြစ်သည်။

ယခုအခါ ရန်ကုန်မြို့ ရတနာပုံရွှေကျင်ကျောင်းတိုက်၌ ပရိယတ္တိစာပေများကို သင်ကြားပို့ချ၍ သာသနာ့တာဝန်များကို ထမ်းရွက်လျက်ရှိပေသည်။

## (၉) ဝိနယရေ ဘွဲ့တံဆိပ်တော်ရ (ပိဋကတ်တစ်ပုံဆောင်) အရှင်ပညောဘာသ (ကန်ပြင်ရွာ၊ရှာင်မြို့နယ်)

ဝိနယရေ (ပိဋကတ်တစ်ပုံဆောင်) ဘွဲ့တံဆိပ်တော်ရ အရှင်ပညောဘာသကို ရှာင်မြို့နယ်၊ ကန်ပြင်ရွာနေ ဦးထွန်းရင် + ဒေါ်နန်းရီတို့မှ ၁၃၃၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၆)ရက် ကြာသပတေးနေ့တွင်ဖွားမြင်ခဲ့သည်။

၁၃၅၂ ခုနှစ် ၊ တန်ခူးလပြည့်ကျော် (၁၀)ရက်နေ့တွင် ရှာင်မြို့နယ် ရေဦးကျောက်မြောင်းကျောင်းခဏ္ဍသိမ်၌ ကဇက်ကျောင်းဆရာတော် ဘဒ္ဒန္တ ဂန္ဓမာကို ဥပဇ္ဈာယ်ပြုလျက် ရှာင်မြို့နယ် ရေဦးဈေးပိုင်းရပ်နေ ဦးခင်မောင် + ဒေါ်ဝင်းမိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရဟန်းပြုတော်မူခဲ့သည်။

ပညာဆည်းပူးခဲ့သော ကျေးဇူးရှင်ဆရာတော်များမှာ ရှာင်မြို့နယ် ကန်ပြင်ကျောင်း ဘဒ္ဒန္တပညာဝံသ၊ ဘဒ္ဒန္တကုဒ္ဒိမာ၊ ဘဒ္ဒန္တစန္ဒောဘာသစသော ဆရာတော်များ၊ ရန်ကုန်မြို့ဗဟန်းမြို့နယ် (တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက) ဃောဆရာတော်၊ ညောင်တုန်းကျောင်းတိုက် ဘဒ္ဒန္တနာရဒါဘိဝံသ၊ ရန်ကင်းမြို့နယ် မဟာဗောဓိပရိယတ္တိစာသင်တိုက် ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ စသော ဆရာတော်များ၊ မင်းကွန်း မိုးမိတ်ကုန်းမြေ တိပိဋကနိကာယ စီမံအုပ်ချုပ်မှု မဟာနာယက ဆရာတော်များပင်ဖြစ်သည်။

ယခုအခါ အရှင်မြတ်သည် ရန်ကုန်မြို့၊ ဒဂုံမြို့နယ် စကားဝါလမ်း တိပိဋကနိကာယကျောင်း၌ အနုနာယကတာဝန်ထမ်းဆောင်ကာ သီတင်းသုံး တော်မူလျက်ရှိသည်။

# အခန်း(၈)

# ထင်ပေါ်ကျော်ကြား ခေနယ်အတွင်းက ဘုရားစေတီများ

## (၁) အောင်ပန်းလှည်းရိုးကျောင်းနီးဘုရား

အောင်ပန်းမြို့ မတည်မီကတည်းက လှည်းရိုးရွာနှင့် လှည်းရိုးဘုန်းတော်ကြီးကျောင်းတွင်ရှိခဲ့သည်။ ထိုကျောင်းပေါ်တွင် ထင်ပေါ်ကျော်ကြားခြင်းမရှိသော နီးဘုရားတစ်ဆူနှင့် မင်းတုန်းမင်း၏ လက်ထက် သုဓမ္မဆရာတော်ထံသို့ အောင်ပန်းမြို့ ပြင်သာကျောင်း၊ ဆောက်လုပ်ရန်တောင်းခံသော စာချွန်တော်ရှိသည်။ နီးဘုရားအမြင့် (၁၀)ပေခန့်ရှိပြီး အလွန်သပ္ပါယ်လှသည်။ အောင်ပန်းမြို့ အနောက်ဘက် ကျောက်တောရွာ ကျောက်တောကျောင်းပျက်စီးရာမှ ပင့်ဆောင်လာသော နီးဘုရားဖြစ်ပြီး လှည်းရိုးကျောင်း ဆရာတော်များ အဆက်ဆက် ရွှေချထိန်းသိမ်းတော်မူခဲ့သည်။ ခန့်မှန်းနှစ် (၁၅၀) အထက်ရှိပါသည်။

## (၂) ရှေးဟောင်း မဟာမုနိနီးဘုရားကြီး

ကလောမြို့၏ အနောက်တောင်ဘက် ယွန်းယွန်း ပင်မာကုန်းကျေးရွာ တောင်ကုန်းပေါ်တွင် တည်ရှိသည်။ ဉာဏ်တော်အမြင့် ၈ပေနှင့် ၄ လက်မ ရှိပြီး ဝါးနီးများဖြင့် ယက်လုပ်ထားသော မဟာမုနိရုပ်ပွားတော်မြတ် ပင်ဖြစ်သည်။ ယက်လုပ်ခဲ့သော ကာလအတိအကျ မခန့်မှန်းနိုင်သော်လည်း ပင်မာကုန်းတောင်ခြေ ကျောင်းအိုပျက်အတွင်း မိုးဒဏ်လေဒဏ် ကြံ့ကြံ့ခံ ကာ တည်ရှိခဲ့သည်ဟု သိရသည်။ လက်ရှိဓနုတိုင်းရင်းသားဆရာတော် ဦးကုသလက ၁၉၉၂ ခုနှစ်တွင် တောင်ခြေမှ တောင်ပေါ်စံကျောင်းပေါ်သို့ ပင့်ဆောင်နိုင်ခဲ့သည်။

သမိုင်းပညာရှင် ဦးခင်မောင်ညွန့်၏အဆိုအရ ရှေးနှစ်ပေါင်း ၅၀၀ ကျော် ပထမအင်းဝခေတ်က ထုလုပ်ကိုးကွယ်ခဲ့သည်ဟု ဆိုလေသည်။ မုနိတော်မှာ အခွန်ဖြစ်နေခြင်း၊ နားရွက်တော်နှင့် ပခုံးတော်မထိခြင်း၊ သင်္ကန်းတော်မှ ဝဲဘက်ရင်ဘတ်တော်နားတွင် ရှိနေခြင်း၊ သင်္ကန်းတော်မှာ တင်ပါး အောက်ထိဖုံးနေခြင်း တို့ကြောင့် ရှေးဘုရင်များပင် ကိုးကွယ်သည် ဟုလည်း ခန့်မှန်းနိုင်ကြောင်း သိရှိရပါသည်။ ထို့ပြင် ဂမ္ဘီရပညာရှင်များ၏ ယူဆချက်မှာ မီးမလောင်ပဲ မီးကွင်းခဲ့သည်ကို တွေ့ရှိရသည့်အပြင် ဆုတောင်း ပြည့်စေသဖြင့် သိကြားမင်းတည်သည့် ဘုရားဟုပင် ဆိုကြသည်။

၁၉၉၂ ကျောင်းတော်ပေါ်သို့ ပင့်ဆောင်စဉ်က သစ်စေးသုတ် ကိုယ်တော်ကြီးအဖြစ်သာ တည်ရှိခဲ့ပြီး ၁၉၉၅ အောက်တိုဘာလ (၃၀)ရက်၊ ၁၃၅၅ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့တွင် သင်္ကန်းကပ်ပူဇော်နိုင်ခဲ့ကြပါသည်။ နီးဘုရားကြီးနှင့် ဆရာတော်ဦးကုသလ ပါရမီဆက်နွယ်ပုံ ထူးဆန်းဖွယ် အကျိုးပေးပုံများကြောင့် နီးဘုရားနှင့် နီးဘုရားဆရာတော်ဟုပင် နိုင်ငံအဝှမ်း လူသိများလာခဲ့ခြင်းဖြစ်သည်။ ၁၉၉၈ ဆရာတော် စတင်သီတင်းသုံးစဉ်အခါက

သစ်သားကျောင်းဘဝမှသည် ယနေ့မြင်တွေ့နေရသော အခြေအနေထိ ဖြစ်လာခဲ့ပါတော့သည်။

ရှမ်းပြည်နယ် အဝင်တံခါးဝတွင် တည်ရှိသော ထင်းရှူးမြို့တော် ကလောမြို့နှင့် နီးဘုရားကြီးသည် မြန်မာနိုင်ငံ၏ ဘုရားဖူးခရီးစဉ်များတွင် ရှေ့ဆုံးမှပါဝင်လျက်ရှိပေတော့သည်။

## (၃) ရွှေဥမင်သဘာဝလိုဏ်ဂူနှင့် ဓနုရတနာကျောင်းတိုက်

ကလောမြို့၊ စစ်ဦးစီးတက္ကသိုလ်ပရဝုဏ်အတွင်းတည်ရှိသည်။ ရွှေဥမင်လိုဏ်ဂူဝန်းကျင်ရှိ စေတီဘုရားပုထိုးများသည် လွယ်အန်မင်း ကောင်းမှုများပင်ဖြစ်သည်ဟု လေ့လာရပါသည်။ ၁၁၄၅ စစ်တမ်းအရ လွန်ခဲ့သော နှစ်ပေါင်း ၂၃၀ ကျော်လွယ်အန်နယ်ငွေခွန်မှူး ငရွှေခိုင် လက်ထက်တွင် ထွန်းထားခဲ့သောစေတီပုထိုးများဖြစ်သည်။ ထိုခေတ် ထိုအခါက လွယ်အန်မင်းဟုခေါ်သည်။ လွယ်အန်အနောက်ဖက်တွင် မကွေရွှေခွန်မှူးနယ် ရှိသည်။ တစ်ခုတည်းသော ရွှေခွန်မှူးပင်ဖြစ်၏။ လွယ်အန်အရှေ့ဖက်တွင် တောင်တိုမင်း၊ ၎င်းအရှေ့ဖက်တွင် သာမိုင်းခမ်းမင်း၊ တောင်ဘက်တွင်တောင် လား ငွေခွန်မှူးစသည်ဖြင့်တည်ရှိသည်။

သီပေါမင်းပါတော်မူပြီး ကိုလိုနီခေတ်ဦးတွင် သာမိုင်းခမ်းငွေခွန်မှူး မင်းမောင်ဘိုးလက်ထက်တွင် ထိုနယ်များအားလုံးသိမ်းယူပြီး မကွေလွယ်အန်၊ ကလော၊ ဗမ္မာကျေးရွာခရိုင်ကို အစိုးရသော 'မဟာငွေခွန်တော်မှူးမင်းကြီး မင်းမောင်ဘိုး' ဟု ရာထူးတိုးမြင့်ပေးခဲ့ပြီး သာမိုင်းခမ်းတစ်နယ်လုံး အုပ်စိုး နိုင်ခဲ့သည်။ တောင်တိုမင်း မင်းခဲအုနှင့်လွယ်အန်မင်းလည်း ထွက်ပြေးခဲ့ရသည် ဟူ၏။ ယနေ့တောင်တိုဘုရားများပြုပြင် ထိန်းသိမ်းထားရှိသည်။ ကလော ရွှေဥမင်လိုဏ်ဂူကိုလည်း စနစ်တကျထိန်းသိမ်းလျက်ရှိပါသည်။

ရွှေဥမင်သဘာဝလိုဏ်ဂူအား ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ရှေ့မျက်နှာချင်းဆိုင်တွင် ရွှေဥမင်ကျောင်းတိုက်တည်ရှိပါသည်။ ယနေ့အချိန်တွင် အကြောင်းအမျိုးမျိုးတို့ကြောင့် ကျောင်းနှင့်စေတီပုထိုး သီးခြားစီရပ်တည်လျက်ရှိသည်။ ရွှေဥမင်ကျောင်းတိုက်သည် ကလောမြို့မတည်မီကတည်းက မနုတိုင်းရင်းသားများကိုးကွယ်ခဲ့သော ကျောင်းတိုက်ပင်ဖြစ်သည်။ ကလောမြို့ကို ၁၉၁၄ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက် နေ့တွင် အင်္ဂလိပ်တို့က စနစ်တကျတည်ဆောက်ပြီး ဖွင့်လှစ်ပေးခဲ့သည်။

ရွှေဥမင်ကျောင်းတိုက်၏ နောက်ဆုံးဆရာတော်ဖြစ်သော ဦးဉတ္တမသာရလက်ထက်တွင် ရွှေဥမင်မနု ရတနာကျောင်းတိုက်ဟု အမည်ပေးခဲ့ပြီး မနုတိုင်းရင်းသားရေးရာကိစ္စအဝဝကို ထိုကျောင်းတိုက်အတွင်း ကျင်းပပြုလုပ်ပေးလျက်ရှိသည်။

## (၄) သာမိုင်းခမ်း ဘုရားစေတီပုထိုးများ

နရပတိစည်သူမင်း ကောင်းမှုမှစတင်၍ ခေတ်အဆက်ဆက် စော်ဘွားများ တည်ထားကိုးကွယ်ခဲ့ကြသည်။ အောင်ပန်းမြို့ အရှေ့ဖက် (၅)မိုင် သာမိုင်းခမ်းကျေးရွာတွင် တည်ရှိသည်။ ဘုရားစေတီပေါင်း (၇၀) ကျော်ရှိသည်။ ရွှေချမ်းသာမွေတော်ဘုရားကြီး ပရဝုဏ်အတွင်း 'ရွှေချမ်းအေး၊ ရွှေချမ်းမြ' ကြေးဘုရား၊ နှီးဘုရားနှစ်ဆူ နာမည်ကြီးလှသည်။ စော်ဘွားများလက်ထက် တန်ဆောင်မုန်းလပြည့်နေ့တိုင်း ပွဲတော်ကျင်းပခဲ့သည့် တန်ဆောင်မုန်းဘုရားကြီးလည်း တည်ရှိသည်။ ဤဒေသတစ်ဝိုက် သာမိုင်းခမ်းစော်ဘွားများအဆက်ဆက် တည်ထားကိုးကွယ်ခဲ့သော ရှေးအကျဆုံးစေတီတော်များဖြစ်သည်။ မကြာသေးမီ နှစ်များအတွင်းမှ တချို့ပြန်လည်ပြုပြင်လျက်ရှိသည်။

### (၅) မြင်းမထိ ဉဏ္ဏလုံမွေ့ရှင်တော်လိုဏ်ဂူဘုရား

ရှမ်းပြည်နယ် ဘုရားဖူးခရီးစဉ်အတွင်း ပါဝင်သော လိုဏ်ဂူတစ်ခု ဖြစ်သည်။ အောင်ပန်း-ပင်လောင်းသွားလမ်းမပေါ်တွင် တည်ရှိသည်။ အောင်ပန်းမြို့မှ (၇)မိုင်၊ ကလောမြို့မှ (၉)မိုင်အကွာအဝေးတွင် တည်ရှိသည်။ လိုဏ်ဂူတော်၏ အနောက်ဘက်တွင် ပင်လယ်ရေမျက်နှာပြင်အမြင့် (၅၆၈၇) ပေ ရှိပြီး မြေပြင်မှ(၁၀၇၅)ပေ အမြင့်ရှိသော မြင်းမထိတောင်ကြီး ရှိသည်။ တောင်တက်သမားများ မကြာခဏဆိုသလို လာရောက်တက်ကြသည်။

မြင်းမထိလိုဏ်ဂူအတွင်းရှိ စေတီဘုရားများသည် သီရိဓမ္မာသောက မင်းကြီးကောင်းမှုဖြစ်ပြီး အနော်ရထာမင်း ပြန်လည်ပြုပြင်ခဲ့သည်ဟု ဆိုလေသည်။ သို့သော်လည်း သုတေသနမှတ်တမ်းများအရ ပင်းတယဂူ ဘုရားများကဲ့သို့ (၁၈)ရာစုလက်ရာများဖြစ်ကြောင်း သိရှိရသည်။ ယခင်က အနီးအနားရှိ ကျေးရွာများသာ သိရှိသော်လည်း ၁၉၉၆ မေလ(၂၉) ရက်နေ့မှစ၍ မြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးကော်မတီက ဦးဆောင်၍ ပြုပြင်မွမ်းမံမှုများ ပြုလုပ်ခဲ့သည်။ ဂူအတွင်းအပြင်များ၌လည်း စေတီဘုရားများစွာ တည်ထားသမှုပြုခဲ့ကြသဖြင့် နာမည်ကျော်ကြားလာခဲ့ခြင်းပင် ဖြစ်ပေသည်။ လိုဏ်ဂူအတွင်း ဉဏ္ဏလုံမွေ့ရှင်တော်နှင့် စေတီတော်တည်ရှိသည်။

မြင်းမထိလိုဏ်ဂူတော်၏ ပေအရှည်မှာ ၁၀၂၈ပေ ရှိသည်။ တစ်ဖက်ပိတ်ဂူအမျိုးအစားမဟုတ်ပဲ တစ်ဖက်မှဝင်ရောက်နိုင်ပြီး တစ်ဖက်တွင် အထွက်လမ်းတစ်ခုရှိသည်။ ရှေးက ရေဝင်ဂူဟု ခေါ်ခဲ့သည်။ ဂူအတွင်းရေများ စီးဝင်ပြီး ငှက်လျှိုးပျောက်ကွယ်သွားခြင်းကြောင့်ဖြစ်၏။ နှစ်စဉ် တန်ခူးနှစ်ဆန်း (၈)ရက်နှင့် သီတင်းကျွတ်လပြည့်ကျော်(၈)ရက်နေ့များတွင် ဘုရားပွဲတော် ကျင်းပလျက်ရှိသည်။ မြင်းမထိကျေးရွာ အုပ်စုတစ်ခုလုံးသည် ဓနုတိုင်းရင်းသားများ သီးသန့်နေထိုင်သောကျေးရွာလည်း ဖြစ်သည်။

### (၆) နတ်တည်ဘုရား

အောင်ပန်းမြို့တောင်ဖက် (၅)မိုင်အကွာ နတ်တော်ကျေးရွာရှိ နတ်တည်စေတီတော်ဖြစ်သည်။ ထိုစေတီသည် ငုံးသုံ့ရွာရှိ စေတီတော်နှင့် အပြိုင်တည်ရာ နတ်အကူအညီ များကြောင့် ဦးစွာပြီးစီးခဲ့သည်ကို အကြောင်းပြု၍ နတ်တည်စေတီဟု သမုတ်ခဲ့သည်။ စေတီတစ်ဆူတည်းတွင် အရံစေတီ (၆၈)ဆူအထိရှိသဖြင့် ထူးခြားလှသည့် စေတီတော်တစ်ဆူဖြစ်သည်။ အဓိဋ္ဌာန်အောင်စေတီတော်ဖြစ်ကြောင်း သိရှိရသည်။

### (၇) ရွှေပန်းတောင်း ဆုတောင်းပြည့်ဘုရားနှင့် ပြင်သာကျောင်းဘုရားကြီး

အောင်ပန်းမြို့ မတည်မီကတည်းက ပြင်သာရွာ၊ ပြင်သာကျောင်းအတွင်း ခေတ်အဆက်ဆက် ကိုးကွယ်ခဲ့ကြသည်။ မှတ်တမ်းမှတ်ရာ မရှိသော်လည်း နရပတိစည်သူမင်းနှင့်ဆက်စပ်ကြောင်း သိရှိရသည်။ အောင်ပန်းမြို့မတည်မီ မိုးထဲလေထဲ နေပူခံကိုယ်စားတော်အဖြစ် တည်ရှိရာမှ ရောင်ခြည်ကွန့်မြူးခဲ့သဖြင့် သာမိုင်းခမ်း ငွေခွန်မှူးကိုယ်စားလှယ် မင်းမောင်မတ်နှင့် လက်မပင်ရွာသူကြီးဆရာခေါင် (ညီ) ဆရာမောင်တို့က ပြန်လည်ပြုပြင်လှူဒါန်းခဲ့ပါသည်။ မပြုပြင်မီက ဘုရားမဲဟု လူသိများခဲ့သည်။

ရွှေပန်းတောင်း ဆုတောင်းပြည့်စေတီနှင့်ဘုရားသည် မြို့မပြင်သာကျောင်း ရွှေရန်ပြေဘုရားတောင်ဘက်ကပ်လျက်တွင် တည်ရှိသည်။ နှစ်စဉ် ဆီမီးငါးထောင် ပူဇော်ပွဲကျင်းပလျက်ရှိပြီး အောင်ပန်းမြို့သူမြို့သား၏ ယုံကြည်ကိုးကွယ်ရာစေတီပင် ဖြစ်သည်။

### (၈) အောင်ချမ်းသာ(၁၀၈)တောင် စေတီတော် (အောင်ပန်း)

ရှမ်းပြည်နယ်၊ အဝင်တံခါးဝ အောင်ပန်းမြို့သည် စီးပွားရေးအချက်အချာကျရုံသာမက လမ်းငါးဆုံမြို့ပင်ဖြစ်၏။ ဗထူးကျောက်တိုင်နှင့် အောင်

ပန်းအာလူးအထင်ကရဖြစ်သော်လည်း ဘာသာရေးမှတ်တိုင် ကြီးကြီးမားမား စိုက်ထူနိုင်ရန်အတွက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အောင်ချမ်းသာ ဆရာတော်ဘုရားက ရွှေတိဂုံပုံစံတူစေတီတော်အား တည်ထားတော်မူခဲ့သည်။

အောင်ပန်းမြို့ အနောက်ဘက်တစ်မိုင် ရေထွက်ဦးဧရိယာအတွင်း ကျောက်တောင်ထိပ်ပေါ်တွင် ၂၀၀၃ခုနှစ်က မြေညှိခြင်းလုပ်ငန်းစတင်ခဲ့ပြီး ၂၀၀၅ခုနှစ်တွင် အုတ်မြစ်ချမင်္ဂလာကျင်းပနိုင်ခဲ့သည်။ ယနေ့အချိန် သိန်း ပေါင်းသောင်းချီကုန်ကျပြီးဖြစ်သော်လည်း လုပ်ငန်းပမာဏကြီးမားမှုနှင့် မြန်မာမှုအနုပညာ တိုးမြှင့်ဆောင်ရွက်နေခြင်းကြောင့် အပြီးမသတ်နိုင်သေးချေ။ အောင်ပန်းမြို့ တည်ထောင်ခဲ့သော ၁၀၈ နှစ်ပြည့် အထိမ်းအမှတ်နေ့တွင် ဉာဏ်တော်အမြင့် ၁၀၈ တောင်ရှိသော အောင်ချမ်းသာစေတီတော်မြတ်ကြီး ကို ထီးတော်တင်လှူနိုင်ရန် ရည်မှန်းထားပါသည်။

သို့ပါ၍ အောင်ပန်းမြို့တည်(၁၀၈)နှစ်ပြည့်ဖြစ်သော ၂၀၂၁ခုနှစ် နောက်ပိုင်းတွင် ရှမ်းပြည်နယ်သို့ ဘုရားဖူးလာရောက်သူများအတွက် ခရီး တစ်ထောက်နားနေနိုင်ရန် အကောင်းဆုံးနေရာဖြစ်ပါကြောင်း တင်ပြလိုက်ရ ပါသည်။

## (၉) ရွှေမြစည်းဘုရား (ဘော်ဆိုင်း)

ဘော်၊ ခဲ ၊ သတ္တု ထွက်ရှိရာ ဘော်ဆိုင်းမြို့အတွင်း တည်ရှိသည်။ ကာလကြာမြင့်သောအခါ စေတီတော်ကြီး ပြိုကျပျက်စီးရာ အုတ်နီခဲများပေါ် လာသဖြင့် ဘုရားနီစေတီဟုလည်း ဒေသခံများက ခေါ်ဆိုသည်။ မိုးညှင်း မင်းကြီး၏ အမိန့်ဖြင့် ဦးမူနွယ်က ပြန်လည်မွမ်းမံတည်ထားခဲ့သည်ဟု ဆိုသည်။ ဘော်ဆိုင်းမြို့စား ဦးစစ်ဟန်လက်ထက်တွင် နောက်ဆုံး ပြုပြင် လှူဒါန်းခဲ့လေသည်။ နှစ်စဉ်ပွဲကို ကဆုန်လအတွင်း (၅)ရက်ကြာ ကျင်းပ ပြုလုပ်လျက်ရှိသည်။

## (၁၁) ရွှေမင်းဖုန်းဘုရား

ကလောမြို့ အနောက်ဖက် (၅)မိုင် ပလောင်ကျေးရွာအတွင်းတည်ရှိသည်။ အာသောကမင်းကြီး၏ ရှမ်းပြည်နယ်အတွင်း ဆုတောင်းပြည့်စေတီ (၄၅)ဆူတည်ရှိခဲ့ရာ၌ တစ်ဆူအပါအဝင်ဖြစ်ကြောင်း သိရသည်။ ရွှေမင်းဖုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်ခဲ့ပြီး တောင်ခြေတွင် ညောင်ပင်ကြီးများနှင့် ပန်းတင့်လှသည်။ စေတီတော်ကြီးကို စတင်တွေ့ရှိခဲ့သော မကွေးမယ်တော်နတ်နန်းလည်း ပြုလုပ်ပူဇော်ထားသည်။ ရှမ်းပြည်နယ်၏ (၉)တပေါင်းပွဲဝင်စေတီတော်လည်းဖြစ်သည်။ ဒေသခံပလောင်တိုင်းရင်းသားများ အဓိကကိုးကွယ်သမှုပြုပါသည်။ ရွှေမင်းဖုန်းတောင်၏ အနောက်ဖက်တွင် ကလောမြို့နယ် ရွှေထွက်ရှိရာအရပ်လည်းဖြစ်သည်။

## (၁၂) သူရဲဥမင်လိုဏ်ဂူဘုရား

အောင်ပန်းမြို့ အနောက်မြောက်ဘက် (၇)မိုင်ခန့်တွင် တည်ရှိသောသဘာဝဥမှင်ဖြစ်သည်။ သာမိုင်းခမ်းစော်ဘွားကြီး မင်းမောင်ဖိုး လက်ထက်ကတည်းက တပေါင်းပွဲကျင်းပရာ ဒေသလည်းဖြစ်သည်။ ပင်းတယ ရွှေဥမင်လိုဏ်ဂူ ဒဏ္ဍာရီအတွင်းမှ နတ်သမီး ခုနစ်ဖော်၏ ညီမတော်နေထိုင်သောလိုဏ်ဂူဟုလည်း ဆိုသည်။ သူရဲဥမင်လိုဏ်ဂူသည် မင်းသမီးတောင်ကြောတွင် တည်ရှိသည်။ ရှေးဦးလူသားများ နေထိုင်ခဲ့ဖူးဟန် ရှိသည်ဟုလည်း ဘူမိပညာရှင်များက ဆိုခဲ့သည်။

ဂူအဝင်ဝတစ်လျှောက် ရှေးဘုရားဆင်းတုတော်များ အစီအရီတည်ထားကိုးကွယ်ခဲ့ သည်မှာ မြင်ရသူများ စိတ်နှလုံးဘဝင်ချမ်းမြေ့စေသည်။ ဘုရားသမိုင်းအကြောင်း အတိအကျမရှိသော်လည်း အနည်းဆုံး နှစ်ပေါင်း (၁၅၀) အထက်ရှိကြောင်း သိရသည်။ ဂူအတွင်း ပြုပြင်၊ ချဲ့ထွင်ထားခြင်းမရှိသောကြောင့် ဂူ၏အရှည်ခန့်မှန်းနိုင်ခြင်း မရှိပေ။ အောင်ပန်းမြို့ ပတ်ဝန်း

ကျင်ကျေးရွာများမှ ဤဘုရားပွဲသို့ တစ်နှစ်တစ်ကြိမ် မဖြစ်မနေ သွားရောက်ဖူးမျှော်ကြသည်။ စိတ်အပန်းဖြေကြသည်။ ရှမ်းပြည်နယ်၏ ကိုးတပေါင်းဝင်ဘုရားစေတီပုထိုးလည်း ဖြစ်ပေသည်။

### (၁၃) မြေခြားဖောင်တော်ဦးဘုရား

ကလောမြို့နယ် ဟဲဟိုးဒေသ မြောက်မြေခြားကျေးရွာတွင် တည်ရှိသည်။ အလောင်းစည်သူမင်း ကောင်းမှုတော်ဖြစ်ကြောင်း သိရသည်။ ဒက္ခိဏသာခါ ဗောဓိသားနှင့်သရက္ခန်နံ့သာနှစ်တို့ဖြင့် ထုလုပ်ထားသောဗုဒ္ဓရုပ်ပွားတော်မြတ်သုံးဆူဖြစ်သည်။ ဉာဏ်တော်အမြင့်များမှာ တစ်ပေခွဲသာရှိသည်။ မြေခြားကျောင်းဆရာတော် ဦးပုညလက်ထက် ထင်းမီးသွေးဖိုပေါ်တွင် တွေ့ရှိရာမှ သူပိုင်၊ ငါပိုင်အငြင်းပွားပြီး မြေခြားကျောင်းသို့ ပင့်ဆောင်လာခြင်းဖြစ်သည်။ မင်းတုန်းမင်းလက်ထက် မြေခြားကျောင်းဆရာတော် ဦးပုညသည် ထိုနယ်တစ်ဝိုက်တွင် ဩဇာအလွန်ကြီးမားသော ဆရာတော်ဖြစ်သည်။ ထိုဆရာတော်မှစ၍ ကိုးကွယ်လာခဲ့ကြရာ ကျောင်းထိုင်ဆရာတော် (၅) ဆက်မြောက် ဦးဝိရိယလက်ထက်တွင် သာသနာပွင့် နာမည်ကျော်ကြားလာခဲ့ကြောင်း သိရသည်။

၂၀၁၀ ဒီမိုကရေစီ အစိုးရလက်ထက်မတိုင်မီ ထင်ပေါ်ကျော်ကြားလာသော မြေခြားဖောင်တော်ဦးဘုရားပွဲတော်ကိုလည်း နှစ်စဉ်တန်ခူးလဆန်း (၇-၈)ရက်နှင့် သီတင်းကျွတ်လဆန်း(၇-၈-၉)ရက်နေ့တို့တွင် ကျင်းပလျက်ရှိသည်။ ပွဲတော်ရက်ရောက်မှသာ ကျောင်းပြင်ပသို့ အပူအဇော်ခံ ကျင်းပကြောင်း သိရပါသည်။

မြောက်မြေခြား ကျေးရွာသည် ဓနုနယ်အတွင်းရှိ ပအိုဝ်း တိုင်းရင်းသားများနေထိုင်သော ကျေးရွာဖြစ်သည်။ သို့သော်လည်း ပွဲတော်ရက်ရောက်တိုင်း ဓနု၊ ပအိုဝ်း၊ တောင်ရိုးစသော တိုင်းရင်းသားပေါင်းစုံ မြေခြားဖောင်တော်

ဦး ဘုရားပွဲသို့လာရောက်၍ ချစ်ကြည်ရင်းနှီးစွာ စုပေါင်းကျင်းပကြလေသည်။ မြေခြားဖောင်တော်ဦး ဘုရားပွဲသို့ လာရောက်လိုပါက ဟဲဟိုးမြို့မြောက်ဖက် (၆)မိုင်၊ ပွေးလှမြို့မှအရှေ့ဖက်(၆)မိုင်၊ ပင်းတယမြို့မှ အရှေ့ဖက်(၁၀)မိုင် ခရီးရှိသော လမ်း(၃)လမ်းသွယ်မှ လာရောက်နိုင်ကြောင်း နှိုးဆော်ထားပါသည်။

## (၁၄) ရွှေကူဘုရား (နောင်ချိုမြို့နယ်)

သီရိဓမ္မာသောကမင်းသည် "ရွှေကူအောင်မြေ၊ ရေဦးကုန်းသာကျော်ထင်"ဟူသော ဘုရား၏ဓါတ်တော်ကို ပတ္တမြားကြုတ်လုပ်၍ ထွင်းသည်။ တစ်ယူဇနာသော တိုက်လုပ်၍ မြင်းသီလာ ကျောက်ဖျာခင်း၍ ပတ္တမြားကိုးတင်း ရွှေလင်ပန်း ပတ္တမြားဆီမီးနှင့် ဌာပနာတော်မူ၍ ဘုရားအမည်အား "ရွှေကူအောင်မြင် ရွှေဘုန်းကျော်ထင်"ဟု သမုတ်ခဲ့လေသည်။

ရွှေကူဘုရားပွဲကို နှစ်စဉ်တန်ဆောင်မုန်းလဆန်း(၇)ရက်၊ (၈)ရက်နေ့တွင် ကျင်းပလေ့ရှိသည်။ အထူးစည်ကားသော ဘုရားပွဲဖြစ်ကြောင်းသိရသည်။ ပွဲတော်မတိုင်မီတွင် စွန်နှင့်ကျေးငှက်များ လာရောက်ဖူးမျှော်လေ့ရှိသည်။ ရွှေကူမြတ်စွာဘုရား၏ သီတင်းသုံးရာပလ္လင်တော်၏အောက်ဘက်ကို ပြန်လည်ပြုပြင်၍မရခြင်း၊ မြေတူန်လှုပ်ခြင်း၊ ပွဲတော်ရက်အတွင်း၌ မျက်လှည့်များ၊ ရုပ်သေး၊ ရုပ်သေးပွဲများပြ၍ မရခြင်း၊ ဆင်အစစ်မဟုတ်သော အရုပ်များကပြ၍မရခြင်း၊ ကပြမိပါက မိုးသည်းထန်စွာရွာသွန်းခြင်းများ ဖြစ်ပေါ်တတ်ကြောင်း သိရှိရပါသည်။

ထို့အပြင်ဘုရားပွဲတော်ရက်ကိုလည်း အတိုးအလျှော့ပြုလုပ်၍မရပေ။ ဘုရား၏တန်ခိုးတော်ကြောင့် ဘုရားပွဲတော် ပြီးဆုံးသွားပါက ဘုရားဝန်းကျင် အနီးတစ်ဝိုက်အညစ်အကြေးများကို မိုးကြီးရွာသွန်း၍ ဆေးကြောပေးလေ့ရှိကြောင်း တွေ့ရပါသည်။ ဘုရား၏တန်ခိုးတော်ကြောင့် ရွာသူရွာသားများသည်

အစဉ်အမြဲအန္တရာယ်ကင်းဝေးကာ ငြိမ်းချမ်းစွာနေထိုင်ရပေသည်။ ဘုရားပရဝုဏ်အတွင်းမှ ရုပ်ပွားတော်များအား နေရာပြောင်းရွှေ့၍မရကြောင်းလည်း သိရှိရပါသည်။

ရွှေကူလက်ပံကုန်းရွာ၏အလယ်တွင် ဝက်ဝံ-တောင်ခမ်းလမ်းဖောက်လုပ်ထားပြီး ဘုရားမြောက်ဘက်တွင် အင်းဖိုရွာ၊ ဘုရား၏တောင်ဘက်တွင် မုံပြင်ကြီးရွာတို့တည်ရှိပါသည်။

## (၁၅) ကမ္ဘောဇကျောင်းတော်များ

မြန်မာနိုင်ငံ၏(၁၄)ပါးမြောက် တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ ကမ္ဘောဇဆရာတော်ကြီးက ဓနုတိုင်းရင်းသားနယ်ပယ်အတွင်း သာသနာ့အာဇာနည်များ ဆက်လက်ပေါ်ထွန်းလာရေးအတွက် နောင်ချို၊ မော်လမြိုင်၊ ရန်ကုန်မြို့များတွင် ကျောင်းတိုက်ကြီးများ တည်ထောင်တော်မူလျက်ရှိသည်။

## တိပိဋကဓရ ကမ္ဘောဇကျောင်းတော် (နောင်ချို)

၁၃၇၁ခုနှစ်၊ ဝါဆိုလပြည့်ကျော်(၁၄)ရက်နေ့၌ ရှမ်းပြည်နယ်မြောက်ပိုင်း၊ နောင်ချိုမြို့နယ်တောင်ရှည် ကျေးရွာအုပ်စု နားရှိုးရွာအနီးတွင် ကျောင်းမြေနေရာအား ရေစက်ချလှူဒါန်းခဲ့သည်။ ၁၃၇၁ခုနှစ်၊ ဝါခေါင်လဆန်း(၇)ရက်နေ့တွင် မြေသန့်မင်္ဂလာ၊ ဆိုင်းဘုတ်တင်မင်္ဂလာနှင့် ကျောင်းဆောင်သစ်အတွက် ပန္နက်တင်မင်္ဂလာ ကျင်းပခဲ့သည်။ ၁၃၇၃ခုနှစ်၊ တန်ခူးလပြည့်ကျော်(၁၄)ရက်နေ့တွင် အဓိပတိဆောင်၊ သုဒဿနဆောင်၊ ရေလှောင်ကန်၊ စက်ရေတွင်း၊ ရေစင်၊ ဆွမ်းချက်ဆောင်၊ မုခ်ဦး၊ တံတိုင်း၊ လမ်း၊ ရေပိုက်လိုင်းများကို စုပေါင်း ကျောင်းလွှတ်ပူဇာသဘင်ဆင်နွှဲခဲ့သည်။ ၁၃၇၃ခုနှစ်၊ ဝါဆိုလမှစတင်၍ တိပိဋကဆရာတော်နှင့် ဦးဝါယာမတို့က သီတင်းစတင်သုံးတော်မူခဲ့ပြီး

၁၃၈၀ပြည့်နှစ်တွင် ဝါဆိုသံဃာရဟန်း(၁၂)ပါးနှင့် သာမဏေ(၁၃)ပါး သီတင်းသုံးတော်မူလျက်ရှိသည်။

## တိပိဋကဓရ ကမ္ဘောဇကျောင်းတော်(မော်လမြိုင်)

၂၀၀၉ခုနှစ်၊ ဇန်နဝါရီလ(၁၅)ရက် (၆၁)ကြိမ်မြောက် တိပိဋက ရွေးချယ်ရေးစာမေးပွဲတွင် တိပိဋကဓရ ဘွဲ့တံဆိပ်တော်ရရှိတော်မူခဲ့သည်။ ၂၀၀၉ခုနှစ်၊ ဇန်နဝါရီလ(၂၁)ရက်နေ့ မော်လမြိုင် တိပိဋကဆရာတော်များ ပူဇော်ပွဲသို့ကြွရောက်ရာ တရားပွဲအဖွဲ့မှ မော်လမြိုင်မြို့၌ သာသနာပြုရန်လျှောက်ထားရာမှ တိပိဋကကမ္ဘောဇကျောင်းတော်ကြီး ပေါ်ပေါက်လာခဲ့ရသည်။

၂၀၀၉ခုနှစ်၊မေလ(၂၅)ရက်နေ့တွင် မြေရေစက်ချမင်္ဂလာနှင့် မြေသန့် မင်္ဂလာကို ဆင်ယင်ကျင်းပခဲ့သည်။ ၂၀၁၀ခုနှစ်၊ ဇန်နဝါရီလ(၂၁)ရက် ကျောင်းတိုက်သာသနိကအဆောက်အဦများကို ရေစက်သွန်းချခဲ့သည်။ ကျောင်းတိုက်အား ဦးဉာဏကေလက်ာရ၊ ဦးပညာစာရာလင်္ကာရ၊ ဦးနေမိန္ဒာ လင်္ကာရတို့ဦးဆောင်ပြီး ဝါဆိုသံဃာ(၂၅)ပါးဖြင့် စတင်ခဲ့သည်။ ကျောင်းတိုက် တည်နေရာမှာ တိပိဋကကမ္ဘောဇကျောင်းတိုက်၊ တက္ကသိုလ်ပတ်လမ်း၊ ဈေးကြိုဒေါင်းဇရပ်၊ မော်လမြိုင်မြို့ဖြစ်ပါသည်။

## တိပိဋက ကမ္ဘောဇကျောင်းတိုက်(ရန်ကုန်)

တတိယမြောက် ထူထောင်တော်မူသော တိပိဋက ကမ္ဘောဇကျောင်းမြေ နေရာကို အမေရိကန်နိုင်ငံ ဒေါက်တာဌေးကြွယ်–ဒေါက်တာကြည်ညွန့် မိသားစု တို့မှ တိပိဋကဆရာတော် ပိဋကတ် ၂ပုံခွဲအောင်စဉ် ၂၀၀၅ခုနှစ်က လှူဒါန်းခဲ့ သည်။

၂၀၁၈ ဇန်နဝါရီလ ၁၃၇၉ခု၊ ပြာသိုလဆန်း(၁၄)ရက်နေ့တွင် ဝင်းသင်းတိပိဋက စံကျောင်းတော် စတင်ပန္နက်ချ၍ ဆောက်လုပ်ခဲ့ပါသည်။

၁၃၈၀ပြည့်နှစ် ဝါတွင်းကာလ၌ ဦးသုတသောမ စတင်သီတင်း သုံးဝါဆိုခဲ့သည်။ ယခုသံဃာတော်(၅)ပါး ဝါဆိုသီတင်းသုံးတော်မူလျက်ရှိသည်။

## (၁၆) ရွှေစံဦးစေတီတော် (နောင်ချိုမြို့နယ်)

အနော်ရထာမင်းတည်ထားကိုးကွယ်ခဲ့သော စေတီတော်အဖြစ်လူသိများသည်။ ၁၂၈၇ ခုနှစ်တွင် သီပေါနယ်စောဘွားကြီး ဆာစောချယ်နှင့် နောင်ချိုမြို့စား ဦးဘသောင်းတို့က စေတီတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံ ဦးဆောင်ပြုပြင်ခဲ့ပြီး ၁၂၈၈ခုနှစ်၊ တပေါင်းလပြည့်ကျော်(၅)ရက်နေ့တွင် ထီးတော်အသစ်တင်လှူခဲ့ကြောင်း လေ့လာရပါသည်။

မုခ်ပေါက်လေးဖက်ပါဝင်ပြီး ဉာဏ်တော်အမြင့် ၄၈ပေ၊ ခြေဖိနပ်တော် ၆၇ပေခွဲ၊ ထီးတော် ၆ပေနှင့် စေတီတော်၏ အမြင့်မှာ ၁၅ပေခွဲရှိသော စေတီတော်ဖြစ်သည်။ ၁၃၅၄ခု၊ တန်ခူးလဆန်း(၃)ရက်နေ့ ညဥ့်နက်သန်းခေါင်ယံအချိန်တွင် မုခ်လေးဖက်ရှိ ၃ပေခွဲမြင့်သော ဆင်းတုတော်များ ခိုးယူခြင်းခံခဲ့ရသဖြင့် အသစ်ပြန်လည်လှူဒါန်းထားသော ရုပ်ပွားတော်များ တွေ့မြင်နိုင်ပါသည်။

၁၃၅၄၊ နတ်တော်လဆန်း(၅)ရက်နေ့တွင် ရွှေထီးတော်အသစ်ပြန်လည် လှူဒါန်းနိုင်ခဲ့ပြီး ၁၃၅၇ခုနှစ်တွင် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခဲ့သော စေတီတော်ဖြစ်သည်။ ရွှေစံဦးစေတီသည် နောင်ချိုမြို့နယ်နှင့် မိုင် ၂၀ အကွာအဝေးရှိ သုံးဆယ်ကျေးရွာတွင် တည်ရှိပါသည်။ ရှမ်းဓနုလူမျိုးတို့၏ တပေါင်းပွဲတော်ကိုလည်း နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပါသည်။

## (၁၇) တဲနန်းတော်စေတီတော် (နောင်ချိုမြို့နယ်)

နောင်ချိုမြို့နယ်၏ ထင်ရှားသောဘုရားစေတီပုထိုးများအတွင်း တဲနန်းတော်စေတီတော်မြတ်ပါဝင်သည်။ မှတ်တမ်းမှတ်ရာ အတိအကျမရှိ

သော်လည်း အနော်ရထာမင်းကောင်းမှုစေတီတော်မြတ်ဖြစ်ကြောင်း ပြောစမှတ်ရှိသည်။

နောင်ချိုမြို့အဝင် ၂မိုင် လုံရုံးကျေးရွာအုပ်စု သဖန်းကိုင်ရွာအနီး မန္တလေး-လားရှိုးကားလမ်းဘေးတွင် တည်ရှိသည်။ နှစ်စဉ် တပို့တွဲလပြည့်နေ့ ရောက်တိုင်း ထမင်းနဲထိုးပွဲနှင့် ထမင်းနဲထိုးပြိုင်ပွဲကို တစ်နှစ်ခြားစီကျင်းပလေ့ရှိပါသည်။ ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့်လည်း တွဲဖက်ကျင်းပကြောင်း သိရှိရသည်။

## (၁၈) နေပြည်တော် ဓနုဓမ္မာရုံ (နေပြည်တော်)

မြန်မာနိုင်ငံ၏ ရုံးစိုက်ရာနေပြည်တော်တွင် ဓနုဓမ္မာရုံပေါ်ပေါက်လာရေးအတွက် တောင်ကြီးမြို့ ဓမ္မသုခကျောင်းတိုက် (တိုက်အုပ်ဆရာတော်) ဦးဥတ္တရ၊ ရွှေညောင်မြို့ ကုန်းလှိုင်ဆရာတော်နှင့် စာချဆရာတော် ဦးစန္ဒောဘာသ၊ ရပ်စောက်မြို့ ဈေးတန်းကျောင်းဆရာတော်တို့က ပင်းတယမြို့သို့သွားရောက်၍ ရွာငယ်ဆရာတော်နှင့် ဇောတိကာရုံကျောင်းတိုက် ဆရာတော်တို့ထံ တိုင်ပင်လျှောက်ထားခဲ့ကြသည်။ ထိုမှအစပြု၍ အဆိုပါဆရာတော်များနှင့် အခြားဆရာတော်များ နှီးနှောတိုင်ပင်ခဲ့ကြပြီး ၂၀၁၆၊ မေလ(၉)ရက်နေ့တွင် ဆရာတော်ကြီးများနှင့် ဖိတ်ကြားသင့်သူများအားဖိတ်ကြားပြီး ညှိနှိုင်းအစည်းအဝေးစတင်ပြုလုပ်ခဲ့ကြသည်။ ဓမ္မာရုံတည်ဆောက်ရေးအတွက် မြေနေရာရရှိရန်လည်း ကြိုးပမ်းတော်မူခဲ့ကြသည်။

ဤသို့ဖြင့် အဆင့်ဆင့်ကြိုးပမ်းမှုများကြောင့် နေပြည်တော် ပုဗ္ဗသီရိမြို့၊ သပြေတန်းရပ်၊ ဥပ္ပါတသန္တိစေတီတော်တောင်ဘက် ဘုရားပွဲတော်ကျင်းပရာ ဘေးကပ်လျက်တွင် မြေနေရာရရှိခဲ့သည်။ မြေပိုင်ရှင် ဦးအုန်းမောင်ထံမှ မြေကွက်အကျယ် ရှေ့မျက်နှာစာ ပေ ၂၀၀၊ ရှေ့နောက်အကျယ်ပေ ၃၅၀ကို ကာလတန်ဖိုး ၆၂၀သိန်းဖြင့် ဝယ်ယူနိုင်ခဲ့သည်။ ၂၀၁၆၊ ဇူလိုင်လ

(၁၁)ရက်နေ့ ပင်းတယမြို့ရှာငယ်ကျောင်းတိုက်တွင် ဓမ္မာရုံတည်ဆောက်ရေး အတွက် ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခဲ့ပြီး ဆောက်လုပ်ရေးဗဟို ကော်မတီကိုလည်း ဖွဲ့စည်းခဲ့ကြသည်။ ၂၀၁၇၊ ဇန်နဝါရီလ(၂၄)ရက်နေ့တွင် ဓနုတိုင်းရင်းသားများနေထိုင်လျက်ရှိသော မြို့နယ်အသီးသီးမှ သံဃာတော်များ နှင့် လူပုဂ္ဂိုလ်များနေပြည်တော်သို့သွားရောက်၍ မြေသန့်မင်္ဂလာကို ကျင်းပ နိုင်ခဲ့ပါသည်။

၂၀၁၇ မတ်လ(၁၂)ရက်၊ တပေါင်းလပြည့်နေ့ ပင်းတယမြို့၊ ရှာငယ်ကျောင်းတိုက်တွင် မြို့နယ်အသီးသီးမှ စုပေါင်းပါဝင်သော တည် ဆောက်ရေးဗဟိုကော်မတီအမှုဆောင်အဖွဲ့ကို ထပ်မံဖွဲ့စည်းနိုင်ခဲ့ကြပြီး အလှူငွေရရှိမှု သိန်းနှစ်ထောင်ခန့်နှင့် အသုံးပြုပြီး ငွေသိန်းတစ်ထောင်ကျော် ကိုလည်း စာရင်းရှင်းတမ်းတင်ပြနိုင်ခဲ့ကြသည်။ ထိုအစည်းအဝေးတွင် ပင်မအဆောက်အဦး သုံးထပ်ဆောင်ကို ရွှေသံလွင်ကုမ္ပဏီမှအင်ဂျင်နီယာ ဦးသက်လွင်အား အလုပ်အပ်ရန် သဘောတူခဲ့ကြသည်။

၂၀၁၇ မေလ(၆)ရက်နေ့တွင် ဓနုမြို့နယ်အသီးသီးမှ ဆရာတော်များ၊ လူပုဂ္ဂိုလ်များ သွားရောက်၍ ပန္နက်တင် မင်္ဂလာကို ဆင်ယင်ကျင်းပနိုင်ခဲ့သည်။ ထိုအခမ်းအနားကျင်းပပုံများကိုလည်း Skynet မှ ထုတ်လွှင့်ပြသပေးခဲ့သည်။ မူလက ပေ (၁၂၀×၆၀) အကျယ်အဝန်းရှိ သုံးထပ်ဆောင်ကိုတည်ဆောက်ရန် သဘောတူညီခဲ့သော်လည်း ပေ (၁၃၀×၇၀) ဝန်းကျင်ရှိ အဆောက်အဦးကို တည်ဆောက်နိုင်ခဲ့သည်။ အဆောက်အဦးအတွက် သိန်း ၇၀၀၀ ခန့်အသုံးပြု ရမည်ဖြစ်ကြောင်း သိရှိရပါသည်။ ၂၀၁၉၊ ဖေဖော်ဝါရီလ(၁)ရက်နေ့တွင် သုံးထပ်အဆောက်အဦးအကြမ်းနှင့် အမိုးမိုးပြီးသည့်အဆင့် ရောက်ရှိလာခဲ့ပါ သည်။ အလှူရှင်များထံမှ သိန်း ၅၀၀၀ ဝန်းကျင်လက်ခံရရှိထားပြီး လုပ်ငန်းအပြီးသတ်ရန် လိုအပ်လျက် ရှိနေပါသေးသည်။

နေပြည်တော် ဓနုဗမ္မာရုံဆွမ်းစားဆောင်အတွင်း ဓနုဗမ္မာရုံတည်ဆောက်ရေး အောင်မြင်စေရန်အတွက် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကိုလည်း (၃)ကြိမ်တိတိ ကျင်းပခဲ့ကြသည်။ ယနေ့နေပြည်တော် ဓနုဗမ္မာရုံမြေနေရာအတွင်း သုံးထပ်ကျောင်းဆောင်အကြမ်း၊ (၆၀×၃၀)ပေရှိ ဆွမ်းစားကျောင်းဆောင်၊ လျှပ်စစ်မီးနှင့် အဝီစိတွင်း၊ ရေကန်၊ သန့်စင်ခန်း(၁၀)ခန်း၊ ရေချိုးခန်းများကို တည်ဆောက်ပြီးစီးလျက်ရှိနေပေသည်။ လုပ်ငန်းအပြီးသတ်နိုင်ရန်အတွက် ဆောက်လုပ်ရေး ဗဟိုကော်မတီဥက္ကဋ္ဌထံ အလှူငွေများဆက်လက် လှူဒါန်းနိုင်ကြပါစေကြောင်းနှိုးဆော်ရင်း နေပြည်တော် ဓနုဗမ္မာရုံသမိုင်းကို တင်ပြလိုက်ရပါသည်။

## (၁၉) ရွှေဥမင်လိုဏ်ဂူဘုရားနှင့် ပုန်းတလုတ်ကန် (ပင်းတယမြို့နယ်)

ရှမ်းပြည်နယ် ဘုရားဖူးခရီးစဉ်အတွင်း အဓိကပါဝင်သော ဒေသတစ်ခုပင်ဖြစ်သည်။ ပင်းတယလိုဏ်ဂူသည် ထုံးကျောက်တောင်၌ သဘာဝဖြစ်ပေါ်နေသောကြောင့် ဘူမိ သက်တမ်းဖြင့် တွက်ချက်ပါက နှစ်သန်းပေါင်း ၂၀၀ ရှိသည်ဟု ဆိုပါ၏။ ဂူပေါက်ဝသည် အရှေ့ဘက်မျက်နှာမူနေသဖြင့် ကျောက်ခေတ်လူသားများ နေထိုင်ခဲ့ခြင်းမရှိကြောင်း သုံးသပ်ကြသည်။ အကြောင်းမှာမူ ကျောက်ခေတ်လူသားများသည် ဂူပေါက်ဝ တောင်ဘက် (သို့မဟုတ် )မြောက်ဘက်လှည့်သော ဂူများ၌ နေထိုင်တတ်ကြ၍ ဖြစ်သည်။

လိုဏ်ဂူအတွင်းတွင် ဗုဒ္ဓရုပ်ပွားတော်မြတ်နှင့် ဘုရားစေတီငယ်ပေါင်း ၄၄၀၀ ကျော် တည်ထားကိုးကွယ်ခဲ့ကြသည်။ ပင်းတယဘုရားသမိုင်း၏ ရှေးဦးမှတ်တမ်းများအရ အသောကမင်းကြီး တည်ထားခဲ့ပြီး အလောင်းစည်သူမင်းကြီးပြုပြင်ခဲ့သည်ဟု ဆိုသည်။ သို့သော်လည်း လိုဏ်ဂူအတွင်းရှိ ရှေးအကျဆုံးသော ရုပ်ပွားတော်၏ ရက်စွဲများသည် ၁၇၇၃ ဇန်နဝါရီလ (၁၀) ရက်နေ့တွင် တွေ့ရှိသဖြင့် အလောင်းမင်းတရားကြီးလက်ထက်နောက်ပိုင်း

ယုံကြည်ကိုးကွယ်လာကြောင်း ခန့်မှန်းနိုင်ပေသည်။ သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက ခရစ်နှစ် ၁၇၀၀ ထက်ပင်စောနိုင်ကြောင်း ပြောခဲ့သည်။ ဆက်လက်ပြီး ပင်းတယကို အုပ်ချုပ်ခဲ့ကြသော ငွေခွန်မှူး မောင်နေထွန်း၊ သား မောင်အောင်ကြူ၊ သား မောင်မြစ်၊ သား မောင်ပြည့်စမ်းတို့ခေတ်က ဗုဒ္ဓဆင်းတုတော်များကို ဆက်လက်တည်ထားကိုးကွယ်ခဲ့ကြောင်း လေ့လာရပါသည်။ (ပင်းတယသမိုင်းကို ဒဏ္ဍာရီပုံပြင်တစ်ခုအနေဖြင့် ရှေ့အခန်းတွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။)

ရွှေဥမှင်လိုဏ်ဂူဘုရားသည် ပင်းတယမြို့ ပုန်းတလုတ်ရေကန်အနောက်ဘက် ပေ ၄၉၇၀ မြင့်သော တောင်တန်းပေါ်တွင် တည်ရှိသည်။ ဂူအလျားမှာ ပေ ၄၉၀ ရှိသည်။ ဂူအတွင်း အရှေ့ဘက်မှ ဝင်လိုက်သည်နှင့် ဉာဏ်တော် ၇၅ ပေရှိသည့် ရွှေဥမှင်စေတီကို ဦးစွာဖူးမျှော်ရမည်ဖြစ်သည်။ ဝင်ဝင်ခြင်းခြေသွားလမ်းသာချန်ပြီး ဂူအပြည့်မျက်နှာကျက်မကျန် ဗုဒ္ဓဆင်းတုတော်များ ကိုးကွယ်ထားသည်ကို တွေ့မြင်ရပါသည်။ ဆက်လက်သွားပါက ချွေးထွက်ဘုရား၊ နတ်သမီးရေကန်၊ ဆင်ချည်တိုင်၊ မြင်းချည်တိုင်၊ ကျောက်မောင်း၊ အောင်မြေ စသည့် အံ့ထူးဖွယ်ရာများ မြင်တွေ့ရပါမည်။

ပင်းတယနယ်ရှင် ခွန်စွန်ညီနှင့် ပင်းတယနယ် ဂိုဏ်းအုပ်ပေါက်တောဆရာတော် ဦးကောသလ္လ လက်ထက် ပင်းတယလိုဏ်ဂူနှင့်ဘုရားစေတီများအတော်အသင့် ခရီးရောက်ခဲ့ပါပြီ။ ဦးကောသလ္လ သက်တော်ကြီးရင့်လာသောအချိန် သာသနာ့ဝန်ကို ငှက်ပျောတော ဆရာတော်ဦးဇာဂရထံသို့ လွှဲအပ်ခဲ့သည်။ ဦးစာဂရ လက်ထက်ကြီးကျယ်သောပြုပြင်မှုများ ပြုလုပ်ခဲ့လေတော့သည်။ ငွေခွန်မှူး ခွန်စွန်ညီနှင့်ဆရာဒကာလက်တွဲပြီး မန္တလေးဦးခန္တီဖိတ်ခေါ်ကာ စောင်းတန်းနှင့်တန်ဆောင်းပြာသာဒ်များ တိုးချဲ့ခဲ့ကြောင်း မှတ်တမ်းရှိခဲ့သည်။ ဂူအဝင်ပေါက်များကိုလည်း ချဲ့ထွင်ခဲ့ကြသည်။ မူလက ခြောက်ပေခန့်ရှိသောဂူအဝင်ပေါက်ကို ယမ်းများဖြင့်ခွဲပြီး ချဲ့ခဲ့ကြသည်။

ဂူပေါက်ချဲ့ထွင်စဉ် ဆင်ဖြူရုပ်ကြီးတစ်ရုပ် ကျောက်စာချပ်နှင့် တချို့ရုပ်ထုများ ပျက်စီးခဲ့သော်လည်း ခန့်ညားလာအောင် စီမံနိုင်ခဲ့သည်။ ၁၉၂၅ ခုနှစ် ဝန်းကျင်က ပြုပြင်ခဲ့ခြင်းဖြစ်သည်။

ဤသို့ဖြင့် ပင်းတယ ရွှေဥမင်ဘုရားသည် မြန်မာနိုင်ငံသာမက ကမ္ဘာအရပ်ရပ်မှ သိရှိလာပြီး တန်ခိုးကြီးလာခဲ့သည်။ သို့သော်လည်း ၁၉၆၂ ခုနှစ်အထိ စနစ်တကျ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်မည့်သူမရှိဖြစ်ခဲ့သည်။ ၁၉၆၂ မှ ၁၉၇၂ အထိ လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မတီ နိုးဆော်မှုအရ ဂေါပကအဖွဲ့ဖွဲ့၍ ပြုပြင်စောင့်ရှောက်လာခဲ့ရာ အသင့်အတင့် တိုးတက်လာပါတော့သည်။ ဆက်လက်ပြီး လူ့အဖွဲ့အစည်းအနေဖြင့် ပြုပြင်စောင့်ရှောက်ထိန်းသိမ်းရန် မတိုးတက်နိုင်ကြောင်း ယူဆမိလာသဖြင့် ဆရာတော်သံဃာတော်များ ထိန်းသိမ်းမှသာဖြစ်နိုင်၍ ဆရာတော် သံဃာတော်များထံ အပ်နှံကြရန် ၁၉၇၆တွင် ဂေါပကအဖွဲ့က သဘာတူခဲ့ကြသည်။ ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအတွင်း ထင်ရှားကျော်ကြားဆုံးသော လိုဏ်ဂူတော်လည်းဖြစ်သည်။

**(၂၀) နိုင်ငံတော်ဩဝါဒါစရိယ**

**အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တတေဇနိယ မဟာထေရ်မြတ်**

**ဓနုတိုင်းရင်းသား ကုံလုံဆရာတော်ဘုရားကြီး**

ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်းတယမြို့နယ် ထယ်သွန်းကျေးရွာအုပ်စု အောင်မြေရွာတွင် ဦးထူး + ဒေါ်ထွေးမိတို့မှ ၁၂၆၉ခု၊ နှောင်းတန်ခူးလဆန်း (၄)ရက်၊ စနေနေ့၊ ညနေ(၆)နာရီတွင် ဖွားမြင်တော်မူခဲ့သည်။ မွေးချင်း(၇)ဦးတွင် အငယ်ဆုံးသွားထွေးရတနာဖြစ်သည်။ မိဘနှစ်ပါးလုံးမှာ ဓနုတိုင်းရင်းသားများဖြစ်ကြသည်။ မိဘနှစ်ပါးစလုံး ငယ်ရွယ်စဉ်ကလေးဘဝကတည်းက ကွယ်လွန်ခဲ့သည်။

ဖခင်ကွယ်လွန်ပြီးစ အသက်(၁၃)နှစ်အရွယ်တွင် တောင်ကြားကြီးရွာ ဦးအောင် + ဒေါ်ပိုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး ရှင်သာမဏေအဖြစ် ရောက်ရှိခဲ့သည်။ ရှင်တေဇနိယဘွဲ့ကိုခံယူပြီး မန္တလေးမြို့ အသောကရာမကျောင်းတွင် (၇)နှစ်ပညာဆည်းပူးခဲ့သည်။ အသက်(၂၀)တွင် ဇာတိသို့ပြန်လာပြီး ဦးဘကြွေ+ဒေါ်ခွေနှင့် ဦးဘိုးနီ၊ ဒေါ်လန်း၊ ဒေါ်အမာတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သောရဟန်းဘဝ ရောက်ရှိခဲ့သည်။

ဆရာတော်သည် ငယ်ဆရာတော် ဘဒ္ဒန္တဂန္ဓမာထံတွင် ပန်းချီ၊ ပန်းပု၊ ဆေး၊ အင်း၊ မန္တာန်စသော ပညာရပ်များကို ထူးချွန်စွာတတ်မြောက်ခဲ့သည်။ ရဟန်းဖြစ်ပြီးနောက်ပိုင်း သဒ္ဓမ္မဒေဝကိတ္တိရာကျော်ဆရာတော်ထံတွင် လက်ဖွဲ့၊ ဆေး၊ အင်း၊ မန္တာန်အစရှိသော လောကီရေးရာများကို သင်ကြားဆည်းပူးခဲ့သည်။ ထို့နောက် ဆရာတော်ဘဒ္ဒန္တကိတ္တိထံတွင် တိုင်းရင်းဆေးပညာများကို ရွှေဥဒေါင်းတောင်ဆရာတော်၊ ဘိုကလေးဆရာတော်တို့နှင့်အတူ သင်ကြားခဲ့သည်။ ဆက်လက်၍ ပွေးလှမြို့ ကျောက်တောတောင်ကျောင်း၌ စာပေပညာများကို ဆည်းပူးခဲ့သည်။

ရဟန်းပြုပြီး(၇)နှစ်အကြာ ဘုရားနီကျောင်းဆရာတော် ဘဒ္ဒန္တအာသဖ ပျံလွန်တော်မူသဖြင့် (၁၅)ဝါအထိ ကျောင်းထိုင်အဖြစ် သီတင်းသုံးခဲ့သည်။ တစ်နေ့သောအခါ ပွေးလှမြို့ကန်တောင့်ကျောင်းဆရာတော် ဘဒ္ဒန္တအာဒိစ္စအား သွားရောက်ဖူးမျှော်ပြီးနောက်ပိုင်းဆရာတော်၏ ဩဝါဒစကားကြောင့် တရားရှုမှတ်မှုများ စတင်ပြုလုပ်ခဲ့လေသည်။ ထိုသို့ တရားရှုမှတ်လုပ်ငန်းစဉ်များ လုပ်ဆောင်နေစဉ် ပင်းတယမြို့နယ် သံဃာ့ကိုယ်စားလှယ်အဖြစ် ဆဋ္ဌသင်္ဂါယနာတင်တော်မူနိုင်ရန် ပင့်ဖိတ်ခြင်းခံခဲ့ရသည်။ မြင်းကျော်ကျောင်း ဆရာတော်ကြီးနှင့်အတူ ရန်ကုန်မြို့ ကမ္ဘာအေးလိုဏ်ဂူတော်သို့ ရောက်ရှိခဲ့သည်။ ယခင်တရားအားထုတ်စဉ်က စိတ်အာရုံဖြင့်ရောက်ရှိခဲ့သော ရန်ကုန်မြို့ကြီးသည်

ယခုလက်တွေ့ ရောက်ရှိနေသည်နှင့် ထပ်တူထပ်မျှ ကြုံတွေ့လိုက်ရသောအခါ ကြည်နူးမှုများ အတိုင်းထက်အလွန်ဖြစ်ခဲ့ပြီး တရားဘာဝနာ လုပ်ငန်းစဉ်များကို ပို၍ပြုလုပ်မည်ဟု ခိုင်မာပြတ်သားစွာ ဆုံးဖြတ်ခဲ့ပါတော့သည်။

သက်တော်(၅၀)အတွင်းဝင်လာပြီး သာသနာတော်နှစ်(၂၅၀၀) ၁၃၁၈ခု၊ နယုန်လဆန်း(၁၃)ရက်နေ့တွင် ဦးပဥ္စင်း ဘဒ္ဒန္တဝိမလအား ကျောင်းကိုလွှဲအပ်ခဲ့ပြီး တောထွက်တော်မူခဲ့သည်။ ထို့ကြောင့် ယနေ့တိုင် နယုန်လဆန်း (၁၃)ရက်နေ့ကို ''သာသနာပြုအောင်ပွဲနေ့''အဖြစ် တပည့်ဒါယကာများက ကျင်းပလျက်ရှိသည်။ ဘုရားနီကျောင်းအနောက်ဘက်ရှိ ဘော်နှင်းဂူထိုမှတဆင့် ကျားတွင်းဂူ၊ တဖန်ဂဋ္ဌုန်တောင်တွင် တရားအားထုတ်တော်မူခဲ့လေသည်။ ဂဋ္ဌုန်တောင်တွင် (၁၈)ဝါခန့်တရားကျင့်တော်မူပြီး ရွာဒါယကာများက သိရှိသဖြင့် လိုက်လံပင့်ဆောင်ရာ ပင့်၍မရနိုင်မှန်းသိရှိ၍ တောများ ရှင်းပေး ကာဝါးကျောင်းဆောက်ပေးခဲ့လေသည်။

ဂဋ္ဌုန်တောင်ဝါးကျောင်းတွင် သီတင်းသုံးတော်မူပြီးနောက်ပိုင်း သစ်သီးဆွမ်းသာ ဘုဉ်းပေးသောဆရာတော်အဖြစ် စတင်နာမည်ကျော်ကြား လာခဲ့သည်။ တစ်ဆက်တည်းတွင် ဂဋ္ဌုန်တောင်ကုံလုံကျောင်းတိုက် ဗုံးဘုရား ဆရာတော်အဖြစ် သီတင်းသုံးတော်မူခဲ့ပါတော့သည်။ ၁၉၉၄တွင် အမေရိကန် နိုင်ငံ၊ လော့(စ်)အိဂျလိ(စ်) မြို့တွင် တစ်ဝါသီတင်းသုံးတော်မူခဲ့သေးသည်။

၁၃၆၄ခု၊ နယုန်လပြည့်(၂၀၀၂)သက်တော်(၉၅)ဝါတော်(၇၅)တွင် သီရိစကြာရတနာကျောင်းတော်ကြီးသို့ ပြောင်းရွှေ့သီတင်းသုံးခဲ့သည်။ ထို့ နောက်သက်တော်(၉၆)ဝါတော်(၇၆)အချိန် (၂၃-၁-၂၀၀၄)သောကြာနေ့တွင် ရန်ကုန်မြို့ အထွေထွေရောဂါကုဆေးရုံသစ်ကြီးတွင် ဆေးကုသမှုခံယူခဲ့သည်။ ၁၃၆၅ခု၊ တပို့တွဲလဆန်း(၉)ရက်၊ (၃၀-၁-၂၀၀၄) သောကြာနေ့ နံနက် (၀၀း၁၅)အချိန်တွင် ရန်ကုန်မြို့၌တစ်ဘဝခန္ဓာ ရပ်စဲတော်မူခဲ့သည်။

ထို့နောက် ကုံလုံကျောင်းတိုက်သို့ပြန်လည်သယ်ဆောင်လာပြီး (၈-၂-၂၀၀၄)တနင်္ဂနွေနေ့တွင် စံကျောင်းတော်ပင့် ထီးဖြူတော်ဖွင့်ပူဇော်ခြင်း အခမ်းအနားကို ကျင်းပခဲ့သည်။ ထို့နောက်(၉-၂-၂၀၀၄) တနင်းလာနေ့တွင်၊ အန္တိမစျာပန သာဓုကီဠနပူဇာသဘင်အခမ်းအနားကိုကျင်းပခဲ့သည်။

ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား ဂူဗိမာန်တော်ဖြင့် ပူဇော်ထား ရှိခဲ့သဖြင့် ယနေ့တိုင် လွမ်းစေတီအဖြစ် သွားရောက်ဖူးမျှော်နိုင်ပါသည်။ ဆရာတော်သက်ရှိတော်မူစဉ်ကာလအတွင်း ပရိယတ္တိစာသင်တိုက်၊ သီရိ စကြာရတနာ ကျောင်းတော်ကြီး၊ အလိုတော်ပြည့်ဆုတောင်းပြည့် ဂြိုဟ်ပြေ နံ့ပြေစေတီတော်၊ ပြည်တော်ငြိမ်းအေးစေတီတော်၊ ကုံလုံသာသနာ့ဗိမာန်တော်၊ မေတ္တာ ရေလှောင်ကန်ကြီး၊ ပါရမီကျောင်းတော်၊ အေးမြစေတီတော်၊ ဓမ္မရတနာအောင်ဂူနှင့် စေတီ၊ စမလေးလုံး၊ စမခါတ်ရှင်ဂြိုဟ်ပြေနံ့ပြေ စေတီတော်များအပြင်အနီးအပါးရှိ ရှေးဟောင်းစေတီတော်များစွာကို တည်ဆောက်ပြုပြင်ပေးတော်မူခဲ့သည်။ ထို့အပြင်ကျေးရွာ စာသင်ကျောင်းများ၊ ရေရရှိရေးများ၊ ဘေးမဲ့လွှတ်ခြင်းများ၊ လမ်းခင်းခြင်းလုပ်ငန်းများ၊ သိမ်ဆောက် လုပ်ခြင်းများကို ကြိုးပမ်းတော်မူခဲ့သည်။

## (၂၁) စိတ်ဝင်စားဖွယ်ရာ တမဲဘုရား

အေဒီ ၁၅၅၉ တွင် ရခိုင်မင်းထံအမှုထမ်းရန် ပေါ်တူဂီလူမျိုး ဖိလစ်ဒီဗရစ်တို(ငဇင်ကာ)ရောက်ရှိလာခဲ့သည်။ ရခိုင်ဘုရင်၏အခွင့်အရေးပေး မှုများကြောင့် မြန်မာနိုင်ငံကိုသိမ်းသွင်းရန်အထိ ကြိုးစားခဲ့သူဖြစ်သည်။ ခရစ်ယာန်ဘာသာကိုအားပေးပြီး ဗုဒ္ဓဘာသာကိုလည်း နည်းမျိုးစုံဖျက်ဆီးခဲ့ သည်။ အေဒီ ၁၅၉၉ တွင် ရခိုင်နှင့်တောင်ငူ ပူးပေါင်းပြီး ဟံသာဝတီနန္ဒာဘုရင် ကို တိုက်ခိုက်ရာတွင် ငဇင်ကာတပ်များက ရခိုင်ဘက်မှနေ၍ ဝင်ရောက်တိုက်

ခိုက်ခဲ့သည်။ ၁၆၀၀ ပြည့်နှစ်တွင် ဟံသာဝတီပျက်ယွင်းခဲ့ရသည်။ ဘုရားကျောင်းကန်၊ စေတီပုထိုးများဖျက်ဆီးရုံသာမက ဌာပနာထားသော ရွှေ၊ ငွေ၊ ကြေးပစ္စည်းများကို အရည်ကြိုသယ်ဆောင်ကြသည်။ ဗုဒ္ဓဘာသာဝင်များကို ဖိနှိပ်ခဲ့လေသည်။

ထို့ကြောင့်ဟံသာဝတီနယ်သားများနှင့် မင်းဆွေမင်းမျိုးများက ရှမ်းတောင်ခြေပေါင်းလောင်းမြစ်ကိုဖြတ်ကျော်ပြီး ရှမ်းမြေလပ်ဒေသအရောက်ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။ လမ်းတစ်လျှောက် ရေကြည်ရာမြက်နုရာများတွင် တချို့အခြေချကြသည်။ နေရပ်စွန့်ခွာရာလမ်းတစ်လျှောက်ကို လေ့လာရာတွင် ဆည်ခေါင်းကျေးရွာအနီး ဘုရားစေတီပုထိုးများ၊ ပွေးလှကျေးရွာအနီး ဘုရားစေတီပုထိုးပျက်များ၊ တမဲကျေးရွာအနီးစေတီပုထိုးများစွာတို့ကို ကြည့်ခြင်းအားဖြင့် ဟံသာဝတီဘက်မှစွန့်ခွာ လာကြသော မြန်မာတို့ဖြစ်နိုင်ကြောင်း မစ္စတာအက်စ်အိပ်ချ်ဂျိုင်းစ်က ခန့်မှန်းခဲ့ဟန်တူလေသည်။ ပကတိအမြင်အရ တောင်ရိုးတိုင်းရင်းသားများနှင့်နီးစပ်ကြောင်း သိရှိလေ့လာမိပါသည်။

ငဇင်ကာရန်ကြောင့် ဟံသာဝတီကိုစွန့်ခွာလာသူများအထဲတွင် ဆရာတော်ဦးနီနှင့်ဝေါမှူးကြီးအဖွဲ့သည် တမဲကျေးရွာအထိရောက်ရှိခဲ့ကြပြီး ဘုရားဆင်းတုတော် ၃၀၀နီးပါး သယ်ဆောင်လာခဲ့သည်။ ထိုအထဲတွင် သမိုင်း တန်ဖိုးမဖြတ်နိုင်သော ဆင်စွယ်ယပ်တောင်၊ သီဟိုဠ်မှပင့်လာသော ဘုရားများ၊ ဖောင်တော်ဦးစေတီ(၅)ဆူ၊ ဒက္ခိဏသာခါ၊ ကိုယ်စားတော်၊ ပဉ္စလောဟာဘုရားနှင့် ဓါတ်တော်မွေတော်များစွာ ပင့်ဆောင်နိုင်ခဲ့သည်။ ဆရာတော်ဦးနီနှင့်အတူ ဘုရားဒါယကာ-ဒါယိကာမ(၅၀၀)ခန့် တမဲကျေးရွာအထိလိုက်ပါလာပြီး အခြေချခဲ့သည်ဟူ၏။ ထို့နောက် အလောင်းစည်သူတည်ထားတော်မူခဲ့သော မြစေတီဘုရားကိုလည်း ထပ်မံပြုပြင်ကာ တမဲရွာ၊ တမဲဘုရားအဖြစ် သမုတ်ခဲ့သည်ဟု လေ့လာသိရှိရပါသည်။

ဒက္ခိဏသာခါဘုရားသည် ပွေးလှစော်ဘွားကိုးကွယ်ရန် ပင့်ဆောင်သွားခဲ့ပြီး ခြေတစ်ဖက်ချာဘုရား(မှန်ကိုယ်တော်)သည် မြန်မာနိုင်ငံ၏တစ်ဆူတည်းသောဘုရားအဖြစ် တမဲမြစေတီတွင်ပူဇော်ထားရှိသည်။ ထို့အတူ ဟံသာဝတီမင်း၏ဆင်စွယ်ဖြင့်ပြုလုပ်ထားသော ယပ်တော်သည်လည်း လုံခြုံစွာထိန်းသိမ်းထားကြောင်း တွေ့မြင်ခဲ့ရသည်။ မြန်မာသက္ကရာဇ် ၁၃၁၃ခုနှစ်တွင် တမဲဘုရားစုများယိုယွင်းလာမှုကြောင့် တမဲရွာလူကြီးဦးမာလာဦးဆောင်ပြီး ပြန်လည်ပြုပြင်မွမ်းမံခဲ့ပါသည်။ ထိုသို့သာမက တမဲဘုရားပွဲကိုလည်း နှစ်စဉ်စည်ကားသိုက်မြိုက်စွာကျင်းပလာနိုင်ခဲ့ပါသည်။ ထိုဒေသတွင် တမဲတာတက်ပွဲနာမည်ကြီးလေသည်။

တမဲဘုရားသည် အောင်ပန်းမြို့မှ မိုင်(၂၀)၊ ပွေးလှမြို့မှ(၄)မိုင်၊ ပင်းတယမြို့မှ(၄)မိုင်အကွာအဝေးတွင်တည်ရှိပြီး ဓနုလူမျိုးနှင့်သော်လည်းကောင်း၊ ဗမာလူမျိုးနှင့်သော်လည်းကောင်း၊ တောင်ရိုးလူမျိုးနှင့်သော်လည်းကောင်း ဆက်စပ်တွေးယူနိုင်သော သမိုင်းအစအနများရှိရာဒေသပင်ဖြစ်ပါတော့သည်။ ဓနုတိုင်းရင်းသားများနှင့်တောင်ရိုးတိုင်းရင်းသားများ ရောနှောနေထိုင်ကြသော ကျေးရွာလည်းဖြစ်သည်။

## (၂၂) စကြာတောင်ဘုရား

တမဲဘုရား၊ တမဲရွာ၏အနောက်ဘက် မလှမ်းမကမ်းနေရာ တောင်ထိပ်ပေါ်တွင် စကြာတောင်ဘုရားတည်ရှိသည်။ စကြာတောင်သည် မြန်မာနိုင်ငံ ဘုရားဖူးခရီးစဉ်အတွင်းပါဝင်ပြီး ပင်းတယ၊ ပွေးလှသွားလမ်းအားအရှေ့ဖက်သို့ လှမ်းမျှော်ကြည့်နိုင်သည်။ လက်ရှိဆရာတော်၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် စကြာတောင်ပေါ်တွင် ဘုရားစေတီပုထိုး များစွာပေါ်ပေါက်လာပြီး ၁၀၈ တောင်စေတီတော်ကြီးအား ဆရာတော်ကြီး ဦးဆောင်၍ တည်ထားတော်မူလျက် ရှိသည်။

စကြာတောင်၏ထူးခြားချက်မှာ ထိုတောင်ထွတ်ပေါ်၌ သာသနာစတင်ပြုခဲ့သူ ဆရာတော်ကြီး ဘဒ္ဒန္တစန္ဒာသူရိယ၏ ရုပ်ကလာပ်တော်အား အမှတ်တရပူဇော်ထားခြင်းပင်ဖြစ်၏။ ဆရာတော်ကြီးသည် ကျားကုန်းစိန်သောက်ကျောင်းတွင် အစ်မတော်၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး ရဟန်းပြုတော်မူခဲ့သည်။ ထို့နောက် ပွေးလှကျောက်တောကျောင်း၊ ရန်ကုန်မြို့၊ ကျေးတွင်းကုန်းကျောင်း၊ ထွက်နီကျောင်း၊ ပွေးလှစော်ဘွားစောထွန်းစိန်ပင့်ဆောင်မှုကြောင့် ပွေးလှမြို့တောင်ကျောင်း၊ ရှမ်းဘုရားတောင်(ဆံတော်တောင်)ဖောင်တောဦးကုန်းမြေပေါ်တွင် နှစ်ပေါင်းများစွာ တရားအားထုတ်တော်မူခဲ့သည်။ နောက်ဆုံးစကြာတောင်ပေါ်သို့ရောက်ရှိလာပြီး တရားအားထုတ်တော်မူခဲ့သည်။

## (၂၃) ရှစ်သောင်းလေးထောင်ဘုရား

ပင်းတယမြို့ ရေဖြူရွာ အရှေ့ဘက် ပင်းတယ-ရပ်စောက် သွားလမ်းဘေးတွင်တည်ရှိသော ဘုရားစေတီဖြစ်သည်။ ပင်းတယမြို့အပြင်ဘက်တစ်မိုင်ကျော်လောက်တွင် တည်ရှိသည်။ မြန်မာသက္ကရာဇ် ၁၃၀၄ ခုနှစ်တွင် ဘုရားဒါယကာ ဦးစံဖေက ဘုရားတည်ခဲ့သည်။ ထို့နောက် ၁၃၀၉ ခုနှစ်တွင် တဲကျောင်းဆောက်ပြီး ၁၃၁၀ ခုနှစ်တွင် ရဟန်းဝတ် သာသနာပြုရာနေရာဖြစ်သည်။

ဒေသခံများက ကရင်ငွေခဲတောင် ဘုရားဟုခေါ်ကြသည်။ ၁၃၂၉ ခုနှစ် တန်ဆောင်မုန်းလဆန်း (၁၄)ရက်နေ့တွင် ဦးဇင်းဦးစံဖေ ပျံလွန်တော်မူခဲ့ပြီး သား ဦးစန္ဒောဘာသ(ရေဖြူရွာ)က ငွေခဲတောင်ပေါ်တွင် သာသနာဆက်ပြုခဲ့သည်။ ဘုရားစေတီများကိုလည်း ထိုတောင်ပေါ်တွင် ဆက်လက်တည်ခဲ့သည်။ ခရစ်နှစ် ၂၀၀၂ခုနှစ်ရောက်မှ ထိုငွေခဲတောင်ပေါ်ရှိ ဘုရားစေတီများပေါ်တွင် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် ပူဇော်ခဲ့သဖြင့် ရှစ်သောင်းလေးထောင်ဘုရားဟု ခေါ်ဆိုလာခဲ့ခြင်းဖြစ်သည်။

ယနေ့ ဦးစန္ဒောဘာသသည် သက်တော် (၈၆)နှစ်ရှိပြီး ရေဖြူကျောင်း ညောင်ပင်လှတောရတွင် သီတင်းသုံးလျက်ရှိသည်။ ရှစ်သောင်းလေးထောင်ဘုရားတွင် ရဟန်း(၆)ပါးနှင့် ကိုရင်(၃)ပါးတို့က စောင့်ရှောက်ထိန်းသိမ်းလျက်ရှိသည်။

## (၂၄) ကျုံးမွေတော်ဘုရားကြီး (ပင်းတယမြို့နယ်)

ကျုံးမွေတော်ဘုရားသမိုင်းစာအုပ်အရ သီရိဓမ္မာသောကမင်းကြီး၏ သရီရဓာတ်တော်ကိုဥာပနာ၍ သာသနာနှစ် ၂၇၃ခုနှစ်တွင် တည်ထားကိုးကွယ်ခဲ့သည်ဟု ဆိုပါသည်။ ထို့နောက် ကောဇာသက္ကရာဇ် ၄၁၂ ခုနှစ်တွင် အနော်ရထာမင်းကြီးက ထပ်မံတည်ထားခဲ့သည်ဟု ဆိုလေသည်။ ၄၇၂ခုနှစ်တွင် အလောင်းစည်သူမင်း၊ ၉၃၈ခုနှစ်တွင် ရှင်ဖြူရှင်မင်းတရားကြီးတို့က အဆင့်ဆင့်ပြုပြင်မွမ်းမံခဲ့သည်ဟု လေ့လာဖတ်ရှုရပါသည်။

ကောဇာသက္ကရာဇ် ၁၂၉၄ရောက်မှ ကျုံးမွေတော်ဂိုဏ်းချုပ်ဆရာတော် ဦးကုန္တနှင့် ဦးဇင်းဝိစာရ ဦးဆောင်ပြီး ငွေခွန်မှူး ဦးဘိုးတင်နှင့် ညီဦးဘိုးမြစ်၊ ဦးဘိုးမှီတို့က ဦးဆောင်ပြီး ဉာဏ်တော် ၈၇ တောင်အမြင့်ရောက်အောင် ပြုပြင်မွမ်းမံတည်ထားခဲ့သော မွေတော်ဘုရားကြီးပင်ဖြစ်သည်။

ဓနုနယ်ပယ်အတွင်း သက်တမ်းရင့် ထင်ရှားခဲ့သော မွေတော်ဘုရားကြီးဖြစ်ပြီး နှစ်စဉ်ဘုရားပွဲ ကျင်းပပြုလုပ်ခဲ့ကြသည်။ ဘုရား၏ဘွဲ့တော်မှာ 'ရွှေတညောင်း'ဘုရားဟု ခေါ်ဆိုကြသည်။

၁၉၄၃ဂျပန်ခေတ်အတွင်း စစ်တလင်းဖြစ်ခဲ့ရာ ကျောင်းနှင့်ရွာသည် ဖြာပုံအတိဖြစ်ခဲ့သော်လည်း ဘုရားကြီးနှင့် စေတီရံများမှာမူ တစ်စုံတစ်ရာ ထိခိုက်ပျက်စီးခြင်းမရှိခဲ့သည်ကို လေ့လာခဲ့ရပါသည်။ ဗုံးနှင့်စက်သေနတ်ဒါဏ်ကြောင့် ဂန္ဓကုဋီတိုက်တော်နှင့် ပြာသာဒ်တော်များသာပျက်စီးခဲ့ရသည်။

ထိုနောက်ပိုင်း ကျုံးမွေတော်ဘုရားသည် ပို၍ပင်ထင်ပေါ် ကျော်ကြားခဲ့လေသည်။ ကျုံးကျေးရွာသည် စော်ဘွားများအဆက်ဆက်အုပ်ချုပ်ခဲ့ရာဒေသဖြစ်ပြီး အောင်ပန်း-ပင်းတယ၊ အောင်ပန်း-ရှာင်သွားရာလမ်းဆုံတွင်တည်ရှိပြီး အောင်ပန်းမြို့မှ(၁၀)မိုင်အကွာတွင်တည်ရှိသည်။ ပင်းတယမြို့နယ်အတွင်း ပါဝင်သောကျေးရွာဖြစ်သည်။

## (၂၅) ဓနုတိုင်းရင်းသားမွှာရုံ (ရန်ကုန်)

ရန်ကုန်မြို့ရှိ တက္ကသိုလ်ကောလိပ်များတွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသူ၊ ကျောင်းသားများ ဦးဆောင်စုစည်း၍ ဓနုတိုင်းရင်းသားမိသားစု အသင်းကို ၁၉၇၂ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။ ဓနုလူမျိုးများ၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို ဖော်ထုတ်ထိန်းသိမ်းရန်၊ ရန်ကုန်ရောက် ဓနုမိသားစုများနှင့် ကျောင်းသူကျောင်းသားများ၏ သာရေး၊ နာရေး၊ ပညာရေးကိစ္စများတွင် ကူညီစောင့်ရှောက်ရန်၊ ဓနုအချင်းချင်း ချစ်ခင်ရင်းနှီးမှုများ ရရှိလာစေရန်၊ ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားရေးရာကိစ္စများတွင် ပူးပေါင်းဆောင်ရွက်ရန်ရည်ရွယ်၍ ဖွဲ့စည်းခဲ့ကြခြင်းဖြစ်သည်။

အသင်း၏နာယကများအဖြစ် ဦးဘမောင် (အငြိမ်းစားညွှန်ကြားရေးမှူး၊ သံရုံးများဦးစီးဌာန၊ နိုင်ငံရေးဝန်ကြီးဌာန)၊ ဒေါက်တာစောမြမေ (ဒု-ညွှန်ကြားရေးမှူး၊ ကျန်းမာရေးဦးစီးဌာန)၊ ဦးဘသန်းဟက် (ပါမောက္ခ၊ ဘူမိဗေဒဌာန၊ ရန်ကုန်)တို့အား တင်မြှောက်ခဲ့ကြသည်။

ကော်မတီဝင်များအဖြစ် -

| | | | |
|---|---|---|---|
| ၁။ | ဦးစိုးမြင့် | (ရှာင်) | ဥက္ကဋ္ဌ |
| ၂။ | ဦးသန်းဦး | (နောင်ချို) | ဥက္ကဋ္ဌ(၁) |
| ၃။ | ဦးတင်မြင့် | (အောင်ပန်း) | ဥက္ကဋ္ဌ (၂) |
| ၄။ | ဦးအုန်းကျော် | (ရေဦး ၊ ရှာင်) | အတွင်းရေးမှူး |

၅။ ဦးအောင်စိုး (ပင်းတယ) တွဲဘက်အတွင်းရေးမှူး
၆။ ဒေါ်သန်းညို (ကောင်းဘို့) ဘဏ္ဍာရေးမှူး
၇။ ဦးချစ်စိန် (ပွေးလှ) စာရင်းစစ်
၈။ ဦးညိုလွင် (အောင်ပန်း) ပြန်ကြားရေးမှူး
၉။ ဦးတင်ဟိန် (အောင်ပန်း) တွဲဘက်ပြန်ကြားရေးမှူး
၁၀။ ဦးအောင်ကြိုင် (ပင်းတယ) အလုပ်အမှုဆောင်
၁၁။ ဦးစိုးမြင့် (ပင်းတယ) အလုပ်အမှုဆောင်
၁၂။ ဦးကျော်လေး (အောင်ပန်း) အလုပ်အမှုဆောင်
၁၃။ ဦးဥာဏ်ဝင်း (ဟဲဟိုး) အလုပ်အမှုဆောင်
၁၄။ ဒေါ်ခင်မေလှ (ပင်းတယ) အလုပ်အမှုဆောင်တို့က
တာဝန်ယူ စွမ်းဆောင်ပေးခဲ့ကြသည်။

အသင်းဖွဲ့စည်းပြီး ရှမ်းပြည်နယ် ဓနုဒေသအသီးသီးမှ ချစ်ခင်ရင်းနှီးမှုများ ပိုမိုရရှိလာခဲ့ပြီး မောင်မယ်သစ်လွင်ကြိုဆိုပွဲများ၊ မိတ်ဆုံစားပွဲများ၊ တိုင်ပင်နှီးနှောမှုများ စဉ်ဆက်မပြတ် ပြုလုပ်နိုင်ခဲ့ကြသည်။

စတင်ဖွဲ့စည်းပြီး ဆယ်စုနှစ်ရောက်သော် အသင်းအင်အား တိုးပွားလာခဲ့ရုံသာမက အသင်းကိုလည်း ၁၉၈၂ ဖေဖော်ဝါရီလ (၈)ရက်နေ့တွင် ပြည်ထဲရေးနှင့် ကိုးကွယ်ရေးဗဟိုအဖွဲ့၏ မှတ်ပုံတင်သက်သေခံလက်မှတ်ကို ရရှိခဲ့သည်။ အသင်းကိုလည်း အောက်ပါပုဂ္ဂိုလ်များဖြင့် အသစ်ပြန်လည်ဖွဲ့စည်းနိုင်ခဲ့ကြပါတော့သည်။

ဦးဘမောင်၊ ဒေါက်တာစဝ်မြမေ၊ ဦးဘသန်းဟက် - နာယက
၁။ ဦးစိုးညွန့် (မြန်မာ့ထုတ်ကုန်သွင်းကုန်) - ဥက္ကဋ္ဌ
၂။ ဒေါ်ခင်သိန်းမြင့် (စီးပွားရေးတက္ကသိုလ်) - ဒုဥက္ကဋ္ဌ
၃။ ဦးအောင်ကြိုင် (အထက်တန်းပညာဦးစီးဌာန) - အတွင်းရေးမှူး

၄။ ဦးဇော်ထွန်း (စက်မှုတက္ကသိုလ်ကျောင်းသား) - တွဲဘက်အတွင်းရေးမှူး
၅။ ဦးချစ်စိန် (မြို့နယ် သ/မ) - ဘဏ္ဍာရေးမှူး
၆။ ဒေါ်ခင်ချောမြင့် (ပညာရေးတက္ကသိုလ်) - စာရင်းစစ်
၇။ ဦးကံညွန့် (အမှတ် ၂ ၊ ဒေသကောလိပ်) - ပြန်ကြားရေးမှူး
၈။ ဦးမောင်မောင်မြင့် (အမှတ် ၂ ၊ ဒေသကောလိပ်) - တွဲဘက်ပြန်ကြားရေးမှူး
၉။ ဦးစံမှင် (ဆပ်ပြာစက်ရုံ) - အဖွဲ့ဝင်
၁၀။ ဦးမြင့်ဦး (ရှရှား သံရုံး) (မောင်လင်းယုန် (ရှမ်းပြည်) - အဖွဲ့ဝင်
၁၁။ ဦးကျော်လေး (ဆောက်လုပ်ရေးကော်ပိုရေးရှင်း) - အဖွဲ့ဝင်
၁၂။ ဒေါ်လေးညွန့်စိန် - အဖွဲ့ဝင်
၁၃။ ဒေါ်စဝ်မြသိန်း (အင်္ဂလိပ်စာဌာန) - အဖွဲ့ဝင်
၁၄။ ဦးစံခိုင် (ကုန်သည်) - အဖွဲ့ဝင်
၁၅။ ဒေါ်နုနု (တီ/ကုမ္ပဏီး) - အဖွဲ့ဝင်
၁၆။ ဦးစိုးညွန့် (တီ/ကုမ္ပဏီး တက္ကသိုလ်ကျောင်းသား) - အဖွဲ့ဝင်

အသင်းရုံးကိုလည်း စမ်းချောင်းမြို့နယ် ကျွန်းတော (မြောက်) ဦးစိုးမြင့်၏ နေအိမ်တွင် အခြေပြုခဲ့သည်။ ၁၉၈၇ ၌ဦးစိုးမြင့်နေအိမ်အား မရမ်းကုန်းမြို့နယ်မှ သမိုင်းသို့ပြောင်းရွှေ့ခဲ့သဖြင့် အသင်းရုံးကိုလည်း ၎င်းနေအိမ်သို့ ဆက်လက်ပြောင်း ရွှေ့ခဲ့သည်။

အသင်းစတင်တည်ဆောက်စဉ်မှ စတင်၍ အသင်းမိတ်ဆုံစားပွဲ၊ မောင်မယ် သစ်လွင်ကြိုဆိုပွဲ၊ ကောက်သစ်စားပွဲ ၊ အသင်းသားများ၏

သာရေးနာရေးကိစ္စများ ပြည်ထောင်စုနေ့ အခါးရည်ဝိုင်း၊ ဝါဆိုသင်္ကန်းကပ်ခြင်း၊ ပြက္ခဒိန်ပို့စကတ်များ ရိုက်နှိပ်ဖြန့်ဖြူးခြင်း၊ ဓနုတိုင်းရင်းသား မွှောရုံတည်ဆောက်နိုင်ခဲ့ခြင်းအစရှိသော အမျိုးသားရေးကိစ္စများအပြင် ဘာသာရေးအခမ်းအနားများတွင် ပူးပေါင်းပါဝင်လှူဒါန်းခြင်း၊ အခြားတိုင်းရင်းသားများ၏ ကိစ္စရေးရာများ၌လည်း ပူးပေါင်းဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

အသင်းလုပ်ငန်းစဉ်များ အောင်မြင်လာသည်နှင့်အမျှ အသင်းရုံးအဆောက်အဦတစ်ခု ခိုင်ခိုင်မာမာရှိရန် လိုအပ်လာပါသည်။ ထိုသို့သာမက ရန်ကုန်မြို့သို့လာရောက်ကြသော ဓနုနယ်အသီးသီးမှ မိသားစုများ ခေတ္တကွန်းခိုရာနေရာလည်း လိုအပ်လာသည်။ ထို့ကြောင့် မိမိတို့အမျိုးသားရေးသာမက ဘာသာသာသနာရေးအတွက် 'ဓနုတိုင်းရင်းသားမွှောရုံ' ပေါ်ပေါက်လာရန် အားထုတ်ခဲ့ရာ ၂၀၀၁ အောက်တိုဘာလ (၁၁)ရက်နေ့တွင် ရန်ကုန်တိုင်း သံဃာ့နာယကရုံးဝင်းအတွင်း မြေနေရာရရှိခဲ့သည်။ ခွင့်ပြုမွှောရုံများ စည်းမျဉ်းစည်းကမ်းနှင့်အညီ မွှောရုံဆောက်လုပ်ခွင့်ကိုလည်း တစ်ပြိုင်တည်း ရရှိခဲ့ပါတော့သည်။

'ဓနုတိုင်းရင်းသားမွှောရုံ'ဟု အများသဘောတူ သတ်မှတ်ခဲ့သော်လည်း အကြောင်း အမျိုးမျိုးကြောင့် တည်ဆောက်နိုင်ခြင်းမရှိဘဲ ၂၀၀၃ ဇူလိုင်လ (၂၄)ရက်နေ့ရောက်မှ ရန်ကုန်မြို့ မင်းနေလွင် ဆောက်လုပ်ရေးနှင့် သဘောတူ စာချုပ်ချုပ်ဆိုပြီး လုပ်ငန်းစတင်နိုင်ခဲ့သည်။ မွှောရုံအတွက် လုပ်ငန်းရှင်(၆)ဦးမှ အလှူငွေသိန်း (၃၀၀) ၊ ထူးကုမ္ပဏီက ဘိလပ်မြေအိတ် (၃၀၀၀)ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်က အမိုးသွပ်၊ မိုမင်တန်ကုမ္ပဏီက သံချောင်းတန် (၃၀)၊ ဂျိုးသိန်းဆေးလိပ်နှင့် ဝင်းနိုင်ဝင်းကုမ္ပဏီက အထပ်သား (၃၀၀)၊ မိဘမေတ္တာသစ်စက်က သစ် (၂၅)တန်၊ သစ်ကမ္ဘာကုမ္ပဏီက လိုအပ်သော ပါကေးများ လှူဒါန်းပေးခဲ့သည်။ လိုအပ်ငွေများအတွက်

အသင်းကော်မတီမှ နိုးဆော်ခဲ့ရာ ၂၀၀၄ ခုနှစ် အစပိုင်း(၃)လအတွင်း (၆၅) သိန်းကျော်ကို ကောက်ခံရရှိသဖြင့် ဓမ္မာရုံကြီး ဧပြီလကုန်တွင် အပြီးသတ်နိုင်ခဲ့ပါတော့သည်။

ဓမ္မာရုံကြီး ကုန်ကျငွေ စုစုပေါင်းမှာ (၁၀၈၀)သိန်း ကုန်ကျခဲ့ပြီး ဓမ္မာရုံအပေါ်ဆုံးထပ်တွင် ပင်းတယမြို့ အလယ်ဂူမှ ဗုဒ္ဓဆင်းတုတော်ကို ပင့်ဆောင် ပူဇော်နိုင်ခဲ့ပါသည်။ ဓမ္မာရုံပထမထပ်ရှိ ရုပ်ပွားတော်အလှူရှင်မှာ ဦးအောင်ဆန်း + ဒေါ်ခင်သီတာ မိသားစုတို့ဖြစ်ပါသည်။ ရန်ကုန်မြို့ ရွှေတိဂုံအရှေ့ဘက်မုခ်ရှေ့ရှိ ဓနုတိုင်းရင်းသားဓမ္မာရုံကို ၂၀၀၄ ဒီဇင်ဘာ (၁၉)ရက်နေ့တွင် ခမ်းနားစွာဖွင့်လှစ်နိုင်ခဲ့သည်။

နိဂုံးချုပ်အနေဖြင့် ၁၉၇၂ခုနှစ်မှ စတင်ခဲ့သော ဓနုတိုင်းရင်းသား မိသားစုအသင်းမှသည် မြန်မာနိုင်ငံ၏ မြို့တော်အတွင်း 'ဓနုတိုင်းရင်းသား ဓမ္မာရုံ'တည်ဆောက်နိုင်ရုံနိုင်သာမက ဓနုတို့၏ အမျိုးဘာသာသာသနာ မှတ်တိုင်များ စိုက်ထူလျက်ရှိပါကြောင်း မှတ်တမ်းတင်လိုက်ရပါသည်။

## (၂၆) ဓါတ်ပေါင်းရတနာမာန်အောင် စေတီတော် (ရေဦး)

လွန်ခဲ့သော နှစ်ပေါင်း ၂၃၆နှစ်က နန်းတက်တော်မူခဲ့သော ဘိုးတော်ဘုရားသည် နိုင်ငံတော်အတွင်း သာသနာတိုးတက်လာမှုကို လိုလားသဖြင့် သံဃာတော်ငါးပါးကိုစေလွှတ်ပြီး သာသနာပြုတော်မူခဲ့သည်။ ထိုအထဲတွင် ရေဦးမြို့ (ဘော်နယ်)သည်လည်း သာသနာပြုစေလွှတ်ရာ မြို့တစ်မြို့ဖြစ်ခဲ့သည်ဟူ၏။ မူလကသဲပုံစေတီတော်အနေအထားမှ ကောဇာသက္ကရာဇ် ၁၁၄၆ခု၊ တော်သလင်းလဆန်း(၁၀)ရက်နေ့တွင် အပေါ်မှငုံ၍ အုတ်မြစ်ချကာ တည်ထားတော်မူခဲ့သောစေတီလည်းဖြစ်သည်။ အသပြာငွေတစ်သောင်းကုန်ကျခံပြီး ၁၁၅၄-ခု၊ ပြာသိုလဆန်း(၄)ရက်နေ့ရောက်မှ ပြီးစီးအောင်မြင်ခဲ့ကြောင်း အဆိုပါဘုရားသမိုင်းစာအုပ်အရ သိရှိရပါသည်။

ရေဦးမြို့ ဓါတ်ပေါင်းရတနာမာန်အောင်စေတီတော်သည် ဘော်နယ်တစ်ခုလုံး၏သည်းခြေဖြစ်သည်နှင့်အညီ ပွဲကြီးသဘင်နှစ်စဉ်ကျင်းပနိုင်မှသာ မိုးလေဝသမှန်ကန်ပြီး ကောက်ပဲသီးနှံအထွက်တိုးသည်ဟု ဒေသခံများက ယူဆခဲ့ကြသည်။ နှစ်စဉ်ပွဲကို တန်ခူးလနှင့် ကဆုန်လအကြား၌ တာတက်ပွဲအဖြစ် ကျင်းပပြုလုပ်လျက်ရှိသည်။ နှစ်စဉ်နှစ်တိုင်း ပြာသိုလ၌ ပရိဝါသ်မာနတ်ဆောက်တည်ပွဲ (ဝတ်ဆောက်တည်ပွဲ)ကိုလည်း ဆင်ယင်ကျင်းပရာနေရာပင်ဖြစ်သည်။ ထိုသို့သာမက ပရိယတ္တိစာပြန်ပွဲကိုလည်း ဆင်ယင်ကျင်းပရာနေရာဖြစ်၍ ဘော်နယ်ရေဦးသည် သာသနာတော်အတွက် အထူးထင်ရှားလှသောဒေသပင် ဖြစ်ပါသည်။

သီရိလင်္ကာနိုင်ငံမှ ဦးနုကိုယ်တိုင်ပင့်ဆောင်လာခဲ့သော မဟာဗောဓိညောင်ပင်ပျိုးများအနက်မှ တစ်ပင်ကို ၁၃၁၀ ပြည့်နှစ်၊ ကဆုန်လပြည့်နေ့တွင် အခမ်းအနားနှင့်ပင့်ဆောင်စိုက်ပျိုးခဲ့သော ထိုညောင်ပင်မှာ ယနေ့ထက်တိုင် သာယာ တင့်တယ်ကြည်ညိုဖွယ်ရာအဖြစ် မြင်တွေ့နေရသည်။

ယနေ့ရှင်မြို့နယ် ရေဦးကျောက်မြောင်းကျေးရွာအတွင်း တည်ရှိသော ဓါတ်ပေါင်းရတနာ မာန်အောင်ဘုရား သည်ရှေးအခါက နှစ်စဉ်ဘုရားပွဲစည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။ ၁၂၈၆ခုနှစ်မှစတင်၍ ဘုရားပွဲရက်ကို မြို့ကြီး ငါးဆူဘုရားပွဲသို့ပေါင်း၍ ပြောင်းလဲပြုလုပ်ခဲ့သဖြင့် ယနေ့အချိန်တွင် ဆွမ်းတော်ကြီးကပ်လှူပွဲအဆင့်သာ ပြုလုပ်နိုင်တော့ကြောင်း ထပ်မံသိရှိရပါသည်။

## (၂၇) **မိန်းမရဲသခင်မတောင် (ရှင်မြို့နယ်)**

ရှင်-အောင်ပန်းအကြား မြင်းကျဒိုးကျေးရွာမရောက်မီ ယောက်ကော်အဖေကြီးကောင်းမှု မိန်းမရဲသခင်မတောင်ကို ရောက်ရှိမည်ဖြစ်သည်။ မိန်းမရဲသခင်မတောင်မှတဆင့် ရေပြာအိုင်၊ တောကျယ်ရေတံခွန်၊ အလယ်ချောင်ရေတံခွန်များကို နာရီပိုင်းအတွင်း သွားရောက်လည်ပတ်နိုင်သည်။

မိန်းမရဲသခင်မတောင်နှင့်ပတ်သက်၍ ဒဏ္ဍာရီပုံပြင်ဆန်ဆန် ဇာတ်လမ်းများရှိခဲ့သော်လည်း အဆိုပါတောင်ပေါ်၌ ဘုရားစေတီပုထိုးများဖြင့် သာယာသပ္ပါယ်စွာတည်ထားကိုးကွယ်ခဲ့ခြင်းကြောင့် နာမည်ကျော်ကြားလာခြင်းပင်ဖြစ်သည်။ မိန်းမရဲဆိုသည်မှာ ရဲတင်းသောမိန်းခလေးဟု အဓိပ္ပာယ်ရပြီး ရဲရင့်ရဲတင်းသောသခင်မတောင်ဟုခေါ်ဆိုခြင်းပင်ဖြစ်သည်။ ယခင်က နတ်ကြီးပြီးနေရာကြမ်း၍ ဒေသခံများမသွားရဲမလာရဲဖြစ်ခဲ့သည်ဟု ဆိုသည်။ ၂၀၁၀ နောက်ပိုင်းလွန်စွာသာယာ လှပသောနေရာဖြစ်အောင် စီမံခဲ့၍ အဝင်အထွက်များလာခြင်းဖြစ်သည်။

ဒဏ္ဍာရီပုံပြင်အရ မိန်းခလေးငယ်တစ်ဦးအချစ်ကြောင့် ထိုတောင်ပေါ်တွင် ခုန်ချအဆုံးစီရင်ခဲ့သည်။ ထို့နောက် တောင်စောင့်သခင်မဖြစ်လာသည်ဟု ဆိုသည်။ ကိုယ်မလုပ်ချင်သည့်အရာကို လုံးဝမလုပ်ဘဲ အသက်အသေခံလိုက်သဖြင့် ၎င်းတောင်ကို မိန်းမရဲသခင်မတောင်ဟု သမုတ်ခဲ့ခြင်းဖြစ်သည်။ ချစ်သူစုံတွဲများနှင့်အတူ မသွားကြဟုသိရသည်။ ယောက်ကော်ရသေ့ကြီး၏ အိမ်မက်အရသာသနာပြုရာတောင်ဖြစ်သည်။ မိန်းမရဲတောင်ဖန်တီးခဲ့သူ ယောက်ကော်ရသေ့ကြီးသည် ၂၀၁၅ဝန်းကျင်က ကွယ်လွန်ခဲ့လေပြီ။ ရွှာင်ကားလမ်းဘေး အောင်ပန်းမှ ၂၁မိုင်တွင် တည်ရှိသည်။

## (၂၈) ရွှေဥမှင်စေတီတော်(ရပ်စောက်)

ရပ်စောက်မြို့ မြို့ကုန်းရပ်တွင် ကြောင်လိန်ဘုရား(ခေါ်)ရွှေဥမှင်စေတီတော်တည်ရှိသည်။ ရပ်စောက် မြို့တွင်ထင်ရှားသော ရှစ်သောင်းဘုရားနှင့် ရွှေစည်းခုံစေတီအကြားတည်ရှိသည်။ ရွှေဥမှင်စေတီတော်သည် ရှေးဟောင်းသုတေသနဦးစီးဌာနက ထိန်းသိမ်းစောင့်ရှောက်ထားသော စေတီတော်တစ်ဆူလည်းဖြစ်သည်။ ရပ်စောက်မြို့စား မောင်ရွှေရည်က ခရစ်နှစ် ၁၇၇၂ခုနှစ်တွင် တည်ထားခဲ့ကြောင်း လေ့လာသိရှိရသည်။ ယခုနှစ်ပေါင်း ၂၅၀ကျော်

သက်တမ်းရှိလာပါပြီ။ ထိုစေတီတော်ကို (၇)နှစ်ကျော်တည်ထားခဲ့ရကြောင်း၊ ဉာဏ်တော်အမြင့်(၆၆)တောင်ရှိကြောင်း၊ ပထမရင်ပြင်တော်အကျယ် တစ်ဘက်လျှင် (၆၆)ပေ စီရှိကြောင်း၊ ရပ်စောက်မြို့ရှိစေတီတော်အားလုံးအတွင်း အထူးခြားဆုံးဗိသုကာလက်ရာဖြင့် တည်ဆောက်ထားကြောင်း၊ စေတီတော် အတွင်းမှ ဥမင်ပတ်လမ်း(၇)နှစ်ရစ်ဖြင့်အပေါ်သို့ တက်ရောက်နိုင်ကြောင်း၊ ပုဂံရှိသဗ္ဗညုစေတီတော်နှင့် ပုံစံတူဖြစ်ကြောင်း၊ နံရံဆေးရေးပန်းချီများဖြင့် ချယ်သတည်ဆောက်ထားကြောင်း အစရှိသည်များ လေ့လာသိရှိရပါသည်။

၁၉၉၄ ခုနှစ်မှစတင်၍ ရှေးဟောင်းသုတေသနဦးစီးဌာနက ထိန်းသိမ်း စောင့်ရှောက်ထားသောစေတီဖြစ်ပါသည်။ ရပ်စောက်မြို့၏အခြား ထင်ရှား ဘုရားစေတီများမှာ မုဋ္ဌောစေတီ၊ စူဠာမုနိပုထိုးတော်ကြီးတို့ပင်ဖြစ်ပါသည်။

## (၂၉) ဓနုတိုင်းရင်းသားကျောင်းတိုက်(မန္တလေး)

နောင်ချိုမြို့နယ်၊ ဩဝါဒဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူလျက် ဦးစန္ဒနသာမိ၊ ဦးစေတိရာလင်္ကာရာဘိဝံသ၊ ဦးပုညဝံသ၊ ဦးဉာဏိတ တို့က ၂၀၀၆ခုနှစ်၊ ဒီဇင်ဘာလ(၂၄)ရက်နေ့တွင် စတင်တည်ထောင်တော်မူခဲ့သည်။

ကျောင်းတိုက်အတွင်း ကျောင်းဆောင်(၃)ဆောင်ရှိပြီး အလှူရှင် အများစုမှာ နောင်ချိုမြို့နယ်မှ ဓနုတိုင်းရင်းသားများဖြစ်သည်။ ဓနုတိုင်းရင်း သားရေးရာကိစ္စရပ်ကြီးငယ်များ လာရောက်စုရုံးတိုင်ပင်ရာ နေရာလည်း ဖြစ်သည်။ လက်ရှိတွင် ဆရာတော်ဦးဒေဝိန္ဒက သာသနာပြုထိန်းသိမ်းလျက်ရှိ သည်။ ကျောင်းတည်နေရာမှာ ၇၂ လမ်းနှင့် ဇော်ဂျီလမ်းကြား၊ ပြည်ကြီးတံခွန် မြို့နယ်တွင်တည်ရှိသည်။ မန္တလေး-ရန်ကုန်အမြန်လမ်းဆုံအစ လမ်းညာဘက်မှ ဝင်ရောက်ပါက ပိုမိုလွယ်ကူပါသည်။

▼ ▼ ▼

# အခန်း (၉)

## ဓနဒေသအထင်ကရ လေ့လာစရာများ

### (၁) မြန်မာ့မြေလွှာထုနှင့် ပြဒါးလင်းဂူ

မြန်မာနိုင်ငံအပါအဝင် အာရှတိုက်သည် ကမ္ဘာ့ဦးလူသားများ စတင်နေထိုင်ရာဒေသဖြစ်သည်။ အာရှတိုက်တောင် ပိုင်းအပါအဝင်ဖြစ်သော မြန်မာနိုင်ငံတွင် ရှေးအချိန်က နီဂရစ်တိုအမျိုးအနွယ်များ နေထိုင်ခဲ့ဖူးဟန်ရှိသည် ဟုဆိုသည်။ သူတို့သည် မိမိတို့ထက်အဆင့်အတန်းမြင့်သော လူမျိုးများတိုးဝင်မှု ကြောင့် မြန်မာနိုင်ငံတောင်ပိုင်းအရပ်ရှိ ကျွန်းစုများသို့တဖြည်းဖြည်း ရောက် သွားကြသည်ဟု ယူဆခဲ့ကြသည်။

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့သက်တမ်းသည် နှစ်သန်းပေါင်း ၄၅၀၀ခန့်ရှိပြီး မြန်မာ့မြေလွှာသည် လွန်ခဲ့သော နှစ်ပေါင်းသန်း ၆၀၀ခန့်မှစတင် ၍ ဖြစ်ပေါ်ခဲ့သည်ဟု ဘူမိပညာရှင်များကဆိုသည်။ နှစ်သန်း၃၀၀ ကျော်ကို သက်ဦးကပ်ဟု သတ်မှတ်သည်။ ၁၆၇သန်းကို သက်လယ်ကပ်ဟု သတ်မှတ် သည်။ နောက်ဆုံး နှစ် ၆၃သန်းလောက်ကို သက်နှောင်းကပ် အဖြစ်ကူးပြောင်း သတ်မှတ်ခဲ့သည်။ သက်နှောင်းကပ်အတွင်း လွန်ခဲ့သော နှစ် ၁၅သန်းရောက်မှ

မြန်မာ့မြေလွှာသည် ယခုပထဝီမျက်နှာပြင်အတိုင်း ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။ နှစ်သန်း ၁၇၀ ကျော်ဖုံးလွှမ်းခဲ့သော ပင်လယ်ပြင်ကြီးအောက်မှ လွတ်မြောက်ခဲ့သည်။ လွန်ခဲ့သော နှစ် ၁၄သန်းက မြန်မာ့မြေပေါ်တွင် ကြောရိုးရှိ နို့တိုက်သတ္တဝါများ ပေါ်များခဲ့သည်။

ဤသို့ဖြင့် ကမ္ဘာ့လူသားတို့စတင်ပေါ်ထွန်းရာဖြစ်သည့် စတုတ္ထကပ်ခေါ် နှင်းခဲခေတ်ကြီးစတင်ခဲ့သည်။ နှင်းခဲခေတ် သက်တမ်းမှာ လွန်ခဲ့သော နှစ်တစ်သန်းမှစ၍ ယနေ့တိုင် အကျုံးဝင်လျက်ရှိသော ကပ်ဖြစ်ပေသည်။ နှင်းခဲခေတ်ဆိုသည့်အတိုင်း ဟိမဝန္တာတောင်၏မြောက်ဘက်တွင် ရေခဲပြင်ကြီးများ လေးကြိမ်မျှဖုံးလွှမ်းခဲ့သည်ဟုဆိုသည်။ လွန်ခဲ့သော နှစ်တစ်သောင်းရောက်မှသာ နှင်းခဲဖုံးလွှမ်းမှု စတင်ဆုတ်ခွာခဲ့ပါသည်။ ဤကာလအတွင်း ကျောက်ကြမ်းခေတ်မှ ကျောက်ခေတ်လယ်ယဉ်ကျေးမှုက အစားထိုးဝင်ရောက်လာသည်ကိုတွေ့ရသည်။

မြန်မာ့မြေမျက်နှာပြင်ပထဝီဝင်သည်လည်း ကုန်းမြင့်၊ တောင်တန်း၊ ရိုးမများပိုင်းခြားတည်ရှိလာပြီး ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်မြစ်ကြီးများခြံရံလျက် လူနှင့်တိရိစ္ဆာန်စသည့် သတ္တလောကသားတို့မှီတင်းနေထိုင် ကျက်စားရာရေခံ၊ မြေခံကောင်းများဖြစ်တည်လာပါတော့သည်။ လွန်ခဲ့သောနှစ်ပေါင်း ၁၈၀၀၀ မှ ၇၀၀၀ ခန့်အကြား ကျောက်ခေတ်လယ်ဖြစ်တည်ခဲ့သည်ဟု ခန့်မှန်းကြသည်။ ကျောက်ခေတ်လယ်အတွင်း လူသားတို့သည် တောင်ပေါ် ဒေသအနှံ့အပြားတို့၌ နေထိုင်ခဲ့ကြလေသည်။ အထောက်အထားများသည်လည်း ထင်ရှားလာသည်။ ထို့နောက် နှင်းခဲခေတ်လွန်မြောက်ပြီး အချိန်ကာလအတန်ကြာသော် ကျောက်ချောခေတ်သို့ ဆိုက်ရောက်လာတော့သည်။

ဧရာဝတီမြစ်ရိုးတစ်လျှောက် ရှေးဦးလူသားများနေထိုင်ခဲ့သော ဒေသများ၊ ကချင်တောင်တန်းနှင့် ရှမ်းပြည်မြောက်ပိုင်း ဒေသမှစ၍ဆောင်းရရှိခဲ့

သော ကျောက်လက်နက်များ၊ ရှမ်းပြည်တောင်ပိုင်း မုံတဝဂူရှိ အိုးခြမ်းကွဲများ၊ တောင်ကြီးမြို့အနီး တင်းအိမ်ဂူအတွင်းရှိ တိရစ္ဆာန်အရိုးများ၊ ခရုခွံများ၊ မီးသွေးစများကို နိုင်ငံတကာသုတေသီများလေ့လာခဲ့ခြင်းအားဖြင့် ကျောက်ခေတ်လူသားတို့၏ ယဉ်ကျေးမှုဆိုင်ရာသုတများသည် ထူးခြားလျက်ရှိကြောင်း ဖော်ပြခဲ့သည်။

မြန်မာနိုင်ငံ၏ ကျောက်ချောခေတ်ကာလ ဂူနေလူသားများ၏ ယဉ်ကျေးမှုအထောက်အထားများသည် ပြဒါးလင်းဂူကြောင့် ပိုမိုခိုင်မာလာခဲ့သည်။ ပြဒါးလင်းဂူသည် ရှမ်းပြည်နယ်တောင်ပိုင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ် ညောင်ကြပ်ရွာ အရှေ့မြောက်ဘက်(၄)မိုင်၊ရေပုတ်ရွာဟောင်း အနောက်ဘက်(၁)မိုင်ခန့်တွင် တည်ရှိသည်။ အောင်ပန်းမြို့မှ (၄၃)မိုင်ဝေးသောရွာငံမြို့သို့မရောက်မီ ၃-မိုင်အလိုတွင် လမ်း၏ဘယ်ဘက်သို့ ချိုးကွေ့ဝင်ပြီး(၁၀)မိုင်ခန့်သွားပါက ပြဒါးလင်းဂူသို့ ရောက်ပါလိမ့်မည်။ ရှမ်းကုန်းပြင်မြင့်အနောက်ခြမ်း တောင်စွယ်အခြေပိုင်းတွင်ရှိသည်။ ပန်းလောင်နှင့် ပြဒါးလင်းဂူ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသတ်မှတ်ထားသည်။

၁၉၆၈ခုနှစ်အတွင်း နွားကျောင်းသားကလေးငယ်နှစ်ဦး စတင်တွေ့ရှိရာမှ လူသိများလာခြင်းဖြစ်သည်။ ပြဒါးလင်းဂူအတွင်း ကျောက်ခေတ်ဆိုင်ရာ နံရံပန်းချီများရှိသည်ဟု ဘူမိဗေဒပညာရှင် ဦးခင်မောင်ကျော်တင်ပြချက်များကြောင့် ၁၉၆၉ ဇန်နဝါရီလအတွင်းက မြန်မာနိုင်ငံရှေးဟောင်းသုတေသနဌာန၊ သမိုင်းကော်မရှင်၊ တက္ကသိုလ်ဘူမိဗေဒဌာန၊ မနုဿဗေဒဌာနနှင့် တာဝန်ရှိသူများက သွားရောက်ကွင်းဆင်းလေ့လာခဲ့ကြသည်။

ပြဒါးလင်းဂူသည် ပင်လယ်ရေမျက်နှာပြင် (၁၀၅၀)မြင့်သော ကုန်းပေါ်တွင်တည်ရှိသည်။ ကိုက် ၂၀၀ခန့်အကွာအဝေးတွင် ဂူနှစ်ခုကပ်လျက်တည်ရှိသည်။ မြေပြင်ပေ(၅၀)မှ (၇၀)အထိမြင့်သော တောင်ကမ်းပါးယံတွင် တောင်ဘက်သို့ မျက်နှာပြုတည်ရှိသည်။ အရှေ့ဖက်တွင် ဂူအမှတ်(၁)

တည်ရှိပြီး ကျောက်ခေတ်ပန်းချီများတွေ့နိုင်သည်။ ဂူအမှတ်(၂)၏ အတွင်းပိုင်းတွင် ကျောက်စက်ပန်းဆွဲများ၊ ကျောက်စက်မိုးမျှော်များဖြင့် ပြည့်နှက်နေသည်။ ပို၍လည်းကျယ်ဝန်းသည်။ ဂူတစ်ခုတည်းမဟုတ်ဘဲ ဂူကိုးခုစီတန်းပြီး တစ်ခုနှင့်တစ်ခု ကျဉ်းမြောင်းသည့်ဂူများနှင့်တွဲလျက်ရှိသည်။ ပေ(၈၀၀) ဝန်းကျင် ရှည်လျားသည့်မြေပြင်မှအမြင့်ပေ(၇၀)ခန့်တွင်တည်ရှိသည်။ ထိုဂူအတွင်းရှိ ထုံးကျောက်သားများမှာ ပြဒါးကဲ့သို့ လင်းလက် တောက်ပနေသဖြင့် ပြဒါးလင်းဂူဟုသမုတ်ခဲ့ပုံရသည်။ ဂူခေါင်မိုးပေါ်တွင် အလင်းပေါက်များရှိသည်။ အလွန်ကျယ်ဝန်းစွတ်စိုသဖြင့် လူနေရန်မသင့်လျော်ဟု သုတေသီတို့ကဆိုခဲ့သည်။

ဂူအမှတ်(၁)သည် အလင်းရောင်ကောင်းစွာရရှိပြီး လေကောင်းလေသန့်ရရှိကာ ပေ(၃၀၊ ၄၀)အထိသာ ကျယ်ဝန်းသဖြင့် လူနေရန်သင့်တော်သောဂူဟု လေ့လာခဲ့ကြသည်။ လူသားများနေထိုင်ခဲ့ကြောင်း ခိုင်မာသည့်အထောက်အထားမှာ နံရံပန်းချီလက်ရာများပင်ဖြစ်သည်။ သုတေသနပြုစဉ် တူးဖော်ရရှိခဲ့သော ကျောက်လက်နက်အရေအတွက်များမှာ (၁၆၀၀)ကျော်သည်။ ကျောက်လက်နက်အမျိုးအစားများမှာ ကျောက်ကွင်းများ၊ ကျောက်တူများ၊ လက်ကိုင်မဲ့ခွက်များ၊ ခုတ်စဉ်းကိရိယာများ၊ လုပ်လက်စကျောက်လက်နက်များ စသည်တို့ဖြစ်သည်။ အခြားတူးဖော်ရရှိသည့် ပစ္စည်းများမှာ တိရစ္ဆာန်အရိုးများ (စားကြွင်းစားကျန်)၊ လူအရိုးဟုယူဆရသည့်အရိုးများ၊ မီးသွေးစများ၊ အိုးခြမ်းပဲ့များ၊ ပန်းချီရေးရာတွင် အသုံးပြုသည့် ဆေးနီကျောက်ခဲများ၊ ကျောက်လက်နက်များကို အချောကိုင်သွေးသည့် ကျောက်ပျဉ်စသည်တို့ဖြစ်သည်။

ပန်းချီများကိုမြေပြင်မှ (၁၀ပေ၊ ၁၂ပေ)အမြင့်တွင် ရေးဆွဲထားခြင်းဖြစ်သည်။ နီညိုရောင်ဆေးဖြင့် ရေးဆွဲခြယ်လှယ်ထား၏။ ပုံပေါင်း (၁၂) ပုံ တွေ့ရှိရသော်လည်း (၉)ပုံသာလျှင် အမျိုးအမည်ကိုခန့်မှန်းသိရှိနိုင်သေးသည်။

ယင်းပုံများမှာ နေပုံ၊ ငါးပုံ၊ နွားရိုင်းသားအမိပုံ၊ နွားရိုင်းဖေ့နေပုံဟုယူဆရသောပုံ၊ လက်ဝါးပုံနှင့် ကျန်ပုံများသည် တိရစ္ဆာန်ပုံများဖြစ်သည်။

ပြဒါးလင်းဂူဝန်းကျင်ရှိ ဒေသန္တရထွက် ထုံးကျောက်များအပြင် သလင်းကျောက်၊ နှမ်းဖတ်ကျောက်၊ သဲကျောက်၊ မီးသင့်ကျောက်၊ မြစ်ကမ်းပါးများရှိ ကျောက်စရစ်မျိုးစုံကို ဂူအတွင်းတွေ့ရှိခဲ့သဖြင့် ကျောက်လက်နက်ပစ္စည်းထုတ်လုပ်သည့် ကျောက်ခေျာခေတ်အလုပ်ရုံတစ်ခုဖြစ်ကြောင်း ခန့်မှန်းခဲ့ကြလေသည်။

တွေ့ရှိခဲ့သောအချို့အစိတ်အပိုင်းများကို နယူးဇီလန်တက္ကသိုလ်သို့ ပို့ဆောင်ပေးခဲ့ပြီး ကာဗွန်သရုပ်ခွဲနည်းအရ စမ်းသပ်စစ်ဆေးခဲ့ရာ ကျောက်ချောခေတ်ကာလမှဂူဖြစ်ကြောင်းနှင့် သက်တမ်းမှာလည်း နှစ်ပေါင်း (၁၃၀၀၀) ရှိကြောင်း အခိုင်အမာအဖြေရရှိခဲ့ပါသည်။ လူသားတို့နေထိုင်ခဲ့သည်မှာလည်း သက်သေပြနိုင်ခဲ့သည်။

၂၀၀၉ခုနှစ် ဇန်နဝါရီလတွင် ယဉ်ကျေးမှုဝန်ကြီးဌာနက ထပ်မံတူးဖော်ခဲ့ရာ ကျောက်လက်နက်ပေါင်း(၄၀၀)ကျော် ရရှိခဲ့သည်ဟုသိရသည်။ ပြဒါးလင်းဂူ၏ အသစ်တွေ့ရှိမှုဖြစ်သော ဂူအမှတ်(၁)မှ ကျောက်ခွက်ငယ်လေးများ(သမိုင်းမတင်မီ ခေတ်အနုပညာ)နှင့် နံရံပန်းချီများသည် မြန်မာနိုင်ငံ၏ တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များပင် ဖြစ်တော့သည်။

ထို့ကြောင့် ၁၉၉၄ ခုနှစ်၊ အောက်တိုဘာလ(၄)ရက်နေ့က ပြဒါးလင်းဂူအား အနာဂတ်ကာလတွင် ကမ္ဘာ့အမွေ အနှစ်စာရင်းတင်သွင်းနိုင်ရန်အတွက် ယူနစ်စကိုသို့ တင်သွင်းခဲ့ပြီးဖြစ်သည်။

အချုပ်အားဖြင့် တရုတ်နိုင်ငံတွင် ရှေးဦးလူသားပီကင်း လူရိုင်းတို့ နေထိုင်သည့် အထောက်အထားများနှင့် ဥရောပဒေသတို့၌ အစောဆုံးလူမျိုးနွယ်

ရင်းများအဆက်ထက်ပို၍ရှေးကျသော ကျောက်ခေတ်လူသားများ နေထိုင်ခဲ့ကြောင်း ပြဒါးလင်းဂူက ပြသနိုင်ခဲ့ပါပြီ။

ထိုသို့သာမက ၂၀၁၅ခုနှစ်အတွင်း ပြဒါးလင်းဂူတည်ရှိရာ အနောက်တောင်ဘက် ၃မိုင်အကွာ ရွာငံမြို့နယ်၊ ကမ္ဘာ့နီကျေးရွာအနီး ကျောက်တုံးကြီးများပေါ်တွင် ကျောက်ခေတ်ဆေးရေးပန်းချီများကို ထပ်မံတွေ့ရှိခဲ့ပါသည်။ သို့ပါ၍ ကျောက်ခေတ်လူနေမှုလေ့စရိုက်များအား ပိုမိုဖော်ထုတ်ပေနိုင်တော့မည်ဖြစ်ရာ မြန်မာနိုင်ငံအတွက်သာမက ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ဓနုလူမျိုးများအတွက် ဂုဏ်ယူရမည့်နေရာတစ်ခု ဖြစ်လာတော့မည်ဖြစ်ကြောင်း မှတ်တမ်းပြုလိုက်ရပါသည်။

## (၂) ကမ္ဘာကျော်ဂုတ်ထိပ်တံတား

ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံး စာရင်းဝင်ခဲ့သဖြင့် မြန်မာနိုင်ငံရှမ်းမြောက် နောင်ချိုမြို့အနီးက ဂုတ်ထိပ်တံတားသည် ကမ္ဘာကျော်ရခြင်းပင်ဖြစ်သည်။ အင်္ဂလိပ်အစိုးရသည် မန္တလေးကွမ်းလုံ မီးရထားလမ်းဖောက်လုပ်ရာတွင် မဖြစ်မနေလိုအပ်ချက်အရ ဂုတ်ထိပ်တံတားကြီးကို တည်ဆောက်ခဲ့ရခြင်းဖြစ်သည်။ ၁၈၉၇ ခုနှစ်တွင်တည်ဆောက်ခဲ့ပြီး တံတား၏အလျားပေမှာ (၂၃၆၀)ပေရှိသည်။ အမြင့်ပေ (၁၁၀၀)ရှိသည်။ သံမဏိတန်ချိန် (၄၃၁၁) တန်နှင့် သံမှိုပေါင်း ၁၀၀၀၀၀၀ (ဆယ်သိန်း)သုံးစွဲခဲ့ရသည်ဟူ၏။

ဂုတ်ထိပ်တံတားသည် နောင်ချိုဘူတာအလွန် မီးရထားမိုင်တိုင်အမှတ် ၄၆၃/၀.၉ အနီး ကျောက်ဂူကြီးအပေါ်သို့ဖြတ်၍ တောင်ထိပ်နှစ်ခုကို ဆက်သွယ်ထားခြင်းဖြစ်သည်။ အမေရိကန်နိုင်ငံ ပင်ဆီလဖေးနီးယားနှင့် မေရီလန်းတံတားဆောက်လုပ်ရေးကုမ္ပဏီအား ငှားရမ်းဆောက်လုပ်စေခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က ကုန်ကျငွေမှာ (၁၆၉၈၂၀၀)ကျပ်ဖြစ်သည်။ ၁၈၉၉ ဧပြီလ (၂၈)ရက်နေ့တွင် လုပ်ငန်းစတင်ခဲ့ပြီး (၁၉၀၀)ပြည့်နှစ် နိုဝင်ဘာ(၁၁)

ရက်နေ့တွင် အလုံးစုံပြီးစီးခဲ့သည်။ တံတားသက်သက် တည်ဆောက်ချိန်မှာ (၉)လကျော်သာရှိကြောင်းလည်း လေ့လာရပါသည်။

ဂုတ်ထိပ်တံတားသည် နမ့်တူသတ္တုတူးဖော်ရေးလုပ်ငန်း၏ သယ်ယူပို့ဆောင်မှုအတွက် အရေးပါခဲ့သည်။ ထိုအကြောင်းကြောင့် ဒုတိယကမ္ဘာစစ်ကြီးတွင် မဟာမိတ်တို့၏ မြေလှန်စနစ် အရ ဖျက်ဆီးခြင်းခံခဲ့ရသည်။ သံတိုင်အမှတ် ၂ နှင့် ၅ပျက်စီးခဲ့သည်။ တဖန် မြန်မာနိုင်ငံမှ ဆုတ်ခွာပေးရသော ဂျပန်တို့သည် တံတား၏အမြင့်ဆုံးဖြစ်သော သံတိုင်အမှတ် (၉၊ ၁၀၊ ၁၁၊ ၁၂)တို့ကို အောက်ခြေမှ ဗုံးဖြင့်ဖျက်ဆီးခဲ့ပြန်သည်။ လွတ်လပ်ရေးရရှိပြီး ၁၉၄၈ မေလတွင် ပြင်ဆင်ရေးလုပ်ငန်းစတင်ခဲ့သော်လည်း ပစ္စည်းရှားပါးမှုနှင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် ၁၉၅၁ ဩဂုတ်လရောက်မှ ပြီးစီးခဲ့လေသည်။ ပြုပြင်စရိတ်မှာ (၃၂)သိန်းနီးပါး ကုန်ကျခဲ့သည်။

တည်ဆောက်ချိန်တွင် တစ်နှစ်သာကြာမြင့်ခဲ့သော်လည်း ပြုပြင်ချိန်တွင် (၃)နှစ်ကျော် ကြာခဲ့လေသည်။ ဂုတ်ထိပ်တံတားအနီး ရှမ်းဘာသာဖြင့် ခေါ်သော ဟိုကွတ်ရွာရှိသည်။ ထိုခေတ် က တိုက်နယ်ဗဟိုဌာနလည်းဖြစ်သည်။ ၄င်းရွာကို မြန်မာတို့က ငုတ်ထိပ်ဟုခေါ်သည်။ ထိုရွာအနီး နမ့်မဆေးမြစ်သည် မြေကြီးထဲသို့ ထိုးဝင်စီးဆင်းသွားပြီး အခြားတစ်နေရာတွင် မြစ်ကြောင်းပေါ်သည်ကိုအစွဲပြု၍ ငုတ်ထိပ်ဟု ခေါ်ခြင်းဖြစ်သည်။ ကာလကြာသော် ငုတ်ထိပ်မှ ဂုတ်ထိပ်ဖြစ်လာခဲ့သည်။ ထိုရွာအနီးတံတားကို တည်ဆောက်ခဲ့သဖြင့် ဂုတ်ထိပ်တံတားဟု အမည်ပေးခဲ့ခြင်းပင်ဖြစ်သည်။

### (၃) ရေပြာအိုင်နှင့် တောကျယ်ရေတံခွန်

ရှာင်မြို့မှ(၁၇)မိုင်၊ အောင်ပန်းမြို့မှ(၂၆)မိုင် အောင်ပန်း-ရှာင်သွားလမ်းအတွင်းဘက် တစ်မိုင်ခန့်တောကျယ်ရွာအနီးတွင် တည်ရှိသည်။ မကြာသေးမီနှစ်များအတွင်း ထင်ပေါ်လာသောရေအိုင်လည်း ဖြစ်သည်။

မြန်မာနိုင်ငံဘုရားဖူးခရီးစဉ်အတွင်း ထည့်သွင်းထားသောဒေသလည်း ဖြစ်သည်။

မှိုင်းပြာညို့စိမ်းနေသောရေ၏ အရောင်အသွေးကြောင့် အနီးအနား ဒေသခံများပါမကျန် စိတ်ဝင်တစားသွားရောက်နေကြသည်။ နေရောင်ကျရောက်မှုအပေါ် မူတည်၍ ရေ၏အရောင်ပြောင်းသွားကြောင်းကိုလည်း သိရှိရပါသည်။ ရေပြာအိုင်၏သက်တမ်း၊ အနက်၊ အပြာရောင်တည်ရှိမှုတို့ကို သုတေသန ပြုခြင်းမရှိသေးပေ။ ဒေသခံများက နောင်ပွင့်မည့်ဘုရားအတွက် ရည်စူး လှူဒါန်းထားသော မြသပိတ်ရှိကြောင်း ယုံကြည်ကြသည်ဟု သိရှိရသည်။ ရေပြာအိုင်၏ အကျယ်အဝန်းမှာ ပေ(၇၀)ပတ်လည်သာ ကျယ်ဝန်းသည်။

ရေပြာအိုင်မှတဆင့် တောကျယ်ရွာဖြတ်ကျော်ပြီး ၅မိနစ်ခန့်ဆက်သွား ပါက တောကျယ်ရေတံခွန်ကို ရောက်ရှိမည်ဖြစ်သည်။

## (၄) ဆင်ဆားပြားဂူ (သစ်ပျောက်ဂူ/ရေဝင်ဂူ)

ရှာင်မြို့နယ်၊ ရှာင်မြို့၏အရှေ့မြောက်ဘက်၊ ရေဦးကျောက်မြောင်း ကျေးရွာ၏ အရှေ့တောင်ဘက်၊ ကျောက်ငှက် ကျေးရွာအနီးဆင်လယ်ရွာ အနီးတွင်တည်ရှိသည်။ ဒေသခံများက ဆင်ဆာပြား(ရေဝင်ဂူ)၊ သစ်ပျောက်ဂူဟု ခေါ်ကြသည်။ မိုးရာသီရေကြီးချိန် စမ်းချောင်းမှတဆင့် သစ်တုံးများ မျှောပါသွားပါက ဂူဝတွင်တစ်ဆို့နေခြင်းမရှိဘဲ အားလုံးပျောက်ကုန်သဖြင့် သစ်ပျောက်ဂူဟုခေါ်ခြင်းဖြစ်၏။

စမ်းချောင်းမှတဆင့်အဆိုပါ ဂူအတွင်းသို့ကဂမ္ဘီရဆန်ဆန် ရေများ စီးဝင်ပျောက်ဆုံးသဖြင့် ရေဝင်ဂူဟုလည်းတချို့ ခေါ်ကြပြန်သည်။ လိုဏ်ဂူ အဝင်ဝသည် မြင့်မားမတ်စောက်သော သဘာဝကျောက်ဆောင်ကြီး၏ အောက်ခြေတွင်တည်ရှိသည်။ လိုဏ်ဂူအတွင်းပိုင်းသည်လည်း အလွန်ကျယ်ဝန်း ပြီး အရှည်မခန့်မှန်းနိုင်ကြောင်းသိရှိရသည်။ ဆွဲဆောင်မှုအပြည့်ရှိသော

ကျောက်စက်ပန်းဆွဲများသည် ဂူအဝင်ဝကတည်းက ကြိုဆိုနေသည်ဟု သိရသည်။

ဝင်ရောက်ဖူးသူများ၏အဆိုအရ မနက်ပိုင်းဝင်ရောက်သွားပြီး ညနေစောင်းပြန်ထွက်လာသည်ပင်လျှင် ဂူမဆုံးသေးကြောင်း သိရသည်။ မြန်မာနိုင်ငံ၏အရှည်ဆုံး သမိုင်းတွင်မည့်ဂူဖြစ်ကြောင်း ပြောဆိုကြပါသည်။ ဂူရှည်သော်လည်း အောက်စီဂျင်ပြတ်လပ်မှုမရှိကြောင်း၊ မိုးတွင်းဝင်ရောက်မှု မဖြစ်နိုင်ကြောင်း၊ လူသူအရောက်အပေါက်နည်းသေးကြောင်း သိရှိရပါသည်။

မည်သို့ပင်ဆိုစေကာမူ ဆင်ဆာပြားဂူသည် နောင်တစ်ချိန်တွင် ဓနုဒေသ၏လေ့လာစရာ၊ လည်ပတ်စရာကောင်း သောနေရာတစ်ခုဖြစ်လာမည်မှာ မလွဲဧကန်ဖြစ်ပေလိမ့်မည်။

## (၅) ကျောက်ငှက်ဝန်းတွင်းဂူ

ရွာငံမြို့နယ်၊ ကျောက်ငှက်ကျေးရွာတောင်ဘက်(၁)မိုင်ကျော်တွင် ကျောက်ငှက်ဝန်းတွင်းဂူတည်ရှိသည်။ တောင်၏ခါးလယ်မှ ဝင်ရောက်သွားနိုင်သောဂူဖြစ်သည်။ ဆင်ဆာပြားဂူနှင့် မလှမ်းမကမ်းနေရာတွင်တည်ရှိသည်။ ထိုဂူ နှစ်ခုအချိတ်အဆက်ရှိနိုင်သည်။ သို့သော် ကျောက်စက်ပန်းဆွဲရေများမှလွဲ၍ ရေဝင်ရောက်မှုမရှိပါ။ ဂူအတွင်း သဲမှုန်ပြင်များစွာ မြင်တွေ့နိုင်သည်။

မြင့်မားကျယ်ဝန်းသော ကျောက်လိုဏ်ဂူအခန်းဖွဲ့များကြောင့် မြင်ရသူတိုင်းအံ့ဩဖွယ်မြင်ကွင်းများ တွေ့ရှိနိုင်ပါလိမ့်မည်။ သဘာဝလိုဏ်ဂူဖြစ်သော်လည်း ဂူအဝင်ဝချဲ့ထွင်ထားမှုများကို တွေ့မြင်နိုင်ပါလိမ့်မည်။ တောင်၏ခါးလယ် ကားရပ်နိုင်သောနေရာမှ အပေါ်ပေ ၁၀၀ခန့်တက်ပြီး ဂူအတွင်းသို့ ဝင်ရောက်ရသည်မှာ စိတ်လှုပ်ရှားစရာ ကောင်းလှသည်။

ဆင်ဆာပြားဂူနှင့် ကျောက်ငှက်ဝန်းတွင်ကာ နှစ်ခုသည် တစ်ဆက်တစ်စပ်တည်းဖြစ်နိုင်သော်လည်း ရေဝင်ရောက်မှုနှင့်ရေမရှိတို့အပေါ်မူတည်ပြီး

တစ်မျိုးစီရသပေးစွမ်းနေပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသော တစ်နေ့တွင် ထိုဂူနှစ်ခုသည် ကမ္ဘာပေါ်တွင် ထင်ရှားလာမည့်ဂူဖြစ်နိုင်ကြောင်း ကြိုတင်ခန့်မှန်းလိုက်ရပါသည်။

## (၆) လင်းဝေးဂူ

ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာင်မြို့နယ်၊ ရေဦးကျောက်မြောင်း ကျေးရွာ အရှေ့ဘက်(၇)မိုင်ခန့်ရှိ လင်းဝေးကျေးရွာအနီးတွင် တည်ရှိသည်။ ၂၀၁၇ခုနှစ်နှောင်းပိုင်းအတွင်း ဟိုပုံးကိုရင်လေး၏အိမ်မက်အရ ရှာဖွေတွေ့ ရှိသည်ဟုဆိုသည်။ ဆက်လက်၍ ဂူပေါက်ဝချဲ့ထွင်ပြီး ဘုရားတည်ပြုပြင် မွမ်းမံမှုများပြုလုပ်ရန်စီစဉ်နေချိန် ရှမ်းပြည်နယ်ရှေးဟောင်း သုတေသနနှင့်အ မျိုးသားပြတိုက်ဦးစီးဌာနမှ သတင်းစာအတွင်း ကြေညာချက်များထုတ်ပြန် ခဲ့သဖြင့် အဆိုပါလုပ်ငန်းစဉ်များ ရပ်တန့်ခဲ့ပါသည်။

ဂူအတွင်းတစ်မူထူးခြားသော ကျောက်ခက်ပန်းဆွဲများ၊ ဘူမိဗေဒဆိုင် ရာရှားပါးမှုများ ရှိနေသည်ဟုလည်းသိရသည်။ ထိုရှားပါးမှုများကိုလည်း ထိန်းသိမ်းရမည့်တာဝန် အားလုံးတွင်ရှိပါသည်။ အဆိုပါဂူမျိုးအတွင်း လူတွေက ဖန်တီးထားမှု မရှိစေချင်ကြောင်း၊ သမိုင်းတန်ဖိုးတစ်ခုကို ထိန်းသိမ်းသွားရမည်ဖြစ်ကြောင်း၊ ဂူအတွင်းဂူအပြင်လက်ရာများ မူရင်း အတိုင်းထားသင့်ကြောင်း၊ အသစ်တွေ့ရှိသော သဘာဝဂူများကိုလည်း ဒေသအာဏာပိုင်များက ဒေသန္တရအမိန့်ထုတ်ပြန်ရမည်ဖြစ်ကြောင်း ရှမ်းပြည် နယ်ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ အကြံပြုခဲ့လေ သည်။

လင်းဝေးဂူသည် ရှာင်မြို့မှ(၁၂)မိုင်ခရီးရှိပြီး ကားလမ်း(ကျောက်ကြမ်း လမ်း)အတိုင်း လင်းဝေးရွာသို့ရောက်ရှိပါမည်။ လင်းဝေးရွာဘုန်းတော်ကြီး ကျောင်းအရှေ့ဘက်တွင် တည်ရှိသည်။ ဂူပြုပြင်ရန်စီစဉ်ခဲ့သဖြင့် ပေ ၂၀၀

အထိ မီးအလင်း ရောင်ရရန်စီစဉ်ထားပါသည်။ ဂူအပေါက်ဝချဲ့ထွင်စဖြစ်၍ အနည်းငယ်ကျဉ်းပါသည်။ အတွင်း၌ စိတ်ဝင်စားဖွယ်ဖြစ်သော ကျောက်စက်ပန်းဆွဲများဖြင့် အတော်အသင့်ကျယ်ဝန်းကြောင်း လေ့လာနိုင်မည်ဖြစ်သည်။

## (၇) ယူကလစ်တန်းနှင့်ယကြီးဂူ

ရှာင်မြို့နယ်၊ ယကြီးကျေးရွာမှ ၃မိနစ်ခန့်လမ်းလျှောက်ပါက ဂူအဝင်ဝသို့ရောက်ရှိပါမည်။ အောင်ပန်း-ရှာင်သွားလမ်းဘေး အရှေ့ဘက်ကပ်လျက်တွင်တည်ရှိသည်။ အောင်ပန်းမှ(၁၆)မိုင်ကွာဝေးသည်။ ဓနုတိုင်းရင်းသားများနေထိုင်သော ကျေးရွာဖြစ်သည်။ ရွာအဝင်လမ်းတစ်လျှောက်တွင် ချစ်စရာ့ယူကလစ်ပင်တန်းများ စီစီရီရီစိုက်ပျိုးထားမှုကြောင့် ရင်သပ်ကြည်နူးစရာကောင်းလှသည်။

ဂူအဝင်ပေါက်ကျဉ်းနေသဖြင့် ရွာသူရွာသားများက ချဲ့ထွင်ပေးလျက်ရှိသည်။ လွယ်လွယ်ကူကူဝင်ရခြင်းမျိုးမဟုတ်ဘဲ ဟိုကျော်သည်ခွဝင်ရသော ဂူပင်ဖြစ်သည်။ တချို့ကျောက်စက်ပန်းဆွဲများ အလွန်နိမ့်သောကြောင့် ဂရုတစိုက်သွားရမည်ဖြစ်သည်။ သွားရောက်လည်ပတ်လေ့လာပါက ဒေသခံများက ထူးခြားသည့်ရသတစ်ခုပေးစွမ်းလိမ့်မည်ဟု ဆိုထားပါသည်။

## (၈) ဇော်ဂျီမြစ်

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့မှ မြောက်ဘက် (၃)မိုင်အကွာ ရေဖြူရွာအနီး တောင်ခြေတွင် စတင်မြစ်ဖျားခံသည်။ ထိုမြစ်ဖျားခံရာ ဇော်ဂျီရေထွက်မှ စတင်စီးဆင်းလာသော ချောင်းကို ဇော်ဂျီမြစ်ဟုခေါ်သည်။ ဇော်ဂျီမြစ်သည် ပင်းတယမြို့နယ်မှတစ်ဆင့် အရှေ့ဘက် ရပ်စောက်နယ်ကို ဖြတ်သန်းစီးဆင်းခဲ့သည်။ ထို့နောက် ကုန်းတန်းရွာအထိ အရှေ့မြောက်သို့ တူရူစီးဆင်းသည်။ ကုန်းတန်းသို့ရောက်သော် အနောက်

ဘက်သို့ တစ်ဆစ်ချိုးကွေ့ပြီး စီးဆင်းသည်။ တောင်မီးကြီးရောက်ပြီး မြောက်ဘက်သို့ စီးဆင်းပြန်သည်။ ထို့နောက် မောနယ်ရှိ မြို့ကြီးကျေးရွာ ချိုင့်ဝှမ်းဒေသကို ဖြတ်သန်းပြီး ကျောက်ဆည်ခရိုင် မြစ်ငယ်မြစ်အတွင်းသို့ စီးဆင်းလေသည်။

မြစ်၏အရှည်မှာ မိုင်ပေါင်း(၁၅၀) ရှည်လျားသည်။ ရှမ်းအမျိုးသား တို့က ဇော်ဂျီမြစ်ကို နမ်းစောကြည်မြစ်ဟု ခေါ်သည်။ ဇော်ဂျီမြစ်စီးဆင်းရာ လမ်းတစ်လျှောက် ရပ်စောက်မြို့နယ် အင်တောမြို့တွင် ဇော်ဂျီရေလှောင်တမံ ကို ၁၉၉၆ ဝန်းကျင်ကတည်းဆောက်ထားသည်။ ဇော်ဂျီရေလှောင်တမံ တည်ဆောက်ရာတွင် ကျေးရွာအချို့ ရေအောက်ရောက်မည်ဖြစ်သဖြင့် တမံမြောက်ဘက်တွင် အင်တောမြို့အဖြစ် တည်ပေးခဲ့သည်။ ဆက်လက်၍ အင်တောမြို့နယ်ခွဲ ဖြစ်လာခဲ့သည်။

တဖန်ဇော်ဂျီမြစ်ဖြတ်သန်းစီးဆင်းရာ ကျောက်ဆည်ခရိုင်ဒေသ၌ ဇော်ဂျီမြစ်အပြင် ပန်းလောင်မြစ်၊ စမုန်မြစ်တို့လည်း စီးဆင်းလျက်ရှိသည်။ ထိုမြစ်များသည် လယ်ယာစိုက်ပျိုးရေးကို အထူးကျေးဇူးပြုသဖြင့် မြန်မာမင်း လက်ထက်၌ လယ်တွင်းကိုးခရိုင် သတ်မှတ်ခဲ့သည်။ ယနေ့အချိန်ထိ ထို မြစ်များ၏ ကျေးဇူးကြောင့် ဆန်စပါးစိုက်ပျိုးရေး ဖွံ့ဖြိုးလျက်ရှိသည်။ ဇော်ဂျီမြစ်ဝှမ်းတွင် နွားတက်တူးမြောင်း၊ မင်းရဲတူးမြောင်း ၊ တမုတ်တူးမြောင်း၊ ဆည်တော်တူးမြောင်းများသည် မြန်မာမင်းအဆက်ဆက်သာမက ယနေ့တိုင် အသုံးဝင်လျှက်ရှိသည်။ အင်္ဂလိပ်လက်ထက် ယင်းတူးမြောင်းများကို အုတ် အင်္ဂတေများဖြင့် ပြန်လည်မွမ်းမံပေးခဲ့သည်။

## (၉) ဒုဋ္ဌဝတီမြစ် (ခေါ်) မြစ်ငယ်မြစ်

ဒုဋ္ဌဝတီမြစ်သည် ဧရာဝတီမြစ်၏ မြစ်လက်တက်တစ်ခုဖြစ်သည်။ ဒုဋ္ဌဝတီမှာ ပါဠိစကားဖြစ်ပြီး မြစ်ငယ်မှာ မြန်မာအဓိပ္ပါယ်ဖြစ်သည်။ မြစ်ငယ်

မြစ်သည် တရုတ်နိုင်ငံ ယူနန်နယ်မှ မြစ်ဖျားခံပြီး ရှမ်းအရှေ့မြောက်ကို ဖြတ်ကျော်ကာ မြန်မာနိုင်ငံအလယ်ပိုင်း အင်းဝမြို့အနီး ဧရာဝတီမြစ်အတွင်း ပေါင်းဆုံပါသည်။ ဇော်ဂျီနှင့်ပန်းလောင်မြစ်တို့သည် မြစ်ငယ်မြစ် လက်တက်များဖြစ်သည်။

သိန္နီ၊ နမ္မတူ၊ သီပေါမြို့တို့ကို ဖြတ်သန်းစီးဆင်းပြီး နောင်ချိုနှင့် ရပ်စောက်နယ်အကြား ဖြတ်သန်းစီးဆင်းသည်။ ထိုမှတဖန် မန္တလေးနှင့် ကျောက်ဆည်ခရိုင်တို့ကို နယ်နမိတ်ပိုင်းခြား စီးဆင်းသည်။ နောက်ဆုံး မန္တလေးတောင်ဘက် (၃၂)မိုင်အကွာ စစ်ကိုင်းမြို့နှင့်မျက်နှာချင်းဆိုင် အင်းဝမြို့ အထက်နား၌ ဧရာဝတီမြစ်အတွင်းသို့ စီးဝင်လေသည်။ မြန်မာနိုင်ငံအတွင်း မြစ်အရှည်(၁၃၁)မိုင်ခန့် ရှိသည်။ မြစ်အထက်ပိုင်းကို နမ္မတူမြစ်ဟုခေါ်သည်။ မြစ်အလယ်ပိုင်းကို ဒုဋ္ဌဝတီမြစ်ဟုခေါ်သည်။ မြစ်အောက်ပိုင်းရောက်သော် မြစ်ငယ်မြစ်ဟု ခေါ်ဆိုသည်။ မြစ်ငယ်မြစ်၏ အရေးကြီးသော မြစ်လက်တက်မှာ နမ့်မမြစ်ဖြစ်သည်။ မြစ်ငယ်မြစ်ဟုခေါ်သော အောက်ပိုင်းရောက်မှသာ ရေလမ်းဖြင့် ခရီးသွားလာမှု လွယ်ကူသည်။

ဒုဋ္ဌဝတီမြစ်သည် ရှမ်းပြည်နယ်မြောက်ပိုင်း၏ အလှကျက်သရေများ တိုးပွားစေသည်သာမက ရှမ်းမင်းသမီးစောမွန်လှ၏ အတိတ်သမိုင်းကြီးသော မြစ်ပင်ဖြစ်သည်။ အနော်ရထာမင်း၏မိဖုရားဖြစ်သူ စောမွန်လှသည် ပုဂံနန်းတော်မှ အထင်လွဲနှင်ထုတ်ခံရပြီး သီပေါစော်ဘွားထံအပြန် မြစ်ငယ်မြစ်ကမ်းပေါ်၌ အဓိဋ္ဌာန်ပြု စေတီတစ်ဆူ တည်ခဲ့သည်။ နောင်တွင် ရွှေစာရံစေတီအဖြစ် နာမည်ကြီးလာပြီး နှစ်စဉ်ပွဲတော်ကျင်းပလျက်ရှိသည်။ မင်းသမီးပြန်အလာ ဖခင်စော်ဘွားကြီး စောင့်ကြိုသည့်နေရာတွင် တည်ထားခဲ့သောစေတီမှာလည်း ယနေ့ သီပေါဘော်ကြိုဘုရားအဖြစ် ထင်ရှားကျော်ကြားလျက်ရှိသည်။

ရဲရွာရေအားလျှပ်စစ်သည် မြစ်ငယ်မြစ်ပေါ်တွင် တည်ဆောက်ထားပြီး မန္တလေးမြို့၏ အရှေ့ဘက် (၃၁)မိုင်အကွာ၌ တည်ရှိသည်။ ရန်ကုန်မန္တလေး မီးရထားလမ်းသည်လည်း မြစ်ငယ်မြစ်ကို ဖြတ်သန်းသည်။ ယခုနောက်ဆုံး ရန်ကုန်မန္တလေး ကားလမ်းပေါ်ရှိ ပေ(၇၀၀)တံတားကို ၁၉၉၉ ခုနှစ်တွင် ဖွင့်လှစ်ပေးခဲ့သည်။

နောင်ချိုမြို့နယ်နှင့် ရပ်စောက်နယ်အကြား ဒုဋ္ဌဝတီတံတားကြီးကြောင့် မြောက်ပိုင်း ခနလူမျိုးများနှင့် တောင်ပိုင်းခနလူမျိုးများအကြား နေ့တစ်ဝက် ခရီးအရောက် သွားလာနိုင်ရုံသာမက ချစ်ခင်သွေးစည်းမှုလုပ်ငန်းများ ပိုမို လွယ်ကူစွာ လုပ်ဆောင်လာနိုင်ခဲ့ပါသည်။ ၂၀၀၄ ခုနှစ်တွင် ဖွင့်လှစ်ပေးခဲ့ခြင်း ဖြစ်သည်။

## (၁၀) ရှေ့မြင်နောက်မြင်တောင်

ရှမ်းပြည်နယ်၏ ဒုတိယအမြင့်ဆုံးတောင်ဖြစ်သည်။ ပင်လယ်ရေ မျက်နှာပြင် အမြင့်ပေ (၇၇၅၂)တွင် တည်ရှိသည်။ ပင်းတယမြို့နယ်၊ ရွာငံမြို့နယ်၊ ရပ်စောက်မြို့နယ် (၃)မြို့နယ် ဆုံချက်နေရာတွင် တည်ရှိသည်။ တောင်ထွတ်သည်ကားရွာငံမြို့နယ်အတွင်း တည်ရှိသည်။ ထို့ကြောင့် ပင်းတယမြို့နယ်မှသော်လည်းကောင်း၊ ရွာငံမှသော်လည်းကောင်း၊ ရပ်စောက် မြို့နယ်မှသော်လည်းကောင်း လမ်း(၃)သွယ်မက တက်နိုင်သော တောင်တက် ခရီးဖြစ်သည်။

ထူးခြားလှသည်မှာ သဘာဝတောတောင် ပျက်စီးခြင်းမရှိသေးသဖြင့် ရှေ့မြင်နောက်မြင် တောင်ပေါ်တွင်သာမက တောင်ခြေအရင်းဘက် မရောက်ခင်အထိ တောင်ဇလပ်ပန်းများ ဝေဝေဆာဆာဖူးပွင့်လျက်ရှိနေခြင်း ဖြစ်သည်။ တောင်ဇလပ်ပန်းများကြောင့်လည်း တောင်တက်သမားများသာမက အပျော်ခရီးထွက်မှုများ ယခုနောက်ပိုင်း ပိုမိုများပြားလာခဲ့သည်။

တောင်ဇလပ်ပန်းအနီများသာမက တောင်ဇလပ်ပန်းအဖြူများ ဖူးပွင့်ဝေဆာရာဒေသဖြစ်သောကြောင့် မမောမပန်း ကလေးအရွယ်များပင် သွားရောက်မှုများပြားသော ဒေသဖြစ်နေပါပြီ။ ရှမ်းပြည်နယ်၏ အမြင့်ဆုံး တောင်ဖြစ်သော လွယ်လင်တောင် (၈၇၇၇)ပေပေါ်တွင်လည်း တောင်ဇလပ် ပန်းများပေါက်ရောက်နေကြောင်း လေ့လာခဲ့မိသည်။ ယခု မိမိတို့ ဓနုနယ်မြေ အတွင်း ချင်းပြည်နယ်ကဲ့သို့ တောင်ဇလပ်ပွင့်ရာဒေသအဖြစ် ဂုဏ်ယူစရာ ဖြစ်နေပါတော့သည်။

လမ်းသုံးသွယ်မက တက်ရောက်နိုင်သော ခရီးဖြစ်သော်လည်း အလွယ်ကူဆုံး၊ မောပန်းမှုအသက်သာဆုံး တိုတိုနှင့်တောင်ထွတ်ပေါ်သို့ ရောက်နိုင်ဆုံး ခရီးတစ်ခုကိုယ်တွေ့ တင်ပြချင်ပါသည်။ ရပ်စောက်မြို့နယ် ကောင်းဘို့ကျေးရွာမှ အနောက်ဖက်သို့ တက်ရသောလမ်းဖြစ်သည်။

အောင်ပန်း ပင်းတယ(၂၄)မိုင်၊ ပင်းတယ - ကောင်းဘို့ (၁၆) မိုင် ကားမောင်းချိန်(၁)နာရီခွဲဝန်းကျင်ဖြစ်သည်။ လမ်းကောင်းသည်။ ကောင်းဘို့ အနောက်ဘက် ရွာမရွာသို့ (၇) မိုင်ကားဖြင့် ဆက်တက်ရပါမည်။ ကျောက်ကြမ်းလမ်းဖြစ်၏။ တချို့နေရာ မတ်စောက်သဖြင့် ဖိုးဝိုးလ်းကားဖြင့် တက်မှသာရသည်။ ထို့ကြောင့် ပလောင်တိုင်းရင်းသားများ နေထိုင်သော ရွာမရွာမှ ဖိုးဝိုးလ်ကားများ ငှားခဲ့ရပါသည်။ ခရီးထပ်တိုချင်ပါက ရွာမရွာမှ အနောက်ဘက်(၂)မိုင်ခန့်အထိ ထပ်မံပို့ခိုင်း၍ ရပါသည်။

အသွားတောင်တက်ချိန် (၃း၃၀)နာရီ ကြာမြင့်ပြီး အပြန်အဆင်း (၃)နာရီ ကြာမြင့်သည်။ ပုံမှန်တက် ၊ ပုံမှန်နားပြီး တက်ကြခြင်း ဖြစ်သည်။ ရှောင် ပင်းတယ နယ်ခြားတောင် အမြင့်ပေ (၇၀၁၅) တွင် တည်ရှိသည်။ တောင်ဇလပ်ပန်းများ အုံ့ဩစရာကောင်းလောက်အောင် မြင်တွေ့နိုင်သော နေရာလည်းဖြစ်သည်။ မိမိတို့သွားခဲ့သည်မှာ ဇန်နဝါရီလကုန်ပိုင်း ဖြစ်သည်။ မတ်လရောက်မှ တောင်ဇပ်လပ် အဖြူပွင့်သည်ဟုလည်း ဒေသခံများက

ပြောပြသည်။ ပင်းတယ ရွာင်နယ်ခြား မှတ်တိုင်မှစ၍ အမတ်စောက်ဆုံး တက်ရမည့် ခရီးဖြစ်သည်။ ပေ (၇၀၀)အမြင့်သာ ကျန်တော့သော်လည်း တစ်နာရီခန့် ဆက်တက်ခဲ့ရသည်။

အထူးသတိထားရသည့်အချက်မှာ အုပ်စုလိုက်တက်ရသော ခရီး ဖြစ်သော်ငြား လူစုကွဲ၊ လမ်းမှား၊ လမ်းပျောက်တတ်သောခရီးတစ်ခုဖြစ်သည်။ နတ်ကြီးသည်ဟုလည်း သိရသည်။ ငါးရိုးစူး၍ သေဆုံးခဲ့သော ရှင်မရ အမျိုးသမီးနတ်ဟုပြောသည်။ မဆင်မခြင် စကားပြောခြင်းမပြုရန်လည်း လမ်းပြတိုင်းက သတိပေးကြသည်။ ရှင်မရနတ်သည် သီချင်းကြိုက်သောကြောင့် သီချင်းဆို၍ရသည်ဟု သိရသည်။ အရှေ့ဘက်စောင့် ရှင်မရ၊ အနောက်ဘက် စောင့်နတ် မောင်ဖိုးထူး တောင်ဘက်ရှင်တော်မောင်လေး နတ်များဖြစ်ကြောင်း ပြောပြပါသည်။

မည်သို့ပင်ဖြစ်စေကာမူ ခနုနယ်ပယ်အတွင်း အထင်အရှ တောင်ထွတ် ရှိရုံသာမက တောင်တက်ခရီးစဉ်များပြားလာမှုသည် ဒေသဖွံ့ ဖြိုးရေးအတွက် အထောက်အကူ တစ်ခုခုရရှိလိမ့်မည်ဟု ထင်မြင်မိပါသည်။

## (၁၁) ဘန့်ဘွေးကျင်းရေတံခွန်

ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ် ဘန့်ဘွေးကျင်းကျေးရွာ ကိုင်းကြီးသစ်တော ကြိုးဝိုင်းဧရိယာအတွင်း တည်ရှိသည်။ ပြင်ဦးလွင်၊ မတ္တရာ၊ နောင်ချို(၃)မြို့နယ် ဆုံရာဆည်တော်ကြီး ရေပြင်အနီး တောင်ကမ်းပါး ယံအထက်တွင် သဘာဝအတိုင်းဖြစ်ပေါ်နေသော ရေတံခွန်ဖြစ်သည်။ ဒေသ အခေါ် ရှမ်းဘာသာစကားအရ နမ့်တန်းရေတံခွန်ဟုခေါ်သည်။ မောင်နှမခု နစ်ဖော်ရေတံခွန်ဟု လည်းခေါ်ကြပြီး ဘန့်ဘွေးကျင်းရွာအနီး တည်ရှိသဖြင့် ဘန့်ဘွေးကျင်းရေတံခွန်ဟု ခေါ်ကြသည်။

နောင်ချိုမြို့နယ် နမ့်ပါမွန်ချောင်းမှ စီးဆင်းလာသော ရေများသည် ရေတံခွန်မှတဆင့် ဆည်တော်ကြီးဘက်သို့ စီးဝင်သွားသည်ဟု သိရသည်။ ရေတံခွန်စတင်ဖြစ်ပေါ်သော ကမ်းပါးယံထိပ်သည် ပင်လယ်ရေမျက်နှာပြင် အမြင့် (၂၄၈၆)ပေ ရှိသည်။ ရေတံခွန်ထိပ်ပိုင်းရေသည် ၉၀ ဒီဂရီမျဉ်းမတ်ဖြင့် တစ်ရှိန်ထိုးတစ်ဖြောင့်တည်း ပေ(၅၅၀) အောက်သို့ ထိုးဆင်းကျလာခြင်းဖြစ်သည်။ ထိုမှတစ်ဆင့် ဆက်လက်နိမ့်ဆင်းကျသွားပြီး အဆင့်ပေါင်း (၇၀)အထိ ဖြတ်သန်းကျဆင်းသည်ဟု သိရသည်။

ပြင်ဦးလွင် မိုးကြိုးပစ်ကျေးရွာမှတစ်ဆင့်လမ်းခွဲပြီး ပြင်ဦးလွင် မိုးကုတ်လမ်း(၂၄)မိုင်ခန့်မှ လွယ်လိတ်ရွာသို့ ဝင်သွားရသည်။ လွယ်လိတ်ရွာမှ (၃)မိုင်ခွဲအကွာ သပြေဒိုးရွာသို့ ရောက်ပါမည်။ သပြေဒိုးရွာမှ ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိပါမည်။ ရေအားလျှပ်စစ်စီမံကိန်း၏ အထက် (၁) မိုင်ခွဲအကွာတွင် ဘန့်ဘွေးကျင်း ရေတံခွန်တည်ရှိခြင်းဖြစ်သည်။ လျှပ်စစ်စီမံကိန်းတည်ရှိရာနေရာသည် အကောင်းဆုံး ရှုခင်းတည်ရှိရာနေရာဖြစ်ပြီး ဆည်တော်ကြီးအလှကိုလည်း ပန်းချီကားတစ်ချပ်အလားရှုမငြီး မြင်တွေ့နိုင်သည်ဟု ဆိုလေသည်။ သပြေဒိုးရွာအထိ ကားလမ်းပေါက်ပါသည်။ ရေတံခွန်ဆီသို့ ခြေလျင်ခရီး ဖြစ်ပါသည်။

## (၁၂) ကျောက်ဆုံရေတံခွန်(ရပ်စောက်မြို့နယ်)

ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်း အင်တောမြို့နယ်အစပ်တွင်ရှိသော ကျောက်ဆုံရွာအနီးတွင် တည်ရှိသဖြင့် ကျောက်ဆုံရေတံခွန်ဟု မှည့်ခေါ်ထားခြင်းဖြစ်သည်။ ရေတံခွန်အဆင့်(၆) ဆင့်အထိ တည်ရှိနေသဖြင့် လွန်စွာသာယာလှပသော နေရာပင်ဖြစ်သည်။ ရေတံခွန်ခြောက်ဆင့်စလုံးအား နာရီဝက်အတွင်း သွားလာနိုင်သည်ဟုလည်း

သိရှိရပါသည်။ မြန်မာနိုင်ငံရေတံခွန်အားလုံးအထဲတွင် အံ့ဖွယ်အဖြစ် တင်စားနိုင်ပေသည်။

ရပ်စောက်မြို့ဘက်မှ လာရောက်ပါက ရပ်စောက်-အင်တော ၃၅မိုင်၊ အင်တော-ကျောက်ဂူ ၁၄မိုင် ဖြတ်ကျော် ပြီး ၉ မိုင်ဆက်သွားပါက KS 101 သရက်ခြံသို့ ရောက်ရှိပါမည်။ သရက်ခြံအလယ်လမ်းမှ ဖြတ်ဝင်ရ လိမ့်မည်။ အတွင်းသို့ နှစ်မိုင်ခွဲဆက်ဝင်ပါက ပထမဆင့်ရေတံခွန်သို့ ရောက်ရှိမည်ဖြစ်သည်။ ထိုသရက်ခြံသည် ရပ်စောက်မြို့မှ ၅၈မိုင်ခန့် နေရာတွင် တည်ရှိသည်။

နောင်ချိုမြို့ဘက်မှလာပါက နောင်ချိုဒုဋ္ဌဝတီတံတား ၃၂မိုင်ဖြတ်ကျော် ပြီး ၁၃မိုင်ခန့်ဆက်သွားပါက KS 101 သရက်ခြံသို့ ရောက်ရှိမည်ဖြစ်သည်။

## (၁၃) ငါးပင်ရေပျံတောင်ရေတံခွန် (နောင်ချိုမြို့နယ်)

တောင်ကြီး-ရပ်စောက်-နောင်ချိုလမ်း ဒုဋ္ဌဝတီမြစ်၊ ဒုဋ္ဌဝတီတံတားကို ဖြတ်ကျော်ပြီး နောင်ချိုမြို့နယ် တောင်ရှည်ရွာသို့ရောက်ရှိပါမည်။ တောင်ရှည် ဈေးမှ ဘယ်ဘက်သို့ကွေ့ဝင်ပါက အင်းဖို-ငါးပင်ရွာမှတစ်ဆင့် ငါးပင်ရေပျံ တောင်ရေတံခွန်သို့ ရောက်ရှိပါမည်။

ရေတံခွန်အထိ ကားမရောက်နိုင်ပါ။ ကားရပ်နားသည့်နေရာမှ တစ်နာရီခန့်လမ်းလျှောက်ပြီးမှသာ ရေတံခွန်သို့ ရောက်ရှိပါမည်။ ပေတစ်ရာ ကျော်အမြင့်မှ တစ်ဟုန်ထိုးစီးဆင်းနေသော ရေတံခွန်ဖြစ်သည်။ ရေတံခွန်အနီး သာယာ လှပနေအောင်ဖန်တီးထားပြီး နေဝင်ချိန်အလှကို ရှုမငြီးစွာ ခံစားနိုင် ပေသည်။

## (၁၄) အင်းဝိုင်းရေတံခွန်နှင့် နန့်ငိုရေတံခွန်(နောင်ချိုမြို့နယ်)

မန္တလေးမြို့မှ ပြင်ဦးလွင်အကျော် နောင်ချိုမြို့နယ်အစ ဘန့်ဘွေးကျေးရွာရောက်ရှိပါက လမ်းယာဘက်(၄)မိုင် ချိုးကွေ့ဝင်လျှင် ဆင်းရွှေလီသကြားစက်ရောက်ရှိပါမည်။ ကျောက်ချောလမ်းတစ်လျှောက် ဖရဲသီးစိုက်ခင်းများ၊ ကြံစိုက်ခင်းများ၊ တစ်မျှော်တစ်ခေါ် တွေ့ရှိရပါမည်။ သကြားစက်ရုံနောက်ကျောဘက်လမ်းမှ ယာဘက်အနည်းငယ်ကွေ့ဝင်သွားပါက အင်းဝိုင်းရေတံခွန်ကို ကြည်နူးမှုင်သက်စွာတွေ့ရှိရပါလိမ့်မည်။

တဖန်သကြားစက်ရုံရှေ့သို့ပြန်ထွက်ပြီး စက်ရုံဝင်းဝဲဘက်လမ်းမှ တစ်မိုင်ဝန်းကျင်ဆက်သွားပါက နန့်ငိုရေတံခွန်သို့ ရောက်ရှိပါမည်။ ပါဟဲကျေးရွာအနီးတွင်တည်ရှိပြီး နန့်ဟူးအသေးစားရေအားလျှပ်စစ်ထုတ်လုပ်ရာဒေသလည်းဖြစ်သည်။ ပုဂ္ဂလိကစက်ရုံပိုင်နေရာဖြစ်၍ သွားရောက်ပါက ဝင်ကြေးပေးရကြောင်း သိရှိရပါသည်။ အထက်ပါရေတံခွန်နှစ်ခုသည် တစ်မိုင်ဝန်းကျင်သာဝေးကွာကြောင်း လေ့လာသိရှိရပါသည်။

## (၁၅) ကျောက်ဂူတိရေတံခွန်

ရှာင်မြို့မြောက်ဘက် ၁၀မိုင်အကွာရှိ ကျောက်ဂူတိကျေးရွာအနီးတွင်တည်ရှိသော ရေတံခွန်ဖြစ်သည်။ ရေအားပြင်းပြင်း၊ တောင်ပေါ်အမြင့်မှ အရှိန်ဖြင့်တစ်ဟုန်ထိုး ကျဆင်းသောရေတံခွန်တစ်ခုဖြစ်သည်။ သွားရာလမ်းတစ်လျှောက် အတက်အဆင်း မတ်စောက်သည်။ သို့သော်လည်း မြင့်မားလှသောရေတံခွန်အလှမြင်ကွင်းကြောင့် သွားရကျိုးနပ်ကြောင်းသိရှိရသည်။

## (၁၆) အလယ်ချောင်ရေတံခွန်

အောင်ပန်းမြို့မှ ၂၇မိုင် ခရီးအကွာအဝေးကား လမ်းဆုံမှတစ်ဆင့် အရှေ့ဘက် ၁မိုင်ခွဲဝင်ရောက်ပါက အလယ်ချောင် ကျေးရွာသို့ ရောက်ရှိမည်

ဖြစ်သည်။ လက်ဖက်၊ ကော်ဖီ၊ တောင်ယာလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသော ဓနုတိုင်းရင်းသားများနေထိုင်သည့်ကျေးရွာပင်ဖြစ်သည်။ အလယ်ချောင်ရွာအရှေ့ဖက်တစ်မိုင်နီးပါး ဆက်သွားပါက အလယ်ချောင်ရေတံခွန်သို့ရောက်ရှိပါမည်။ ရေပြာအိုင်သို့လည်ပတ်ပြီး ဆက်လက်လည်ပတ်နိုင်သောနေရာလည်းဖြစ်သည်။

ဒေသခံများက စယဉ်းတောင်ရေတံခွန်ဟုခေါ်ပြီး ကျောက်ဂူချောင်းပေါ်တွင် တည်ရှိသောရေတံခွန်ဖြစ်သည်။ သာယာလှပပြီး လည်ပတ်ချင်စရာကောင်းသောနေရာဖြစ်သည်။

## (၁၇) ဆိတ်ဖူးရေပူစမ်း(နောင်ချို)

နောင်ချိုမြို့ အနောက်မြောက်ဘက် ၁၅မိုင်ဝန်းကျင်တွင် တည်ရှိသည်ဟုသိရသည်။ မြန်မာနိုင်ငံ၏ ရေပူစမ်းထဲတွင် အပူဆုံးဟုဆိုထားသည်။ သို့သော်လည်း ဂရုတစိုက်ပြုပြင်ထိန်းသိမ်းမှုမရှိသဖြင့် ထင်ပေါ်ကျော်ကြားခြင်းမရှိခဲ့ပေ။ အနယ်နယ်အရပ်ရပ်မှလေးဖက်နာ၊ လေဖြတ်လူနာများ ပရဆေးရွက်များနှင့်အတူ ပေါင်းခံဆေးကုသူများဖြင့် စည်ကားနေတတ်ကြောင်းသိရပါသည်။

လားရှိုး-နောင်ချိုကားလမ်း နောင်ချိုမြို့ဝင်ဆိုင်းဘုတ်အလွန် ကျောက်ကြမ်းရွာအဝင်တွင် ကရောင်းဘိလပ်မြေ စက်ရုံလမ်းချိုးတွေ့ရှိပါလိမ့်မည်။ ပြင်ဦးလွင်ဘက်မှ နာရီဝက်ခန့်ကားမောင်းဝင်ပါက ဘိလပ်မြေစက်ရုံ တွေ့မြင်ပါလိမ့်မည်။ စက်ရုံအလွန် လောက်ဖန်းရွာ ရွာလယ်လမ်းမှဆက်သွားပါက နမ့်ကယ်အိုက်ရွာတွေ့ရှိပါမည်။ ရေချောင်းငယ်များ၊ ငါးခုခန့်ဖြတ်သန်းပြီး ဆိတ်ဖူးရွာသို့ ရောက်ရှိမည်ဖြစ်သည်။






(၁၈) ရေဖြူကန်(ရှာင်မြို့နယ်)

ကိုးငုတ်ကိုးပေါ်စမ်းများ စုစည်းမိလာကြပြီး ပန်းလောင်မြစ်အဖြစ် ရှာင်မြို့နယ်မှတဆင့် စတင်စီးဆင်းကာ နောက်ဆုံးမြစ်ငယ်မြစ်၊ ဧရာဝတီမြစ် အတွင်းသို့ စီးဝင်သည်ဟု ဆိုကြသည်။ ထိုကိုးငုတ်ကိုးပေါ်စမ်းများအတွင်း 'ရေဖြူကန်'တစ်ခု အပါအဝင်ဖြစ်သည်။ ရေဖြူစမ်း(သို့မဟုတ်)ရေဖြူ ရေထွက်ဟု ဒေသခံများက ခေါ်ကြသည်။ လူသိများလာ၍ ဒေသခံများက ရေကန် အဖြစ်ဖန်တီးပေးလာခဲ့၍ ရေဖြူကန်ဟု ခေါ်ဆိုလာကြသည်။ White Lagoon ဟုပင် တင်စားခေါ်ဝေါ်ကြသေးသည်။

ရေဖြူကန်သည် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာင်မြို့အနီး တပ်ကုန်းကျေးရွာ၌ တည်ရှိသည်။ အောင်ပန်းဘက်မှသွားပါက မိုင်(၄၀) ဝန်းကျင်သွားရသည်။ သခင်မ မိန်းမရဲတောင်၊ ရေပြာအိုင်၊ အလယ်ချောင် ရေတံခွန်သို့ ဦးစွာလည်ပတ်ပြီး တပ်ကုန်းကျေးရွာအထိ သွားရောက်ကာ ရေဖြူကန်သို့အပန်းဖြေ ဝင်ရောက်ရေချိုးနိုင်ပါသည်။

ရေပြာအိုင်ကဲ့သို့ ကြည့်ရှုံသက်သက်မဟုတ်ဘဲ ဝင်ရောက်ရေကူးနိုင် ပါသည်။ ရေစိမ်၊ ရေချိုးနိုင်ပါသည်။ ရေထွက်ဝတောင်ခြေစမ်းမှ ပွက်ပွက်ထ တစ်ဟုန်ထိုးတိုးတွက်လာသောရေများသည် ရေငွေ့၊ တိမ်လွှာများပမာ ရေဖြူများကြောင့် ရေဖြူရေထွက်ဟုခေါ်ဆိုခဲ့လေသည်။ ထုံးဓာတ်မပါဝင် ကြောင်း ဓါတ်ခွဲစမ်းသပ်ထားပြီးဖြစ်ကြောင်း သိရသည်။ ကလိုရင်းခတ်ထား သလိုမျိုး ထွက်စတွင်အဖြူရောင်အဆင်းရှိသော်လည်း ခပ်ယူကြည့်ပါက ပကတိကြည် လင်နေသော ရေအဖြစ်တွေ့ရပါလိမ့်မည်။ ဒေသခံများအဆိုအရ ထိုရေချိုးပါက ယားနာကဲ့သို့အနာများ ပျောက်ကင်းကြောင်း သိရသည်။





**(၁၉) ဗထူးတပ်မြို့နှင့်ရေပူစမ်း(ရပ်စောက်)**

မြန်မာ့လွတ်လပ်ရေးအတွက် ဖက်ဆစ်ဂျပန်များကို တိုက်ထုတ်ရင်း ၁၉၄၅ ဇွန်လ(၂)ရက်နေ့တွင် ကွယ်လွန်သွားခဲ့သည့် ဗိုလ်မှူးကြီးဗထူးအား ဂုဏ်ပြုသည့်အနေဖြင့် ရပ်စောက်မြို့နယ်အတွင်း ဗထူးတပ်မြို့ကို တည်ထောင်ပေးခဲ့သည်။ မြန်မာ့တပ်မတော်အတွက် လေ့ကျင့်ရေးကျောင်းများ တည်ထောင်ဖွင့်လှစ်ရန် လိုအပ်ချက်အရ နန့်ဟူးချောင်းစီးဆင်းရာဒေသနှင့် စမ်းရေပေါများရာဒေသဖြစ်သော ရပ်စောက်မြို့အနီးတွင် ဗထူးတပ်မြို့ကို ရွေးချယ်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

၁၉၅၃ နိုဝင်ဘာလမှ စတင်တည်ဆောက်ခဲ့ပြီး တပ်မြို့တစ်ခုလုံးကို ၁၉၅၄ စက်တင်ဘာလ(၃၀)ရက်နေ့တွင် ပြီးစီးအောင်မြင်ခဲ့သည်။ ၁၉၅၅ ဖေဖော်ဝါရီလ(၁၄)ရက်နေ့တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုကိုယ်တိုင်တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။ ဗထူးတပ်နယ်၏ အကျယ်အဝန်းမှာ ၂၂ စတုရန်းမိုင်ကျယ်ဝန်းပြီး ပထမဆုံးတပ်နယ်မှူးမှာ သီရိပျံချီ ဗိုလ်မှူးကြီးကျော်စိုးဖြစ်သည်။

ယနေ့အချိန်တွင် ဗထူးတပ်မြို့သည် မြို့အင်္ဂါရပ်နှင့်ပြည့်စုံရုံသာမက တပ်တော်(ကြည်း) တိုက်ခိုက်ရေးကျောင်း၊ တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း၊ အမှတ်(၁)အရာခံနှင့်အကြပ်ကြီး သင်တန်းကျောင်းများ ပေါ်ပေါက်လာခြင်းကြောင့် မြန်မာ့တပ်မတော်မှ အရာရှိတိုင်းသည် ရပ်စောက်ဗထူးတပ်မြို့သို့ မဖြစ်မနေရောက်ရှိကြမည်မှာ မလွဲဧကန်ဖြစ်လေသည်။ ဗထူးတပ်မြို့ပေါ်ပေါက်လာပြီးနောက်ပိုင်း ရှမ်း၊ ဓနုနယ်မြေ ရပ်စောက်မြို့နယ်သည်လည်း ဗမာတိုင်းရင်းသားများအခြေချမှုများပြားလာသဖြင့် ဓနု(၅)မြို့နယ်အတွင်း ဓနုတိုင်းရင်းသားအနည်းဆုံးမြို့နယ် ဖြစ်ခဲ့ရသည်။ ဗထူးတပ်မြို့အတွင်း ဗထူးစမ်းအပန်းဖြေစခန်းကိုလည်း ဖွင့်လှစ်ပေးထားပါသည်။

ကျောက်ဂူအင်တောနှင့် ရှမ်းမြောက်နောင်ချိုမြို့သို့ သွားရောက်ချင်ပါက ဗထူးတပ်မြို့အတွင်း မဖြစ်မနေဖြတ်သွားရမည်ဖြစ်သည်။

## (၂၀) ပန်းလောင်မြစ်

ပန်းလောင်မြစ်သည် ရှမ်းမြေလတ်ဒေသ ရှာင်မြို့နယ်မှ စတင်မြစ်ဖျားခံသည်။ ထူးထူးခြားခြား တောင်ဘက်မှမြောက်ဘက်သို့ စီးဆင်းသောမြစ်ဖြစ်သည်။ ဗိုလ်မှူးကြီးဗထူး ကျဆုံးခဲ့သော မင်းပလောင်၊ တဲ့လုဒေသ၊ ချောင်းလက်တက်များ၊ ရေငုတ်များ၊ ရေထွက်များမှတဆင့် ပန်းလောင်မြစ်ရိုးအဖြစ် စီးဆင်းသည်။ ပြဒါးလင်းဂူအနောက်ဘက်မှ ဆက်လက်စီးဆင်းပြီး မိုင်းမောဒေသ(ခေါ်) ပင်လယ်မြို့ဟောင်း အရှေ့ဖက်(၄)မိုင် မြနဒီကျေးရွာအနီး ဖြတ်သန်းစီးဆင်းသည်။ ထိုမှတဆင့် ကူမဲအနီးပန်းလောင်မြစ်မကြီး အဖြစ်ဆက်လက်စီးဆင်းပြန်သည်။ ကျောက်ဆည်အနောက်ဖက် ငါးဆူရွာအနီးတွင် စမုံမြစ်နှင့် ပေါင်းဆုံစီးဆင်းပြီး အင်းဝမြို့အနီး မြစ်ငယ်မြစ်အတွင်းသို့ ဝင်ရောက်ကာ ထိုမှတဆင့်ဧရာဝတီမြစ်မကြီးအတွင်း ဝင်ရောက်သွားသည်။

ခနေနယ်အတွင်းမှ မြစ်ဖျားခံ၊ ဖြတ်သန်းစီးဆင်းလျက်ရှိသော ဇော်ဂျီ၊ ပန်းလောင်၊ ဒုဋ္ဌဝတီမြစ်များသည် ရှေးဘုရင်လက်ထက်ကတည်းက ကျောက်ဆည်ခရိုင်(သို့မဟုတ်)လယ်တွင်းကိုးခရိုင်အတွက် အသက်ပင်ဖြစ်၏။ အနော်ရထာမင်း လက်ထက်ကတည်းကပင် ပန်းလောင်မြစ်ရိုးပေါ်တွင် ကင်းတားဆည်၊ ငနိုင့်သေဉ်ဆည်၊ ပြောင်းပြာဆည်၊ ဂူမဲဆည်များတည်ပေးခဲ့သည်။ ၁၉၈၁ခုနှစ်တွင် ရေအားလျှပ်စစ်အတွက် ကင်းတားဘက်စုံရေလှောင်တမံစီမံကိန်းကြီး စတင်ခဲ့ပြီး ၁၉၉၀ခုနှစ်တွင် ပြီးစီးခဲ့သည်။ ထိုစီမံကိန်းကြောင့် ကျောက်ဆည် မြို့နယ်၊ မြစ်သားမြို့နယ်၊ ဝမ်းတွင်းမြို့နယ်၊ တံတားဦးမြို့နယ် သောက်သုံးရေနှင့်စိုက်ပျိုးရေးအတွက် အလျှံပယ်ဖူလုံလျက်ရှိနေပေသည်။

## (၂၁) ဘဝသံသရာတံတား

ဓနုဒေသ ကလောမြို့နယ်အတွင်း တောင်ကြီး-အောင်ပန်းကားလမ်းဘေးတွင် တည်ရှိသည်။ ဓနုဒေသ၏ တစ်ခုတည်းသောလေယာဉ်ကွင်းတည်ရှိရာ ဟဲဟိုးမြို့အရှေ့ဘက် ကလောမြို့နယ်စပ်အနီးတွင် တည်ရှိသည်။

ခရုပတ်ပုံသဏ္ဍာန်(စက်ဝိုင်း)အတိုင်း တည်ဆောက်ထားသောတံတားလည်းဖြစ်သည်။ ၁၉၅၆ ခုနှစ် ဆရာဦးသုခ၏ ဘဝသံသရာဇာတ်ဝင်ခန်းကြောင့်လည်းကောင်း၊ ဘဝသံသရာသီချင်းကြောင့်လည်းကောင်း လူသိများထင်ရှားလာခြင်းဖြစ်သည်။

အင်္ဂလိပ်တို့သည် ၁၉၀၁ တွင် သာစည်-ရွှေညောင် မီးရထားလမ်းစီမံကိန်းစတင်လုပ်ဆောင်ခဲ့ရာ ၁၉၁၅တွင် ကလော-အောင်ပန်း ဘူတာဖွင့်လှစ်ခဲ့သည်။ ၁၉၂၁တွင် ဟဲဟိုးဘူတာဖွင့်လှစ်ခဲ့သည်။ ၁၉၂၈ တွင် မီးရထားလမ်းရွှေညောင်လမ်းဆုံးအထိရောက်ခဲ့သည်။

ဘဝသံသရာတံတားအမှတ်သည် ၃၀၂ဖြစ်သည်။ ၁၉၂၇တွင် တည်ဆောက်ပြီးစီးခဲ့သည်။ တံတားပေအရှည်မှာ ၂၀၀ပေဖြစ်၏။ တံတားအမြင့်မှာ ၆၂ ပေရှိပြီး သံမဏိသံပေါင်တံတားအမျိုးအစားပင် ဖြစ်သည်။ တံတားပေါ်တွင် ရထားဖြတ်သန်းသွားပြီး တံတားအောက်မှတဆင့် မီးရထားခုတ်မောင်းရသဖြင့် ဆရာဦးသုခက 'ဘဝသံသရာတံတား'ဟု သမုတ်ခဲ့ခြင်းဖြစ်သည်။ အောင်ပန်းမြို့ အရှေ့ဘက်(၁၈)မိုင်ဝန်းကျင်တွင် တည်ရှိသည်။

## (၂၂) ဟဲဟိုးလေယာဉ်ကွင်းနှင့် ဟဲဟိုးမြို့

ဓနုဒေသတစ်ခုလုံး၏ တစ်ခုတည်းသော လေယာဉ်ကွင်းသည် ကလောမြို့နယ် ဟဲဟိုးမြို့၌တည်ရှိသည်။ ရှမ်းပြည်နယ်တောင်ပိုင်း လေယာဉ်ခရီးစဉ်များအတွက် အားကိုးအားထားပြုရသော လေယာဉ်ကွင်းတစ်ခုလည်း

ဖြစ်၏။ မြန်မာနိုင်ငံလေယာဉ်ကွင်း များအတွင်းဆင်းသက်ရခက်သော လေယာဉ်ကွင်းဖြစ်ကြောင်းလေ့လာသိရှိရသည်။

၁၉၄၂-၄၅ ဂျပန်များအုပ်စိုးခဲ့စဉ် ဟဲဟိုးလေယာဉ်ကွင်း စတင်ဖောက်လုပ်ခဲ့သည်ဟု သိရသည်။ လေယာဉ်ကွင်းအနီးအပါး၌ မဟာမိတ်တပ်များ၏ ဖုံးကျင်းများကိုလည်း ယနေ့တိုင်မြင်တွေ့နိုင်ပါသေးသည်။ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ထိုလေယာဉ်ကွင်းအဟောင်းကို ပြန်လည်ပြုပြင်ခဲ့ခြင်းဖြစ်သည်။ ၁၉၄၉ ခုနှစ်တွင် ရှမ်းပြည်နယ်အစိုးရက ဟဲဟိုးလေကြောင်းဘုတ်အဖွဲ့ဖွဲ့စည်းပြီး ပြည်တွင်းလေကြောင်းလေယာဉ်ကွင်းအဖြစ် ဖွင့်လှစ်ခဲ့သည်။ မကြာမီအချိန်တွင် နိုင်ငံတကာလေဆိပ်အဖြစ် တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းသိရှိရသည်။

ဟဲဟိုးမြို့နေရာသည် ပဒေသရာဇ်ခေတ်က လှည်းတန်းချရာဒေသဖြစ်သည်။ ရှမ်းလို ဟိုင်းဝိုးဟုခေါ်သည်။ ဟိုင်းဆိုသည်မှာ မောင်းဖြစ်ပြီးဝိုးမှာနွားဟုအဓိပ္ပာယ်ရသည်။ နွားမောင်းစခန်း (နွားစခန်းချရာနေရာ)ပင်ဖြစ်သည်။ ဟဲဟိုးဒေသည် ဓနုတိုင်းရင်းသား အများဆုံးစုစည်းနေထိုင်ကြပြီး စိုက်ပျိုးရေးဖြင့်အဓိက အသက်မွေးမြူကြသည်။ ကြီးမားကျယ်ပြန့်သော လွင်ပြင်ကြီးတည်ရှိမှုနှင့် အင်းခေါင်းရေထွက်ကြီးကြောင့် အာလူးစိုက်ပျိုးရေးအောင်မြင်ဖြစ်ထွန်းပါသည်။ ၁၉၂၀ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သော ဟဲဟိုးဘူတာသည် ၁၉၂၇အထိ လမ်းဆုံးဘူတာအဖြစ် ရပ်တည်ခဲ့သည်။

ဘာသာတရားကိုင်းရှိုင်းကြပြီး လေသာတောင်ဘုရား အထင်ကရအဖြစ်တည်ရှိသည်။ ဟဲဟိုးမြို့သည်ပြည်ထောင်စုလမ်းမ ပေါ်တွင်တည်ရှိပြီး မီးရထား၊ ကား၊ လေယာဉ်တို့ဖြင့် ပြည်မသို့ဆက်သွယ်သွားရောက်နိုင်ပါသည်။

▼ ▼ ▼

# အခန်း (၁၀)

# ဓနုဒေသနှင့်သက်ဆိုင်သောအခြားမှတ်သားစရာများ

## (၁) ဓနုနယ်အတွင်းကဖြစ်ရပ်မှန်၊ ဖြစ်ရပ်ဆန်းများ

## သဒ္ဓမ္မဒေဝကိတ္တိ အညာသီဟတော ရာကျော်ဆရာတော်ဘုရားကြီး

အတတ်ပညာများကို ကျွမ်းကျင်စွာတတ်မြောက်ခြင်းအား ဝိဇ္ဇာဟုခေါ်သည်။ အတတ်ပညာများကို ဆောင်သူ၊ တတ်မြောက်သူ၊ ကျွမ်းကျင်နိုင်နင်းသူအား ပါဠိလို 'ဝိဇ္ဇာဓရ' မြန်မာလို 'ဝိဇ္ဇာဓိုရ်'ဟုခေါ်သည်။ ဝိဇ္ဇာအကြောင်းကို ဗုဒ္ဓဘုရားရှင်ကိုယ်တိုင် သီလက္ခန်ပါဠိတော်၌ ဟောကြားထားကြောင်း သိရသည်။ လောကီကိစ္စရပ်များကို အဓိကကျင့်ကြံအားထုတ်၍ ကျွမ်းကျင်နိုင်နင်းသူကို လောကီဝိဇ္ဇာဓိုရ်ဟုခေါ်ပြီး လောကုတ္တရာကိစ္စရပ်များကို အဓိကကျင့်ကြံအားထုတ်၍ ကျွမ်းကျင်နိုင်နင်းသူကို လောကုတ္တရာဝိဇ္ဇာဓိုရ်ဟု ခွဲခြားခေါ်ဆိုပါသည်။

ဇနပဒဂန္ဓာရီဝိဇ္ဇာ၊ စူဠဂန္ဓာရီဝိဇ္ဇာ၊ မဟာဂန္ဓာရီဝိဇ္ဇာဟူ၍ ဝိဇ္ဇာ(၃)ဆင့်ရှိပြီး ဝေဒဝိဇ္ဇာ၊ မန္တဝိဇ္ဇာ၊ စူဠဂန္ဓာရီဝိဇ္ဇာ၊ မဟာဂန္ဓရီဝိဇ္ဇာ၊ လောကီယဝိဇ္ဇာ၊ အရိယာဝိဇ္ဇာဟူ၍ ဝိဇ္ဇာ(၆)မျိုးရှိကြောင်းလည်း လေ့လာမှတ်သားရပါသည်။

သာသနာမတိုင်မီကစ၍ ယနေ့တိုင်ဝိဇ္ဇာ၊ ဝိဇ္ဇာဓိုရ်များရှိကြပါသည်။ ဝိဇ္ဇာဖြစ်မည့်သူသည် မွေးကတည်းက ပါလာခြင်းဖြစ်သည်။ စိတ်ကောင်း၊ နှလုံးကောင်းရှိမှလည်း ဝိဇ္ဇာဖြစ်ပါမည်။ သတ္တဝါအပေါင်းတို့ကို ကယ်တင်ချင်စိတ်က ပဋိသန္ဓေတည်ကတည်းက ပါလာသူသာဖြစ်သည်။

မိမိသည်ဓနုတိုင်းရင်းသားဖြစ်သည်။ မိမိသည် ပွေးလှအဆက်အနွယ်ဝင် စစ်စစ်ဖြစ်သည်။ ပွေးလှအဆက်အနွယ်များသည် ရာကျော်ဆရာတော်ဘုရားကြီးကို ယနေ့တိုင်ကိုးကွယ်လျက်ရှိသည်။ ထိုသို့သာမက ဝိဇ္ဇာဓိုရ်စာရင်းတွင် မှတ်တမ်းတင်ခံရပြီး မြန်မာနိုင်ငံအတွင်းသာမက နိုင်ငံရပ်ခြားကပင် ဆရာတော်ကို ကိုးကွယ်ကြသည်။ ကုံလုံဆရာတော်၊ ပဲရင်းတောင် ဆရာတော်၊ ဥဒေါင်းတောင်ဆရာတော်များသည် ရာကျော်ဆရာတော်ထံတွင် ပညာဆည်းပူးခဲ့ကြသည်။ မိမိ၏အဖိုးအရင်းခေါက်ခေါက်သည် ရာကျော်ဆရာတော်၏ တပည့်ဖြစ်ခဲ့သည်။ ရာကျော်ဆရာတော်သည် စိတ်ရင်းအလွန်ကောင်းမွန်သော ဆရာတော်ဖြစ်သည်။ ဝိဇ္ဇာဓိုရ်တို့မည်သည် အောင်မြင်ခြင်းမရောက်မီ လမ်းခုလတ်တွင် အဖျက်အမှောင့်ဒဏ်များစွာ ခံကြရလေသည်။ လောကတွင် မထင်မရှားနေသွားရုံသာမက တချို့ရူးသွပ်နေသူဟုပင် ကဲ့ရဲ့ခံသွားကြရသည်။ ပွေးလှနယ်က ဓနုတိုင်းရင်းသားရာကျော်ဆရာတော်ဘုရားသည်လည်း အခက်အခဲအမျိုးမျိုးကိုရင်ဆိုင်ပြီး သဒ္ဓမ္မဒေဝကိတ္တိ အညာသီဟတောရကျော် ဆရာတော်ဘုရားကြီးအဖြစ် ချီးမြှင့်သမုတ်ခံခဲ့ရပါသည်။ မွေးဖွားစဉ်အချိန်မှစ၍ မကျော်ကြားမီကာလအတွင်း ရာကျော်ဆရာတော်ဖြစ်စဉ်များ မကျန်ရစ်ခဲ့ပါ။ အတတ်နိုင်ဆုံးရှာဖွေဖော်ပြလိုက်ရပါသည်။ ရာကျော်အမည်နာမ ပင်လျှင် ပွေးလှမြို့မှ ထွက်ခွာပြီးနောက်ပိုင်းမှသာပေါ်ပေါက်လာသော နာမည်ဖြစ်ပေသည်။

**ပွေးလှနယ်နှင့်ဆရာတော်**

ပွေးလှနယ်သည် ပင်းတယမြို့နယ်အတွင်းတည်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အမြင့် ၄၄၄၄ ပေအထက်တွင် တည်ရှိသည်။ 'တစ်လီသုံးလုံး၊ နောက်ဆုံးခြသေ့်၊ ဂဏန်းတွေ့'ဟူသောလင်္ကာအရ မြန်မာသက္ကရာဇ် ၁၁၁၃ ခုနှစ်၊ ခရစ်နှစ် ၁၇၅၁၊ သာသနာနှစ် ၂၂၈၅ခုနှစ်တွင် ပွေးလှမြို့ကိုတည်ခဲ့ကြောင်း သိရသည်။ မင်းရွှေအောင် စတင်အုပ်ချုပ်ခဲ့သည်။ ငွေခွန်မှူးအဆက်ဆက် အုပ်ချုပ်ခဲ့ကြပြီး နောက်ဆုံးငွေခွန်မှူးများဖြစ်ကြသော မောင်စောညွန့် (၁၈၈၆-၁၉၁၄)၊ စောစံမြ(၁၉၁၄-၁၉၃၉)၊ မစ္စတာပေါလ်တွန်အစိုးရကိုယ်စားလှယ်(၁၉၃၉-၁၉၄၉)၊ စောထွန်းစိန်(၁၉၄၉-၁၉၅၉)တို့က အုပ်ချုပ်ခဲ့ကြသည်။ ဇမ္ဗူဒီပ ဥဆောင်းကျမ်းတွင် သက္ကရာဇ် ၁၀၂ခုနှစ်ထက်စော၍ တည်ထောင်ခဲ့ကြောင်း တွေ့ရသော်လည်း အခြားအထောက်အထားများမရှိ၍ မြန်မာသက္ကရာဇ် ၁၁၁၃ခုနှစ်တွင် တည်ထောင်ကြောင်း အတည်ပြုခဲ့သည်။

ပွေးလှမြို့သည် အင်္ဂလိပ်မတိုင်မီခေတ်တွင် ဆက်သွယ်ရေးဗျူဟာကျသောမြို့ဖြစ်ခဲ့သည်။ ကိုလိုနီခေတ် တောင်ကြီး-မိတ္ထီလာ ကားလမ်းပေါ်ပေါက်ပြီးနောက်ပိုင်း ပွေးလှလမ်း ခရီးသွားလာမှုနည်းခဲ့ရသည်။ 'မုဆိုးလည်းဆုံး၊ ပွေးလည်းတုံး၏'ဟူသော တဘောင်အတိုင်းပွေးလှမြို့သည် အိမ်ခြေ ၁၀၀၀ ကျော်ရှိရာမှ ၃၀၀အထိ ဆုတ်ယုတ်သွားခဲ့ရပါတော့သည်။ မည်သို့ပင်ဖြစ်နေစေကာမူ ပင်းတယနယ်အတွင်း နေလိုလလို ထွန်းလင်းခဲ့သော ပွေးလှမြို့သည် အံ့သြစရာများနှင့်ပြည့်နှက်နေပါတော့သည်။ 'မုဆိုးလည်းဆုံး၊ ပွေးလည်းတုံး'နောက်ကွယ်တွင် ပွေးလှမြို့အတွက် မထင်မှတ်နိုင်စရာဆုံးရှုံးမှုများကြုံတွေ့ခဲ့ရသော်လည်း အရှုံးထဲကအမြတ်အဖြစ် ရာကျော်ဆရာတော်ဘုရား သက်သေတည်လျက်ရှိပါတော့သည်။

ပွေးလှနယ်၏ဆဋ္ဌမငွေခွန်မှူး မောင်ရွှေကြုတ်လက်ထက်တွင် ရာကျော်ဆရာတော်ဘုရားအား မွေးဖွားခဲ့သည်မှလွဲ၍ ခရစ်သက္ကရာဇ်အတိအကျ

ဖော်ပြနိုင်ခြင်းမရှိပါ။ ငွေခွန်မှူး မောင်ရွှေကြုတ်မှာ ၁၈၅၅ခုနှစ်တွင် ကွယ်လွန်ပြီးသား မောင်လောမားအုပ်ချုပ်ခဲ့သည်။ ဆရာတော်အား ပွေးလှမြို့ အရှေ့ဘက်ကပ်လျက် ပွင့်လန်းကျေးရွာ၌ မွေးဖွားခဲ့သည်။ ငယ်အမည်မှာ မောင်ကြီးညိုဖြစ်ပြီး မောင်ကြီးအိုအစ်ကိုတစ်ယောက်ရှိပါသည်။ ဦးကြီးအို သည် ဒေါ်နန်းအုံနှင့်အိမ်ထောင်ကျခဲ့သည်။ ဦးကြီးအို၏မြေးတော်သူ ဒေါ်သန်းနွဲ့အသက်(၆၇)နှစ် သည်ပွေးလှမြို့၌ သက်ရှိထင်ရှားရှိနေပါသေး သည်။ တဖန်မောင်ကြီးညို၏ ရဟန်းဒါယကာ၊ ကျောင်းဒါယကာ ဦးလုံ-ဒေါ်ရေးတို့၏မြေးဖြစ်သော ဦးသိန်းမောင် အသက်(၈၈)နှစ်သည်လည်း သက်ရှိထင်ရှားရှိနေပါသည်။ ဦးသိန်းမောင်ဇနီး ဒေါ်ကြွင်းသည် အသက်(၇၅) နှစ် ၂၀၁၃ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။ ဆရာတော်၏ဘွဲ့တော်နှင့် အထက်ပါ များကို တွက်ချက်ကြည့်ခြင်းအားဖြင့် ပွေးလှငွေခွန်မှူး မောင်ရွှေကြုတ် လက်ထက်တွင် မွေးဖွားခဲ့ကြောင်း ခန့်မှန်းရမည်ပင်ဖြစ်သည်။ ဆရာတော် ပွေးလှမြို့မှထွက်ခွာသွားချိန်ပင်လျှင် သက်တော်(၈၀)ကျော် ရှိနေပါပြီ။

မောင်ကြီးညိုမှာ ငယ်စဉ်ကတည်းက သာသနာ့ဘောင်ဝင်ရောက်ခဲ့ပြီး ရဟန်းဘဝရောက်ရှိချိန်တွင် ငယ်နာမည်ကို အစွဲပြု၍ဘုန်းကြီးညိုဟု လူသိ များခဲ့သည်။ ဆရာတော်သည် ပွင့်လန်းရွာအနောက်ဘက်တွင်လည်းကောင်း၊ ဉာဏ်ဖုကျောင်းတွင်လည်းကောင်း၊ ပွေးလှမြောက်ပန်းတောင်ရန် အောင်မြင် ကုန်းမြေပေါ်၌လည်းကောင်း၊ ပွင့်လန်းဘုရား၌လည်းကောင်း အသီးသီး သီတင်းသုံးခဲ့သည်။ ထိုစဉ်အချိန်က ဦးကိတ္တိထက် ဘုန်းကြီးညိုဟု လူသိများ ခဲ့သည်။

ရဟန်းဘဝနောက်ပိုင်း လက္ခဏာ၊ နီတိ၊ နက္ခတ်၊ ဂါထာ၊ မန္တန်၊ မန္တယား၊ ဆေးကျမ်း၊ ဓါတ်ကျမ်း၊ လောကီပညာများကို လေ့လာသင်ယူလိုက်စား ခဲ့သူဖြစ်သည်။ ထို့နောက် ဆေး၊ အင်း၊ စမ၊ ရုပ်သံ၊ ပြဒါးအတတ်ပညာများ တတ်စွမ်းလာရုံသာမက ကသိုဏ်း၊ ပရိဘောဂ၊ ဈာန်၊ နိမိတ်၊ ဣဒ္ဓိဝိဓ

အဘိညာဉ်ရ ပုဂ္ဂိုလ်ဖြစ်အောင် အားထုတ်လာသူပင် ဖြစ်သည်။ ထိုသို့အတိတ်ကံရှိရုံသာမက ခိုကိုးရာမဲ့နေသော ကလေးများကိုလည်း ကျောင်းပေါ်ခေါ်ယူကျွေးမွေးပြီး ပညာများသင်ပေးခဲ့သူပင်ဖြစ်သည်။ ဆရာတော်သည် အနေအေးပြီး အခြားရဟန်းတော်များနှင့်လည်း အရောတဝင်နေထိုင်တတ်သူမဟုတ်ပေ။ ဆရာတော်သည် အားလပ်ချိန်ဟူ၍မရှိ။ ဝိပဿနာအားထုတ်မှုနှင့် ဖိုထိုးအလုပ်ကိုသာ တစိုက်မတ်မတ်လုပ်ဆောင်နေတတ်သည်။ ထို့ကြောင့်ဆရာတော်နှင့် ပဋ္ဌာန်း ဆက်ရှိသူများ ဆရာတော်ထံပညာသင်ရန်နှင့် အလုပ်အကျွေးပြုရန် ရောက်လာတတ်ကြသည်။ ထိုအထဲတွင်ကံ့လုံ့ဆရာတော်၊ ဥဒေါင်းတောင်ဆရာတော်၊ ဓမ္မစက် ဆရာတော်ဘုန်းကြီးလုံးပင်လျှင် ပညာသင်ကြားခဲ့ကြကြောင်း လေ့လာသိရှိရသည်။ ကံ့လုံ့ဆရာတော် သက်တော် ၂၄နှစ်ပြည့်ပြီး ပွေးလှမြို့ ကျောက်တောကျောင်း၌ ပညာသင်ကြားနေချိန် ၁၉၃၁ခုနှစ်တွင်လည်း ရာကျော်ဆရာတော် ဘုရားထံပညာဆည်းပူးခဲ့ကြောင်း သိရှိရသည်။

ခေတ်အမြင့်၊ခေတ်အတွေးအခေါ်ရှိ ရဟန်းနှင့်လူပုဂ္ဂိုလ်များက ဆရာတော်လုပ်ရပ်ကိုဆန့်ကျင်ကြသည်။ ပုတ်ခတ်ခဲ့ကြသည်။ အထင်အမြင်သေးခဲ့ကြသည်။ အထူးသဖြင့် တောရဆောက်တည်နေသော ဆရာတော်နှင့် ပွေးလှနယ် ပြဒါးတစ်လမ်း၊ သံတစ်လမ်းဖြစ်ခဲ့သည်။ သို့သော်လည်း ပါရမီရှင်ရာကျော်ဆရာတော်သည် ဝိဇ္ဇာဓရလမ်းစဉ်၊ သိဒ္ဓိလမ်း၊ မဟိဒ္ဓိလမ်းနှင့် ဂမ္ဘီရလုပ်ငန်းစဉ်များကို ရှေ့ဆက်လှမ်းခဲ့ပါတော့သည်။ ဝိပဿနာနှင့်ဖြစ်လာသောဝိဇ္ဇာမျိုးဖြစ်သည့်အတွက် မဟာဂန္ဓာရီဝိဇ္ဇာကျင့်လမ်းကို ယုံယုံကြည်ကြည်ဖြင့် ကျင့်ကြံခဲ့ကြောင်း ထင်ရှားလှပေသည်။ ထို့ကြောင့် ဣစ္ဆာသယ သိဒ္ဓိရှင် မဟိဒ္ဓိရှင် သဒ္ဓမ္မဒေဝကိတ္တိဘွဲ့ထူးကို ရရှိခဲ့သည်မဟုတ်ပါလော။

ဤသို့ဖြင့် တောရဆောက်တည် မဟာဂန္ဓာရီကျင့်လမ်း လျှောက်လှမ်းခဲ့သော ဘုန်းကြီးညို သက်တော်(၈၀)ကျော်အချိန်တွင် ပွေးလှနယ်မှထွက်ခွာသွားရလောက်အောင် မှုခင်းတစ်ခုကြုံခဲ့ရလေသည်။ သတ္တုရာဇ်အားဖြင့်

၁၉၃၇-၃၈ ဝန်းကျင်ကဖြစ်သည်။ တစ်နည်းအားဖြင့် ပွေးလှစော်ဘွား စောစံမြနှင့် ပွေးလှဂိုဏ်းအုပ်ဆရာတော် ဦးနေဓာဝရ အုပ်ချုပ်နေသောအချိန်က ဖြစ်သည်။

ပွေးလှစော်ဘွားစောစံမြသည် ဖခင်စောညွန့်ကွယ်လွန်ခဲ့သဖြင့် ၁၉၁၄ ဇူလိုင်လ(၃၁)ရက်နေ့တွင် ပွေးလှမြို့စားအဖြစ် ဆက်ခံခဲ့သူဖြစ်သည်။ ၁၈၉၃ခုနှစ်တွင် မွေးဖွားပြီးတောင်ကြီးမြို့ ရှမ်းစော်ဘွားများကျောင်းတွင် ပညာသင်ကြားခဲ့သူဖြစ်သည်။ ပွေးလှမြို့စားအပြင် သာမိုင်းခမ်းနယ် (အောင်ပန်းမြို့)ကိုလည်း ၁၉၃၀မှ ၁၉၃၇ခုနှစ်အထိ ရင်ခွင်ပိုက်အုပ်ချုပ်ခဲ့သူဖြစ်သည်။ ကာယဗလသာမက ဉာဏ်ပညာနှင့်ပြည့်စုံသူဖြစ်သည်။ ပွေးလှနယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြော်အမြင်ကြီးစွာကြိုးစား အားထုတ်ခဲ့သူဖြစ်သည်။ ခေါင်းဆောင်ကောင်းပီသသည်။ သာသနာရေးကိစ္စများကိုလည်း တိုးတက်အောင်ဆောင်ရွက်ပေးခဲ့သည်။ ပွေးလှနယ်သူနယ်သားများ၏ ချစ်ကြောက်ရိုသေမှုကို ခံခဲ့ရသူဖြစ်သည်။ ထို့ကြောင့်လည်း ၁၉၃၁ခုနှစ်တွင် အင်္ဂလိပ်အစိုးရက ပေးအပ်ချီးမြှင့်သော ကျက်သရေဆောင်ရွှေစလွယ်ဆု (KSM)ရရှိခဲ့ခြင်း ဖြစ်ပေသည်။

ထိုစဉ်အချိန်က ပွေးလှနယ်ဂိုဏ်းအုပ်ဆရာတော်မှာ မီးလောင်ကျောင်းဆရာတော် ဦးနေဓာဝရဖြစ်ပါသည်။ ပရိယတ္တိသာသနာတော်ကိုလည်း အစဉ်တိုးတက်အောင် ကြံဆောင်နေသူပင်ဖြစ်သည်။ ၁၃၁၅ခုနှစ်မှ စတင်ကျင်းပခဲ့သော ပရိယတ္တိသာသနပါလကစာပွဲတော် ပေါ်ပေါက်လာစေရန် ကြိုးပမ်းခဲ့သူဆရာတော်လည်းဖြစ်သည်။ ပွေးလှစော်ဘွားစောစံမြ အထူးကိုးကွယ်ခဲ့သောဆရာတော် ဖြစ်ပေသည်။ ဝိနည်းတော်အရ စည်းကမ်းအလွန်တင်းကြပ်သော ဆရာတော်တစ်ပါး အဖြစ်ထင်ရှားခဲ့သည်။

ဘုန်းကြီးညို ဉာဏ်ဖုကျောင်း၌သီတင်းသုံးနေစဉ် တစ်နေ့မာတုကာမ တစ်ဦးနှင့်ညိစွန်းကြောင်း သတင်းတစ်ခု ထွက်ပေါ်လာခဲ့သည်။ ထို့ကြောင့်

ဝိနိစ္ဆယခံယူသည့်အဆင့်ရောက်ရှိသွားရုံသာမက ဓမ္မစကိမှအာဏာစက် အဆင့်ထိ ကူးပြောင်းရောက်ရှိသွားပါတော့သည်။ ထိုသတင်းပွေးလှနယ်အတွင်း တစ်ဟုန်ထိုးပျံ့နှံ့သွားပါတော့သည်။ သက်သေအတိ အကျမရှိစွပ်စွဲချက်၊ သံသယအမြင်များဖြင့်ဆရာတော်အား ဆင့်ခေါ်ခံရသော်လည်း တုန်လှုပ်ခြင်းအလျဉ်းမရှိ ရင်ဆိုင်သွားကြောင်း လေ့လာသိရှိရပါသည်။ သို့သော်လည်း စော်ဘွားမင်းတလင်များ၏ခြိမ်းခြောက်မေးမြန်းမှုများကို မခံနိုင်သည့် အဆုံးထိုမာတုကာမသည် ဟုတ်မှန်ကြောင်း ထွက်ဆိုခဲ့သဖြင့် ဘုန်းကြီးညိုသည် နယ်နှင်ဒဏ်အထိ အပြစ်ပေးခံလိုက်ရပါသည်။ ပွေးလှနယ်၏ဓမ္မစကိနှင့် အာဏာစက်အဖြေ နယ်နှင်ဒဏ်အား ကလောမြို့အနောက်ပိုင်းဆိုင်ရာဝန်ထောက်ရုံးတွင် အတည်ပြုလက်မှတ်ရေးထိုးရန်အတွက် ချိန်းဆိုခဲ့ပါသည်။

ပွေးလှနှင့်ကလောမြို့သည် ၂၂မိုင်ခရီးကွာဝေးသည်။ ထိုစဉ်အချိန်က ခရီးသွားလာမှုအတွက် မြင်း၊ နွားလှည်းများကိုသာ အားပြုရသောခေတ်ဖြစ်သည်။ ခြေလျင်သွားပါက နေ့တစ်ဝက်နီးပါးအချိန်ပေးရသော ခရီးဖြစ်သည်။ ခရီးသွားလာမှုအတွက် ကားများမရှိသလောက်ရှားသောခေတ်ဖြစ်သည်။ စော်ဘွားစောစံမြ၏ ဂျစ်ကားတစ်စီးသာရှိပါသည်။ ကလောရုံးတွင် အတည်ပြုလက်မှတ်ရေးထိုးရန်အတွက် စော်ဘွားစောစံမြက ဘုန်းကြီးညိုအား သွားရောက်ပင့်ဆောင်ခဲ့သည်။ ဆရာတော်ကလည်း မလိုက်နိုင်ကြောင်းပြောဆိုခဲ့သည်။ သူမှားနေလို့သာ မလိုက်ကြောင်း အားလုံးသုံးသပ်ပြီး ကလောရုံးသို့ စော်ဘွားစောစံမြအဖွဲ့ဝင်များသာ ထွက်ခွာလာခဲ့ကြောင်း သိရှိရပါသည်။

ကလောရုံးအတွင်းသို့ရောက်သော် ဘုန်းကြီးညိုအားတွေ့ရှိခဲ့ရသောမြင်ကွင်းကြောင့် အားလုံးမှင်သက်ကုန်ပြီး အံ့ဩတကြီးဖြစ်ခဲ့ရပါတော့သည်။ ခံဝန်လက်မှတ်ရေးထိုးပြီး ပွေးလှသို့အသီးသီး ပြန်ခဲ့ကြသည်။ စော်ဘွားနှင့်အဖွဲ့သည် ဘုန်းကြီးညိုအား သွားရောက်ဝန်ချတောင်းပန်ကြသော်လည်း

ဘုန်းကြီးညိုက ပွေးလှနယ်အားစွန့်ခွာတော့မည်ဖြစ်ကြောင်း ပြောဆိုခဲ့ပါတော့သည်။

နောက်တစ်နေ့မနက်ဘုန်းကြီးညို ပွေးလှနယ်မှထွက်ခွာပါတော့မည်။ ဉာဏ်ဖုကျောင်းအား ကိုးကွယ်ကြသူများမှာ ကန်ထောင့်ရွာသူရွာသားများဖြစ်သည်။ ကန်ထောင့်ရွာမိရွာဖများဖြစ်ကြသော ဦးကျော်လှ၊ ဦးစံမြ၊ ဦးချစ်မင်းတို့က ဘုန်းကြီးညိုအား ပွေးလှနယ်ပြင်ပရှိ ကျွဲတပ်၊ မင်းတိုင်ပင်အထိလိုက်ပါပို့ဆောင်ကြသည်ဟု သိရသည်။ ဦးကျော်လှ သည်စာရေးသူ၏အဖိုးဖြစ်ပြီး ဦးစံမြ၊ ဦးချစ်မင်းတို့သည် ဦးကျော်လှဇနီးဒေါ်သင့်၏ အစ်ကို၊ မောင်များပင်ဖြစ်သည်။ ဦးကျော်လှသည် ဘုန်းကြီးညိုအား ယုံကြည်လေးစားစွာကိုးကွယ်ခဲ့ရုံသာမက ပညာများလည်းဆည်းပူးခဲ့သူဖြစ်သည်။ ဈေးပတ်လိုက်ကုန်သည်ကြီးတစ်ဦးဖြစ်ပြီး သား၊ သမီး(၁၃)ဦး မွေးဖွားခဲ့သည်။ ဂျပန်ခေတ်အပြီး အသက်(၅၄)နှစ်တွင် ကွယ်လွန်ခဲ့သည်။ ဆရာတော်အားလိုက်ပါပို့ဆောင်စဉ် ငွေ ၅ကျပ် လှူဒါန်းပေးလိုက်ကြောင်းလည်း ကြားဖူးနားဝရှိခဲ့သည်။

ဤသည်ကားဘုန်းကြီးညိုနှင့် ပွေးလှနယ်ဆက်စပ်ဖြစ်ပျက်ခဲ့မှုများပင်တည်း။ ဘုန်းကြီးညိုပွေးလှနယ်အား စွန့်ခွာသွားပြီးအံ့သြစရာ၊ တိုက်ဆိုင်စရာအဖြစ်အပျက်များတင်ပြမှသာပြည့်စုံမည်ဟု ယူဆမိပါသည်။ ၁၉၃၉ခုနှစ်တွင်စော်ဘွားစောစံမြမိတ္ထီလာမင်းစုံ အစည်းအဝေးသို့အသွား ကျွဲတပ်ဆုံအလွန်တံတားအကျော်အကွေ့တွင် ဂျစ်ကားမှောက် ကွယ်လွန်ခဲ့လေသည်။ ထိုခရီးတွင် သာမိုင်းခမ်းစော်ဘွား စောထွန်းအေးလိုက်ပါခဲ့သော်လည်း ဒဏ်ရာအသင့်တင့်ရှိရုံမှတစ်ပါး အသက်ဘေးမှလွတ်မြောက်ခဲ့သည်။ အမှုတွင်းပါဝင်ခဲ့သော မာတုကာမမျက်စိနှစ်လုံး အလင်းကွယ်ခဲ့သည်။ စော်ဘွားမင်းတလင်အချင်းချင်း စကားများရန်ဖြစ်ပြီး သေနတ်ဒဏ်ရာ၊ ဓါးဒဏ်ရာများဖြင့်ပွေးလှချောင်းအနီး ကွယ်လွန်ခဲ့ကြလေသည်။ ဤအကြောင်းများသည်လည်းယနေ့အချိန်ထိ ပွေးလှပုံရိပ်ကိုလွှမ်းမိုးလျက် ရှိနေပါတော့သည်။

သမိုင်းမှတ်တမ်းများအရ ဘုန်းကြီးညိုသည် မန္တလေးတိုင်း မိုးကုတ်မြို့နှင့်သပိတ်ကျင်းမြို့အကြားရှိ ငွေးပင်ရွာအနီး ဂူတစ်ဂူအတွင်း သတင်းသုံးခဲ့သည်။ တကောင်းမြို့ဟောင်းအရပ်တွင် လောကီဂမ္ဘီရပညာများ ဆက်လက်ဆည်းပူးခဲ့ပြီး ငွေးပင်ဂူဌပင် လောကီပညာသိဒ္ဓိပေါက်အောင်မြင်ခြင်းသို့ ရောက်ရှိခဲ့ကြောင်း လေ့လာရပါသည်။ ငွေးပင်ဂူအတွင်း ဦးကိတ္တိဘွဲ့တော်အမည်ဖြင့် သီတင်းသုံးခဲ့ပြီး လောကီကျင့်စဉ်အောင်မြင်ပြီးမှ အထက်ပုဂ္ဂိုလ်များက သဒ္ဓမ္မဒေဝကိတ္တိ ဘွဲ့တော်ကို ချီးမြှင့်ခဲ့ကြောင်း သိရပါသည်။ 'နတ်ကဲ့သို့ သူတော်ကောင်းတရားများကို ကျင့်ကြံပြီး ထင်ရှားသူ'ဟု အဓိပ္ပါယ်ရသည်။ ငွေးပင်တောင်ထိပ်ရှိ အောင်စေတီငယ်အတွင်း ဆရာတော်၏ကျင့်စဉ်၊ ပညာစဉ်များကို ကျောက်စာချပ်များဖြင့် ကမ္ဗည်းတင်ခဲ့ပြီး မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်သို့ သာသနာပြုခရီးကြွမြန်းခဲ့သည်ဟု လေ့လာရပါသည်။

အနှစ်ချုပ်ပြန်လည်တင်ပြရသော် ၁၉၃၉ မတိုင်မီနှစ်တွင် ပွေးလှနယ်မှ စတင်ထွက်ခွာခဲ့ပြီး သပိတ်ကျင်းမြို့နှင့် မိုးကုတ်မြို့အကြား ငွေးပင်ဂူသို့ရောက်ရှိ တရားကျင့်ကြံခဲ့သည်။ သဒ္ဓမ္မဒေဝကိတ္တိဘွဲ့ထူးခံယူတော်မူသည်နှင့် တစ်ပြိုင်နက် အဘရာကျော်ဆရာတော်ဟု ထင်ရှားကျော်ကြားလာပါသည်။ သပိတ်ကျင်းမြို့နှင့်မိုးကုတ်မြို့ တောင်ထွတ်၊ တောင်မြတ်များအပေါ်၌ ဘုရားစေတီအများအပြားတည်ခဲ့သည်။ မိုးကုတ်မြို့၏ဘုရားဒါယကာ ဦးရအပါအဝင် အကျိုးတော်ဆောင်များအနေဖြင့် ဆရာဦးငွေ၊ ဦးသန့်၊ ဦးဘသိန်း၊ သခင်စိန်၊ သခင်လှအောင်၊ ဦးကြွယ်၊ ဦးထွန်းမြိုင်၊ ဦးကျင်ဖတ်၊ ဦးဘဖေ၊ ဦးရွှေမင်းတို့က သာသနာပြုလုပ်ငန်းစဉ်များကို ဝိုင်းဝန်းကူညီပေးခဲ့ကြသည်။

ဘွဲ့ထူးခံယူပြီး ၁၃၀၂ခု၊ ပြာသိုလဆန်း(၈)ရက်နေ့တွင် မိုးကုတ်မြို့ ရတနာအောင်မြေစေတီတော်ကို စတင်ပန္နက်ရိုက်ပြီး ၁၃၀၂ခု၊ တပေါင်းလဆန်း (၃)ရက်၊ (၂၇-၂-၁၉၄၁)ကြာသပတေးနေ့တွင် စည်ကားသိုက်မြိုက်စွာ ထီးတော်တင်လှူခဲ့သည်။ ၁၃၀၆ခုနှစ်၊ ဝါဆိုလတွင် ထီးတော်အသစ်တင်ပြီး

'ရတနာအောင်မြေဒေါင်းစကြာ' စေတီတော်ဟု ဘွဲ့တော်အသစ်ပေးခဲ့သည်။ သပိတ်ကျင်းမြို့ အောင်စကြာဓါတ်ပေါင်းစုစေတီတော်ကိုလည်း ဘွဲ့ထူးခံယူမှုအပြီး တည်ထားကိုးကွယ်ခဲ့ပါသည်။ မိုးမိတ်မြို့ဝန်းကျင်တွင်လည်း သာသနာပြုခဲ့သည်။ ထိုကာလအတွင်း မိုးကုတ်မြို့အနီး ကောင်းကင်တွင်ဈာန်ကြွမှုသတင်းကြောင့် ဆရာတော်သည်ပို၍ ကျော်ကြားခဲ့ပါတော့သည်။

တဖန်ဗားမဲ့သာသနာတော်နယ်မြေသို့ရောက်ရှိပြီး မဟာစေတီတော်ကြီးကို ပြုပြင်ခဲ့သည်။ နောင်ဆက်ခံမည့် သာသနာ့ဒါယကာများ လွယ်လင့်တကူဆောင်ရွက်နိုင်ရန် သာသနာ့ပန္နက်များကိုလည်း ရိုက်ပေးခဲ့သည်။ ထိုသို့သာသနာပြုရာတွင်ဆရာတော်အပါးအနွံအနာခံ၊ အဆင်းရဲခံပြီးကူညီခဲ့သူမှာ ဘိုးခင်မောင်(ခ)ဦးသောဘိတပင်ဖြစ်သည်။ ဦးသောဘိတသည် ဗေဒင်ဟော၊ အင်္ဂလိပ်ထိုးဝါသနာကြီးသူသာမက ကျန်းမာရေးကောင်းသဖြင့် ဆရာတော်ကလည်း အားကိုးခဲ့သည်။ ဆရာတော်၏အံ့သြဖွယ်အစွမ်းများကိုလည်း ဦးသောဘိတမှပြန်လည်ပြောပြခဲ့သည်။ နောင်တွင် ဘိုးခင်မောင်(ခ) ဦးသောဘိတလည်း ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တစ်ဦးဖြစ်ခဲ့သည်။

ရာကျော်ဆရာတော်ဘုရားသည် ဂျပန်ခေတ်အတွင်း ရန်ကုန်မြို့မင်္ဂလာဒုံရေကြည်အိုင်အနီးတွင် သာသနာပြုခဲ့သည်။ ထိုမှတဆင့်အင်းစိန်(၁၀)မိုင်ကုန်းဘက်တစ်လှည့်စီ သာသနာပြုခဲ့သည်။ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်အရှေ့တောင်ဘက် မင်းဓမ္မကုန်းတော် ရာကျော်ဆရာတော်ဘုရားကြီး၏သစ္စာဓာတ်နှယ်စေတီတော်ဖြစ်သော 'ဆုတောင်းပြည့်ရွှေလဝင်း' သည်အဓိဋ္ဌာန်အောင်မြင်သောစေတီဖြစ်တည်လျက်ရှိနေသည်။ မင်းဓမ္မကုန်းပေါ်၌ဆရာတော် သာသနာပြုစဉ်အချိန်က သစ်ပင်တောရိပ်ထူပြောပြီး လူသူအသွားအလာနည်းခဲ့သည်။ ရာကျော်ဆရာတော်အစပျိုး သာသနာပြုခဲ့မှုကြောင့်ယနေ့ မင်းဓမ္မကုန်းသာသနာနယ်မြေကြီးဖြစ်တည်လာပါတော့သည်။ မြန်မာ

နိုင်ငံ၏အကြီးဆုံး စကျင်ကျောက်ရုပ်ပွားတော်ကြီးကြောင့်လည်း ထင်ရှားကျော်ကြားသောဘုရားဖြစ်နေပေသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီး တိုင်းပြည်မငြိမ်မသက်ဖြစ်ခဲ့သည်။ ၁၉၄၈ ဩဂုတ်လ(၁၀)ရက်နေ့တွင် မင်္ဂလာဒုံရှိ တပ်မတော်တပ်ရင်း(၃) နှင့် သယ်ယူပို့ဆောင်ရေးတပ်မှ တပ်သား(၃၅၀)ခန့်တောခိုသည်။ (၁၁)ရက်နေ့ ရန်ကုန်နယ်နိမိတ် အတွင်းညမထွက်ရအမိန့်ထုတ်ပြန်သည်။ ထိုနှစ်အတွင်း ကရင်အမျိုးသားကာကွယ်ရေးတပ်ဖွဲ့ KNDO က သထုံ၊ တောင်ငူ၊ ပုသိမ်မြို့များကို တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ ၁၉၄၉၊ ဖေဖော်ဝါရီ(၂)ရက်နေ့တွင် ရန်ကုန်အင်းစိန်မြို့အထိ တိုက်ခိုက်သိမ်းပိုက်ခဲ့ကြသည်။ အင်းစိန်မြို့ အရှေ့ကြို့ကုန်းရှိ ရာကျော်ဆရာတော်ကျောင်းလည်း တိုက်ခိုက်သိမ်းပိုက်မှု အတွင်းကျရောက်ခဲ့သည်။

ထို့ကြောင့် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ခြောက်ထပ်ကြီးဘုရားအနီး (ယခု–ရွှေမင်းဝံသာသနာ့ရိပ်သာကပ်လျက် နေရာ)သို့ပြောင်းရွှေ့သီတင်းသုံးခဲ့သည်။ ဆရာတော်နှင့်အတူ ဘိုးခင်မောင်(ခ)ဦးသောဘိတလိုက်ပါသွားပြီး ထိုနေရာ၌ ဖောင်တော်ဦးဘုရားကျောင်းအဖြစ် တည်ထောင်နိုင်ခဲ့သည်။ ရာကျော်ဆရာတော်သွားလေရာ ပင့်ဆောင်ခဲ့သော ဖောင်တော်ဦးဘုရားကို ပလ္လင်တော်ကြီးအထက်ပူဇော်ထားသောကြောင့် ဖောင်တော်ဦးကျောင်းဟု သမုတ်ခဲ့ခြင်းပင်ဖြစ်သည်။ ထိုဖောင်တော်ဦးမြတ်စွာဘုရားသည် စကားသား ဖြင့်ပြုလုပ်ထားပြီး မိုးမိတ်မြို့မှပင့်ဆောင်လာခြင်းဖြစ်၏။ နရပတိစည်သူမင်း သက္ကရာဇ် ၅၃၆ခုနှစ် နန်းတက်စတွင် အဘိုးအလောင်းစည်သူမင်း၏ ဖောင်တော်မှ ရွက်တိုင်စကားသားကိုဖြတ်ပြီး ဗုဒ္ဓရုပ်ပွားတော်(၁၂)ဆူထုလုပ်ကာ ရှမ်းပြည်နယ်သို့ချီးမြှင့်လှူဒါန်းခဲ့ခြင်းဖြစ်၏။ နောင်ချိုသုံးဆယ်ရွာရှိ ဖောင်တော်ဦးရုပ်ပွားတော်မှာ ရှေးဟောင်းသမိုင်းဝင်သော် ကြိုမုဋ္ဌောစေတီတော်

အတွင်း ခံ့ညားထည်ဝါလျက်ရှိပေသည်။ မိုးမိတ်မြို့မှ စကားသားဖောင်တော်ဦး ရုပ်ပွားတော်မှာ ရာကျော်ဆရာတော်သာသနာပြုစဉ် ထပ်ချပ်မကွာလိုက်ပါလာခဲ့ပြီး နောက်ဆုံး ရန်ကုန်မြို့ဗဟန်းမြို့နယ်တွင် ဖောင်တော်ဦးဆုတောင်းပြည့်ဘုရားအဖြစ်ကျော်ကြားလျက် ရှိနေပေသည်။ မသမာသူများ ခိုးယူရောင်းစားမည့်အန္တရာယ်မှ ကာကွယ်နိုင်ရန်အတွက် ပုံစံတူထပ်မံထုလုပ်ခဲ့သဖြင့် ထိုကျောင်းတော်အတွင်း နှစ်ဆူရှိနေခြင်းဖြစ်သည်။

အင်းစိန်တိုက်ပွဲအပြီး ရာကျော်ဆရာတော်မင်္ဂလာဒုံရေကြည်အိုင်သို့ပြန်သီတင်းသုံးရာတွင် ဖောင်တော်ဦးကျောင်းအား တပည့်ဦးသောဘိတထံအပ်နှံခဲ့သည်။ ၁၃၄၀ပြည့်နှစ်တွင် သက်တော်၆၅၊ ဝါတော် ၄၅ရှိ ဦးသောဘိတ ပျံလွန်တော်မူပြီး တတိယဆရာတော် ဦးဣန္ဒာစရိယတာဝန်ယူ ထိန်းသိမ်းလျက်ရှိပါသည်။ ယခင်ကျောင်းအိုကြီးအတွင်း နှစ်ထပ် ကျောင်းဆောင်ဖြင့် ခံ့ညားလျက်ရှိပြီး အမိဋ္ဌာန်ဝင်သူများပြားလျက်ရှိကြောင်း သိရသည်။

ရာကျော်ဆရာတော် ဗဟန်း၌ သီတင်းသုံးနေစဉ်အတွင်း အင်းစိန်တိုက်ပွဲအောင်မြင်စေရေးအတွက် ကန်တော်ကြီး ရေလယ်ကျွန်းတွင် သဲပုံစေတီတည်ပေးခြင်းနှင့် ၁၉၄၉မတ်လအကုန်ညတစ်ညတွင် တိုက်ပွဲဝင်စစ်သည်များအား သူစီမံထားသောပေါက်ပေါက်ဆုပ်စားစေပြီး မနက်တိုက်ပွဲဝင်ခဲ့ရာ အပြီးသတ်အောင်နိုင်ခဲ့ကြောင်း ထွန်းတင်၏ 'ကျနော်ကျင်လည် ခဲ့ရသောမြန်မာနှင့်ကမ္ဘာ' စာအုပ်တွင် မှတ်တမ်းတင်ထားကြောင်း လေ့လာရပါသည်။ ထိုတိုက်ပွဲတွင်လည်း စစ်သည်အကျဆုံး နည်းစွာဖြင့် အောင်မြင်ခဲ့ကြောင်း၊ ထိုတိုက်ပွဲကြောင့် ရာကျော်ဆရာတော်သည် မြန်မာ့တပ်နယ်ပယ်အတွင်း ပို၍ပင် ကျော်ကြားလာခဲ့ကြောင်း သိရှိရပါသည်။

မင်္ဂလာဒုံမြို့နယ် ရာကျော်စိတ္တသုခတပ်ဦးကျောင်းတိုက်အတွင်း ရွှေတိဂုံစေတီတော်ခြသေ့်ကြီးမှ ကျွတ်ထွက်လာသော မျက်လုံးတော်ဌာပနာထားသော 'သီဟာစက္ခုစေတီတော်' ကိုလည်း ၁၃၁၃ခုနှစ်(၁၉၅၁)၊ ကဆုန်

လပြည့်နေ့ ညတွင်းခြင်းအပြီးတည်ခဲ့သည်။ ဗိုလ်ကြီးအောင်ချစ်-ဒေါ်ဒေါင်းရီတို့က အကုန်ကျခံကာ လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ထို့နောက် ၁၃၁၄ခုနှစ်တွင် သပိတ်ကျင်းမြို့ ပထမမြစ်ကျဉ်းအနီး အညာသီဟတောရေလယ်ဘုရားကို ပြန်လည် ပြုပြင်ခဲ့သည်။ ထိုဘုရားသည် အလောင်းစည်သူမင်း သီဟိုဠ်မှပင့်ဆောင်လာသော သရက္ခန်သားရုပ်ပွားတော်ငါးဆူအတွင်းမှ တစ်ဆူအားဌာပနာပြီး သက္ကရာဇ် ၄၆၇ခုနှစ်တွင် တည်ခဲ့သော ဘုရားပင်ဖြစ်သည်။ အလောင်းမင်းတရား၊ ဘိုးတော် ဘုရား၊ မင်းတုန်းမင်းနှင့် လူပုဂ္ဂိုလ်များ ခေတ်အဆက်ဆက်ပြုပြင်ခဲ့ပြီး ရာကျော်ဆရာတော်က ပြုပြင်ပေးခဲ့ခြင်းဖြစ်သည်။ အင်းစိန်အရှေ့ကြို့ကုန်းသာသနာဗိမာန်ရှိ ဝိသုံဂါမသိမ်ကိုလည်း ဆောက်လုပ်လှူဒါန်းခဲ့သည်။ ဤသို့သာမက မြန်မာနိုင်ငံအနယ်နယ် အရပ်ရပ်အပြင် နိုင်ငံရပ်ခြားအထိ သာသနာပြုခဲ့ပြီး ၁၃၁၆ခုနှစ်၊ တပို့တွဲလပြည့်ကျော်(၉)ရက်၊ (၁၆-၂-၁၉၅၅)ဗုဒ္ဓဟူးနေ့ ညနေ(၄)နာရီ ၁၈မိနစ်အချိန် မြန်းကြွစံဝင်တော်မူလေသည်။

ဆရာတော်ပျံလွန်တော်မူသောအခါ ရုပ်ကလာပ်တော်ကို မသမာသူလူတစ်စုကခိုးယူသွားခဲ့သေးသည်။ သို့သော်လည်း တွေ့ရှိသူတစ်ဦး၏သတင်းပေးမှုကြောင့် ရေကြည်အိုင်တောအတွင်းမှ ပြန်လည်ပင့်ဆောင်နိုင် ခဲ့သည်။ ယနေ့အချိန် ရာကျော်ဆရာတော်၏ ရုပ်ကလပ်ကိုရေကြည်အိုင်ကျောင်းတိုက်အတွင်း အမှတ်တရလွမ်းဗိမာန်တည်ဆောက်ကာ ထားရှိပါသည်။

ဤသည်ကား ဓနုတိုင်းရင်းသားရာကျော်ဆရာတော်ဘုရား၏ ဖြစ်ရပ်မှန်များပင်ဖြစ်သည်။ ယနေ့ခေတ်သည် ရုပ်ဝတ္ထုပစ္စည်းများတိုးတက်လာသည်နှင့်အမျှ ဝိဇ္ဇာအတတ်ပညာဆောင်သူ၊ ဝိဇ္ဇာဓိုရ်ဟုဆိုလျှင် အယုံအကြည်မရှိချင်ကြပေ။ သိပ္ပံခေတ်၌ဝိဇ္ဇာဟူသည် ဒဏ္ဍာရီတစ်ခုသဖွယ်သာ ဖြစ်လာသည်။ စာရေးသူလည်း ထို့အတူပင်ရှိချေ၏။ မိမိဒေသသား၊ မိမိလူမျိုးဖြစ်သော ရာကျော်ဆရာတော်အကြောင်း ထဲထဲဝင်ဝင်လေ့လာမိသော

အခါ အံ့သြတကြီး ကိစ္စရပ်များတွေ့ကြုံလိုက်ရပါသည်။ ဆရာတော်နှင့် ပတ်သက်၍ အလွန်အကဲအမွမ်းတင်ထားသော ဖြစ်ရပ်များစွာရှိသော်လည်း တချို့စာဖတ်သူများနှင့်ကိုက်ညီမှုမရှိမည်စိုး၍ ချန်ထားရစ်ခဲ့သည်။ သို့သော် ဖြစ်ရပ်မှန်တစ်ခုတော့ နိဂုံးအနေဖြင့် တင်ပြလိုက်ချင်သည်။

ဂျပန်နိုင်ငံ၌ ဆရာတော်အားဆွမ်းကပ်ခွင့်ရရှိသော ဂျပန်မိသားစုတစ်စု ရှိခဲ့သည်။ ဆရာတော်အားဆွမ်းဆက်ကပ်ခွင့်ရရှိပြီး နောက်ပိုင်းမထင်မှတ်နိုင်သော မိသားစုဘဝ ပြောင်းလဲခွင့်ဖြစ်ခဲ့သည်ဟူ၏။ သို့ဖြစ်၍ ဆရာတော်ပေးခဲ့သောလိပ်စာအတိုင်း မြန်မာနိုင်ငံသို့လာရောက်ဖူးတွေ့သောအခါ အံ့သြကြက်သီးထစရာများကြုံခဲ့ရပါသည်။ အကြောင်းမူကား ဆွမ်းကပ်လိုက်ရသော အချိန်ကာလသည် ဆရာတော် ပျံလွန်တော်မူပြီးဖြစ်နေပါတော့သည်။ ထိုဂျပန်မိသားစုသည် သူတို့၏နေအိမ်တွင် ရာကျော်ဆရာတော်ဘုရားပုံတော်အား ခံ့ညားစွာကိုးကွယ်ထားရုံသာမက ရန်ကုန်မြို့မင်္ဂလာဒုံရှိ ရာကျော်ဆရာတော်ကျောင်းဝင်းအတွင်း လွမ်းစေတီတစ်ဆူတည် ထားခဲ့ပါတော့သည်။ ၄င်းစေတီကို ၂၀၀၇ခုနှစ်တွင် လာရောက်တည်ထားရန်ခွင့်တောင်းခဲ့ပြီး ရွှေထီးတော်တင်ရေစက်ချ အမျှပေးဝေခဲ့ပါသည်။

ဤသည်ကား ရှမ်းမြေလတ်ဒေသ ပင်းတယမြို့နယ်၊ ပွေးလှမြို့၊ ပွင့်လန်းရွာဇာတိ မနုတိုင်းရင်းသား ဣန္ဒာသယသိဒ္ဓိရှင် မဟိဒ္ဓိရှင် သဒ္ဓမ္မဒေဝကိတ္တိ အညာသီဟတောရာကျော်ဆရာတော်ဘုရားကြီး၏ တစ်ဘဝ သာသနာပင်တည်း။

## (၂) သက်တော်ရှည် ဆယ်တောင်ပြည့်ဆရာတော်

ရှမ်းပြည်မြောက်ပိုင်း နောင်ချိုမြို့နယ်အတွင်း ဝိနယာဒိနုဂ္ဂဟမူလ စာပြန်ပွဲတော်ကြီး တည်ထောင်ပေးတော်မူခဲ့သူ၊ တိပိဋက အရှင်သူမြတ်များကို မွေးထုတ်ပေးခဲ့သူ၊ ဓမ္မာစရိယ၊ သာမဏေကျော်နှင့် ဒေါက်တာဘွဲ့ရအရှင်

သူမြတ်များနှင့် ထက်မြက်သော သာသနာပြုပုဂ္ဂိုလ်များပေါ်ထွန်းလာအောင် အုတ်မြစ်ချပေးနိုင်ခဲ့သူ၊ ဒေသတွင်းအမျိုးသား၊ အမျိုးသမီးများအား ပရိတ်၊ ဓမ္မစကြာ အစရှိသော အခြေခံတရားဒေသနာများကို နုတ်တက်ရွရွ ရွတ်ဆို တတ်အောင် စီမံဆောင်ရွက်ပေးခဲ့သူသည် ဆယ်တောင်ပြည့်ဆရာတော်ပင် ဖြစ်ပေသည်။

ဆရာတော်၏ သာသနာရေးဆောင်ရွက်ချက်များကြောင့် ၁၉၉၃ခုနှစ် တွင် 'သဒ္ဓမ္မဇောတိကဓဇ' ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံခဲ့ရသည်။ ဒေသအတွင်း ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်အဖြစ်သတ်မှတ်ထားသော အရှင်မြတ် လည်းဖြစ်ပေသည်။ စကားနည်းပြီးတည်ငြိမ်အေးချမ်းစွာနေထိုင်တော်မူသည်။ သတိပဋ္ဌာန်အမှတ်ဖြင့် သွားလာလှုပ်ရှားနေထိုင်ပြီး သက်တော် (၆၀)နောက် ပိုင်း သက်သက်လွတ်ဘုဉ်းပေးတော်မူခဲ့သည်။

ဆရာတော်ကို ၁၂၈၀ပြည့်နှစ်၊ ဝါခေါင်လဆန်း(၁၀)ရက်၊ သောကြာ နေ့တွင် နောင်ချိုမြို့နယ် တောင်ရှည်ကျေးရွာအုပ်စု တောင်ရှည်ရွာ ဦးအောင် ကြီး + ဒေါ်ဇာယုတို့မှ မွေးဖွားတော်မူခဲ့သည်။ ငယ်နာမည်မှာ ဖိုးသာအောင် ဖြစ်ပြီး ညီမအလတ် မလှသွယ်နှင့်ညီမောင်လှ(၂)ဦးရှိသည်။ ဓနုတိုင်းရင်းသား ဆရာတော်ကြီးပင်ဖြစ်သည်။ ၁၂၉၂ ခုနှစ်တွင် တောင်းခမ်းဆရာတော် ဘဒ္ဒန္တသာသနကို ဥပဇ္ဈာယ်ပြုပြီး မိဘနှစ်ပါး၏ပစ္စည်းလေးပါးနှင့် သာမဏေ ပြုခဲ့သည်။ ၁၃၀၀ပြည့်နှစ်တွင် ပြင်ဦးလွင်မြို့၊ ညောင်နီကျောင်းခဏ္ဍသိမ်၌ ညောင်နီဆရာတော် ဘဒ္ဒန္တဇဝိန္ဒကို ဥပဇ္ဈယ်ပြုပြီး ရဟန်းခံတော်မူခဲ့သည်။ ရဟန်းဒါယကာများက ဦးစံမြကြီး+ဒေါ်ရွှေတုတ်တို့ဖြစ်ပါသည်။ ထို့နောက် ပြင်ဦးလွင်၊ မန္တလေးမြို့တို့တွင် ပညာဆည်းပူးခဲ့သော်လည်း ပညာကံမကောင်း ခဲ့ပါ။

သူ၏ဇာတိဖြစ်သည့် တောင်ရှည်ရွာလုံကာကျောင်းအရှေ့ဘက်တွင် စိမ်းညို့ပြီးသစ်တောဖုံးလွှမ်းနေသော တောင်ကုန်းတစ်ခုရှိသည်။ ၁၃၁၀ခုနှစ်

ထိုတောင်ကုန်းပေါ်တွင် ဂိုဏ်းဂဏများကြောင့် ပြဿနာအကြီးအကျယ်ဖြစ်ခဲ့ရာ၌ ဆရာတော်ပါဝင်ပတ်သက်မှုရှိခဲ့သည်။ ထိုတောင်ကုန်းပေါ်ရှိ ဘုရားကျောင်းကန်များဖျက်ဆီးခံရမှုများကို မျက်ဝါးထင်ထင် မြင်တွေ့ခဲ့သဖြင့် အခက်အခဲဆုံးကာလကိုဖြတ်ကျော်ခဲ့ရလေသည်။ ထို့ကြောင့်၁၃၁၃ခုနှစ်တွင် ရွာမှထွက်ပြီး ဝိပဿနာအလုပ်များကို အားထုတ်ရန် ရန်ကုန်မြို့သို့ထွက်ခွာလာခဲ့သည်။ မဟာစည်နည်းဖြင့် သတိပဋ္ဌာန်အလုပ်ကို အားထုတ်တော်မူခဲ့သည်။

စိတ်များတည်ငြိမ်အေးချမ်းလာပြီး ရွာသို့ပြန်လာခဲ့သည်။ လုံကာအရှေ့ဘက်ကုန်းပေါ်သို့တက်ပြီး မီးလောင်ငုတ်စများကို သိမ်းခဲ့သည်။ ဖျက်ဆီးခံထားရသောစေတီငုတ်များကို ဌာပနာပြီး ဆယ်တောင်ပြည့်အောင်တည်ထားကိုးကွယ်ခဲ့သည်။ စေတီတော်ကိုလည်း ကမ္ဘာအေးစေတီဟုဘွဲ့ပေးတော်မူခဲ့သည်။ နောင်တွင် ဆယ်တောင်ပြည့်ကျောင်း၊ ဆယ်တောင်ပြည့်ကမ္ဘာအေးစေတီအဖြစ် လူသိများလာပြီး ဆယ်တောင်ပြည့်ဆရာတော်ဦးသောဗိဟ လူသိများလာခဲ့ပါတော့သည်။ စေတီတည်၊ ကျောင်းအဆောက်အဦးများဖြစ်ပေါ်လာသောကြောင့် ၁၃၂၂ခုနှစ်တွင် လုံကာကျောင်းမှ ဆယ်တောင်ပြည့်ကျောင်းသို့ အပြီးပြောင်းရွှေ့ခဲ့လေသည်။

၁၃၂၅ခုနှစ်တွင် စတင်ကျင်းပခဲ့သော မူလစာပြန်ပွဲတော်ကိုလည်း ၁၃၂၆ခုနှစ်တွင် ဆယ်တောင်ပြည့်ကျောင်းသို့ ပြောင်းရွှေ့ကျင်းပလာခဲ့ရာ ယနေ့ ရွှေရတုကာလပင်ဖြတ်သန်းခဲ့လေသည်။ ထိုစာပြန်ပွဲမှတဆင့် ပိဋကတ်(၃)ပုံဆောင် (၂)ပုံအောင်နှင့် သာသနာ့ဓဇမွေ့ာစရိယကိုယ်တော်များကို မွေးထုတ်ပေးခဲ့သည်။ ဤသည်မှာ ဆရာတော်၏ကျေးဇူးတရားများပင်ဖြစ်ပေသည်။

သက်တော်ရှည်ဆယ်တောင်ပြည့်ဆရာတော်သည် ၁၃၇၈ခုနှစ်၊ ပြာသိုလဆန်း(၆)ရက်၊ (၁၈-၁-၂၀၁၇)နေ့တွင် ပျံလွန်တော်မူခဲ့သည်။

တပေါင်းလဆန်း(၂)ရက်၊ (၂၇-၂-၂၀၁၇)နေ့တွင် အန္တိမစျာပနအဂ္ဂိသဘင်ကို ဆင်ယင်ကျင်းပခဲ့ပါသည်။ မီးသင်္ဂြိုဟ်ပြီးထွက်လာသော ဓါတ်တော်(၇)လုံးကိုလည်း ဆယ်တောင်ပြည့်ကျောင်း၌ပင် အကြည်ညိုခံ ပူဇော်ထားရှိပါသည်။

## (၃) အောင်ပန်းအာလူး

ဓနုတိုင်းရင်းသားများသည် စိုက်ပျိုးရေးကို အခြေခံပြီး အသက်မွေးဝမ်းကျောင်းပြုကြောင်း ဖော်ပြခဲ့ပြီးဖြစ်သည်။ ကိုလိုနီခေတ်အတွင်း အာလူးစိုက်ပျိုးရေးကြောင့်တချို့ ဓနုနယ်ဖွံ့ဖြိုးတိုးတက်ခဲ့သည်။ ၁၉၀၁ခုနှစ် သာစည်-ရွှေညောင် မီးရထားလမ်း ဖောက်လုပ်လာမှုကြောင့် သယ်ယူပို့ဆောင်ရေး ပိုမိုလွယ်ကူခဲ့သည်။ ထိုအချိန်မတိုင်မီက ရှမ်းမြေလတ်ထွက်ကုန်များ သာစည်၊ ပျော်ဘွယ်သို့ လှည်းတန်းကြီးများဖြင့် ပို့ဆောင်ပေးခဲ့ကြရသည်။ လမ်းတွင် (၅)ရက်ဝန်းကျင် ကြာတတ်သည်။ အပြန်တွင် ဆားအစရှိသော လူသုံးကုန်ပစ္စည်းများ ပြန်လည်ဝယ်ယူကာ ကုန်သွယ်ခဲ့ကြသည်။ ထိုအချိန်က ရှမ်းမြေလပ်မှ အာလူးကို အဓိကထား ပို့ဆောင်ခဲ့သဖြင့် ဤစာအုပ်အတွင်း အာလူးစိုက်ပျိုး ထုတ်လုပ်မှုအကြောင်း ထည့်သွင်းလိုက်ရပါသည်။

ကမ္ဘာပေါ်တွင် အာလူးစတင်ပေါ်ပေါက်လာသော နိုင်ငံသည် တောင်အမေရိကတိုက် ပီရူးနိုင်ငံပင်ဖြစ်သည်။ ၁၆ ရာစုနောက်ပိုင်း ဥရောပသို့ ပျံ့နှံ့စိုက်ပျိုးလာကြပြီး ကမ္ဘာ့သစ်သီးနှံဖြစ်ခဲ့သည်။ မြန်မာနိုင်ငံ၌ ပုဂံ၊ ပင်းယ၊ အင်းဝခေတ်များ၌ အာလူးအထောက်အထား မတွေ့ခဲ့ရပါ။ အာလူးသည် ကုလားလိုခေါ်သော အမည်ဖြစ်၏။ အင်္ဂလိပ်ကတော့ Potato ဟုခေါ်သည်။ ရှမ်းမြေလပ်ဒေသတွင် အာလူးကို 'ကရင်မျောက်ဥ' ဟု ခေါ်ခဲ့သည်။ တွင်တွင်ကျယ်ကျယ် စားသုံးခြင်း မရှိပါ။ စားပါက လည်ပင်းကြီးသည် လေပွ၊ လေနာ၊ ဗိုက်နာတတ်သည်ဟု ပြောဆိုယုံကြည်ခဲ့ကြသည်။

သီးနှံရှားပါးချိန်မှသာ ဖြည့်စွက်သီးနှံအဖြစ် စားသုံးခဲ့ကြသည်။ မြေပြန့်၌လည်း ထို့အတူပင်ဖြစ်၏။

၁၈၈၅တွင် အင်္ဂလိပ်တို့က အထက်မြန်မာပြည်ကို သိမ်းပိုက်ပြီး ၁၈၈၇ တွင် ရှမ်းပြည်နယ် တောင်ပိုင်းကို သိမ်းပိုက်ရန်ချီတက်ခဲ့ကြသည်။ ထိုသို့တက်လာရင်း ရှမ်းအာလူး (ကရင်မျောက်ဥ)ကို အရသာတွေ့သွားခဲ့ကြသည်ဟူ၏။ ၁၈၉၀ ရှမ်းပြည်နယ်ကို အပြီးသတ် သိမ်းပိုက်နိုင်ခဲ့သောနှစ်တွင် နိုင်ငံရေးအရာရှိ ဟီဒါဘရန့်က ဘင်္ဂလားမျိုး (ခေါ်) သင်္ဘောမျိုး အာလူးမျိုးသစ်များ တင်သွင်းပေးခဲ့ပါသည်။ အာလူးစိုက်ပျိုးရေးတွင် ကျယ်လာခဲ့မှုကြောင့် ၁၉၀၀ ဝန်းကျင်တွင် အာလူးမျိုးအသစ်များ ထပ်မံတင်သွင်းပေးခဲ့သည်။ အောင်ပန်းမြို့အနီး အင်းပြင်လွယ်အနီးဒေသတွင် ကာနယ်ရစ်ပွန်က ပျူရီတန် (ခ) ဝိုက်ဖျူတီမျိုးကို တင်သွင်းလာပြီး စမ်းသပ်စိုက်ပျိုးခဲ့ရာ အောင်မြင်ခဲ့သည်။ ထို့ကြောင့် တိုင်းရင်းအာလူးမျိုးအစား စစ်ဗိုလ်မျိုး ပေါ်ပေါက်လာခဲ့ရသည်။ တိုင်းရင်းအာလူးမျိုးကို 'ရှမ်းအာလူး' ဟုခေါ်သည်။ ဤသို့ဖြင့် သာမိုင်းခမ်းနယ်မှ အစပြုခဲ့သော အာလူးများကို ပွေးလှ၊ ပင်းတယ၊ ဘော်နယ်၊ ရှာင်း၊ လွယ်လုံ၊ ကျုံး၊ ပင်မှီ၊ ညောင်ရွှေ၊ ဟိုပုံးအထိ ကျယ်ပြန့်စွာ စိုက်ပျိုးလာခဲ့ကြသည်။

ထွက်ရှိလာသော အာလူးများကို အောင်ပန်းမှတဆင့် ပျော်ဘွယ်၊ သာစည်သို့ ပို့ဆောင်ပြီး ရန်ကုန်ဆိပ်ကမ်းမှ အိန္ဒိယထိပင် ပို့ဆောင်အောင်မြင်ခဲ့သည်။ ဖောက်လုပ်လာသော မီးရထားလမ်းသည်လည်း ၁၉၁၅တွင် အောင်ပန်းအထိ ရောက်ရှိလာပြီး ကလော၊ အောင်ပန်း၊ ဘူတာကို တစ်ပြိုင်တည်း ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ၁၉၂၁ တွင် ဟဲဟိုးဘူတာကို ဖွင့်လှစ်ပေးပြီး ၁၉၂၈တွင် ရွှေညောင်လမ်းဆုံးမြို့အထိ ရောက်ခဲ့သည်။ ဤကာလများအတွင်း အာလူးထုတ်လုပ်မှုသည်လည်း အရှိန်မြင့်ခဲ့ပါတော့သည်။ အာလူးစိုက်ပျိုးထုတ်လုပ်မှု တွင်ကျယ်လာသဖြင့် ၁၉၁၅ခုနှစ် ညောင်ရွှေတွင် အာလူးမျိုးသစ်

(၁၆)မျိုး ထပ်မံစမ်းသပ်မှုများ ပြုလုပ်ခဲ့ကြသည်။ ၄င်းအာလူးမျိုးသစ်များမှာ -

| | | |
|---|---|---|
| (၁) | အာလူးဘုရင် | (King of Potato) |
| (၂) | ဝမ်းဒါးဖူးလ် | (Wonderful) |
| (၃) | ရှပ်အိပ်စ်ပရက် | (Sharps Express) |
| (၄) | ဂရိတ်စကောက် | (Great Scot) |
| (၅) | အာရင်ချိ | (Arran Chief) |
| (၆) | ဗြိတိသျှဘုရင်မ | (British Queen) |
| (၇) | ဂျော့ဘုရင် | (King George) |
| (၈) | အပ်တူဒိတ် | (Up To Date) |
| (၉) | မဟာမိတ် | (Ally) |
| (၁၀) | အာရမ်ကင်မာရိတ် | (Arren Camrade) |
| (၁၁) | ရော့ဒရိတ်ချူး | (Rhoderick Dhu) |
| (၁၂) | အင်ကမ်းမား | (In Comer) |
| (၁၃) | ရက်စ်ပွန် | (Response) |
| (၁၄) | ကားလ်စပင် | (Kerrs Pink)(v15)& Daemif; (Renow) |
| (၁၆) | မဂ္ဂနမ်ဘိုနမ် | (MagnumBonum)တို့ဖြစ်သည်။ |

အထက်ပါအာလူးများအနက် ဂရိတ်စကောက် မဟာမိတ်နှင့် အပ်တူဒိတ်မျိုးများ ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြသည်။ ရှမ်းအာလူး၊ ဘင်္ဂလားမျိုးမှအပ ကျန်အာလူးများကို ခြုံငုံပြီး စစ်ဗိုလ်မျိုးဟု ခေါ်တွင်ခဲ့ကြသည်။ အောင်ပန်း၊ ကလောမြို့များ မဖြစ်ပေါ်မီအချိန်က သာမိုင်းခမ်းမှတစ်ဆင့် အာလူးများ ပြည်ပသို့ ဆယ်စုနှစ်နီးပါး ပို့ပေးခဲ့ကြသည်။ အောင်ပန်းမြို့၊ အောင်ပန်းဘူတာ

ပေါ်လာပြီးနောက်ပိုင်း အိန္ဒိယနိုင်ငံ ကလကတ္တား ဈေးကွက်တွင် ' အောင်ပန်းအာလူး ' ဟုပင် နာမည်ကျော်ခဲ့သည်။

၁၉၂၁ ဟဲဟိုးဘူတာဖွင့်လှစ်ပြီး နောက်ပိုင်း ဟဲဟိုးဒေသ အာလူးစိုက်ပျိုးထုတ်လုပ်မှု အရှိန်ပိုမြင့်လာခဲ့ပါတော့သည်။ ထိုခေတ် ထိုအချိန်က ရှမ်းမြေလတ် အာလူးအများဆုံး စိုက်ပျိုးထုတ်လုပ် စုဆောင်းခဲ့သည်များမှာ သာမိုင်းခမ်း ၁၈.၈%၊ ဟဲဟိုး ၄%၊ မြင်းတိုက် ၆%၊ ကလော ၂%၊ ပွေးလှ ၃၅.၅%၊ ပင်းတယ ၁.၃%၊ လွယ်လုံ ၄.၂%၊ ကျုံး ၅%၊ ရှာင် ၁%၊ ဟိုပုံး - ညောင်ရွှေ ၂၀% (ဟဲဟိုးလာစု)၊ အခြား ၂.၂ တို့ပင်ဖြစ်ပါသည်။ ၁၉၂၀ ဝန်းကျင်က စာရင်းဖြစ်ပါသည်။

ရှမ်းမြေလပ်တွင် ၁၉၁၂ တန်ချိန် - ၅၇၀၀ ၊ ၁၉၁၃ တန်ချိန် - ၆၆၀၀ ၊ ၁၉၁၄ - ၈၈၀၀ ထုတ်လုပ်လာခဲ့ရာမှ ဟဲဟိုးဘူတာပေါ်လာပြီး ၁၉၂၁တွင် တန်ချိန် - ၂၀၀၀၀၊ ရွှေညောင်ဘူတာ ပေါ်ပေါက်လာပြီး ၁၉၂၈တွင် တန်ချိန် - ၃၂၀၀၀ ကျော်အထိ ထုတ်လုပ်လာနိုင်ခဲ့ကြောင်း စာရင်းဇယားအရ လေ့လာမိပါသည်။ ထိုနောက် ၁၉၃၆တွင် တန်ချိန် ၅၀၀၀၀ကျော်အတွင်းမှ အိန္ဒိယနိုင်ငံသို့ သုံးပုံနှစ်ပုံကျော် တင်ပို့နိုင်ခဲ့ကြောင်းလည်း သိရှိရပါသည်။ ၂၀၀၀ပြည့်နှစ်တွင် ရှမ်းပြည်နယ်သာမက မန္တလေးတိုင်း၊ မကွေးတိုင်း (ဆင်ဖြူကျွန်း)၊ ဧရာဝတီတိုင်း (ဟင်္သာတ)၊ ရခိုင်ပြည်နယ်များတွင် စိုက်ပျိုးထုတ်လုပ်မှုကြောင့် စိုက်ဧက ၆၀၀၀၀ကျော် အထွက်တန်ချိန် နှစ်သိန်းကျော်အထိ ရှိလာခဲ့ကြောင်း သိရပါသည်။ မိုးအာလူး၊ စကအာလူး သာမက ရေသွင်းထုတ်လုပ်မှုများကြောင့် မြန်မာနိုင်ငံတွင် တစ်နှစ်ပတ်လုံး အာလူးထွက်ရှိကြောင်းလည်း တွေ့ရှိရပါသည်။ ထိုအထဲတွင် ရှမ်းပြည်နယ်မှ ၇၅ ရာခိုင်နှုန်းကျော်ထွက်ရှိကြောင်း သိရှိရသည်။

အာလူးစိုက်ပျိုးမှုများကို ပြန်လည်လေ့လာပါက (၁၉၃၀ မှ ၁၉၃၃) အတွင်း စီးပွားပျက်ကပ်ကာလမှလွဲ၍ မြန်မာနိုင်ငံအာလူး ပို့ကုန်မှ ဝင်ငွေ

ကောင်းရရှိခဲ့ပါသည်။ အာလူးစိုက်ပျိုးသူများသာမက ရောင်းဝယ်ဖောက်ကားသူများ စီးပွားဖြစ်ခဲ့သည်။ ရှမ်းမြေလပ်၏ ဝင်ငွေအသက်သွေးကြောဖြစ်ခဲ့ရသည်။ မြန်မာနိုင်ငံ၏ အာလူးသက်တမ်းတစ်လျှောက် အိုင်ယာလန်နိုင်ငံကဲ့သို့ အာလူးကပ်ဘေးများ ရင်ဆိုင်ခဲ့ရခြင်းမရှိပါ။ သို့သော်လည်း သက်တမ်းကြာလာသည်နှင့်အမျှ မြေဆီလွှာပြဿနာ၊ လောင်ရောဂါပြဿနာ၊ မြေယာပြဿနာ၊ ဈေးနှုန်းပြဿနာ၊ မြေဩဇာနှင့် ပိုးသတ်ဆေးပြဿနာပေါင်းစုံနှင့် ရင်ဆိုင်နေကြရသည်။

အာလူးသည် တစ်ကမ္ဘာလုံးရှိ လူသားအကျိုးပြု စားသောက်ကုန်ပစ္စည်းတစ်ခုဖြစ်သည်။ အချက်တစ်မျိုး၊ အပြုတ်တစ်ဖုံ၊ အကြော်တစ်နည်း၊ သာမက နည်းမျိုးစုံ စီမံစားသောက်နိုင်သည့် တစ်ခုတည်းသော စားသောက်ကုန်ဖြစ်သည်။ ထိုသို့သာမက အာလူးသည် စား၍ရရုံသာမက သံချေးချွတ်နိုင်ခြင်း၊ အပူလောင်ခြင်းကို ကုသပေးနိုင်ခြင်း၊ အစွန်းအထင်းချွတ်နိုင်ခြင်း၊ သားရေပစ္စည်းများကို ပြောင်လက်အောင် ပြုလုပ်နိုင်ခြင်း၊ ချိုင်းကြား အသားဖြူဆေးအဖြစ် အသုံးပြုနိုင်ခြင်း အစရှိသော အစွမ်းသတ္တိများ ပါဝင်နေခြင်းကြောင့် ရှမ်းမြေလတ်အာလူးအကြောင်း တင်ပြပေးလိုက်ရပါသည်။

## (၄) ဗိုလ်မှူးကြီးဗထူး

မြန်မာ့လွတ်လပ်ရေးအတွက် ရှုပ်ရှုပ်ချွံချွံတိုက်ပွဲဝင်ရင်း ရှမ်းမြေလတ်ဒေသ ရွာင်မြို့နယ်တွင် ကွယ်လွန်ခဲ့သည်။ အောင်ပန်းမြို့တွင် အရိုးအိုးကျောက်တိုင်စိုက်ထူခဲ့သည်။ ထို့ကြောင့် ရှမ်းမြေလတ် ဓနုလူမျိုးအကြောင်းပြောပါက ဓနုနယ်တွင် ဖြစ်ပျက်ခဲ့သော ဗိုလ်မှူးကြီးဗထူးသမိုင်း ချန်ထား၍မဖြစ်ပေ။

၁၉၄၄ ခုနှစ်၊ နိုဝင်ဘာလတွင် ဗြိတိသျှအမှတ် (၁၄) တပ်မဟာသည် ချင်းတောင်တန်းဘက်မှ ဖက်စစ်ဂျပန်များကို စတင်ထိုးစစ်ဆင်ခဲ့သည်။

ထို့ကြောင့် မန္တလေး၊ အောင်ပင်လယ်၊ ရန်ကင်းတောင်၊ မြစ်ငယ်၊ အမရပူရ စခန်းများတွင် တပ်စွဲဖြန့်ချထားသော တိုင်းမှူးဗိုလ်မှူးဗထူး၏ တပ်များက အခြေအနေအရ သတ်မှတ်ရက်ထက်စောပြီး တော်လှန်ခဲ့ကြသည်။ ထိုနေ့ မတ်လ ၈ ရက်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော မြန်မာ့တပ်မတော်က မတ်လ ၂၇ ရက်ရောက်မှ ဆင်နွှဲခဲ့ခြင်းဖြစ်သည်။

ပြင်းထန်သော မန္တလေးတိုက်ပွဲတွင် ဗိုလ်မှူးဗထူးတပ်များ ပူးပေါင်းပါဝင်တိုက်ခိုက်မှုကြောင့် အောင်မြင်ခဲ့ရကြောင်း မဟာမိတ်တပ်မှူး လက်ဖ တင်နင်ဂျင်နရယ်ဆာဝီလျံဆလင်း ကိုယ်တိုင်ရေဒီယိုမှ ချီးကျူးကြေညာခဲ့သည်။ ထို့နောက် ဗိုလ်မှူးဗထူးဦးဆောင်သော တပ်များသည် ကျောက်ဆည်နယ်မှ တစ်ဆင့် ရှမ်းပြည်နယ်တောင်ပိုင်းမြို့ကြီး၊ ရှာင်နယ်များကို ဖြတ်ကျော်ကာ အောင်ပန်းမြို့သို့ဦးတည်ကာ ချီတက်တိုက်ခိုက်သည်။

ထိုသို့ချီတက်လာရာ မထင်မှတ်ဘဲ ရှာင်နယ်၊ ပန်းလောင်မြစ်ရိုး၊ မင်းပလောင်ရွာအနီးတွင် တပ်မှူးဗိုလ်မှူးဗထူးနှင့် ဗိုလ်စောရန်နောင်တို့နှစ်ဦး အလူးအလဲဖျားခဲ့သည်။ အနီးအနားရှိ တယ်လူးဆေးရုံတွင် ဂလူးကို့စ်ထိုးဆေး တစ်လုံးရှိသည်ကို ဗိုလ်စောရန်နောင်အား ထိုးစေခဲ့သည်။ ၄င်းကိုယ်တိုင် ထိုဆေးထိုးရန် လိုအပ်ပါလျက် ဗိုလ်စောရန်နောင်အား ထိုးစေခဲ့သည်။ ၄က်ဖျားရောဂါ အသည်းအသန်ခံစားခဲ့ရခြင်းပါ။ ဆေးရုံရှိရာ တယ်လူးရွာ (တဲ့လုရွာ) တွင်ဆေးမှူးစောနော်ခမ်းကိုယ်တိုင် အစွမ်းကုန်ကုသခဲ့သော်လည်း ဆေးဝါးမလုံလောက်သဖြင့် အားပြတ်ကွယ်လွန်ခဲ့ရသည်။ ၁၉၄၅ ခုနှစ် ဇွန်လ ၂ ရက်၊ ည ၈း၁၀ နာရီ တိတိ။ ကွယ်လွန်ချိန်တွင် ဗိုလ်မှူးဗထူးသည် အသက် (၂၉)နှစ်ရှိပါပြီ။ ကွယ်လွန်ခါနီးတွင် မိသားစုအတွက် မှာကြားခြင်း မရှိဘဲ တိုင်းပြည်လွတ်လပ်ရေးအတွက် ဆက်လက်စစ်တိုက်ရန်သာမှာကြား သွားခဲ့သည်။ နောက်တစ်နေ့ (၂)နာရီအချိန်တွင် တယ်လူးစခန်း၌ပင် မီး သင်္ဂြိုဟ်ခဲ့သည်။ ထိုနေ့ညတွင် ဗိုလ်ကြီးအာဠာဝက ဦးဆောင်ကာ အောင်ပန်း

မြို့ကို ချီတက်တိုက်ခိုက်နိုင်ခဲ့ပါပြီ။ မီးသင့်ဂြိုဟ်ထားသော အရိုးပြာတချို့ကို လည်း အောင်ပန်းသို့ သယ်ဆောင်လာသည်။ မူလရည်မှန်းချက်ကလည်း အောင်ပန်းမြို့အထိ မဟုတ်ပါလော။ မဟာမိတ်တပ်များကတော့ နောက်နှစ်ရက်ခြားတွင် ကလောမြို့ကို သိမ်းပိုက်နိုင်ခဲ့ပါသည်။

အောင်ပန်းမြို့ရောက်တော့ ဗိုလ်ကြီးအာဠာဝကအဖွဲ့သည် ဈေးတောင်ဘက် ဦးဘိုကားအိမ်တွင် စခန်းချသည်။ တချို့ ပြင်သာကျောင်းတွင် တပ်စွဲသည်။ ဂျပန်များတပ်စွဲသော ကျောက်တောကုန်းတွင်လည်း တချို့ဖြန့်ကြက်ထား၏။ အရိုးပြာအိုးကို အမှတ် ၁ ရပ်ကွက်၊ ပွဲစားငြိမ်း-ဒေါ်အိမ်စိုအိမ်တွင် ထားရှိသည်။ ၄င်းနေရာသည် စစ်ရုံးအဖြစ် အငှားချထား သောနေရာလည်း ဖြစ်သည်။ စစ်ဒဏ်ကြောင့် ခေတ္တ တိမ်းရှောင်နေသော စဝ်ထွန်းအေးနှင့် အမှုထမ်းတို့သည်လည်း ပြန်ရောက်လာပါပြီ။ ဗိုလ်မှူးဗထူးတပ်ဖွဲ့ ဝင်များကိုလည်း စော်ဘွားက အားတက်သရော အကူအညီပေးခဲ့သည်။အသံကျယ်ကျယ်ဖြင့် စကားပြောတတ်သော ဗိုလ်ကြီးအာဠာဝကကိုလည်း ရှေးလူကြီးများက မှတ်မိကြောင်း ပြောပြသည်။

ကျောက်တိုင်စိုက်ထူရန် အစည်းအဝေးတစ်ခုကို အမှတ် ၁ ရပ်ကွက် ပွဲစားမှန်း- ဒေါ်မြရီနေအိမ်တွင် ပြုလုပ်ခဲ့ကြသည်။ ဗိုလ်မှူးဗထူးတပ်၏ နောက်ဆုံးရည်မှန်းချက်ထားခဲ့သောနေရာတွင် ကျောက်တိုင်စိုက်ထူရန် အားလုံးသဘောတူကြသည်။ ဗိုလ်ကြီးအာဠာဝက၊ ဆေးမှူးစောနော်ခမ်း၊ ဗိုလ်စောရန်နောင်၊ စဝ်ထွန်းအေး၊ အမတ်ချုပ် ဦးစောမောင်၊ ဦးစိန်နှစ်၊ ပွဲစားငြိမ်း၊ ပွဲစားမှန်း၊ ဦးဆူလမန်၊ ဒေါ်သက်နှင်းအပါအဝင် မြို့မိမြို့ဖများ အစုံအလင်ပါပဲ။ စော်ဘွားစဝ်ထွန်းအေးကိုယ်တိုင် ကျောက်တိုင်တည်ရန် နေရာကိုရွေးချယ်ပေးပြီး ရွှေဒင်္ဂါးနှစ်ပြားစတင်လှူဒါန်းသည်။ မြို့သူ၊ မြို့သား၊ ကုန်သည်များစုပေါင်းထည့်ဝင်ခဲ့ကြပြီး ကျောက်တိုင်စိုက်ထူပွဲကို ၁၉၄၅ ခုနှစ်၊ ဇွန်လ ၁၅ရက်တွင် ဖွင့်လှစ်ခဲ့သည်။ တက်ရောက်လာသူများကို

လည်း အကျွေးအမွေးဖြင့်ဧည့်ခံကာ ခမ်းနားစွာကျင်းပခဲ့ကြသည်။ အာရုလူငယ်အစည်းအရုံးနှင့် အလင်းရောင်စာကြည့်တိုက်မှ ကိုခင်မောင်သန်း၊ ကိုခင်မောင်လတ်၊ ကိုရှောင်မော်၊ ကိုကျော်ဇံ၊ ကိုထွန်းမြင့်၊ မခင်သန်း၊ မခင်အို၊ မတင်တင်မြ အစရှိသော လူငယ်များကလည်း ကျောက်တိုင်အုတ်မြစ်ချပွဲတွင် စုပေါင်းလုပ်အားပေးခဲ့သည်။ ယနေ့ အောင်ပန်းရာပြည့်အကျော်တွင် ဦးခင်မောင်လတ်နှင့်ဒေါ်ခင်အိုနှစ်ဦးသာ ရှိပါတော့သည်။

ရှေးမူလကျောက်တိုင်က လေးမြှောင့်ပုံစံဖြစ်ပြီး ကဒေါင်းကို ကနုတ်ပန်းခြံရံကာ အလှဆင်ထားသည်။ ရှုပ်ထွေးနေတာမျိုး မဟုတ်ပါ။ နောက်ပိုင်းနှစ် ၂၀ ကျော် လက်ထောက်မြို့ပိုင် ဦးသိန်းလှိုင် ကသုံးမြှောင့်ပုံစံပြုပြင်ပြီး အနည်းငယ်မြင့်လိုက်သည်။ ကဒေါင်းပုံ ကနုတ်ပန်းများဖြုတ်ခဲ့သော်လည်း မူလကျောက်စာကိုတော့ ပြန်လည်တပ်ဆင်ပေးခဲ့သည်။

ရှမ်းပြည်နယ်၊ အောင်ပန်းမြို့သို့ရောက်ပါက ပြည်ထောင်စုကားလမ်းဘေးက ဗိုလ်မှူးဗထူး ကျောက်တိုင်ဖြူဖြူလေးကို မဖြစ်မနေဖြတ်သန်းရမှာပါ။

ဗထူးကျောက်တိုင်ရှိစကျင်ကျောက်ပြားပေါ်တွင် ရေးထိုးထားတဲ့ အထိမ်းအမှတ်စာသားကိုလည်း အမှတ်တရ ဖော်ပြပေးချင်သည်။

သမိုင်းတစ်လျှောက်အတွင်း ဗမာ့လွတ်လပ်ရေးအတွက် အသက်စွန့်လွတ်သွားကြသည့် အထူးချွန်ဆုံး၊ မေ့မရနိုင်ဆုံး ဗမာသားကောင်းရတနာ အာဇာနည်ပုဂ္ဂိုလ်များအနက် တစ်ဦး အပါအဝင်ဖြစ်သော ဗိုလ်မှူးကြီးဗထူးနှင့် တကွ တော်လှန်ရေးရဲဘော် ၂၆ ဦးကို ချီးကျူးဂုဏ်ပြုသောအားဖြင့် အမှတ်တရ ကျောက်တိုင်တစ်ခု အောင်ပန်းမြို့တွင် စိုက်ထူခဲ့ကြခြင်းဖြစ်သည်။ ဗိုလ်မှူးဗထူးသည် ၁၉၄၂ ခုနှစ်အတွင်း ထားဝယ်မြို့၌ ဗမာ့လွတ်လပ်ရေးတပ်မတော်သို့ ခြေစုံပစ်ဝင်ခဲ့သည်။ ထိုစဉ်က သာမန်တပ်ကြပ်တစ်ဦးဖြစ်သည်။ ဗိုလ်မှူးကြီးအဆင့်ရောက်ရှိပြီး ကွယ်လွန်သည့်အချိန်ထိ ဇနီးဒေါ်အုန်းတင်နဲ့ သားသမီးများကို တစ်ကြိမ်တစ်ခါမျှ တွေ့မသွားရရှာပေ။

တွေ့ရန် ကြိုးစားခဲ့သေးသော်လည်း တာဝန်ကိုဦးစားပေးခဲ့ရသဖြင့် စာကလေး လေး၊ ငါး၊ ဆယ်စောင်ခန့်နှင့် သူရရှိသော လစာငွေအနည်းအကျဉ်းမျှသာ ပေးပို့နိုင်ခဲ့သည်။ လေးစားကြည်ညိုဖွယ်ကောင်းသည်နှင့်အမျှ ကရုဏာ ဖြစ်ဖွယ်လည်း ကောင်းလှသူ ဖြစ်သည်။

ဗိုလ်မှူးဗထူးတပ်များကို အောင်ပန်းမြို့တွင် ဗိုလ်ကြီးအာဠာဝက ဦးဆောင်နေစဉ်ကာလအတွင်း ၁၉၄၅ ခုနှစ်၊ ဇွန်လ ၁၁ ရက်၊ ည ၉ နာရီ အချိန်၌ ဗိုလ်ချုပ်အောင်ဆန်းထံသို့ အစီရင်ခံစာတစ်စောင် ပေးပို့ခဲ့ပါသည်။ ၎င်းအစီရင်ခံစာတွင် ဗိုလ်မှူးဗထူးသည် မဟာမိတ်တပ်များနှင့် အဆက် အသွယ်မလုပ်ဘဲ တိုက်ခိုက်ခဲ့ရကြောင်း၊ ၁၉၄၅ ခုနှစ်၊ မတ်လ ၃၁ ရက် ရောက်မှ မဟာမိတ်တပ်များနှင့် ဆက်သွယ်ကာ ရှမ်းပြည် နယ်ဘက်သို့ ချီတက်ခဲ့ကြောင်း၊ ထိုသို့ချီတက်ခဲ့ရာ တယ်လူးစခန်းတွင် ငှက်ဖျားရောဂါဖြင့် ကျဆုံးခဲ့ရကြောင်း၊ ဗိုလ်ကြီးအာဠာဝက ဆက်လက်ဦးစီးပြီး အောင်ပန်းမြို့ကို သိမ်းပိုက်နိုင်ခဲ့ကြောင်း၊ အောင်ပန်းမြို့တွင် တပ်အားလုံးကို စနစ်တကျ အုပ်ချုပ်လျက်ရှိကြောင်း၊ အောင်ပန်းမြို့သို့ ဗိုလ်မှူးဗထူးအစား ဗိုလ်မှူး တစ်ယောက်ပို့ပြီး ညွှန်ကြားချက်များပေးစေလိုပါကြောင်း စသည်များပါရှိ ပါသည်။

ဒါကြောင့် ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၅ ခုနှစ်၊ ဇူလိုင်လတွင် ဆက်ဆံရေးအရာရှိချုပ် ဗိုလ်မှူး ကြီးလှအောင်နှင့်အတူ အောင်ပန်းမြို့ကို ရောက်ရှိလာခဲ့သည်။ ဗိုလ်ချုပ်၏ ပထမဆုံး ရှမ်းပြည်နယ်ခရီးစဉ်ဖြစ်ပြီး ဗိုလ်မှူးဗထူးတပ်များကို စစ်ဆေးရန်ရောက်ရှိလာခြင်းဖြစ်သည်။ ဗိုလ်ချုပ် ရောက်လာတော့ ကလောမြို့ (ယခုမြို့မစာသင်တိုက်)တွင် နှစ်ညတည်းခိုသွားပြီး အောင်ပန်းမြို့ ဗထူးကျောက်တိုင်သစ်တွင် ဂါရဝပြုသွားကြောင်းသိခဲ့ရသည်။

- တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အစောဆုံးပြသပြီး ပင်လုံ စာချုပ်၏ ရှေ့ပြေးအမှတ်အသားကျောက်တိုင်

- အောင်ပန်းမြို့က ဓနုလူကြီးများ လိုလိုလားလား ထုဆစ်ခဲ့သော ကျောက်တိုင်
- အောင်မြင်မှုအထိမ်းအမှတ်မြို့၌ရှိသော အောင်မြင်မှုအထိမ်းအမှတ်ကျောက်တိုင်
- ရှမ်းပြည်နယ်- ပြည်မချစ်ကြည်ရေး အစဦးကျောက်တိုင်
- ဖက်ဆစ်တော်လှန်ရေး၌ကျဆုံးခဲ့ရှာသော ရဲဘော်များကို ဂုဏ်ပြုသောကျောက်တိုင်
- အရပ်လေးမျက်နှာ လမ်းဆုံကျပြီး စီးပွားရေးအချက်အချာကျသော နေရာလေး၌တည်ခဲ့သော ကျောက်တိုင်

ဗိုလ်မှူးကြီးဗထူး၏ ဂုဏ်သတင်းနှင့်ထိုက်တန်သော ကျောက်တိုင်အဖြစ် ထာဝရတည်ရှိ နေစေချင်သည်။

ယနေ့ ပြည်ထောင်စုလမ်းမချဲ့ထွင်မှုကြောင့် ဗိုလ်မှူးကြီးဗထူးကျောက်တိုင်သည်ကား အဖျက်ခံရမည်ကိန်းဆိုက်နေသည်။ မည်သို့မည်ပုံဆောင်ရွက်ကြမည်မသိ။ ဗထူးပန်းခြံအတွင်း ပြောင်းရွှေ့မည်ဟုလည်း သိရသည်။

ဗိုလ်မှူးကြီးဗထူး နှစ်တစ်ရာပြည့်အထိမ်းအမှတ်ပွဲမတိုင်မီက ရှာင်မြို့နယ် တဲလူးကျေးရွာရှိ သစ်သား ကျောက်တိုင်အစား ကွန်ကရစ်ကျောက်တိုင်ကို စိုက်ထူပေးခဲ့သည်။ ရှာင်မြို့တွင်လည်း ဗိုလ်မှူးကြီးဗထူး ကြေးရုပ်စိုက်ထူပေးခဲ့သည်။ အောင်ပန်းမြို့ ဗထူးပန်းခြံအတွင်း၌ ဗိုလ်မှူးကြီး ဗထူးကြေးရုပ်ကို စိုက်ထူနိုင်ခဲ့ပါသည်။ ဤသည်ကား ဓနုမြေနှင့်ဗိုလ်မှူးကြီးဗထူး ပတ်သက်မှုများပင်တည်း။

## (၅) နောင်ချိုနယ်နှင့် ဂဠုန်ဆရာစံ

ကိုလိုနီခေတ် အင်္ဂလိပ်အစိုးရလက်ထက် ၁၉၃၀ တောင်သူလယ်သမား အရေးတော်ပုံကြီးကိုဦးဆောင်ခဲ့သူမှာ 'သုပဏ္ဏက ဂဠုနရာဇာ'ဘွဲ့ခံ ဆရာစံ ဖြစ်သည်။

ပထမကမ္ဘာစစ်ကြီးပြီးဆုံးခဲ့သည့် (၁၉၁၈ မှ ၁၉၂၈) အထိ ၁၀နှစ် ကြာကာလအတွင်း မြန်မာ့စီးပွားရေးသည် အဆိုးဆုံးဖြစ်ခဲ့သည်။ ကမ္ဘာ့ဆန် ဈေးကွက်အတွင်း မြန်မာ့ဆန်ဈေးများ ဆက်တိုက်ကျဆင်းခဲ့သဖြင့် တောင်သူ လယ်သမားများ ဒုက္ခရောက်ခဲ့ရသည်။ နောက်ဆုံး စပါးတင်း ၁၀၀ လျှင် (၂၀၀ မှ ၈၄)ကျပ်အထိ ကျဆင်းလာခဲ့ရုံသာမက လူခွန်များကောက်ခံမှုကြောင့် မြစ်ဝကျွန်းပေါ်ဒေသများတွင် မငြိမ်မသက်ဖြစ်ခဲ့ရသည်။

ထိုအချိန်က ဝံသာနုအသင်းကြီးဟုအမည်တွင်နေသော (ဂျီစီဘီအေ) အသင်းပင်လျှင် မြန်မာ့နိုင်ငံရေးစင်မြင့်ထက်မှ ပျောက်ကွယ်သွားရလောက် အောင် အဆိုးဆုံးအခြေအနေဖြစ်ခဲ့သည်။ ဆရာစံသည်လည်း(ဂျီစီဘီအေ) အသင်းဝင်ဖြစ်ခဲ့သည်။ ၁၉၂၈ (ဂျီစီဘီအေ)၏ စုံစမ်းရေးကော်မတီဥက္ကဋ္ဌအဖြစ် သာယာဝတီ၊ ဖျာပုံ၊ ပြည်၊ ကသာ၊ ရွှေဘို၊ မုံရွာ၊ သရက်၊ အင်းစိန်ခရိုင် အတွင်းရှိကျေးရွာများသို့ လှည့်လည်ကာ တောင်သူလယ်သမားများ၏ ဆင်းရဲဒုက္ခများကို စုံစမ်းသိရှိခဲ့သူဖြစ်သည်။ အင်္ဂလိပ်အစိုးရ၏ဖိနှိပ်မှုများကို (ဂျီစီဘီအေ)သို့ အစီရင်ခံစာတင်သွင်းရာ လက်မခံခဲ့သဖြင့် အသင်းနှင့်လမ်းခွဲ ခဲ့သည်။

ထို့နောက် အင်္ဂလိပ်တို့အားတော်လှန်ရန် သာယာဝတီနယ်ကို ရွေးချယ်ခဲ့ပြီး ၁၉၃၀တွင် ဂဠုန်တပ်ဖွဲ့များကို စတင်ဖွဲ့စည်းခဲ့သည်။ ၁၉၃၀ အောက်တိုဘာလ (၂၈)ရက်နေ့တွင် 'သုပဏ္ဏက ဂဠုနရာဇာ'ဘွဲ့ကိုခံယူပြီး အလံတောင်၌ ဌာနချုပ်လုပ်ခဲ့သည်။ 'နဂါးကိုဂဠုန်သုတ်နေပုံ'အလံကို တီထွင်ခဲ့သည်။ နဂါးသည် အင်္ဂလိပ်ကိုဆိုလိုသည်။ မြန်မာပြည်ဘုရင်ခံ

ဆာချားလ်အင်းနစ် ဘိလပ်ပြန်စဉ် ဆာဂျေအေမောင်ကြီး ခေတ္တဘုရင်ခံ ဖြစ်လာခဲ့သည်။ သူ့လက်ထက်တွင် တောင်သူလယ်သမားများက 'သေလျှင် မြေကြီးရှင်လျှင်ရွှေထီး' ခံယူပြီး ၁၉၃၀၊ ဒီဇင်ဘာလ(၂၂)ရက်နေ့တွင် တောင်သူလယ်သမားအရေးတော်ပုံကြီး စတင်ဆင်နွှဲခဲ့သည်။

ထိုအရေးတော်ပုံကို သခင်ကိုယ်တော်မှိုင်းပင်လျှင် ထောက်ခံအားပေးခဲ့သည်။ တိုက်ပွဲများစွာ ဖြစ်ပွားခဲ့သည်။ လုပ်သေနတ်(၃၀)နှင့် ရရာလက်နက်ဆွဲကိုင်ခဲ့မှုကြောင့် အင်အားမမျှမတဖြစ်ခဲ့ရသည်။ ဆရာစံကိုဖမ်းဆီးနိုင်ရေး ဆုငွေ ၅၀၀၀ မှ ၁၀၀၀၀ အထိ တိုးမြှင့်ပေးမှုကြောင့် အလံတောင်စခန်းမှ တိမ်းရှောင်ခဲ့ရသည်။ ၁၉၃၁မေလမှဇူလိုင်လအတွင်း ရှမ်းပြည်မြောက်ပိုင်း၊ နောင်ချို၊ နောင်ပိန်မှ ဒုဋ္ဌဝတီမြစ်ကိုဖြတ်ကျော်ကာ ရပ်စောက်နယ်အထိ ရောက်အောင်သွားခဲ့ပြီး ဂဠုန်တပ်သားများကို စုဆောင်းခဲ့သည်။ ဆရာစံ၏ လက်ရုံး ဦးထွန်းလှ(ဖာသွန်းရွာ၊ နောင်ချို)၊ ဆရာရဲဘော်(မံမော်ရွာ၊ နောင်ချို) နှင့်ဂဠုန်တပ်သားများအတွက် ရိက္ခာသယ်ယူပေးသူ တာဝန်ခံ ဒေါ်ရွှေမှည့်တို့သည် ဓနုလူမျိုးများဖြစ်ကြပြီး ဆရာစံ၏ထိပ်တန်းလူရုံများပင် ဖြစ်ခဲ့သည်။ အင်အား(၃၀၀)အထိ စုဆောင်းနိုင်ခဲ့ပြီး ဆေးပြာစားသစ္စာဆိုကာ အင်္ဂလိပ်တို့ကို တိုက်ခိုက်ခဲ့သည်။ ဒုဋ္ဌဝတီမြစ်ဝန်းကျင်တွင် တိုက်ပွဲအဖြစ်များခဲ့သည်။ အင်အားချင်းမမျှ၍ ဆရာစံအဖွဲ့ဝင်များ ကျဆုံးခဲ့ရသည်။ တချို့ အဖမ်းခံခဲ့ရသည်။ တချို့လည်း စစ်ဆေးပြီးတစ်လခန့်ချုပ်ထားပြီး ပြန်လွှတ်ပေးသည်။ တချို့ထောင်ဒဏ်နှစ်ရှည်ပေးခံခဲ့ရသည်။

ဆရာစံအဖွဲ့ဝင်တချို့ နောင်ချိုမျက်ချင်းနအထိဆုတ်ခွာပြီး ပုန်းအောင်းနေခဲ့ရသည်။ ထိုမှတစ်ဆင့်နောင်ချိုမြောက်ဘက် သုံးဆယ်နယ်ကုလားကွဲခရိုင် ဟိုခိုရွာအနီး လိုဏ်ဂူတစ်ခုအတွင်း ခိုအောင်းနေစဉ် အဖမ်းခံခဲ့ရပါတော့သည်။ ဒေသခံအကြား ယနေ့တိုင် ဆရာစံဂူဟု လူသိများနေဆဲဖြစ်သည်။ ဟိုခိုရွာမှ တောလမ်းအတိုင်းတစ်မိုင်ခန့်သွားရပြီး လမ်းခင်းကျောက် ထုတ်လုပ်သော

လုပ်ငန်းကြောင့် ဂူဝင်ပေါက်မျက်နှာစာသည် ပျက်စီးလျက်တွေ့ရှိနိုင်သည်။ နောင်ချိုနယ်မှ တောင်သူလယ်သမားရေးတော်ပုံခေါင်းဆောင်များမှာ သီရိအနော်ရထာစစ်ကဲကြီးဦးထွန်းလှဖြစ်ပြီး ဆရာစံ၏လက်ရုံးဖြစ်သည်။ ဦးစံယုံ (ဓနု)-ဒေါ်မြင့်(ရှမ်း)တို့မှ နောင်ချိုမြို့နယ် ဖာသွန်းရွာ၌ မွေးဖွားခဲ့သူဖြစ်သည်။ ၁၉၈၂ခုနှစ်ရောက်မှ ကွယ်လွန်ခဲ့သူ ဖြစ်သည်။

နောက်တစ်ဦးမှာ သီရိကျော်ထင်စစ်ကဲဆရာရဲဘော်(ဓနုလူမျိုး) ဖြစ်ပြီး ဆရာစံ၏လက်ရုံးဖြစ်သည်။ နောင်ချိုမြို့နယ် မံမော်ရွာသားဖြစ်ပြီး ဓနုတိုင်းရင်းသားဖြစ်သည်။ ဆရာစံ၏ လက်ရုံးများနှင့်အတူ မြေပြန့်မှပါလာသော ဦးအောင်တင်တို့က နောင်ချိုနယ်သာမက ရပ်စောက်နယ်အထိ အင်အားတိုးချဲ့စုစည်းနိုင်ခဲ့သည်။ ထိုအထဲတွင် နောင်ချိုမြို့နယ် လွယ်ခေါ်ရွာမှ ဓနုလူမျိုးဒေါ်ရွှေမှည့်သည် ဂဠုန်တပ်သားများအတွက် ရိက္ခာသယ်ယူပေးသူအဖြစ် နာမည်ကြီးခဲ့သည်။ ထို့အပြင်ရပ်စောက်နယ်မှ ဦးခမ်းအောင်၊ ဦးချင်းကျောင်း၊ ဦးပညာ၊ ဦးချင်းစိန္တာ၊ ဦးချင်းအောင်ကောင်း၊ ဦးအိုက်ခမ်း၊ ဖိုးဆရာမြင့်တို့သည်လည်း ဆရာစံအဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့သည်ကို လေ့လာသိရှိပါသည်။

ဆရာစံကို (၁၈၇၆) အောက်တိုဘာလ (၂၄)ရက် ရွှေဘိုခရိုင်၊ ဒီပဲရင်းမြို့နယ်၊ သရက်ကန်ရွာနေ ဦးကြေး+ဒေါ်ဖက်တို့မှ မွေးဖွားခဲ့သည်။ အသက် ၁၆နှစ်တွင် မိုးကုတ်မြို့၌ ဆေးဆရာအဖြစ် အသက်မွေးခဲ့သည်။ ၂၀နှစ်တွင် ရဟန်းပြုခဲ့၏။ ၂နှစ်အကြာလူထွက်ပြီး အိမ်ထောင်ပြုခဲ့၏။ သားတစ်ဦး၊ သမီးတစ်ဦးထွန်းကားခဲ့သည်။ ၁၉၀၉ခုနှစ်တွင် ရဟန်း(၂)နှစ်ထပ်ဝတ်ခဲ့သည်။ 'လက္ခဏာဇဆေးကျမ်း'၊ 'ဝိဇ္ဇာသိပ္ပံအင်္ဂုတ္တကျမ်း'၊ 'ဉာဏောဒီဇဆေးကျမ်း' 'ဉာတော မံရုံကျမ်း'များ ပြုစုရေးသားခဲ့သည်။

၁၉၀၇ ဓမ္မရက္ခိတအသင်းထူထောင်ခဲ့သည်။ ၁၉၁၀တွင် မဟာဒုတ်စာရေးတံမဲများပြုလုပ်ကောက်ခံခဲ့သဖြင့် အင်္ဂလိပ်အစိုးရက ထိဖွင့်လှစ်သည်ဟု

တရားစွဲပြီး ထောင်၇လချခဲ့သည်။ ၁၉၂၃ ဂျီစီဘီအေအသင်း ဝင်ခဲ့သည်။

၁၉၂၅ ရွှေဘိုညီလာခံသို့ မော်လမြိုင်ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သည်။

ဤသို့ဖြင့် အဆင့်ဆင့်တက်လှမ်းပြီး တောင်သူလယ်သမားများ၏ ဖိနှိပ်ခံဘဝကို ကာကွယ်ပေးရင်း '၁၉၃၀ တောင်သူ လယ်သမားအရေးတော်ပုံ' ခေါင်းဆောင်တစ်ဦးဖြစ်ခဲ့သည်။ ၁၉၃၁ နိုဝင်ဘာလ ၂၈ ရက်နေ့ သာယာဝတီ ထောင်တွင်ကြိုးပေးကွပ်မျက်ခြင်းခံခဲ့ရသည်။ ကွယ်လွန်ချိန် အသက် (၅၅) ဖြစ်သည်။ နှောင်းခေတ်မြန်မာနိုင်ငံ၏ ငွေစက္ကူများပေါ်တွင် သူ၏ဓါတ်ပုံကို ထည့်သွင်းအသုံးပြုရလောက်အောင် ဂုဏ်သတင်းကျော်ဇောခဲ့သဖြင့် နှောင်ချို မြို့နှင့်ပတ်သက်သမျှ တင်ပြလိုက်ရပါသည်။

## (၆) ဓနုဒေသလောင်းကစားဓလေ့

လောင်းကစားမျိုးစုံ၏ မူလအရင်းအမြစ်သည် တရုတ်နိုင်ငံက ဆင်းသက်လာခြင်းဖြစ်ကြောင်း သိရသည်။ ကုန်းဘောင်ခေတ်တွင် ရှမ်းပြည်နယ်အတွင်း ဝင်ရောက်လာပြီး ပဒေသရာဇ်ခေတ်အလွန်တွင် ကျင်းပနေပါပြီ။ ၁၁၉၉ ခုနှစ် ရှမ်းပြည်နယ်မြေလပ်နှင့် ကယားပြည်နယ်ကို အုပ်ချုပ်သော မိုးနဲတပ်မှူးက အမိန့်ပြန်တန်း ထုတ်ပြန်ခဲ့မှုကိုကြည့်ခြင်းအားဖြင့် လောင်းကစားယဉ်ကျေးမှု ထွန်းကားနေကြောင်းသိရသည်။ ပဒေသရာဇ်ခေတ်အတွင်း လောင်းကစားမျိုးစုံ ရှိနေသော်လည်း ၃၆ ကောင်နှင့် လေးကောင်ဂျင်ကစားနည်းသည် သက်ကြီးရွယ်အို၊ ယောကျ်ား မိန်းခလေးများသာမက ကလေးသူငယ်များပင် ပတ်သက်ခဲ့သဖြင့် ရှမ်းမြေလပ်ဒေသ ပညာရေး၊ စီးပွားရေး အကြီးအကျယ် ထိခိုက်ခဲ့ရသည်။ လောင်းကစားဓလေ့၏ သားကောင် ဖြစ်မှန်းမသိ ဖြစ်ခဲ့ကြရလေသည်။

ဒေသအတွင်း မည်သည့်ရန်ပုံငွေ ရှာဖွေပွဲမဆို လောင်းကစားပွဲများ မပါလျှင်မပြီး ဖြစ်ခဲ့သည်။ ၁၉၂၀ ရန်ကုန်တက္ကသိုလ်တည်ဆောက်စဉ် ရှမ်းပြည်နယ်အတွင်း လောင်းကစားများပြုလုပ်၍ ရန်ပုံငွေ ထည့်ဝင်ပေးခဲ့ ရသည်။ ထိုသို့သာမက ၁၉၄၇ ပင်လုံညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေး လိုအပ်သောငွေကြေးများ လောင်းကစားပွဲကျင်းပပြုလုပ်ပြီး ငွေရှာပေးခဲ့ရသည်။ ဗိုလ်ချုပ်ပင်လျှင် 'ဒါမျိုးဟာမနှိပ်ဘူးဗျို့၊ အလကားဟာတွေ' ဟု မှတ်ချက် ပေးခဲ့ရသည်။ ၁၉၂၆ ရန်ကုန်တက္ကသိုလ် သိပ္ပံကျောင်းဆောင်ဆောက်တော့ အင်္ဂလိပ်အစိုးရက လောင်းကစားပွဲမှ ရရှိသော ငွေများနှင့် မ,ထည့်ဝင်ကြရန် ရှမ်းစော်ဘွားများကို နှိုးဆော်ခဲ့ဖူးကြောင်း လေ့လာမိပါသည်။

မည်သို့ပင် ဖြစ်စေကာမူ ရှမ်းလူထုအတွင်း မူးယစ်ဆေးဝါးနှင့် အချိန်ကုန်ခြင်းများ၊ လောင်းကစားရေယဉ်ကြော နှစ်မျောနေခြင်းများကို အင်္ဂလိပ်အစိုးရက သဘောကျနှစ်ခြိုက်နေမည် မဟုတ်ပါလော။ ပညာမတတ် လေကောင်းလေ သဘောထားခဲ့သည်။ ၁၉၃၁ သန်းခေါင်းစာရင်းအရ ရှမ်းပြည်နယ်တွင် ဗမာလူမျိုးမှအပ တိုင်းရင်းသားအတွင်း စာဖတ်နိုင်သူ ၆ ရာခိုင်နှုန်းသာ ရှိခဲ့သည်။ ၁၉၅၀အထိလည်း ထိုထက်တိုးလာခြင်း မရှိခဲ့ ပါ။ ထိုအချိန်က ရှိခဲ့သည့်ကျောင်းများသည်လည်း စော်ဘွားများ အနွယ်ဝင် များနှင့် ငွေကြေးချမ်းသာသော သူများသာ တက်နိုင်ခဲ့ကြသည်။ အင်္ဂလိပ် အစိုးရက တည်ငြိမ်စွာအုပ်ချုပ်နိုင်ရေး ပစ်မှတ်ကောင်း သိထားသော်လည်း စာတတ်ပေတတ်အဖွဲ့များကို မထိန်းနိုင်ခဲ့ပေ။

လွတ်လပ်ရေး ရစနှစ်များနှင့် ၁၉၅၂ပြည်တော်သာ ညီလာခံအပြီး လောင်းကစားတိုက်ဖျက်ရေး လူထုလှုပ်ရှားမှုများ နေရာအနှံ့ ပြုလုပ်ခဲ့ပါသေး သည်။ သို့သော်လည်း အောင်မြင်မှုမရှိပဲ ပို၍ပင်ကြီးကျယ်လာခဲ့သေးကြောင်း သိရှိရပါသည်။ နောက်ဆုံးစော်ဘွားများ အာဏာစွန့်လွှတ်မှုအပြီး ၁၉၆၂

နောက်ပိုင်း လောင်းကစားမှုများကို အစိုးရကအတော်အတန် ထိန်းခဲ့ပါသေးသည်။ သို့သော်လည်း ရပ်တန့်အောင်လုပ်၍ မရခဲ့ပါ။

ယနေ့ လောင်းကစားဓလေ့(ရှမ်းပြည်နယ် ခေတ်ဟောင်းအမွေဆိုးကြီး) ဆက်လက်ရှင်သန်နေဆဲပါ။ တိုးတက်နေဆဲပါ။ သို့သော်ပိုပြီး ခေတ်မီကစားနည်းမျိုးစုံဖြင့် အသွင်ပြောင်းသွားခဲ့ပါသည်။ ပွဲအရောက်သွားစရာမလို။ ဖမ်းဆီးရန်လည်း မကြောက်ရ။ နေအိမ်အတွင်း ဇိမ်ကျကျ လောင်းကစားလုပ်ရသော ခေတ်ကူးပြောင်းသွားခဲ့လေပြီ။ 'တကယ်တော့ လောင်းကစားဆိုတာ မတော်လောဘကို တရားလွန်နိုးဆွ အားပေးပြီး မိမိတိုးတက်ရာကို ဆုတ်ယုတ်ပျက်ပြားစေတဲ့ အစဉ်အလာဓလေ့ဆိုးကြီးပင်ဖြစ်ပါတယ်'။ လောင်းကစားဖြင့် အသက်မွေးသူသည် ယေဘုယျအကျိုးရှိနိုင်သော်လည်း ပြည်သူလူထု တစ်ရပ်လုံး အဘက်ဘက်က ချွတ်ခြုံကျစရာချည်းပင် ဖြစ်ပေသည်။

ရှမ်းမြေလတ်တွင် အောင်ပန်းပွဲ၊ ပင်းတယပွဲ၊ ဘော်ကြိုပွဲ၊ ညောင်ရွှေပွဲ၊ မြို့ကြီး (ဒေါင်းမြီးပွဲ)များသည် တစ်ချိန်က အလွန်ကျော်ကြားထင်ရှားခဲ့သော ပွဲများပင်ဖြစ်သည်။ အများစု တရုတ်ဒိုင်များပင် ဖြစ်သည်။ပက်ပက်စက်စက်ထိုးနိုင်အောနိုင်ကြောင်း ဆရာကြီးရွှေဥဒေါင်း တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များစာအုပ်တွင် မှတ်တမ်းတင်သည်အထိ ဖြစ်ခဲ့လေသည်။ ပွဲဆိုသည်မှာ လောင်းကစားဝိုင်းပါသော ပွဲကိုဆိုလိုခြင်း ဖြစ်သည်။ အထူးသဖြင့် လေးကောင်ဂျင်ဝိုင်းနှင့် ၃၆ကောင်ထီ အမြဲပါသည်။ ထိုသို့သာမက ပိုကာ၊ ကိုးမီး၊ ပိုက်ကျုံး၊ ဂုံဂင်း၊ ဂျောက်ဂျက်၊ ၃၆ ဂဏန်း၊ ၁၂ ကောင်ထီ (မြေကပ်ထီ)၊ မာကျောက်ကစားနည်းများလည်း ထိုပွဲများအတွင်း ထည့်သွင်းခဲ့ကြသည်။ လွန်ခဲ့သော ၂၅နှစ်အထိ လေးကောင်ဂျင်ဝိုင်းများ ပွဲတိုင်းပါဝင်လျက် ရှိသေးသည်။ ယနေ့မရှိသလောက် ရှားခဲ့လေပြီ။

လောင်းကစားဓလေ့ကို ပြန်လည်သုံးသပ်ပါက အားလုံးဆုံးရှုံးမှုများခဲ့သည်။ အစဉ်အဆက် လောင်းကစားဖြင့် ငွေရှာလွယ်ခဲ့သဖြင့် ပညာ

ရေးအားနည်းခဲ့ရသည်။ သာမန်လူတန်းစားအတွက် ၆ တန်း၊ ၇ တန်း ရောက်ပါက ထီစာရေးလုပ်၍ရသည်။ လောင်းကစားဖြင့် ငွေရှာလွယ်ကူခဲ့သဖြင့် ကလေးငယ်များ၏ အသွေးအသားအတွင်း လောင်းကစားဉာဉ် စီးဆင်းခဲ့ရခြင်းပင်ဖြစ်သည်။ ဓနုဒေသအတွင်း 'မိုးဆိုပွဲစား၊ နွေမူဖဲသဖား' ဟု သရော်သည်အထိဖြစ်ခဲ့လေသည်။

ဓနုဒေသအတွင်း လောင်းကစားနှင့် ပတ်သက်သမျှ ဆင်ခြင်စရာ၊ သံဝေဂယူစရာ အဖြစ်အပျက်များ ကျန်ရစ်ခဲ့သော်လည်း လောင်းကစားနှင့်ဂုဏ်ယူနေတတ်သူတွေက ဒုနှင့်ဒေးရှိနေဆဲပါ။ လောင်းကစား အလုပ်သည် ယဉ်ကျေးမှုတစ်ခု ဖြစ်နေပါတော့သည်။ လောင်းကစားတိုက်ဖျက်ရေး ဆိုသည်မှာ ဆင်ခြင်တုံတရား ထွန်းကားပြီး ပညာဉာဏ်နှင့် အမှား၊ အမှန် ဝေဖန်ပိုင်းဖြတ်နိုင်ပါမှ အမြစ်ပြတ်နိုင်မည်ဟု ထင်မြင်မိပါသည်။

လောင်းကစားဓလေ့၊ ယဉ်ကျေးမှု တိုးတက်လာသည်နှင့်အမျှ လောင်းကစားလုပ်မှ လောင်းကစားနှင့် ပတ်သက်သူဟု ပြောမရတော့ပေ။ အခြားသော လုပ်ငန်းတွင်လည်း လောင်းကစားဆန်ဆန် လုပ်ရဲကိုင်ရဲ၊ ပေးရဲယူရဲ၊ စွန့်စားရဲလာပါတော့သည်။ ဤသည်မှာ ဖြတ်သန်းလာခဲ့သော အစိုးရစနစ်များနှင့် သက်ဆိုင်နေပါတော့သည်။ ထို့ကြောင့် ယနေ့ ဒီမိုကရေစီခရီးလမ်းကြောင်းအတွင်း ပညာမတတ်၍ မဖြစ်တော့ပါ။ အထူးသဖြင့် မိမိတို့လူလတ်ပိုင်း၊ လူကြီးပိုင်း ခါးစည်းခံခဲ့ကြရသော အတိတ်ယဉ်ကျေးမှုများကို ယနေ့လူငယ်များထံ ကပ်ပါမလာအောင် ထိန်းသိမ်းပေးရမည့် တာဝန်ရှိလာပါသည်။ သို့မှသာ အိမ်နီးချင်းနိုင်ငံများနှင့် တစ်နေ့နေ့ရင်ပေါင်တန်းနိုင်မည်သာ ဖြစ်ပေတော့သည်။

## (၇) တာတက်ပွဲ

တာတက်ပွဲဟူသည် ခနော် ၊ တောင်ရိုး ၊ ပအိုဝ်း တိုင်းရင်းသားများ၏ နှစ်သစ်ဦး ကြိုဆိုပွဲပင်ဖြစ်သည်။ နှစ်စဉ်သင်္ကြန်အတက်နေ့မှစတင်၍ ကဆုန်လပြည့်နေ့အထိ တစ်လလုံးလုံး ရွာစဉ်အလိုက် ကျင်းပသောပွဲဖြစ်သည်။ တစ်ရွာတွင် တစ်နေ့တစ်ပွဲကျ ကျင်းပပြုလုပ်ခြင်းဖြစ်သည်။ အထူးသဖြင့် တောင်ရိုး၊ ဓနုတိုင်းရင်းသားများသည် ရှေးပဝေသဏီကတည်းက မိမိတို့၏ ရိုးရာယဉ်ကျေးမှုတစ်ရပ်အနေဖြင့် ကျင်းပသောပွဲပင်ဖြစ်၏။ ရှမ်းမြေလတ်ဒေသတစ်ခုလုံး၏ ပြယုဂ်တစ်ခုအဖြစ် ကျင်းပသော 'တာတက်' ပွဲဟုဆိုက မှားမည်မထင်ပေ။ သင်္ကြန်အတက်နေ့အတာတက်သည်ကို အစွဲပြုကာ တာတက်ပွဲဟု ခေါ်ဆိုခဲ့ကြခြင်းဖြစ်သည်။

တာတက်ပွဲကျင်းပပြုရခြင်း၏ အဓိကရည်ရွယ်ချက်မှာ နှစ်သစ်အခါသမယမှစတင်၍ တစ်နှစ်ပတ်လုံး မိုးလေဝသကောင်းမွန်ပြီး လယ်ယာလုပ်ငန်းအောင်မြင်ရေးမှအစ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး အထူးကောင်းမွန်စေရန် ဗုဒ္ဓရှင်တော်မြတ်ထံ ဆုပန်ပူဇော်ပွဲဖြစ်သည်။ လှူဖွယ်ဝတ္ထုများစုံလင်စွာ အလှဆင်ထားပြီးသော ဆွမ်းတော်အုပ်ကိုယ်စီရွက်ကာ မြတ်ဘုရားထံ ဆက်ကပ်လှူဒါန်းသော နှစ်သစ်ဦးဆုတောင်းပွဲလည်းဖြစ်ပေသည်။ တစ်နည်းအားဖြင့် ရွာသူ၊ ရွာသားများ၏ နှစ်သစ်ကူး စုပေါင်းဆွမ်းတော်ကပ်ပွဲဟုလည်း ပြောနိုင်ပါသည်။

တာတက်ပွဲကျင်းပချိန် နံနက်ခင်း၌ ကျေးရွာ /ရပ်ကွက် အသီးသီးက အိုးစည် ဗုံမောင်းများဖြင့် ဆွမ်းတော်အုပ်ကိုယ်စီရွက်ကာ ဘုရားဝင်းအတွင်းသို့ စီတန်းလှည့်လည်ကြသည်။ ဘုရားကို လက်ယာရစ်သုံးပတ်လှည့်ကာ ပွဲစံကြသည်။ 'ပွဲဝင်'သည်ဟုခေါ်သည်။ ကျေးရွာအသီးသီးက စီတန်းပွဲဝင်ပြီးပါက ဘုရားအမှူးရှိသော သံဃာတော်အရှင်မြတ်များထံ စုပေါင်းကန်တော့ပါသည်။ တစ်ရပ်ကွက်ချင်း၊ တစ်ရွာချင်းစီ ကန်တော့မှုလည်းရှိသည်။

နေ့ဆွမ်းအပြီး နေ့ခင်းဘက်တွင် ကန်တော့ရန်အလှူဝတ္ထုများ ကိုယ်စီပြန်ရွက်ကာ ဘုရားဝင်းအတွင်း စီတန်းလှည့်လည်ပြီး နောက်တစ်ဖန် ဘုရားကိုပူဇော်ကြပြန်သည်။ 'ပွဲတက်' သည်ဟု ခေါ်သည်။ ပွဲပြီး (ပွဲသိမ်း) သည့်သဘောဖြစ်သည်။ 'စီတန်းပွဲဝင်'၊ 'စုပေါင်းပွဲတက်' ကဏ္ဍနှစ်ခုဖြင့် ကျင်းပသော တာတက်ပွဲသည် တောင်ရိုး၊ ဓနုတို့၏ ချစ်စရာဓလေ့များဖြစ်သည်။ တစ်ရွာနှင့်တစ်ရွာ အပြန်အလှန်သွားရောက် အကူအညီပေးပြီး ပူးပေါင်း ကျင်းပခြင်းဖြစ်သည်။ 'လက်စားချို၊ လက်စားဆပ်' စနစ်ဟုခေါ်ပါသည်။ တိုင်းရင်းသားတို့အချင်းချင်း ချစ်ကြည်ရင်းနှီးမှု သွင်ပြင်လက္ခဏာများကို အများဆုံးမြင်တွေ့နိုင်သောပွဲပင်ဖြစ်၏။

ရှေးအချိန်က တချို့ကျေးရွာများတွင် ပဲလှော်ပေါက် ဓလေ့များလည်း ရှိခဲ့သည်။ အပျို၊ လူပျို ပဲလှော်ပေါက်လက်ခံမှုမှသည် တစ်ရွာသူ၊ တစ် ရွာသားများ ချစ်ခင်စုံမက်မှု ရှိသဖြင့် 'ဖူးစာဆုံပွဲ' ဟုပင် တင်စားခဲ့ကြသည်။ လူငယ်များ စိတ်ဝင်တစားဖြစ်ခဲ့သည်။ ရေပန်းစားခဲ့သည်။ ဤပွဲတော်အတွက် လူငယ်များ တစ်နှစ်ပတ်လုံး စုဆောင်းကာ ပြင်ဆင်ကြသည်များလည်းရှိ သည်။ တာတက်ပွဲ၏ စိတ်ဝင်အစားဆုံးအရာသည်ကား မီးရှူးပြိုင်ပွဲ၊ မီးရှူးလွှတ်ပွဲပင်ဖြစ်သည်။ ဝါးလုံး (သို့မဟုတ်) သံပိုက်လုံးအတွင်း ယမ်းထောင်း ထည့်ပြီး ဝါးတံချည်ကာလွှတ်တင်၊ ပြိုင်ဆိုင်ကြသည်။ ရှေးရှေးက ဘုရားရှင် ကိုရည်မှန်းပြီး လွှတ်တင်ပူဇော်ပွဲမှသည် ဒေသအခေါ် 'မီးလုံးပွဲ' (မီးဒုံးပွဲ) အဖြစ် ထင်ပေါ်ကျော်ကြားလာခဲ့ခြင်းပင်ဖြစ်သည်။

ကာလရှည်ကြာစွာ ကျင်းပလာခဲ့သော မီးလုံးပွဲများသည် လောင်း ကစားပုံရိပ် ကြီးမားလာခြင်းကြောင့်လည်းကောင်း၊ လေယာဉ်ပြေးလမ်းများ ထိခိုက်လာနိုင်သည်ကတစ်ကြောင်း၊ မီးလုံးများ တစ်စထက်တစ်စကြီးမား လာပြီး လူသေဆုံးမှုရှိသည်အထိ ဖြစ်ပေါ်လာခဲ့သောကြောင့် တပ်မတော်အစိုးရ တက်လာပြီး နောက်ပိုင်းခွင့်ပြုပေးခဲ့ခြင်း မရှိတော့ချေ။

မီးလုံးပွဲ မပါဝင်တော့သဖြင့် တာတက်ပွဲများသည်လည်း တစ်နှစ်ထက်တစ်နှစ် မှေးမှိန်ခဲ့ရပါတော့သည်။ ရိုးရာအစဉ်အလာ မပျက် ဆွမ်းတော်ကပ်ပွဲများသည် စည်ကားသိုက်မြိုက်ထင်ထင်ပေါ်ပေါ် မရှိတော့ဘဲ အကျဉ်းရုံးကျင်းပခဲ့ကြရသည်။

တာတက်ပွဲ၊ ဖူးစာဆုံပွဲ၊ မီးလုံးပွဲ၊ ဘုရားလည်းဖူး လိပ်ဥလည်းတူးပွဲ မည်သို့ပင်ခေါ်ခေါ် တောင်ရိုး၊ ခနောင်တိုင်းရင်းသားများ၏ ရိုးရာဓလေ့ယဉ်ကျေးမှု အစစ်အမှန်များပင်ဖြစ်တော့သည်။

## (၈) ခနဒေသ (၅)ရက်တစ်ဈေး

နှစ်၊ လ၊ ရက်၊ နေ့ စသည်တို့ကို မှတ်သားဖော်ပြထားသော ဇယား (သို့မဟုတ်)နှစ်အတွင်း အရေးကြီးသည့် အကြောင်းခြင်းရာများ နေ့ရက်အစဉ်အတိုင်း ဖော်ပြရာစာရင်းကို 'ပြက္ခဒိန်'ဟုခေါ်သည်။ အစိုးရ စာချုပ်စာတမ်းစုကို ရက်စွဲဖြင့် အတိုချုပ်ဖော်ပြသည်နှင့်အညီ ပြည်သူလူထုက လိုက်နာကျင့်သုံးဆောင်ရွက်ကြရသည်။ ထို့အတွက်ကြောင့် ပြက္ခဒိန်များ အိမ်တိုင်း မဖြစ်မနေအသုံးပြုဆောင်ထားကြခြင်းဖြစ်သည်။ အင်္ဂလိပ်အခေါ် Calendarဖြစ်ပြီး ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းအသုံးပြုကြသည်။ အနောက်နိုင်ငံသားများက (ခရစ်တော်မွေးဖွားခြင်းကို အစွဲပြု၍) ခရစ်နှစ်ဟု သုံးကြသည်။ မြန်မာနိုင်ငံအနေဖြင့် သာသနာတော်နှစ်၊ ကောဇာသက္ကရာဇ်ဟူ၍ ထည့်သွင်းအသုံးပြုသည်။

မြန်မာနိုင်ငံ၌ သုံးစွဲလျက်ရှိသည့် မြန်မာကောဇာသက္ကရာဇ်ပါဝင်သော မြန်မာ့ရိုးရာပြက္ခဒိန်ကို စတင်ဖန်တီးခဲ့သူမှာ ပုဂံမင်းဆက် ၂၀ မြောက် ပုပ္ပားစောရဟန်းမင်းဖြစ်သည်။ စာပေ ကျမ်းဂန်နှင့် လောကီအတတ်ပညာတို့တွင် ကျွမ်းကျင်သူပီပီ ထိုခေတ်ကအမျိုးမျိုးကွဲပြားနေသော ပြက္ခဒိန်အသုံးပြုမှုများကို တစ်ပြေးညီဖြစ်စေခဲ့သည်။ ထိုသို့ဆောင်ရွက်ရာတွင် အနယ်နယ် အရပ်ရပ်မှ

ဗေဒင်နက္ခတ်ပညာရှင်များကို နန်းတွင်းသို့ပင့်ဆောင်ပြီး စနစ်တကျတွက်ချက် ပြုစုခဲ့သဖြင့် သမိုင်းတွင်သော လုပ်ရပ်တစ်ခု ဖန်တီးနိုင်ခဲ့သည်။ ပုပ္ပားစော ရဟာန်းမင်း (ခေါ်) ပါပစုတ်သားမင်း၏ ပြက္ခဒိန်ကား ယနေ့မျက်မှောက်ခေတ်ထိ အသုံးပြုနေဆဲဖြစ်ကြောင်း ဖတ်ရှုလေ့လာရပါသည်။

မြန်မာနိုင်ငံတွင် ရှမ်း၊ ကချင်၊ ရခိုင်၊ ချင်း၊ မွန် အပါအဝင် တိုင်းရင်း သားပေါင်းစုံတို့က မိမိတို့၏ ဘာသာစကားများဖြင့်လည်း ပြက္ခဒိန်ထုတ်ဝေ ကြသည်ကို တွေ့ရသည်။ ဘာသာခြားများကလည်း ထုတ်ဝေအသုံးပြုကြ ပါသည်။ တစ်ခေတ်တစ်ခါက ပြက္ခဒိန်များကို စီးပွားဖြစ်ထုတ်လုပ် ရောင်းချ ခဲ့သော်လည်း ယနေ့လက်ဆောင်ပေးမှုကျယ်ပြန့်လာပြီး ဝယ်ယူစရာမလိုလောက် အောင် အရောင်းကျဆင်းခဲ့ရသည်။ ယနေ့အချိန် အသင်းအဖွဲ့ရန်ပုံ ငွေအတွက် ပြက္ခဒိန်ထုတ်ဝေ ရောင်းချမည်ဆိုသော်ငြား ဝယ်ချင်မည့်သူ နည်းပါးနေမှု တွေ့ရပေမည်။ အဘယ့်ကြောင့်နည်း။ ဘဏ်များ၊ စီးပွားရေး လုပ်ငန်းရှင်ကြီး များ၏ ကြော်ငြာပစ်မှတ်သည် ပြက္ခဒိန်ဘက်ဦးတည်ရာတွင် အောင်မြင်ခဲ့သော ကြောင့်ပင်ဖြစ်သည်။ အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများ တွင်တော့ မပြောတတ်။ ကျွန်တော်တို့နေထိုင်ရာမြို့တွင် အိမ်တိုင်းနီးပါး ကြော်ငြာပြက္ခဒိန် တစ်ခု အနည်းဆုံးရှိကြသည်။ ထို့ကြောင့် သီတင်းကျွတ် နောက်ပိုင်းပြက္ခဒိန် ဝေဝေဆာဆာရောင်းချသောဆိုင်များ မတွေ့ရတော့ပေ။

ထူးထူးခြားခြား ရှမ်းပြည်နယ်တောင်ပိုင်း မြေလတ်ဒေသများ၌ ဈေးနေ့ ပြက္ခဒိန်ရောင်းဝယ်မှု ရှင်သန်သေးကြောင်း တွေ့ရှိရသည်။ မိမိနေအိမ်တွင် လက်ဆောင်အဖြစ်ရရှိထားသော ပြက္ခဒိန်နှစ်ခု၊ သုံးခုရှိသော်လည်း ဈေးနေ့ ပြက္ခဒိန်ကို မဖြစ်မနေဝယ်ယူကြသည်။ ထိုသို့သာမက ရှမ်းပြည်နယ်နှင့် ကုန်သွယ်ကြသော ပြည်မကုန်သည်များကပင် မှာယူဆောင်ထားရသည်။ ယာဉ်မောင်းသူများကလည်း ကားပေါ်တွင် ဈေးနေ့ပြက္ခဒိန် မဖြစ်မနေဆောင်ကြ ရသည်။ မိမိတို့ဆက်သွယ်သော မြို့များ၏ဈေးနေ့၊ ဈေးပိတ်နေ့တွက်ချက်ပြီး

ကုန်ပစ္စည်းမှာယူပါက ပိုမိုအဆင်ပြေချောမွေ့သောကြောင့်ပင် ဖြစ်သည်။

အမှန်မှာ ငါးရက်တစ်ဈေးပြက္ခဒိန်ဟုခေါ်သော ဒေသသုံးပြက္ခဒိန်ပေါ် လာသည်မှာ သိပ်မကြာသေးပေ။ ၂၀၀၇ ခုနှစ် မတိုင်မီကမတွေ့ရသေးဟု ထင်မိသည်။ ရန်ကုန်ရောက်ပြန်တော့လည်း ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနက ထုတ်ဝေသော ရခိုင်၊ မြန်မာ၊ အင်္ဂလိပ်ပြက္ခဒိန် (မူမှန်) ကို ဦးစွာဝယ်ယူပြီးမှ ဗဟန်းဝင်္ကပါလမ်းရှိ စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနကို တင်ပြရသည်။ မပြီးသေးပါ။ ထိုရုံးရောက်သော် ထုတ်ဝေသူကင်းလွတ်ခွင့် လျှောက်လွှာပုံစံ (၅)၊ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများမှတ်ပုံတင် ဥပဒေပုဒ်မ (၂၂)၊ ပုဒ်မခွဲ (၂)အရ ထုတ်ဝေစာအတွက် ကင်းလွတ်ခွင့်ပြုရန် ထောက်ခံစာပုံစံ (၆)၊ ပုံနှိပ်သူနှင့် ထုတ်ဝေသူတို့၏ ဝန်ခံချက်များကို ဖြည့်စွက်တင်ပြရပါသည်။ အချက်အလက်ပြည့်စုံမှန်ကန်မှသာ တစ်ပတ် အကြာ ကင်းလွတ်ခွင့်နံပါတ်ရရှိမှာဖြစ်သည်။ မှားယွင်းမှုရှိပါက ပြင်ဆင်ချက် ထပ်မံတင်ရသဖြင့် နှစ်ပတ်၊ သုံးပတ်ကြာ မြင့်သွားတတ်သည်။ ပုံနှိပ်ပြီးပါက သက်ဆိုင်ရာများသို့ ပြက္ခဒိန်များ သတ်မှတ်အရေအတွက်အတိုင်း ပြန်လည် ပေးပို့ရသည်။ နယ်မှလာကြသော ပုံနှိပ်ထုတ်ဝေသူအားလုံး စရိတ်ကုန်၊ အချိန်ကုန် ထိုဒုက္ခများ သေချာပေါက်ကြုံတွေ့ရမည်သာ။ သူ့လမ်းနှင့်သူကျပြန် တော့လည်း အဖြောင့်။ ယနေ့ ခေတ်ပြောင်းချိန်ရောက်လာတော့ စာပေစိစစ်နှင့် မှတ်ပုံတင်ဌာန၏ ဖြေလျှော့ပေးမှုကြောင့် ထိုဒုက္ခများ အတော်အတန် ကင်းဝေးခဲ့လေပြီ။

ခုနှနယ်ပယ်တွင် အသုံးပြုနေကြသော ဈေးပတ်စဉ်များကို ဖော်ပြအပ်ပါသည်။ အောက်ပါ ငါးရက်တစ်ဈေးသည် မည်သည့် နေ့နှင့် တိုက်ဆိုင် နေပါနေပါစေ တစ်နှစ်ပတ်လုံးအစဉ်လိုက် လှည့်ပတ်သွားနေသည်။အောက်ပါ ဈေးစဉ်များသည် အောင်ပန်း ဒေသသုံးပြက္ခဒိန်ကို အခြေခံပြီး ဖော်ပြထား သော ဈေးစဉ်များပင်ဖြစ်သည်။

ငါးရက်တစ်ဈေးပြက္ခဒိန်သည် ဈေးနေ့များကို အလွယ်တကူ ကြည့်ရှုနိုင်ရုံသာမက ဒေသအတွင်းအထိမ်းအမှတ်နေ့များ၊ ဘာသာရေးပွဲတော်များ ထည့်သွင်းဖော်ပြထားသဖြင့် ကျယ်ပြန့်စွာ အသုံးပြုလာခြင်းဖြစ်သည်။ ရှမ်းပြည်နယ်တောင်ပိုင်း၊ အထင်ကရဘုရားပွဲများဖြစ်သော အင်းလေး ဖောင်တော်ဦးဘုရားဒေသစာရီလှည့်လည်ပွဲ၊ ပင်းတယရွှေဥမင်တပေါင်းပွဲ၊ ကလောမြို့ နီးဘုရားမီးရှူးပွဲနှင့် တန်ဆောင်တိုင် မီးလျှော်တိုင်ပြိုင်ပွဲ၊ အောင်ပန်း ဒေသာပင်လှည့်လည်ပွဲ၊ အောင်ပန်းဒေသ သူရဲဥမင်တပေါင်းပွဲ၊ အောင်ပန်းဆွမ်း ဆန်စိမ်းလောင်းလှူပွဲ၊ စာပြန်ပွဲအစရှိသည်များ ထိုပြက္ခဒိန်တွင် ကြိုတင်ဖော်ပြ ပေးထားသဖြင့် ရေးကထက်စည်ကားလာခဲ့သည်ဟု လေ့လာရပါသည်။

ကလောမြို့နယ်သုံးဈေးများမှာ အောင်ပန်းဈေး၊ ဘော်ဆိုင်းဈေး၊ ပင်လောင်းဈေး၊ ကလောဈေး၊ ပင်းတယဈေး၊ ဟဲဟိုးဈေးတို့ဖြစ်သည်။ နောင်ချိုမြို့နယ်သုံးဈေးများမှာ နောင်ချိုဈေး၊ ကံကြီးဈေး၊ တောင်ခမ်းဈေး၊ ဆမ္မဆယ်ဈေး၊ သုံးဆယ်ဈေး၊ ဟိုခိုဈေး၊ ဘန့်ဘွေးဈေးတို့ဖြစ်သည်။ ပင်းတယ မြို့နယ်သုံးဈေးများမှာ ပင်းတယဈေး၊ ကျုံးဈေး၊ အောင်ပန်းဈေး၊ ပွေးလှဈေး (ကောင်းဘို့ဈေး)၊ မိုင်းအင်ဈေး တို့ဖြစ်သည်။ ရွာငံမြို့နယ်သုံးဈေးများမှာ ရွာငံဈေး၊ မြင်းကျဒိုးဈေး၊ မြိုင်ဈေး၊ ထမင်းပေါင်းဈေး၊ ရေဦးဈေးတို့ ဖြစ်သည်။ ရပ်စောက်မြို့နယ်သုံးဈေးများမှာ ရပ်စောက်ဈေး၊ ဖောင်းတောဈေး၊ အလည်ချောင်ဈေး၊ ကောင်းဘို့ဈေး၊ ပင်ဖြစ်/မိုင်အင်ဈေးတို့ဖြစ်သည်။

## (၉) ရှမ်းဓနုတို့၏ မူလဌာနေပြင်ဦးလွင်

ဓနုအများဆုံးနေထိုင်ရာ နောင်ချိုမြို့နယ်နှင့် ရပ်စောက်မြို့နယ် အနောက်ဘက်တွင် ပြင်ဦးလွင်မြို့နယ်တည်ရှိသည်။ ရွာငံမြို့နယ်၏မြောက် ဘက်တွင်လည်း ကျရောက်သည်။ ပြင်ဦးလွင်မြို့နယ်သည် စိုက်ပျိုးမြေကောင်း သည့်ဒေသဖြစ်ပြီး မူလဇစ်မြစ် နေထိုင်ခဲ့သူများမှာ ရှမ်းနှင့်ဓနုလူမျိုးများသာ

ဖြစ်သည်။ ရှမ်းကုန်ပြင်မြင့်၏ အနောက်ဘက်စွန်တွင်တည်ရှိပြီး ရှမ်းမြေလတ်နယ်မြေနှင့် တစ်ဆက်တစ်စပ်တည်းတည်ရှိသဖြင့် ဓနုလူမျိုးများပံ့နှံ့နေထိုင်ကြောင်း ပြောစရာလိုမည် မထင်ပေ။ မြို့နယ်အတွင်းစီးဆင်းနေသော ချောင်းအများစုမှာလည်း ဒုဋ္ဌဝတီမြစ်အတွင်းစီးဝင်သည်။ ရာသီဥတုမှာလည်း ရှမ်းပြည်နယ်၏ ရာသီဥတုအတိုင်းပင်ဖြစ်သည်။ ပြင်ဦးလွင်အရှေ့ဘက် စော်ဘွားတောင်အမြင့်မှာ ၄၈၁၃ပေရှိသည်။ မြို့နယ်၏ ဖ၅ရာခိုင်နှုန်းခန့်ကိုလည်း ပေ၄၀၀၀ အမြင့်ထက်ကုန်းပြင်မြင့်များ တည်ရှိနေသဖြင့် ရှမ်းမြေလတ်ဒေသပင်ဖြစ်ပေတော့သည်။

အောင်မြေဘုံသာမဟာဆုတောင်းပြည့်စေတီတော်၏တောင်ဘက်တွင် စိုက်ထူထားသော ကျောက်စာအရသက္ကရာဇ် ၁၂၁၂(၁၈၅၀)ခုနှစ်တွင် ပြင်ဦးရွာအမည်ဖြင့် တည်ခဲ့ကြောင်းသိရသည်။ အထက်မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ သိမ်းပိုက်အပြီး ၁၈၈၅ နောက်ပိုင်း ပြင်ဦးလွင်ကျေးရွာအဖြစ် သတ်မှတ်လာခဲ့ကြောင်း သိရှိရသည်။ ထိုအချိန်က ကျေးရွာကြီးများဖြစ်သော ကုန်းသာ၊ ဆီဆုံ၊ ဇီးပင်ကြီး၊ ဝက်ဝံ၊ ရေချမ်းအိုး၊ ပိန္နဲပင်၊ ဆင်ခေါင်း၊ ရေငယ်၊ ဇီးပင်လေး၊ ပြင်ဦးလွင်ကျေးရွာများတွင် ရှမ်းနှင့်ဓနုတိုင်းရင်းသားများ သာနေထိုင်ခဲ့ကြကြောင်း မှတ်တမ်းရှိလေသည်။ မြန်မာမင်းများ လက်ထက်ကတည်းက ရွာအုပ်ကြီး၊ ရွာအိမ်မှူး၊ ဆယ်အိမ်မှူးများအုပ်ချုပ်စေပြီး အခွန်တော်ပေးသွင်းခဲ့ရလေသည်။

အင်္ဂလိပ်တို့ အထက်မြန်မာနိုင်ငံကို သိမ်းပိုက်ပြီး(၁၀)နှစ်အကြာ ပြင်ဦးလွင်နေရာကို သဘောကျခဲ့သည်။ ၁၈၉၆ခုနှစ်တွင် စတင်တည်ဆောက်ခဲ့သည်။ ၁၈၉၇တွင် ပြင်ဦးလွင်၏အမည်ကို မေမြို့ဟုပြောင်းလဲကြေညာပြီး တောင်စခန်းမြို့အဖြစ် သတ်မှတ်ခဲ့သည်။ ပြင်ဦးလွင်ဒေသကို အင်္ဂလိပ်စစ်တပ်မှ တပ်ရင်းမှူး ကာနယ်မေ (Col.May) ဦးဆောင်သောအမှတ်(၅) ဘင်ဂါ ခြေလျင်တပ်က သိမ်းယူပေးနိုင်ခဲ့သည်။ ပြင်ဦးလွင်ကို သိမ်းပိုက်ခဲ့သည့်

၁၈၈၆မှ ၁၉၀၈အထိ နှစ်ပေါင်း(၂၀)ကျော် မြို့တည်ဆောက်ရေး တာဝန်ယူခဲ့သော May ကိုအစွဲပြု၍ မေမြို့ဟုတရားဝင် အမည်ပေးခဲ့ခြင်းဖြစ်သည်။ ပြင်ဦးလွင် စတင်တည်ဆောက်စက ကာနယ်မေကိုယ်တိုင်က 'ဒီပတ်ဝန်းကျင်ဒေသတစ်ဝိုက်မှာ ဓနုလူမျိုးအများဆုံးနေထိုင်ခဲ့ကြတာပါ။ တကယ့်ကိုရိုးသားပြီးစိုက်ပျိုးရေးလုပ်ကိုင် အသက်မွေးတာတွေ့ရပါတယ်။ ချစ်စရာကောင်းသော လူမျိုးများဖြစ်ပါတယ်။ နောက်မှ ဂေါ်ရခါးအပါအဝင် အခြားတိုင်းရင်းသားများအခြေချလာကြတာပါ' ဟု သူ၏စာအုပ်တွင် မှတ်တမ်းတင်ထားခဲ့ကြောင်း လေ့လာရပါသည်။ ထိုမှတစ်ဆင့် မေမြို့သည် သိသိသာသာတိုးတက်လာပြီး တိုင်းရင်းသားပေါင်းစုံနေထိုင် အခြေချလာခြင်းပင်ဖြစ်ပါတော့သည်။ စိုက်ပျိုးမြေကောင်းမွန်ရာဒေသဖြစ်၍ နောင်ချို၊ ရွာငံ၊ ရပ်စောက်နယ်များမှ ဓနုတိုင်းရင်းသားများအစုလိုက် သွားရောက်အခြေချမှုမှတ်တမ်းများလည်း ရှိပါသည်။

ပြင်ဦးလွင်ဒေသသည် ဘိုးတော်ဘုရားလက်ထက် ၁၇၈၂ခုနှစ်ကပင် ရှမ်း၊ဓနုတိုင်းရင်းသားများအခြေချမှီတင်း နေထိုင်ကြသော ဒေသဖြစ်သည်။ သို့သော်လည်း အင်္ဂလိပ်တို့က တောင်စခန်းမြို့အဖြစ် ၁၈၉၇ခုနှစ်တွင် တည်ဆောက်ခဲ့၍ လူမျိုးပေါင်းစုံဝင်ရောက်လာခဲ့၍ မူလတိုင်းရင်းသားများ မှေးမှိန်ခဲ့ရသည်။ ၁၈၉၁တွင် ၁၆၆၅ ဦး၊ ၁၉၀၁တွင် ၆၂၂၃ ဦး၊ ၁၉၂၁တွင် ၁၂၈၃၉ ဦး ပြင်ဦးလွင်၌ နေထိုင်ကြကြောင်းသိရှိရသည်။ တဖန် ၁၉၈၉ နိုဝင်ဘာလ(၁၇)ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပြည်ထဲရေးနှင့်သာသာရေးဝန်ကြီးဌာန အမိန့်ကြေညာစာဖြင့် မေမြို့မြို့နယ်နှင့် မေမြို့အမည်များကို ပြင်ဦးလွင်မြို့နယ်နှင့် ပြင်ဦးလွင်မြို့အဖြစ် သတ်မှတ်ခဲ့၍လည်းကောင်း၊ မန္တလေးနှင့် ၄၂မိုင်သာဝေးသော ပြင်ဦးလွင်ဒေသသည်လည်း ရှမ်းပြည်နယ်အတွင်းမှ မန္တလေးတိုင်းအတွင်း ရောက်ရှိသွားခဲ့၍လည်းကောင်း မူလတိုင်းရင်းသားများ ပျောက်ကွယ်လုနီးပါး ဖြစ်ခဲ့ရပါတော့သည်။

သို့သော်လည်း မိမိ၏ကွင်းဆင်းလေ့လာမှုများအရ ပြင်ဦးလွင်၌ ဓနုအများစု စုစည်းနေထိုင်လျက်ရှိသော ကျေးရွာများစွာ တွေ့ရှိရပါသည်။ သို့သော်လည်းအကြောင်းအကျိုးတို့ကြောင့် ဗမာ/ဗုဒ္ဓ များသာ ဖြစ်နေရခြင်းမှာ အံ့သြစရာကောင်းလှသည်။ ဆက်လက်၍မေးမြန်းကြည့်ရာ အလုပ်အကိုင်နှင့် အနေအထိုင် ပိုမိုလွယ်ကူစေသဖြင့် ဗမာ/ဗုဒ္ဓခံယူလိုက်ရခြင်းဖြစ်ကြောင်း ဝမ်းနည်းစွာသိရှိခဲ့ရပါတော့သည်။ ပြင်ဦးလွင်၏ တဘောင်ဖြစ်သော 'ပြင်ဦး၊ ပြင်ကြီး၊ ပြင်စာ ပြင်သုံးပြင်၊ တစ်ပြင်ကောင်းစားမည်' စကားသည် ယနေ့ လက်တွေ့အထင်းသား မြင်တွေ့နေရပြီးဖြစ်သည်။ သို့သော်လည်း တိုင်းရင်းသားများ၏ မွေးရာပါအခွင့်အရေးနှင့် တိုင်းရင်းသားများ၏ မူလဗီဇသရုပ်များ မဆုံးရှုံးစေချင်ကြောင်း တင်ပြလိုက်ရပါသည်။

## (၁၀) လိမ္မော်စိုက်ပျိုးရေး

ပျားလိမ္မော်နှင့် တရုတ်လိမ္မော်များ ခေတ်မစားမီအချိန်က ဓနုဒေသ ထွက် ရေဦးလိမ္မော်သည် လွန်စွာနာမည်ကြီးခဲ့သည်။ သို့သော် အောင်ပန်းလိမ္မော် အဖြစ် ပို၍ထင်ပေါ်လူသိများခဲ့သည်။ ရှမ်းပြည်နယ်တောင်ပိုင်းရှိ ကုန်စိမ်း ဈေးကွက်ကို အောင်ပန်းက ချုပ်ကိုင်နိုင်ခဲ့သဖြင့် အောင်ပန်းလိမ္မော်၊ အောင်ပန်းအာလူး၊ အောင်ပန်းဂေါ်ဖီဟူ၍ လူသိများခဲ့ခြင်းဖြစ်သည်။

ရှေးအခါက သဘာဝလိမ္မော်များကို ရွာင်မြို့နယ် ရေဦးကျေးရွာတွင် အများဆုံးဖြစ်ထွန်းစိုက်ပျိုးခဲ့ကြသည်။ လိမ္မော်သီး၏ မူရင်းဒေသသည် အရှေ့တောင်အာရှဖိလစ်ပိုင်မှ ပျံ့ပွားလာကြောင်း သိရသည်။ မျိုးရင်းမှာ Rutaceae ဖြစ်ပြီး ရုက္ခဗေဒအမည်မှာ C.reticulata ဖြစ်သည်။ အင်္ဂလိပ် အမည်ကတော့ Mandarin or Tangerine ဖြစ်သည်။

လိမ္မော်ခေါ် ခွဲပွလိမ္မော်တွင် ချိုသောလိမ္မော်များ၊ ချဉ်သော လိမ္မော် များနှင့် လိမ္မော်စပ်မျိုးများဟူ၍ သုံးမျိုးရှိသည်။ ချိုသော လိမ္မော်များတွင်

မင်ဒရင်လိမ္မော်၊ တန်ဂျရင်းလိမ္မော်နှင့် စဆုံလိမ္မော်တို့ပါဝင်သည်။ ချဉ်သော လိမ္မော်တွင် ဆိုးမင်ဒရင် လိမ္မော် ၊ မင်ဒရင်း လိုင်းလိမ္မော်၊ မိုက်တစ်လိမ္မော်၊ အမ်ဘလီကာဘာ လိမ္မော်တို့ ပါဝင်ကြသည်။ လိမ္မော်စပ်မျိုးများတွင် ကင်း၊ မင်ဒရင် အုပ်စုစပ်မျိုး၊ တန်ဂိုရို ၊ တင်ဂျယ်လိုစ့်မျိုးတို့ ပါဝင်ကြပါသည်။

လိမ္မော်သီးကို အစေ့မှ မျိုးပွားနိုင်ရုံသာမက မြေထုပ်စည်းခြင်း၊ အဖူးမြုပ် ခြင်းတို့ဖြင့် စိုက်ပျိုးနိုင်သည်။ နေရောင်ခြည် ကောင်းစွာ ရရှိသော တောင်စောင်းဒေသများတွင် ပို၍ဖြစ်ထွန်းသည်။ လေဝင်လေထွက်ကောင်းမွန်စေရန် တစ်ပင်နှင့်တစ်ပင်ကို ဆယ့်ရှစ်ပေမှ ပေနှစ်ဆယ်ကျော်အထိခြား၍ စိုက်ပျိုးသင့်သည်။ ပေါင်းမြက်များကို ရှင်းလင်းပေးခြင်း၊ မြေဩဇာနှင့် အပုပ်များကို စနစ်တကျ ကျွေးမွေးခြင်း၊ ရှုပ်ထွေးနေသော ကိုင်းများ၊ ကြံ့လီနေသော ကိုင်းများနှင့် ရောဂါကိုင်းများကို ရှင်းလင်းပေးမှသာ အသီးကောင်းမွန်ကြီးထွားစွာ သီးနိုင်မည်ဖြစ်သည်။

လိမ္မော်တွင် ရောက်မျိုးနွယ်စုတွင်ပါဝင်ပြီး ကျရောက်တတ်သော ပိုးများမှာ ရွက်ထွင်းပိုး၊ အခေါက်ထိုးပိုး၊ ပင်စည်ထိုးကျိုင်း၊ လိမ္မော်ကြမ်းပိုး၊ ဂျပိုး၊ ဒက်ပိုးတုနှင့် ကမျဉ်းများကို ဂရုစိုက်နိုင်မှသာ ဖြစ်ထွန်းအောင်မြင်ပါလိမ့်မည်။ ကျရောက်တတ်သော ရောဂါများမှာ အနာချိုင့်ရောဂါ၊ ကြပ်ခိုးရောဂါ၊ မှိုရောဂါ၊ ဆိုရီးဆစ်ရောဂါ၊ ဖိုင်လိုပုရို့ဆစ်ရောဂါ၊ မြစ်ဖုရောဂါ၊ ဗိုင်းရပ်စ်ရောဂါများ ကျရောက်တတ်ပါသည်။

## (၁၁) ဓနုဒေသထွက်ကုန်ကော်ဖီ

မြန်မာနိုင်ငံတွင် ၁၈၈၅ခုနှစ်မှစ၍ ခရစ်ယာန်သာသနာပြုအဖွဲ့မှ သယ်ဆောင်လာသည့် ကော်ဖီများ စတင်စိုက်ပျိုးခဲ့သည်ဟု လေ့လာရပါသည်။ မြိတ်၊ ထားဝယ်ဒေသတွင် သစ်တောဌာနမှစမ်းသပ်စိုက်ပျိုးခဲ့သော်လည်း ပျက်စီးခဲ့ရလေသည်။ ထို့နောက်ကရင်ပြည်နယ်တွင် စိုက်ပျိုးခဲ့သည်။

၁၉၃၀ရောက်မှ ရှမ်းပြည်နယ်နှင့် ပြင်ဦးလွင်ဒေသတွင် အာရဗီးကားကော်ဖီကို စိုက်ပျိုးခဲ့သည်။ ထို့နောက်နောင်ချိုမြို့နယ်တွင် ဧက ၁၂၀ရှိကော်ဖီခြံကို စိုက်ပျိုးခဲ့သည်။ ထွက်ကုန်များ၏ ၉၁%ကိုအိန္ဒိယ၊ ၇%ကိုဗြိတိန်နိုင်ငံနှင့် ၂%ကို အခြားနိုင်ငံများသို့တင်ပို့ခဲ့ကြောင်းသိရသည်။ ၁၉၇၁ခုနှစ်တွင် ကော်ဖီစိုက်ဧက ၆၃၇၉အထိရှိခဲ့ပြီး ကော်ဖီစေ့ ၈၅၉တန်ကို ထုတ်လုပ်နိုင်ခဲ့သည်။ အမှတ်(၁)စက်မှုဝန်ကြီးဌာနက တာဝန်ယူစိုက်ပျိုးခဲ့ခြင်းဖြစ်သည်။

၁၉၈၇ခုနှစ်တွင် (ယူအင်ဒီပီ)မှ ရှမ်းပြည်နယ်အတွင်း ဘိန်းအစားထိုးသီးနှံအဖြစ် ကော်ဖီစီမံကိန်းများ စတင်ဆောင်ရွက်ခဲ့သည်။ အောင်မြင်ခဲ့ကြောင်းလည်းသိရသည်။ ၁၉၈၅ခုနှစ်တွင် ကော်ဖီစိုက်ဧကတစ်သောင်းကျော် စိုက်ပျိုးနိုင်ခဲ့ပြီး ၈၆%ကို ပြည်တွင်းစားသုံးခဲ့ပြီး ၁၄%ကိုသာ ပြည်ပသို့တင်ပို့နိုင်ခဲ့သည်။ ၂၀၀၃ခုနှစ်တွင် ၃၅၄၈၅ဧကအထိ စိုက်ပျိုးလာနိုင်ခဲ့သည်။ ကော်ဖီပင်များကို ပင်လယ်ရေမျက်နှာပြင်အမြင့် ၃၃၀၀ အထက်၊ မိုးရေချိန် ၅၉မှ ၇၉လက်မအကြား ကုန်းပြင်မြင့်ဒေသများတွင် စိုက်ပျိုးနိုင်သည်။ အရိပ်အောက်တွင် စိုက်ပျိုးသည့်ကော်ဖီပင်များသည် သွင်းအားစု အနည်းငယ်ထည့်ရုံနှင့် ရေရှည်တည်တံ့အောင် ထိန်းသိမ်းထားနိုင်ကြောင်း သိရသည်။

၂၀၀၄ခုနှစ်တွင် အာရေဗီးကားကော်ဖီကို နောင်ချိုဒေသတွင် ဧက ငါးသောင်းနှင့် အခြားဒေသများတွင် ဧကငါးသောင်းအထိ စိုက်ပျိုးနိုင်ရန် လျာထားခဲ့ကြသည်။ လက်ရှိတွင်လည်း ခနဒေသများဖြစ်သော နောင်ချို၊ ရပ်စောက်၊ ပြင်ဦးလွင်ဒေသများတွင် အများဆုံးစိုက်ပျိုးလျက်ရှိသည်။ ထို့အပြင် သဘာဝရေမြေဒေသနှင့်လိုက်ဖက်သော ရှာင်မြို့နယ်တွင် ကော်ဖီများတိုးချဲ့စိုက်ပျိုးထုတ်လုပ်လာသည်ကို တွေ့ရှိရသည်။

ယခင်ကရှာင်မြို့နယ်တွင်း ဒေသမျိုးများသာ တစ်ပိုင်တစ်နိုင်စိုက်ပျိုးခဲ့ရာမှ ယနေ့အချိန်တွင် စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်လာကြသည်။ ဉာဏ်ကြီးရှင်၊ အမရာ Win Rock အစရှိသော ကော်ဖီလုပ်ငန်းရှင်ကြီးများကြောင့်

လည်း ကော်ဖီအများဆုံး စိုက်ပျိုးထုတ်လုပ်ရာဒေသများအတွင်း ပါဝင်လာခဲ့သည်။

ကော်ဖီပင်သက်တမ်းသည် ၁၀နှစ်အထက်ရှိပြီး ပြုစုထိန်းသိမ်းမှုကောင်းလျှင် ပို၍သက်တမ်းရှည်သောသီးနှံပင် ဖြစ်သည်။ ထို့ကြောင့် မျိုးရွေးချယ်မှုမှန်ကန်ရန်လည်းလိုအပ်သည်။ ရှာင်မြို့နယ်တွင် ဒေသမျိုးစိုက်ပျိုးထုတ်လုပ်ရာမှ ယနေ့ကတ်တွိုင်းမျိုးကို ဦးစားပေးစိုက်ပျိုးလာခဲ့သည်။ ကော်ဖီသည် နေအပူရှိန်မြင့်မားမှုနှင့်ဆီးနှင်းခါးဒဏ်ကို ခံနိုင်ရည်မရှိသဖြင့် အရိပ်ပင်နှင့်ယှဉ်တွဲ၍ စိုက်ပျိုးကြခြင်းဖြစ်သည်။ ဝက်သစ်ချ(ခေါ်)ခါတော်မီပင်အရိပ်နှင့် အသင့်တော်ဆုံးဟု သိရသည်။ ရေစီးရေလာကောင်းမွန်ပြီး ရေဝပ်ခြင်းကို ခံနိုင်ရည်မရှိသည်ကိုလည်း တွေ့ရှိရသည်။ ခြောက်သွေ့ကာလတွင် ရေပေးသွင်းခြင်းအားဖြင့် ပန်းပွင့်ညီညာ၍ အသီးတင်မှုကောင်းစေသည်ဟုသိရသည်။

ကော်ဖီစိုက်ပျိုးရာတွင် ရွက်ညိုပြောက်ရွက်ခြောက်ရောဂါ၊ သီးလုံးဖောက်ရောဂါ၊ သံချေးမှိုရောဂါ၊ မဲ့ပြောက်စွန်းရောဂါ၊ ကြပ်ခိုးမှိုရောဂါ၊ ကိုင်းဖျားခြောက်ရောဂါများအပြင် အစိမ်းရောင်အကြေးပိုး၊ ပင်စည်ထိုးပိုး၊ ပျ၊ သီးလုံးဖောက်ပိုး၊ အဖြူရောင်ဂျပိုး၊ ရွက်ထွင်းပိုး၊ ခြများကိုလည်း ဂရုစိုက်နိုင်ရမည်ဟုသိရသည်။ ကိုင်းဖြတ်ပြုပြင်ခြင်းနှင့် အပင်ပြုစုထိန်းသိမ်းခြင်း၊ စနစ်တကျခူးဆွတ်ခြင်းများသည်လည်း အရေးကြီးကြောင်း ထပ်မံလေ့လာရပါသည်။

နတ်တော်၊ ပြာသိုလတွင် မျိုးယူ၊ တပို့တွဲ၊ တပေါင်းလတွင် ပျိုးချပြီး ဝါဆို၊ ဝါခေါင်လများတွင် ကော်ဖီစိုက်ပျိုးကြကြောင်း ရှာင်ဒေသခံများထံမှ သိရသည်။ တစ်ပင်နှင့်တစ်ပင် ၉ပေခြားစိုက်ပျိုးကြပြီး တစ်ပင်လျှင် ၅ပြည် ၆ပြည်အထိ ခူးဆွတ်ရကြောင်း သိရသည်။ စိုက်ပျိုးပြီး ၄နှစ်၅နှစ်အကြာတွင် ဆွတ်ခူးရရှိပါသည်။ ခူးဆွတ်ရရှိသောကော်ဖီသီးများကို ရေဆေးပြီးကြိတ်စက်

အတွင်းထည့်ကာ အခွံကိုဖယ်ရှားရပါသည်။ ထွက်ရှိလာသော ကော်ဖီခြမ်းများကို နေရောင်ခြည်အပြည့်အဝရရှိသည့် မျက်နှာပြင်နေရာတွင် အခြောက်လှမ်းရပါမည်။ ၂ရက်၃ရက်လှမ်းရသည်ဟုလည်း သိရသည်။ ခြောက်သွေ့လာသော ကော်ဖီခြမ်းများကို ဂုံနီအိတ်၊ ပီနံအိတ်များဖြင့်ထည့်ကာ စိုထိုင်းဆ ၆၅%ထက်နည်းအောင် ထိန်းသိမ်းထားသင့်သည်။

ထို့နောက်ကော်ဖီခြမ်းအပေါ်မှ ငွေရောင်အမြှေးပါးများကို စက်ဖြင့်ဖယ်ရှားပြီး အမျိုးအစားခွဲခြားကာ ရောင်းချနိုင်သည့် အဆင့်သို့ရောက်ရှိပါတော့သည်။ ကော်ဖီစေ့များကို ဓာတုပစ္စည်းများနှင့် စက်သုံးဆီများအနီး သိုလှောင်ထားမှုများကိုလည်း ဂရုတစိုက်ဆောင်ကြဉ်သင့်ကြောင်း သိရပါသည်။ ကော်ဖီစေ့အစိုပြန်ခြင်း၊ ရေဝင်ခြင်းများကြောင့် အောက်သိုးသိုးအနံ့များဖြစ်ပေါ်စေနိုင်သဖြင့် အထူးဂရုစိုက်ဆောင်ရွက်သင့်ကြောင်း တင်ပြလိုက်ရပါသည်။

## (၁၂) မက်မန်းခြံလုပ်ငန်း

ရှေးအခါက ရှမ်းမြေလတ်ဒေသအတွင်းနေရာ တော်တော်များများတွင် မက်မန်းပင်များ ဖြစ်ထွန်းအောင်မြင်ခဲ့ကြသည်။ အထူးသဖြင့် တောရိပ်၊ တောင်ရိပ်ကောင်းမွန်သော ကလောမြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ်တို့တွင် ပို၍ဖြစ်ထွန်းအောင်မြင်ခဲ့သည်။ မက်မန်းသီးမှတစ်ဆင့် မက်မန်းဝိုင်များ၊ ယိုစုံများနှင့် ချဉ်ဖတ်လုပ်ငန်း လုပ်ကိုင်လျက်ရှိသည်။

မက်မန်း၏မူရင်းဒေသမှာ ဥရောပတောင်ပိုင်းနှင့် အာရှအနောက်ပိုင်းဖြစ်ပြီး မျိုးရင်းမှာ Rosaceae ဖြစ်သည်။ ရုက္ခဗေဒ အမည်မှာ Prunus communis နှင့် P.insitiaဖြစ်ပြီး အင်္ဂလိပ်အမည်မှာ Damson or small Plum ဖြစ်သည်။ မက်မန်းသီးသည် အရွယ်ငယ်ပြီး အနက်ရောင်၊ ခရမ်းရောင်၊ အပြာရောင်၊ အဝါရောင်အဆင်း ရှိကြသည်။

မက်မန်းသီးသည် အေးမြသောရာသီဥတုကို ကြိုက်နှစ်သက်သည်။ မြေနီတွင် ပို၍ကောင်းစွာဖြစ်ထွန်းသည်။ အစေ့မှ စိုက်ပျိုးနိုင်ပြီး အဖူးမြုပ်ခြင်း၊ ကိုင်းဆက်ခြင်းများဖြင့်လည်း စိုက်ပျိုးနိုင်သည်။ တစ်ပင်နှင့်တစ်ပင် ပေနှစ်ဆယ် အနည်းဆုံးခြားစိုက်ပျိုးကြသည်။ မက်မန်းပင်များသည် အကြမ်းတမ်းခံနိုင်သဖြင့် မြေပေါင်းရှင်းပေးခြင်း၊ မြေဩဇာကျွေးမွေးခြင်းနှင့် ကိုင်းရှုပ်၊ ကိုင်းကျပ်၊ ကိုင်းလီများ ရှင်းပေးရုံဖြင့် အောင်မြင်ဖြစ်ထွန်းပါသည်။

## (၁၃) ဒေသ သနပ်ဖက်လုပ်ငန်း

သနပ်ဖက်လုပ်ငန်းများသည် ရှမ်းပြည်နယ်၌ ပအိုဝ်းဒေသများတွင် အများဆုံးလုပ်ကိုင်သော လုပ်ငန်းဖြစ်သည်။ ရှေးယခင်က နောင်ချိုမြို့နယ်၊ ရပ်စောက်မြို့နယ်၊ ရွာငံမြို့နယ်၊ တချို့ကျေးရွာများတွင် လုပ်ကိုင်ကြသော်လည်း ယခုကလောမြို့နယ်၊ ဘော်ဆိုင်းဒေသနှင့် တောင်ကြီးမြို့နယ် ကျောက်နီ၊ သရက်ပင်လှကျေးရွာတစ်ဝိုက်၌သာ လုပ်ကိုင်လျက်ရှိပါတော့သည်။ ကျောက်နီ၊ သရက်ပင်လှကျေးရွာများသည် ဘော်ဆိုင်းဒေသ(၂၅)ရွာနှင့် တစ်ဆက်တစ်စပ်တည်းရှိသော ကျေးရွာများပင်ဖြစ်သည်။

သနပ်ဖက်ပင်များသည် စိုထိုင်းပြီး အရိပ်ကျသည့်ဆင်ခြေလျှောချိုင့်ဝှမ်းများတွင် ဖြစ်ထွန်းသည်။ နှစ်ရှည်ပင်တစ်မျိုးဖြစ်ပြီး မိသားစုတစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ သနပ်ဖက်အရိုင်းမျိုးနှင့် အယဉ်မျိုးရှိပြီး အယဉ်မျိုးကိုသာ စိုက်ပျိုးထုတ်လုပ်ပါသည်။ သနပ်ဖက်ကို ဆေးပေါ့လိပ်လုပ်ငန်းများအတွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ကြသည်။

သနပ်ဖက်ပင်ကို ဝါဆို၊ ဝါခေါင်လများတွင် စိုက်ပျိုးကြသည်။ မစိုက်ပျိုးမီ တန်ဆောင်မုန်း၊ နတ်တော်လများတွင် မြေရိုင်းများခုတ်ထွင်ပြီး တပေါင်းလတွင် မီးရှို့ရှင်းလင်းပြီး မြေပြင်ထားကြရပါသည်။ သနပ်ဖက်စိုက်ပျိုးနည်း(၃)နည်းရှိရာ မျိုးစေ့များကိုမျိုးထောင်ပြီး စိုက်ပျိုးနည်းကို

အသုံးပြုများသည်ဟု သိရပါသည်။ အကိုင်းဖြတ်ပြီးစိုက်ပျိုးခြင်းနှင့် တိုက်ရိုက်မျိုးစေ့ကျစိုက်ပျိုးခြင်းကိုမူ အသုံးနည်းသည်ဟု ထပ်မံလေ့လာမိပါသည်။

သနပ်ဖက်ရွက်ကို နယုန်လနှောင်းပိုင်းမှစတင်၍ ဝါဆို၊ ဝါခေါင်လများတွင် ခူးဆွတ်ကြသည်။ ခူးဆွတ်ရရှိသောသနပ်ဖက်များကို တစ်ရွက်ချင်းစီ အကြောခွာပြီး အကြီး၊ အလတ်၊ အသေးခွဲခြားရပါသည်။ ထို့နောက်နေ့တစ်ပိုင်းခန့် ကြိုတင်ပြင်ဆင်ထားသော မီးဖိုလှော်အိုးအပေါ်ဖြန့်ခင်းကာ သနပ်ဖက်လှော်ရပါသည်။ အများအားဖြင့် ဒယ်အပြားလှော်အိုး(၁၈)အိုးဖြင့် စီမံထားသော မီးဖိုပေါ်တွင် စိတ်ရှည် လက်ရှည်ခြောက်သွားအောင်လှော်သည်။ သနပ်ဖက်ရွက်ခြောက်သွားစေရန် နာရီဝက်ခန့် အချိန်ပေးလှော်ရသည်။ ရရှိလာသော သနပ်ဖက်များကို ညီညာစွာစီထပ်ပြီး သနပ်ဖက်ခြင်းထဲသို့ထည့်ပြီး ဈေးကွက်သို့ ပို့ဆောင်ကြပါသည်။

## (၁၄) လက်ဖက်လုပ်ငန်း

ခနုဒေသ (၅)မြို့နယ်အတွင်း ပလောင်တိုင်းရင်းသားနေထိုင်သော ကျေးရွာ (၅၀)ဝန်းကျင် တည်ရှိပါသည်။ ပလောင်တိုင်းရင်းသားကျေးရွာအားလုံး လက်ဖက်လုပ်ငန်းလုပ်ကိုင်ပြီး အသက်မွေးကြသည်။ ရပ်စောက်မြို့နယ်တွင် ပလောင်ရွာ (၃၀)ကျော်၊ ကလောမြို့နယ်တွင် (၁၀)ရွာခန့်၊ ပင်းတယ၊ နောင်ချို၊ ရွာငံမြို့နယ်တို့တွင် (၁၀)ရွာခန့် တည်ရှိသည်။ လက်ဖက်လုပ်ငန်းများကို ပလောင်တိုင်းရင်းသားများသာမက ခနုတိုင်းရင်းသားများလည်းလုပ်ကိုင်ကြသည်။ အထူးသဖြင့် ရွာငံမြို့နယ်၊ ပင်းတယမြို့နယ်နှင့် ကလောမြို့နယ် ဘော်ဆိုင်းဒေသများတွင် ခနုတိုင်းရင်းသားများက လက်ဖက်လုပ်ငန်းကိုလုပ်ကိုင်ကြသဖြင့် မြင်းတွင်းခြောက်၊ ယကြီးခြောက်၊ ပင်းတယခြောက်၊ ဘော်ဆိုင်းခြောက်ဟူ၍ အခေါ်အဝေါ်တွင်လျက်ရှိသည်။ နောင်ချိုမြို့တွင်လည်း သရက်ချိုခြောက်၊ ယာပြင်ခြောက်ဟုလူသိများကြ၏။ ယခုနောက်

ပိုင်း လက်ဖက်ခြောက်လုပ်ငန်းများထက် လက်ဖက်စိုလုပ်ငန်းများပိုမို လုပ်ကိုင်လျက်ရှိသည်။

လက်ဖက်ပင်သည် တောင်တန်းဒေသ၊ တောင်စောင်းများ၌ စိုက်ပျိုး ဖြစ်ထွန်းသည်။ တစ်နှစ်မိုးရေချိန် လက်မ ၆၀ မှ ၇၀ အထိ ရွာသွန်းမှုရှိပြီး အလင်းရောင်လုံလောက်မှုရှိသောဒေသများတွင် ပိုမိုဖြစ်ထွန်းသည်။ လက်ဖက်၏အင်္ဂလိပ်အမည်က Tea ဖြစ်ပြီး စိုက်ပျိုးမှုစတင်ခဲ့သည့်နိုင်ငံမှာ တရုတ်နိုင်ငံ ဖြစ်သည်။ လက်ဖက်အမျိုးအစားကိုလည်း(၃)မျိုးခွဲခြားထားကြောင်း လေ့လာ သိရှိရသည်။ တရုတ်မျိုး၊ အာသံမျိုး၊ အင်ဒိုချိုင်းနားမျိုးဟူ၍ဖြစ်၏။

မြန်မာ့လက်ဖက်သမိုင်းကို လေ့လာကြည့်ပါက ကောဇာသက္ကရာဇ် ၄၈၆ ခုနှစ် ၊ အလောင်းစည်သူမင်းလက်ထက် ရှမ်းပြည်နယ်၊ နမ့်ဆန်မြို့နယ်၊ တောင်ပဲ့ကျေးရွာအနီးရှိ လွိုင်ဆိုင်ဘုရားတောင်တွင် တအောင်း (ပလောင်) တိုင်းရင်းသားများက အစပြု၍ စိုက်ပျိုးခဲ့ကြောင်း သိရသည်။ မြန်မာ့လက်ဖက် စိုက်ပျိုးများစွာရှိသော်လည်း အမှန်မှာဒေသတို့အစွဲပြု၍ ခေါ်ဝေါ်သော အမည်များသာဖြစ်သည်။ ဥပမာ - ပင်လောင်းမျိုး၊ နမ့်ဆန်မျိုး၊ ကျောက်မဲမျိုး၊ သံတောင်မျိုး စသည်များပင် ဖြစ်သည်။ ဓနုဒေသတွင် မြင်းတွင်းမျိုး၊ ယကြီးမျိုး၊ ပင်းတယမျိုး၊ ဘော်ဆိုင်းမျိုးဟူ၍ နာမည်တွင်လျက်ရှိသည်။

လက်ဖက်စိုက်ပျိုးရေးလုပ်ငန်းသည် လွန်စွာလက်ပူတိုက်လုပ်ငန်း ဖြစ်သည့်အလျောက် မိသားစုတစ်ပိုင်တစ်နိုင်လုပ်သည်ကများသည်။ နောက်ပိုင်း ဓနုဒေသများတွင် လက်ဖက်ခြောက်ထက် လက်ဖက်စိုကို ဦးစားပေး လုပ်ကိုင်လာကြသည်။ လက်ဖက် စိုက်ပျိုးရေးလုပ်ငန်းသည် တစ်နှစ်ပတ်လုံး နီးပါးခူးဆွတ်၍ ရနိုင်သောလုပ်ငန်းဖြစ်သည်။ ဆောင်းအကုန်နွေအကူးဖြစ်သော ပြာသို၊ တပို့တွဲလတွင် ခါးပက်၊ အကိုင်းချိန်ပေးရသည်။ လက်ဖက်အကောင်း ဆုံးရရှိချိန်၊ ရွက်နုထွက်ချိန် တပေါင်း၊ တန်ခူးမှစ၍ မိုးမကျမီအချိန်အထိ ရွှေဖီဦးလက်ဖက်ဟုခေါ်သည်။ တဖန် မိုးကုန်ပြီးနောက်ပိုင်း ဆောင်းတွင်း

ထွက်ရှိသော လက်ဖက်များလည်း အရသာ ကောင်းမွန်သည်ဟု သိရသည်။ နွေနှင့်ဆောင်းတွင် တစ်လလျှင် နှစ်ကြိမ်၊ သုံးကြိမ် ခူးနိုင်ပြီး မိုးတွင်းတလလျှင် လေးကြိမ်ဝန်းကျင် ခူးဆွတ်နိုင်ပါသည်။

လက်ဖက်ခြောက်ပြုလုပ်လိုပါက မနက်ခင်းခူးပြီး လက်ဖက်များကို ညနေခင်းမပေါင်းမီ အချိန်ထိ ပါးပါးလေး ဖြန့်ခင်းထားရန် လိုအပ်ပါသည်။ ထို့နောက် မိုးပြဲဒယ်အိုးထဲ ဆယ်မိနစ်ထည့်လှော်ပြီး လက်လှည့်စက်ဖြင့် အရည်မထွက်အောင် နယ်ရသည်။ ထိုကဲ့သို့ နှစ်ကြိမ်နယ်ပြီးပါက ဖျာခင်း နေပူရှိန်အတွင်း ဖြန့်လှန်းပါက နောက်တစ်နေ့တွင် လက်ဖက်ခြောက် ရရှိလာပါလိမ့်မည်။ ထိုသို့နေလှမ်းနေစဉ်အတွင်း နာရီဝက်တစ်ကြိမ်ထက်အောက် လှန်ပေးရပါသည် လက်ဖက်ခြောက် ရရှိလာပါက အကြမ်း၊ အချော၊ ကြမ်းချောခွဲခြားပြီး ဈေးကွက်သို့ ပို့ဆောင်ရပါသည်။

လက်ဖက်စိုပြုလုပ်လိုပါက ခူးပြီးလက်ဖက်ညွန့်များကို ရေအိုးအတွင်း ထည့်ပြုတ်ရသည်။ ရေပြန်စစ်ပြီး လက်ဖြင့်နယ်ပေးရပါသည်။ ထို့နောက် ဆာလာအိတ်အတွင်းသို့ထည့်ကာ အရည်စစ်သွားအောင် ဖိပေးရသည်။ အရည်များကျန်ရှိနေပါက ပုပ်သွားနိုင်သဖြင့် သေချာစွာစစ်ပေးရသည်။ နောက်ဆုံး ဆာလာအိတ်တစ်ထပ်၊ လေလုံပလပ်စတစ်အိတ် တစ်ထပ်ဖြင့်ထည့်ပြီး သေချာ ဖိတားပေးရမည်ဖြစ်သည်။ ၁၅ ရက်ခန့်ကြာပါက ဈေးကွက်သို့ပို့နိုင်သည်ဟု လေ့လာရပါသည်။ လက်ဖက်ကောင်းရချင်ပါက ခြောက်လခန့်ထားရမည်ဟု သိရှိရပါသည်။ သုံးနှစ်အထိ အထားခံကြောင်းလည်း ထပ်မံသိရှိရပါသည်။

လက်ဖက်ခြောက်ထုတ်လုပ်မှု တချို့အားနည်းချက်များကြောင့် မှိုတက်မှုများရှိလာနိုင်သည်။ မှိုတက်မှုကြောင့်ကင်ဆာရောဂါ ဖြစ်ပွားနိုင်ကြောင်း ကျန်းမာရေးအသိပညာပေးမှုများကြောင့် လက်ဖက်ခြောက် သောက်သုံးမှုထက် Green Tea သောက်သုံးမှုများ ရှိလာပါသည်။ သို့ပါ၍ ထုတ်လုပ်မှုများ ဒေသများတွင် များပြားလာပါတော့သည်။ ကွင်းလက်ဖက်

ခြောက်ဟုလည်း ခေါ်ဆိုပါသည်။ နေလှန်းအခြောက်ခံခြင်းမျိုးမဟုတ်ဘဲ ပေါင်းအိုးအတွင်း တိုက်ရိုက် အခြောက်ခံစနစ်ဖြစ်ခြင်းကြောင့် မှိုတက်မှုမရှိတော့ပါ။ ထိုသို့သာမက လက်ဖက်၏သဘာဝအနံ့အရသာများလည်း ဆုံးရှုံးခြင်း မရှိတော့ပါ။ လေလုံပေါင်းအိုးအတွင်း သုံးနာရီလောက်ပေါင်းပါက ကွင်းလက်ဖက်ခြောက်များ ရရှိနိုင်ပါသည်။ ဓနုဒေသအတွင်း လက်ဖက်စိုက်ပျိုးထုတ်လုပ်မှု မကြီးကျယ်သော်လည်း ခေတ်မီနည်းစနစ်များဖြင့် လုပ်ကိုင်ဆောင်ရွက်လာနိုင်ရန် အထူးလိုအပ်လာပါတော့သည်။

ရေနွေးကြမ်း (အခါးရည်) သောက်သုံးခြင်းနှင့် လက်ဖက်စားခြင်းဓလေ့သည် မြန်မာ့ယဉ်ကျေးမှု ပြယုဂ်တစ်ခုပင်ဖြစ်နေပါပြီ။ အထူးသဖြင့် ဓနုဒေသအပါအဝင် ရှမ်းပြည်နယ်တွင် မိမိတို့ နေအိမ်သို့ဧည့်သည် ရောက်လာပါက 'ခါးရေသုံးဆောင်ပါဦး၊ လက်ဖက်စားပါဦး' စသည်ဖြင့် ဧည့်ခံတတ်ကြသည်။ သို့သော်လည်း လက်ဖက်ထွက်သည့်အရပ်ဒေသသည် နည်းစနစ်လိုအပ်မှုကြောင့် ရှေးအခါက လက်ဖက်ကောင်းများ မစားခဲ့ရပေ။ လူကြီးသူမများက 'ငါတို့ဒေသက လက်ဖက်ထွက်တယ်။ ဒါပေမဲ့ စားကောင်းအောင် မြေပြန့်ဒေသကလုပ်တာတဲ့။' ဒါကြောင့် လက်ဖက်နုပ်၊ လက်ဖက်သုပ်တွေကို အောက်ပြည်ကပါး(မှာ)စားကြရတာ။' ဟု ပြောခဲ့ကြခြင်းဖြစ်ပေသည်။ မှန်ပေသည်။ လက်ဖက်ကောင်းတစ်ပွဲဖြစ်လာရန် အမျိုးမျိုးစမ်းသပ် စီမံပြီး ထုတ်လုပ်ရတာမဟုတ်ပါလော။ အခန့်မသင့်ပါက မူးဝေ၊ အော့အန်မှုများလည်း ရှိမှာပါ။ အသက်ပေးရတာလည်းရှိနိုင်ပါသည်။ လွယ်လွယ်နှင့်ရောက်လာမှာမဟုတ်ပါ။ လက်ဖက်ကောင်းတစ်ပွဲအတွက် ရံပေးခဲ့ကြသော ချင်း(ဂျင်း)၊ ငရုတ်၊ ကြက်သွန်ဖြူ၊ ပဲကြော်စုံ၊ ဆား၊ အချိုမှုန့်၊ သံပရာသီး၊ ပုစွန်ခြောက်များသည် အရေးပါလှပေသည်။

ထိုထိုလက်ဖက်ကောင်းများကြောင့်လည်း မြန်မာ့လက်ဖက်ဟု ကမ္ဘာက အသိအမှတ်ပြုလာခဲ့ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ရှမ်းပြည်နယ်ထွက်

ကုန်၊ ဓနုဒေသထွက်ကုန်လက်ဖက်များကို ခေတ်မီတိုးတက်သော နည်းစနစ်ကောင်းများဖြင့် ထွက်ရှိလာစေခြင်းအလို့ငှာ အမှတ်တရအဖြစ် ဤစာအုပ်တွင် တင်ပြလိုက်ရပါသည်။

## (၁၅) နောင်ချိုနယ်နှင့် ကြံစိုက်ပျိုးထုတ်လုပ်မှု

နောင်ချိုမြို့နယ်တွင် အစေ့ထုတ်ပြောင်း၊ ကြံ၊ ကော်ဖီသီးနှံများကို အဓိကထား၍ စိုက်ပျိုးထုတ်လုပ်သည်။ ဓနုမြို့နယ်အားလုံးတွင် ပြောင်းနှင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုသာရှိသဖြင့် နောင်ချိုမြို့နယ်၏ ကြံစိုက်ပျိုးထုတ်လုပ်မှုကို တင်ပြလိုက်ရပါသည်။ နောက်ဆုံးသတင်းအချက်အလက်အရ ကြံဧက (၂၇၅၀၀) ဝန်းကျင်ရှိပြီး ထွက်ရှိလာသောကြံများကို နောင်ချိုအင်းဝိုင်းသကြားစက်နှင့် ငွေရည်ပုလဲသကြားစက်ရုံသို့ ပို့ဆောင်ရောင်းချလျက်ရှိသည်။ ဆမ္မဆယ်ကျေးရွာရှိ အင်းဝိုင်းသကြားစက်ရုံသို့လည်း တင်ပို့ကြသည်။

မြန်မာနိုင်ငံ (၈၈၈၈) အရေးအခင်းကာလနောက်ပိုင်းကြံ စိုက်ပျိုးထုတ်လုပ်မှုအားစိုက်လာခဲ့ကြောင်း သိရှိရသည်။ စိုက်ပျိုးထုတ်လုပ်လာခဲ့သောတောင်သူများ၏အတွေ့အကြုံ၊ လိုအပ်ချက်များအရ 'ကြံစိုက်တောင်သူများအသင်း' ကိုလည်း ၂၀၁၅နောက်ပိုင်းဖွဲ့စည်းတည်ထောင်နိုင်ခဲ့ကြသည်။ ယနေ့ဓနုနယ်အားလုံးထဲတွင် နောင်ချိုမြို့နယ်သည် သကြားစက်ကြီးများရှိသဖြင့် ကြံစိုက်ပျိုးထုတ်လုပ်မှုအားစိုက်လာသော မြို့နယ်ပင်ဖြစ်သည်။ ကြံ၏အင်္ဂလိပ်အမည်မှာ Sugar cane၊ ရုက္ခဗေဒအမည် Saccharum officinarum ဟု ခေါ်ဆိုသည်။ ကြံကိုအိန္ဒိယနိုင်ငံ နယူးဂီနီအရပ်မှ စတင်ပေါ်ပေါက်စိုက်ပျိုးလာကြောင်း သိရသည်။ ကြံလုံးတုတ်မျိုး(စုပ်ကြံ)နှင့် ကြံမာလုံးလေးမျိုး(ကြိတ်ကြံ)ဟူ၍ အဓိကနှစ်မျိုးရှိပါသည်။

ကြံကိုစက်တင်ဘာလကုန် အောက်တိုဘာလဆန်းမှစတင်၍ ထယ်ရေးနက်နက်ရအောင် မြေပြုပြင်ရသည်။ ထယ်ရေး(၃)ကြိမ်ခန့်ပြုလုပ်ပြီး

စိုက်ထယ်ရေးရရှိလာပါက လိုအပ်သော ယူနီးယား၊ ဖော့စဖိတ်၊ ပိုတက် (သို့မဟုတ်) အမိုနီယမ်ဆာလဖိတ်များကို အချိုးမျှတစွာရောစပ်ထည့်သွင်းပြီး အပြီးသတ်ထွန်မွှေပေးရပါသည်။ ထို့နောက်သုံးပေ အကွာစိုက်ကြောင်းများ ဖော်ပေးရသည်။

စိုက်ပြီးပြီးချင်းကြံပင်များကို မျိုးဆစ်ပိုင်းတစ်ခုလျှင် အဆစ်နှစ်ဆယ်စီ ပါအောင်ဖြတ်၍လည်းကောင်း၊ လွန်ခဲ့သောသုံးရက်မှခြောက်ရက်ခန့်က ခုတ်ခဲ့သောကြံပင်များကို မျိုးဆစ်ပိုင်းများအမြစ်ဖြတ်၍ လည်းကောင်း ပြုလုပ်ရသည်။ ကြံမျိုးဆက် ဖြတ်ယူရာတွင် ကြံပင်၏နုသောအပေါ်ပိုင်းကိုသာ ရွေးရသည်။ မျိုးဆက်ကြံတစ်ခုလျှင် မျက်လုံးနှစ်လုံးသာ ပါဝင်သင့်သည်။ မျိုးဆစ်များအပေါ်ရွက်ဖတ်များကို ကုန်စင်အောင်ခွာပစ်ရသည်။

ကြံမျိုးဆစ်ပိုင်းများကို စီးနေသောရေရှင်တွင် ၂၄ နာရီကြာစိမ်၍ လည်းကောင်း၊ ရေနွေးတွင် မိနစ် ၂၀ကြာစိမ်၍ လည်းကောင်း၊ ထုံးရည် ၄ရာခိုင်နှုန်း ဆားခါး ၂ပေါင်ရောဖျော်၍ ၂၄နာရီစိမ်၍ စိုက်ပျိုးပါက အပင် ပေါက်ရာခိုင်နှုန်း ပိုမိုကောင်းမွန်ကြောင်း သိရှိရသည်။

ထိုသို့ပြုပြင်ပြီးသော မျိုးဆစ်ပိုင်းများကို စိုက်ကြောင်းထဲတွင် နဘေထပ်(သို့မဟုတ်) ထိပ်တိုက်(သို့မဟုတ်) မျိုးဆစ်မျက်လုံးများကို ဘေးဘက်တွင်ရှိစေပြီး မျိုးချရသည်။ တစ်ဧကလျှင် ကြံမျိုးဆစ်တစ်သောင်းမှ တစ်သောင်းခွဲ (နှစ်တန်ခွဲမှသုံးတန်)လိုအပ်သည်။ အပင်ပေါက်လာပြီးနောက် ပထမအကြိမ် မိုးကောင်းစွာရွာသွန်းပြီးနောက် ၂ပတ်ကြာသောအခါ ကြံပင် တန်းဘေးနှစ်ဘက်မှကပ်လျက်ထယ်ထိုးပြီး ဘောင်ဖြဲပေးရသည်။ ရေမဝပ်စေ ရန်လည်း သတိပြုရသည်။ ကြံရင့်လာချိန်တွင် ကြံရွက်ခြောက်များကိုလည်း ဖယ်ရှားပေးရသည်။

ကြံပင်သက်တမ်း(၁၁)လနောက်ပိုင်း စတင်ခုတ်သိမ်းနိုင်ပြီး အထွက် ကောင်းသော ကြံခင်းကိုလမိုင်းထားကြသည်ဟု သိရှိရသည်။ ခုတ်သိမ်းပြီး

ပါက ညဘက်(သို့မဟုတ်)လေငြိမ်သက်ချိန်တွင် မီးရှို့ပေးရသည်။ ထို့နောက် ကြံငုတ်များကို ပေါက်ပြားထက်ထက်ဖြင့် အဝိုင်းကျအောင်ပေါက်ရသည်။ ထို့နောက်မြေဩဇာထည့်သွင်းပြီး မြေညီသွားစေရန် ကျမ်းတုံးရိုက်ပေးရသည်။

ကျရောက်တတ်သောဖျက်ပိုးများဖြစ်သည့် မြေခွေးပုရစ်၊ ကျိုင်းနက်၊ ပန်းရောင်ခေါင်ညွန့်ထိုးပိုး(ဖလံ)၊ အဝါရောင် ခေါင်ညွန့်ထိုးပိုး၊ အစင်းပါ ခေါင်ညွန့်ထိုးပိုး၊ ခေါင်ညွန့်ထိုးပိုးကောင်မာ၊ အညိုရောင်ပင်စည်ထိုးပိုး၊ စက်ပြောက်ပါ ပင်စည်ထိုးပိုး၊ ပန်းရောင်ဒက်ပိုး၊ မွေးရည်ပျပိုး၊ ပျ၊ ဝါယာ ပိုးများကိုလည်း ဂရုစိုက်ရပါသည်။

ဖြစ်စေတတ်သောရောဂါများမှာ ကြံမျိုးဆစ်ပုပ်ရောဂါ။ ကြံအူပို ရောဂါ၊ ကြံမှိုနံ့ရောဂါ၊ ပင်စည်ပုပ်ရောဂါ၊ ကြံရွက်ဖြူပင်ပုရောဂါ၊ ကြံ မျက်စိစုပင်တိုရောဂါများဖြစ်သည်။ ယင်းရောဂါကင်းစင်မှသာ အထွက်တိုးပြီး အရည်အသွေးကောင်းမွန်သော ကြံပင်များမှသည် လူကြိုက်များသော သကြားများထွက်ရှိမည်ဖြစ်ကြောင်း ကြံစိုက်ပျိုးထုတ်လုပ်မှုအကျဉ်း တင်ပြ လိုက်ရပါသည်။

## (၁၆) ဓနုအမျိုးသားညီလာခံ ရက်ကောင်းရက်မြတ်ရွေးချယ်ခဲ့ခြင်း (သို့မဟုတ်) (ဓနုတိုင်းရင်းသားလူမျိုးများ၏ နှလုံးသား)

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့ဒေသဦးစီးခန်းမတွင် (၈)မြို့နယ်မှ ဓနုတိုင်းရင်းသား ညီအစ်ကို မောင်နှမတို့သည် ပထမအကြိမ် ဓနုတိုင်းရင်းသားညီလာခံပြုလုပ်ရန် နေ့ကောင်းရက်မြတ် ရွေးချယ်တင်ပြကြပါ သည်။

ပထမအကြိမ် ဓနုတိုင်းရင်းသားလူမျိုးများညီလာခံကို မြန်မာကောဇာ သက္ကရာဇ် ၁၃၇၉ခုနှစ် နတ်တော်လဆန်း(၈)ရက်၊ တနင်္ဂနွေနေ့၊ ခရစ်နှစ် ၂၀၁၇ခုနှစ်၊ နိုဝင်ဘာလ(၂၆)ရက်၊ တနင်္ဂနွေနေ့တွင် စတင်ပြုလုပ်ကျင်းပမည်

ဖြစ်ကြောင်း အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် အတည်ပြုခဲ့ပါသည်။

ထိုနေ့ကို ရိုးရာဗေဒပညာဖြင့်ကြည့်လျှင် ၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၂)ရက်၊တနင်္ဂနွေနေ့ (၅-၁၁-၂၀၁၇) ၊ ည(၈)နာရီအချိန်တွင် စနေဂြိုဟ်သည် ဗြိ စ္ဆာရာသီမှ ဓနုရာသီခွင်သို့ ကူးပြောင်းပါသည်။ ဓနုသိဒ္ဓိအတွက်နက္ခက်၊ သဗ္ဗမိဿျအတွက်နက္ခတ် ရုဝယုဂ်၊ ဗျာဃာတယုဂ် ထွန်းကားသောကာလဖြစ်သည်။ လုပ်ငန်းကိုင်ငန်း အစပျိုးခြင်း၊ အသိအမှတ်အတည်ပြုခြင်း၊ အမည်ပေးမှည့်ခေါ်ခြင်း၊ အသစ်အသစ်တို့ ပုံဖော်ဖြစ်ပေါ်စေခြင်း၊ ရှေ့ဆောင် ဦးဆောင်ဦးရွက်ပြုခြင်း၊ ရှေ့သို့တက်လှမ်းခြင်း၊ ညွှန်ပြခြင်းတို့ဖြင့် ကောင်းသောအချိန်အခါသမယဖြစ်ပါသည်။

တနင်္ဂနွေနေ့သည် နေ့(၇)နေ့တွင် ထိပ်ဆုံးမှဦးစွာပထမ နေရာယူထားသောနေ့ဖြစ်ပါသည်။ ထိုနေ့သည် မြတ်ဗုဒ္ဓ၏ ခန္ဓာချုပ်ငြိမ်း တေဇောဓါတ်ကိန်း၍ သရီရဓါတ်တော်၊ မွေတော်များချပေးသောနေ့ ဖြစ်သည်။ သရီရဓါတ်တော် မွေတော်များ (၈)စိပ်ကွဲခြင်းပြီး၊ အရပ်(၈)မျက်နှာသို့ ပျံ့နှံ့ဝေငှနေသောနေ့လည်း ဖြစ်သည်။

'ဓနု' ဟူသောဝေါဟာရစာ(၂)လုံးသည် စနေ(၂)ထပ်ဖြစ်ပါသည်။ 'နတ်တော်'ဝေါဟာရစာလုံးသည်လည်း စနေ(၂)ထပ်ဖြစ်ပါသည်။ တန်ခူးလနှစ်သစ်မှ ရေတွက်သော် တန်ဆောင်မုန်းလအထိ (၈)လကို ကျော်ဖြတ်ပြီး နတ်တော်လဆန်း(၈)ရက်နေ့တွင် ပထမဆုံးအကြိမ် ဓနုအမျိုးသားညီလာခံစတင်ဖြစ်ပေါ်လာခဲ့ပါသည်။

လက်ရှိအခြေအနေအချိန်အခါ အကြောင်းတရားအရ (၈)မြို့နယ်ဖြစ်ပါသည်။ ဓနုအမျိုးသားညီလာခံတွင် ရွေးချယ်အတည်ပြုသော 'ဓနု' အလံတော်သည်လည်း (၈)မြောင့်ကြယ် ဖြစ်သည်။ မြို့နယ်များမှာ (၁) ပင်းတယမြို့နယ် (၂) ရွာငံမြို့နယ် (၃) ကလောမြို့နယ် (၄) ရပ်စောက်မြို့နယ် (၅) နောင်ချိုမြို့နယ် (၆) တောင်ကြီးမြို့ (၇)ကျောက်မဲ မြို့နယ် (၈)ရန်ကုန်မြို့

တို့ဖြစ်သည်။ (၈)မြို့နယ်ဟု ခေါ်ဆိုကြသော်လည်း မြန်မာနိုင်ငံ၌ ဓနုတိုင်းရင်းသားလူမျိုးများ ပျံ့နှံ့နေထိုင်လျက်ရှိရာ ယခု မန္တလေးတိုင်းဒေသကြီးတွင်ရှိကြသော မန္တလေးမြို့၊ မိုးကုတ်မြို့၊ ပြင်ဦးလွင်မြို့တို့မှ ဓနုတိုင်းရင်းသားများပါ ပူးပေါင်းပါဝင်စုစည်းလာကြပါသည်။ ရှေ့လာမည့်အချိန်ကာလတွင်လည်း ပို၍ပို၍ ဝန်းရံစုစည်းလာပေလိမ့်မည်။

(၈) ဂဏန်းသည် ဗုဒ္ဓမြတ်စွာ၏ အောင်ခြင်း(၈)ပါးကို ကျွန်ုပ်ပုံဖော်ရည်ညွှန်းမိပါသည်။ ဗုဒ္ဓဟောကြားထားသော မင်္ဂလသုတ်ထဲတွင် နံပါတ်အပိုဒ်(၁၄)တွင် နေရာယူထားသော၊ မင်္ဂလာယူထားသော ဗုဒ္ဓဿဂါထာတော်လောကဓံတရား(၈)ပါး ဖြစ်သည်။ လောကဓံတရား(၈)ပါးမှာ(၁)လာဘ်ရခြင်း၊ (၂)လာဘ်မရခြင်း၊ (၃) အခြံအရံများခြင်း၊ (၄) အခြံအရံနည်းခြင်း၊ (၅) ချီးမွမ်းခြင်း၊ ဂုဏ်ပြုမြှောက်စားခြင်း၊ (၆) ကဲ့ရဲ့ခြင်း၊ ရှုံ့ချခြင်း၊ အပြစ်တင်ခြင်း၊ (၇) ချမ်းသာခြင်း၊ (၈) ဆင်းရဲခြင်းတို့ ဖြစ်ပါသည်။

ဤနေရာ၌ အကောင်း(၄)ပါး၊ အဆိုး(၄)ပါး ဖြစ်ပါသည်။ တချို့အကောင်းလောကဓံ(၄)ပါးနှင့် ကြုံတွေ့လာသည်။ ချမ်းသာခြင်းဒဏ်ကို မခံနိုင်ကြပါ။ မာန်မာန၊ အာဃာတ၊ ဘဝင်မြင့် မိုက်ရိုင်းမောက်မာ မော်ကြွားလာကြသည်။ ပျက်စီးကြပါသည်။ တချို့ အဆိုးလောကဓံ(၄)ပါးနှင့် ကြုံတွေ့လာသည်။ ဆင်းရဲဒဏ်ကို မခံနိုင်ကြပါ။ သူတစ်ဖက်သားကို မမှန်မကန် လိမ်ညာလှည့်စားလာကြသည်။ လူမသိအောင်ခိုးလာကြသည်။ လူသိအောင် မိမိ၏အလိုဆန္ဒအတိုင်း လုယက်တိုက်ခိုက် ရက်စက်ယုတ်မာလာကြသည်။ ပျက်စီးရပါသည်။

ကျွန်ုပ်တို့ ဓနုတိုင်းရင်းသားလူမျိုးများတို့သည် ပထမဆုံးအကြိမ်ဓနုတိုင်းရင်းသားလူမျိုးများညီလာခံတွင် မဲပေးစနစ်ဖြင့် ရွေးချယ်အတည်ပြုကြပါသည်။ ဓနုအမျိုးသားနေ့သည်လည်း နှစ်စဉ် နတ်တော်လဆန်း (၈)ရက်

နေ့ပင်ဖြစ်ကြောင်း ညီလာခံမှမဲစနစ်ဖြင့် အတည်ပြုဆုံးဖြတ်ခဲ့ကြသည်။ ထို့ကြောင့် ကမ္ဘာပေါ်တွင်မြန်မာပြည်ရှိနေသရွေ့ မြန်မာပြည်၌ မနုတိုင်းရင်းသားလူမျိုးများရှိနေသရွေ့ နှစ်စဉ်နတ်တော်လဆန်း(၈)ရက်နေ့သည် မနုတိုင်းရင်းသားလူမျိုးများတို့၏ သမိုင်းဝင်နေ့ထူးနေ့မြတ် ဖြစ်ပါသည်။

ကျွန်ုပ်တို့ မနုတိုင်းရင်းသားလူမျိုးများတို့သည် မနုတိုင်းရင်းသားရေးရာအဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့် မနုစာပေယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာအကျိုးစီးပွားကဏ္ဍ၊ အမျိုးသားနိုင်ငံရေး နိုင်ငံတော်၏အကျိုးစီးပွားကဏ္ဍ၊ လူမှုရေးအခန်းကဏ္ဍ စီးပွားရေးအခန်းကဏ္ဍများကို ရှက်ဆောင်သည့်နေရာတွင် လောကဓံ၏ရိုက်ပုတ်ထောင်းထုချက်ဒဏ်ကို ခံနိုင်ရည်ရှိဖို့လိုပါသည်။ စိတ်ရှည်သည်းခံ ခွင့်လွှတ်ခြင်းနှင့်အတူ စေတနာမှန်သောမေတ္တာတရားဖြင့် နောင်လာမျိုးဆက်သစ် မနုမျိုးချစ်သားကောင်းများ ပေါ်ထွန်းလာစေရပေမည်။ မနုအရေး၊ မနုသွေးတွေပို၍ လင်းလက်တောက်ပြောင်ပါတော့မည်။

ကမ္ဘာတည်သရွေ့ နှစ်စဉ်နတ်တော်လဆန်း(၈)ရက်နေ့သည် မနုတိုင်းရင်းသားလူမျိုးများနေ့ဖြစ်ကြောင်း စိတ်ကူးထဲက တွေးမိသမျှရေးမိပါသည်။ ပင်းတယဒေသ ဦးစီးဥက္ကဋ္ဌက အစည်းအဝေးတွင် ပြောပါသည်။ 'အောင်အတိတ်နှင့် အောင်နမိတ်ဆောင် 'ပါသည်ဟူ၍ ၊ 'အတိတ်တဘောင်အရိုက်အရောင် နိမိတ်ဆောင်'ခဲ့ပါသေးသည်။

ဤစာစုဖြင့် မနုတိုင်းရင်းသားရေးရာအဖွဲ့ချုပ်ကြီး၏ မနုခေါင်းဆောင်ကြီးများနှင့်တကွ မြို့နယ်ကျေးရွာဒေသအသီးသီးရှိ မနုတိုင်းရင်းသားရေးရာအဖွဲ့များအားလုံးနှင့် ဘယ်နေရာရှိရှိ ဘယ်ဆီမှာရောက်ရောက် ဘယ်ဆီမှာနေနေ မနုတိုင်းရင်းသား ညီအစ်ကိုမောင်နှမ အားလုံးတို့အားလည်းကောင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

**ဦးမောင်မောင် (မနုချစ်သူ)**

**ရိုးရာတိုင်းရင်းဆေးဆရာ၊ အောင်ပန်းမြို့။**

## (၁၇) နိုင်ငံ့ဂုဏ်ဆောင်မနေသမီးပျိုများ

### ခင်ဥမ္မာမြင့်(မြန်မာ့အလှမယ်-၂၀၁၉)

၂၀၁၉ခုနှစ်၊ ဇန်နဝါရီလအတွင်း ကျင်းပပြုလုပ်ခဲ့သော Miss Ethnic Myanmar ၂၀၁၉ 'သွေးချင်းတို့ရဲ့ပွဲတော်'၌ မနေတိုင်းရင်းသူကိုယ်စားပြုသူအဖြစ် သွားရောက်ယှဉ်ပြိုင်ခဲ့ရာ Top 10 စာရင်းဝင်ခဲ့သည်။ ထိုအတွေ့အကြုံမှတဆင့် Miss Myanmar International ၂၀၁၉ ကို သွားရောက်ယှဉ် ပြိုင်ခဲ့ရာ ဇကာတင်အဆင့်ပါဝင်ခဲ့သည်။ ထို့နောက် ရန်ကုန်မြို့တွင် စခန်းသွင်းလေ့ကျင့်ခဲ့ပြီး ၂၀၁၉ ဩဂုတ်လ (၁၄)ရက်နေ့ နောက်ဆုံးဗိုလ်လုပွဲတွင် မြန်မာ့အလှမယ်အဖြစ် ရွေးချယ်သတ်မှတ်ခံခဲ့ရပါတော့သည်။ ထို့ကြောင့် ၂၀၁၉ ဒီဇင်ဘာလအတွင်း ဂျပန်နိုင်ငံတွင်ကျင်းပမည့် Miss International ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် သွားရောက်ယှဉ်ပြိုင်ရပါတော့မည်။

ခင်ဥမ္မာမြင့်ကို ကလောမြို့နယ်၊ အောင်ပန်းမြို့၊ လှည်းရိုး ရပ်ကွက်နေ ဦးမောင်ငယ်+ဒေါ်သန်းရင်တို့က ၁၉၉၅ခုနှစ်၊ နိုဝင်ဘာလ(၅)ရက်နေ့တွင် မွေးဖွားခဲ့သည်။ မွေးချင်း(၆)ယောက်တွင် အငယ်ဆုံးအမွှာ ဖြစ်၏။ ၂၀၁၉ ခုနှစ်၊ ဧပြီလ (၂၆)ရက်နေ့တွင် တောင်ကြီးတက္ကသိုလ်၌ ဥပဒေဘွဲ့ကို ရရှိခဲ့သည်။

နိုင်ငံ့ဂုဏ်ဆောင်အဖြစ် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ပြီး နောင်အနာဂတ်တွင် မိမိတို့တိုင်းရင်းသားများ ပညာရေးကဏ္ဍ၌ တစ်ထောင့်တစ်နေရာမှ ကူညီပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

### ဝေဖူးအိမ် (မြန်မာ့လက်ရွေးစင်-၂၀၁၇)

၂၀၁၅ခုနှစ်၊ ရှမ်းပြည်နယ်ကျောင်းသားပွဲတော်တွင် ကလောမြို့နယ် ကိုယ်စားပြုအဖြစ် သွားရောက်ယှဉ်ပြိုင်ခဲ့ရာ ပထမဆုရရှိသည်။ ထို့နောက်

အသက် ၁၃ နှစ်အောက် ရှမ်းပြည်နယ်လက်ရွေးစင်အဖြစ် ရွေးချယ်ခြင်းခံရသည်။ ၂၀၁၆ခုနှစ်၊ ရှမ်းပြည်နယ်ခရိုင်ပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် တောင်ကြီးခရိုင်ကိုယ်စားပြုအဖြစ် ယှဉ်ပြိုင်ကစားခဲ့ရာ တတိယဆုရရှိခဲ့သည်။

၂၀၁၇ခုနှစ် ကျောင်းဖွင့်စတွင် ရန်ကုန်တိုင်းဘောလုံးအဖွဲ့ချုပ်မှ ခေါ်ယူခြင်းခံခဲ့ရသည်။ အဌမတန်းပညာရေးကို လမ်းမတော်မြို့နယ်၊ အထကတွင်သင်ကြားခဲ့ပြီး သုဝဏ္ဏဘောလုံးကွင်း၌ လေ့ကျင့်စေခဲ့သည်။ ၂၀၁၇ခုနှစ်၊ နိုဝင်ဘာလတွင် တိုင်းနှင့်ပြည်နယ် ၂၅နှစ်အောက် ဘောလုံးပြိုင်ပွဲတွင်(ရန်ကုန်တိုင်းကိုယ်စားပြု) အသက်အငယ်ဆုံးအဖြစ် သွားရောက်ယှဉ်ပြိုင်ခဲ့ရာ ပထမဆုရရှိခဲ့သည်။ ထို့ကြောင့် အသက်(၁၆)နှစ် အောက်နိုင်ငံလက်ရွေးစင်အဖြစ် ရွေးချယ်ခံခဲ့ရတော့သည်။

ပြည်ပပြိုင်ပွဲအတွေ့အကြုံများအဖြစ် ၂၀၁၈ခုနှစ်၊မေလ အရှေ့တောင်အာရှအသက်၁၆နှစ်အောက် ပြိုင်ပွဲ၊ အင်ဒိုနီးရှားနိုင်ငံတွင် ဒုတိယဆုဆွတ်ခူးရရှိခဲ့သည်။ ထို့ကြောင့် အာရှပြိုင်ပွဲခြေစစ်ပွဲဝင်ရောက်နိုင်ခဲ့သည်။ ပထမအဆင့်ခြေစစ်ပွဲအဖြစ် နီပေါနိုင်ငံနှင့်မြန်မာနိုင်ငံတွင် ယှဉ်ပြိုင်ခဲ့ရာ ဒုတိယအဆင့်တက်လှမ်းနိုင်ခဲ့သည်။ ဒုတိယအဆင့်တွင် တရုတ်နှင့်ဘင်္ဂလားဒေ့ရှ်ကိုရှုံးနိမ့်ခဲ့သည်။

ဒုတိယအဆင့်ခြေစစ်ပွဲအတွက် ဩစတေးလျနိုင်ငံသို့ခြေစမ်းပွဲနှင့်လေ့ကျင့်ရန်စေလွှတ်ခြင်းခံခဲ့ရသည်။ ယနေ့အချိန်တွင် ရန်ကုန်မြို့ စိန့်ဂျွန်းကျောင်း YREO ကလပ်တွင် ပါဝင်ကစားနေပြီး ဒသမတန်းပညာရေးကိုသင်ယူနေပါသည်။

ဝေဖူးအိမ်ကို ၂၀၀၄ခုနှစ်၊ဇန်နဝါရီလ(၁၇)ရက်နေ့တွင် ကလောမြို့နယ်၊ **အောင်ပန်းမြို့၊ လှည်းရိုးရပ်ကွက် ဦးသက်နောင်ဦး+ဒေါ်မာမာဝင်းတို့မှ** မွေးဖွားခဲ့သည်။ မွေးချင်း(၂)ယောက်တွင် သမီးအကြီးဖြစ်ပါသည်။

**ယုယနိုင် (မြန်မာ့လက်ရွေးစင်-၂၀၁၉)**

၂၀၁၈ခုနှစ်၊ ရှမ်းပြည်နယ်တောင်ပိုင်း အသက်(၁၅)နှစ်အောက်အမျိုးသမီး ဘောလုံးလက်ရွေးစင်အသင်းတွင် ရွေးချယ်ခံခဲ့ရသည်။ ထိုမှတစ်ဆင့် နိုင်ငံ့လက်ရွေးစင် ပမာဏအဖြစ် ၂၀၁၉ ခုနှစ်တွင် ရွေးချယ်ခံခဲ့ရပါသည်။ လက်ရှိတွင် ရန်ကုန်မြို့ လမ်းမတော် အ-ထ-က၁ အဋ္ဌမတန်းပညာရေးကို ဆက်လက်သင်ကြားနေပြီး သုဝဏ္ဏဘောလုံးလေ့ကျင့်ရေးကွင်းတွင် လေ့ကျင့်လျက်ရှိသည်။ ပြည်ပအတွေ့အကြုံအဖြစ် အသက်(၁၅)နှစ်အောက် အာစီယံပြိုင်ပွဲကို ထိုင်းနိုင်ငံ၌ သွားရောက်ယှဉ်ပြိုင်ခဲ့ဖူးသည်။

ယုယနိုင်ကို ၂၀၀၇ခုနှစ်၊ ဇန်နဝါရီလ(၂၅)ရက်နေ့တွင် ပင်းတယမြို့၊ ၄က်ပျောတောရပ် ဦးစောယုနိုင်+ဒေါ်သန်းနွဲ့တို့မှ မွေးဖွားပေးခဲ့သည်။ မွေးချင်း(၄)ယောက်တွင် အထွေးဆုံးသမီးဖြစ်ပြီး နိုင်ငံတကာပြိုင်ပွဲများတွင် ဆုများရရှိလာအောင် ရည်မှန်းချက်ဖြင့် ကြိုးစားလေ့ကျင့်လျက်ရှိပါသည်။

## မှီငြမ်းကိုးကားစာအုပ်များ


| | | |
|---|---|---|
| ၁။ | ကယန်းတိုင်းရင်းသားများသမိုင်း | ပီမောင်စိုး |
| ၂။ | ကလောမြို့နယ်လူဦးရေစာရင်း (နတလ) | ၁၉၆၆ |
| ၃။ | ကုံလုံဆရာတော်ဘုရားကြီး၏ တစ်ဘဝသာသနာ | ဦးအောင်မြင့်ထွန်း |
| ၄။ | ကိုယ်တွေ့ပင်လုံ | ဦးဖေခင် |
| ၅။ | ကျုံးမွေတော်ဘုရားကြီးသမိုင်း | ဂေါပကအဖွဲ့၊ကျုံးမွေတော် |
| ၆။ | ခေတ်ရေစီးထဲမှပုဂ္ဂိုလ်များ | သမိုင်းသုတေသနဦးစီးဌာန |
| ၇။ | ညီညွတ်ရေးအရေးတော်ပုံ | ဆရာစံအောင် |
| ၈။ | တိပိဋကဂုဏပူဇာ အထိမ်းအမှတ်စာစောင် | တိပိဋကကမ္မောဇဆရာတော် |
| ၉။ | တက်ရောက်ခဲ့သမျှ အစည်းအဝေး မှတ်တမ်းများ | ကိုယ်တိုင်ရေးမှတ်တမ်း |
| ၁၀။ | တောင်ရိုးဓနုကျေးလက်တေးများ | တောင်ရိုးဓနုကျောင်းသားများ ၁၉၇၀ |
| ၁၁။ | တိုင်းရင်းသားယဉ်ကျေးမှုရိုးရာ ဓလေ့ထုံးစံများ | ရှမ်း |
| ၁၂။ | တိုင်းရင်းသားရေးရာအမှတ်(၁) | မြန်မာရေးရာလေ့လာရေးအဖွဲ့ |
| ၁၃။ | တိုင်းရင်းသားရက်စဉ်သမိုင်း(ရှမ်း) | ရီရီဝင်း(ညွှန်ကြားရေးမှူး) |
| ၁၄။ | ဒေသဆိုင်ရာအချက်အလက်များ | ထွေ/အုပ်၊ ကလောမြို့နယ် |
| ၁၅။ | ဒေသဆိုင်ရာအချက်အလက်များ | ထွေ/အုပ်၊ နောင်ချိုမြို့နယ် |

| | | |
|---|---|---|
| ၁၆။ | ဒေသဆိုင်ရာအချက်အလက်များ | ထွေ/အုပ်၊ ပင်းတယမြို့နယ် |
| ၁၇။ | ဒေသဆိုင်ရာအချက်အလက်များ | ထွေ/အုပ်၊ ရပ်စောက်မြို့နယ် |
| ၁၈။ | ဒေသဆိုင်ရာအချက်အလက်များ | ထွေ/အုပ်၊ ရွာငံမြို့နယ် |
| ၁၉။ | ဓနုကုလသဒ္ဒါ | ရှင်မုနိန္ဒဓဇ |
| ၂၀။ | ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရရှိရေးကြိုးပမ်းမှု | ဦးကျော်ဇော |
| ၂၁။ | ဓနုစာ/ယဉ်ဖွံ့စည်းပုံအခြေခံ စည်းမျဉ်း | ဓနုစာ/ယဉ်အသင်းချုပ် |
| ၂၂။ | ဓနု၊ တောင်ရိုး | ဒါရိုက်တာမြင့်မောင် |
| ၂၃။ | ဓနုတိုင်းရင်းသားမဂ္ဂဇင်း | ရန်ကုန်ဓနုမိသားစုအသင်း၊ ၂၀၁၆ |
| ၂၄။ | ဓနုတိုင်းရင်းသားမဂ္ဂဇင်း | ရန်ကုန်ဓနုမိသားစုအသင်း၊ ၂၀၁၈ |
| ၂၅။ | ဓနုတိုင်းရင်းသားများအကြောင်း လေ့လာခြင်း | အရှင်ဩဘာသ (နောင်ချို) |
| ၂၆။ | ဓနုတိုင်းရင်းသားသမိုင်း၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ၊ တင်ပြချက်စာတမ်း | ဒေါ်စိုးစိုးနု |
| ၂၇။ | ဓနုရိုးရာတေးများ | နိုင်သောင်းထွန်း |
| ၂၈။ | ဓနုလူမျိုးတို့၏ ရိုးရာဝတ်စား ဆင်ယင်မှု | နေစိုးအောင်(တောင်ကြီး) |
| ၂၉။ | ဓနုအမျိုးသားညီလာခံ မှတ်တမ်းမှတ်ရာများ | ၂၀၁၇ |

| | | |
|---|---|---|
| ၃၀။ | ဓနုအမျိုးသားသမိုင်း | နေစိုးအောင်(တောင်ကြီး) |
| ၃၁။ | ဓါတ်ပေါင်းရတနာမာန်အောင်သမိုင်း | ဂေါပကအဖွဲ့၊ ရေဦး |
| ၃၂။ | နယ်လှည့်ရာဇဝင်(ပ၊ ဒု၊ တ) | ဒေါက်တာသန်းထွန်း |
| ၃၃။ | ပရိယတ္တိသာသနပါလက<br>စာပွဲတော်သမိုင်း | ပွေးလှမြို့ |
| ၃၄။ | ပိဋကတ္တယပါဒကစာပြန်ပွဲငွေရတု<br>မော်ကွန်းစာစောင် | ကလောမြို့နယ် |
| ၃၅။ | ပင်းတယရွှေဥမင်စေတီနှင့်<br>ပင်းတယဂူသမိုင်း | Dr.သန်းထွန်း |
| ၃၆။ | ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ<br>အခြေခံမူများနှင့်သဘောတရား | ဆလိုင်းလျန်မှုန်း |
| ၃၇။ | ပြည်သူ့အုပ်ချုပ်ရေးပန္နက်ချပွဲ | ရှမ်းပြည်နယ် |
| ၃၈။ | ဖောင်တော်ဦးဘုရားသမိုင်း | မြေခြား၊ ဟဲဟိုး |
| ၃၉။ | ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း | (ဓနုတိုင်းရင်းသားလူမျိုးများ<br>ဒီမိုကရေစီပါတီ) |
| ၄၀။ | ဗိုလ်မှူးကြီးဗထူးနှစ်တစ်ရာပြည့်<br>မော်ကွန်း | ပွဲဖြစ်မြောက်ရေးကော်မတီ |
| ၄၁။ | မြစေတီသမိုင်းမှတ်တမ်း | တမဲ၊ ပင်းတယမြို့ |
| ၄၂။ | မြို့သစ်တစ်မြို့မွေးဖွားခြင်း | ဆရာဦးမြင့်သန်း |
| ၄၃။ | မြန်မာတို့၏ရှေ့နိုင်ငံ | သူရမြင့်မောင် |
| ၄၄။ | မြန်မာအဘိဓာန် | မြန်မာစာအဖွဲ့ဦးစီးဌာန |
| ၄၅။ | မြန်မာ့ကော်ဖီလက်ဖွဲ့စာစောင် | MFVP |
| ၄၆။ | မြန်မာ့ရက်စဉ်သမိုင်း(ပထမတွဲ) | သမိုင်းသုတေသနဦးစီးဌာန |
| ၄၇။ | မြန်မာ့ရက်စဉ်သမိုင်း(ဒုတိယတွဲ) | သမိုင်းသုတေသနဦးစီးဌာန |

| | | |
|---|---|---|
| ၄၈။ | မြန်မာ့ရက်စဉ်သမိုင်း(တတိယတွဲ) | သမိုင်းသုတေသနဦးစီးဌာန |
| ၄၉။ | မြန်မာ့သမိုင်းအကျဉ်းချုပ် | ဘဖေ |
| ၅၀။ | မှန်နန်းမဟာရာဇဝင်တော်ကြီး (သုံးတွဲပေါင်းချုပ်) | ဆရာမကြီးဒေါ်ကြန်၊ ဆရာဦးအေးချို၊ ဆရာဦးစိန်လှိုင်(တည်းဖြတ်) |
| ၅၁။ | ရခိုင်ထီးနန်းနေညိုကွယ်ပျောက်ချိန် | ခိုင်ဖွား(ပြောင်းဆိပ်) |
| ၅၂။ | ရခိုင်သမိုင်းကြေးမုံ | ခိုင်ဖွား(ပြောင်းဆိပ်) |
| ၅၃။ | ရပ်စောက်မှတ်တမ်း | ဇော်လွင်ဦး (ဟသ်ာတ) |
| ၅၄။ | ရဿဝတီမဂ္ဂဇင်း | ရပ်စောက်မြို့နယ် |
| ၅၅။ | ရှေးအခါကပြည်မြန်မာ | မောင်မောင် |
| ၅၆။ | ရှမ်းတိုင်းရင်းသားများ၏ ယုံကြည်ကိုးကွယ်မှု | အရှင်သုခမိန္ဒ(တန့်ယန်း) |
| ၅၇။ | ရှမ်းတိုင်းရင်းသားများ၏ယုံကြည် ကိုးကွယ်မှုနှင့် ဓလေ့ထုံးတမ်းများ | အရှင်သုခမိန္ဒ |
| ၅၈။ | ရှမ်းပြည်နယ်က ဂူဘုရားသုံးဆူ | မောင်ကိုယ်ပွား(တောင်ကြီး) |
| ၅၉။ | ရှမ်းပြည်နယ်ခရီးသွားဆိုင်ရာ အချက်အလက် | မြန်မာနိုင်ငံဧည့်လမ်းညွှန် အသင်း(တောင်ကြီး) |
| ၆၀။ | ရှမ်းပြည်နယ်နေ့အထိမ်းအမှတ်မဂ္ဂဇင်း | ၂၀၁၆ |
| ၆၁။ | ရှမ်းပြည်နယ်သမိုင်းအကျဉ်း | ပြန်ကြားရေးဝန်ကြီးဌာန |
| ၆၂။ | ရှမ်းမြေလတ်ကခေါင်းလောင်းသံ | မင်းလွင်ဦး(အောင်ပန်း) |
| ၆၃။ | ရှမ်းသမိုင်းအတွဲ(၁) | ရှမ်းစာ/ယဉ် |
| ၆၄။ | ရွှေမင်းဖုန်းသမိုင်း | ဂေါပကအဖွဲ့၊ ရွှေမင်းဖုန်း |
| ၆၅။ | ဝိနယာဒိနုဂ္ဂဟမူလစာတော်ပြန်ပွဲ ရွှေရတုစာစောင် | နောင်ချိုမြို့နယ် |

| | | |
|---|---|---|
| ၆၆။ | ဝိဇ္ဇာဓော်ဂျီတပသီ | စကြာကောင်းစံ |
| ၆၇။ | သမိုင်းကပြောသောဓနု၊ ဓနုကပြောသောသမိုင်း | အရှင်ကောသလ္လ |
| ၆၈။ | သမိုင်းဝင်စာချုပ်စာတမ်းများ | ရဲဘော်လှမျိုး |
| ၆၉။ | သာမိုင်းခန်းရာဇဝင်အကျဉ်း | အခွန်ဝန် ဦးညိုစိမ့် |
| ၇၀။ | သာသနာ့အလင်းရောင် | အရှင်သီရိသုနန္ဒမထေရ် |
| ၇၁။ | သန်းခေါင်စာရင်းရှေ့ပြေး လူဦးရေစာရင်း (၂၀၁၄) | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန |
| ၇၂။ | အခြေခံဥပဒေပြင်ဆင်ရေးစာတမ်း | ၁၉၆၁ တိုင်းရင်းသားပေါင်းစုံ ညီလာခံ(တောင်ကြီး) |
| ၇၃။ | အခြေပြုမြန်မာ့နိုင်ငံရေးသမိုင်း (ပထမတွဲ) | |
| ၇၄။ | အသစ်မြင်မြန်မာ့သမိုင်း | ဒေါက်တာသန်းထွန်း |
| ၇၅။ | အင်းတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးထမ်းများအား လေ့လာခြင်း | ဒေါ်နေရီရီ |
| ၇၆။ | အောင်ပန်းကြေးမုံပြင် | မင်းလွင်ဦး(အောင်ပန်း) |
| ၇၇။ | ဥဏ္ဏာလုံမွေရှင်တော် လိုဏ်ဂူတော်သမိုင်း | မြင်းမထိ၊ ကလော |
| ၇၈။ | The history of myelat regon (1885-1948) | Dr .Win Min Thant |


▼ ▼ ▼

## တွေ့ဆုံမေးမြန်းကူညီခဲ့ကြသည့် ပုဂ္ဂိုလ်များ

**ကလောမြို့နယ်**

| | | |
|---|---|---|
| ၁။ | မြို့မပြင်သာကျောင်းဆရာတော်<br>(ကလောမြို့နယ်စာပြန်ပွဲအကြောင်း) | အောင်ပန်းမြို့ |
| ၂။ | ရွှေဥမှင်ကျောင်းဆရာတော်<br>(ဓနုရတနာကျောင်းတိုက်အကြောင်း) | ကလောမြို့ |
| ၃။ | ရှင်မုနိဓဇ<br>(ဓနုစကားဝိသေသအကြောင်း) | ပွေးလှရွှေကုန်းရွာ |
| ၄။ | ဆရာကျော်<br>(ဓနုမော်ချေင်းအကြောင်း) | ဟင်းခါးပင်ကျေးရွာ |
| ၅။ | ဦးမောင်မောင်<br>(ရှင်ပြုနားသနှင့်အစားအစာအကြောင်း) | အောင်ပန်းမြို့ |
| ၆။ | ကိုသက်နောင်ဦး<br>(ဝေဖူးအိမ်အကြောင်း) | အောင်ပန်းမြို့ |
| ၇။ | ခင်ဥမ္မာမြင့်<br>(ကိုယ်ရေးပြောကြား) | အောင်ပန်းမြို့ |
| ၈။ | ဦးမျိုးသိန်း<br>(ကော်ဖီနှင့်လက်ဖက်အကြောင်း) | ကလောမြို့ |

**ကျောက်မဲမြို့နယ်**

၉။ ဒေါ်စန်းစန်းဌေး၊ကိုအောင်ထိုက် ကျောက်မဲမြို့
(ကုန်းစုံရွာအကြောင်း)

**တောင်ကြီးမြို့နယ်**

၁၀။ ဒေါ်တင်နု သရက်ပင်လှရွာ
(သရက်ပင်လှရွာသံချပ်ပေးပို့)

**နောင်ချိုမြို့နယ်**

၁၁။ ဘဒ္ဒန္တနိပုဏ နောင်ချိုမြို့
(နောင်ချိုစာပြန်ပွဲအကြောင်းနှင့်အခြားအကြံပေး)

၁၂။ အရှင်ဉာဏဗလလင်္ကာရ နောင်ချိုမြို့
(ပိဋကတ်(၁)ပုံအောင်ရှာဖွေပေးမှု)

၁၃။ ကိုပေါက်ကျိုင်း နောင်ချိုမြို့
(နောင်ချိုဘုရားသမိုင်း)

၁၄။ ဒေါ်ခင်ဝင်းရီနှင့်ရှင်းသန်းဦး နောင်ချိုမြို့
(ဆရာစံအကြောင်း)

၁၅။ ဦးညီဝင်း နောင်ချိုမြို့
(အင်းပိုင်းရေတံခွန်)

**ပင်းတယမြို့နယ်**

၁၆။ ကိုနေမျိုးကျော် ပင်းတယမြို့
(ပင်းတယစာပြန်ပွဲအကြောင်းနှင့်ဓမ္မာစရိယသံဃာများ)

၁၇။ ကိုစိုးနိုင်၊နေသူယုနိုင် ပင်းတယမြို့
(စာပေယဉ်ကျေးမှုအဖွဲ့အကြောင်း)
၁၈။ ကိုကမ္ဘာ ပင်းတယမြို့
(ဆေးမှင်ရည်စုပ်ထိုးအကြောင်း)
၁၉။ ကိုတင်စိုးဝင်း ပွေးလှမြို့
(ပွေးလှစာပြန်ပွဲအကြောင်း)
၂၀။ ကိုဇော်လွန်း ပွေးလှမြို့
(ရာကျော်ဆရာတော်အစကြောင်း)
၂၁။ ကိုမိုးထွေး ပင်းတယမြို့
(ယုယနိုင်အကြောင်း)

ပြင်ဦးလွင်မြို့နယ်
၂၂။ ကြီးကိုင်ကျောင်းဆရာတော် ကြီးကိုင်ရွာ
(ပြင်ဦးလွင်ဓနုများအကြောင်း)
၂၃။ အုပ်ချုပ်ရေးမှူး ကြီးကိုင်ရွာ
(ပြင်ဦးလွင်ဓနုများအကြောင်း)

ရန်ကုန်မြို့
၂၄။ ဦးကံညွှန့်လှိုင် ရန်ကုန်မြို့
(တိပိဋကဆရာတော်ရတုပေးပို့)

ရပ်စောက်မြို့နယ်
၂၅။ ဦးကျော်ဇော ရပ်စောက်မြို့
(ရပ်စောက်စာပြန်ပွဲ၊ ဝတ်ထွက်ပွဲအကြောင်း၊ ဘုရားသမိုင်း)

၂၆။ နိုင်သောင်းထွန်း(ခ)ဦးသောင်းညွန့် — ရပ်စောက်မြို့
(မယ်ယာ၊ ကြီးချင်း၊ ဓနုမြန်မာအသံဖလှယ်ပုံ၊ အပျိုလည်ဓလေ့)

## ရှမ်းပြည်နယ်

၂၇။ ဦးမြသန်း၊ ဦးကိုကို — ရေဦး၊ ရှမ်း
(ဓနုပါတီအကြောင်း)

၂၈။ ကိုအောင်နိုင်ဦး — ရေဦး
(ရေဦးစာပြန်ပွဲ၊ ဝတ်ထွက်ပွဲအကြောင်း)

၂၉။ ကိုစိုင်းဝဏ္ဏ — အလယ်ချောင်ရွာ
(အလယ်ချောင်ရေတံခွန်အကြောင်း)

၃၀။ ကိုဝိုင်းဘို — မြို့ကြီးကျေးရွာ
(အောင်ချမ်းသာရွာအကြောင်း)

၃၁။ ဆင်လယ်ကျောင်းဆရာတော် — ဆင်လယ်ရွာ
(သစ်ပျောက်ဂူအကြောင်း)

▼ ▼ ▼

## စာရေးသူ၏ အတ္ထုပ္ပတ္တိအကျဉ်း

၁၃၂၈-ခု၊သီတင်းကျွတ်လဆန်း(၁၃)ရက်၊(၂၇-၁၀-၁၉၆၆) ကြာသပတေးနေ့တွင် အောင်ပန်းမြို့၊ အမှတ်(၁)ရပ်ကွက် မိုးသောက်ပန်းရှေ့ ပန်းချီမြင့်စိုး(သစ်သားပုံနှိပ်စက်တီထွင်သူ၊၁၉၆၉)ဒေါ်ရွှေချောတို့မှ မွေးဖွားခဲ့သည်။ မိဘများမှာ ပင်းတယ မြို့နယ်၊ပွေးလှမြို့ဇာတိများဖြစ်ကြပြီး ဓနုလူမျိုး ဗုဒ္ဓဘာသာကိုးကွယ်ပါသည်။ မောင်နှမ(၁၃)ယောက်တွင် အကြီး ဆုံး ဖြစ်သည်။ ရန်ကုန်တက္ကသိုလ်၌ ဥပဒေပညာ တတိယနှစ်အထိ ပညာ သင်ကြားခဲ့သည်။

**စာပေရေးရာလှုပ်ရှားမှု -**

၁၉၉၇ ချယ်ရီပွင့်သစ်စာကြည့်တိုက်ထူထောင်ရာတွင် ပူးပေါင်းပါဝင် ခဲ့ပြီး လူမှုရေးဦးဆောင်မှု အခန်းကဏ္ဍစတင်ခဲ့သည်။ စာပေနှင့်ပတ်သက်သမျှ ပူးပေါင်းပါဝင်ခဲ့ပြီး အောင်ပန်းမြို့တွင် စာပေဟောပြောပွဲများ ကျင်းပပေးခဲ့ သည်။ သတင်းစာ၊ ဂျာနယ်များတွင် လူထုအကျိုးပြုသုတဆောင်းပါးများ ရံဖန်ရံခါရေးသားခဲ့သည်။

၂၀၀၃ခုနှစ် ဆရာဦးမြင့်သန်း (ကလောမြို့နယ်ရွေးကောက်ခံအမတ်၊ ၁၉၉၀)နှင့် ၃နှစ်ကြာလက်တွဲခဲ့ပြီး အောင်ပန်းမြို့ သမိုင်းရှာဖွေပြုစုရာတွင် အထူးအကူအညီပေးခဲ့သည်။ ဆရာကွယ်လွန်ပြီး တစ်နှစ်ခွဲအကြာ သမိုင်းမှတ်တမ်းဓါတ်ပုံများ ဆက်လက်ရှာဖွေကာ အောင်ပန်း(သို့မဟုတ်)မြို့သစ်တစ်မြို့မွေးဖွားခြင်းစာအုပ်ကို တာဝန်ခံထုတ်ဝေခဲ့သည်။ ၄င်းစာအုပ်တွင် ထုတ်ဝေသူအဖြစ် အမှာစာရေးသားခဲ့သည်။ ၂၀၁၁ တွင် မြန်မာနိုင်ငံစာပေဗိမာန်အသင်းဝင် ဖြစ်ခဲ့သည်။

ဆရာဦးမြင့်သန်းက အောင်ပန်းသမိုင်းကို ၁၉၄၈ လွတ်လပ်ရေးမတိုင်မီအထိရေးသားခဲ့သည်။ ဆက်လက်၍ အောင်ပန်းသမိုင်း(၂၀၁၃)အထိရှာဖွေပြုစုပြီး အောင်ပန်းကြေးမုံပြင်အမည်ဖြင့် ထုတ်ဝေနိုင်ခဲ့သည်။ ၂၀၁၄ခုနှစ် ရန်ကုန်မြို့၊ ထေရဝါဒဓမ္မစာမူပြိုင်ပွဲတွင် 'အတိတ်ကတစ်ရေးနိုးငှက်ဆိုးထိုးသံ'စာမူဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရာ ဒုတိယဆုချီးမြှင့်ခြင်း ခံခဲ့ရသည်။ ၂၀၁၅နှစ်ဆန်း၌ ထိုစာမူအပါအဝင် 'ရှမ်းမြေလတ်ခေါင်းလောင်းသံ' အမည်ဖြင့် ဆောင်းပါးပေါင်းချုပ် စာအုပ်ထုတ်ဝေခဲ့သည်။ ၂၀၁၇ခုနှစ်တွင် 'ဓနုသမိုင်းအစ'အပါအဝင် ဆောင်းပါးစုစည်းမှုစာအုပ်ထုတ်ဝေခဲ့သည်။

၂၀၁၆ခုနှစ် ဗိုလ်မှူးကြီးဗထူးနှစ်တစ်ရာပြည့် အခမ်းအနား(ရှာင်မြို့)တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့ပြီး ဗိုလ်မှူးကြီးဗထူး သမိုင်းမော်ကွန်းစာမျက်နှာများ ထုတ်ဝေရေးကော်မတီတွင် ဥက္ကဋ္ဌအဖြစ် တာဝန်ပေးခြင်းခံရသည်။ အောင်ပန်းမြို့ ဗထူးပန်းခြံအတွင်း ရာပြည့်အထိမ်းအမှတ် ဗိုလ်မှူးကြီးဗထူးကြေးရုပ်စိုက်ထူနိုင်မှုကို ဦးဆောင်ခဲ့သည်။ ၂၀၁၈ခုနှစ်၊ ကလောမြို့နယ်စာနယ်ဇင်းတွင် တွဲဖက်အတွင်းရေးမှူးတာဝန်ယူရန် ကမ်းလှမ်းခံခဲ့ရသည်။ 'ဓနုအမျိုးသားညီလာခံ မော်ကွန်း'စာအုပ်တာဝန်ခံထုတ်ဝေပေးနိုင်ခဲ့သည်။ ဓနုတိုင်းရင်းသားများ၏သမိုင်းဖြစ်စဉ်၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို

ရှာဖွေပြုစုခဲ့ပြီး 'ဓနုကြေးမုံ'အမည်ပေးကာ (၅)အုပ်မြောက်အဖြစ် ယခုစာအုပ်အားထုတ်ဝေသည်။

**ဘာသာရေးလှုပ်ရှားမှု -**

၂၀၀၂ခုနှစ် အောင်ပန်းမြို့ ရှေးဟောင်းရေစက်ဆုံစေတီ ပြုပြင်ဖော်ထုတ်ရာတွင် ပူးပေါင်းပါဝင်လှူဒါန်းခဲ့ပြီး ဘာသာရေးလုပ်ငန်းများစတင်ခဲ့သည်။ ထိုစေတီအနီး'ဗုဒ္ဓသုခစံပြကျောင်းဆောင်'ကို မပြည့်စုံသော်ငြားတစ်ဦးတည်းလှူဒါန်းနိုင်ခဲ့သည်။ ထို့နောက်ပိုင်း ကလောမြို့နယ်အတွင်းရှိရှေးဟောင်းစေတီတော်(၅)ဆူအား တစ်နှစ်ခြားစီတစ်ဦးတည်း အလှူရှင်အဖြစ်ပြုပြင်လှူဒါန်း ထီးတော်တင်လှူပေးခဲ့သည်။ ၂၀၁၀ပြည့်နှစ် သားရှင်ပြုအလှူတော်မင်္ဂလာအောင်ပွဲအဖြစ် အောင်ပန်းမြို့၊ မိုးကုတ်ရိပ်သာ၌ တရားစခန်းတစ်ခုလုံး၏ ပထမဆုံးတစ်ဦးတည်းအလှူရှင်အဖြစ် ကျင်းပပေးခဲ့သည်။ အောင်ပန်းမြို့ အခြေခံဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းကိုလည်း (၃)နှစ်တိတိ ဦးဆောင်ပေးခဲ့သည်။

၂၀၁၁ခုနှစ် မြန်မာနိုင်ငံ၏ ပထမဆုံးသောမဓ္ဓစာပေဟောပြောပွဲကိုအောင်ပန်းမြို့၌ စည်ကားသိုက်မြိုက်စွာ ဦးဆောင်ကျင်းပပေးနိုင်ခဲ့သည်။ ဘာသာရေးနှင့်ပတ်သက်၍ ရန်ကုန်မြို့သတင်းစာရှင်းလင်းပွဲ(၂)ကြိမ်တိတိတက်ရောက် ရှင်းလင်းပေးခဲ့သည်။ ရန်ကုန်မြို့ ပြည်လမ်း တိပိဋကကျောင်းတော်သတင်းစာရှင်းလင်းပွဲ သံဃာနှင့်လူပုဂ္ဂိုလ်(၃၅၀)ကျော် တက်ရောက်ရှင်းလင်းပေးမှုကြောင့် ဘာသာတွင်း ပြဿနာတစ်ခုအောင်မြင်မှုရရှိခဲ့သည်။

**လူမှုရေးလှုပ်ရှားမှု -**

၂၀၁၁ခုနှစ် အောင်ပန်းမြို့ စုပေါင်းမဟာဘုံကထိန်ပြုပြင်ပြောင်းလဲရေးတွင် ရှေ့တန်းမှပါဝင်ပြီး(၅)နှစ်တိတိ အားတက်သရောပါဝင်ခဲ့သည်။

တောက်ပိုင်းပဒေသာပင် ဆုရွေးချယ်ရေးအဖွဲ့ခေါင်းဆောင်အဖြစ် ယနေ့ထိ တာဝန်ယူလုပ်ဆောင်ပေးလျက်ရှိသည်။ အောင်ပန်းမြို့တွင် မည်သည့်ဘာသာရေးအဖွဲ့အစည်းကိုမဆို ငွေအား၊ လူအား အကူအညီပေးခဲ့သည်။ အထူးသဖြင့် စာရွက်၊ စာတမ်း၊ စာအုပ်နှင့် အကျိုးပြုစာစောင်များ၊ နှီးဆော်လွှာများကို လှူဒါန်းပေးလျက်ရှိသည်။

၂၀၁၃ခုနှစ်၊ အောင်ပန်းမြို့တည် နှစ်တစ်ရာပြည့်ပွဲကြီး ပေါ်ပေါက်လာစေရန် (၆)နှစ်ခန့် အစဉ်တစိုက်အားထုတ်ခဲ့သည်။ ထိုပွဲတွင်နှစ်တစ်ရာပြည့် ခေါင်းလောင်းစင်လှူဒါန်းငွေ အပါအဝင်(၂၅)သိန်းကျော် လှူဒါန်းပေးခဲ့သည်။ ထို့အပြင် မိမိကိုယ်တိုင်နှစ်ရှည်လများ စုဆောင်းခဲ့သော အောင်ပန်းမြို့၊ သမိုင်းမှတ်တမ်းဓါတ်ပုံများကို နှစ်တစ်ရာပြခန်းအဖြစ် ငွေကုန်ကြေးကျခံကာ ဖွင့်လှစ်ပြသခဲ့သည်။ ၂၀၁၄ခုနှစ်တွင် ကိုကျော်သူ၊ ကိုညီညီအောင်တို့၏ လူမှုရေးဟောပြောပွဲကို အောင်ပန်းကြေးမုံပြင်စာအုပ်(၂၅၀)လှူဒါန်းပွဲနှင့် ပူးတွဲကာ တစ်ဦးတည်းကျင်းပပေးနိုင်ခဲ့သည်။ ထိုမှအစပြု၍ အောင်ပန်းနာရေးနှင့် ရန်ကုန်နာရေးချိတ်ဆက်မိခဲ့သည်။

ကလောမြို့နယ်အတွင်း အများနှင့်သက်ဆိုင်သောလူမှုဒုက္ခများသာမက ပြစ်မှုဆိုင်ရာကိစ္စကြီး(၃)ခုတိတိအား မိမိငွေကြေးများစိုက်ထုတ်ကာ အောင်မြင်မှုရရှိသည်အထိ အကူအညီပေးခဲ့သည်။ အထူးသဖြင့် ကလောမြို့နယ်အတွင်း ကျေးရွာဒေသများ၌ အသိအမြင်တိုးပွားခြင်းဆိုင်ရာလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိသည်။ ငါးရက်တစ်ဈေး အသုံးပြုလွယ်ကူစေရန် ၂၀၀၈ ခုနှစ်မှစတင်၍ 'အောင်ပန်းဒေသသုံးပြက္ခဒိန်' ကို ရှာဖွေတီထွင်ပြီး နှစ်စဉ် အခမဲ့ ပုံနှိပ်ဖြန့်ဝေပေးခဲ့သည်။ ထို့ကြောင့် ရှမ်းမြေလတ်အတွင်း ဒေသသုံးပြက္ခဒိန်များ ကျယ်ပြန့်စွာအသုံးပြုလျက်ရှိသည်။

**နိုင်ငံရေးလှုပ်ရှားမှု -**

၁၉၈၈ အရေးအခင်းကာလအတွင်း အောင်ပန်းမြို့ အပြာရောင်ခေါင်းစီး (၂၁)ဦးအဖွဲ့တွင် ပါဝင်လှုပ်ရှားခဲ့သည်။ ၈၈၈၈ အရေးတော်ပုံနှစ်(၃၀) ပြည့် အခမ်းအနားတွင် တက်ကြွစွာပါဝင်ခဲ့ပြီး ပုလဲရတုစာစောင်ကို တာဝန်ခံထုတ်ဝေပေးခဲ့သည်။

၂၀၁၂ခုနှစ်တွင် ကလောမြို့နယ် အောင်နိုင်ရေးသဘာပတိများ၏ စည်းရုံးမှုကြောင့် ကလောမြို့နယ် NLD ၏ အတွင်းရေးမှူးတာဝန်ထမ်းဆောင်ခဲ့သည်။ NLD ညီလာခံကော်မရှင်၏ အတွင်းရေးမှူးတာဝန်ယူခဲ့သော်လည်း ဝင်ရောက် အရွေးမခံခဲ့ပါ။ သို့သော်လည်းပါတီတာဝန်များကို(၃)နှစ်တိုင် ငွေအား၊ လူအား၊ စိတ်ဓါတ်အားများဖြင့် ကျေပွန်စွာပေးဆပ်ခဲ့သည်။

ဆက်လက်၍ ကလောမြို့နယ် NLD လူငယ်ညီလာခံကော်မရှင်၏ ဥက္ကဋ္ဌတာဝန်ယူခဲ့သည်။ ရပ်စောက်မြို့နယ်နှင့် ဖယ်ခုံမြို့နယ် လူငယ်ညီလာခံကို လည်း အောင်မြင်ရန် ကြိုးကြပ်ပေးခဲ့သည်။ နောက်ပိုင်းကလောမြို့နယ် NLD ၏ ဒုဥက္ကဋ္ဌတာဝန်ကိုယူခဲ့ပြီး လူငယ်တောစခန်းအောင်မြင်ရေးအတွက် စနစ်တကျတာဝန်ယူပေးခဲ့သည်။ ၂၀၁၅နှစ်ဆန်းတွင် NLD(ဗဟို)သို့ စာတင်ပြီးနုတ်ထွက်ခဲ့သည်။

၂၀၁၅ ဇွန်လတွင် ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ (DNDP) မှလာရောက်စည်းရုံးဖိတ်ခေါ်မှုကြောင့် ပါတီဝင်ဖြစ်ခဲ့သည်။ ၂၀၁၅ နိုဝင်ဘာလတွင် ကျင်းပသော ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နေရာတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ရှုံးနိမ့်ခဲ့၏။ မိမိခံယူချက်အတိုင်း စူးစူးနစ်နစ်ဆက်လက်လုပ်ကိုင်ခဲ့ရာ DNDP ၏ ဗဟိုအထွေထွေ **အတွင်းရေးမှူးအဖြစ်သာမက UNA ၏ဆက်ဆံရေးတာဝန်ခံ**အဖြစ် တာဝန်**ပေးခံရသည်။ ဆက်လက်၍** UNA ၏ လုပ်ငန်းစဉ်များအတွင်း ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်။

၂၀၁၇ခုနှစ် သမိုင်းဝင် ပထမအကြိမ် ဓနုအမျိုးသားညီလာခံကြီး ပေါ်ပေါက်လာစေရန် အစပျိုးစည်းရုံးရေးလုပ်ငန်းများ လုပ်ကိုင်ခဲ့ရုံသာမက ညီလာခံဖြစ်မြောက်ရေးကော်မတီတွင် တွဲဘက်အတွင်းရေးမှူး တာဝန်ယူခဲ့သည်။ ဓနုအမျိုးသား ညီလာခံကြီးမှ အတွင်းရေးမှူးတာဝန် ရွေးချယ်ခြင်းခံခဲ့ရသည်။ ဓနုတိုင်းရင်းသားရေးရာအဖွဲ့ချုပ် ဖွဲ့စည်းခဲ့ရာတွင်လည်း ဥက္ကဋ္ဌအဖွဲ့ဝင်အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ DNAO ၏ နိုင်ငံရေးဆိုင်ရာ အစုအဖွဲ့ခေါင်းဆောင်တာဝန်နှင့် ဓနုသမိုင်းပြုစုရေးအဖွဲ့ဝင်အဖြစ် တာဝန်အပ်နှင်းခံရသည်။

ယနေ့အချိန် အောင်ပန်းမြို့ ရှာင်စုရပ်ကွက် ဗထူးလမ်း မြို့မဈေးအနီးတွင် ဇနီးဒေါ်ချိုချိုသန်း၊ သမီး ပိုးရည်မွန်၊ သား မင်းသန့်ကိုတို့နှင့်အတူနေထိုင်ပြီး နိုင်ငံရေး၊ အမျိုးသားရေးလုပ်ငန်းစဉ်များကို တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

▼ ▼ ▼




# ဓါတ်ပုံကဏ္ဍ

ဗိုလ်ချုပ်အောင်ဆန်းနှင့် နေတိုင်းရင်းသား ရှမ်းပြေလတ်စော်ဘွားများ



နောက်တန်း - စဝ်ဝင်းကြည်(ပင်းတယစော်ဘွား)၊ စဝ်ခွန်အောင်(ဘော်နယ်စော်ဘွား)၊စဝ်ခွန်ဆောင်း(ကျုံးစော်ဘွား)၊
စဝ်ထွန်းစိန်(ပွေးလှစော်ဘွား)၊ ဦးဖေခင်၊ ဗိုလ်ထွန်းလှ(တက္ကသိုလ်နေဝင်း)၊ဗိုလ်မင်းလွင်

ရှေ့တန်း - စဝ်ခွန်မင်း(ပင်မှီစော်ဘွား)၊ စဝ်ထွန်းအေး(သာမိုင်းခမ်းစော်ဘွား)၊
ဗိုလ်ချုပ်အောင်ဆန်း+ဒေါ်ခင်ကြည်၊ မဟာဒေဝီ စဝ်ကြည်ထုး(သာမိုင်းခမ်း) (၂၆-၁၂-၁၉၄၆)

အောင်ပန်းမြို့



ဓနုတိုင်းရင်းသားအလံတော်

"ဓနု"


ဓနုတိုင်းရင်းသားလိုဂို



**ဓနုအမျိုးသားနေ့**

နှစ်စဉ် - နတ်တော်လဆန်း( ၈ )ရက်


# ကလောမြို့နယ်မြေပုံ








# နောင်ချိုမြို့နယ်မြေပုံ







# ပင်းတယမြို့နယ်ပြမြေပုံ




# ရပ်စောက်မြို့နယ် ပြမြေပုံ


N
ကျောက်မဲခရိုင်
ကျောက်ဆည်ခရိုင်
မန္တလေးတိုင်း
လွိုင်လင်ခရိုင်
မိုင်းကိုင်မြို့နယ်
ရွာငံမြို့နယ်
ဟိုပုံးမြို့နယ်
ရပ်စောက်
ပင်းတယမြို့နယ်
ကလောမြို့နယ်
တောင်ကြီးမြို့နယ်



# ရှာင်မြို့နယ်ပြမြေပုံ


ကျောက်ဆည်ခရိုင်
ရပ်စောက်မြို့နယ်
ပင်းတယမြို့နယ်
မိတ္ထီလာခရိုင်
N




မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်
ပြဒါးလစ်ဂူ (၁)
ကျောက်ခေတ်ယဉ်ကျေးမှုဒေသ
(ဂူနံရံဆေးရေးပန်းချီများ)

# ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စာတမ်းပြုစုသူများ



ဦးအောင်သိန်း(မြိုင်) ၊ဦးကံလှ(ပင်းတယ) ၊ ဦးကျော်ဇော(ရပ်စောက်) ၊ဦးမြသန်း(ရွာငံ)



ပထမအကြိမ် ဒေသဦးစီးဥက္ကဋ္ဌ
ဦးထူးကိုကို





ဒုတိယအကြိမ် ဒေသဦးစီးဥက္ကဋ္ဌ
ဦးအာကာလင်း













၁၉၅၉ ရှမ်းစော်ဘွားများ အာဏာစွန့်လွှတ်ပွဲသို့ တက်ရောက်လာကြသည့်
နိုင်ငံတော်သမ္မတမန်းဝင်းမောင် နှင့် ဗိုလ်ချုပ်နေဝင်း



၁၉၅၉-ခုနှစ် စော်ဘွားများ အာဏာစွန့်လွှတ်ပွဲ၌ စစ်ထွန်းအေး လက်မှတ်ထိုးစဉ်



၁၉၆၁-ခုနှစ် ပြည်နယ်ပေါင်းစုံ ညီလာခံသို့ တက်ရောက်ကြသည့်ကိုယ်စားလှယ်များ

# ခနရိုးရာ တူရိယာ အိုးစည် နှင့်ဗျော


















# ဓနုရိုးရာ ထီးလုပ်ငန်း (ငှက်ပျောတော၊ပင်းတယ)






# ဓနုရိုးရာ အသုံးအဆောင်များ (ဓနုအမျိုးသားနေ့ ပြခန်းမှ)










## ဓနုရိုးရာ လက်မှုလုပ်ငန်းများ(ငှက်ပျောတော၊ပင်းတယ)






## ဓနုရိုးရာ ဆေးမှင်ရည်စုပ်ထိုးပညာ





## ခနရိုးရာ မီးဖိုအသုံးအဆောင်များ











# ခနရိုးရာ အစားအစာများ


ခန ဒေါင်းလန်းထမင်းပိုင်း


မြေပဲအစ်


လက်ပြားထမင်းဝါ


အီကုတ်(မြေတွင်းအောင်ပိုး)


ဝါးပိုး(အပေါ်ပုံ) ပွေးသား (အောက်ပုံ)




ဆူးပုတ်ချက်


ညောင်ချဉ်ဖူးသုပ်


မုန်ညင်းစော

# ဓနုရိုးရာ စားသောက်ဖွယ်ရာများ


ထမင်းပြ


ထမင်းထောင်း


ပင်းတာယ တို့ဟူးနွေး


တို့ဟူးကြော်


အာလူးထမင်းနယ်


ဝက်သချဉ်


အမဲသချဉ်


ဟင်းထုပ်

# ဓနုရိုးရာ စားသောက်ဖွယ်ရာများ





































# ဓနုဒေသထွက် ကုန်စိမ်းသီးနှံများ

























# ဓနုဒေသထွက် ကုန်စိမ်းသီးနှံများ















# နေဒေသထွက် သီးနှံများ



ပိန္နဲသီး



မက်မန်းသီး



ဒညှင်းသီး



ကော်ဖီ



ထောပတ်သီး



ပင်စိမ်းသီး



လက်ဖက်

## ဓနုရိုးရာ ရှင်ပြုအလှူတော်မင်္ဂလာဆင်ယင်ပုံ






## သနပ်ဖက်နှင့်ခမောက်အိမ်တွင်းမှု လုပ်ငန်းခွင်






# ကလောမြို့နယ်အတွင်းရှိ ထင်ရှားဘုရားစေတီပုထိုးများ



ကလော နီးဘုရား



ရွှေပန်းတောင်းဘုရား (အောင်ပန်း)



အောင်ပန်း လှည်းရိုးကျောင်း နီးဘုရား





သူရဲဥမှင် ဘုရား (အောင်ပန်း)







မယ်ကောမိ နှင့် ဆုတောင်းပြည့်စေတီ (အောင်ပန်း)



ရွှေဥမှင်ဘုရား (ကလော)

# နောင်ချိုမြို့နယ်



တိပိဋက ကမ္ဘောဇကျောင်းတော်



ဒုဋ္ဌဝတီတံတား



နန့်ပို ရေတံခွန်




အင်းပိုင်းရေတံခွန်



ရွှေစံဦးစေတီတော်



ကျောက်ဂူတောရဘုရား



ဘန့်ဘွေးကျင်း ရေတံခွန်

# ပင်းတယမြို့နယ်



တမဲဘုရား




၈၄၀၀၀ ဘုရား



စကြာတောင်



စကြာတောင် ဆရာတော်ရုပ်ကလာပ်



ပင်းတယ ပုန်းတလုတ်ကန် ညအလှ



ပင်းတယရွှေဥမင်တောင်ခြေ



ကုံလုံဆရာတော်လွမ်းဗိမာန်



ဘုန်းကြီးနက်ဂူ(ခေါ်)အနောက်ဂူဘုရား



ပွေးလှမြို့အလှ



ပွေးလှ စော်ဘွားစောစံမြဲ ဟော်

# ရပ်စောက်မြို့နယ်



















# ရှမ်းမြို့နယ်



ပြဒါးလင်းဂူ




ကျောက်ခေတ်ဆေးရေးပန်းချီ (ပြဒါးလင်း)



တောကျယ်ရေတံခွန်




ယကြီးဂူ



ရှမ်းမြို့ အရှေ့ဘက် (၁၂)မိုင် လင်းဝေးဂူ



မိန်းမရဲသခင်မတောင်



ရေဝင်ဂူ



အလည်ချောင်ရေတံခွန်



ရှေ့မြင်နောက်မြင်တောင် (၇၇၅၃)ပေါ်မှ
တောင်ဇလပ်ပန်းနီ

တိပိဋကဓရ
တိပိဋကကောဝိဒ
**ဘဒ္ဒန္တ ဝီရိယာနန္ဒ**

ဓနုတိုင်းရင်းသား
(ကမ္ဘောဇဆရာတော်)











## ဆောက်လုပ်ဆဲသုံးထပ် ဓနတိုင်းရင်းသားဓမ္မာရုံ (နေပြည်တော်)






## ဓနတိုင်းရင်းသားမိသားစု ဓမ္မာရုံ (ရွှေတိဂုံ အရှေ့မုခ်၊ ရန်ကုန်မြို့)






## ဓနတိုင်းရင်းသား ကျောင်းတိုက် (ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့)




## ဓနုဒေသအတွင်းရှိ ဗိုလ်မှူးကြီးဗထူး အမှတ်တရများ




ဗိုလ်မှူးဗထူး နှစ်(၁၀၀)ပြည့်
ပြန်လည်ပြုလုပ်ထားသောကျောက်တိုင်



အောင်ပန်းမြို့ ဗိုလ်မှူးဗထူး ကျောက်တိုင်



ဗထူးကျောက်တိုင်ရှေ့ (အောင်ပန်း)




အောင်ပန်းမြို့ ကျောက်တိုင်မှ ကျောက်စာ

## ဓနုတိုင်းရင်းသားရိုးရာ တာတက်ပွဲ ပုံရိပ်များ









# ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ
























# ပထမအကြိမ် နေအမျိုးသားညီလာခံ (၂၆/၂၇ - ၁၁ - ၂၀၁၇)
























# ဓနုတိုင်းရင်းသားရေးရာအဖွဲ့ချုပ် ဗဟိုကော်မတီ ဖွဲ့စည်းခြင်း




သဘာပတိ ဦးမြမောင် (ပင်းတယမြို့)




သဘာပတိ ဦးညီလေးချမ်း
(ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်)




သဘာပတိ ဦးညိုစိမ့် (အောင်ပန်းမြို့)




သဘာပတိ ဒေါက်တာဒေါ်မေရီသိန်း (တောင်ကြီးမြို့)




သဘာပတိအဖွဲ့




မြို့နယ်အသီးသီးမှ ဥက္ကဋ္ဌ အဖွဲ့ဝင်များ




သဘာပတိ နှင့် နာယကများ




မြို့နယ်အသီးသီးမှ ဥက္ကဋ္ဌ အဖွဲ့ဝင်များ




ဒေသဦးစီး နှင့် ဥက္ကဋ္ဌ ၊ အတွင်းရေးမှူးအဖွဲ့



ညီလာခံမှ ရွေးချယ်တင်မြှောက်ထားသော
ဗဟိုကော်မတီဝင်များ

# ဓနုတိုင်းရင်းသားရေးရာအဖွဲ့ချုပ် ဗဟိုကော်မတီ ဖွဲ့စည်းခြင်း




ဗဟိုအလုပ်မှုဆောင်ကော်မတီဝင်များ



စာပေ/ယဉ်ကျေးမှုအဖွဲ့



လူမှုဖွံ့ဖြိုးရေးအဖွဲ့



အမျိုးသားစီးပွားရေးအဖွဲ့



ဘဏ္ဍာရေးအဖွဲ့



အမျိုးသားနိုင်ငံရေးအဖွဲ့



စာရင်းစစ်အဖွဲ့



ဓနုသမိုင်းပြုစုရေးအဖွဲ့



ပြန်ကြားရေးအဖွဲ့

## ပထမအကြိမ် ဓနုအမျိုးသားနေ့ ပုံရိပ်များ (၁၅-၁၂-၂၀၁၈)








## ဓနုတိုင်းရင်းသားရိုးရာယဉ်ကျေးမှု သရုပ်ပြမှု(ဆုံစည်းရာနေ့)

